http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

# ညွှန်ကြားလွှာများ

## ညွှန်ကြားလွှာအမှတ် (၁) မှ (၉၃) ထိ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ - ၂၅၅၂ ကောဇာ - ၁၃၆၉ ၂၀၀၈

http://www.dhammadownload.com



http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့

# ညွှန် ကြား လွှာ များ

## ညွှန်ကြားလွှာ အမှတ် (၁) မှ (၉၃) ထိ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊

ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၅၂ ကောဇာ-၁၃၇၀ ၂၀၀၈

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ် ထုတ်ဝေသည်။

http://www.dhammadownload.com

# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
# ညွှန်ကြားလွှာများ

## မာတိကာ


| ညွှန်ကြားလွှာ အမှတ် | ထုတ်ပြန်သည့်ရက်စွဲ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | (၃၀-၅-၈၀) | သံဃနာယကအဖွဲ့များ၊ သံဃာ့ဝန်ဆောင်များ ရွေးချယ်မှုကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ | ၁ |
| ၂ | (၃၀-၅-၈၀) | ဝိနည်းဓိုရ်များ ရွေးချယ်တင်မြှောက်ခြင်း | ၈ |
| ၃ | (၃၀-၅-၈၀) | သံဃနာယကအဖွဲ့များ၊ သံဃာ့ဝန်ဆောင်များ ရွေးချယ်မှုကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း။ (ကယားပြည်နယ်) | ၁၀ |
| ၄ | (၃၀-၅-၈၀) | သံဃနာယကအဖွဲ့များ၊ သံဃာ့ဝန်ဆောင်များ ရွေးချယ်မှု ကြီးကြပ်ရေး အဖွဲ့များ ဖွဲ့စည်းခြင်း။ (ချင်းပြည်နယ်) | ၁၃ |
| ၅ | (၆-၆-၈၀) | သံဃနာယကအဖွဲ့များ၊သံဃာ့ဝန်ဆောင်များ ရွေးချယ်ဖွဲ့စည်းရာတွင် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စ၊ | ၁၇ |
| ၆ | (၁၄-၆-၈၀) | ရပ်/ကျေးသံဃနာယကအဖွဲ့၊ သံဃာ့ဝန်ဆောင်များ ရွေးချယ်ဖွဲ့စည်းပုံ ရှင်းလင်းချက် | ၁၉ |

http://www.dhammadownload.com




| ညွှန်ကြားလွှာ အမှတ် | ထုတ်ပြန်သည့်ရက်စွဲ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၇ | (၁၄-၆-၈၀) | သံဃနာယကအဖွဲ့များ၊ သံဃာ့ဝန်ဆောင်များ၊ ဝိနည်းဓိုရ်ဆရာတော်များ ရွေးချယ်ဖွဲ့စည်းရာတွင် (ကြဉ်ဖယ်ထားသော ရဟန်းတော်များကို ခေတ္တ ချန်လှပ်ရန် ကိစ္စ၊) | ၂၅ |
| ၈ | (၃-၈-၈၀) | သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရေးအတွက် (ဝါဆိုသံဃာစာရင်း ကောက်ယူရန်ကိစ္စ) | ၂၇ |
| ၉ | (၃-၈-၈၀) | ကြဉ်ဖယ်ခံရသော ရဟန်းတော်များနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ကိစ္စ (ကြဉ်ဖယ်ခြင်း နှစ်မျိုး) | ၃၀ |
| ၁၀ | (၃-၈-၈၀) | သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းရာ၌ အသုံးပြုရန်ပုံစံများ (ပုံစံ ၆ မှ ၁၀) | ၃၂ |
| ၁၁ | (၅-၁-၈၁) | မြို့နယ် သံဃနာယကအဖွဲ့များနှင့် ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့များ၏ လုပ်ငန်းတာဝန်များ | ၄၄ |
| ၁၂ | (၅-၂-၈၁) | ရပ်ကွက်/ကျေးရွာ သံဃနာယက အဖွဲ့များ၏ လုပ်ငန်းတာဝန်များ | ၅၀ |
| ၁၃ | (၅-၂-၈၁) | သံဃာတော်များနှင့် မသင့်လျော် မအပ်စပ်သော အလှူခံခြင်းများကို တားမြစ် ဆုံးမ ဩဝါဒပေးရန်ကိစ္စ | ၅၄ |

| ညွှန်ကြားလွှာ အမှတ် | ထုတ်ပြန်သည့်ရက်စွဲ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁၄ | (၅-၂-၈၁) | ရဟန်းတော်များ နေထိုင်ရာကျောင်း၊ ကျောင်းတိုက်များမှ အမြဲနေ လူပုဂ္ဂိုလ်များ ဖယ်ရှားပေးရန်ကိစ္စ | ၅၆ |
| ၁၅ | (၁၁-၂-၈၁) | ပြစ်မှုကျူးလွန်သော ရဟန်းသာမဏေများကို ဝိနည်းတရားတော်ဖြင့် အရေးယူခြင်း၊ | ၅၇ |
| ၁၆ | (၄-၃-၈၁) | သာသနာ့မြေများကို သာသနာ့မြေအဖြစ်မှ ရွေ့လျောသွားအောင် ရောင်းဝယ်ခြင်း မပြုရေး၊ | ၅၈ |
| ၁၇ | (၄-၃-၈၁) | သာသနာ့အလုံးတော်ကို မသင့်မလျော်သော နည်းဖြင့် အသုံးပြုနေကြခြင်းကို တားဆီးရေး၊ | ၅၉ |
| ၁၈ | (၄-၃-၈၁) | သံဃနာယကအဖွဲ့အဆင့်ဆင့်အတွက် ဆိုင်းဘုတ်နှင့် တံဆိပ်တုံးများ သတ်မှတ်ခြင်း | ၆၀ |
| ၁၉ | (၁၉-၃-၈၁) | ဂိုဏ်းတစ်ပါးနှင့် ဂိုဏ်းတစ်ပါး၊ တိုင်းတစ်ပါးနှင့် တိုင်းတစ်ပါး ဖြစ်ပွားသော မှုခင်းများ ဖြေရှင်းရေး၊ | ၆၄ |
| ၂၀ | (၂၆-၂-၈၁) | ပါဠိပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယ စာမေးပွဲ သန့်ရှင်းအောင်မြင်စွာ ကျင်းပနိုင်ရေး | ၆၅ |
| ၂၁ | (၂၂-၅-၈၁) | ကျောင်း / ကျောင်းတိုက် အသစ်များ ဆောက်လုပ်ခြင်း၊ | [illegible] |

| ညွှန်ကြားလွှာ အမှတ် | ထုတ်ပြန်သည့်ရက်စွဲ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၂၂ | (၂၂-၅-၈၁) | လူနေရပ်ကွက်များအတွင်းရှိ လူနေအိမ်များကို ဘုန်းကြီးကျောင်းများအဖြစ် ပြောင်းလဲ အသုံးမပြုရေး | ၈၄ |
| ၂၃ | (၂၂-၅-၈၁) | ကျောက်သဘော်ဝါဒကို စွန့်လွှတ်ပြီးဖြစ်သော ရဟန်းသံဃာတော်များအား ဆိုင်ရာ သံဃနာယကအဖွဲ့အစည်းများ၌ ထည့်သွင်း ဖွဲ့စည်းရေး၊ | ၈၅ |
| ၂၄ | (၂၄-၆-၈၁) | အကျင့်ပျက်ရဟန်းများကို အရေးယူရန်ကိစ္စ၊ | ၈၇ |
| ၂၅ | (၂၄-၆-၈၁) | သာသနာဝင်မှတ်တမ်းများ ထုတ်ပေးခြင်း ဝါဆိုသံဃာစာရင်းကောက်ယူခြင်း၊ | ၈၉ |
| ၂၆ | (၉-၇-၈၁) | ဝါတွင်းကာလအတွင်း သာသနာရေးဦးစီးဌာနပိုင် ကျောင်းတိုက်များ၌ ရဏ္ဍိတာဂေါပိတ ရဟန်းတော်များအဖြစ် သီတင်းသုံး နေထိုင်ရန် စီစဉ်ပေးခြင်း၊ | ၉၄ |
| ၂၇ | (၁၈-၇-၈၁) | သာသနာဝင်မှတ်တမ်းများထုတ်ပေးခြင်း၊ ဝါဆိုသံဃာစာရင်းကောက်ယူခြင်းတို့ အချိန်မီ ပြီးစီးရေး၊ | ၉၇ |
| ၂၈ | (၂၂-၈-၈၁) | သာသနာတော်သန့်ရှင်းရေးအတွက် ဆိုင်ရာမြို့နယ်သံဃနာယကအဖွဲ့များက တာဝန်ယူဆောင်ရွက်ရေး၊ | ၉၈ |
| ၂၉ | (၂၂-၈-၈၁) | ဝါဆိုသံဃာစာရင်း ကောက်ယူမှုနှင့် သာသနာဝင်မှတ်တမ်း ထုတ်ပေးမှုဆိုင်ရာ ညွှန်ကြားခြင်း၊ | ၁၀၁ |

http://www.dhammadownload.com



ညွှန်ကြားလွှာ ထုတ်ပြန်သည့်ရက်စွဲ အကြောင်းအရာ စာမျက်နှာ
အမှတ်


၂၀ (၂၂-၈-၈၁) ဝိနည်းသိက္ခာပုဒ်များဖြင့် တားမြစ်အပ်သော ပွဲလမ်းသဘင်များကို ကြည့်ရှုသည့် ရဟန်း၊ သာမဏေများအားဆုံးမဩဝါဒပေးရေး၊ ၁၀၆

၂၁ (၂၂-၉-၈၁) သံဃဝိနိစ္ဆယဌာနသို့ စေလွှတ်နိုင်သည့် စောဒက(သို့) စုဒိတက၏ တရားဝင် ကိုယ်စားလှယ် သတ်မှတ်ခြင်း၊ ၁၀၇

၂၂ (၃၀-၉-၈၁) ဝါဆိုသံဃာစာရင်းကောက်၍ သာသနာဝင် မှတ်တမ်း ထုတ်ပေးရန်နှင့် ကြဉ်ဖယ်ထား သော သံဃာများအတွက် မြို့နယ်သံဃနာယက အဖွဲ့များသို့ ညွှန်ကြားခြင်း၊ ၁၀၉

၂၃ (၇-၁၂-၈၁) သာသနာ့မြေ မဖြစ်သေးသော မြေပေါ်ရှိ အချို့ကျောင်းများအား ဘုန်းကြီးကျောင်း အဖြစ် အသိအမှတ်ပြုရန် လုပ်ထုံးလုပ်နည်း များ သတ်မှတ်ခြင်း၊ ၁၁၂

၂၄ (၂၈-၁၂-၈၁) ပြေငြိမ်းပြီးသော မှုခင်းများ သတ်မှတ်ချက်တွင် ဖြည့်စွက်ရန်ကိစ္စ၊ ၁၁၉

၂၅ (၇-၁-၈၂) လူသေလူဖြစ်ဝါဒ၊ သမ္မာဒိဋ္ဌိသုတေသနဝါဒ နှင့် ရွှေအဘိဓမ္မာဝါဒတို့ကို စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ် ရေးထိုးခြင်း၊ ၁၂၂

http://www.dhammadownload.com




| ညွှန်ကြားလွှာ အမှတ် | ထုတ်ပြန်သည့်ရက်စွဲ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၃၆ | (၉-၁-၈၂) | စနစ်တကျ ထိန်းသိမ်းခြင်း မရှိသေးသော စေတီ ပုထိုးများ၊ သင်္ချိုင်းများကို မြို့နယ် သံဃနာယကအဖွဲ့များက ဂေါပကအဖွဲ့များ ဖွဲ့စည်း၍ စောင့်ရှောက်ရေး၊ | ၁၃၀ |
| ၃၇ | (၆-၂-၈၂) | ဉာဏစာဂီဆရာတော် အမွေဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ် ရေးထိုးခြင်း၊ | ၁၃၂ |
| ၃၈ | (၁-၃-၈၂) | သာသနာဝင်မှတ်တမ်းတွင် လက်မှတ် ရေးထိုး ဆောင်ရွက်ရန်ကိစ္စ၊ | ၁၃၄ |
| ၃၉ | (၁၁-၃-၈၂) | သာသနာဝင်မှတ်တမ်းထုတ်ပေးခြင်းအချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရန် ကိစ္စ၊ | ၁၃၇ |
| ၄၀ | (၂၂-၅-၈၂) | ကြောင်ပန်းတောရဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြုလက်မှတ် ရေးထိုးခြင်း၊ | ၁၃၉ |
| ၄၁ | (၁၀-၇-၈၂) | စေတီအသစ်တည်ခြင်း၊ အဟောင်းပြုပြင်ခြင်း၊ ကျောင်းသစ်ဆောက်ခြင်း၊ တရားဟောခြင်း၊ အလှူခံခြင်းတို့ကိုဆိုင်ရာ မြို့နယ် ရပ်ကွက် သံဃနာယကအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရန်ကိစ္စ၊ | ၁၄၃ |
| ၄၂ | (၁၈-၈-၈၂) (၂၈-၁၀-၉၆) | ထေရဝါဒ ဗုဒ္ဓဘာသာသီလရှင် အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရေး၊ | ၁၄၆ |
| ၄၃ | (၁၈-၈-၈၂) | အခြေခံ ဗုဒ္ဓဘာသာသင်တန်း များ ဖွင့်လှစ် ကြရန် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် တို့အား ညွှန်ကြားခြင်း(ပညာရေး) | ၁၆၄ |

http://www.dhammadownload.com




| ညွှန်ကြားလွှာ အမှတ် | ထုတ်ပြန်သည့်ရက်စွဲ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၄၄ | (၂၈-၈-၈၂) | ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းရေး၊ | ၁၆၆ |
| ၄၅ | (၂၂-၁၀-၈၂) | မြို့နယ်အသီးသီး၌ နှစ်စဉ် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာမေးပွဲများ ကျင်းပသွားရေး (ပညာရေး) | ၁၇၃ |
| ၄၆ | (၂၉-၁၁-၈၂) | ကျောက်ပုံတောရဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးခြင်း၊ | ၁၇၅ |
| ၄၇ | (၃-၁-၈၃) | ဝိနည်းဓိုရ်ဆရာတော်များအား မထေမဲ့မြင် ပြုမှုများအတွက် အရေးယူဆောင်ရွက်ရန် ကိစ္စ၊ | ၁၈၆ |
| ၄၈ | (၁-၂-၈၃) | သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အပေါ် တိုင်ကြားခြင်း၊ | ၁၈၈ |
| ၄၉ | (၁-၂-၈၃) | သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ လုပ်ငန်း တာဝန်များကို ထိရောက်စွာ ဆောင်ရွက်ရေး၊ | ၁၉၂ |
| ၅၀ | (၂၂-၂-၈၃) | ဆူးလေ ဦးမြင့်သိန်း၏ ထေရဝါဒ အမည်ခံ တရားဓမ္မများနှင့် ပတ်သက်၍ ညွှန်ကြားခြင်း၊ | ၁၉၆ |
| ၅၁ | (၁၂-၄-၈၃) | မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားကြသော ရဟန်းသံဃာတော်များအတွက် စည်းကမ်းချက်များ၊ | ၁၉၉ |
| ၅၂ | (၂၅-၅-၈၃) | ဦးမြတ်သိန်းထွန်း၏တရားဓမ္မများနှင့် ပတ်သက်၍ ညွှန်ကြားခြင်း၊ | ၂၀၅ |

ညွှန်ကြားလွှာ ထုတ်ပြန်သည့်ရက်စွဲ အကြောင်းအရာ စာမျက်နှာ
အမှတ်


၅၃ (၂၇-၅-၈၃) ရေတာရှည် ဦးမာလာဝရ ဝါဒစွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးစေရေး ကိစ္စ၊ ၂၀၈
၅၄ (၂၈-၇-၈၃) မိုးညိုဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးခြင်း၊ ၂၁၀
၅၅ (၂၈-၇-၈၃) ဓမ္မနိုတိဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးခြင်း၊ ၂၁၃
၅၆ (၁၇-၈-၈၃) ပြည်နယ်/တိုင်း အသီးသီး၌ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဖွင့်လှစ်ရေး (ပညာရေး) ၂၁၆
၅၇ (၂၄-၉-၈၃) နေဝသုဒ္ဓ နာသုဒ္ဓ ဆုံးဖြတ်ခြင်းခံရသော ရဟန်းအား သာသနာဝင်မှတ်တမ်း ထုတ်ပေးခြင်း မပြုရန်နှင့်ထုတ်ပေးပြီးပါက ပြန်လည်သိမ်းဆည်းရန်ကိစ္စ၊ ၂၁၈
၅၈ (၄-၁၀-၈၃) ဝိနည်းခိုရ်ဆရာတော်များ လိုက်နာကျင့်သုံးရန် လုပ်ငန်းကာဝန်များ၊ ၂၂၀
၅၉ (၃၁-၁၀-၈၃) ဝိနည်းဓမ္မကံမှုခင်း စစ်ဆေးဆုံးဖြတ်ရာ၌ လိုက်နာရန် ညွှန်ကြားခြင်း၊ ၂၂၄
၆၀ (၂၂-၁၁-၈၃) မြို့နယ်ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာမေးပွဲများ၌ ဘာသာရပ် ဖြေဆိုခွင့် သတ်မှတ်ခြင်း (ပညာရေး) ၂၂၅
၆၁ (၂၂-၁၁-၈၃) စနစ်သစ် ပထမပြန်စာမေးပွဲ၌ ပါဠိဘာသာအမှန်ဘာသာတို့ဖြင့် ဖြေဆိုခွင့် ကိစ္စ (ပညာရေး) ၂၂၈

http://www.dhammadownload.com




| ညွှန်ကြားလွှာ အမှတ် | ထုတ်ပြန်သည့်ရက်စွဲ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၆၂ | (၂၉-၂-၈၄) | သံဃာ့ဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ကိစ္စ၊ | ၂၂၉ |
| ၆၃ | (၉-၃-၈၄) | ဗုဒ္ဓဘာသာ သီလရှင် အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့အတွက် ဆိုင်းဘုတ်နှင့် တံဆိပ်တုံးများ သတ်မှတ်ခြင်း၊ | ၂၃၁ |
| ၆၄ | (၂၆-၆-၈၄) | ၁၃၄၆-ခုနှစ်၊ ဝါဆိုသံဃာ စာရင်း ကောက်ယူရေးအတွက် နည်းလမ်းများ သတ်မှတ်ခြင်း၊ | ၂၃၅ |
| ၆၅ | (၈-၈-၈၄) | ဝိနည်းသိက္ခာပုဒ်များနှင့် တရားဥပဒေ များကို ဆန့်ကျင်၍ အကြမ်းဖက်ကျူးလွန် နေကြသော ရဟန်းသာမဏေများကိစ္စ၊ | ၂၄၆ |
| ၆၆ | (၉-၃-၈၅) | ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ ကျင်းပစဉ် အကြည်ညိုပျက်စေမည့် အပြုအမူများ ရှောင်ရှားရန်ကိစ္စ (ပညာရေး) | ၂၄၉ |
| ၆၇ | (၁၁-၆-၈၅) | ပထမအကြိမ် သံဃနာယကအဖွဲ့ အဆင့်ဆင့်တို့၏ လုပ်ငန်းတာဝန်များနှင့် ပစ္စည်းအရပ်ရပ်ကို လွှဲပြောင်း လက်ခံရန် ကိစ္စ၊ | ၂၅၁ |
| ၆၈ | (၂၀-၈-၈၅) | ပထမပြန်စာမေးပွဲ အခြေပြုမူလတန်း ကျင်းပရန် တာဝန်ပေးအပ်ခြင်း (ပညာရေး) | |

| ညွှန်ကြားလွှာ အမှတ် | ထုတ်ပြန်သည့်ရက်စွဲ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၆၉ | (၃-၉-၈၅) | မြန်မာနိုင်ငံအတွင်းသို့ ဥပဒေမဲ့ ဝင်ရောက်နေထိုင်သော ရဟန်းသာမဏေများအား ကူညီခြင်း၊ လက်ခံခြင်း မပြုရန် ညွှန်ကြားခြင်း။ | ၂၅၈ |
| ၇၀ | (၇-၁-၈၆) | ထွန်တုံးလက်ကျန် ဦးထင်၏ ဝါဒကို စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြုလက်မှတ် ရေးထိုးခြင်း။ | ၂၆၁ |
| ၇၁ | (၂၈-၁-၈၆) | ဝိနည်းဓမ္မကံမှုခင်းများစစ်ဆေး နေစဉ် မှုခင်းဆိုင်ရာပစ္စည်း အရပ်ရပ်ကိုထိန်းသိမ်း စောင့်ရှောက်ရန် ကိစ္စ၊ | ၂၇၉ |
| ၇၂ | (၂၀-၆-၈၆) | ကျောင်းထိုင်ဘုန်းကြီးနှင့် ခန်းနေရဟန်း သာမဏေတို့ လိုက်နာရန် စည်းကမ်း ကျင့်ဝတ်များ၊ | ၂၈၂ |
| ၇၃ | (၇-၇-၈၆) | အခြေပြုမူလတန်း မသမာဖြေဆိုသူများ ကိစ္စ (ပညာရေး) | ၂၈၉ |
| ၇၄ | (၁၄-၁-၈၇) | အဆင့်ဆင့်ပြီးပြတ်ပြီးသော မှုခင်းများကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ချုပ်၏ ညွှန်ကြားချက် ရယူပြီးမှသာ အကောင်အထည်ဖော် ဆောင်ရွက်ရန် ကိစ္စ၊ | ၂၉၀ |
| ၇၅ | (၃-၇-၈၇) | ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် (၄၇) အရ သီးခြား မြို့နယ် သံဃဝိနိစ္ဆယ အဖွဲ့ဖြင့်အရေးယူ ဆောင်ရွက်ရာ၌ လိုက်နာရန်ကိစ္စ၊ | ၂၉၂ |

http://www.dhammadownload.com



ညွှန်ကြားလွှာ ထုတ်ပြန်သည့်ရက်စွဲ အကြောင်းအရာ စာမျက်နှာ
အမှတ်


၇၆ (၂၇-၂-၈၈) တွံတေးမြို့နယ် ဦးပုညာစာရ သိမ်သမုတ်ခြင်း ဆိုင်ရာ ဝါဒနှင့် စပ်လျဉ်း၍ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်-၉ ၏ ဆုံးဖြတ်ချက်ကို လိုက်နာရန် ကိစ္စ၊ ၃၀၁

၇၇ (၁၂-၇-၈၉) စေတီသစ်တည်ခြင်း၊ စေတီဟောင်း ပြုပြင်ခြင်း၊
(၇-၇-၉၂) ကျောင်းသစ်ဆောက်လုပ်ခြင်း စသည်တို့နှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ကိစ္စ၊ ၃၀၅

၇၈ (၁၂-၇-၈၉) မော်လမြိုင်မြို့၊ ရွှေဝါမြိုင်ကျောင်း၊ နယ်သိမ်း သိမ်သမုတ်မှုဆိုင်ရာ နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်-၁၀ ၏ ဆုံးဖြတ်ချက်ကို လိုက်နာရန်ကိစ္စ၊ ၃၁၅

၇၉ (၁၂-၄-၉၀) ကျောင်းတိုက် ဘုရားပရိဝုဏ်အတွင်း အမြဲနေ လူပုဂ္ဂိုလ်များ ဖယ်ရှားပြီးသော မြေလွတ်များနှင့် ပတ်သက်၍ ကြီးကြပ် ဆောင်ရွက်ခြင်း၊ ၃၁၈

၈၀ (၁၂-၄-၉၀) ကျောင်းထိုင်ဘုန်းတော်ကြီးများသည် အမြဲနေ လူပုဂ္ဂိုလ်များအား နောက်ထပ် လက်ခံမှု မပြုရေး၊ ၃၂၀

၈၁ (၅-၁၁-၉၀) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အရှည် တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာ ဆောင်ရွက်ရေး၊ ၃၂၂

http://www.dhammadownload.com


| ညွှန်ကြားလွှာ အမှတ် | ထုတ်ပြန်သည့်ရက်စွဲ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၈၂ | (၅-၁-၉၀) | ကျောင်းထိုင်ဘုန်းကြီးများနှင့် ကျောင်းတိုက်နာယကများ လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ | ၃၂၄ |
| ၈၃ | (၁၃-၇-၉၁) | ရဟန်းသာမဏေများ ပါတီနိုင်ငံရေးများ၌ ပါဝင်ဆောင်ရွက်ခြင်းမပြုလုပ်ရန်ကိစ္စ၊ | ၃၂၈ |
| ၈၄ | | သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ခန်းနေသီလရှင်များ လိုက်နာကျင့်သုံးရန် စည်းကမ်းများ၊ | ၃၃၁ |
| ၈၅ | (၂၆-၃-၉၆) | ဗုဒ္ဓဘာသာ သာသနာတော် ဂုဏ်ကျက်သရေ ညှိုးမှိန်စေသော အမှုများကို ကျူးလွန်သောရဟန်း သာမဏေများအား အရေးယူရေးကိစ္စ | ၃၃၇ |
| ၈၆ | (၂၅-၃-၉၈) | စမ်းကလေးဝါဒစွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးစေရေး ကိစ္စ | ၃၄၃ |
| ၈၇ | (၃၀-၄-၉၈) | ထေရဝါဒဗုဒ္ဓဘာသာ သာသနာနွယ်ဝင် သီလရှင်များ၏ အဝတ်အဆင်များ အရောင်အသွေးတူညီစွာ ဝတ်ဆင်ရန် ညွှန်ကြားခြင်း | ၃၄၆ |
| ၈၈ | (၂၀-၅-၉၈) | အေအိုင်ဒီအက်စ်ရောဂါ ရဟန်းတော်များ၌ ဖြစ်ပွားနေမှုနှင့်ပတ်သက်၍ သိရှိ လိုက်နာရန် ထုတ်ပြန်ညွှန်ကြားခြင်း | ၃၅၁ |

| ညွှန်ကြားလွှာ အမှတ် | ထုတ်ပြန်သည့်ရက်စွဲ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၈၉ | (၂၉-၃-၀၁) | သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို မဟ္ဆမအကြိမ် အဖြစ်သတ်မှတ်၍ လုပ်ငန်းတာဝန်များ ဆက်လက်ဆောင်ရွက်သွားကြရန် ညွှန်ကြားခြင်း | ၃၅၄ |
| ၉၀ | (၅-၉-၀၁) | လာမည့် ၂၀၀၂-ခုနှစ် မတ်လ၊ (၁၃၆၃-ခုနှစ်၊ တပေါင်းလ) တွင် ကျင်းပမည့် ပထမပြန် စာမေးပွဲမှ စတင်၍ အခြေပြုမူလတန်းကို မကျင်းပတော့ဘဲ ငယ်၊ လတ်၊ ကြီး တို့ကိုသာ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာချက်ထားခြင်း | ၃၅၇ |
| | (၅-၉-၀၁) | သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ပညာရေးဆိုင်ရာ ထုတ်ပြန်ကြေညာချက် | ၃၆၀ |
| ၉၁ | (၁၅-၁၀-၀၁) | ရဟန်းသာမဏေများသည် လူမှုရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန်နှင့် တရားဥပဒေနှင့်ဆန့်ကျင်သော အကြမ်းဖက်မှုများ မပြုလုပ်ရန် ညွှန်ကြားခြင်း | ၃၆၃ |
| ၉၂ | (၈-၁၁-၀၁) | နိုင်ငံခြားသားများ မြန်မာနိုင်ငံအတွင်း ကျောင်းတိုက် ရိပ်သာများ၌ လာရောက်နေထိုင်ခြင်း၊ တရားကျင့်ကြံအားထုတ်ခြင်း၊ ရဟန်းခံခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားခြင်း | ၃၆၅ |

http://www.dhammadownload.com

# အမှာစာ

၁၃၄၂–ခုနှစ်၊ နယုန်လ၊ ၁၉၈၀–ပြည့်နှစ်၊ မေလတွင် မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် ဂိုဏ်းပေါင်းစုံ သံဃာတော်များ ညီညွတ်မှု ရရှိသဖြင့် ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ သံဃသမ္မုတိရ သံဃာ့ ကိုယ်စားလှယ် ၁၂၀၀–ကျော် တက်ရောက်သည့် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ယင်းအစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းနှင့် လုပ်ထုံး လုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းနိုင်ခဲ့သည်။

ထို့အပြင် သမ္မုတိရ သံဃာ့ကိုယ်စားလှယ် ၁၂၀၀–ကျော်မှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ၃၀၀–ပါးကို ရွေးချယ် ခဲ့သည်။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ၃၀၀–ပါးမှ နိုင်ငံတော် သံဃမဟာနာယက ၃၃–ပါးကို ရွေးချယ် ဖွဲ့စည်းနိုင်ခဲ့သည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကို ၁၉၈၀–ပြည့်နှစ်တွင် ၃၃–ပါးဖြင့် ဖွဲ့စည်းခဲ့သော်လည်း နောက်ပိုင်းတွင် ပြင်ဆင်၍ ၄၅–ပါး/၄၇–ပါး တိုးချဲ့ ဖွဲ့စည်းခဲ့ရာ ယခုအခါ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့မှာ ၄၇–ပါး အဖွဲ့ဖြစ်ပါသည်။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့များ ဖွဲ့စည်းပြီး ဖြစ်သော်လည်း ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် အဖွဲ့များ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များ၊

http://www.dhammadownload.com



မြို့နယ် သံဃာ့ဝန်ဆောင်နှင့် မြို့နယ်သံဃနာယကအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များ၊ ပြည်နယ်/တိုင်းနှင့် မြို့နယ် ဝိနည်းဓိုရ် ရွေးချယ်ဖွဲ့စည်းရန် လိုအပ်လျက် ရှိပါသေးသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ကမ္ဘာအေးကုန်းမြေ၊ ဇမ္ဗူဒီပကျောင်းဆောင်တွင် သီတင်းသုံးတော်မူကြလျက် ဖွဲ့စည်းရန် လိုအပ်နေသေးသော သံဃာ့အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေး အတွက် အားသွန် ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ကြပါသည်။

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ရွေးချယ်ဖွဲ့စည်းရာတွင် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းပြီး ဖြစ်သော်လည်း ထပ်မံ ရှင်းလင်း ညွှန်ကြားရန် လိုအပ်သော အချက်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ညွှန်ကြားလွှာများ ထုတ်ပြန်ခဲ့ကြပါသည်။ ညွှန်ကြားလွှာ ၁ မှ ၁၀ ထိကို လေ့လာလျှင် သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းရေးဆိုင်ရာများကို ညွှန်ကြားထားသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ယင်း ညွှန်ကြားလွှာ ၁၀–စုမှာ ၁၉၈၀–ပြည့်နှစ်အတွင်း ထုတ်ပြန်ခဲ့သည်ကို တွေ့ရမည် ဖြစ်ပါသည်။

ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့စသည့် အဆင့်ဆင့်သော သံဃာ့အဖွဲ့အစည်းများ ပေါ်ပေါက်လာသည့်အခါ တာဝန်များ အပ်နှင်း၍ ယင်းအဖွဲ့အစည်းများမှ ဆောင်ရွက်ရန်တို့ကို ညွှန်ကြားလွှာ (၁၁) မှစ၍ ညွှန်ကြားခဲ့သည်ကို လေ့လာတွေ့ရှိရမည် ဖြစ်ပါသည်။ ဖွဲ့စည်းပြီး သံဃာ့အဖွဲ့အစည်းများသည် လုပ်ငန်းအတွေ့အကြုံ မရှိသေးသဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ရှင်းရှင်းလင်းလင်း ဆောင်ရွက်နိုင်ရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ၁၉၈၁–ခုနှစ်တွင် ညွှန်ကြားလွှာများ ဆက်တိုက် ထုတ်ပြန်ပေးခဲ့ပါသည်။ ညွှန်ကြားလွှာ (၁၁) မှ (၃၄) အထိ ညွှန်ကြားလွှာ ၂၄–စု မှာ ၁၉၈၁–ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သည့် ညွှန်ကြားလွှာများ

http://www.dhammadownload.com



ဖြစ်ပါသည်။ ၁၉၈၂–ခုနှစ်တွင် ညွှန်ကြားလွှာ ၃၅ မှ ၄၆ အထိ (၁၀)ခု ထုတ်ပြန်ခဲ့သည်။ ၁၉၈၃–ခုနှစ်တွင် ညွှန်ကြားလွှာ ၄၇ မှ ၆၁ အထိ (၁၄) ခုထုတ်ပြန်ခဲ့သည်။ ၁၉၈၃–ခုနှစ် နောက်ပိုင်းတွင် သံဃာ့အဖွဲ့အစည်းများ အသားကျ လာပြီးဖြစ်၍ ညွှန်ကြားလွှာ ထုတ်ပြန်မှုမှာ နည်းလာပါသည်။ ၁၉၈၄–ခု မှ ယခုအချိန်အထိ ထုတ်ပြန်ခဲ့သော ညွှန်ကြားလွှာများမှာ ၆၂ မှ ၈၅ အထိ ၂၄–ခုသာ ရှိပါသည်။

သံဃာ့အဖွဲ့အစည်းများ၏ လုပ်ငန်းများမှာ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာနှင့် ပညာရေးရာဟု သုံးပိုင်းခွဲခြားထားသည့်အလျောက်၊ ညွှန်ကြားလွှာများကိုလည်း အမျိုးအစား ခွဲခြားပါက သာသနာရေးရာ ညွှန်ကြားလွှာများ၊ ဝိနိစ္ဆယရေးရာ ညွှန်ကြားလွှာများ၊ ပညာရေးရာ ညွှန်ကြားလွှာများဟု သုံးမျိုးခွဲခြားရမည် ဖြစ်ပါသည်။ သာသနာရေးရာ ညွှန်ကြားလွှာပါ အချက်များကို သံဃနာယကလက်စွဲတွင်လည်းကောင်း၊ ဝိနိစ္ဆယရေးရာ ညွှန်ကြားလွှာပါ အချက်များကို ဝိနိစ္ဆယလက်စွဲတွင် လည်းကောင်း ထည့်သွင်းရေးသားခဲ့သဖြင့် ယင်းလက်စွဲစာအုပ်နှစ်အုပ်မှာ သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုသာ အခြေခံခဲ့ခြင်း မဟုတ်ဘဲ ညွှန်ကြားလွှာများကိုလည်း အခြေခံခဲ့ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

ညွှန်ကြားလွှာများသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းခဲ့၊ တည်ထောင်ခဲ့ရပုံ သမိုင်းများကိုလည်း ပြောပြနေပါသည်။ အဆင့်အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းဖြစ်သည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ ဆောင်ရွက်ချက်များကိုလည်း ပေါ်လွင်စေပါသည်။ အချို့သော ညွှန်ကြားလွှာများမှာ လုပ်ငန်းလမ်းညွှန်အဖြစ် ထာဝစဥ် နှလုံးသွင်းထားရန် လိုအပ်ပါသည်။ အချို့သော ညွှန်ကြားလွှာများမှာ အသုံးနည်းမည် ဖြစ်သော်လည်း မှတ်တမ်းအဖြစ် ထိန်းသိမ်းသင့်သည်သာ ဖြစ်ပါသည်။

http://www.dhammadownload.com



## ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်ခြင်း

ညွှန်ကြားလွှာအသစ်ထုတ်ပြန်သည့်အခါ အချို့သော ညွှန်ကြားလွှာအဟောင်းများကို ပယ်ဖျက်ရန် လိုအပ်သည်ဟု ယူဆပါက ပယ်ဖျက်သည့် ညွှန်ကြားလွှာများကို တစ်ပါတည်း ဖော်ပြပေးပါသည်။ ၁၉၈၉–ခုနှစ်တွင် ထုတ်ပြန်သော ညွှန်ကြားလွှာ–၇၇ ဖြင့် ညွှန်ကြားလွှာ ၂၁၊ ၂၂၊ ၂၉၊ ၃၃ နှင့် ၄၁ တို့ကို ပယ်ဖျက်ခဲ့ပါသည်။ တစ်ဖန် ၁၉၉၂–ခုနှစ်တွင် ညွှန်ကြားလွှာ ၇၇ ကို အသစ်ပြင်ဆင်၍ ထုတ်ပြန်သည့်အခါ ညွှန်ကြားလွှာ ၇၇ အဟောင်းကို ပယ်ဖျက်ခဲ့ရပြန်ပါသည်။ ထိုသို့ ညွှန်ကြားလွှာ ၇၇ အဟောင်းကို ပယ်ဖျက်လိုက်သဖြင့် ညွှန်ကြားလွှာ ၇၇ အဟောင်းဖြင့် ပယ်ဖျက်ခဲ့သည့် ညွှန်ကြားလွှာ ၂၁၊ ၂၂၊ ၂၉၊ ၃၃နှင့် ၄၁တို့မှာ ပြန်လည် အသက်ဝင်လာသည်ဟု ဆိုရမည် ဖြစ်ပါသည်။ ညွှန်ကြားလွှာ ၇၇ အဟောင်းသည် ပယ်ဖျက်ပြီး ဖြစ်သဖြင့် အသက် မဝင်တော့ သော်လည်း ဤစာအုပ်တွင် အပြည့်အစုံ ဖော်ပြထားပါသည်။ ယင်းညွှန်ကြားလွှာ အဟောင်းဖြင့် ၃–နှစ်ခန့် ဆောင်ရွက်ခဲ့သည့် ကိစ္စများသည် ယင်းညွှန်ကြားလွှာ အသက်ဝင်စဉ် ဆောင်ရွက်ချက်ဖြစ်၍ တရားဝင် ဆောင်ရွက်ချက်များသည် အတည်ဖြစ်ကြမည် ဖြစ်ပါသည်။ ညွှန်ကြားလွှာများကို မချွင်းမချန် ဖော်ပြခြင်းဖြင့် လေ့လာမှတ်သားသူများ အတွက်လည်း ပြည့်ပြည့်စုံစုံ လေ့လာနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ညွှန်ကြားလွှာ (၇၇) နှစ်ခုလုံးကို ထည့်သွင်း ဖော်ပြထားပါသည်။

ညွှန်ကြားလွှာ ၇၂နှင့် ၇၅ ကို လုပ်ငန်း အတွေ့အကြုံအရ ပြင်ဆင်ဖြည့်စွက်ခဲ့ ရသည်များ ရှိပါသည်။ ပြင်ဆင်ဖြည့်စွက်ချက်များကို နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖော်ပြထားပါသည်။

http://www.dhammadownload.com



## လက်မှတ်ရေးထိုးခြင်း

ညွှန်ကြားလွှာများကို ထုတ်ပြန်သည့်အခါ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင် ဆရာတော်နှစ်ပါး လက်မှတ်ရေးထိုး၍ ထုတ်ပြန်ပါသည်။ ဥက္ကဋ္ဌဆရာတော်နှင့် အကျိုးတော်ဆောင်ဆရာတော်များ လက်မှတ်မထိုးသည့် ညွှန်ကြားလွှာများတွင် အလှည့်ကျ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့မှ ဒုတိယ ဥက္ကဋ္ဌ ဆရာတော်နှင့် တွဲဖက် အကျိုးတော်ဆောင် ဆရာတော် နှစ်ပါးတို့က လက်မှတ်ရေးထိုး ထုတ်ပြန်ပါသည်။ ညွှန်ကြားလွှာ ၁ မှ ၈၅ အထိ လက်မှတ်ရေးထိုးခဲ့သည့် ဆရာတော်များ ၁၄-ပါး ရှိပါသည်။ ယင်း ၁၄-ပါးအနက် ယခု ၁၉၉၇-ခုနှစ် အထိ ၄-ပါးသာ သက်တော်ထင်ရှား ဖူးမြော်ကြည်ညိုခွင့် ရကြပါတော့သည်။

ညွှန်ကြားလွှာများကို စာအုပ်အသွင်ဖြင့် ထုတ်ဝေသည့်အခါ ခေါင်းစဉ် စာတမ်းများ၊ စာအမှတ်များနှင့် ဆရာတော်ကြီးများ ထိုးမြဲ လက်မှတ်တို့ကို မဖော်ပြတော့ဘဲ ညွှန်ကြားလွှာ ထုတ်ပြန်ခဲ့သည့် ရက်စွဲ၊ ညွှန်ကြားလွှာ စာသားနှင့် လက်မှတ်ရေးထိုးခဲ့သည့် ဆရာတော်ကြီးများ၏ ဘွဲ့အမည်များကိုသာ ဖော်ပြပါသည်။

ညွှန်ကြားလွှာများကို တစ်စုတစ်စည်းတည်း ရရှိလိုကြသည့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၌ သာသနာ့ တာဝန်ကို ထမ်းဆောင် နေကြသော သံဃာတော်များ၊ သံဃာ့အဖွဲ့အစည်းများကို အထောက်အကူ ပြုနေကြသည့် ပြည်နယ်/တိုင်း မြို့နယ် အာဏာပိုင် အဖွဲ့အစည်းများနှင့် သာသနာရေး ဝန်ထမ်းများ၏ ဆန္ဒကို ဖြည့်ဆည်းသောအားဖြင့် စာအုပ် အသွင်ဖြင့် စက်တင်ပုံနှိပ် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ညွှန့်မောင်

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၁)

ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ၊ သံဃနာယကအဖွဲ့၊ မြို့နယ် သံဃာ့ဝန်ဆောင်များ၊ မြို့နယ် သံဃနာယကအဖွဲ့၊ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်များ၊ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များ ရွေးချယ်ဖွဲ့စည်းရန် ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ညွှန်ကြားလွှာ အမှတ် (၁) ပါ ဘုရား။

(၁၀-၅-၈၀) (-၂၊ ၃၊ ၄၂)

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၁၃)၊ အပိုဒ် ၈၉-ပါ လုပ်ပိုင်ခွင့်များအရ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ဖော်ပြပါ အကြောင်းအရာနှင့် ပတ်သက်၍ ညွှန်ကြားလိုက်ပါသည်။

၂။ အခြေခံစည်းမျဉ်း အခန်း (၃)၊ အပိုဒ် ၁၅၊ ၁၆၊ ၁၈၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀-တို့အရ လည်းကောင်း၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၇) (၈) (၉)နှင့် နောက်ဆက်တွဲဇယား (၁) (၂) (၃) (၄) (၅) တို့အရ လည်းကောင်း ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၊ မြို့နယ် သံဃာ့ဝန်ဆောင်များ၊ မြို့နယ်သံဃနာယကအဖွဲ့၊ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်များ၊ ပြည်နယ်/ တိုင်း သံဃနာယကအဖွဲ့များကို ရွေးချယ်ဖွဲ့စည်းရမည် ဖြစ်ပါသည်။

**ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း**

၃။ ဖော်ပြပါ ပြည်နယ်/တိုင်းများ၌ မိမိအခြေခံဒေသမှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များဖြင့် ဖွဲ့စည်း၍ ဆောင်ရွက်ရန်ဖြစ်သည်-

http://www.dhammadownload.com



(က) ပဲခူးတိုင်း၊
(ခ) မကွေးတိုင်း၊
(ဂ) မန္တလေးတိုင်း၊
(ဃ) မွန်ပြည်နယ်၊
(င) ရန်ကုန်တိုင်း၊
(စ) ဧရာဝတီတိုင်း၊

၄။ ထို ပြည်နယ်/တိုင်းများသည် မိမိအခြေခံ ဒေသထဲတွင်ပင် ထပ်မံ၍ သင့်လျော်သော မြို့နယ်များကို အပိုင်းအခြားပြုပြီးနောက် အခြေခံဒေသများမှ ဗဟိုသံဃာ့ဝန်ဆောင်များကို ခွဲ၍ ဖွဲ့စည်းနိုင်သည်၊ ဥပမာ–ပဲခူး အခြေခံ ဒေသတွင် ပဲခူး၊ သနပ္ပင်၊ ကဝ၊ ဝေါမြို့နယ်များအတွက် တစ်ပိုင်းနှင့် ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ရွှေကျင်မြို့နယ်များအတွက် တစ်ပိုင်း စသည်ဖြင့် အပိုင်း ၂–ပိုင်းခွဲ၍ သင့်လျော်သလို ဖွဲ့စည်းနိုင်ပါသည်။

ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များနှင့် ပတ်သက်၍ ဥပမာအားဖြင့် ပဲခူး အခြေခံဒေသတွင် (၉)ပါးရှိရာ၊ ဥက္ကဋ္ဌ ပဲခူးမြို့မ ဆရာတော်ကြီးကို နတ်ပယ်၍ ကျန် (၈)ပါးကို (၂)ဖွဲ့ ဖွဲ့လျှင် (၄)ပါးစီ ရပါသည်။ တစ်ဖွဲ့ကို ပဲခူး၊ သနပ္ပင်၊ ကဝ၊ ဝေါမြို့နယ်များ၊ ကျန်တစ်ဖွဲ့ကို ဒိုက်ဦး၊ ညောင်လေးပင်၊ ရွှေကျင်၊ ကျောက်တံခါးမြို့နယ်များ စသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်လျှင် အဆင်ပြေနိုင်ပါသည်။ ထိုနည်းတူစွာ အခြား ပြည်နယ်/တိုင်းများကလည်း မြို့နယ်များကို အခြေခံ၍ အဆင်ပြေသလို ဖွဲ့စည်းပြီး အဖွဲ့များကို တာဝန်ပေးသွားရန် ဖြစ်ပါသည်။

၅။ ထိုသို့ဖွဲ့စည်းရာတွင် အနည်းဆုံး ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင် ဆရာတော် (၃)ပါး ပါဝင်စေ၍ ခေါင်းဆောင်တစ်ပါး၊ အကျိုးတော်ဆောင် တစ်ပါး၊ ကျန်ဆရာတော်များ အဖွဲ့ဝင်အဖြစ် ဖွဲ့စည်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

/

http://www.dhammadownload.com



ပထမနည်းလမ်းနှင့် ဒုတိယနည်းလမ်းကိုရောစွဲ အသုံးပြုခြင်း

၆။ ဖော်ပြပါ ပြည်နယ်/တိုင်းများသည် အချို့နေရာများတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်များဖြင့် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်း၍ အချို့နေရာ များတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်တစ်ပါး ပါဝင်ပြီး ရွေးချယ်မည့် မြို့နယ်မှ မဟုတ်သော နီးစပ်ရာ အခြားမြို့နယ်များမှ သမ္မုတိရ သံဃာ့ ကိုယ်စားလှယ်များဖြင့် ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းရန် ဖြစ်ပါသည်-

(က) စစ်ကိုင်းတိုင်း၊
(ခ) ရခိုင်ပြည်နယ်၊
(ဂ) ရှမ်းပြည်နယ်၊

၇။ ထိုသို့ဖွဲ့စည်းရာတွင် ဥပမာ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းအခြေခံဒေသ၊ ရွှေဘိုအခြေခံဒေသ၊ မုံရွာအခြေခံဒေသတို့၌ အပိုဒ် ၃-တွင် ဖော်ပြထားသည့် အတိုင်း ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များဖြင့် ဆောင်ရွက်ရန်ဖြစ်သည်။ ကျန်သော ကသာ အခြေခံဒေသ၊ မော်လိုက် အခြေခံဒေသနှင့် ခန္တီး အခြေခံ ဒေသတို့၌ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်တစ်ပါးက ခေါင်းဆောင်အဖြစ် ပါဝင်၍ ရွေးချယ်မည့်မြို့နယ်မှ မဟုတ်သော နီးစပ်ရာ အခြားမြို့နယ်မှ သမ္မုတိရ သံဃာ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည် ဆောင်ရွက်ရန် ဖြစ်သည်။

တတိယနည်းလမ်း

၈။ ဖော်ပြပါ ပြည်နယ်/တိုင်းများတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များနှင့် ရွေးချယ်ရမည့် မြို့နယ်မှ မဟုတ်သော နီးစပ်ရာ အခြားမြို့နယ်မှ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များဖြင့် အနည်းဆုံး သုံးပါး ပါဝင်သော ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်၊

http://www.dhammadownload.com



ထိုသို့ ဖွဲ့စည်းရာ၌ ခေါင်းဆောင်တစ်ပါး၊ အကျိုးတော်ဆောင်တစ်ပါးနှင့် ကျန်ဆရာတော်များမှာ အဖွဲ့ဝင်များဖြစ်ကြသည် –

(က) ကချင်ပြည်နယ်၊

(ခ) ကယားပြည်နယ်၊

(ဂ) ကရင်ပြည်နယ်၊

(ဃ) ချင်းပြည်နယ်၊

(င) တနင်္သာရီတိုင်း။

၉။ အပိုဒ်–၃၊ အပိုဒ်–၆နှင့် အပိုဒ်–၈ တို့၌ ဖော်ပြထားသော ရွေးချယ်မှုကြီးကြပ်ရေးအဖွဲ့များသည် ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်သတ်မှတ်ခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ ဖွဲ့စည်းခြင်း၊ မြို့နယ် သံဃာ့ဝန်ဆောင် ရွေးချယ်ခြင်းနှင့် မြို့နယ် သံဃနာယကအဖွဲ့ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။

၁၀။ ရွေးချယ်ရာ၌ ဖော်ပြပါအတိုင်း အဆင့်ဆင့် ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) မိမိတာဝန်ကျရာ မြို့နယ်အတွင်းရှိ ကျေးရွာ/ရပ်ကွက်အုပ်စု၌ ကျောင်းထိုင်/ကျောင်းပိုင်စာရင်းကို ရှေးဦးစွာ ရယူရမည်၊

(ခ) အငြင်းပွားနေသောကျောင်းဖြစ်ပါက ထိုကျောင်းရှိ ပုဂ္ဂိုလ်ကို ကျောင်းထိုင် ကျောင်းပိုင် စာရင်းမှ ပယ်ဖျက်ထားရန် လိုအပ်ပါသည်၊

(ဂ) ကျောင်းတိုက်ကြီး တစ်ခုအတွင်းရှိ ကျောင်းအသီးသီးမှ ကျောင်းဘုန်းကြီးများကိုလည်း ကျောင်းထိုင်ဟု သတ်မှတ်၍ ၎င်းကျောင်းများအားလုံး ပါဝင်စေရမည်၊

http://www.dhammadownload.com



(ဃ) ကျောင်းတိုက်တစ်ခုအတွင်း၌ သံဃာဦးရေစာရင်းကို ကောက်ယူ၍ ဇယား ၂–အရ ရသင့်သည့် သံဃာ့ဝန်ဆောင် အရေအတွက်ကို သတ်မှတ်ပြီး ရွေးချယ်စေရန် ဖြစ်သည်။

(င) အခြေခံစည်းမျဉ်း အပိုဒ် ၂၇ (က) အရ ရပ်ကွက်/ကျေးရွာအုပ်စု အတွင်း၌ ကျောင်းတစ်ကျောင်းသာရှိ၍ ကျောင်းထိုင်ဆရာတော် တစ်ပါးသာရှိလျှင် ထိုဆရာတော်သည် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကလည်းဖြစ်၍ မြို့နယ် သံဃာ့ဝန်ဆောင် လည်းဖြစ်သည်။

(စ) ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း၌ တစ်ကျောင်းမှ သုံးကျောင်းအထိ ရှိလျှင် သိက္ခာဝါ အကြီးဆုံး ကျောင်းထိုင်ဆရာတော်ကို မြို့နယ်သံဃာ့ဝန်ဆောင်အဖြစ် အသိအမှတ်ပြုလွှာ ထုတ်ပေးရန်ဖြစ်သည်၊ ထိုပုဂ္ဂိုလ်က မဆောင်ရွက်နိုင်လျှင် ဒုတိယ သိက္ခာဝါ အကြီးဆုံးပုဂ္ဂိုလ်ကို မြို့နယ်သံဃာ့ဝန်ဆောင်အဖြစ် အသိအမှတ်ပြုရန်ဖြစ်သည်။

(ဆ) သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ နောက်ဆက်တွဲဇယား (၂)ပါ သတ်မှတ်ချက်အတိုင်း ရပ်ကွက်/ကျေးရွာ အုပ်စု တစ်ခုအတွင်းရှိ ရဟန်းသံဃာအရေအတွက်အပေါ် မူတည်၍ မြို့နယ်သံဃာ့ဝန်ဆောင်များကို ရွေးချယ်ရမည်။

(ဇ) လေးကျောင်းနှင့် လေးကျောင်းအထက်ဖြစ်လျှင် ထိုကျောင်းထိုင်ဆရာတော်များကို ပင့်ဆောင်၍လည်းကောင်း၊ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့ဝင် ဆရာတော်များကိုယ်တိုင် ထိုဆရာတော်များ ထံသို့ ကြွသွား၍လည်းကောင်း ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကဖွဲ့စည်းမှုကို ကြီးကြပ်ဆောင်ရွက်ပေးရမည်။

http://www.dhammadownload.com



## ဂိုဏ်းများမှ အဆင့်တူ သတ်မှတ်ခြင်း

၁၁။ ဂိုဏ်းများသည် အခြေခံစည်းမျဉ်းအရ ရပ်ကွက်/ကျေးရွာ မြို့နယ်များတွင် အဆင့်တူများသတ်မှတ်ပေးရမည်၊ ရပ်ကွက်/ကျေးရွာ အုပ်စုအတွက် လုပ်ထုံးလုပ်နည်း နောက်ဆက်တွဲဇယား (၁) အရ စာရင်းပြုစု၍ သတ်မှတ်ပေးရမည်၊ မြို့နယ်အတွက် နောက်ဆက်တွဲဇယား (၃)နှင့်အညီ သတ်မှတ်ရမည်၊ ထိုသို့ဖွဲ့စည်းရာတွင် ခွင့်ပြုချက်ထက် မကျော်လွန်စေရန် လိုအပ်ပါသည်။ ဂိုဏ်းများသည် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကနှင့် အဆင့်တူ သတ်မှတ်ရာတွင် ဇယား (၁)ပါ ဖော်ပြထားသည့် အင်အားထက် မပိုစေရပါ၊ သို့ရာတွင် သံဃာဦးရေ နည်းပါးနေပါက မြို့နယ်အဆင့်တွင် အနည်းဆုံး (၃) ပါး၊ ပြည်နယ်/တိုင်း အဆင့်တွင် အနည်းဆုံး (၃) ပါး သတ်မှတ်ပေးရမည်၊ (၃) ပါးထက်ပိုလျှင် ဇယားနှင့်အညီ သတ်မှတ်ရမည်။

## ပြည်နယ်/တိုင်း သံဃနာယက ရွေးချယ်ခြင်း

၁၂။ ပြည်နယ်/တိုင်း သံဃနာယက ရွေးချယ်ခြင်းကို ကြီးကြပ်ရန်အတွက် ပြည်နယ်/တိုင်းအတွင်း အခြေခံဒေသများမှ ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် တစ်ပါးစီ ပါဝင်စေလျက် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်၊ ထိုသို့ဖွဲ့စည်းရာတွင် အနည်းဆုံး (၃)ပါး ပါဝင်စေလျက် ခေါင်းဆောင်တစ်ပါး အကျိုးတော်ဆောင်တစ်ပါး ကျန်အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။

၁၃။ အချို့သော ပြည်နယ်/တိုင်းများ၌ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ၂-ပါးနှင့် ၂-ပါးအောက် လျော့နည်း၍ရှိလျှင် ရွေးချယ်ပွဲ၌ မပါဝင်သော အလေးဂရုပြုလောက်သော ဆရာတော်ကြီး တစ်ပါးပါးကို အဖွဲ့ဝင်အဖြစ် ထည့်သွင်း ဖွဲ့စည်းရမည်။

http://www.dhammadownload.com



## အစီအစဉ် ရေးဆွဲခြင်း

၁၄။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသည် မိမိတို့ ပြည်နယ်/တိုင်းအတွင်း အခြေခံဒေသများ၌ ဤညွှန်ကြားချက်အရ ဆောင်ရွက်ရန် အဖွဲ့များကို ခွဲဝေ၍ မည်သည့်နေ့တွင် ရပ်ကွက်/ကျေးရွာ ဝန်ဆောင်၊ မြို့နယ်ဝန်ဆောင်၊ ပြည်နယ်/တိုင်း ဝန်ဆောင်များကို ရွေးချယ်မည်၊ မည်သည့်နေ့တွင် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက၊ မြို့နယ် သံဃနာယက၊ ပြည်နယ်/တိုင်း သံဃနာယကများကို ရွေးချယ်မည် စသည်တို့ကို အစီအစဉ်ရေးဆွဲ၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သို့ ပေးပို့ရမည်။

## ရွေးချယ်ရန် အချိန်ကာလ သတ်မှတ်ခြင်း

၁၅။ ဖော်ပြပါ ဝန်ဆောင်များနှင့် သံဃနာယကအဖွဲ့များ ရွေးချယ်ဖွဲ့စည်းခြင်းကို ၁၃၄၂–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့အတွင်း ဆောင်ရွက်ရန် ဖြစ်သည်။

## ကန့်ကွက်မှုပေါ်လျှင် ဆောင်ရွက်ခြင်း

၁၆။ ရွေးချယ်ပွဲတိုင်းတွင် (၇) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေငြာရမည်။

၁၇။ ကန့်ကွက်လွှာ တင်သွင်းပါက လက်ခံပြီးလျှင် ပြည်နယ်/တိုင်း အတွင်းရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ စုညီအစည်းအဝေးသို့ တင်ပြ၍ ကန့်ကွက်လွှာကို ပယ်ချခြင်း၊ လက်ခံခြင်း ပြုနိုင်သည်။

၁၈။ ကန့်ကွက်လွှာကို လက်ခံပါက အသစ်ရွေးချယ် ဖွဲ့စည်းမည့်နေ့ရက်ကို ကြေငြာ၍ ထပ်မံဆောင်ရွက်ပေးရမည်။

http://www.dhammadownload.com



၁၉။ သံဃာတော်စာရင်းကို ၁၃၄၂-ခုနှစ်၊ ဝါဆိုသံဃာစာရင်းပေါ် မူတည်၍ တွက်ချက်ရမည်။

၂၀။ ဤရွေးချယ်ပွဲ့စည်းရေးကိစ္စကို အဆင်ပြေအောင် ဆောင်ရွက်နိုင်ရန် အတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပြည်သူ့ ကောင်စီများနှင့် ညှိနှိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။

ဘဒ္ဒန္တ ဣန္ဒာစာရ
(အဂ္ဂမဟာပဏ္ဍိတ)
ဥက္ကဋ္ဌ ဆရာတော်

အရှင်ဝဏ္ဏသိရိ
အကျိုးတော်ဆောင်ဆရာတော် (ကိုယ်စား)
(တွဲဖက်-အကျိုးတော်ဆောင်)

---

## ညွှန်ကြားလွှာ အမှတ် (၂)

ဝိနည်းဓိုရ်ပုဂ္ဂိုလ်များ ရွေးချယ်တင်မြှောက်ရန်ကိစ္စနှင့် ပတ်သက်၍ ညွှန်ကြားလွှာ အမှတ် (၂) ပါဘုရား။ (၃၀-၅-၈၀) (-၂၊ ၃၊ ၄၂)

၁။ မြို့နယ် သံဃနာယကအဖွဲ့များ ရွေးချယ်ပွဲ့စည်းမှု ပြီးစီးပါက ဝိနည်းမွှေကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများ အခန်း (၃) အပိုဒ် ၁၃-အရ ဝိနည်းဓိုရ် ပုဂ္ဂိုလ်များကို ဖော်ပြပါ အချိုးအစားအတိုင်း ရွေးချယ်ရန် ဖြစ်ပါသည်။

(က) သံဃာ ၅၁ မှ ၁၀၀ အထိ ဝိနည်းဓိုရ်ဦးရေ (၇) ပါး၊
(ခ) သံဃာ ၁၀၁ မှ ၂၀၀ အထိ ဝိနည်းဓိုရ်ဦးရေ (၁၃) ပါး၊

http://www.dhammadownload.com



(ဂ) သံဃာ ၂၀၁ မှ ၃၀၀ အထိ ဝိနည်းဓိုရ်ဦးရေ (၁၉) ပါး၊
(ဃ) သံဃာ ၃၀၁ မှ ၅၀၀ အထိ ဝိနည်းဓိုရ်ဦးရေ (၂၅) ပါး၊
(င) သံဃာ ၅၀၁ မှ ၁၀၀၀ အထိ ဝိနည်းဓိုရ်ဦးရေ (၃၁) ပါး၊
(စ) သံဃာ ၁၀၀၁ မှ အထက် ဝိနည်းဓိုရ်ဦးရေ (၃၇) ပါး၊

၂။ အထက် အပိုဒ် ၁–အရ ရွေးချယ်ရာတွင် "ဝန်ဆောင်များနှင့် နာယကအဖွဲ့များ ရွေးချယ်မှုကြီးကြပ်ရေးအဖွဲ့များ" ကပင် တာဝန်ယူ၍ ကြီးကြပ်ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၃။ ဝိနည်းဓိုရ်များ ရွေးချယ်ရာတွင် အသုံးပြုနိုင်ရန်အတွက် ဝိနည်းမွေ့ကဲ့ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း ပုံစံ (၁) ပုံစံ (၂) နှင့် ပုံစံ (၃) တို့ပါအတိုင်း ဖြည့်သွင်းဆောင်ရွက်ကြရန် ဖြစ်ပါသည်။

| | |
|---|---|
| ဘဒ္ဒန္တ ဉာဏာစာရ | အရှင်ဝဏ္ဏသိရီ |
| (အဂ္ဂမဟာပဏ္ဍိတ) | အကျိုးတော်ဆောင်ဆရာတော် (ကိုယ်စား) |
| ဥက္ကဋ္ဌဆရာတော် | (တွဲဖက်–အကျိုးတော်ဆောင်) |

––––––––

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၃)

**ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ၊ သံဃနာယကအဖွဲ့၊ မြို့နယ် သံဃာ့ဝန်ဆောင်များ၊ မြို့နယ်သံဃနာယကအဖွဲ့၊ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်များ၊ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များ ရွေးချယ်ဖွဲ့စည်းရန် ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ညွှန်ကြားလွှာအမှတ် (၃) ပါ ဘုရား။**

**(၃၀၊ ၅၊ ၈၀) (-၃၊ ၃၊ ၄၂)**

၁။ ဖော်ပြပါ အကြောင်းအရာနှင့် ပတ်သက်၍ ကယားပြည်နယ်အတွက် သီးခြား ညွှန်ကြားလိုက်ပါသည်။

၂။ ကယားပြည်နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု အဆင့်တွင် သံဃာဦးရေသည် သတ်မှတ်ထားသော သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ နောက်ဆက်တွဲ ဇယား (၁) နှင့် (၂) ပါ အချိုးကို မီလျှင် ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ ရွေးချယ်ရန်နှင့် သံဃနာယကအဖွဲ့များ ဖွဲ့စည်းရန် ဖြစ်ပါသည်။ သတ်မှတ်ထားသော အချိုးမမီလျှင် ဖွဲ့စည်းရန် မလိုဘဲ မြို့နယ် အဆင့်တွင် ဆောင်ရွက်ရန် ဖြစ်ပါသည်။ တစ်ဖန်မြို့နယ် အဆင့်မှာပင် သတ်မှတ်ထားသော အချိုးမမီလျှင် ပြည်နယ်အဆင့်တွင် ဆောင်ရွက်ရန် ဖြစ်ပါသည်။

၃။ ကယားပြည်နယ်တွင် -

(က) လွိုင်ကော်မြို့နယ်။ ကျောင်း (၅၀)၊ သံဃာဦးရေ (၁၄၆)ပါး ရှိပါသည်။ ကျောင်းပေါင်း (၅၀) ရှိ၍ ကျောင်းထိုင်၊ ကျောင်းပိုင် ဆရာတော် (၅၀) သည် မြို့နယ်ဝန်ဆောင်များဖြစ်ပါသည်။ သံဃာဦးရေ အရေအတွက်အပေါ်တွင်မူတည်ပြီး ဇယား (၂)

http://www.dhammadownload.com



အရလည်း မြို့နယ် သံဃာ့ဝန်ဆောင်များ ရွေးချယ်နိုင်ပါသည်။ ကျောင်းထိုင်၊ ကျောင်းပိုင် ဆရာတော် (၅၀) တို့နှင့်တကွ သံဃာ (၁၄၆) ပါး ရှိပါသည်၊ ဇယား(၂) အရ မြို့နယ် သံဃာ့ဝန်ဆောင် (၅၄) ပါး ရှိ၍ ဇယား (၃) အရ ၁+၁+၇ မြို့နယ် သံဃနာယကအဖွဲ့ ဖွဲ့စည်းနိုင်ပါသည်၊ ဇယား (၄) အရ ပြည်နယ်ဝန်ဆောင်အဖြစ် (၃)ပါး တက်ရောက်နိုင်ပါသည်။

(ခ) **ဒီမောဆိုးမြို့နယ်။** ကျောင်း (၁၆)၊ သံဃာဦးရေ (၂၈) ပါးရှိပါသည်၊ ကျောင်းထိုင်၊ ကျောင်းပိုင်ဆရာတော် (၁၆)ပါးရှိ၍ မြို့နယ် ဝန်ဆောင် (၁၆)ပါး ရှိပါမည်၊ ဇယား (၃)အရ ၁+၁+၃ မြို့နယ်သံဃနာယက ဖွဲ့နိုင်ပါသည်။ ပြည်နယ်ဝန်ဆောင်အဖြစ် (၁)ပါး တက်ရောက်နိုင်ပါသည်။

(ဂ) **ဖရူးဆိုးမြို့နယ်။** ကျောင်း (၃)ကျောင်း၊ သံဃာဦးရေ (၆) ပါး ရှိပါသည်၊ ကျောင်းထိုင်၊ ကျောင်းပိုင် (၃)ပါးသာရှိ၍ မြို့နယ်ဝန်ဆောင် သုံးပါး ရှိပါမည်၊ နာယက ဖွဲ့စည်းရန် အချိုးမမီပါ၊ သိက္ခာဝါ အကြီးဆုံးပုဂ္ဂိုလ်က နာယကဆရာတော် အဖြစ် ဆောင်ရွက်ရန်သာ ဖြစ်ပါသည်။ ပြည်နယ် ဝန်ဆောင် အဖြစ် (၁)ပါး တက်ရောက်နိုင်ပါသည်။

(ဃ) **ဖားဆောင်းမြို့နယ်။** ကျောင်း (၅)၊ သံဃာဦးရေ (၁၀) ပါး ရှိပါသည်၊ ကျောင်းထိုင်၊ ကျောင်းပိုင် (၅)ပါး ရှိ၍ မြို့နယ်ဝန်ဆောင် (၅)ပါးရှိပါမည်၊ ဇယား (၃)အရ ၁+၁+၃ မြို့နယ်သံဃနာယက ဖွဲ့နိုင်ပါသည်။ ပြည်နယ်ဝန်ဆောင်အဖြစ် (၁)ပါး တက်ရောက် နိုင်ပါသည်။

(င) **ဘော်လခဲမြို့နယ်။** ကျောင်း (၁၅)၊ သံဃာဦးရေ (၂၂) ပါး ရှိပါသည်၊ ကျောင်းထိုင် ကျောင်းပိုင် (၁၅)ပါး ရှိ၍ မြို့နယ် ဝန်ဆောင် (၁၅)ပါးရှိပါမည်၊ ဇယား (၃)အရ ၁+၁+၃ မြို့နယ်

http://www.dhammadownload.com



သံဃနာယကဖွဲ့နိုင်ပါသည်။ ပြည်နယ်ဝန်ဆောင်အဖြစ် (၁)ပါး တက်ရောက်နိုင်ပါသည်။

(စ) ရှားတောမြို့နယ်။ ကျောင်း (၁၀)၊ သံဃာဦးရေ (၂၀) ပါး ရှိပါသည်၊ ကျောင်းထိုင် ကျောင်းပိုင် (၁၀)ပါး ရှိ၍ မြို့နယ်ဝန်ဆောင် (၁၀)ပါး ရှိပါမည်၊ ဇယား (၃)အရ ၁+၁+၃ မြို့နယ် သံဃနာယကဖွဲ့နိုင်ပါသည်။ ပြည်နယ်ဝန်ဆောင်အဖြစ် (၁)ပါး တက်ရောက်နိုင်ခွင့် ရှိပါသည်။

## ကယားပြည်နယ် သံဃာ့ဝန်ဆောင်အဖွဲ့

၄။ ကယားပြည်နယ် ဝန်ဆောင်ဆရာတော် စုစုပေါင်း (၈)ပါးရှိပါမည်၊ သို့ဖြစ်၍ ကယားပြည်နယ် သံဃနာယကအဖွဲ့ကို ဇယား (၅) ပါအတိုင်း ၁+၁+၃ ဖြင့် ဖွဲ့စည်းနိုင်ပါမည်။

၅။ ဖော်ပြပါအတိုင်း တွက်ချက် ချထားရာတွင် လက်ရှိ သံဃာ့စာရင်းအပေါ် မူတည်ထားခြင်း ဖြစ်ပါသည်။ တကယ်လက်တွေ့ ဆောင်ရွက်ရာတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ အစည်းအဝေးက ဆုံးဖြတ်ထားသည့်အတိုင်း ယခုနှစ် ဝါဆိုသံဃာဦးရေပေါ်တွင် မူတည်၍ ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ယခုညွှန်ကြားလွှာမှာ ဆရာတော်များ အနေဖြင့် မှီငြမ်းပြုနိုင်ရန်အတွက်သာ ဖြစ်ပါသည်။

ဘဒ္ဒန္တ ကုမာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
ဥက္ကဋ္ဌ ဆရာတော်

အရှင်ဝဏ္ဏသိရီ
အကျိုးတော်ဆောင်ဆရာတော် (ကိုယ်စား)
(တွဲဖက်-အကျိုးတော်ဆောင်)

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၄)

ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ၊ သံဃနာယကအဖွဲ့၊ မြို့နယ်သံဃာ့ဝန်ဆောင်များ၊ မြို့နယ်သံဃနာယကအဖွဲ့၊ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်များ၊ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များ ရွေးချယ်ဖွဲ့စည်းရန် ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ညွှန်ကြားလွှာအမှတ် (၄) ပါ ဘုရား။

(၃၀၊ ၅၊ ၈၀) (-၃၊ ၃၊ ၄၂)

၁။ ဖော်ပြပါ အကြောင်းအရာနှင့် ပတ်သက်၍ ချင်းပြည်နယ်အတွက် သီးခြား ညွှန်ကြားလိုက်ပါသည်။

၂။ ချင်းပြည်နယ်တွင် ရပ်ကွက်/ကျေးရွာ အုပ်စုအဆင့် သံဃာစီးရေသည် သတ်မှတ်ထားသော သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း နောက်ဆက်တွဲ ဇယား (၁) နှင့် (၂) ပါ အချိုးကို မီလျှင် ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ ရွေးချယ်ရန်နှင့် သံဃနာယကအဖွဲ့များ ဖွဲ့စည်းရန် ဖြစ်ပါသည်။ သတ်မှတ်ထားသော အချိုးမမီလျှင် ဖွဲ့စည်းရန် မလိုဘဲ မြို့နယ်အဆင့်တွင် ဆောင်ရွက်ရန် ဖြစ်ပါသည်။ တစ်ဖန် မြို့နယ်အဆင့်မှာပင် သတ်မှတ်ထားသော အချိုးမမီလျှင် ပြည်နယ်အဆင့်တွင် ဆောင်ရွက်ရန် ဖြစ်ပါသည်။

၃။ ချင်းပြည်နယ်တွင် -

(က) မင်းတပ်မြို့နယ်။ ကျောင်းပေါင်း (၁၅)ကျောင်း၊ ရဟန်းသံဃာဦးရေ (၁၅)ပါး ရှိပါသည်။ ကျောင်းပေါင်း (၁၅) ကျောင်းမှ ကျောင်းထိုင်ဆရာတော် (၁၅)ပါးသည် မြို့နယ်သံဃာ့ဝန်ဆောင် များ ဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ

http://www.dhammadownload.com



နောက်ဆက်တွဲ ဇယား (၃) အရ မြို့နယ် သံဃနာယကအဖွဲ့ကို ဥက္ကဋ္ဌ (၁)ပါး၊ အကျိုးဆောင် (၁)ပါး၊ အမှုဆောင် (၃)ပါးဖြင့် ဖွဲ့စည်းနိုင်ပါသည်။ နောက်ဆက်တွဲဇယား (၄)အရ ပြည်နယ် သံဃာ့ဝန်ဆောင်အဖြစ် (၁)ပါး တက်ရောက်နိုင်ပါသည်။

(ခ) **ပလက်ဝမြို့နယ်။** ကျောင်းပေါင်း (၂၄)ကျောင်း၊ ရဟန်းသံဃာ (၂၄)ပါး ရှိပါသည်၊ ကျောင်းထိုင်ဆရာတော် (၂၄)ပါးရှိ၍ မြို့နယ်ဝန်ဆောင် (၂၄)ပါး ရှိပါမည်၊ နောက်ဆက်တွဲ ဇယား (၃)အရ ၁+၁+၃ မြို့နယ်သံဃနာယကအဖွဲ့ ဖွဲ့နိုင်ပါသည်။ ပြည်နယ်ဝန်ဆောင်အဖြစ် (၁)ပါး တက်ရောက်နိုင်ပါသည်။

(ဂ) **ဟားခါးမြို့နယ်။** ကျောင်းပေါင်း (၂)ကျောင်း၊ ရဟန်းသံဃာ (၅) ပါး ရှိပါသည်၊ ကျောင်းထိုင်ဆရာတော် (၂)ပါး ရှိ၍ မြို့နယ်ဝန်ဆောင် (၂)ပါး ရှိပါမည်။နောက်ဆက်တွဲ ဇယား (၃)အရ သတ်မှတ်ထားသည့် အချိုးမမီသဖြင့် မြို့နယ် သံဃနာယက မဖွဲ့နိုင်ပါ။ ပြည်နယ်ဝန်ဆောင်အဖြစ် (၁)ပါး တက်ရောက်နိုင်ပါသည်။

(ဃ) **ကန်ပက်လက်မြို့နယ်။** ကျောင်း (၄)ကျောင်း၊ ရဟန်းသံဃာ (၄)ပါး ရှိပါသည်၊ ကျောင်းထိုင်ဆရာတော် (၄)ပါး ရှိ၍ မြို့နယ်သံဃာ့ဝန်ဆောင် (၄)ပါးရှိပါမည်၊ နောက်ဆက်တွဲဇယား (၃)အရ ၁+၁+၂ မြို့နယ်သံဃနာယကအဖွဲ့ ဖွဲ့နိုင်ပါသည်။ ပြည်နယ်ဝန်ဆောင်အဖြစ် (၁)ပါး တက်ရောက်နိုင်ပါသည်။

(င) **တွန်းဇံမြို့နယ်။** ကျောင်း (၃)ကျောင်း၊ ရဟန်းသံဃာ (၃) ပါး ရှိပါသည်၊ ကျောင်းထိုင်ဆရာတော် (၃)ပါး ရှိ၍ မြို့နယ် သံဃာ့ဝန်ဆောင် (၃)ပါးရှိပါမည်၊ နောက်ဆက်တွဲဇယား (၃)အရ သတ်မှတ်ထားသည့် အချိုးမမီသဖြင့် မြို့နယ်သံဃနာယက

http://www.dhammadownload.com



မဖွဲ့နိုင်ပါ။ ပြည်နယ်ဝန်ဆောင်အဖြစ် (၁)ပါး တက်ရောက်နိုင်ပါသည်။

(စ) **မတူပီမြို့နယ်။** ကျောင်း (၁)ကျောင်း၊ ရဟန်းသံဃာ (၁) ပါး ရှိပါသည်၊ ကျောင်းထိုင်ဆရာတော် (၁)ပါး သာရှိ၍ ဆရာတော်သည် မြို့နယ်သံဃာ့ဝန်ဆောင်ဖြစ်သည့်အပြင် ပြည်နယ်သံဃာ့ဝန်ဆောင်လည်းဖြစ်ပါသည်။ မြို့နယ်သံဃနာယကအဖွဲ့ ဖွဲ့စည်းနိုင်ခြင်းမရှိပါ။

(ဆ) **ဖလမ်းမြို့နယ်။** ကျောင်း (၁)ကျောင်းနှင့် ရဟန်းသံဃာ (၁)ပါးသာရှိသဖြင့် မြို့နယ်သံဃနာယကအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း မရှိပါ၊ ထိုဆရာတော်သည် မြို့နယ်သံဃာ့ဝန်ဆောင် ဖြစ်သည့်အပြင် ပြည်နယ်သံဃာ့ဝန်ဆောင်လည်း ဖြစ်ပါသည်။

(ဇ) **တီးတိန်မြို့နယ်။** ကျောင်း (၁)ကျောင်း၊ ရဟန်းသံဃာ (၁) ပါး သာရှိသဖြင့် မြို့နယ်သံဃနာယကအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း မရှိပါ၊ ထိုဆရာတော်သည် မြို့နယ်သံဃာ့ဝန်ဆောင် ဖြစ်သည့်အပြင် ပြည်နယ်သံဃာ့ဝန်ဆောင်လည်း ဖြစ်ပါသည်။

**ချင်းပြည်နယ် သံဃာ့ဝန်ဆောင်အဖွဲ့**

၄။ ချင်းပြည်နယ် သံဃာ့ဝန်ဆောင်ဆရာတော် စုစုပေါင်း (၈)ပါးရှိပါသည်၊ သို့ဖြစ်၍ ချင်းပြည်နယ် သံဃနာယကအဖွဲ့ကို သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ နောက်ဆက်တွဲ ဇယား (၅) အရ ၁+၁+၃ ဖြင့် ဖွဲ့စည်းနိုင်ပါမည်။

၅။ ဖော်ပြပါအတိုင်း တွက်ချက်ထားရာတွင် လက်ရှိ သံဃာ့စာရင်းအပေါ် မူတည်ထားခြင်း ဖြစ်ပါသည်။ တကယ်လက်တွေ့ ဆောင်ရွက်ရာတွင်

http://www.dhammadownload.com



နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ အစည်းအဝေးက ဆုံးဖြတ်ထားသည့်အတိုင်း ယခုနှစ် ဝါဆိုသံဃာဦးရေပေါ်တွင် မူတည်၍ ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ယခု ညွှန်ကြားလွှာမှာ ဆရာတော်များ အနေဖြင့် မှီငြမ်းပြုနိုင်ရန်အတွက်သာ ဖြစ်ပါသည်။

ဘဒ္ဒန္တ ဥက္ကဋ္ဌာစာရ
(အဂ္ဂမဟာပဏ္ဍိတ)
ဥက္ကဋ္ဌ ဆရာတော်

အရှင်ဝဏ္ဏသိရီ
အကျိုးတော်ဆောင်ဆရာတော် (ကိုယ်စား)
(တွဲဖက်-အကျိုးတော်ဆောင်)

---

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၅)

ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၊ မြို့နယ်သံဃာ့ဝန်ဆောင်များ၊ မြို့နယ်သံဃနာယကအဖွဲ့၊ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်များ၊ ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့များ ရွေးချယ်ဖွဲ့စည်းရန် ကိစ္စနှင့် ပတ်သက်၍ ညွှန်ကြားလွှာအမှတ် (၅) ပါ ဘုရား (၆၊ ၆၊ ၈၀) (-၉၊ ၃၊ ၄၂)

၁။ ဖော်ပြပါ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၊ မြို့နယ်သံဃာ့ဝန်ဆောင်များ၊ မြို့နယ်သံဃနာယကအဖွဲ့၊ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်များ၊ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များ ရွေးချယ်ဖွဲ့စည်းရာတွင် အစစအရာရာ ပြေလည် ချောမောစွာဖြင့် သတ်မှတ်ထားသော အချိန်ကာလအတွင်း ပြီးမြောက်နိုင် ကြစေရန်အတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့တို့နှင့် ညှိနှိုင်း၍ ၎င်းတို့၏အကူအညီကို ရယူကာ ဆောင်ရွက်ကြပါရန် တိုက်တွန်း လျှောက်ထားအပ်ပါသည် ဘုရား။

၂။ ဆရာတော်များ အနေဖြင့် နာယကအဖွဲ့များ ရွေးချယ်ဖွဲ့စည်းမှုကို ကြီးကြပ်ဆောင်ရွက်ရာတွင် ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များက ဆရာတော်များနှင့် ညှိနှိုင်းလျှောက်ထား၍ လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်ကြရန် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးက ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်

http://www.dhammadownload.com



အဖွဲ့ ဥက္ကဋ္ဌများ အားလုံးထံသို့ အကြောင်းကြားပြီး ဖြစ်ကြောင်းကိုလည်း သိသာပါရန် လျှောက်ထားပါသည် ဘုရား။

ဘဒ္ဒန္တ ဣန္ဒာစာရ
(အဂ္ဂမဟာပဏ္ဍိတ)
ဥက္ကဋ္ဌ ဆရာတော်

ဦးဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
အကျိုးတော်ဆောင်ဆရာတော်

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၆)

ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့နှင့် မြို့နယ်သံဃာ့ဝန်ဆောင်များ ရွေးချယ်ဖွဲ့စည်းခြင်း ကိစ္စနှင့်ပတ်သက်၍ ညွှန်ကြားလွှာအမှတ် (၆) ပါ ဘုရား။

(၁၄၊ ၆၊ ၈၀) (ပ ၂၊ ၄၊ ၄၂)

ရည်ညွှန်းချက်။ ။အခြေခံစည်းမျဉ်း အခန်း (၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အပိုဒ် ၂ (ဌ)၊ (ဍ)။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၇) နှင့် အခန်း (၈)။

၁။ ရပ်ကွက်/ကျေးရွာအုပ်စု တစ်ခုအတွင်း ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ ရွေးချယ်ခြင်း၊ နာယကအဖွဲ့ ဖွဲ့စည်းခြင်းနှင့် မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်များ ရွေးချယ်တင်မြှောက်ပုံကို ရှင်းလင်းလျှောက်ထားလွှာ ဖြစ်ပါသည် ဘုရား။

၂။ အခြေခံစည်းမျဉ်း အခန်း (၁)၊ အပိုဒ် ၂ (ဌ) တွင် "မြို့နယ်သံဃာ့ဝန်ဆောင်"ဆိုသည်မှာ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များက သော်လည်းကောင်း၊ ကျောင်းတိုက်သံဃာတော်များ၏ အရေအတွက်ပေါ် မူတည်၍ သော်လည်းကောင်း ရွေးချယ်တင်မြှောက်သော သံဃာ့ဝန်ဆောင်များကို ဆိုသည်။ (ဍ)တွင် ရပ်ကွက်/ကျေးရွာ အုပ်စု သံဃာ့ဝန်ဆောင်ဆိုသည်မှာ ရပ်ကွက်/ကျေးရွာ အုပ်စုအတွင်း သီတင်းသုံးနေထိုင်ကြသော ကျောင်းထိုင်၊ ကျောင်းပိုင် ဆရာတော်များကို ဆိုသည်ဟု ပါရှိပါသည်။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၇) အပိုဒ် ၃၆-တွင် "ကျောင်းပိုင် ကျောင်းထိုင်ဆရာတော် အားလုံးသည် ရပ်ကွက်/ကျေးရွာအုပ်စု ဝန်ဆောင်ဆရာတော်များဖြစ်သည်" ဟု ပါရှိ၍

http://www.dhammadownload.com



အခန်း (၈) အပိုဒ် ၅၃–တွင် "ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ ထဲမှ မြို့နယ်သံဃာ့ဝန်ဆောင်များကို ရွေးချယ်ရာတွင် သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့က ဖွဲ့စည်းပေးသော ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ရဟန်းသံဃာ အရေ အတွက်ကို မူတည်၍ နောက်ဆက်တွဲ ဇယား (၂)အရ အချိုးကျ ရွေးချယ် တင်မြှောက်ရမည်" ဟု ပါရှိပြန်ပါသည်။

၃။ အထက်ဖော်ပြပါ အချက်များနှင့် စပ်လျဉ်း၍ ဆရာတော်များအနေဖြင့် ရှင်းလင်းစွာ ဆောင်ရွက်နိုင်ရန်အတွက် ရပ်ကွက်/ကျေးရွာ အုပ်စု သံဃာ့ ဝန်ဆောင်ဆရာတော်များ ရွေးချယ်ခြင်း နာယကအဖွဲ့ ဖွဲ့စည်းခြင်းနှင့် မြို့နယ် သံဃာ့ဝန်ဆောင် ဆရာတော်များ ရွေးချယ်ခြင်း ကိစ္စရပ်များတွင် ဖော်ပြပါအတိုင်း ဆောင်ရွက်ကြရန် ဖြစ်ပါသည် ဘုရား။

(က) ဥပမာ (၁) – ရပ်ကွက်/ကျေးရွာ အုပ်စု တစ်ခုအတွင်း ကျောင်းတိုက်ကြီးတစ်ခုတည်းသာရှိ၍ ၎င်းကျောင်းတိုက်ကြီး အတွင်း ကျောင်းပေါင်းများစွာ ရှိနိုင်ပါသည်။ ကျောင်းတိုက်ကြီး တစ်ခုလုံးကို နာယကဆရာတော် တစ်ပါးတည်းဖြင့် အုပ်ချုပ်၍ လက်အောက်ခံ အုပ်ချုပ်သူအဖြစ် ကျန် ကျောင်းပိုင်၊ ကျောင်းထိုင် ဆရာတော်များ မထားရှိသော အခြေအနေမျိုး ရှိနိုင်ပါသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် နာယကအဖွဲ့ ဖွဲ့စည်းရန် မလိုအပ်ပါ၊ သက်ဆိုင်ရာ နာယကဆရာတော်ကပင် အုပ်ချုပ် သွားရန်ဖြစ်ပါသည်။ ၎င်း ရပ်ကွက်/ကျေးရွာ အုပ်စုမှ မြို့နယ် သံဃာ့ဝန်ဆောင်အဖြစ် တက်ရောက်ရန်ကိစ္စတွင် နာယက ဆရာတော်သည် အလိုအလျောက် မြို့နယ်ဝန်ဆောင်ဖြစ်ပါသည်။ ထို့ပြင် ကျောင်းတိုက်အတွင်းရှိ သံဃာတော်အရေအတွက်ပေါ် မူတည်ပြီး နောက်ဆက်တွဲ ဇယား (၂) အရ၊ မြို့နယ်သံဃာ့ ဝန်ဆောင် ဆရာတော်များကို ရွေးချယ်ရပါမည်။ ကျောင်းတိုက်

http://www.dhammadownload.com



အတွင်းရှိ သံဃာတော်များ အရေအတွက်ကို ရေတွက်ရာတွင် ကျောင်းထိုင်နာယက ဆရာတော်ကိုပါ ထည့်သွင်းရေတွက်ရပါမည်။

(ခ) ဥပမာ (၂) – ရပ်ကွက်/ကျေးရွာအုပ်စု တစ်ခုအတွင်း ကျောင်းတိုက်ကြီး တစ်ခုတည်းသာရှိ၍ ထိုကျောင်းတိုက်ကြီး အတွင်းတွင် ကျောင်းပေါင်းများစွာ ရှိနိုင်ပါသည်၊ ကျောင်းတိုက်ကြီး တစ်ခုလုံးကို နာယကဆရာတော်က အုပ်ချုပ်သည့်အပြင် ကျောင်းထိုင် ကျောင်းပိုင်ဆရာတော်များ ကလည်း မိမိတို့ကျောင်း များကို အသီးသီး အုပ်ချုပ်ကြသည့် အခြေအနေမျိုးလည်း ရှိနိုင်ပါသည်။ အခြေခံစည်းမျဉ်း အခန်း (၁) (၄) အရ လည်းကောင်း၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်းများ အခန်း (၇)၊ အပိုဒ် ၃၆–အရ လည်းကောင်း၊ ကျောင်းထိုင် ကျောင်းပိုင်ဆရာတော် အားလုံးသည် ရပ်ကွက်/ ကျေးရွာအုပ်စု ဝန်ဆောင်ဆရာတော်များ ဖြစ်ပြီး ရပ်ကွက်/ ကျေးရွာ အုပ်စုသံဃနာယက အဖွဲ့ကို ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် ဆရာတော်များထဲမှ နောက်ဆက်တွဲ ဇယား (၁)ပါ သတ်မှတ်ချက်နှင့် အညီ ဖွဲ့စည်းရပါမည်။ ထိုကဲ့သို့ဖွဲ့စည်းရာတွင် နာယကအဖွဲ့ဝင် ဆရာတော်များသည် အပိုဒ် ၃၈–တွင် သတ်မှတ်ထားသော ဂုဏ်အင်္ဂါ အရည်အချင်း များနှင့် ပြည့်စုံရန် လိုအပ်ပါသည်။ အပိုဒ် ၄၀၊ (ဂ) အရ၊ ကျောင်း လေးကျောင်းနှင့် ကျောင်းလေးကျောင်း အထက် ရှိလျှင် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ကို နောက်ဆက်တွဲ ဇယား (၁)အရ ဖွဲ့စည်းရမည်ဟု ပါရှိပါသည်။ ထိုသို့ဖွဲ့စည်းသော ရပ်ကွက်/ကျေးရွာ အုပ်စု သံဃနာယကအဖွဲ့ က မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်တစ်ပါးကို ရွေးချယ် တင်မြှောက်ရပါမည်။ ထို့ပြင် နာယကဆရာတော်များ အပါအဝင် ကျောင်းတိုက်ကြီး တစ်ခုလုံးရှိ ရဟန်းသံဃာ အရေအတွက်ပေါ်

http://www.dhammadownload.com



မှတည်ပြီး နောက်ဆက်တွဲဖော်ပြထားသော (၂) အရ မြို့နယ် ဝန်ဆောင်များ ရွေးချယ်ရန်ဖြစ်ပါသည်။

**(ဂ) ဥပမာ (၃)** – ရပ်ကွက်/ကျေးရွာအုပ်စု တစ်ခုအတွင်း ကျောင်းတိုက်ကြီး တစ်ခုတည်းသာ မကဘဲ အခြား သီးခြား ကျောင်းများလည်း ရှိနိုင်ပါသည်၊ ထိုကဲ့သို့သော အခြေအနေမျိုးတွင် ဖော်ပြပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။

(၁) သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၇)၊ အပိုဒ် ၄၀၊ အပိုဒ်ခွဲ (က)အရ "ကျောင်းတစ်ကျောင်းသာ ရှိလျှင် ထိုကျောင်းပိုင် ကျောင်းထိုင်ဆရာတော်သည် အလိုအလျောက် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက ဖြစ်သည့်အပြင် မြို့နယ် သံဃာ့ဝန်ဆောင်လည်း ဖြစ်သည်"။

(၂) သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း(၇)၊ အပိုဒ်–၄၀၊ အပိုဒ်ခွဲ (ခ) အရ ကျောင်းနှစ်ကျောင်း၊ သုံးကျောင်းသာရှိလျှင် ထိုကျောင်းပိုင် ကျောင်းထိုင် ဆရာတော်များသည် ရပ်ကွက်/ကျေးရွာ အုပ်စု သံဃနာယကများဖြစ်ကြ၍ ၎င်းတို့ထဲမှ သိက္ခာဝါ အကြီးဆုံးပုဂ္ဂိုလ်သည် မြို့နယ်သံဃာ့ဝန်ဆောင်ဖြစ်သည်၊ သိက္ခာဝါ အကြီးဆုံး ပုဂ္ဂိုလ်သည် မကျန်းမမာဖြစ်နေပါက ဒုတိယ သိက္ခာဝါ အကြီးဆုံးပုဂ္ဂိုလ်သည် မြို့နယ် သံဃာ့ ဝန်ဆောင် ဖြစ်သည်။

ဥပမာ (၁) တွင် ဖော်ပြထားသည့် ကျောင်းတိုက်ကြီး မျိုးဖြစ်လျှင် နာယကဆရာတော် တစ်ပါးတည်းသာ သံဃနာယကဆရာတော် ဖြစ်ရပါမည်။ မြို့နယ်သံဃာ့ ဝန်ဆောင်အဖြစ် နာယကဆရာတော်များထဲမှ သိက္ခာဝါ

http://www.dhammadownload.com



အကြီးဆုံး ဆရာတော်သည်သာ တက်ရောက်နိုင်ခွင့် ရှိပါသည်။ မကျန်းမမာဖြစ်နေမှသာ အထက်အပိုဒ်-၄၀၊ အပိုဒ်ခွဲ (ခ)အရ ဆောင်ရွက်ရန် ဖြစ်ပါသည်။

(၃) သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၇)၊ အပိုဒ်-၄၀၊ အပိုဒ်ခွဲ (ဂ)အရ ကျောင်းလေးကျောင်းနှင့် လေးကျောင်းအထက်ရှိလျှင် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ကို နောက်ဆက်တွဲဇယား (၁)အရ ဖွဲ့စည်းရမည်၊ ထိုသံဃနာယကအဖွဲ့သည် မိမိတို့ထဲမှ မြို့နယ်ဝန်ဆောင် ဆရာတော်တစ်ပါးကို ရွေးချယ်တင်မြှောက်ရမည်။ သံဃနာယကအဖွဲ့ဝင်ဆရာတော်များ အပါအဝင် ရဟန်းသံဃာအရေအတွက်ပေါ် မူတည်ပြီး မြို့နယ်ဝန်ဆောင် ဆရာတော်များကို နောက်ဆက်တွဲဇယား (၂)အရ ရွေးချယ်ကြရန် ဖြစ်ပါသည်။

"ကျောင်းလေးကျောင်းနှင့် လေးကျောင်းအထက်ရှိလျှင်" ဆိုရာတွင် ဥပမာ (၁) တွင် ဖော်ပြထားသည့် ကျောင်းတိုက် ကြီးမျိုးဖြစ်လျှင် ကျောင်းထိုင်နာယက ဆရာတော် တစ်ပါးသာ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် ဆရာတော်ဖြစ်ပါသည်။ ရပ်ကွက်/ကျေးရွာ အုပ်စု သံဃနာယကအဖွဲ့ကို နောက်ဆက်တွဲ ဇယား (၁)အရ ဖွဲ့စည်းရန် ဖြစ်ပါသည်။ မြို့နယ် သံဃာ့ဝန်ဆောင် ဆရာတော် ရွေးချယ်ရာတွင်သာ ထိုနာယက ဆရာတော် အပါအဝင် ရဟန်းသံဃာ အရေအတွက်ပေါ် မူတည်၍ ရွေးချယ်နိုင်ခွင့်ရှိပါသည်။ ဥပမာ (၂)တွင် ဖော်ပြထားသည့် ကျောင်းတိုက်ကြီးမျိုး ဖြစ်လျှင်မူကား ကျောင်းထိုင် နာယကဆရာတော်အပါအဝင် ကျောင်းအသီးသီး၏

http://www.dhammadownload.com



ကျောင်းထိုင်၊ ကျောင်းပိုင် ဆရာတော်များ အားလုံးသည် ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် ဆရာတော်များ ဖြစ်ပါသည်။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက အဖွဲ့ကို နောက်ဆက်တွဲဇယား (၁) အရ ဖွဲ့စည်းရန် ဖြစ်ပါသည်။ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်များ ရွေးချယ်ရာတွင် ထိုနာယကဆရာတော်များ အပါအဝင် ရဟန်းသံဃာ အခုရေအတွက်ပေါ် မူတည်၍ ရွေးချယ်နိုင်ခွင့် ရှိပါသည်။

ဘဒ္ဒန္တ ကုမာရ
(အဂ္ဂမဟာပဏ္ဍိတ)
ဥက္ကဋ္ဌ ဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
အကျိုးတော်ဆောင်ဆရာတော်

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၇)

ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၊ မြို့နယ်သံဃာ့ဝန်ဆောင်များ၊ မြို့နယ်သံဃနာယကအဖွဲ့၊ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်များ၊ ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့များ၊ ဝိနည်းဓိုရ်ဆရာတော်များ ရွေးချယ်ဖွဲ့စည်းရန်ကိစ္စနှင့် ပတ်သက်၍ ညွှန်ကြားလွှာအမှတ် (၇) ပါ ဘုရား။

(၁၄၊ ၆၊ ၈၀) (၀ ၂၊ ၄၊ ၄၂)

၁။ ဖော်ပြပါ သံဃာ့ဝန်ဆောင်များနှင့် သံဃနာယကအဖွဲ့များ၊ ဝိနည်းဓိုရ်ဆရာတော်များ ရွေးချယ်ဖွဲ့စည်းရန်ကိစ္စနှင့် ပတ်သက်၍ ၁၃၄၂–ခုနှစ်၊ ပထမဝါဆိုလဆန်း ၂–ရက်နေ့တွင် ကျင်းပသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပထမအကြိမ်၊ အထူးအစည်းအဝေး ဝိနည်းဓိုရ်ဆရာတော်များ၊ သံဃာ့ဝန်ဆောင်များ၊ သံဃနာယကအဖွဲ့များ သတ်မှတ်ရွေးချယ် ဖွဲ့စည်းခြင်းများ ပြုလုပ်ရာ၌ ကြဉ်ပယ်ထားသည့် ရဟန်းတော်များကို ခေတ္တချန်လှပ်ထား၍ ရွေးချယ်ဖွဲ့စည်းရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည် ဘုရား။

၂။ သို့ပါ၍ ဝိနည်းဓိုရ်ဆရာတော်များ ရွေးချယ်ခြင်း၊ သံဃာ့ဝန်ဆောင်များ သတ်မှတ်ရွေးချယ်ခြင်း၊ သံဃနာယကအဖွဲ့များ ရွေးချယ်ဖွဲ့စည်းခြင်း ပြုလုပ်ရာ၌ ထောင်တွင်းကြီး၊ နတ်မှီတောရ၊ အရှင်ဥက္ကဋ္ဌ၏ အယူဝါဒကို လက်ခံယုံကြည်နေသော ရဟန်းတော်များ၊ ကျော်ကြားသော ဆရာတော်၏ အယူဝါဒကို လက်ခံယုံကြည်နေကြသော ရဟန်းတော်များနှင့် သံဃာအများက ကြဉ်ပယ်ထားသော အလားတူ အခြား ရဟန်းတော်များကို ခေတ္တ ချန်လှပ်ထား၍ ရွေးချယ်ဖွဲ့စည်းတော်မူကြရန် လျှောက်ထားပါသည် ဘုရား။

http://www.dhammadownload.com



၃။ တာဝန်ခံ ဆောင်ရွက်ကြမည့် ရွေးချယ်မှုကြီးကြပ်ရေးအဖွဲ့ဝင် ဆရာတော်များသည် မိမိတို့နယ်မြေဒေသအတွင်း၌ ကြဉ်ပယ်ထားသော ပုဂ္ဂိုလ်များ ရှိပါက ထိုပုဂ္ဂိုလ်များ၏ အကြီးအကဲ (သို့) ထိုပုဂ္ဂိုလ်အားလုံးကို မင့်ဆောင်၍ မည်သည့်အတွက် ကြဉ်ပယ်ထားရခြင်းဖြစ်ကြောင်း၊ အရှင်ဘုရားတို့ လိုက်နာဆောင်ရွက်ရမည့် အစီအစဉ်ကို သာသနာရေး ဦးစီးဌာနမှ သာသနာရေးမှူးများ လာရောက်လျှောက်ထားမည် ဖြစ်ကြောင်း၊ ၎င်းတို့လျှောက်ထားချက်အရ အရှင်ဘုရားတို့က နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့၏ အဆုံးအဖြတ်ကို ရယူရန်ဖြစ်ကြောင်း၊ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့၏ ဆုံးဖြတ်ချက်အရ တပည့်တော်တို့က ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားရန် ဖြစ်ပါသည် ဘုရား။

၄။ အဆိုပါ ခေတ္တချန်လှပ်ထားသော ရဟန်းတော်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က စိစစ်ဆုံးဖြတ်ပြီးမှသာ မည်သို့မည်ပုံ လိုက်နာဆောင်ရွက်ရမည်ကို ထပ်မံ၍ ညွှန်ကြားလျှောက်ထားပါမည်ဘုရား။

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တ ဣန္ဒာစာရ
(အဂ္ဂမဟာပဏ္ဍိတ)
ဥက္ကဋ္ဌ ဆရာတော်

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၈)

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရေးကိစ္စနှင့် ပတ်သက်၍ ညွှန်ကြားလွှာအမှတ် (၈) ပါ ဘုရား။ (၃၊ ၈၊ ၈၀) (၃-၇၊ ၄၊ ၄၂)

၁။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရေးကိစ္စနှင့် ပတ်သက်၍ ညွှန်ကြားလွှာ (၇) အထိ ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဆရာတော်များ အနေဖြင့် အချို့ကိစ္စများတွင် မရှင်းမလင်း ဖြစ်နေကြောင်းကို သိရှိရပါသည် ဘုရား။ သို့ပါ၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရေးကိစ္စများ ရှင်းရှင်းလင်းလင်း ဖြစ်စေရန်အတွက် ဤညွှန်ကြားလွှာအမှတ် (၈)ကို ထုတ်ပြန်လိုက်ခြင်း ဖြစ်ပါသည် ဘုရား။

၂။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရေးအတွက် ရှေးဦးစွာ ဂိုဏ်းအသီးသီးမှ ဝါဆိုသံဃာစာရင်းများ ရရှိရန် လိုအပ်ပါသည် ဘုရား၊ ဝါဆိုသံဃာစာရင်းများ ကောက်ယူရာတွင် သုဓမ္မာဂိုဏ်းအတွက် ဆရာတော်များက တာဝန်ယူဆောင်ရွက်ပြီး အခြားဂိုဏ်းများအတွက် သက်ဆိုင်ရာ ဂိုဏ်းအလိုက် တာဝန်ပေးဆောင်ရွက်စေရန် ဖြစ်ပါသည် ဘုရား။ အချို့နေရာများတွင် သံဃာတော်များသည် ကျောင်းများအလိုက် ဂိုဏ်းပြောင်းလဲချင်သည့် သဘော ရှိကြောင်းကိုလည်း ကြားသိရပါသည်၊ ဂိုဏ်းအပြောင်းအလဲ ကိစ္စများကြောင့် ရှုပ်ထွေးမှုများဖြစ်ပြီး သံဃာ ညီညွတ်မှုနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရေးကိစ္စကို နှောင့်နှေး ကြန့်ကြာစေနိုင်ပါသည် ဘုရား၊ သို့ဖြစ်၍ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး (ပထမအကြိမ်) ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေး ပွဲကြီး မတိုင်မီက ကောက်ယူထားခဲ့သော သံဃာစာရင်းကို အခြေခံထားပြီး ဝါဆိုသံဃာစာရင်း ကောက်ယူတော်မူရန် ဖြစ်ပါသည်၊ ဂိုဏ်းအပြောင်းအလဲ

http://www.dhammadownload.com



ကိစ္စများကို နောင်အခါတွင်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားချက်အရ ဆောင်ရွက်သွားကြရန် ဖြစ်ပါသည် ဘုရား။

၃။ အထက်တွင် လျှောက်ထားခဲ့သည့်အတိုင်း ဝါဆိုသံဃာစာရင်း ကောက်ယူရာတွင် ယခင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးအတွက် သံဃာစာရင်း ကောက်ယူခဲ့စဉ်က မည်သည့်ဂိုဏ်းတွင်မျှ မပါဝင်ခဲ့သော ကျောင်းများ ရှိနိုင်ပါသည်။ ထိုကဲ့သို့သော ကျောင်းများနှင့် ပတ်သက်၍ ယင်းကျောင်းများမှ သံဃာတော်များ၏ ဆန္ဒကို မေးလျှောက်၍ ဝါဆိုသံဃာ စာရင်းတွင် ဂိုဏ်းအလိုက် ထည့်သွင်းရန် ဖြစ်ပါသည် ဘုရား။ စာရင်း ၂-ဘက် ပါဝင်နေသည့် အချို့ကျောင်းများ ရှိကောင်းရှိနိုင်ပါသည်၊ ထိုကျောင်းများကို ယခုစာရင်းကောက်ယူရာတွင် ထိုကျောင်းရှိ သံဃာများ၏ ဆန္ဒနှင့်အညီ ပါဝင်လိုသော ဂိုဏ်းတစ်ခုတည်း၏ စာရင်း၌သာ ထည့်သွင်းရန် ဖြစ်ပါသည် ဘုရား။

၄။ ဝါဆိုသံဃာစာရင်း ကောက်ယူရာတွင် အခြေခံဒေသအလိုက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက စီစဉ်ဆောင်ရွက်တော် မူကြရန် ဖြစ်ပါသည် ဘုရား။ ဝါဆိုသံဃာစာရင်း ကောက်ယူရန် ပုံစံများကို ဆက်ကပ်ထားပြီး ဖြစ်ပါ၍ ယင်းပုံစံများတွင် ထည့်သွင်းစေပြီး ဗဟိုဝန်ဆောင်ဆရာတော်များ ကိုယ်တိုင် ကောက်ယူမည်ဆိုလျှင်လည်း ကောက်ယူတော်မူကြရန် ဖြစ်ပါသည် ဘုရား။ သို့မဟုတ် ဗဟိုဝန်ဆောင် ဆရာတော်များက ပြည်နယ်/တိုင်း သာသနာရေးမှူးများ၊ မြို့နယ် သာသနာရေးမှူးများကို တာဝန်ပေး၍ ကောက်ယူခိုင်းနိုင်ပါသည် ဘုရား။ ဤစာရင်းသည် နောင်အခါ သာသနာဝင် မှတ်တမ်းများ ထုတ်ပေးရာ၌ များစွာ အထောက်အကူ ဖြစ်သည့်အပြင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရာ၌လည်း အခြခံကျသဖြင့် ဝါဆိုသံဃာစာရင်းကို မကြွင်းမကျန် ရအောင် စနစ်တကျ မှန်မှန်ကန်ကန် ဖြစ်စေရေးအတွက် ဆောင်ရွက်ပေးတော် မူကြပါဘုရား။

http://www.dhammadownload.com



၅။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရေးကိစ္စနှင့် ပတ်သက်၍ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ နောက်ဆက်တွဲ ဇယား (၂) ကို ဖော်ပြပါအတိုင်း ပြင်ဆင်လိုက်ပါသည် ဘုရား။

အမှတ်စဉ် (၁) "ရဟန်းတော် ၁-ပါးမှ ၂၅-ပါးရှိလျှင် မြို့နယ်သံဃာ့ဝန်ဆောင် ၁-ပါး"အစား၊ "ရဟန်းတော် ၅-ပါးမှ ၂၅-ပါး ရှိလျှင် မြို့နယ်သံဃာ့ဝန်ဆောင် ၁-ပါး"ဟု ပြင်ဆင်လိုက်ပါသည် ဘုရား။

၆။ ယခု ပထမအကြိမ် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ရွေးချယ်ဖွဲ့စည်း ရာတွင် ဖော်ပြပါအတိုင်း ဆောင်ရွက်တော်မူကြရန် လျှောက်ထားပါသည် ဘုရား။

ဘဒ္ဒန္တ ဣန္ဒာစာရ
(အဂ္ဂမဟာပဏ္ဍိတ)
ဥက္ကဋ္ဌ ဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
အကျိုးတော်ဆောင်ဆရာတော်

---

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၉)

ကြဉ်ပယ်ခံရသော ရဟန်း သံဃာတော်များနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားလွှာအမှတ် (၉) ပါ ဘုရား။

(၃၊ ၈၊ ၈၀) (၃-၇၊ ၄၊ ၄၂)

**ရည်ညွှန်းချက်။** နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်၏ ၁၃၄၂-ခုနှစ်၊ ပထမဝါဆိုလဆန်း (၂) ရက် (၁၄-၇-၈၀) နေ့စွဲပါ စာအမှတ် ၃၃၀/၁/မဟာန ပါ ညွှန်ကြားလွှာ အမှတ် (၇)။

၁။ အထက် ရည်ညွှန်းပါ ညွှန်ကြားလွှာ အမှတ် (၇)ဖြင့် သံဃာအများက ကြဉ်ပယ်ထားသော ရဟန်းတော်များကို ဝိနည်းမိရ်ရွေးချယ်ခြင်း၊ သံဃာ့ဝန်ဆောင်များ သတ်မှတ်ခြင်း၊ သံဃနာယကအဖွဲ့များ ရွေးချယ်ဖွဲ့စည်းခြင်း ပြုလုပ်ရာ၌ ခေတ္တ ချန်လှပ်ထားရန် ညွှန်ကြားခဲ့ပါသည်။

၂။ ရဟန်းတော်များကို ကြဉ်ပယ်ရာ၌ တစ်ပြည်လုံးအတိုင်းအတာဖြင့် ကြဉ်ပယ်ခြင်းနှင့် ဒေသအလိုက် ကြဉ်ပယ်ခြင်းဟူ၍ နှစ်မျိုးရှိပါသည် -

(က) ထေရဝါဒပိဋကတ်တော်ကို ဆန့်ကျင်လျက် ဟောပြောမှုများကို အကြောင်းပြု၍ ဦးဥက္ကဋ္ဌနှင့် ဦးဝါသဝတို့ကို သံဃာတော်များက ဝိနည်းတော်နှင့်အညီ အတည်ပြု၍ ကြဉ်ပယ်ခဲ့ကြပါသည်။ အလားတူပင် ဦးဥက္ကဋ္ဌနှင့် ဦးဝါသဝတို့၏ အယူဝါဒကို လက်ခံ ယုံကြည် ဟောပြော ကျင့်သုံးကြသော နောက်လိုက်နောက်ပါ ရဟန်းများကိုလည်းကောင်း၊ ကျောက်သဘော်ဂိုဏ်း၊ ကျောက်ပုံတောရဂိုဏ်း၊ ကြောင်ပန်းတောရဂိုဏ်း သံဃာများကိုလည်းကောင်း သံဃာတော်များက ဝိနည်းတော်နှင့်အညီ ကံပြု၍ ကြဉ်ပယ်ခြင်း မပြုကြသော်လည်း မိမိတို့ကိုယ်တိုင် အသိစိတ်ဖြင့် တညီတညွတ်တည်း ဆက်ဆံမှု မပြုဘဲ ကြဉ်ပယ်ခဲ့ကြပါသည်။

http://www.dhammadownload.com



(ခ) အချို့သော ဒေသများ၌ ပြဿနာတစ်ခုခုအကြောင်းပြု၍ ဒေသဆိုင်ရာ သံဃာတော်များက ကြဉ်ပယ်ထားကြပါသည်။

၃။ အပိုဒ် (၂) (က) ၌ ဖော်ပြထားသော ရဟန်းများကို ယခု ဖွဲ့စည်းမှုပြုရာ၌ ပါဝင်ခွင့် မပြုဘဲ ခေတ္တ ချန်လှပ်ထားရမည်ဖြစ်ပါသည်။ ပါဝင်ခွင့်ကို လုံးဝပိတ်ပင်ခြင်းမဟုတ်ဘဲ အယူဝါဒကွဲပြားမှုကို စိစစ်ဖြေရှင်း ဆုံးဖြတ်ပြီးစီးသောအခါ ပါဝင်ခွင့်ရှိကြောင်း၊ ထိုပုဂ္ဂိုလ်များကို မိမိထံသို့ ပင့်ဆောင်၍ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ရှင်းလင်းပြတော်မူကြရန် ဖြစ်ပါသည် ဘုရား။

၄။ အပိုဒ် (၂) (ခ) ၌ ဖော်ပြထားသော ရဟန်းများမှာ ဝိနည်းသိက္ခာပုဒ်တော်ဖြင့် စွပ်စွဲမှုကို အကြောင်းပြု၍ ကြဉ်ပယ်ခြင်းဖြစ်ပါက သက်ဆိုင်ရာ သံဃဝိနိစ္ဆယအဖွဲ့က စစ်ဆေးဆုံးဖြတ်ပြီးသောအခါ စင်ကြယ်သည့် (သုဒ္ဓ)ဟု ဆုံးဖြတ်ချက်ရလျှင် ပါဝင်ခွင့်ပြုရန် ဖြစ်ပါသည်။ ဝိနည်းသိက္ခာပုဒ်ဖြင့် မဟုတ်ဘဲ အခြားအကြောင်းတစ်ခုခုကြောင့် ကြဉ်ပယ်မှုမျိုးဖြစ်ပါက သက်ဆိုင်ရာ အခြေခံဒေသ ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက လိုအပ်သလို ပြေလည်အေးငြိမ်းမှုရအောင် ဆောင်ရွက်ပြီး သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၌ ထည့်သွင်းဖွဲ့စည်းရန် ဖြစ်ပါသည် ဘုရား။

**ဘဒ္ဒန္တ ဇနကာဘိဝံသ**
**(အဂ္ဂမဟာပဏ္ဍိတ)**
**ဥက္ကဋ္ဌ ဆရာတော်**

**ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ**
**(အဂ္ဂမဟာပဏ္ဍိတ)**
**အကျိုးတော်ဆောင်ဆရာတော်**

---

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၁၀)

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရာ၌ အသုံးပြုရန် ပုံစံများနှင့် စပ်လျဉ်း၍ ညွှန်ကြားလွှာအမှတ် (၁၀) ပါ ဘုရား။

(၃၊ ၈၊ ၈၀) (၃-၇၊ ၄၊ ၄၂)

၁။ သံဃာ့အဖွဲ့အစည်းများ အဆင့်ဆင့် ဖွဲ့စည်းရေးကို ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ပုံစံ (၆)၊ (၆-က)၊ (၇)၊ (၈)၊ (၈-က)၊ (၉)၊ (၁၀) နှင့် ပင့်လျှောက်လွှာများကို ပြည်နယ်/တိုင်း သာသနာရေးမှူးများနှင့် မြို့နယ် သာသနာရေးမှူးများထံသို့ ပေးပို့ထားပြီးဖြစ်ပါ၍ လိုအပ်သလို အသုံးပြုတော် မူကြရန်ဖြစ်ပါသည်ဘုရား။

၂။ ပုံစံ (၆) မှာ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ ဖွဲ့စည်းရာ၌ အသုံးပြုရန် ဖြစ်ပါသည်ဘုရား။

၃။ ပုံစံ (၆-က) မှာ သံဃနာယက ရွေးချယ်ဖွဲ့စည်းရန် မဖြစ်နိုင်သော ရပ်ကွက်/ကျေးရွာတစ်ခု၌ မြို့နယ်သံဃနာယကအဖွဲ့က ယာယီ သံဃနာယကအဖွဲ့ ဖွဲ့စည်းပေးရာ၌ အသုံးပြုရန် ဖြစ်ပါသည်ဘုရား။

၄။ ပုံစံ (၇)မှာ မြို့နယ်သံဃာ့ဝန်ဆောင် ရွေးချယ်ရာ၌ အသုံးပြုရန် ဖြစ်ပါသည် ဘုရား။

၅။ ပုံစံ (၈)မှာ မြို့နယ်သံဃနာယကဖွဲ့စည်းရာ၌ အသုံးပြုရန် ဖြစ်ပါသည် ဘုရား။

၆။ ပုံစံ (၈-က) မှာ သံဃနာယကဖွဲ့စည်းရန် မဖြစ်နိုင်သည့် မြို့နယ် တစ်ခုတွင် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့က ယာယီ မြို့နယ် သံဃ နာယကအဖွဲ့ကို ဖွဲ့စည်းပေးရာ၌ အသုံးပြုရန်ဖြစ်ပါသည် ဘုရား။

http://www.dhammadownload.com



၇။ ပုံစံ (၉) မှာ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်များ ရွေးချယ်ရာ၌ အသုံးပြုရန်ဖြစ်ပါသည်ဘုရား။
၈။ ပုံစံ (၁၀) မှာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ ဖွဲ့စည်းရာ၌ အသုံးပြုရန် ဖြစ်ပါသည်ဘုရား။

| | |
|---|---|
| ဘဒ္ဒန္တ ဣန္ဒာစာရ | ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ |
| (အဂ္ဂမဟာပဏ္ဍိတ) | (အဂ္ဂမဟာပဏ္ဍိတ) |
| ဥက္ကဋ္ဌ ဆရာတော် | အကျိုးတော်ဆောင်ဆရာတော် |

---

၁၉၈၀–ပြည့်နှစ် ဩဂုတ်လ ၂–ရက် (စနေနေ့) ဇမ္ဗူဒီပကျောင်းဆောင် အစည်းအဝေးခန်းမ၌ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင်က ပြည်နယ်/တိုင်း သာသနာရေးဦးစီးမှူးများအား ရှင်းလင်းဆွေးနွေး ပြောကြားသည့် အစည်းအဝေးမှတ်တမ်း။

တက်ရောက်သူများ။

| | | |
|---|---|---|
| ၁။ | ဗိုလ်မှူးချုပ်စိန်လွင် | ဝန်ကြီး၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ |
| ၂။ | ဦးအုန်းကျော် | ဒုတိယဝန်ကြီး၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ |
| ၃။ | ဦးလှမင်း | ရုံးအဖွဲ့မှူး၊ |

http://www.dhammadownload.com



| | | |
|---|---|---|
| ၄။ | ဦးကြည်ညွန့် | ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန၊ |
| ၅။ | ဦးတေဇဝန် | ညွှန်ကြားရေးမှူး၊ |
| ၆။ | ဦးတင်ထွေး | တွဲဖက် ညွှန်ကြားရေးမှူး၊ |
| ၇။ | ဦးစောထွန်းမှတ်ဝင်း | တွဲဖက် ညွှန်ကြားရေးမှူး၊ |
| ၈။ | ဦးအုန်းလွင် | တွဲဖက် ညွှန်ကြားရေးမှူး၊ |
| ၉။ | ဦးသိန်း | ဒုတိယ ညွှန်ကြားရေးမှူး၊ |
| ၁၀။ | ဦးရွှေအောင် | ဒုတိယ ညွှန်ကြားရေးမှူး၊ |
| ၁၁။ | ဦးအုံမောင် | ဒုတိယ ညွှန်ကြားရေးမှူး၊ |
| ၁၂။ | ဦးကျော်လွင် | လက်ထောက်ညွှန်ကြားရေးမှူး၊ |
| ၁၃။ | ဦးထွန်းလှိုင် | လက်ထောက်ညွှန်ကြားရေးမှူး၊ |
| ၁၄။ | ဦးတင်ယု | ဌာနစုမှူး၊ |
| ၁၅။ | ဦးသိန်းအောင် | ဌာနစုမှူး၊ |
| ၁၆။ | ဦးသန်းနွယ် | ဌာနစိတ်မှူး၊ |
| ၁၇။ | ဦးဉာဏ်ရည် | ပြည်နယ်သာသနာရေးမှူး (ကချင်)၊ |
| ၁၈။ | ဦးခင်မောင်ညွန့် | ပြည်နယ်သာသနာရေးမှူး (ကယား)၊ |
| ၁၉။ | ဦးလေးမောင် | ပြည်နယ်သာသနာရေးမှူး (ကရင်)၊ |
| ၂၀။ | ဦးစောထွန်း | ပြည်နယ်သာသနာရေးမှူး (ချင်း)၊ |
| ၂၁။ | ဦးစံတင် | တိုင်းသာသနာရေးမှူး (စစ်ကိုင်း)၊ |
| ၂၂။ | ဦးထွန်းဝင်း | တိုင်းသာသနာရေးမှူး (တနင်္သာရီ)၊ |
| ၂၃။ | ဦးသိန်းဆွေ | တိုင်းသာသနာရေးမှူး (ပဲခူး)၊ |
| ၂၄။ | ဦးစိန်လှိုင် | တိုင်းသာသနာရေးမှူး (မကွေး)၊ |
| ၂၅။ | ဦးလှ | တိုင်းသာသနာရေးမှူး (မန္တလေး)၊ |
| ၂၆။ | ဦးရွှေသိန်း | ပြည်နယ်သာသနာရေးမှူး (မွန်)၊ |
| ၂၇။ | ဦးမောင်မောင် | ပြည်နယ်သာသနာရေးမှူး (ရခိုင်)၊(လ/ထ) |
| ၂၈။ | ဦးလှကို | တိုင်းသာသနာရေးမှူး (ရန်ကုန်)၊ |

http://www.dhammadownload.com



၂၉။ ဦးအောင်ရှိန် ပြည်နယ်သာသနာရေးမှူး (ရှမ်း)၊
၃၀။ ဦးကျော်ဇော တိုင်းသာသနာရေးမှူး (ဧရာဝတီ)၊

၁။ အစီအစဉ်အရ ညွှန်ကြားရေးမှူးချုပ်က သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရန် လက်တွေ့ဆောင်ရွက်ရာ၌ မရှင်းလင်းသောအချက်နှင့် အခက်အခဲများရှိပါက သာသနာရေးမှူးများက ဝန်ကြီးအား တင်ပြဆွေးနွေး မှတ်သားကြစေလိုကြောင်း၊ ယခုရှင်းလင်းချက်များကို သေချာစွာ မှတ်သား၍ မြို့နယ်သာသနာရေးမှူးများနှင့် လုပ်ငန်းနှင့် သက်ဆိုင်သူများအား ပြန်လည် ရှင်းပြရမည်ဖြစ်ကြောင်း ပြောကြားပါသည်။

ထို့နောက် ပြည်နယ်/တိုင်း သာသနာရေးမှူးများ၏ မေးမြန်းတင်ပြ ချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက အောက်ပါအတိုင်း ရှင်းလင်းဖြေကြား ညွှန်ကြားပါသည်။

၂။ ဒီ သံဃာ့အဖွဲ့အစည်း အလုပ်က လုပ်ငန်းသစ်ဖြစ်နေတယ်၊ ဗဟို ဝန်ဆောင်အချို့ပင် မကျေမလည်ကြသေး၊ ဒီစာအုပ်(၄)အုပ် အရေးကြီးတယ်၊ ဝိနိစ္ဆယဥပဒေကို အလွတ်ကျက်ထား၊ ကျန်စာအုပ် (၃)အုပ်ကို အခြေခံ။ ဒီစာအုပ်တွေအရ ဗုဒ္ဓသာသနာမှာ လုပ်ငန်းတွေ ဖြစ်လာမယ်။ (သံဃာ့အဖွဲ့ အစည်း အခြေခံစည်းမျဉ်း၊ ဇင်းလုပ်ထုံးလုပ်နည်း၊ ဝိနိစ္ဆယဥပဒေ၊ ဇင်း လုပ်ထုံးလုပ်နည်း (၄) အုပ်။)

၃။ ဖွဲ့စည်းမှုမှာ သုဓမ္မာတစ်ဂိုဏ်းတည်းမဟုတ်၊ ကျန် (၈) ဂိုဏ်း ကိုလည်း သတိပြုရမယ်။ သူတို့ဂိုဏ်းစည်းမျဉ်းအရ လုပ်ဖို့ပေးထားတယ်၊ သုဓမ္မာ ကတော့ ဒီ စည်းမျဉ်းအတိုင်းလုပ်၊ တခြားဂိုဏ်းထဲမှာ ပြဿနာ ပေါ်လျှင် သူတို့ သက်ဆိုင်တဲ့ ဂိုဏ်းကိုတင်နိုင်း၊ မပြီးပြတ်လျှင် နိုင်ငံတော် သံဃမဟာနာယကသို့ တင်ပစေ။

၄။ တချို့ ဘုန်းကြီးမှာ ကျုပ်ဒကာ ဟိုဖက်အုပ်စုမှာ ရှိလို့ဆိုပြီး ကျေးရွာအုပ်စု ခွလုပ်၍မရ၊ ဒကာရှိရာ လျှောက်လိုက်၍မရ၊ မူလကျောင်း

http://www.dhammadownload.com



တည်ရာကိုပဲ ယူရမယ်၊ ကျေးရွာမသေချာလျှင် မြို့နယ်မသေချာနိုင်၊ ဒါ့ကြောင့် ဂရုစိုက်ရမယ်။

၅။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း နောက်ဆက်တွဲဇယား (၂) ရဲ့ ရည်ရွယ်ချက်က ကျောင်းပိုင် ကျောင်းထိုင်တွေသာမက ကျန်တဲ့ သံဃာတွေလည်း ပါနိုင်ဖို့ ဖြစ်တယ်။ ဇယား (၂) က အမှတ်စဉ် (၁) ပါ "ရဟန်းတော် (၁) ပါးမှ (၂၅) ပါးရှိလျှင်"ဆိုသော စကားအစား "(၅) ပါး မှ (၂၅) ပါးရှိလျှင်"ဟူ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ပြင်ဆင်ပေးသည်ကို မှတ်သားသွားကြရန်ဖြစ်တယ်၊ အဲ့ဒီအတိုင်း လုပ်ကြရန်။

၆။ ဇယား (၃)မှာ ဝန်ဆောင် (၅၀) ဆိုလျှင် နာယက (၇) ပါး။ (၅၁) ပါး ဆိုလျှင် (၉) ပါး ရတယ်။ ဒါကြောင့် နာယကအဖွဲ့ ကြီးချင်လို့ ဝန်ဆောင် (၅၀) မှ (၅၁) ပါး ဖြစ်အောင် အကြံအဖန်လုပ်တာမျိုးရှိလျှင် ကန့်ကွက်ရမယ်။ စည်းမျဉ်းနှင့် ညီအောင် ကြပ်မတ်ပေးရမယ် တစ်ပါးစီသာ ကွာတဲ့ နေရာမျိုး သတိထားရန်။

၇။ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့မှာ သံဃာနည်းပါး၍ သီးခြား ညွှန်ကြားချက် ထုတ်ပေးတာ၊ ဒါကို သံဃာများတဲ့ တခြားပြည်နယ်/တိုင်းတွေက လိုက်လုပ်ဖို့မဟုတ်ဘူး၊ မဆိုင်ဘူး။

၈။ သမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဟာ သူတို့သက်ဆိုင်ရာ နေရာမှာ အရွေးခံနိုင်တယ်၊ သံဃာ့နာယကအဖွဲ့ အဆင့်ဆင့်ထဲလည်း ပါနိုင်တယ်။ မြို့နယ် ဥက္ကဋ္ဌဖြစ်နေလဲ သံဃာ့ညီလာခံကျတော့ လာတက်နိုင်တာပဲ။ အဲ့ဒီ သမ္မုတိသံဃာတွေကို သံဃာစာရင်းကောက်တဲ့ နေရာမှာ ကူညီဖို့ တာဝန်ပေးသင့်တယ်။

၉။ မြို့နယ်၊ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် သံဃနာယကအဖွဲ့တို့ အတွက် ဒီရန်ကုန်မှာလုပ်သလို ဝေယျာဝစ္စအဖွဲ့ ဖွဲ့ပြီးလုပ်ရမယ်။ သက်ဆိုင်ရာ ကောင်စီတွေကို ဒီက ညွှန်ကြားချက် ထုတ်ပေးမယ်။ အဲဒီ ဝေယျာဝစ္စ

အဖွဲ့တွေက သွားရေး လာရေးနှင့် ဆွမ်းပန်းကိစ္စ စသည်တွေကို လုပ်ပေးရမယ်။ သံဃာ့ညီလာခံတုန်းက အဖွဲ့တွေကိုလည်း ဆက်သုံးနိုင်တယ်။ ဒီ ဝေယျာဝစ္စအဖွဲ့ရဲ့ ငွေစာရင်း လုပ်ထုံးလုပ်နည်းတွေကိုတော့ ပြည်သူ့ကောင်စီ က ထုတ်ပေးရမယ်။ ဒီ အဖွဲ့တွေမှာ အလှူရှင်တွေပါအောင် စည်းရုံး ထည့်သွင်း ဖွဲ့စည်းရမယ်။

၁၀။ ကြီးကြပ်ရေး ဖွဲ့သည့်အခါမှာ ဗဟိုဝန်ဆောင် မလုံလောက်လျှင် ဖွဲ့စည်းမည့်နေရာက မဟုတ်တဲ့ သမ္မုတိရ ကိုယ်စားလှယ်ထည့်ပြီး ဖွဲ့ရမယ်။ တချို့နေရာကျတော့ ကြည်ညိုလေးစားခံရတဲ့ ဆရာတော်ကြီးများ ထည့်ဖွဲ့နိုင်တယ်။

၁၁။ သံဃာ့ညီလာခံတုန်းက ကောက်ခဲ့တဲ့ သံဃာ့စာရင်းကို ငယ်စာရင်း အဖြစ် လက်ကိုင်ထားရမယ်။ အခုကောက်တဲ့ သံဃာစာရင်းနှင့် ပြန်တိုက်ကြည့်ရမယ်။ ဒုလ္လဘပါလျှင် မှတ်ထားရမယ်။ ယခုစာရင်း ကောက်တဲ့အခါမှာ တစ်ဂိုဏ်းမှတစ်ဂိုဏ်း ကူးပြောင်းခွင့် မပေးရဘူး၊ အရင်စာရင်းမှာပါတဲ့ဂိုဏ်းအနေနဲ့ပဲ စာရင်းယူရမည်။ ဂိုဏ်းပြောင်းချင်လျှင် နောင်သံဃာ့ဖွဲ့စည်းမှုများ ပြီးတော့မှ ကြိုက်သလိုပြောင်းနိုင်တယ်။ ဒါကို လျှောက်ကြပါ။

၁၂။ အမဲနယ်မြေထဲက သံဃာတွေက လာဆက်သွယ်လျှင် သူတို့ကိုလဲ ဖွဲ့ပေးလိုက်ပါ။ အဲဒီ ဘုန်းကြီးတွေက သံဃာစာရင်းပြောက်ပြီး သာသနာဝင် မှတ်တမ်းမရလျှင် နောင် သူတို့မြို့ပေါ်တက်လာလို့ မရမှာစိုးလို့ဖြစ်တယ်။ ကရင်ပြည်နယ်ထဲက မွန်ပြည်နယ်ထဲကို စာရင်းလာပေးလျှင်လဲ စာရင်းလွှဲ ပေးလိုက်။ သက်ဆိုင်တဲ့ ကရင်ပြည်နယ်က တာဝန်ယူပြီး ဖွဲ့ပေးလိုက်ပါ။

၁၃။ ယာယီကြဉ်ဖယ်ထားသော သံဃာနှင့် ပတ်သက်လို့က နှစ်မျိုးရှိတယ်၊ တစ်မျိုးက လူသေလူဖြစ်၊ သမ္မာဒိဋ္ဌိသုတေသန၊ ကျောက်သဘော်၊ ကျောက်ပုံ၊ ကြောင်ပန်း စသည်တွေလို သာသနာတစ်ရပ်လုံးနဲ့ဆိုင်တဲ့ ဓမ္မ၊ အဓမ္မအမှုမျိုး

http://www.dhammadownload.com



ဖြစ်တယ်။ ဒါမျိုးကိုတော့ သူတို့သက်ဆိုင်ရာ တစ်ပြည်လုံးမှာရှိတဲ့ သံဃာတွေရဲ့ ဆန္ဒသဘောထားကို အရင်ရယူပစေ။ အဲဒီသဘောထားကို ရတော့မှ နိုင်ငံတော် သံဃမဟာနာယကကို တင်ပစေ။ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က သီးခြားဝိနိစ္ဆယနှင့် ဆုံးဖြတ်ပေးပြီးတဲ့နောက် သူတို့က ဝန်ခံ တောင်းပန်ကြတဲ့အခါကျမှ သက်ဆိုင်ရာ သံဃာ့အဖွဲ့အစည်း အသီးသီးမှာ ထည့်သွင်းဖို့ဖြစ်တယ်။ ဒီလို ဝါဒမျိုးရှိတဲ့ သံဃာတွေ ကိုယ့်နယ်ထဲမှာရှိလျှင် ခုနကပြောသလို သွားလျှောက်ကြရန်။

၁၄။ နောက်တစ်မျိုးကတော့ ဒေသဆိုင်ရာဖြစ်နေတဲ့ကိစ္စမျိုးပဲ။ ဥပမာ ထုံးအိုင် ဝါးကျောင်းကိစ္စမျိုး၊ သာကေတ ဓမ္မနီတိ ဆရာတော်နှင့် ပတ်သက်ပြီး မုတ္တမမှာ ကျောင်း (၃) ကျောင်း အကြဉ်ခံနေရတဲ့ ကိစ္စမျိုး ဖြစ်တယ်။ ဒါမျိုးကိုတော့ အဲဒီဒေသမှာရှိတဲ့ ဗဟိုဝန်ဆောင် ဆရာတော်များက ကာယကံရှင်များကို ခေါ်ရမယ်၊ ဆုံးမရမယ်၊ နာခံလျှင် သံဃာ့အဖွဲ့အစည်းထဲ ထည့်ရမယ်၊ ဝိနည်းကြောင်း အပြစ်ရှိလျှင် နောင် ဝိနိစ္ဆယမှာ တင်ရမယ်၊ မနာခံလို့ကတော့ မဖြစ်ဘူး၊ ဖွဲ့စည်းပုံအရ သီးခြားနေလို့ မရဘူး၊ ဒါကို သဘောပေါက်အောင် လျှောက်ရမယ်၊ ခုဟာက သံဃာ့ညီညွတ်ရေးကို လုပ်နေတာ။

၁၅။ ချင်းပြည်နယ်လို နေရာမျိုးအတွက်တော့ သံဃာ့ဝန်ဆောင် ခရုံး စရိတ်ကို ဒီကလုပ်ပေးရမယ်၊ တောင်တန်း သာသနာပြုသဘောမျိုးပဲ လုပ်ပေးရမယ်။

၁၆။ ရပ်ကွက်တစ်ခုအတွင်းမှာရှိတဲ့ သံဃာအားလုံးကို ပေါင်းပြီးတော့မှ ဇယား (၂) အရ မြို့နယ်ဝန်ဆောင် ရွေးရမယ်၊ ဥပမာ ရပ်ကွက်တစ်ကွက်လုံး ဝန်ဆောင် (၁၀)ပါးရမယ်ဆိုလျှင် ဒီထက် မပိုရ။ ဒါပေမဲ့ ဘယ်ကျောင်းက ဘယ်နှစ်ပါးဆိုတာကိုတော့ သူတို့ကြိုက်သလို ခွဲယူနိုင်တယ်၊ ဒီကပြောဖို့ မလိုဘူး။

http://www.dhammadownload.com



၁၇။ မန္တလေးက ကျောင်းတစ်ကျောင်းမှာ နဂိုက ဆရာတော်တစ်ပါးတည်း အုပ်ချုပ်တယ်၊ အခု သူ့တိုက်ထဲက ကျောင်းတွေကို သံဃနာယက ရအောင် တစ်ကျောင်းစီ ခွဲနေတယ်လို့ကြားရတယ်၊ သူက ရက္ခိတ ဂေါပိတ ဖြစ်အောင် အပ်လျှင်တော့ အပ်ပစေ၊ ဒို့က အသိအမှတ်ပြုရမှာပဲ၊ ဒါပေမယ့် သရက်တောကျောင်းတိုက်ထဲက ကျောင်းတစ်ကျောင်းလို အထက်ထပ် တစ်ကျောင်း၊ အောက်ထပ် တစ်ကျောင်း လုပ်တာမျိုးကိုတော့ လက်မခံရဘူး။

၁၈။ ရသေ့တို့၊ ဖိုးသူတော်တို့ဟာ သာသနာထဲ မပါဘူး၊ လူပဲ။ လူမှတ်ပုံတင် ကိုင်ရမယ်၊ သာသနာထဲပါချင်လျှင် အနည်းဆုံး ကိုရင်ကြီး ဝတ်ချင်ဝတ်ပေါ့၊ ရသေ့နှင့် ဖိုးသူတော်ဟာ ယောဂီသဘောပါပဲ။

၁၉။ ကျောင်းတစ်ကျောင်းက နိုင်ငံတော် ဩဝါဒါစရိယဖြစ်ဖြစ်၊ နိုင်ငံတော် နာယကဖြစ်ဖြစ်၊ ဗဟိုဝန်ဆောင်ဖြစ်ဖြစ် ပါနေလျှင် အဲဒီကျောင်းက လက်ထောက်ကိုယ်တော်ဟာ အကြီးအကဲပဲ ဖြစ်တယ်၊ အဲဒီအကြီးအကဲက အရွေးခံနိုင်ပါတယ်။

၂၀။ ရပ်ကွက်/ကျေးရွာအုပ်စု အဆင့်မှာ ကျောင်းထိုင် ကျောင်းပိုင် ပုဂ္ဂိုလ်မှပဲ ရပ်ကွက်/ကျေးရွာ သံဃနာယကအဖွဲ့ထဲ ပါရမယ်၊ သံဃာအရေအတွက်အရ ဝန်ဆောင်ဆိုပြီး အဲဒီ ရပ်ကွက်/ကျေးရွာ နာယကထဲ မပါရဘူး၊ ကျောင်းထိုင်ဆရာတော်တွေရဲ့ ဩဇာကျနေလို့ အဆုံးအမအောက် ရောက်အောင်လုပ်ရမယ်၊ ဒါမှပဲ။ မြို့နယ်အဆင့်ကျတော့ ကာ တစ်မြို့နယ်လုံးရဲ့ သာသနာရေးကိစ္စ ဆောင်ရွက်ရမှာဖြစ်လို့ သံဃာအရေအတွက်အရ ဖြစ်လာတဲ့ ကိုယ်စားလှယ် ပါရခြင်း ဖြစ်တယ်။

၂၁။ သူ့ဒကာက ကျောက်သဘော်ဝါဒ၊ ဘုန်းကြီးကတော့ အဲဒီဝါဒကို မယူဘူးဆိုလျှင် ဒီဘုန်းကြီးကို ကြဉ်မထားရဘူး၊ ထည့်ဖွဲ့နိုင်တယ်၊

http://www.dhammadownload.com



သရက်အခြေခံဒေသမှာ ဒီကိစ္စမျိုး ရှိတယ်၊ ဘုန်းကြီးကိုယ်နှိုက်က ကျောက်သဘော် ဖြစ်နေလျှင်တော့ ယာယီချန်ထားရမယ်။

၂၂။ ယောနယ်၊ ရွှေကျင်ဂိုဏ်းက ကန်တော့ရကျောင်းကို ထုတ်ပယ်တဲ့ ကိစ္စမျိုးကတော့ မန္တလေး ရွှေကျင်ဗဟိုဌာနရဲ့ အဆုံးအဖြတ်ရအောင် လုပ်ရမယ်၊ ရွှေကျင်ဗဟိုက ထုတ်လိုက်တယ် ဆိုယင်တော့ အဲဒီကျောင်းဟာ မြို့နယ်သံဃနာယကအဖွဲ့ရဲ့ အုပ်ချုပ်မှုအောက် ရောက်လာမယ်၊ သီးခြားနေလို့တော့ မရဘူး။

၂၃။ ရမည်းသင်း ရွှေဓားမှာ ကမ္မဋ္ဌာန်းတိုက်တစ်တိုက်ကို မကျေနပ်တဲ့ ကိစ္စမျိုးက ကိုယ့်သဘောနှင့်ကိုယ် ကြဉ်လို့မရဘူး၊ သူ့ကမ္မဋ္ဌာန်းနည်းကို မမှန်ဘူးဆိုလျှင် ဓမ္မ–အဓမ္မ စိစစ်နိုင်အောင် နိုင်ငံတော် သံဃမဟာနာယကကို လျှောက်ရမယ်၊ စည်းမျဉ်းနှင့်ညီအောင် လုပ်ရမယ်၊ အရင်ကလို အများစုအားနဲ့ ဝိုင်းဖိလို့ မရဘူး။

၂၄။ အခု ရဟန်းတွေစာရင်းပဲ ကောက်ရမယ်၊ ကိုရင်ကိစ္စ ဘာမှလုပ်ဖို့ မလိုသေးဘူး။ နောက်တော့မှ အမြဲနေမည့်ကိုရင် ဟုတ်မဟုတ် စိစစ်ပြီး ဆက်လုပ်မယ်။

၂၅။ ကျောင်းတစ်ကျောင်းမှာ ပဋိပက္ခပြဿနာ ဖြစ်နေတယ်ဆိုယင် အဲဒီကျောင်းရဲ့ ကျောင်းထိုင်ဘုန်းကြီးကို ရပ်ကွက်/ကျေးရွာအုပ်စု နာယကထဲ မထည့်ရဘူး၊ ချန်ထားရမယ်။ ဒါပေမယ့် အဲဒီကျောင်းမှာရှိတဲ့ သံဃာအရေ အတွက်ထဲမှာတော့ သူ့ကိုထည့်ရမယ်။ ကျောင်းနေ သံဃာက ကြိုက်လို့ မြို့နယ်ဝန်ဆောင်ရွေးလျှင်လည်း သူဖြစ်ပေါ့။

၂၆။ ဝါဆိုထားတဲ့ သံဃာကို မကျေနပ်လို့ ဝါဆိုသံဃာထဲ မထည့်ဘူး ဆိုယင် မရဘူး၊ မတရားဘူး၊ ထည့်ရမယ်။ သရက်တောတိုက်မှာ ဒါမျိုး ရှိနေတယ်။

http://www.dhammadownload.com



၂၇။ ယွန်းဂိုဏ်းတို့၊ ဓောတိဂိုဏ်းတို့ဆိုတဲ့ ဘုန်းကြီးတွေကို သက်ဆိုင်ရာ ဗဟိုသံဃာ့ဝန်ဆောင်များက စည်းရုံးပြီးတော့ သာသနာထဲသွင်းဖို့ လျှောက်ထားရမယ်။ သာသနာထဲ ဝင်လျှင်တော့ ဥတ္တိစတုတ္ထကမ္မဝါဖြင့် ပဥ္စင်းခံရမယ်။ ဥတ်ကမ္မဝါဖြင့် ပဥ္စင်းမခံယင်တော့ သံဃာထဲ ထည့်လို့ မဖြစ်ဘူး။ အဲဒီ ယွန်းဂိုဏ်း ဘုန်းကြီး၊ ဓောတိဂိုဏ်း ဘုန်းကြီးတွေကို သွားပြောကြ။ ဒီလို အလွတ်နေလို့ မရတဲ့အကြောင်း။ ဒါပေမယ့် တဖြည်းဖြည်း သိမ်းသွင်းပါ။

၂၈။ နာယကဖွဲ့စည်းလို့ မရတဲ့နေရာမျိုးမှာ ထားခဲ့။ ဗဟိုဝန်ဆောင်က ဖွဲ့မပေးရဘူး။ လုပ်ထုံးလုပ်နည်းအရ တစ်ဆင့်မြင့် သံဃနာယကအဖွဲ့ကသာ ယာယီနာယကအဖွဲ့ကို ဖွဲ့ပေးရမယ်။ ဗဟိုဝန်ဆောင်ဆိုတာ သံဃာအားလုံးရဲ့ ကိုယ်စားဖြစ်တယ်။ သူတို့မှားနေယင် မကောင်းဘူး။

၂၉။ သံတောင်မြို့နယ်မှာလို တစ်မြို့နယ်လုံးမှ ကျောင်းက (၄)ကျောင်း၊ သံဃာက (၆)ပါးတည်း ရှိတယ်ဆိုတာမျိုးဖြစ်ယင် သူတို့ကို ရပ်ကွက်/ ကျေးရွာအဆင့် မထားတော့ဘဲ မြို့နယ်အဆင့်ပဲ ဖွဲ့ပေးလိုက်။ ပြည်နယ်/ တိုင်းကိုတော့ တက်လို့မရ။ နောက်ပြီး သတ်မှတ်တဲ့ ဝါ မပြည့်ရင်လဲ အဲဒီလိုနေရာမျိုးမှာ ခြွင်းချက် ပေးရမယ်။ ဖွဲ့သာပေးလိုက်ပါ။ အရည်အချင်း သတ်မှတ်တာက သံဃာများတဲ့နေရာကို ရည်ရွယ်တာ။

၃၀။ သံဃာ့အဖွဲ့လုပ်ထုံး အပိုဒ် (၃၈) ခြွင်းချက်မှာ တစ်ကျောင်းထဲ ဆိုပေမယ့် သံဃာရှားပါးတဲ့နေရာမျိုးမှာကျတော့ နှစ်ကျောင်း သုံးကျောင်းလဲ ခွင့်ပြုရမယ်။ သူတို့ကို ထားခဲ့လို့ မဖြစ်ဘူး။ အထူးသဖြင့် (၁၀) ဝါ မပြည့်လဲ လက်ခံရမယ်။

၃၁။ တစ်မြို့နယ်လုံး၌ သတ်မှတ်တဲ့ ဝါ ပြည့်တဲ့ပုဂ္ဂိုလ် မရှိလျှင် ခြွင်းချက်ရဖို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ထံ တောင်းနိုင်တယ်။

http://www.dhammadownload.com



၃၂။ အမ်းနှင့် မာရ်အောင်မှာ အရင်ဇယား (၂) နဲ့ ရွေးချယ် ဖွဲ့စည်းပြီး ဖြစ်လျှင်လည်း ဖြစ်ပစေတော့၊ ထပ်မလုပ်နှင့်။ ဒါပေမဲ့ သာသနာရေးမှူးက နာယကအဖွဲ့ဝင်တွေရဲ့ အရည်အချင်းကို ပြန်ပြီး စိစစ်လိုက်ပါ။

၃၃။ ဝိနိစ္ဆယကိစ္စမှာ ဆန္ဒပေးပိုင်ခွင့်ရှိတဲ့ ရဟန်းရဲ့အရည်အချင်း အရေးကြီးတယ်၊ အနည်းဆုံး (၆) လအတွင်း တစ်ဆက်တည်းနေသူ ဖြစ်ရမယ်။ ရွေးချယ်ခါနီးမှ ရောက်လာပြီး ဆန္ဒပေးလို့ မရဘူး။ နောက်ပြီး ဝိနည်းမိုရ် အဖြစ် အရွေးခံမယ့် ဆရာတော်ဟာလဲ အပိုဒ် (၇) မှာ ပြဋ္ဌာန်းထားတဲ့ ဆန္ဒပေးပိုင်ခွင့် အရည်အချင်းလဲ ရှိရမယ်။ ဝိနိစ္ဆယ လုပ်ထုံး အခန်း (၃) မှာ ပါတဲ့ ဂ (စ) ကျောင်းထိုင်၊ နာယက၊ တိုက်အုပ်၊ တိုက်ကြပ်၊ စာချ ဖြစ်ရမယ်ဆိုတာ နယ်တွေမှာ မလိုဘူး။ ကျောင်းတိုက်ကြီးတွေကိုသာ ရည်ရွယ်တာ။

၃၄။ အပိုဒ် (၁၃) အရ စာရင်းပြုတဲ့အခါမှာ ဝါဆိုသံဃာစာရင်းနှင့်လဲ တိုက်ဆိုင်ကြည့်ရမယ်။ ဒီလို သံဃာအရေအတွက်ကို အခြေခံဖို့ မြို့နယ်တွင်း ရှိသမျှ သံဃာအားလုံးကို စုပေးရမယ်။

၃၅။ အပိုဒ် (၁၁) အရ ဆန္ဒပေးနိုင်တဲ့ သံဃာအားလုံးရဲ့ ၇၅-ရာခိုင်နှုန်း ကိုယ်တိုင်တက်မှ ဖြစ်မယ်။ ကိုယ်တိုင်မတက်ဘဲ ဆန္ဒပေးလိုက်ရုံနှင့် မရဘူး။

၃၆။ အပိုဒ် (၁၂) အရ ၃-ကြိမ် ထပ်ရွေးပေမယ့် မဲတူနေလျှင် သံဃနာယကအဖွဲ့ရဲ့ များရာ မဲဖြင့် ဆုံးဖြတ်နိုင်တယ်။ (၇) ပါး (၁၃)ပါး စသည် သတ်မှတ်ထားပေမယ့် ဒီထက် မပိုရဘူးလို့ ဆိုလိုတယ်။ လျှော့ယင်တော့ လျှော့နိုင်တယ်။ ဒါပေမဲ့ ဝိနိစ္ဆယအဖွဲ့ကို လည်ပတ်ဖွဲ့နိုင်အောင် အနည်းဆုံး ဝိနည်းမိုရ် (၅) ပါးလောက်တော့ ရှိသင့်တယ်။

၃၇။ အဲဒီ ဝိနည်းမိုရ်တွေရဲ့စာရင်းကို သေသေချာချာ မှတ်ပုံတင်ထားရမယ်၊ ဒါမှ ဆုံးဖြတ်ချက် တရားဝင်မယ်။ ပြည်နယ်/တိုင်း ဝိနည်းမိုရ်စာရင်းကို

http://www.dhammadownload.com



မြို့နယ်အကွရာစဉ်အလိုက် ပြုစုထားရမယ်၊ ဒါကို သာသနာရေးဦးစီးရုံးက လုပ်ပေးရမယ်။

၃၈။ ဝိနိစ္ဆယ ဥပဒေထဲမှာ လိုအပ်လို့ မြို့နယ်ကောင်စီက ကျောင်းကို ချိပ်ပိတ်ယင် အစောင့်ထားရမယ်။ ဒီအစောင့်ကို ပေးဖို့ငွေကို သာသနာရေး ဦးစီးဌာနက ကျခံရမယ်။ ဘတ်ဂျက်ထဲမှာ ထည့်ထားပါ။ ဝိနည်းမှိုရ် ခရီးစရိတ်ကိုလဲ ဒို့ကပဲ ပေးရမယ်။ ဒါကို သာသနာရေးဦးစီးဌာနက လုပ်ထုံးလုပ်နည်းလေး လုပ်ပေးထားပါ။

၃၉။ ဒီ ဝိနိစ္ဆယဥပဒေ ပြဋ္ဌာန်းလိုက်တော့ တရားရုံးမှာ အမှုတွေ ရပ်သွားတယ်။ တက်ဆဲ ဓာရီအမှုနှင့် တက်ပြီး၊ ဆုံးဖြတ်ပြီး ဓာရီအမှုကို အမှုပြီးပြီလို့ သဘောထားရမယ်။ ဒါတွေ အကောင်အထည်ပေါ်အောင် ကတော့ ပြည်သူ့ကောင်စီကို ပြော။ သူတို့လုပ်ပေးမယ်။ နည်းလမ်း (၄) သွယ်နှင့် ပြီးပြီးသားကိစ္စကို အမှုပြီးပြတ်ပြီးသားလို့ ယူရမယ်။ မော်လမြိုင်၊ မင်းကင်း၊ ဘလုံကျောင်းကိစ္စမျိုးကိုတော့ တစ်မျိုးလုပ်ရလိမ့်မယ်။ အင်္ဂလိပ်ခေတ်က ဂရမ်ရထားတဲ့ ကိစ္စမျိုးကို ဓာရီနှင့် မလိုက်နှင့်၊ ဂရမ်က တရားဝင်တယ်။ ဖျက်လို့မရသေးဘူး။ နောင်မှ ပြင်ဆွဲတန် ဆွဲရမယ်။

၄၀။ ဝိနိစ္ဆယဥပဒေကို လွှတ်တော်က အတည်ပြုပေးလိုက်တဲ့ နောက်မှာ ဝိနိစ္ဆယ လုပ်ထုံး လုပ်နည်းရော၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် သူ့ရဲ့လုပ်ထုံး လုပ်နည်းတွေပါ ဆက်သွယ်ပြီး အကျိုးသက်ရောက်သွားတယ်။ အားလုံး ဥပဒေထဲ အကျုံးဝင်သွားတယ်။ ဒါကြောင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို သာမန်အများစု ဆုံးဖြတ်ချက်လောက် မယူဆရဘူး၊ အားလုံး ဥပဒေအကျိုးသက်ရောက်သွားတယ်။

၄၁။ သာသနာရေးမှူးတွေ လုပ်တဲ့ စီမံကိန်းတွေကို နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့သို့ မိတ္တူများ ပို့ပေးပါ။

http://www.dhammadownload.com



အစည်းအဝေးကို နံနက် (၁၀) နာရီတွင် စတင် ကျင်းပပါသည်၊ (၁၂) နာရီတွင် ခေတ္တနား၍ နေ့လယ် (၁) နာရီတွင် ပြန်လည်ကျင်းပရာ ညနေ (၅) နာရီတွင် ပြီးဆုံးပါသည်။

(ကျော်လွင်)
မှတ်တမ်းတင်သူ

စာအမှတ်၊ ၃၃၀/၂/မဟာန
ရက်စွဲ။ ၁၉၈၀-ပြည့်နှစ်၊ ဩဂုတ်လ (၃)ရက်

---

## ညွှန်ကြားလွှာ အမှတ် (၁၁)

**မြို့နယ်သံဃနာယကအဖွဲ့များနှင့် ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့များအား ဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ညွှန်ကြားခြင်း။**
**(၅၊ ၁၊ ၈၁) (-၁၄၊ ၉၊ ၄၂)**

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က အတည်ပြုကြောင်း ထုတ်ပြန်ထားပြီး ဖြစ်သော မြို့နယ်သံဃနာယကအဖွဲ့များနှင့် ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့များသည် အတည်ပြုကြောင်း ထုတ်ပြန်သည့် နေ့မှစ၍ သံဃာ့ အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၃)၊ အပိုဒ် (၁၀၉) နှင့် အခန်း (၁၄)၊ အပိုဒ် (၁၁၃) တွင် ဖော်ပြထားသည့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည် -

http://www.dhammadownload.com



## မြို့နယ်သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ

(က) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းသော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သာသနာဝင်မှတ်တမ်း ကိုင်ဆောင်ရေး၊ အခြားလုပ်ထုံးလုပ်နည်းများ၊ ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များကို မိမိတို့နှင့်သက်ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် ဂိုဏ်းပေါင်းစုံသံဃာ့ညီညွတ်ရေးကို ရှေးရှု၍ ဆောင်ရွက်ရမည်။

(ဂ) အထက် သံဃနာယကအဖွဲ့များ၏ ညွှန်ကြားချက်များကို မိမိမြို့နယ်အတွင်းနေ ရဟန်းသာမဏေများ သိရှိလိုက်နာကြစေရန် ဆောင်ရွက်ရမည်။

(ဃ) မိမိမြို့နယ်အတွင်းရှိ ရဟန်းသာမဏေများကို နှစ်စဉ် ဝါဆိုသံဃာစာရင်း ကောက်ယူပြုစု၍ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ ပေးပို့ရမည်။

(င) မြို့နယ်သံဃနာယကအဖွဲ့သည် မိမိဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အခါအားလျော်စွာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ အစီရင်ခံရမည်။

(စ) မိမိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များသို့ အခါအားလျော်စွာ လိုအပ်သလို ညွှန်ကြားချက်များထုတ်ပြန်နိုင်သည်။

(ဆ) သာသနာဝင်မှတ်တမ်း၊ သာသနာနွယ်ဝင်မှတ်တမ်းအသစ်ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊

http://www.dhammadownload.com



ပြန်လည်သိမ်းဆည်းခြင်းတို့ကို အထက် သံဃာ့အဖွဲ့အစည်းများ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဈ) ပရိယတ်၊ ပဋိပတ် စိစစ်ခြင်းစသော သာသနာရေးဆိုင်ရာ ကိစ္စများကို ဆောင်ရွက်ရမည်။

(ည) မိမိမြို့နယ်အတွင်း၌ ဖြစ်ပွားသော သံဃာ့မှုခင်းများကို သီးခြားပြဋ္ဌာန်းထားသော ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြေလည်အေးငြိမ်းအောင် ဆောင်ရွက်ခြင်း၊ ပြေလည်အေးငြိမ်းမှု မရသော မှုခင်းများကို ဆုံးဖြတ်ရန် သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ဆုံးဖြတ်ချက်ကို လိုက်နာအောင် ဆောင်ရွက်ပေးရန် အတွက် သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီ အုပ်ချုပ် အမှုဆောင်အဖွဲ့သို့ အကြောင်းကြားခြင်း၊ ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ရမည်။

**မှတ်ချက်။** ။ ပြေလည်အေးငြိမ်းမှု မရသော မှုခင်းများကို ဆုံးဖြတ်ရန် သံဃဝိနိစ္ဆယ အဖွဲ့ကို ဖွဲ့စည်းခြင်း လုပ်ငန်း တာဝန်ကိုမူ ယခု ဆောင်ရွက်ရမည်မဟုတ်ဘဲ ဝိနည်းဓိုရ် သင်တန်းများ ပို့ချပြီးမှ ဆောင်ရွက်ရမည်။

(ဋ) မြို့နယ်သံဃနာယကအဖွဲ့သည် ဝိနည်းဓိုရ်ဆရာတော် ရွေးချယ်တင်မြှောက်ပွဲ၊ မြို့နယ်သံဃာ့ဝန်ဆောင် ရွေးချယ်တင်မြှောက်ပွဲ၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက ရွေးချယ်တင်မြှောက်ပွဲများကို ကြီးကြပ်ဆောင်ရွက်ရမည်။

(ဌ) သက်ဆိုင်ရာ ကျောင်း၊ ကျောင်းတိုက်၏ အုပ်ချုပ်ရေးကို မထိခိုက်စေဘဲ မိမိမြို့နယ် နာယကအစုဝင် ရဟန်းသာမဏေများကို အခါအားလျော်စွာ ဆုံးမဩဝါဒ ပေးရမည်။

http://www.dhammadownload.com



(ဥ) သာသနာရေး ဆောင်ရွက်ရာ၌ အချို့ကိစ္စများသည် မြို့နယ်ပြည်သူ့ကောင်စီနှင့် သက်ဆိုင်သည်ဟု ယူဆလျှင် မြို့နယ်ပြည်သူ့ကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ

(က) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြု ပြဋ္ဌာန်းသော သံဃာ့အဖွဲ့ အစည်း အခြေခံစည်းမျဉ်း၊ ဝိနည်း ဓမ္မကံ အဓိကရဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံး လုပ်နည်းများ၊ သာသနာဝင်မှတ်တမ်း ကိုင်ဆောင်ရေး၊ အခြား လုပ်ထုံးလုပ်နည်းများ၊ ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက် များကို မိမိတို့နှင့် သက်ဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးနှင့် ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကို ရှေးရှု၍ ဆောင်ရွက်ရမည်။

(ဂ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားချက်များကို မိမိ ပြည်နယ်/တိုင်း အတွင်းရှိ ရဟန်းသာမဏေများ သိရှိလိုက်နာကြစေရန် ဆောင်ရွက်ရမည်။

(ဃ) မိမိ ပြည်နယ်/တိုင်း အတွင်းရှိ ရဟန်းသာမဏေများကို နှစ်စဉ် ဝါဆိုသံဃာစာရင်း ကောက်ယူပြုစု၍ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့သို့ ပေးပို့ရမည်။

(င) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အခါအားလျော်စွာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သို့ အစီရင်ခံရမည်။

(စ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရမည်။

http://www.dhammadownload.com



(ဆ) မိမိပြည်နယ်/တိုင်း အတွင်းရှိ မြို့နယ်သံဃနာယကအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များသို့ အခါအားလျော်စွာ လိုအပ်သလို ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

(ဇ) သီးခြားပြဋ္ဌာန်းထားသော ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၌ ဖော်ပြထားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

**မှတ်ချက်။** ။ အယူခံစောဒနာဝင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်း လုပ်ငန်းတာဝန်ကိုမူ ယခု ဆောင်ရွက်ရမည် မဟုတ်ဘဲ၊ ဝိနည်းဓိုရ်သင်တန်းများ ပို့ချပြီးမှ ဆောင်ရွက်ရမည်။

(ဈ) မိမိ ပြည်နယ်/တိုင်း အတွင်း၌ ဖြစ်ပွားသော ပရိယတ်၊ ပဋိပတ်၊ အငြင်းပွားမှုများကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဖြေရှင်းပေးရမည်။

(ည) မိမိပြည်နယ်/တိုင်း အတွင်း၌ မြို့နယ်သံဃနာယကအဖွဲ့က ရွေးချယ်တင်မြှောက်ပွဲနှင့် ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် ရွေးချယ်ပွဲများကို ကြီးကြပ်ဆောင်ရွက်ရမည်။

(ဋ) သာသနာရေးကိစ္စများကို ဆောင်ရွက်ရာ၌ အချို့ကိစ္စရပ်များသည် ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီနှင့်သက်ဆိုင်သည်ဟု ယူဆပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂။ (က) မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့၏ တည်ရာဌာနကို ဥက္ကဋ္ဌဆရာတော်၏ ကျောင်း၌ ဖြစ်စေ၊ အခြား သင့်လျော်ရာဌာန၌ ဖြစ်စေ သတ်မှတ်နိုင်သည်။

http://www.dhammadownload.com



(ခ) နာယကအဖွဲ့လုပ်ငန်း ဆောင်ရွက်ချိန်ကို သာမန်အားဖြင့် ဥပုသ်နေ့နှင့် တနင်္ဂနွေနေ့မှအပ အခြားရက်များတွင် မွန်းလွဲ (၁) နာရီမှ ညနေ (၄) နာရီအထိ သတ်မှတ်သည်။

(ဂ) နာယကအဖွဲ့ တည်ရာဌာန၌ ဥက္ကဋ္ဌဆရာတော်ဖြစ်စေ၊ အကျိုးတော်ဆောင် ဆရာတော်ဖြစ်စေ တစ်ပါးပါးသည် သတ်မှတ်ချိန်အတွင်း၌ အမြဲ ရှိနေရမည်။

**မှတ်ချက်။** ။ အိမိတို့ဆောင်ရွက်ရမည့် မှုခင်းကိစ္စများ ပေါ်ပေါက်လာသည်ရှိသော် သက်ဆိုင်ရာ နာယကအဖွဲ့ဝင် ဆရာတော်များ ကို ပင့်လျှောက်၍ ညှိနှိုင်းဆောင်ရွက်ကြရမည်။

၃။ ဝန်ထမ်းပိုင်းဆိုင်ရာ လုပ်ငန်းများကို ဆိုင်ရာ သာသနာရေးမှူးများက **ကူညီဆောင်**ရွက်ပေးမည် ဖြစ်ပါသည်။

၄။ မြို့နယ်အတွင်းရှိ ရဟန်း၊ သာမဏေ၊ သီလရှင်များအား သာသနာဝင် မှတ်တမ်းနှင့် သာသနာနွယ်ဝင် မှတ်တမ်းများကို မှန်မှန်ကန်ကန်နှင့် စနစ်တကျ ထုတ်ပေးနိုင်ရေးအတွက် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက မြို့နယ်သံဃနာယကအဖွဲ့အား စာရွက်စာတမ်းများ၊ ပုံစံများကို ဆက်သွယ် လျှောက်ထားလာပါက ဥက္ကဋ္ဌဆရာတော်သည် သံဃနာယက ဆရာတော် များ၏ ဂုဏ်အင်္ဂါအရည်အချင်းများကို အစဉ်နှလုံးသွင်းလျက် လက်ခံ ဆောင်ရွက်ပေးရမည်။

**ဘဒ္ဒန္တ ဝိမလ**
**(အဂ္ဂမဟာပဏ္ဍိတ)**
**ခုတိယ ဥက္ကဋ္ဌဆရာတော်**

**ဘဒ္ဒန္တ ဓမ္မာဝုဓ**
**တွဲဖက် အကျိုးတော်ဆောင်ဆရာတော်**

———————

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၁၂)

**ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များအား ဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ညွှန်ကြားခြင်း။**

**(၅၊ ၂၊ ၈၁) (၁၄၊ ၁၁၊ ၄၂)**

၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များနှင့် သံဃနာယကများအား သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၂)၊ အပိုဒ် (၁၀၆) နှင့် ဝိနည်းမှုကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် (၃)၊ (က)၊ (ခ) တွင် ဖော်ပြထားသည့် အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည် -

**ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(က) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းသော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ ဝိနည်းမှုကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သာသနာဝင်မှတ်တမ်း ကိုင်ဆောင်ရေး၊ အခြားလုပ်ထုံးလုပ်နည်းများ၊ ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များကို မိမိတို့နှင့် ဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့် ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကို ရှေးရှု ဆောင်ရွက်ရမည်။

(ဂ) အထက် သံဃနာယကအဖွဲ့များ၏ ညွှန်ကြားချက်များကို မိမိရပ်ကွက်/ကျေးရွာအုပ်စုအတွင်းနေ ရဟန်းသာမဏေများအား သိရှိလိုက်နာကြစေရန် ဆောင်ရွက်ရမည်။

http://www.dhammadownload.com



(ဃ) မိမိရပ်ကွက်/ကျေးရွာအုပ်စု အတွင်းရှိ ရဟန်းသာမဏေများကို နှစ်စဉ် ဝါဆိုသံဃာစာရင်း ေကာက်ယူပြုစုပြီး မြို့နယ် သံဃနာယကအဖွဲ့သို့ ပေးပို့ရမည်။

(င) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၏ ဆောင်ရွက် ချက်များနှင့် ပတ်သက်၍ အခါအားလျော်စွာ မြို့နယ် သံဃနာယကအဖွဲ့သို့ အစီရင်ခံရမည်။

(စ) မိမိရပ်ကွက်/ကျေးရွာအုပ်စု အတွင်းရှိ ရဟန်းသာမဏေများကို သက်ဆိုင်ရာ ကျောင်း/ကျောင်းတိုက်၏ အုပ်ချုပ်ရေးကို မထိခိုက်စေဘဲ အခါအားလျော်စွာ ဆုံးမဩဝါဒ ပေးရမည်။

(ဆ) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကဆရာတော်များသည် ဒိဋ္ဌ-သုတ-ပရိသင်္ကိတ ရှိသော မိမိ နာယကအုပ်စုဝင် ရဟန်းသာမဏေတစ်ပါးကို စောဒကမရှိသော်လည်း မိမိ ကိုယ်တိုင် ရှေးဦးစွာ ခေါ်ယူဆုံးမရမည်၊ မလိုက်နာလျှင် မိမိမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက (၂) ပါး (၃) ပါးကို ပင့်၍ ဒုတိယအကြိမ် ခေါ်ယူ ဆုံးမရမည်။

(ဇ) မလိုက်နာသေးလျှင် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက အဖွဲ့သို့ ခေါ်ယူ၍ တတိယအကြိမ် ဆုံးမရမည်။

(ဈ) မလိုက်နာခဲ့သော် ဝိနိစ္ဆယ ပြီးဆုံးသည်အထိ နာယကအစုမှ ကြဉ်ပယ်ထား၍ ထိုသို့ကြဉ်ပယ်ထားသောပုဂ္ဂိုလ်၏ အကြောင်း အရာ အပြည့်အစုံကို ဖော်ပြ၍ မြို့နယ်သံဃနာယကအဖွဲ့သို့ အကြောင်းကြား တင်ပြရမည်။

(ည) မြို့နယ်သံဃနာယကအဖွဲ့သည် စုံစမ်း၍ သင့်လျော်သည့် အဆုံးအဖြတ်ကို ပေးရမည်၊ ထိုဆုံးဖြတ်ချက်ကို ပြည်နယ်/ တိုင်း သံဃနာယကအဖွဲ့သို့ အစီရင်ခံရမည်။

http://www.dhammadownload.com



(ဋ) မြို့နယ်သံဃနာယကအဖွဲ့၏ အဆုံးအဖြတ်ကို ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့နှင့် ကြဉ်ပယ်ခံရသော ရဟန်းသာမဏေတို့က လိုက်နာဆောင်ရွက်ရမည်။

(ဌ) ကြဉ်ပယ်ခံရသောပုဂ္ဂိုလ်သည် မြို့နယ်သံဃနာယကအဖွဲ့၏ အဆုံးအဖြတ်ကို လိုက်နာဆောင်ရွက်ခြင်း မပြုလျှင် ရပ်ကွက်/ကျေးရွာအုပ်စု ပြည်သူ့ရဲတပ်ဖွဲ့ရှိ ယောဂီဆံ/ ပြည်သူ့တောင်စီနှင့် မြို့နယ်သံဃနာယက အဖွဲ့သို့ အကြောင်းကြား အစီရင်ခံရမည်။

(ဍ) ဝိနည်းမွေ့ကံ အဓိကရဏ်း မှုခင်းဖြစ်ပွားသော၊ သို့တည်းမဟုတ် သက်ဆိုင်သော နှစ်ဦးနှစ်ဖက် ကာယကံရှင်ပုဂ္ဂိုလ်တို့သည် မိမိတို့နှင့် သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၊ သံဃနာယကမရှိသော ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သို့ ဖြစ်ပေါ်သော မှုခင်း ပြဿနာကို တင်ပြ၍ ဝိနည်းမွေ့ကံနှင့်အညီ ပြေလည်အေးငြိမ်း စေရန် ဆောင်ရွက်ရမည်။

(ဎ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ဖြင့် မှုခင်းပြဿနာ ပြေလည်အေးငြိမ်းမှု မရရှိပါက မြို့နယ် သံဃနာယကအဖွဲ့သို့ အချင်းဖြစ် မှုခင်းပြဿနာကို ကျိုးကြောင်း ဖော်ပြလျက် ဆက်လက်တင်ပြရမည်။

(ဏ) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၏ တည်ရာဌာန ကို ဥက္ကဋ္ဌ ဆရာတော်၏ ကျောင်း၌ဖြစ်စေ၊ အခြားသင့်လျော်ရာ ဌာန၌ဖြစ်စေ သတ်မှတ်နိုင်သည်။

(တ) သံဃနာယကအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချိန်ကို သာမန် အားဖြင့် ဥပုသ်နေ့နှင့် တနင်္ဂနွေနေ့မှအပ အခြားရက်များတွင် မွန်းလွဲ (၁)နာရီမှ ညနေ(၄)နာရီအထိ သတ်မှတ်သည်။

http://www.dhammadownload.com



(ဂ) သံဃနာယကအဖွဲ့ တည်ရာဌာနမှ ဥက္ကဋ္ဌဆရာတော်ဖြစ်စေ၊ အကိုးတော်ဆောင် ဆရာတော်ဖြစ်စေ တစ်ပါးပါးသည် သတ်မှတ်ချိန်အတွင်း၌ အမြဲ ရှိနေရမည်။

**မှတ်ချက်။** ။ မိမိတို့ဆောင်ရွက်ရမည့် မှုခင်းကိစ္စများ ပေါ်ပေါက်လာသည် ရှိသော် သက်ဆိုင်ရာ သံဃနာယကအဖွဲ့ဝင် ဆရာတော်များကို ပင့်လျှောက်၍ ညှိနှိုင်းဆောင်ရွက်ကြရမည်။

၃။ (က) သံဃနာယကအဖွဲ့မရှိသော ရပ်ကွက်/ကျေးရွာအုပ်စု အတွင်းရှိ ရဟန်း သာမဏေ သီလရှင်များအား သာသနာဝင်မှတ်တမ်းနှင့် သာသနာ့ဥယျာဉ်ဝင် မှတ်တမ်းများကို မှန်မှန်ကန်ကန်နှင့် စနစ်တကျ ထုတ်ပေးနိုင်ရေးအတွက် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက မြို့နယ်သံဃနာယကအဖွဲ့မှ တစ်ဆင့် စာရွက်စာတမ်းများ၊ ပုံစံများကို ဆက်ကပ်လျှောက်ထားလာပါက ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက (ကျောင်းပိုင်၊ ကျောင်းထိုင်) ဆရာတော်များသည် သံဃနာယက၏ ဂုဏ်အင်္ဂါ အရည်အချင်းများကို အစဉ်နှလုံးသွင်းလျက် လိုအပ်သလို စိစစ်ဆောင်ရွက်ပေးရမည်။

(ခ) သံဃနာယကအဖွဲ့ရှိသော ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း၌မူ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် (ကျောင်းပိုင်၊ ကျောင်းထိုင်) ဆရာတော်များ၊ သို့မဟုတ် သံဃနာယက (ကျောင်းပိုင်၊ ကျောင်းထိုင်) ဆရာတော်များသည် အပိုဒ် ၃၊ (က) ပါ စာရွက်စာတမ်းများ၊ ပုံစံများနှင့်ပတ်သက်၍ လိုအပ်သလို စိစစ်ပြီးနောက် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သို့ တင်ပြရမည်။ ရပ်ကွက်/ကျေးရွာအုပ်စု

http://www.dhammadownload.com



သံဃနာယကအဖွဲ့က ထပ်ဆင့်စိစစ်ပေးရမည်၊ စိစစ်ပြီး ဖြစ်ကြောင်း အဖွဲ့တံဆိပ် ရိုက်နှိပ်၍ ဥက္ကဋ္ဌဆရာတော်က လက်မှတ်ရေးထိုးပေးရမည်။

ဘဒ္ဒန္တ ဝိမလ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဓမ္မာဝုဓ
တွံ့ဖက် အကျိုးတော်ဆောင်ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၁၃)

**သံဃာတော်များနှင့် မသင့်လျော် မအပ်စပ်သော အလှူခံခြင်းများကို တားမြစ်ဆုံးမ ဩဝါဒပေးတော်မူကြရန် ကိစ္စနှင့်ပတ်သက်၍ ညွှန်ကြားခြင်း။**

**(၅၊ ၂၊ ၈၁) (၁၊ ၁၁၊ ၄၂)**

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့ အစည်း အခြေခံစည်းမျဉ်း အခန်း(၁၃)၊ အပိုဒ် ၈၉–နှင့် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၆)၊ အပိုဒ် ၁၃၁၊ အပိုဒ်ခွဲ (ခ) ပါ လုပ်ပိုင်ခွင့်များအရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဖော်ပြပါ အကြောင်းအရာနှင့် ပတ်သက်၍ ညွှန်ကြားလိုက်ပါသည် –

၂။ သံဃနာယကအဖွဲ့ အသီးသီးသည် မိမိတို့ရပ်ကွက်/ကျေးရွာအုပ်စု မြို့နယ်နှင့် ပြည်နယ်/တိုင်း အတွင်း၌ သမဏသာရုပ္ပ မဖြစ်၊ ကြည်ညိုဖွယ်ရာ မဆောင်၊ သံဃာတော်အားလုံးကို အထင်အမြင်သေးစေမည့် အောက်ဖော်ပြပါ အလှူခံခြင်းများကို တားဆီးဆုံးမ ဩဝါဒပေးတော်မူကြရန် ဖြစ်ပါသည်–

http://www.dhammadownload.com



(က) ရဟန်း သာမဏေများ ကိုယ်တိုင် အိမ်တိုင် ယာရောက် လှည့်လည် သွားလာ၍ ရွှေငွေကို အလှူခံခြင်း၊

(ခ) ကားဆိပ်၊ ရထားဆိပ်၊ သင်္ဘောဆိပ်နှင့် ဈေးများအတွင်း၌ လှည့်းကောင်း၊ လမ်းဆုံလမ်းခွ၊ လမ်းမများ၌လည်းကောင်း၊ မော်တော်ကား၊ သင်္ဘော၊ ရထားများပေါ်၌လည်းကောင်း၊ ခရီးသွား မော်တော်ယာဉ်များကို တားဆီး၍ သော် လည်းကောင်း၊ ရဟန်းသာမဏေများ ကိုယ်တိုင် ငွေကြေး အလှူခံခြင်း၊

(ဂ) ပင့်ဖိတ်ခံရခြင်းမရှိပါဘဲလျက် ဈေး စသည့် လူစည်ကားရာ အရပ်ဒေသများ၌ ရဟန်းသာမဏေများကိုယ်တိုင် အလှူခံခြင်း၊ ကျောင်းသားငယ်များကို အလှူခံစေခြင်း။

၃။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ အသီးသီးသည် သံဃာ့ အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၄)၊ အပိုဒ် ၁၁၃၊ အပိုဒ်ခွဲ (ဂ)နှင့် (ဃ) အရ ဆက်လက် ဆောင်ရွက်ရန်ဖြစ်ပါသည်။

**ဘဒ္ဒန္တ ဝိမလ**
**(အဂ္ဂမဟာပဏ္ဍိတ)**
**ဒုတိယ ဥက္ကဋ္ဌဆရာတော်**

**ဘဒ္ဒန္တ ခမာဝရ**
**တွဲဖက် အကျိုးတော်ဆောင်ဆရာတော်**

---

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၁၄)

ရဟန်းတော်များ နေထိုင်ရာ ကျောင်း/ကျောင်းတိုက်များမှ အမြဲနေ လူပုဂ္ဂိုလ်များ ဖယ်ရှားပေးရန် ကိစ္စနှင့်ပတ်သက်၍ ညွှန်ကြားခြင်း။

(၅၊ ၂၊ ၈၁) (၁၊ ၁၁၊ ၄၂)

၁။ အထက်ပါ အကြောင်းအရာနှင့် ပတ်သက်၍ ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၄)ရက် (၂၇-၅-၈၀) အင်္ဂါနေ့တွင် ကျင်းပခဲ့သော သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက "ဘုရားရှင်၏ အလိုဆန္ဒတော်နှင့်လည်းကောင်း၊ ဓမ္မဝိနယများနှင့်လည်းကောင်း၊ ဤအခြေခံစည်းမျဉ်း အပိုဒ် (၃)နှင့် လည်းကောင်း ဆန့်ကျင်နေသော သက်ကြီးရွယ်အို သားသမီး ကျောထောက် နောက်ခံမရှိသော ခမည်းတော် မယ်တော်မှတပါး မာတုဂါမများ အပါအဝင် အမြဲနေထိုင်သူ လူပုဂ္ဂိုလ်များကို ရဟန်းတော်များ သီတင်းသုံးရာ ကျောင်း/ ကျောင်းတိုက်အတွင်းမှ ဖယ်ရှားပေးရန်" ဆုံးဖြတ်ချက် ၁၀/၈၀ ကို ဆုံးဖြတ်ခဲ့ပါသည်။

၂။ ယခုအခါ ထိုဆုံးဖြတ်ချက်နှင့်အညီ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက ဆောင်ရွက်ပေးလျက်ရှိရာ သံဃနာယကအဖွဲ့ အသီးသီးသည် ပြည်သူ့ကောင်စီများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကျောင်း/ ကျောင်းတိုက်အတွင်း အမြဲနေထိုင်သူ လူပုဂ္ဂိုလ်များကို ကျောင်း/ ကျောင်းတိုက်အတွင်းမှ ထွက်ခွာပေးကြရန် ထပ်ဆင့် မေတ္တာရပ်ခံခြင်းဖြင့် သံဃာ့အစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်တော်မူကြရန် ညွှန်ကြားလိုက်ပါသည်။

| | |
|---|---|
| ဘဒ္ဒန္တ ဝိမလ | ဘဒ္ဒန္တ ဇောတိက |
| (အဂ္ဂမဟာပဏ္ဍိတ) | ထွေကျော် အကျိုးတော်ဆောင်ဆရာတော် |
| ဒုတိယ ဥက္ကဋ္ဌဆရာတော် | |

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၁၅)

ပြစ်မှုကျူးလွန်သော ရဟန်းသာမဏေများကို ဝိနည်းတရားတော်အရ အရေးယူခြင်းကိစ္စနှင့် ပတ်သက်၍ ညွှန်ကြားခြင်း။

(၁၁၊ ၂၊ ၈၁) (၇၊ ၁၁၊ ၄၂)

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့ အစည်း အခြေခံစည်းမျဉ်း အခန်း ၁၃၊ အပိုဒ် ၈၉–နှင့် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၆)၊ အပိုဒ် ၁၃၁၊ အပိုဒ်ခွဲ (ဆ) ပါ လုပ်ပိုင်ခွင့်များအရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် အထက် ဖော်ပြပါ အကြောင်းအရာနှင့် ပတ်သက်၍ အောက်ပါအတိုင်း ညွှန်ကြားချက် ထုတ်ပြန်လိုက်ပါသည်။

(က) ပြစ်မှုဆိုင်ရာ ဥပဒေ တစ်စုံတစ်ရာကို ကျူးလွန်သော ရဟန်း သာမဏေများအား ရှေးဦးစွာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ အရ အရေးယူဆောင်ရွက်ပြီးနောက် ပြစ်မှုဥပဒေအရ အပြီးဒဏ် ချမှတ်ခြင်း ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ ပြည်သူ့တရားရုံး၏ ဆုံးဖြတ်ချက်ကို ရရှိပြီးမှသာလျှင် သက်ဆိုင်ရာ သံဃနာယကအဖွဲ့က ဝိနည်းတရားတော်နှင့်အညီ လိုအပ်သလို စစ်ဆေးဆုံးဖြတ်ပေးရန်။

(ခ) ယင်းကိစ္စကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ အသီးသီး သည် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း

http://www.dhammadownload.com



၁၄၊ အပိုဒ် ၁၁၃၊ အပိုဒ်ခွဲ (ဂ)နှင့် (ဎ)တို့အရ ဆက်လက်ဆောင်ရွက်ကြရန်။

ဘဒ္ဒန္တ ဝိမလ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဓမ္မာဝုဓ
တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၁၆)

သာသနာ့မြေများကို သာသနာ့မြေအဖြစ်မှ ရွေ့လျောသွားအောင် ရောင်းဝယ်ခြင်း ကိစ္စနှင့်ပတ်သက်၍ ညွှန်ကြားခြင်း။

(၄၊ ၃၊ ၈၁) (–၁၃၊ ၁၁၊ ၄၂)

၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့ အစည်း အခြေခံစည်းမျဉ်း အခန်း ၁၃၊ အပိုဒ် ၈၉–နှင့် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၆)၊ အပိုဒ် ၁၃၁၊ အပိုဒ်ခွဲ (ခ) ပါ လုပ်ပိုင်ခွင့်များအရ သာသနာ့မြေများ ရောင်းဝယ်ခြင်း ကိစ္စနှင့်စပ်လျဉ်း၍ ညွှန်ကြားရန် စီစဉ်လျက်ရှိပါသည်။

၂။ ထိုကဲ့သို့ မညွှန်ကြားမီ ကာလအတွင်း သာသနာ့မြေများကို သာသနာ့မြေအဖြစ်မှ ရွေ့လျောသွားအောင် ရောင်းဝယ်ခြင်းများကို မပြုရေးအတွက် သံဃနာယကအဖွဲ့အသီးသီးက တားဆီးဆုံးမ ဩဝါဒပေးရန် ညွှန်ကြားလိုက်ပါသည်။

ဘဒ္ဒန္တ ဝိမလ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဓမ္မာဝုဓ
တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၁၇)

သာသနာ့အလံတော်ကို မသင့်မလျော်သောနည်းဖြင့် အသုံးပြုနေကြခြင်းနှင့် ပတ်သက်၍ ညွှန်ကြားခြင်း။ (၄၊ ၃၊ ၈၁)(-၁၃၊ ၁၁၊ ၄၂)

၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အပိုင်း (၆)၊ အခန်း (၃၃)၊ အပိုဒ် (၂၈၅-၂၉၁) ပါ အချက်များနှင့်အညီ သာသနာ့အလံတော် အသုံးပြုရေးနှင့် ပတ်သက်၍ စည်းကမ်းချက်များ သတ်မှတ်ညွှန်ကြားရန် စီစဉ်လျက်ရှိပါသည်။

၂။ ထိုကဲ့သို့ မညွှန်ကြားမီကာလအတွင်း သာသနာတော်အတွက် ကြည်ညိုဖွယ် ဖြစ်မလာစေဘဲ အထင်သေးဖွယ်ရာ ဖြစ်လာစေနိုင်သည့် ဖော်ပြပါ သာသနာ့အလံတော် အသုံးပြုခြင်းမျိုးကို သံဃနာယကအဖွဲ့အသီးသီးက တားဆီးဆုံးမဩဝါဒပေးတော်မူကြရန် ညွှန်ကြားလိုက်ပါသည်-

"မော်တော်ကားလမ်းများကို သာသနာ့အလံတော်များဖြင့် ရပ်တန့်တားဆီး၍ ခရီးသွားများထံမှ အလှူခံခြင်းမျိုး၌ အသုံးပြုခြင်း။"

ဘဒ္ဒန္တ ဝိမလ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ခေမာစာရ
တွဲဖက် အကျိုးတော်ဆောင် ဆရာတော်

-------

http://www.dhammadownload.com

# ညွှန်ကြားရေး အမှတ် (၁၈)

**သံဃနာယကအဖွဲ့ အဆင့်ဆင့်အတွက် တစ်ပြေးညီ အသုံးပြုရန် ဆိုင်းဘုတ်နှင့် တံဆိပ်တုံးများ သတ်မှတ်ခြင်း။**

**(၄၊ ၃၊ ၈၁)(–၁၃၊ ၁၁၊ ၄၂)**

၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က စိစစ်၍ အတည်ပြုပြီးသော ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များ အတွက် ဆိုင်းဘုတ်နှင့် တံဆိပ်တုံးများကို အားလုံးတစ်ပြေးညီ ပြုလုပ်သုံးစွဲကြရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အောက်ပါအတိုင်း ညွှန်ကြား လိုက်ပါသည် –

၂။ ဆိုင်းဘုတ်နှင့် တံဆိပ်တုံးများကို သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်းများ နောက်ဆက်တွဲယော (၁)၊ (၃)၊ (၅)နှင့် အညီ ဖွဲ့စည်းထားသည့် သံဃနာယကအဖွဲ့ အဆင့်ဆင့်အတွက် အသုံးပြုရန်ဖြစ်၍ အဆိုပါ ယောနှင့်အညီ မဖွဲ့စည်းနိုင်သဖြင့် အဖွဲ့မရှိသော 'သံဃနာယက' အဆင့်ဆင့် အတွက် အသုံးပြုရန်မဟုတ်ကြောင်းကို သတိပြုကြရန် ထပ်မံ ညွှန်ကြားလိုက် ပါသည်။

၃။ ဆိုင်းဘုတ်နှင့် တံဆိပ်တုံးများအတွက် ကုန်ကျစရိတ်များကို ဆိုင်ရာ သာသနာရေးမှူးက သင့်လျော်သလို ကျခံ လှူဒါန်းကြမည်ဖြစ်ပါသည်။

**(က) ဆိုင်းဘုတ်**

| | |
|---|---|
| (၁) အလျား | ၆–ပေ |
| (၂) အနံ | ၃–ပေ |
| (၃) အောက်ခံအရောင် | သာသနာရောင် (အဝါရင့်) |

http://www.dhammadownload.com



(၄) စာလုံးအရောင် — အပြာ

(၅) စာလုံးအရွယ်အစား — စာလုံး အရေအတွက် အနည်းအများ အလိုက် သင့်လျော်သလို ရေးသားရန်။

(၆) တံဆိပ် — ကြာ ငါးခိုင် (အချင်း ၁၂-လက်မ)

(၇) စာသား — အဖွဲ့အစည်း အဆင့်ဆင့် တည်ရှိရာဌာန၊ လိပ်စာအပြည့်အစုံကို မျဉ်းဖြောင့်အတိုင်း ရေးသားရန်၊ သီးခြားဂိုဏ်းများအတွက် လက်သည်းကွင်းအတွင်း၌ ဂိုဏ်းအမည်ကို ရေးသားရန်။

မြို့နယ်သံဃနာယကအဖွဲ့
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

သာသနာ-၂၅၂၄ — ကောဇာ-၁၃၄၂

မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင်)
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

သာသနာ-၂၅၂၄ — ကောဇာ-၁၃၄၂

http://www.dhammadownload.com



(ခ) တံဆိပ်တုံး

(၁) နိုင်ငံတော် သံဃမဟာနာယက တံဆိပ်တုံး အရွယ်အစားအတိုင်း အချင်း ၂–လက်မ ပြုလုပ်၍ "နိုင်ငံတော်"၏ နေရာ၌ ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု အမည်တို့ကို အစားထိုး အသုံးပြုရန်။ သီးခြားဂိုဏ်းများအတွက် လက်သည်းကွင်း အတွင်း၌ ဂိုဏ်းအမည်ကို ရေးသားရန်၊

(၂) စာလုံးအရွယ်အစားကို ပုံသေ သတ်မှတ်ချက် မပြုဘဲ စာလုံး အရေအတွက် အနည်းအများအလိုက် သင့်လျော်သလို ရေးသားရန်။

(နမူနာပုံစံများကို ပူးတွဲထားပါသည်)

ဘဒ္ဒန္တ ဝိမလ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ခေမာစာရ
တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---


ပုံ-၁




ပုံ-၂



ပုံ-၃



ပုံ-၄




ပုံ-၅



ပုံ-၆



ပုံ-၇




http://www.dhammadownload.com

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၁၉)

**ဂိုဏ်းတစ်ပါးနှင့် ဂိုဏ်းတစ်ပါး၊ တိုင်းတစ်ပါးနှင့် တိုင်းတစ်ပါး ဖြစ်ပွားသော မှုခင်းများ ဖြေရှင်းရေးနှင့် ပတ်သက်၍ ညွှန်ကြားခြင်း။**

**(၁၉၊ ၃၊ ၈၁) (၁၄၊ ၁၂၊ ၄၂)**

၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့ အစည်း အခြေခံစည်းမျဉ်း အခန်း (၁၃)၊ အပိုဒ် (၈၉) နှင့် ယင်း လုပ်ထုံး လုပ်နည်းများ အခန်း (၁၆)၊ အပိုဒ်(၁၃၁)၊ အပိုဒ် (က) ပါ လုမ်ပိုင်ခွင့်များအရ၊ ဂိုဏ်းတစ်ပါးနှင့် ဂိုဏ်းတစ်ပါး၊ တိုင်းတစ်ပါးနှင့်တိုင်းတစ်ပါး ဝိနည်းမွေကံနှင့်ပတ်သက်သည့် ဝိဝါဒါဓိကရဏ်းမှုခင်းများ ဖြစ်ပွားလာသည့်အခါ ဖြေရှင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းအချို့ကို ဖြည့်စွက်ရန် လိုအပ်နေသဖြင့် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၃၆)၊ အပိုဒ် (၂၉၆) နှင့် အညီ ရေးဆွဲ၍ အနီးကပ်ဆုံး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူရန် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ထိုကဲ့သို့ စီစဉ်ဆောင်ရွက်နေစဉ်ကာလအတွင်း အထက်အကြောင်း အရာပါကိစ္စနှင့် စပ်လျဉ်း၍ မိမိတို့ အခြေခံဒေသ အသီးသီးတွင် ဆင့်ပွား ဝိနည်းဓိုရ်သင်တန်းများ ဖွင့်လှစ်ပို့ချသောအခါ ဝိနည်းဓိုရ်သင်တန်းမြဲ ဆရာတော်များသည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြား လိုက်ပါသည် –

(က) ဂိုဏ်းတစ်ပါးနှင့် ဂိုဏ်းတစ်ပါး ဝိနည်းမွေကံနှင့် ပတ်သက်သည့် ဝိဝါဒါဓိကရဏ်းမှုခင်းများ ဖြစ်ပွားလာသည့်အခါ ဖြေရှင်း ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ဆင့်ပွား ဝိနည်းဓိုရ်

http://www.dhammadownload.com



သင်တန်းများတွင် ထည့်သွင်းပို့ချခြင်း မပြုလုပ်ကြရန်နှင့် ယင်းကိစ္စကို ဝိနည်းဓိုရ်သင်တန်းသားများထဲမှ မေးမြန်း လာပါကလည်း ရှင်းလင်းဖြေကြားခြင်း မပြုလုပ်ကြရန်။

(ခ) ၎င်းပြင် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံး လုပ်နည်းများတွင် တိုက်ရိုက် ပါဝင်ပတ်သက်ခြင်း မရှိသော မေးခွန်းများကို မေးမြန်းလာပါက သံဃာစည်းလုံးညီညွတ်ရေး ကို ရှေးရှု၍ မိမိသဘောဆန္ဒအရ ပြန်လည် ဖြေကြားခြင်း မပြုဘဲ ထိုကဲ့သို့ မေးမြန်းထားသော မေးခွန်းများကို ရေးသား ပြုစု၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်သို့ ပေးပို့ကြရန်။

| | |
|---|---|
| ဘဒ္ဒန္တ ဝိမလ | ဘဒ္ဒန္တ ဓမာဝုဓ |
| (အဂ္ဂမဟာပဏ္ဍိတ) | ထွဲဖျက် အကျိုးတော်ဆောင်ဆရာတော် |
| ဒုတိယ ဥက္ကဋ္ဌဆရာတော် | |

---

## ညွှန်ကြားလွှာ အမှတ် (၂၀)

ပါဠိပထမပြန် စာမေးပွဲနှင့် ဓမ္မာစရိယ စာမေးပွဲကြီးများ သန့်ရှင်း အောင်မြင်စွာ ကျင်းပနိုင်ရေး ကိစ္စ။ (၂၆၊ ၂၊ ၈၁) (–၇၊ ၁၁၊ ၄၂)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၃၁၊ (ဃ)၊ (စ)၊ (ဇ)တို့နှင့်အညီ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

http://www.dhammadownload.com



(ဒုတိယအဖွဲ့ခွဲ)၏ စုဒ္ဒသမ အကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဤညွှန်ကြားလွှာကို ထုတ်ပြန်လိုက်ပါသည်။

၂။ နိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းရှင်လူ ပြည်သူများနှင့်တကွ ကမ္ဘာသူ ကမ္ဘာသား ဝေနေယျသတ္တဝါများ၏ စီးပွားချမ်းသာအလို့ငှာ မြတ်စွာဘုရား သည် ဗုဒ္ဓသာသနာတော်သုံးရပ်ကို ထားတော်မူခဲ့ပေသည်။ ထိုသာသနာတော် သုံးရပ်တို့တွင် အခြေခံမူလဘူတ ဖြစ်သော ပရိယတ္တိသာသနာတော်မြတ် သန့်ရှင်း တည်တံ့ ပြန့်ပွား ထွန်းကားရေးကို ရှေးရှု၍ ပါဠိပထမပြန် စာမေးပွဲကြီးနှင့် ဓမ္မာစရိယ စာမေးပွဲကြီးနှစ်ရပ်ကို နှစ်စဉ်နှစ်တိုင်း တစ်နှစ်လျှင် တစ်ကြိမ်ကျ ကျင်းပပြုလုပ်ပေးလျက်ရှိပေသည်။

၃။ နိုင်ငံတော်အတွင်း၌ ပါဠိပထမပြန် စာဖြေဌာနပေါင်း (၁၁၅)ဌာန၊ ဓမ္မာစရိယ စာဖြေဌာန (၂၀) ရှိ၍၊ စာဖြေသံဃာ တစ်သောင်းကျော်ခန့် နှစ်စဉ် ဝင်ရောက်ဖြေဆိုလျက် ရှိပေသည်။ ဤမျှကျယ်ပြန့် များပြားလှသော စာဖြေသံဃာတော်တို့အနက် အချို့သော စာဖြေဌာနတို့၌ မသမာဖြေဆိုမှုများ ရှိခဲ့ကြောင်း မကောင်းသတင်း ကျော်စောခဲ့ပေသည်။

၄။ ဤကဲ့သို့ စာမေးပွဲ မသမာမှုများရှိနေခြင်းသည် ဝိနည်းသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ခြိမ်းခြောက်လျက်ရှိသော အန္တရာယ် ဆိုးကြီးပင် ဖြစ်ပေသည်။ အများ၏အကြည်ညိုခံ၊ အရှိုခိုးခံ၊ အပူဇော်ခံ ရဟန်းဘဝ၏ ဂုဏ်သိက္ခာများနှင့်လည်း များစွာ မလျော်ကန်သော အမှုဖြစ်ပေသည်။ စာမေးပွဲ မသမာမှုသည် သကျပုတ္တ သာကီဝင်မင်းသား ဘုရားသားကျော် ရဟန်းသံဃာတော်များ မဆိုထားဘိ၊ သာမန်လူဝတ်ကြောင် များသည်ပင် မလုပ်ထိုက်သော မလုပ်ရသော အပြုအမူမျိုး ဖြစ်ပေသည်။

၅။ သို့ဖြစ်သောကြောင့် မြို့နယ်သံဃနာယကအဖွဲ့များသည် မြို့နယ် ပြည်သူ့ကောင်စီများနှင့် တွဲဖက်၍ စာမေးပွဲကြီးကြပ်ရေး တာဝန်ကို

http://www.dhammadownload.com



ဆောင်ရွက်ကြရာတွင် ကြီးကြပ်ရေး တာဝန်ဝတ္တရားများတွင် ပါရှိသော စည်းကမ်းများအတိုင်း မိမိတို့ကိုယ်တိုင်လည်း လိုက်နာ၍ သူတပါးတို့အား လည်း လိုက်နာစေရန် စည်းရုံး ဆောင်ရွက်ကြရပါမည်။

၆။ အထူးအားဖြင့် ကြီးကြပ်ရေးအဖွဲ့ဝင် သံဃာများနှင့် စာသင်သား သံဃာများသည် မြို့နယ်ပြည်သူ့ကောင်စီများနှင့် လည်းကောင်း၊ ဆွမ်းကျွေးအသင်းအဖွဲ့များမှ ဒါယကာ၊ ဒါယိကာမများနှင့် လည်းကောင်း ဆက်ဆံကြရာတွင် "အပ္ပသန္နာနံ ပသာဒါယ၊ ပသန္နာနံ ဘိယျောဘာဝါယ= မကြည်ညိုသေးသူများ ကြည်ညိုလာအောင်၊ ကြည်ညိုရင်း ရှိကြသူများ အကြည်ညို တိုးလာအောင် ပြုမူကြရမည်" ဟူသော မြတ်စွာဘုရား အဆုံးအမတော်ကြီးကို ဦးထိပ်ရွက် ပန်ဆင်ကြ၍ သည်းခံခြင်း အမြော်အမြင် ကြီးမားခြင်းများဖြင့် ပြေပြေပြစ်ပြစ် ချစ်နှစ်လိုစွာ ဆက်ဆံဆောင်ရွက်တော် မူကြရန်ကိုလည်း မေတ္တာရပ်ခံအပ်ပေသည်။

| | |
|---|---|
| ဘဒ္ဒန္တ ဝိမလ<br>(အဂ္ဂမဟာပဏ္ဍိတ)<br>ဒုတိယ ဥက္ကဋ္ဌဆရာတော် | ဘဒ္ဒန္တ ခေမာစာရ<br>တွဲဖက် အကျိုးတော်ဆောင်ဆရာတော် |

---

## ပါဠိပထမပြန်စာမေးပွဲ
## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းပုံနှင့် ကြီးကြပ်ရေးအဖွဲ့၏ တာဝန်ဝတ္တရားများ

၁။ ပါဠိပထမပြန်စာမေးပွဲ စာဖြေဌာနတိုင်းတွင် အချိန်ကျရောက်သည့် အခါ ပါဠိပထမပြန်စာမေးပွဲကို စနစ်တကျ သန့်ရှင်းစွာ ကျင်းပနိုင်ရန်အတွက် ပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းရမည်။

http://www.dhammadownload.com



၂။ ဖယောင်းအဖွဲ့များကို ဖွဲ့စည်းရာ၌ စာဖြေဌာနတည်ရာ မြို့နယ်ပြည်သူ့ကောင်စီက မြို့နယ်သံဃနာယကအဖွဲ့နှင့် ညှိနှိုင်း၍ ဖွဲ့စည်းပေးရမည်။

၃။ မြို့နယ် သံဃနာယက ဆရာတော်များသည် ကြီးကြပ်ရေးအဖွဲ့အား ဩဝါဒပေးတော်မူရန် ဩဝါဒါစရိယ ဆရာတော်များအဖြစ် ဆောင်ရွက်ရမည်။

၄။ ကြီးကြပ်ရေးအဖွဲ့ဝင် ဆရာတော်များအဖြစ် မြို့နယ် သံဃာ့ဝန်ဆောင်ဆရာတော်များကို မြို့နယ် သံဃနာယကအဖွဲ့က တာဝန်ပေးရမည်။ ဝန်ဆောင်အရေအတွက်ကို အခြေအနေအရ သင့်သလို သတ်မှတ်ပေးရမည်။

၅။ ကြီးကြပ်ရေးအဖွဲ့ဝင် ဆရာတော်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ဆရာတော်တို့ကို ရွေးချယ်တင်မြှောက်ရမည်။

၆။ ကြီးကြပ်ရေးအဖွဲ့များတွင် ပါဝင်ရန် လူအဖွဲ့ဝင်များကို ရွေးချယ်ရာ၌ စာမေးပွဲကြီး သန့်ရှင်းရေးကို အထောက်အပံ့ဖြစ်စေရန် အလို့ငှာ ကြီးကြပ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည့် ဗုဒ္ဓဘာသာအသင်းအဖွဲ့ခေါင်းဆောင်များကို ဦးစားပေး ရွေးချယ်ရမည်၊ အရာထမ်း အမှုထမ်းများကိုလည်း ရွေးချယ်ထည့်သွင်းနိုင်ပါသည်။

၇။ ကြီးကြပ်ရေးအဖွဲ့ဝင် လူဝတ်ကြောင်များ၏ အရေအတွက်ကို အကြမ်းဖျင်းအားဖြင့် စာဖြေပုဂ္ဂိုလ် (၃၀) လျှင် တစ်ဦးကျနှုန်းဖြင့် ရွေးချယ် ရမည်။ ပိုသော စာဖြေဦးရေအတွက် နောက်ထပ် တစ်ဦးကို ရွေးချယ်နိုင်သည်။

(အမှန်တကယ် ဝင်ရောက်ဖြေဆိုသည့် ပုဂ္ဂိုလ်ဦးရေ လျော့နည်းလျှင်သော် လည်းကောင်း၊ ပထမငယ်တန်းနှင့် ပထမလတ်တန်း စာမေးပွဲများ အသီးသီး ပြီးဆုံးသွား၍ စာဖြေပုဂ္ဂိုလ်များ နည်းပါးသွားသည့်အခါတွင်သော် လည်းကောင်း လူအဖွဲ့ဝင်ဦးရေကို အချိုးကျ လျှော့ပေါ့သွားရန်ဖြစ်ပါသည်။)

http://www.dhammadownload.com



၈။ ကြီးကြပ်ရေးအဖွဲ့ဝင် လူပုဂ္ဂိုလ်များထဲမှ စာမေးပွဲကျင်းပရေးဆိုင်ရာ လုပ်ငန်းကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သူ တစ်ဦးအား တွဲဖက်အတွင်းရေးမှူး အဖြစ် ရွေးချယ်ခန့်ထားရမည်။ ထို တွဲဖက်အတွင်းရေးမှူးသည် ကြီးကြပ်ရေးမှူး၏ တာဝန်ကို အပြည့်အဝ ဆောင်ရွက်ရမည်။

၉။ မိမိတို့မြို့နယ် အခြေအနေအရ ကျောက်ထီးတန္တု အလေးပြုအပ်သော ဆရာတော်ဘုရားကြီးများရှိလျှင်၊ လိုလည်း လိုအပ်သည်ဟု ယူဆလျှင် ထိုဆရာတော် ၃-ပါး၊ သို့မဟုတ် ၅-ပါးကို နာယက ဆရာတော်များအဖြစ် တင်မြှောက်နိုင်သည်။

## ကြီးကြပ်ရေးအဖွဲ့၏ တာဝန်ဝတ္တရားများ

စာမေးပွဲကြီးကြပ်ရေး အဖွဲ့ဝင် ဆရာတော်များသည် –

(က) မိမိတို့ တာဝန်ကျသောနေ့၌ စာဖြေဌာနသို့ စာမေးပွဲကျင်းပ ချိန် မတိုင်မီ အနည်းဆုံး မိနစ် (၃၀) ကြိုတင်၍ ရောက်ရှိတော်မူရပါမည်။

(ခ) မိမိ မလာနိုင်သည့်အတွက် မည်သည့်ပုဂ္ဂိုလ်ကိုမျှ ကိုယ်စားလှယ် အဖြစ် မစေလွှတ်ရ။

(ဂ) စာမေးပွဲ မကျင်းပမီ လည်းကောင်း၊ ကျင်းပစဉ် လည်းကောင်း စာမေးပွဲဆိုင်ရာ ကိစ္စအရပ်ရပ်တို့ကို အစည်းအဝေးများ ကျင်းပ၍ ဆောင်ရွက်ရမည်။ ကျင်းပသည့်အခါ အဖွဲ့များ အချင်းချင်း ရှင်းလင်း ပြောဆိုနိုင်ရန် ပြင်ပပုဂ္ဂိုလ်များနှင့် မရောယှက်သော သီးခြားနေရာကို ရွေးချယ် ကျင်းပရမည်။

(ဃ) စာမေးပွဲအချိန်မစမီ တာဝန်ရှိသူ တင်ပြလာသော ထိုနေ့အတွက် မေးခွန်းလွှာများ ထည့်သွင်းထားသည့် စာအိတ်များကို

http://www.dhammadownload.com



ချိပ်တံဆိပ်များ ချွတ်ယွင်းချက် ရှိ မရှိ စစ်ဆေးပြီး ဖွင့်လှစ်စေ၍ မေးခွန်းလွှာ ဦးရေ ပြည့် မပြည့် စစ်ဆေးတော်မူရပါမည်။

(င) မိမိတို့ တာဝန်ကျရာ အခန်း၌ ကြီးကြပ်ရေးအဖွဲ့ဝင် လူပုဂ္ဂိုလ်များနှင့်အတူ တွဲဖက်၍ စာမေးပွဲကို ကြီးကြပ်တော်မူရပါမည်။

(စ) စာမေးပွဲ ကျင်းပချိန်ဖြစ်သော ၁၂–နာရီ မထိုးမီ ၁၅–မိနစ် အလိုတွင် စာဖြေအခန်းမှ စာဖြေမည့်သူအားလုံးကို ထွက်စေ၍ (ရုံခါ၍) တံခါးအလုံပိတ်ပြီးမှ အဖြေစာအုပ်များကို လိုက်လံချထားစေရပါမည်။

(ဆ) ၁၂–နာရီမထိုးမီ ၅–မိနစ်အလိုတွင် မေးခွန်းလွှာများကို စာဖြေမည့်ပုဂ္ဂိုလ်တစ်ဦးလျှင် တစ်ရွက်ကျစီ စာဖြေခုံပေါ်၌ မှောက်၍ချထားရမည်။

(ဇ) ၁၂–နာရီတီတီအချိန်တွင် စာဖြေခန်းတံခါးကို ဖွင့်ပေးစေပြီး စာဖြေသူများအား တစ်ဦးစီ ဝင်စေရပါမည်။ ထိုသို့ဝင်ရာ၌ စာဖြေခန်းအတွင်းသို့ လွယ်အိတ်၊ စာအုပ် စသည့် မည်သည့်ပစ္စည်းများကိုမျှ မသွင်းရန် တာဝန်ရှိသူများက တံခါးဝမှနေ၍ ကြပ်ကြပ်မတ်မတ် စိစစ်ရမည်။ ကြီးကြပ်ရေးအဖွဲ့ဝင်များက စာဖြေပုဂ္ဂိုလ်များ၏ ပစ္စည်းများ လုံခြုံရေးအတွက် စီစဉ်ပေးရမည်။

(ဈ) နောက်ကျသော စာဖြေပုဂ္ဂိုလ်များအား စတင်စာဖြေချိန် နေ့ ၁၂–နာရီမှ မိနစ် ၃၀–ထက် ပို၍နောက်ကျလျှင် စာမေးပွဲခန်းအတွင်းသို့ ဝင်ခွင့် မပြုရ၊ ဖြေဆိုခွင့် မပြုရ၊ စာဖြေနေသော ပုဂ္ဂိုလ်များသည် တစ်နာရီ မပြည့်မီ စာမေးပွဲခန်းအတွင်းမှ ထွက်ခွာ မသွားရ၊ ဤကိစ္စကို ကြပ်ကြပ်မတ်မတ် ကြီးကြပ်ပေးရမည်။

http://www.dhammadownload.com



(ည) စာဖြေနေသည့်အခါ စာမေးပွဲ သန့်ရှင်းစေရေးအတွက် ကြီးကြပ်သူတို့က မကြာမကြာ စင်္ကြံလှည့်ခြင်း၊ ကြည့်ရှုခြင်းတို့ကို ပြုလုပ်ရမည်။ သို့ရာတွင် စာဖြေပုဂ္ဂိုလ်တို့နှင့် အလွန်နီးကပ်စွာ နေထိုင်ခြင်း၊ စာဖြေနေသော ပုဂ္ဂိုလ်တို့၏ အဖြေလွှာတို့ကို သေချာစွာ ကြည့်ရှုခြင်း စသော ယုံမှားဖွယ်ရာ အမူအရာတို့မှ ရှောင်ကြဉ်၍ ကင်းလွတ်ရာမှ စောင့်ရှောက်ရမည်။

(ဋ) စာမေးပွဲ သန့်ရှင်းစေခြင်းငှာ စာဖြေနေစဉ် စာဖြေသံဃာများအား သောက်ရေခပ်ပေးခြင်း၊ ကုဋီသွားလာရာ၌ လိုက်လံစောင့်ရှောက်ခြင်း စသော ကိစ္စများကို ဆောင်ရွက်ရန် ကြီးကြပ်ရေးအဖွဲ့ဝင် လူပုဂ္ဂိုလ်များအား တာဝန်ပေးထားရမည်။

(ဌ) မေးခွန်း၌ အက္ခရာမထင်ရှား၍သော် လည်းကောင်း၊ မှားယွင်းသည်ဟု ယူဆ၍သော် လည်းကောင်း စာဖြေသူတို့က မေးမြန်းခဲ့သော် ဩဝါဒါစရိယ ဆရာတော်များထံ ချက်ခြင်း တင်ပြ၍ ဆရာတော်များက ညွှန်ကြားသည့်အတိုင်း ထိုမေးခွန်းကို ရှင်းလင်းလျှောက်ထားရမည်။

(ဍ) စာဖြေပုဂ္ဂိုလ်အချင်းချင်း ပြော၍ ဖြေဆိုခြင်း၊ တစ်ဦးထံမှအဖြေကို အခြားတစ်ဦးက ဖြစ်စေ၊ နှစ်ဦးကဖြစ်စေ ကြည့်ရှုဖြေဆိုခြင်း၊ ဘာသာရပ်ဆိုင်ရာ ရေးသားထားသော စာရွက်စာတမ်းများကို တွေ့ရှိခြင်း၊ သို့မဟုတ် ၎င်းတို့ကို ကြည့်ရှုရေးသားခြင်းစသော တရားမဲ့စွာ ဖြေဆိုနေမှုကို တွေ့ရှိရသော် အခြားကြီးကြပ်ရေး အဖွဲ့ဝင်တစ်ဦးအား ခေါ်၍ ကြည့်ရှုစေပြီးလျှင် အမှုထင်ရှား နေပါက တွေ့ရှိရသော ထိုကြီးကြပ်ရေးအဖွဲ့ဝင် ၂-ဦးက ဆိုင်ရာ တိုင်တန်းစာ ပုံစံတွင် ဖြည့်သွင်း၍ လက်မှတ်ထိုးပြီးလျှင် ထို တိုင်တန်းစာကို စာအိတ်တွင်ပိတ်၍ သာသနာရေးဦးစီးဌာန

http://www.dhammadownload.com



ပါဠိပုထမပြန်နှင့် ဓမ္မာစရိယဌာနသို့ ပေးပို့ရန် ဥက္ကဋ္ဌမှ တစ်ဆင့် ကြီးကြပ်ရေးမှူးအား ပေးအပ်ရမည်။

(ဃ) စာမေးပွဲနှင့်စပ်လျဉ်းသည့် အခြားကိစ္စရပ်များ ပေါ်ပေါက်လာသောအခါ ဥက္ကဋ္ဌဆရာတော်ထံ တင်ပြ၍ ကြီးကြပ်ရေးမှူးနှင့် ညှိနှိုင်းတိုင်ပင်ပြီး ပြေလည်အောင် ဆောင်ရွက်ပေးရမည်။

(ဏ) ကြီးကြပ်ရေးအဖွဲ့ဝင် အားလုံးသည် စာဖြေခန်းအတွင်း၌ ကြီးကြပ်ရေးဆိုင်ရာ စည်းမျဉ်းအတိုင်း အချိန်ကုန်အောင် စောင့်ကြပ်ပေးရမည်။

(တ) စာဖြေချိန် ကုန်ဆုံး၍ ကြီးကြပ်ရေးမှူးက အဖြေလွှာများကို ထုပ်ခြင်း၊ ထိုအထုပ်များကို ချိပ်ထိုးခြင်းများ ပြုလုပ်သောအခါ၌ စစ်ဆေးကြည့်ရှုတော်မူရမည်။

၁၀။ ကြီးကြပ်ရေးမှူး (တွဲဖက်အတွင်းရေးမှူး) သည် စာမေးပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ အောက်ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည်-

(က) စာဖြေပုဂ္ဂိုလ်များအား အတန်းအလိုက် နေရာချထားပေးနိုင်ရန် အဆောက်အဦနှင့်အခန်းပုံစံကို လည်းကောင်း၊ ခုံနံပါတ်များ ရေးထိုးထားသည့် စာဖြေခုံ အစီအစဉ်ကို လည်းကောင်း သက်ဆိုင်ရာ ပြည်သူ့ကောင်စီနှင့် ဩဝါဒါစရိယအဖွဲ့၏ အတည်ပြုချက်ဖြင့် ကြိုတင်ရေးဆွဲ စီစဉ်ဆောင်ရွက်ရမည်။

(ခ) ကြီးကြပ်ရေးအဖွဲ့ဝင် လူပုဂ္ဂိုလ်များအား အောက်ပါ လုပ်ငန်းတာဝန်များ ဆောင်ရွက်စေရန် စီမံခန့်ခွဲပေးရမည် –

(၁) စာမေးပွဲ အခန်းအလိုက် ခွဲ၍ အဖွဲ့ဝင် ဆရာတော်များနှင့် အတူ တွဲဖက်လျက် စာမေးပွဲကို သန့်ရှင်းအောင် စနစ်တကျ ကြီးကြပ်စေခြင်း။

http://www.dhammadownload.com



(၂) စာဖြေပုဂ္ဂိုလ်များအား သက်ဆိုင်ရာ ဇယားပုံစံတွင် နေ့စဉ် လက်မှတ် ရေးထိုးကြစေခြင်း။

(၃) စာဖြေပုဂ္ဂိုလ်များ၏ ဝင်ခွင့်လက်မှတ်များကို နေ့စဉ် စစ်ဆေး၍ အတန်းအလိုက် စာမေးပွဲများ ပြီးဆုံးသည့်အခါ စာဖြေပုဂ္ဂိုလ်များထံမှ ပြန်လည်ရယူခြင်း။

(၄) မသမာဖြေသည့် ပုဂ္ဂိုလ်များကို မည်သို့ မသမာဖြေကြောင်း အဖွဲ့ဝင်ဆရာတော်များ၏ စာဖြင့် ရေးမှတ်ချက်ကို အဖွဲ့ဝင် ဆရာတော်၏ မှတ်ချက်နှင့်အတူ ကြီးကြပ်ရေးမှူးသို့ ပေးအပ်ကြစေခြင်း။

(၅) စာမေးပွဲဖြေ-မဖြေ စာရင်းကို ဆိုင်ရာ ပုံစံတွင် နေ့စဉ် ရေးသွင်းကြစေခြင်း။

(ဂ) စာမေးပွဲဖြေဆိုခြင်းနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာသော ကိစ္စများကို ကြီးကြပ်ရေးအဖွဲ့ ဉက္ကဋ္ဌ ဆရာတော်ထံ လျှောက်ထားတိုင်ပင်၍ ပြီးပြတ် ပြေငြိမ်းအောင် ဆောင်ရွက်ရမည်။ ထို့ထက် အရေးကြီးသော ကိစ္စများကိုမူ သက်ဆိုင်ရာ ပြည်သူ့ကောင်စီသို့ လည်းကောင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ လည်းကောင်း အလျင်အမြန် အကြောင်းကြားရမည်။

(ဃ) နေ့စဉ် ဖြေဆိုပြီးသော အဖြေလွှာအထုပ်များကို ထိုနေ့အတွက် ဖြေ-မဖြေ ခုံနံပါတ် စာရင်းများနှင့်အတူ ချိပ်တံဆိပ်များ နှိပ်ပြီးလျှင် သာသနာရေးဦးစီးဌာန ပါဠိ ပထမပြန်နှင့် ဓမ္မာစရိယ စာမေးပွဲဌာနသို့ နေ့စဉ်ပေးပို့ရမည်။

(င) စာမေးပွဲဖြေဆိုခြင်းနှင့် စပ်လျဉ်းသည့် အခြေအနေ ဖော်ပြပါရှိသော အစီအရင်ခံစာကိုလည်း သီးခြားစာအိတ်ဖြင့် နေ့စဉ်

http://www.dhammadownload.com



ပေးပို့ရမည်။ စာမေးပွဲအားလုံး ပြီးဆုံးသောအခါ အောက်ပါတို့ကို သာသနာရေးဦးစီးဌာန၊ ပါဠိပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲဌာနသို့ ပေးပို့ရပါမည်၊

(၁) စာမေးပွဲ အတန်းအလိုက် ပြုလုပ်ထားသော အခန်းပုံစံများနှင့် ခုံနံပါတ် (စာဖြေခုံ) အစီအစဉ်များ၊

(၂) စာဖြေပုဂ္ဂိုလ်၏ ဝင်ခွင့်လက်မှတ်များ၊

(၃) မသမာဖြေဆိုကြောင်း တိုင်တန်းထားသည့် စာများ၊

(၄) စာဖြေပုဂ္ဂိုလ်များ နေ့စဉ် လက်မှတ်ရေးထိုးထားကြသည့် နေ့စဉ် စာရင်းဇယားများ၊

(၅) စာမေးပွဲ ကျင်းပခြင်းနှင့် ပတ်သက်သည့် အစီရင်ခံစာ၊

(၆) ကြီးကြပ်ရေးအဖွဲ့ဝင် ဆရာတော်များနှင့် လူပုဂ္ဂိုလ်များ နေ့စဉ် လက်မှတ်ရေးထိုးထားကြသည့် မှတ်တမ်း စသည်တို့နှင့်အတူ စာမေးပွဲ ကြီးကြပ်ခ တောင်းခံလွှာ။

၁၁။ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အထူးဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် —

(က) ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်သည် စာမေးပွဲဖြေဆိုနေစဉ် စာမေးပွဲကျင်းပသော အခန်း၏ အနီး ဥပစာသို့ ဩဝါဒါစရိယဆရာတော်များနှင့် ကြီးကြပ်ရေး အဖွဲ့ဝင်များမှတပါး အခြားသံဃာ၊ လူပုဂ္ဂိုလ် မည်သူတစ်ဦး တစ်ယောက်မျှ ဖြတ်သန်းသွားလာခြင်း၊ လာရောက်ကြည့်ရှုခြင်း စသည် မပြုရန်အတွက် လုံခြုံရေးတာဝန်ကို ပြည်သူ့ကောင်စီ၏ အကူအညီဖြင့် စီစဉ်ချထားရမည်။

http://www.dhammadownload.com



(ခ) ထိုနေ့အတွက် လိုအပ်မည့် အဖြေစာအုပ်တိုင်းတွင် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကိုယ်တိုင် လက်မှတ်ရေးထိုးရမည်၊ သို့မဟုတ် ဥက္ကဋ္ဌ၏ လက်မှတ်ပါသော ရာဘာတံဆိပ် ရိုက်နှိပ်ရမည်။

(ဂ) ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်သည် ကြီးကြပ်ရေးမှူးနှင့် ညှိနှိုင်း၍ စာဖြေသံဃာနှင့် ဌာနတို့ကို ထောက်ရှု၍ ဌာနခွဲခြားပြီး စောင့်ရှောက်သင့်ပါလျှင် စောင့်ရှောက်ရန် စီစဉ်ပေးရမည်။ ထို့ပြင် အဖွဲ့ဝင်တို့အား သင့်လျော်သလို ညွှန်ကြားပေးရမည်။ အကြောင်းအားလျော်စွာ ပြဿနာတစ်ရပ်ရပ် ဖြစ်ပေါ်လာပါက ငြိမ်းအေး ချမ်းသာစွာ ဖြစ်စေခြင်းငှာ မေတ္တာရှေ့ထား၍ ဦးဆောင် ဖြေရှင်းပေးရမည်။

(ဃ) စာဖြေသံဃာတို့ မေ့လျော့ ကျန်ရစ်သော ပစ္စည်းများကို ပိုင်ရှင်ပုဂ္ဂိုလ်များ ပြန်လည်ရရှိစေရန်အတွက် စောင့်ရှောက် သိမ်းဆည်းထားစေရမည်။ လာရောက်တောင်းယူခြင်း မပြုပါက ကြေညာ၍ ပစ္စည်းရှင်အား ပေးစေရပါမည်။

၁၂။ ဩဝါဒါစရိယ ဆရာတော်များသည် ကြီးကြပ်ရေးအဖွဲ့ဝင်များ၏ စာမေးပွဲကြီးကြပ်အုပ်ချုပ်မှုကို အမြဲတစေ စိစစ်ကြည့်ရှုတော်မူရပါမည်။ ချွတ်ယွင်းချက် တွေ့ရှိပါလျှင် ပြုပြင်ဆောင်ရွက်ရန် ဩဝါဒပေးတော်မူရပါမည်။

အကယ်၍ ကြီးကြပ်ရေးအဖွဲ့ထဲမှ အဖွဲ့ဝင်တစ်ဦးဦးသည် စာမေးပွဲနှင့် ပတ်သက်၍ မသမာမှုတစ်နည်းနည်းကျူးလွန်သည်ကို မိမိကိုယ်တိုင် တွေ့ရှိရလျှင်သော် လည်းကောင်း၊ အခြား အဖွဲ့ဝင်များက တိုင်ကြားလာသဖြင့် ကြားနာစိစစ်၍ အထောက်အထားခိုင်လုံသည်ဟု ယူဆလျှင်သော်

http://www.dhammadownload.com



လည်းကောင်း ထိုပုဂ္ဂိုလ်အား ကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပယ်ရန် ပြည်သူ့ကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်တော်မူရပါမည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
ကမ္ဘာအေး၊ ရန်ကုန်မြို့။

---

**ဓမ္မာစရိယ စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းပုံနှင့် ကြီးကြပ်ရေးအဖွဲ့၏ တာဝန်ဝတ္တရားများ။**

၁။ ဓမ္မာစရိယစာမေးပွဲ စာဖြေဌာနတိုင်းတွင် အချိန်ကျရောက်သည့်အခါ ဓမ္မာစရိယစာမေးပွဲကို စနစ်တကျ သန့်ရှင်းစွာ ကျင်းပနိုင်ရန်အတွက် ဓမ္မာစရိယစာမေးပွဲ ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းရမည်။

၂။ ယင်းအဖွဲ့များကို ဖွဲ့စည်းရာ၌ စာဖြေဌာနတည်ရာ မြို့နယ်ပြည်သူ့ကောင်စီက မြို့နယ်သံဃနာယကအဖွဲ့နှင့် ညှိနှိုင်း၍ ဖွဲ့စည်းပေးရမည်။

၃။ ဤအဖွဲ့တွင် မြို့နယ်သံဃာ့ဝန်ဆောင်ဆရာတော်များကိုလည်းကောင်း၊ စာမေးပွဲကျင်းပရေးဆိုင်ရာ လုပ်ငန်းများကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်မည့် လူပုဂ္ဂိုလ် သုံးဦးကို လည်းကောင်း ပါဝင်စေရမည်။

http://www.dhammadownload.com



၄။ မြို့နယ်သံဃနာယက ဆရာတော်များသည် ကြီးကြပ်ရေးအဖွဲ့အား ဩဝါဒပေးတော်မူရန် ဩဝါဒါစရိယ ဆရာတော်များအဖြစ် ဆောင်ရွက်ရမည်။

၅။ ကြီးကြပ်ရေးအဖွဲ့ဝင်များ၏ ဦးရေကို မိမိတို့ စာဖြေဌာန၏ စာဖြေပုဂ္ဂိုလ် ဦးရေနှင့် နှိုင်းယှဉ်ချင့်တွက်၍ သတ်မှတ်ရမည်။

၆။ ကြီးကြပ်ရေးအဖွဲ့ဝင်ဆရာတော်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ရွေးချယ်တင်မြှောက်ရမည်။

၇။ ယင်းအပိုဒ် (၃) အရ၊ ရွေးချယ်ထားသော ပုဂ္ဂိုလ်တစ်ဦးကို ကြီးကြပ်ရေးအဖွဲ့၏ တွဲဖက် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်စေရမည်။

၈။ မိမိတို့မြို့နယ် အခြေအနေအရ ကျောက်ထိးတန္တု အလေးပြုအပ်သော ဆရာတော်ကြီးများရှိလျှင်၊ လိုလည်းလိုအပ်နေသည်ဟု ယူဆလျှင် ထို ဆရာတော် ၃-ပါး၊ သို့မဟုတ် ၅-ပါးကို နာယက ဆရာတော်များအဖြစ် တင်မြှောက် နိုင်သည်။

**ကြီးကြပ်ရေးအဖွဲ့၏ တာဝန်ဝတ္တရားများ**

ကြီးကြပ်ရေးအဖွဲ့၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) စာမေးပွဲ မကျင်းပမီလည်းကောင်း၊ ကျင်းပစဉ်လည်းကောင်း စာမေးပွဲဆိုင်ရာ ကိစ္စအရပ်ရပ်တို့ကို အစည်းအဝေးများ ကျင်းပ၍ ဆောင်ရွက်ရမည်။ ကျင်းပသည့်အခါ အဖွဲ့ဝင်များ အချင်းချင်း ရှင်းလင်းပြောဆိုနိုင်ရန် ပြင်ပ ပုဂ္ဂိုလ်များနှင့် မရောယှက်သော သီးခြားနေရာကို ရွေးချယ်ကျင်းပရမည်။

(ခ) စာမေးပွဲ သန့်ရှင်းစေခြင်းဟု စာဖြေနေစဉ် စာဖြေသံဃာများအား သောက်ရေခပ်ပေးခြင်း၊ ကုဋီသွားလာရာ၌ လိုက်လံ စောင့်ရှောက်

http://www.dhammadownload.com



ခြင်း စသော အထွေထွေကိစ္စများကို ဆောင်ရွက်ရန်အတွက် ကြီးကြပ်ရေးအဖွဲ့တွင် ပါဝင်သော လူပုဂ္ဂိုလ်များကို တာဝန် ပေးရမည်။

(ဂ) သာသနာရေးဦးစီးဌာနက ပေးပို့ထားသော စာရေးကိရိယာများကို လိုအပ်သလို ခန့်ခွဲ သုံးစွဲရမည်။

(ဃ) ကြီးကြပ်ရေးအဖွဲ့ဝင်များသည် နေ့စဉ် နံနက် (၁၁)နာရီ၊ မိနစ် (၃၀) ထက် နောက်မကျစေမူ၍လည်းကောင်း၊ ဩဝါဒါစရိယ ဆရာတော်များသည် နေ့စဉ် (၁၂)နာရီမတိုင်မီ လည်းကောင်း စာမေးပွဲကျင်းပရာဌာနသို့ ကိုယ်တိုင် ရောက်ရှိကြရမည်။

(င) ထိုနေ့အတွက် လိုအပ်မည့် အဖြေစာအုပ်တိုင်းတွင် ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ က နေ့စွဲနှင့်တကွ ကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။ သို့မဟုတ် ဥက္ကဋ္ဌ၏ လက်မှတ်ပါရှိသော ရာဘာတံဆိပ် ရိုက်နှိပ်ရမည်။

(စ) ၁၂–နာရီမထိုးမီ (၁၅) မိနစ်အလိုတွင် စာဖြေခန်းမှ စာဖြေမည့်သူ အားလုံးကို ထွက်စေ၍ (ရုံခါ၍) တံခါးအလုံပိတ်ပြီးမှ အဖြေစာအုပ်များကို လိုက်လံချထားရမည်။

(ဆ) ၁၂–နာရီ မထိုးမီ (၁၅) မိနစ်အချိန်တွင် လျှို့ဝှက် လုံခြုံသော နေရာ၌ ဆိုင်ရာတာဝန်ခံ ပုဂ္ဂိုလ်များက ပေးအပ်သော ချိပ်ပိတ် ထားသည့် မေးခွန်းအိတ်များကို လက်ခံ၍ ယင်းမေးခွန်းအိတ်ကို လည်းကောင်း၊ ဘာသာရပ်ကို လည်းကောင်း၊ မေးခွန်းလွှာ အရေအတွက်ကို လည်းကောင်း စစ်ဆေးပြီးလျှင် ချို့ယွင်းချက် ကွဲလွဲချက် တစုံတရာ တွေ့ရှိပါက တာဝန်ခံပုဂ္ဂိုလ်အား ချက်ခြင်း ပြောကြား အသိပေးရမည်။

http://www.dhammadownload.com



(ဓ) ၁၂–နာရီ မထိုးမီ (၅) မိနစ်အလိုတွင် မေးခွန်းလွှာများကို စာဖြေမည့်ပုဂ္ဂိုလ်တစ်ဦးလျှင် တစ်ရွက်ကျစီ စာဖြေခုံပေါ်၌ မှောက်၍ ထားရမည်။

(ဈ) ၁၂–နာရီတိတိ အချိန်တွင် စာဖြေခန်းတံခါးကို ဖွင့်ပေးပြီး စာဖြေသူများအား ဝင်စေရမည်။ ထိုသို့ ဝင်ရာ၌ စာဖြေခန်း အတွင်းသို့ လွယ်အိတ်၊ စာအုပ် စသည့် မည်သည့်ပစ္စည်းကိုမျှ မသွင်းရန် တာဝန်ရှိသူများက တံခါးဝမှနေ၍ ကြပ်ကြပ် မတ်မတ် စိစစ်ရမည်။ ကြီးကြပ်ရေး အဖွဲ့ဝင်များက စာဖြေပုဂ္ဂိုလ်များ၏ ပစ္စည်းများ လုံခြုံရေးအတွက် စီစဉ်ပေးရမည်။

(ည) စာဖြေနေသည့်အခါ စာမေးပွဲ သန့်ရှင်းစင်ကြယ်စွာ ဖြစ်စေခြင်းငှာ ကြီးကြပ်သူတို့က မကြာမကြာ စင်္ကြံ လျှောက်ခြင်း၊ လှည့်လည် ကြည့်ရှုခြင်းတို့ကို ပြုလုပ်ရမည်။ သို့ရာတွင် စာဖြေသံဃာတို့နှင့် အလွန်နီးကပ်စွာ နေထိုင်ခြင်း၊ စာဖြေနေသော သူတို့၏ အဖြေလွှာတို့ကို သေချာစွာကြည့်ရှုခြင်း စသော ယုံမှားဖွယ်ရာ အမူအရာတို့မှ ရှောင်ကြဉ်၍ ကင်းလွတ်ရာ နေရာမှပင် စောင့်ရှောက်ရမည်။

(ဋ) နောက်ကျသော စာဖြေ ပုဂ္ဂိုလ်များအား စတင်စာဖြေချိန် နေ့ ၁၂–နာရီမှ ၃၀–မိနစ်ထက် ပို၍ နောက်ကျလျှင် စာမေးပွဲခန်းတွင်းသို့ ဝင်ခွင့် မပြုရ၊ ဖြေဆိုခွင့် မပြုရ။ စာဖြေနေသော ပုဂ္ဂိုလ်များသည် ၁–နာရီမပြည့်မီ စာမေးပွဲခန်းတွင်းမှ ထွက်ခွာမသွားရ၊ ဤကိစ္စကို ကြပ်ကြပ်မတ်မတ် ကြီးကြပ်ပေး ရမည်။

(ဌ) မေးခွန်း၌ အက္ခရာ မထင်ရှား၍သော်လည်းကောင်း၊ မှားယွင်း သည်ဟု ယူဆ၍သော် လည်းကောင်း၊ မေးမြန်းခဲ့သော် မိမိ တစ်ပါးတည်းက မဖြေကြားဘဲ ဩဝါဒါစရိယ ဆရာတော်များ

http://www.dhammadownload.com



အား တင်ပြ၍ ဩဝါဒါစရိယ ဆရာတော်များက ညွှန်ကြားသည့် အတိုင်း ၂-ပါးထက်မနည်းသော အဖွဲ့ဝင်များက မေးခွန်း နံပါတ်၏ အကြောင်းရေ၊ လုံးရေ တို့ကို ဖော်ပြလျက် အများ ကြားလောက်အောင် ရှင်းလင်းပြောပြရမည်။

(ည) စာဖြေပုဂ္ဂိုလ်အချင်းချင်း ပြော၍ ဖြေဆိုခြင်း၊ တစ်ပါးထံမှအဖြေကို အခြားတစ်ပါးက ဖြစ်စေ၊ နှစ်ပါးကဖြစ်စေ ကြည့်ရှုဖြေဆိုခြင်း၊ ဘာသာရပ်ဆိုင်ရာ ရေးသားထားသော စာရွက်စာတမ်းများကို တွေ့ရှိခြင်း၊ သို့မဟုတ် ၎င်းကိုကြည့်ရှု၍ ရေးနေခြင်း စသော တရားမဲ့စွာ ဖြေဆိုနေမှုကို တွေ့ရှိရသော် အခြားကြီးကြပ်ရေး အဖွဲ့ဝင် တစ်ဦးအား ခေါ်၍ ကြည့်ရှုစေပြီးလျှင် အမှုထင်ရှား နေပါက တွေ့ရှိကြရသော ထိုကြီးကြပ်ရေးအဖွဲ့ဝင် (၂) ဦးက ဆိုင်ရာ တိုင်တန်းစာပုံစံတွင် ဖြည့်သွင်း၍ လက်မှတ်ရေးထိုး ကြပြီးလျှင် ထိုတိုင်တန်းစာကို စာအိတ်တွင် ပိတ်၍ သာသနာရေး ဦးစီးဌာန၊ ပါဠိပထမပြန်နှင့် ဓမ္မာစရိယ စာမေးပွဲဌာနသို့ ပေးပို့ရန် ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးအား ပေးအပ်ရမည်။

(ဋ) စာဖြေပုဂ္ဂိုလ်တို့၏ စာမေးပွဲဝင်ခွင့်လက်မှတ်များကို နေ့စဉ် စစ်ဆေး ကြည့်ရှုရမည်၊ ဖြေဆိုပြီးဆုံးသော အဖြေလွှာများကို ရေတွက်သိမ်းယူပြီး လုံခြုံစွာ ထုပ်၍ ချိပ်ထိုးပြီးလျှင် သာသနာရေး ဦးစီးဌာန၊ ပါဠိပထမပြန်နှင့် ဓမ္မာစရိယ စာမေးပွဲဌာနသို့ နေ့စဉ် ပေးပို့ရမည်။

(ဌ) စာဖြေဌာနအသီးသီး၌ ကြီးကြပ်ရေးအဖွဲ့ဝင်များသည် စာဖြေစခန်း အတွင်း၌ ကြီးကြပ်ရေးဆိုင်ရာ စည်းမျဉ်းအတိုင်း၊ အချိန် ကုန်အောင် စောင့်ရှောက်ကြရမည်။

http://www.dhammadownload.com



(တ) ကျမ်းစာပြောင်းလဲ ဖြေဆိုရမည့်နေ့တိုင်း စာဖြေခုံဇယားနှင့် စာဖြေခုံများကို ပြောင်းလဲပေးရမည်။

၉။ ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က အထူးဆောင်ရွက်ပေးရမည့် တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အတွင်းရေးမှူးသည် မိမိဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ အပြင် စာဖြေဌာနသို့ကြွလာသောကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ဩဝါဒါစရိယ ဆရာတော်များ၏ စာရင်းကို ကိုယ်တိုင်လက်မှတ် ရေးထိုးစေ၍ နေ့စဉ်ကောက်ယူထားရမည်။ ၎င်းစာရင်းကို စာမေးပွဲရက် အားလုံး ပြီးဆုံးသော နေ့၌ အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ သာသနာရေး ဦးစီးဌာန၊ ပါဠိပထမပြန်နှင့် ဓမ္မာစရိယ စာမေးပွဲဌာနသို့ ပေးပို့ရမည်။

(၁) စာမေးပွဲအခန်းပုံစံနှင့် စာဖြေခုံ အစီအစဉ်များ၊
(၂) စာဖြေပုဂ္ဂိုလ်များ၏ ဝင်ခွင့်လက်မှတ်များ၊
(၃) စာဖြေပုဂ္ဂိုလ်များ နေ့စဉ်လက်မှတ်ရေးထိုးထားသည့် စာရင်းဇယားများ၊
(၄) စာမေးပွဲကျင်းပခြင်းနှင့် ပတ်သက်သည့် အစီရင်ခံစာ၊

၁၀။ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အထူးဆောင်ရွက်ပေးရမည့် တာဝန်များ မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကြီးကြပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌ ဆရာတော်သည် စာမေးပွဲ ဖြေဆိုနေစဉ် စာမေးပွဲကျင်းပနေသောအခန်း၏ အနီးဥပစာသို့ ဩဝါဒါစရိယ ဆရာတော်များနှင့် ကြီးကြပ်ရေး အဖွဲ့ဝင် ပုဂ္ဂိုလ်များမှတပါး၊ အခြား သံဃာ၊ လူပုဂ္ဂိုလ် မည်သူ တစ်ဦး တစ်ယောက်မျှ ဖြတ်သန်း သွားလာခြင်း၊ လာရောက် ကြည့်ရှုခြင်း မပြုလုပ်ရန် လုံခြုံရေး တာဝန်ကို ပြည်သူ့ကောင်စီ၏ အကူအညီဖြင့် စီစဉ်ချထားရမည်။

http://www.dhammadownload.com



(ခ) ကြီးကြပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌ ဆရာတော်သည် စာဖြေသံဃာနှင့် ဌာနတို့ကို ထောက်ရှု၍ ဌာနခွဲခြားပြီး စောင့်ရှောက်သင့်ပါလျှင် စောင့်ရှောက်ရန် စီစဉ်ပေးရမည်။ အဖွဲ့ဝင်တို့အား သင့်သလို ခန့်ခွဲညွှန်ကြားပေးရမည်။ အကြောင်းအားလျော်စွာ ဖြစ်ပေါ် လာသော စာဖြေသံဃာတော်တို့၏ အခက်အခဲ ကိစ္စများကို ငြိမ်းအေးချမ်းသာစွာဖြစ်စေခြင်းငှာ မိမိ၏ အခွင့်အရေး တာဝန်ရှိသမျှ မေတ္တာရှေ့ထား၍ ကူညီဖြေရှင်းပေးရမည်။

(ဂ) စာဖြေသံဃာတို့ထံမှ မေ့လျော့ပြီး ကျန်ခဲ့သော ပစ္စည်းများကို ပိုင်ရှင်ပုဂ္ဂိုလ်များ ပြန်လည်ရရှိစေခြင်းငှာ စောင့်ရှောက်၍ သိမ်းဆည်းထားရမည်။ လာရောက်တောင်းယူခြင်းမပြုပါလျှင် ကြေညာ၍ ပစ္စည်းရှင်အား ပြန်လည်ပေးရမည်။

၁၁။ ဩဝါဒါစရိယဆရာတော်များသည် ကြီးကြပ်ရေးအဖွဲ့ဝင်များ၏ စာမေးပွဲ ကြီးကြပ်အုပ်ချုပ်မှုကို အမြဲတစေ စိစစ်ကြည့်ရှုတော် မူရပါမည်။ ချို့ယွင်းချက်တွေ့ရှိရပါလျှင် ပြုပြင်ဆောင်ရွက်ရန် ဩဝါဒပေးတော် မူရပါမည်။ အကယ်၍ ကြီးကြပ်ရေးအဖွဲ့ထံမှ စာဖြေပုဂ္ဂိုလ်အား ကူညီဖြေဆိုပေးသည့် မသမာမှုတစ်နည်းနည်း ကျူးလွန်သည်ကို မိမိတို့ ကိုယ်တိုင် တွေ့ရှိရလျှင်သော်လည်းကောင်း၊ အခြားအဖွဲ့ဝင်များက တိုင်ကြားလာသဖြင့် ကြားနာ၍ အထောက်အထား ခိုင်လုံသည်ဟု ယူဆလျှင်သော် လည်းကောင်း ထိုပုဂ္ဂိုလ်အား ကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပယ်ရန် ပြည်သူ့ကောင်စီနှင့် ညှိနှိုင်းဆောင်ရွက် တော်မူရပါမည်။

**နိုင်ငံတော် သံဃမဟာနာယက အဖွဲ့**
**ကမ္ဘာအေး၊ ရန်ကုန်မြို့။**

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၂၁)

## ကျောင်း/ကျောင်းတိုက်အသစ်များ ဆောက်လုပ်ခြင်းကိစ္စ။

(၂၂၊ ၅၊ ၈၁) (–၄၊ ၂၊ ၄၃)

၁။ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် လိုအပ်မှုမရှိဘဲ မိမိတို့သဘောအရ ဖြစ်စေ၊ ဒါယကာများ၏ လျှောက်ထားချက်အရ ဖြစ်စေ၊ ရှိရင်းစွဲ ကျောင်း/ကျောင်းတိုက်များမှ သီးခြားခွဲ၍ ကျောင်း/ကျောင်းတိုက် အသစ်များ ဆောက်လုပ်ခြင်းသည် ဒေသအတွင်းရှိ ဒါယကာများအတွင်း၌ ဖြစ်စေ၊ ရဟန်း သံဃာတော်များ အတွင်း၌ဖြစ်စေ အချင်းချင်း မညီမညွတ်ဖြစ်ခြင်း၊ စိတ်ဝမ်းကွဲပြားခြင်း၊ ပဋိပက္ခဖြစ်ပွားခြင်း၊ စည်းလုံးညီညွတ်မှု ပျက်ပြားခြင်းစသည့် အပြစ်များကို ဖြစ်စေနိုင်သောကြောင့် ထိုကဲ့သို့ ကျောင်း/ကျောင်းတိုက် အသစ်များ ဆောက်လုပ်ခြင်းမျိုး မပြုရေးအတွက် ဆိုင်ရာ ရဟန်းတော်များအား ဆုံးမသြဝါဒပေးကြပါရန် ညွှန်ကြားလိုက်ပါသည်။

၂။ ညီညွတ်ရေး ပျက်ပြားမှု၊ စိတ်ဝမ်းကွဲပြားမှု မရှိဘဲ လိုအပ်မှုရှိ၍ ကျောင်း/ကျောင်းတိုက် အသစ်ဆောက်လုပ်ရာ၌လည်း ကျောင်းထိုင်ဆရာတော်သည် ကျောင်းထိုင်အင်္ဂါ အရည်အချင်း ပြည့်ဝမှ သာလျှင် မြို့နယ်သံဃနာယက အဖွဲ့က ခွင့်ပြုရမည် ဖြစ်ကြောင်း ထပ်ဆင့် ညွှန်ကြားလိုက်ပါသည်။

ဘဒ္ဒန္တ ရေဝတ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏသိရိ
တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၂၂)

**လူနေရပ်ကွက်များအတွင်းရှိ လူနေအိမ်များကို ဘုန်းကြီးကျောင်းများ အဖြစ် ပြောင်းလဲအသုံးပြုခြင်း ကိစ္စ။** (၂၂၊ ၅၊ ၈၁) (-၄၊ ၂၊ ၄၃)

၁။ လူနေရပ်ကွက်အတွင်းရှိ လူနေအိမ်များကို နည်းမျိုးစုံဖြင့် ဘုန်းကြီးကျောင်းများအဖြစ်သို့ ပြောင်းလဲအသုံးပြုနေခြင်းကိစ္စများကို တားမြစ်ပေးပါရန်နှင့် ဝင်းခြံသီးသန့်မရှိဘဲ အခြားလူနေအိမ်များနှင့် ရောယှက်ရှုတ်ထွေး နေသော အိမ်များကို ဘုန်းတော်ကြီးများပိုင်အဖြစ် ပိုင်ဆိုင်မှုအမည့်ပြောင်းလဲခြင်းများကိုလည်း ခွင့်မပြုပါရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌများထံ အကြောင်းကြားရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့လည်း တင်ပြလျှောက်ထားပြီး ဖြစ်ပါသည်။

၂။ သို့ပါ၍ သံဃနာယကအဖွဲ့ အဆင့်ဆင့်သည် မိမိတို့ဆိုင်ရာဒေသအတွင်းရှိ ရဟန်းတော်များအား အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရေးအတွက် ဆုံးမဩဝါဒပေးကြပါရန် ညွှန်ကြားလိုက်ပါသည်။

(က) လူနေရပ်ကွက် လူနေအိမ်များအကြားရှိ လူနေအိမ်များကို ကျောင်းအဖြစ် အသုံးမပြုကြစေရန်၊

(ခ) ဤညွှန်ကြားလွှာ မထုတ်ပြန်မီက စေတနာသဒ္ဓါတရားအလျောက် လှူဒါန်းထားခြင်းမျိုး ဖြစ်ပါက ဝင်းခြံ သီးသန့်မရှိလျှင် ဘုန်းတော်ကြီးပိုင်အဖြစ် အမည်မပြောင်းကြစေရန်၊

(ဂ) ဤညွှန်ကြားလွှာထုတ်ပြီးနောက် လူနေရပ်ကွက်အတွင်း စေတနာအလျောက် လှူဒါန်းထားစေကာမူ ကျောင်းအဖြစ်တည်ရှိရာမျိုး မဟုတ်သဖြင့် ကျောင်းအမည်ခံ၍ အလှူမခံယူစေရန်၊

(ဃ) ဈေးရပ်ကွက်၊ လူနေအိမ်များ အတွင်း၌ ဖြစ်စေ၊ အခြား ကြည်ညိုဖွယ် မဆောင်သော နေရာများ၌ ဖြစ်စေ ကျောင်းများနှင့် စေတီပုထိုးများကို မတည်ဆောက်ကြစေရန်၊

(င) အထက်ဖော်ပြပါ နေရာများ၌ ဤညွှန်ကြားလွှာ မထုတ်ပြန်မီ မူလရှိပြီးသော ကျောင်းများနှင့် စေတီပုထိုးများကို မြို့နယ် သံဃနာယကအဖွဲ့များက စာရင်းပြုစု၍ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့သို့ ပေးပို့ကြရန်။

ဘဒ္ဒန္တ ရေဝတ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏသိရိ
တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၂၃)

ကျောက်သဘော်ဝါဒကို စွန့်လွှတ်ပြီးဖြစ်သော ရဟန်း သံဃာ တော်များအား ဆိုင်ရာ သံဃနာယကအဖွဲ့အစည်းများ၌ ထည့်သွင်း ဖွဲ့စည်းရေး ကိစ္စ။ (၂၂၊ ၅၊ ၈၁) (-၄၊ ၂၊ ၄၃)

၁။ နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁) ၏ ဆုံးဖြတ်ချက်ကို လိုက်နာသောအားဖြင့် အောက်ဖော်ပြပါ ကျောက်သဘော်ဝါဒီခေါင်းဆောင် ဆရာတော်များသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ရှေ့မှောက်၌

http://www.dhammadownload.com



ကျောက်သဘော်ဝါဒကို အမွေဝါဒအဖြစ် ကြေငြာလျက် စွန့်လွှတ်ပါကြောင်း ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။

(၁) ဦးလက္ခဏာဘာသ — ရွှေကျောင်း၊ ကြာပိုင်ရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း။

(၂) ဦးဝိသုဒ္ဓ — ကျောက်သဘော်ရိပ်သာ၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။

(၃) ဦးနန္ဒိယ — ကျောက်သဘော်ရိပ်သာ၊ ငါးစို့တိုက်၊ မန္တလေး။

(၄) ဦးကောဝိဒ — ကျောက်သဘော်ရိပ်သာ၊ ကျိုက္ကဆံဘုရားအရှေ့၊ သင်္ကန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ သို့ဖြစ်ပါ၍ မြို့နယ်သံဃနာယကအဖွဲ့များသည် မိမိတို့ မြို့နယ်အတွင်း၌ ကျောက်သဘော်ဝါဒီ ဖြစ်ခြင်းကြောင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ ပါဝင်ခွင့်မရဘဲ ကြဉ်ပယ်ခြင်း ခံခဲ့ရသော ရဟန်းသံဃာတော်များ ရှိပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြပါရန် ညွှန်ကြားလိုက်ပါသည်။

(က) ကျောက်သဘော်ဝါဒီ ရဟန်းသံဃာတော်များကို မြို့နယ်သံဃနာယကအဖွဲ့ တည်ရာဌာနသို့ ပင့်ဆောင်၍ ကျောက်သဘော်ဝါဒကို စွန့်လွှတ်ပါကြောင်း မိမိတို့ရှေ့မှောက်၌ ကိုယ်တိုင် လက်မှတ်ရေးထိုးကြစေရန်၊

(ခ) ကျောက်သဘော်ဝါဒကို စွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးပြီးပါက မိမိတို့ မူလဂိုဏ်းအလိုက် ဆိုင်ရာ သံဃာ့အဖွဲ့အစည်းများ၌ သင့်လျော်သလို ပါဝင်ခွင့်ရရှိရေးနှင့် သာသနာဝင်မှတ်တမ်း ရရှိရေးအတွက် ဆောင်ရွက်ပေးရန်၊

http://www.dhammadownload.com



(ဂ) ထိုကဲ့သို့ ဆောင်ရွက်ပြီးဖြစ်ကြောင်း စာရင်းနှင့်တကွ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သို့ တင်ပြလျှောက်ထား၍ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ မိတ္တူပေးရန်။

ဘဒ္ဒန္တ ရေဝတ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏသိရီ တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၂၅)

အကျင့်ပျက် ရဟန်းများကို အရေးယူရန် ကိစ္စ။

(၂၄၊ ၆၊ ၈၁) (–၇၊ ၃၊ ၄၃)

၁။ အရက်ကို တစ်ခါတစ်ရံသောက်သော ရဟန်း သာမဏေများကို သက်ဆိုင်ရာ ကောင်စီ အဆင့်ဆင့်က တင်ပြလာပါက မြို့နယ် သံဃနာယကအဖွဲ့ အသီးသီးက ဆုံးမခြင်းဒဏ်ပေး၍ သက်ဆိုင်ရာ ဆရာသမားထံ အပ်နှံပေးကြရမည်။

၂။ ပထမအကြိမ် ဆုံးမခြင်းဒဏ်ပေး၍ သက်ဆိုင်ရာ ဆရာသမားထံ အပ်နှံပြီးသော်လည်း စွဲစွဲမြဲမြဲ ထပ်မံသောက်သော ရဟန်း သာမဏေများကို တွေ့ရှိသဖြင့် သက်ဆိုင်ရာ ကောင်စီအဆင့်ဆင့်က ထပ်မံတင်ပြလာခဲ့သော်

http://www.dhammadownload.com



သောက်ခဲ့သော အကြိမ်၊ ဝိနည်းသိက္ခာပုဒ်များ လွန်ကျူးမှုအကြိမ်များကို ထောက်ရှု၍ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့် အညီ ကောင်စီများ၏ ဆောင်ရွက်ခွင့်အတိုင်း ဆောင်ရွက်သည်ကို လိုက်နာကြရန်ဖြစ်သည်။

၃။ ဖဲဝိုင်း၊ တစ်ချပ်မှောက်ဝိုင်း၊ လေးကောင်ဂျင်ဝိုင်း၊ မာကျောက်ဝိုင်း စသည်ဖြင့် လောင်းကစားမှုများကို မိမိကိုယ်တိုင် ပါဝင်ကစားခဲ့ခြင်း မပြုဘဲ ရပ်ကြည့်မိသော ရဟန်း သာမဏေများကို မြို့နယ် သံဃနာယကအဖွဲ့သို့ အပ်နှံလာပါက အဆုံးအမ ဩဝါဒပေး၍ သက်ဆိုင်ရာ ဆရာသမားထံ အပ်နှံပေးကြရမည်။

၄။ လောင်းကစားမှုများကို ပါဝင်ကစားသော်လည်း သက်သေမခိုင်လုံ၍ ပြည်သူ့တရားရုံးများက အပြစ်ပေးခြင်းမခံရသည့် ရဟန်းသာမဏေများကိုလည်း အထက် ဖော်ပြပါ အပိုဒ် ၃–အရ ဆောင်ရွက်ကြရမည်။

၅။ လောင်းကစားမှုများကို ပါဝင်ကစားသည့်အတွက် သက်သေခိုင်လုံ၍ အပြစ်ပေးခြင်းခံရသော ရဟန်း သာမဏေများကိုလည်း အထက်ဖော်ပြပါ အပိုဒ် ၂–အရ ဆောင်ရွက်ကြရမည်။

**မှတ်ချက်** ။ ။ ရွှေကျင်၊ မဟာဒွါရ၊ မူလဒွါရ စသည်ဖြင့် ဂိုဏ်းဆိုင်ရာမှ ရဟန်း သာမဏေ ဖြစ်နေလျှင် အဆင့်တူ သတ်မှတ်ထားသော သံဃနာယက အဆင့်ဆင့် ဆရာတော်များက ဆုံးမဩဝါဒပေးကြရန် ဖြစ်ပါသည်။

**ဘဒ္ဒန္တ ရေဝတ**
**(အဂ္ဂမဟာပဏ္ဍိတ)**
**ဒုတိယ ဥက္ကဋ္ဌဆရာတော်**

**ဘဒ္ဒန္တ ဝဏ္ဏသိရီ**
**တွဲဖက် အထွေထွေအတွင်းရေးမှူး** 

---

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၂၅)

## သာသနာဝင်မှတ်တမ်းများ ထုတ်ပေးခြင်း၊ ဝါဆိုသံဃာစာရင်း ကောက်ယူခြင်းတို့နှင့် ပတ်သက်၍ ညွှန်ကြားခြင်း။

(၂၄၊ ၆၊ ၈၁) (-၇၊ ၃၊ ၄၃)

၁။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက ၁၉၈၁-ခုနှစ်၊ ဧပြီလ ၁၆-ရက် နေ့စွဲပါ စာအမှတ်၊ ၅၃၂/၁၀၃/သသန-၅ ဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အား သာသနာဝင်မှတ်တမ်းများ ထုတ်ပေးခြင်းနှင့် ဝါဆိုသံဃာစာရင်း ကောက်ယူခြင်းဆိုင်ရာ လုပ်နည်းများနှင့် ပတ်သက်၍ လျှောက်ထားခဲ့ပါသည်။

၂။ ဝန်ကြီး၏ လျှောက်ထားချက်တွင် သံဃနာယကအဖွဲ့ အဆင့်ဆင့် အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ ပါဝင်လျက်ရှိပါသည်။ ထို လုပ်ငန်းများအတွက် သံဃနာယကအဖွဲ့ အဆင့်ဆင့်သည် သာသနာဝင် မှတ်တမ်းများ ထုတ်ပေးခြင်း၊ ဝါဆိုသံဃာစာရင်း ကောက်ယူခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြပါရန် ညွှန်ကြား လိုက်ပါသည်။

(က) ဝါဆိုသံဃာစာရင်း ကောက်ယူရာတွင် တိကျမှန်ကန်ရေး အတွက် မြို့နယ်သံဃနာယကအဖွဲ့များ(ဂိုဏ်းအားလုံး) သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာ အမှတ် (၂၂) အရ ကျောင်းအင်္ဂါနှင့် ညီညွတ်သော ဘုန်းတော်ကြီးကျောင်းများကိုသာ ကျောင်း စာရင်းသွင်းစေပြီး သံဃနာယကလက်စွဲ အခန်း (၉)၊ အပိုဒ် ၁၈၅-အရ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များ၏ ကန့်ကွက်ခြင်း မခံရသော သံဃာတော်များကိုသာ ဝါဆိုသံဃာစာရင်းတွင် ထည့်သွင်းစေရန် မြို့နယ် သာသနာရေးမှူးများအား ကူညီဆောင်ရွက်ပေးရမည်။

(ခ) မြို့နယ် သာသနာရေးမှူးများက မြို့နယ်အတွင်းရှိ ဝါဆိုသံဃာစာရင်းဝင် ရဟန်း၊ သာမဏေများအား သာသနာဝင်မှတ်တမ်းများ ဖြန့်ဝေပေးရေးအတွက် တင်ပြ လျှောက်ထားလာပါက မြို့နယ်သံဃနာယကအဖွဲ့များ

http://www.dhammadownload.com



(ဂိုဏ်းအားလုံး) သည် ဆိုင်ရာကျောင်း၊ ကျောင်းတိုက်များသို့ မှန်မှန်ကန်ကန် ရောက်ရှိစေရန် အောက်ပါအတိုင်း ဆောင်ရွက်ပေးရမည် –

(၁) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာအမှတ် (၂၂) အရ ကျောင်းအင်္ဂါနှင့် ညီညွတ်သော ဘုန်းတော်ကြီးကျောင်းများကိုသာ ကျောင်းစာရင်းသွင်းစေ၍ ထိုကျောင်းများသို့ ပေးပို့စေရန်၊

(၂) နာယကလက်စွဲပါအတိုင်း အလဇ္ဇီ၊ ဒုဿီလ၊ အသုဒ္ဓဖြစ်ကြောင်း အထောက်အထားပြခြင်း၊ ဆုံးဖြတ်ခြင်း မခံရသော သံဃာတော်များကိုသာ ဖြန့်ဝေပေးစေရန်၊

(ဂ) ကျောင်းထိုင် ဆရာတော်များက ဖြည့်စွက်ရသော (သသ) ပုံစံများ၌ အကယ်၍ ကျောင်းထိုင်ဆရာတော်များသည် မိမိကျောင်းနေ သံဃာတော် တစ်ပါးပါးအား သာသနာဝင် မှတ်တမ်း ထုတ်ပေးရေးနှင့်ပတ်သက်၍ မထောက်ခံလိုပါက သီးခြား စာရွက်၌ အကြောင်းအကျိုး အပြည့်အစုံ ဖော်ပြ၍ လက်မှတ်ရေးထိုးပြီး ယင်းစာကို(သသ) ပုံစံနှင့်အတူ ပူးတွဲ၍ ဆိုင်ရာမြို့နယ် သံဃနာယကအဖွဲ့သို့ ပေးပို့ရမည်။

(ဃ) မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌသည် ထိုကဲ့သို့ မထောက်ခံကြောင်း စာကို လက်ခံရရှိပါက သင့်လျော်သလို အဖွဲ့ဖြင့် စုံစမ်းစေ၍ မြို့နယ် သံဃနာယက အဖွဲ့ အစည်းအဝေးသို့ တင်သွင်း ဆုံးဖြတ်စေပြီး သက်ဆိုင်ရာ (သသ) ပုံစံ၏ စာမျက်နှာ (၃) တွင် အကြောင်းအကျိုး ပြည့်စုံစွာဖော်ပြ၍ လက်မှတ်ထိုးပြီး ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌထံ တင်သွင်းရမည်။

http://www.dhammadownload.com



(င) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌသည် သင့်လျော်သလိုအဖွဲ့ဖြင့် ထပ်မံ စုံစမ်းစေပြီးနောက် တွေ့ရှိချက်များကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ အစည်းအဝေးသို့ တင်ပြ၍ သာသနာဝင်မှတ်တမ်း ပေးသင့် မပေးသင့် ဆုံးဖြတ်ဆောင်ရွက်စေရမည်။

(စ) အသက် ၁၂-နှစ်အောက် သာမဏေများနှင့် ခဏ ခေတ္တ ဝတ်သော သာမဏေများအား ကျောင်းထိုင် ဆရာတော်က မိမိကျောင်း၌ သာမဏေပြုကြောင်း ယာယီ လက်မှတ် ထုတ်ပေးထားရမည်၊ ယာယီလက်မှတ် ထုတ်ပေးခြင်း ခံရသော သာမဏေသည် ၁၂-နှစ် အထက် ဖြစ်ပါက လူမှတ်ပုံတင်နှင့်အတူ ပူးတွဲကိုင်ဆောင် ရမည်။

(ဆ) စာသင်တိုက်များတွင် ဂိုဏ်းမျိုးစုံမှ ရောက်ရှိလာသော စာသင်သားများအတွက် ယခုနှစ်မှစ၍ နှစ်စဉ် ဝါဆို သံဃာစာရင်း ကောက်ယူသောအခါ မြို့နယ် သာသနာရေး မှူး များအား ဂိုဏ်းအလိုက် ဝါဆိုသံဃာ စာရင်းများကို သီးခြားစီ သီးခြားစီ ပြုစုရေးသွင်းစေရမည်၊ တစ်ပေါင်း တည်းရော၍ မရေးသွင်းစေရ။

(ဇ) ကိုင်ဆောင်မည့် သာသနာဝင်မှတ်တမ်း ထုတ်ပေးခြင်းနှင့် ပုံစံများအရ စာအုပ်တွင် ရေးသွင်းခြင်းတို့အတွက် ကျောင်းထိုင်ဆရာတော်များနှင့် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌတို့သည် မြို့နယ်သာသနာရေးမှူး၏ တင်ပြ လျှောက်ထားချက်အတိုင်း သတ်မှတ်နေရာ၌ လက်မှတ် ရေးထိုးကြရမည်၊ ထိုအပြင် ခွင့်ပြုထားသည်မှတပါး အခြား ပြင်ဆင်ချက်များ မပြုလုပ်ရ။

http://www.dhammadownload.com



(ဈ) သီးခြားဂိုဏ်းများအတွက် သာသနာဝင်မှတ်တမ်းထုတ်ပေးရာ၌ ထိုဂိုဏ်းများက မည်သို့ ထုတ်ပေးမည်၊ မည်သူ လက်မှတ်ရေးထိုးမည် စသည့် မိမိတို့၏ အစီ အစဉ်ကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သို့ တင်ပြ လျှောက်ထားပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ ခွင့်ပြုချက်အရသာ ဆောင်ရွက်ရမည်။

(ည) မြို့နယ် သံဃနာယကအဖွဲ့ မရှိသော မြို့နယ်များအတွက် ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့က ဆောင်ရွက် ပေးရမည်။

(ဋ) အချင်းဖြစ်ပွားနေသော ကျောင်းဖြစ်ပါက ထိုကျောင်းရှိ သံဃာတော်များအတွက် မြို့နယ် သံဃနာယက အဖွဲ့က ဆောင်ရွက်ပေးရမည်။

(ဌ) ဝန်ဆောင်နှင့် နာယက အဆင့်ဆင့်တို့အတွက် ပုံစံများကို စတင်ဖြည့်စွက်ခြင်း၊ ထောက်ခံခြင်းတို့နှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ကြရမည်။

**ကျောင်းထိုင် ဆရာတော်များအတွက်**

(၁) မြို့နယ် သံဃနာယက အဖွဲ့က စိစစ်၍ အကျိုးတော်ဆောင်က ထောက်ခံကြောင်း လက်မှတ်ရေးထိုးရန်။

(၂) အကယ်၍ မထောက်ခံပါက (သသ) ပုံစံ (၂) စာမျက်နှာ (၃) တွင် အကြောင်းအကျိုး ပြည့်စုံစွာ ဖော်ပြ၍ ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့သို့ တင်ပြရန်။

(၃) ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့သည် အပိုဒ်(င)ပါ အတိုင်း ဆောင်ရွက်ရန်။

http://www.dhammadownload.com



**မြို့နယ်သံဃနာယကများအတွက်**

(၄) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့က စိစစ်၍ ထောက်ခံကြောင်း လက်မှတ်ရေးထိုးရန်။

(၅) အကယ်၍ မထောက်ခံပါက (သသ) ပုံစံ (၂)၊ စာမျက်နှာ (၃) တွင် အကြောင်းအကျိုး ပြည့်စုံစွာ ဖော်ပြ၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သို့ တင်ပြရန်။

(၆) နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အနည်းဆုံး (၃) ပါး ပါဝင်သော အဖွဲ့ကို ဖွဲ့စည်းစုံစမ်းစေပြီး၊ ထိုအဖွဲ့၏ စုံစမ်းတွေ့ရှိချက်များအရ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အစည်းအဝေးက လိုအပ်သလို ဆုံးဖြတ်ရန်။

**ပြည်နယ်/တိုင်း သံဃနာယကများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအတွက်**

(၇) ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့က စိစစ်၍ ထောက်ခံကြောင်း လက်မှတ်ရေးထိုးရန်။

(၈) အကယ်၍ မထောက်ခံပါက အပိုဒ် (၄)၊ အပိုဒ်ခွဲ (၅) နှင့် (၆) ပါအတိုင်း ဆောင်ရွက်ရန်။

မှတ်ချက်။ ။ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ အတွက် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနက သီးခြား ဆောင်ရွက် ပေးမည် ဖြစ်ပါသဖြင့် ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက အဖွဲ့များက ဆောင်ရွက်ရန် မလိုပါ။

http://www.dhammadownload.com



၃။ သာသနာဝင်မှတ်တမ်း ထုတ်ပေးခြင်းကိစ္စသည် ရဟန်းစစ် မဟုတ်ပါဘဲလျက် ရဟန်းဟု ဝန်ခံနေသူ (အသမဏော သမဏပဋိညာ)၊ အကျင့်မြတ်ကို ကျင့်သူ မဟုတ်ပါဘဲလျက် အကျင့်မြတ်ကို ကျင့်သူဟု ဝန်ခံနေသူ (အဗြဟ္မစာရီ ဗြဟ္မစာရီပဋိညာ)၊ အလဇ္ဇီ ဒုဿီလ တို့၏ ဘေးရန်မှ ကင်းဝေးစေကာ သံဃာသုဋ္ဌု၊ သံဃဖာသု သဘောဖြင့် ရဟန်းကောင်းတို့ ချမ်းသာစွာ သီတင်းသုံး နေထိုင်နိုင်ကြောင်း ဖြစ်သဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အလွန်အရေးထား၍ ဆောင်ရွက်သင့်သော ကိစ္စ ဖြစ်ခြင်းကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်၌ ကြည်ညိုသော သဒ္ဓါတရားဖြင့် အထက်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက် ကြပါရန် တိုက်တွန်း၍ ထပ်မံ ညွှန်ကြားလိုက်ပါသည်။

ဘဒ္ဒန္တ ရေဝတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏသိရီ တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၂၆)

ဝါတွင်းကာလအတွင်း သာသနာရေးဦးစီးဌာနပိုင်၊ ကျောင်း/ ကျောင်းတိုက်များ၌ တာဝကာလိက ရက္ခိတ ဂေါပိတ ရဟန်းတော်များအဖြစ် သီတင်းသုံးနေထိုင်ကြစေရန် စီစဉ်ဆောင်ရွက်ပေးရေးနှင့် ပတ်သက်၍ ညွှန်ကြားခြင်း။ (၉၊ ၇၊ ၈၁) (၈၊ ၄၊ ၄၃)

၁။ ဝါတွင်း ၃-လအတွင်း၌ ပါရာဇိကသိက္ခာပုဒ်တော် တစ်ပါးပါးကို ကျူးလွန်မိပြီးနောက် သံဃာ့ဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဖြစ်စေ၊

http://www.dhammadownload.com



သံဃနာယက အဖွဲ့များ၏ ရှေ့မှောက်တွင် ပါရာဇိက အာပတ်ကို ကျူးလွန်မိပါကြောင်း ကိုယ်တိုင် ဝန်ခံ၍ ဖြစ်စေ၊ လူဝတ်လဲသွားကြသော ပုဂ္ဂိုလ်များပေါ်ပေါက်လာပြီး ထိုပုဂ္ဂိုလ်များ၏ ပုဂ္ဂလိကပိုင် ကျောင်းများ၊ သို့မဟုတ် ပရိဘောဂနှင့်တကွသော ပုဂ္ဂလိကပိုင် ကျောင်းများကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက အလှူခံပြီး ထိုကျောင်း/ကျောင်းတိုက်များ၌ တာဝကာလိက အစောင့် အရှောက် (ရက္ခိတ ဂေါပိတ) ရဟန်းတော်များ စီစဉ်ထားရှိပေးပါရန် လျှောက်ထား၍ လှူဒါန်းလာပါက သံဃနာယကအဖွဲ့ အဆင့်ဆင့်သည် သံဃာတော်များ ဝါကပ်နိုင်ရေးကို အလေးထား၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားလိုက်ပါသည် –

(က) ပါရာဇိက အာပတ်သင့်၍ ဝါတွင်းကာလ၌ လူဝတ်လဲသွားရစေကာမူ ယင်းပုဂ္ဂိုလ်သည် ကျောင်းထိုင်ပုဂ္ဂိုလ် ဖြစ်နေပြီး၊ ခန်းနေသံဃာတော်များ ရှိနေသေးပါက ကျောင်း/ကျောင်းတိုက်တစ်ခုလုံးကို ချိပ်ပိတ်ခြင်း၊ အခြား ခန်းနေ သံဃာတော်များကို ဖယ်ရှားခြင်း မပြုစေဘဲ၊ ကျောင်းထိုင် ပုဂ္ဂိုလ်၏ အခန်းရှိ ပစ္စည်းများကို စာရင်း ကောက်ယူပြီး အခန်းကို ချိပ်ပိတ်ထားရှိစေရန်။

(ခ) ခန်းနေ သံဃာတော်များအနက်မှ ထေရ်စဉ်ဝါစဉ်အရ သိက္ခာရှိ အကြီးဆုံးပုဂ္ဂိုလ်က သာသနာရေးဦးစီးဌာန ကိုယ်စား ကျောင်းရှိ သံဃာတော်များအားလုံးနှင့်တကွ ကျောင်း/ကျောင်းတိုက် ပရိဘောဂတို့ကို ရက္ခိတ ဂေါပိတ အဖြစ် တာဝန်ယူ အုပ်ချုပ်သွားစေရန်။

(ဂ) ဝါကျွတ်သောအခါ ပြောင်းရွှေ့၍ မိမိတို့ ဥပဇ္ဈာယ် ဆရာတော်များ သီတင်းသုံးရာ ကျောင်းများ၊ သို့မဟုတ်

http://www.dhammadownload.com



အခြားသပ္ပာယဖြစ်ရာ ကျောင်းများသို့ သွားရောက်နေထိုင်မည် ဖြစ်ပါကြောင်းနှင့် ခန်းနေသံဃာတော်များဖြစ်ပါကလည်း ရက္ခိတ ဂေါပိတအဖြစ် တာဝန်ယူအုပ်ချုပ်နေသော ထေရ်ကြီး ဝါကြီး၏ ဆုံးမသြဝါဒအတိုင်းလိုက်နာ နေထိုင်မည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုလက်မှတ် ရေးထိုးစေရန်၊

(ဃ) ကျောင်းအတွင်း၌ လူပုဂ္ဂိုလ်များ နေထိုင်လျက်ရှိပါကလည်း ဝါကျွတ်ချိန်တွင် ကျောင်းမှ ထွက်ခွာပြောင်းရွှေ့ ပေးပါမည်ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေရန်။

၂။ အပိုဒ် (၁) ပါ အချက်များကို ဆောင်ရွက်ရာတွင် ဝိနည်း ဒေသနာတော်နှင့်အညီ ဖြစ်စေရေးအတွက် သက်ဆိုင်ရာ ပြည်သူ့ကောင်စီများ၊ သာသနာရေးမှူးများနှင့် ဆက်သွယ် ဆောင်ရွက်ကြရန်နှင့် မိမိတို့ဆောင်ရွက်ချက်များကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သို့ အစီရင်ခံကြရန် ထပ်မံ ညွှန်ကြားလိုက်ပါသည်။

ဘဒ္ဒန္တ ရေဝတာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏသိရီ
တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၂၇)

သာသနာဝင်မှတ်တမ်းများ ထုတ်ပေးခြင်း၊ ဝါဆိုသံဃာစာရင်း ကောက်ယူခြင်းတို့နှင့် ပတ်သက်၍ အချိန်မီ ပြီးစီးအောင် အလေးအနက်ထား ဆောင်ရွက်ရေးကိစ္စ။ (၁၈၊ ၇၊ ၈၁) (-၂၊ ၄၊ ၄၃)

ရည်ညွှန်းချက် ။ ။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟို ဌာနချုပ်၏ ၁၃၄၃-ခုနှစ်၊ နယုန်လပြည့်ကျော် (၇) ရက်၊ ၁၉၈၁-ခုနှစ်၊ ဇွန်လ ၂၄-ရက် နေ့စွဲပါ စာအမှတ်၊ ၂၁၂/၄/သာ-မဟန ပါ ညွှန်ကြားလွှာ အမှတ် (၂၅)။

၁။ အထက် ရည်ညွှန်းချက်ပါ ညွှန်ကြားလွှာအမှတ် (၂၅) ဖြင့် သာသနာဝင် မှတ်တမ်းများ ထုတ်ပေးခြင်းနှင့် ဝါဆိုသံဃာစာရင်း ကောက်ယူခြင်း ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မှန်ကန်တိကျရေး အတွက် မြို့နယ်သာသနာရေးမှူးများအား သံဃနာယကအဖွဲ့ အဆင့်ဆင့်က ကူညီ ဆောင်ရွက်ပေးရန် ညွှန်ကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ ဝါဆိုသံဃာစာရင်း ကောက်ယူခြင်းကိစ္စကို ဝါတွင်းကာလ (ဝါမကျွတ်မီ) ပြီးစီးအောင် ဆောင်ရွက်ပြီး၊ သာသနာဝင်မှတ်တမ်းများ ထုတ်ပေးခြင်းကိစ္စကို တန်ဆောင်မုန်းလ (ကထိန်ခေတ် မကုန်ဆုံးမီ) အပြီးအစီး ဆောင်ရွက်ပေးရန် စီမံချက် ရှိထားပြီးဖြစ်၍ စီမံချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရည်ညွှန်းပါ ညွှန်ကြားချက်များအတိုင်း အလေးအနက်ထား ဆောင်ရွက်ပေးကြပါရန် အထူး ထပ်မံ တိုက်တွန်း၍ ညွှန်ကြားလိုက်ပါသည်။

ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ပညာဝံသ
တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၂၈)

သာသနာတော်သန့်ရှင်းရေးအတွက် သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့များက တာဝန်ယူ ဆောင်ရွက်ရေးကိစ္စ။

(၂၂၊ ၈၊ ၈၁) (-၇၊ ၅၊ ၄၃)

၁။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက မစင်ကြယ် မသန့်ရှင်းသော ရဟန်းတု၊ ရဟန်းယောင်များကို တရားနည်းလမ်းတကျ ဖယ်ရှားပေးရန် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၄-ရက် (၂၇-၅-၈၀) နေ့တွင် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ပါသည်၊ ထိုဆုံးဖြတ်ချက်အရ ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာနသည် ရဟန်းတု ရဟန်းယောင်များ ဖယ်ရှားရေးကိစ္စကို ဆောင်ရွက်ခဲ့ပါသည်၊ တစ်ဖန် ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ စုံညီ ဒုတိယ အစည်းအဝေးကလည်း ယင်း ရဟန်းတု၊ ရဟန်းယောင်များ ဖယ်ရှားရေးကိစ္စကို ဆက်လက်ဆောင်ရွက်ရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသို့ မေတ္တာရပ်ခံကြောင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ထိုဆုံးဖြတ်ချက်နှင့် မေတ္တာရပ်ခံချက်များအရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် ရဟန်းတု၊ ရဟန်းယောင်များ ဖယ်ရှားရေးကိစ္စကို အောက်ဖော်ပြပါ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ပါသည် -

(က) သတင်းရရှိခြင်းနှင့် သက်သေများ စုဆောင်းခြင်း၊

(ခ) သက်သေခိုင်လုံပါက ဝတ္ထုသည်မကို စစ်ဆေးခြင်း၊

(ဂ) ဝတ္ထုသည်မက ဝန်ခံထွက်ဆိုပါက သက်ဆိုင်ရာ စုဒိတက ရဟန်းကို စစ်ဆေးခြင်း၊

(ဃ) ဝတ္ထုသည်မနှင့် စုဒိတက ရဟန်းတို့က ဝန်ခံထွက်ဆို ကြပါက သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့သို့

http://www.dhammadownload.com



လျှောက်ထား၍ ဝန်ခံလက်မှတ်ရေးထိုးပြီး ပရိသုဒ္ဓပြု လူဝတ်လဲစေခြင်း၊

(င) ဝတ္တုသည်မက ဝန်ခံ၍ သက်သေအထောက်အထား ခိုင်လုံပါလျက် စုဒိတက ရဟန်းက ဝန်မခံလျှင် သံဃ ဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်နိုင်ရန် ဆောင်ရွက် ပေးခြင်း။

၃။ ၂၀-၈-၈၁ နေ့မှစ၍ စုဒိတက ရဟန်းကို ပြည်သူ့ရဲက စုံစမ်း စစ်ဆေးခြင်း မပြုလုပ်တော့ဘဲ သက်သေများနှင့် ဝတ္တုသည်မများအား စုံစမ်း၍ အထောက်အထား ခိုင်လုံပါက ပြည်သူ့ရဲအရာရှိနှင့် သာသနာရေးမှူး တို့က စုံစမ်းစစ်ဆေးရရှိသည့် အမှုတွဲအပြည့်အစုံကို သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့သို့ ဆက်ကပ်ရန် စီစဉ်ထားပြီး ဖြစ်ပါသည်။

၄။ ထိုသို့ အမှုတွဲ အပြည့်အစုံကို ရရှိပါက သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့သည် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည် -

(က) အမှုတွဲကို ကြေညက်စွာ ဖတ်ရှုလေ့လာပြီးပါက စုဒိတက ရဟန်းကို ခေါ်ယူစစ်ဆေးရန်နှင့် လိုအပ်ပါက သက်သေများနှင့် ဝတ္တုသည်မ များကို ခေါ်ယူစစ်ဆေးရန်၊

(ခ) စုဒိတက ပုဂ္ဂိုလ်၏ နေထိုင်ဆက်ဆံမှု အခြေအနေကို လေ့လာ၍ မှန်ကန်ပါက သာသနာတော် သန့်ရှင်း စင်ကြယ်ရေးအတွက် လည်းကောင်း၊ စုဒိတက ပုဂ္ဂိုလ်အား ပစ္စုပ္ပန် သံသရာ ဘေးနှစ်မျိုးမှ ကာကွယ်ရေးအတွက် လည်းကောင်း အပြစ်ကို ဝန်ခံအောင် ဟောပြောဆုံးမရန်၊

http://www.dhammadownload.com



(ဂ) သက်သေ အထောက်အထား မပြည့်စုံဟု ယူဆပါက ထပ်မံ စုံစမ်းပေးရန်ဟု မှတ်ချက်ရေး၍ အမှုတွဲကို မြို့နယ်သာသနာရေးမှူးမှ တစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည် ပေးအပ်ရန်၊

(ဃ) သက်သေ အထောက်အထား ပြည့်စုံ၍ ပါရာဇိကမှု ကျူးလွန်ကြောင်း ထင်ရှားနေပါလျက် ငြင်းကွယ်နေပါက ထိုစုဒိတက ပုဂ္ဂိုလ်ကို သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ရန်၊

(င) မဟုတ်မမှန် တိုင်ကြားကြောင်း ထင်ရှားပါက မဟုတ်မမှန် တိုင်ကြားသူကို သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့ ရှေ့မှောက်၌ စုဒိတက ရဟန်းအား တောင်းပန်ဝန်ချကန်တော့စေရန်နှင့် မဟုတ်မမှန် တိုင်ကြားသူကို ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနက တရားဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်ရန်၊

(စ) မြို့နယ်သံဃနာယကအဖွဲ့သည် အထက်ပါ (က၊ ခ၊ ဂ၊ ဃ၊ င) တို့ကို ဆောင်ရွက်ရာ၌ အခြေခံစည်းမျဉ်း အခန်း(၆)၊ အပိုဒ် (၄၆၊ ၄၇) အရ အရေးယူခြင်း မခံရအောင် သတိပြု ဆောင်ရွက်ကြရန်၊

(ဆ) မြို့နယ်သံဃနာယကအဖွဲ့ အသီးသီးသည် သာသနာတော် သန့်ရှင်းစင်ကြယ်ရေးအတွက် ရဟန်းတု၊ ရဟန်းယောင်များ ဖယ်ရှားရေးကိစ္စနှင့် ပတ်သက်၍ မိမိတို့ဆောင်ရွက်ခဲ့ရာတွင် –

(၁) အမှုပေါင်း မည်မျှ လက်ခံရရှိသည်၊

(၂) အမှုပေါင်း မည်မျှ ဆောင်ရွက် ပြီးပြတ်သည်၊

http://www.dhammadownload.com



(၃) မပြီးပြတ်သဖြင့် အမှုပေါင်း မည်မျှ လွှဲအပ်သည်- တို့ကို အကြောင်းအကျိုးနှင့်တကွ အခါအားလျော်စွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တိုက်ရိုက်ပေးပို့၍ မိတ္တူကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသို့ ပေးပို့ရန်၊

၅။ ပထမပါရာဇိက အမှုနှင့် စပ်လျဉ်း၍ မြို့နယ်သံဃနာယက အဖွဲ့သို့ ရောက်ရှိလာသော တိုင်ကြားစာများနှင့် သတင်းအချက် အလက်များကို မိမိတို့နည်းဖြင့် လည်းကောင်း၊ လိုအပ်ပါက သက်ဆိုင်ရာမြို့နယ် ပြည်သူ့ ကောင်စီနှင့် မြို့နယ်ပြည်သူ့ ရဲတပ်ဖွဲ့ အကူအညီဖြင့် လည်းကောင်း စုံစမ်း၍ ရဟန်းတု၊ ရဟန်းယောင်များကို ဖော်ထုတ်ရှင်းလင်းကြရန် ညွှန်ကြား လိုက်သည်။

ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ခမာဝုဓ တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၂၉)

ဝါဆိုသံဃာစာရင်း ကောက်ယူမှုနှင့် သာသနာဝင်မှတ်တမ်း ထုတ်ပေးမှု ဆိုင်ရာ ညွှန်ကြားခြင်း။ (၂၂၊ ၈၊ ၈၁) (-၇၊ ၅၊ ၄၃)

၁။ မြို့နယ်သံဃနာယကအဖွဲ့ အသီးသီးသည် ဝါဆိုသံဃာစာရင်း ကောက်ယူရာ၌ ကျူးကျော်ကျောင်း၊ အိမ်ကြိုအိမ်ကြားကျောင်း၊ ဘုရား

http://www.dhammadownload.com



တန်ဆောင်း၊ ဇရပ် တို့၌ နေထိုင်သော ရဟန်းသာမဏေများပါ မခြွင်းမချန်ဘဲ ရဟန်းသာမဏေမှန်သမျှ ဝါဆိုသံဃာစာရင်း၌ ထည့်သွင်း ကောက်ယူရန် ဖြစ်ပါသည်။

၂။ မြို့နယ်သံဃနာယကအဖွဲ့ အသီးသီးသည် မိမိတို့မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းများကို သာသနာ့မြေပေါ်ရှိ ကျောင်းနှင့် သာသနာ့မြေ မဖြစ်သေးသော မြေပေါ်ရှိ ကျောင်းများကို အောက်ပါအစီအစဉ်အတိုင်း ခွဲခြား၍ စာရင်းပြုစုပြီးလျှင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ချုပ်သို့ ပေးပို့ရန် ဖြစ်ပါသည် –

**(က) သာသနာ့မြေပေါ်ရှိ ကျောင်းများ၊**

(၁)ပုဂ္ဂလိကပိုင် သာသနာ့မြေပေါ်ရှိ ကျောင်းများ၊
(၂)သံဃိကပိုင် သာသနာ့မြေပေါ်ရှိ ကျောင်းများ၊
(၃)ဘုရားပရိဝုဏ်ပြင်ပ ဘုရားဝတ္ထုကံ မြေပေါ်ရှိ ကျောင်းများ၊
(၄)ဘုရားပရိဝုဏ်အတွင်းရှိ ကျောင်းများ၊

**(ခ) သာသနာ့မြေ မဖြစ်သေးသော မြေပေါ်ရှိ ကျောင်းများ**

(၁)ဒါယကာတို့ လှူဒါန်းသော ဂရံမြေပေါ်ရှိ ကျောင်းများ၊
(၂)တရားဝင် ခွင့်ပြုချက်မရဘဲ အစိုးရမြေပေါ်၌ ကျူးကျော် ဆောက်လုပ်ထားသော ကျောင်းများ၊
(၃)ပိုင်ရှင်၏ သဘောတူ ခွင့်ပြုချက်မရဘဲ ပုဂ္ဂလိကပိုင် မြေပေါ်၌ ကျူးကျော် ဆောက်လုပ်ထားသော ကျောင်းများ။

၃။ အထက်အပိုဒ် ၂၊ (က)၊ (၁)၊ (၂)၊ (၃) ပါ ဘုန်းကြီးကျောင်းများနှင့် စပ်လျဉ်း၍ အထူးဆောင်ရွက်ရန်မလိုဘဲ ဘုန်းကြီးကျောင်းအဖြစ် ဆက်လက်၍ အသိအမှတ်ပြုရန် ဖြစ်ပါသည်။ အထက် အပိုဒ် ၂၊ (က)၊

http://www.dhammadownload.com



(၄) ၌ ဖော်ပြထားသော ဘုန်းကြီးကျောင်းနှင့် စပ်လျဉ်း၍ ဘုရားဂေါပက၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောက်လုပ်ခဲ့သောကျောင်း၊ သို့မဟုတ် အစောင့်အရှောက် ကင်းမဲ့နေသော ဘုရားကို စောင့်ရှောက်ရန်အတွက် ဆောက်လုပ်ခဲ့သော ကျောင်းများကို ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ် ပြုရန် မှတ်ချက် ပြုလုပ်ပေးရန် ဖြစ်ပါသည်။

၄။ အထက် အပိုဒ် ၂၊ (ခ)၊ (၁)၊ (၂)၊ တို့၌ ဖော်ပြထားသော ဘုန်းကြီးကျောင်းများနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ ဂုဏ်အင်္ဂါများနှင့် ညီညွတ်လျှင် သာသနာ့မြေ ဖြစ်ထိုက်ကြောင်း ထောက်ခံချက်နှင့်တကွ ပေးပို့ရန် ဖြစ်ပါသည်။

(က) ကျောင်း ဥပစာ မြေလွတ်ရှိ၍ သီးခြားဝင်းခြံ (အာရာမ်) ရှိခြင်း၊

(ခ) ကျောင်းအဆောက်အအုံမှာ ဘုန်းကြီးကျောင်းအဖြစ် သင့်လျော်လျောက်ပတ် ခန့်ညားမှု ရှိခြင်း၊

(ဂ) ကျောင်းထိုင် ဘုန်းကြီးမှာ ကျောင်းထိုင်အင်္ဂါနှင့် ပြည့်စုံ ညီညွတ်၍ စာပေ သင်ကြားပို့ချမှု၊ တရားဟောမှု၊ တရား ဘာဝနာ ပွားများမှု လုပ်ငန်းတစ်ခုခုကို ဆောင်ရွက် လျက်ရှိခြင်း၊

(ဃ) ပတ်ဝန်းကျင် ဂိုဏ်းတူသံဃာများနှင့် ပစ္စယသမ္ဘောဂ၊ ဓမ္မသမ္ဘောဂ ဆက်ဆံမှု ရှိခြင်း၊

(င) ထိုမြေနှင့်သက်ဆိုင်သည့် အာဏာပိုင် အဖွဲ့အစည်းက ကန့်ကွက်မှု မရှိခြင်း။

၅။ အထက်အပိုဒ် ၂၊ (ခ)၊ (၃) ၌ ဖော်ပြထားသော ဘုန်းကြီးကျောင်း များကို မြေပိုင်ရှင် သဘောမတူပါက ထောက်ခံခြင်း မပြုရန် ဖြစ်ပါသည်။ အကယ်၍ မြေပိုင်ရှင် စိတ်ထားပြောင်းလဲ၍ လှူဒါန်းပါက အထက် အပိုဒ် (၄)ပါ ဂုဏ်အင်္ဂါများနှင့် ညီညွတ်လျှင် ထောက်ခံချက်ပေးရန် ဖြစ်ပါသည်။

http://www.dhammadownload.com



၆။ ဥပစာဝင်းခြံ အလုံအလောက်မရှိသော အိမ်ကြို အိမ်ကြားရှိ ကျောင်း၊ မြေပိုင်ရှင်၏ ကန့်ကွက်ခံရသော ကျောင်းနှင့် တောရကျောင်း မဟုတ်ပါဘဲ လျက် ခန့်ညားထည်ဝါမှု မရှိသော တဲကျောင်းများကို ဘုန်းကြီးကျောင်းအဖြစ် ဆက်လက်၍ အသိအမှတ်မပြုသင့်ကြောင်း မှတ်ချက် ရေးသားပေးပို့ရန် ဖြစ်ပါသည်။

၇။ ကျေးလက် တောရွာများတွင် ကျောင်းအဆောက်အအုံကို လည်းကောင်း၊ ကျောင်းထိုင် ဘုန်းကြီး အရည်အချင်းကို လည်းကောင်း အတိအကျ သတ်မှတ်ခြင်းမပြုဘဲ အစဉ်အလာ ကိုးကွယ်သည့် ကျောင်း ဒါယကာ၊ ဒါယိကာမများ အလုံအလောက်ရှိပါက သာသနာ့မြေ ဖြစ်စေရန် ထောက်ခံချက်ပေးရန် ဖြစ်ပါသည်။

၈။ ဘုန်းကြီးကျောင်းအဖြစ် ဆက်လက်၍ အသိအမှတ်ပြုရန် မထောက်ခံပါက ထိုသို့မထောက်ခံသည့် အကြောင်းကို သက်ဆိုင်ရာ ကျောင်းထိုင် ဘုန်းကြီးအား အသိပေးထားရန် ဖြစ်ပါသည်။

၉။ မြို့နယ်သံဃနာယက အဖွဲ့အသီးသီးသည် ဘုန်းကြီးကျောင်း စာရင်းကို မြို့နယ်ပြည်သူ့ကောင်စီနှင့် ညှိနှိုင်း၍ ထောက်ခံမှု၊ ကန့်ကွက်မှု၊ မှတ်ချက် ရေးသားပေးပို့ရန် ဖြစ်ပါသည်၊ ဘုန်းကြီးကျောင်းအဖြစ် ဆက်လက်၍ အသိအမှတ်ပြုရန်၊ သို့မဟုတ် အသိအမှတ် မပြုရန်ကိုမူ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အဆုံးအဖြတ် ပေးမည်ဖြစ်ပါသည်။

၁၀။ သာသနာ့မြေပေါ်ရှိ ကျောင်းများနှင့် ဘုန်းကြီးကျောင်းအဖြစ် ဆက်လက်၍ အသိအမှတ်ပြုရန် ထောက်ခံသော ကျောင်းများ၌ရှိသော ရဟန်းသာမဏေများအား သာသနာဝင် မှတ်တမ်း ထုတ်ပေးရန် ဖြစ်ပါသည်။

၁၁။ ဘုန်းကြီးကျောင်းအဖြစ် ဆက်လက်တည်ရှိရန် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က အသိအမှတ် မပြုကြောင်း ထုတ်ပြန်ချက်ကို

http://www.dhammadownload.com



ရရှိသော ကျောင်းမှ ရဟန်းသာမဏေတို့သည် အခြားကျောင်းသို့ ပြောင်းရွှေ့နေထိုင်ပါက ထိုကျောင်းနေ သံဃာအဖြစ် စာရင်းသွင်းပြီးလျှင် ယင်းတို့အား သာသနာဝင် မှတ်တမ်း ထုတ်ပေးရန် ဖြစ်သည်။ ကျောင်း အဆောက်အအုံကိုမူ ကျောင်းပိုင်ဘုန်းကြီးဆန္ဒအလျောက် စီမံပိုင်ခွင့် ရှိသည်။

၁၂။ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲခံရသော ရဟန်းများအား နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က ဖွဲ့စည်းပေးသော သံဃဝိနိစ္ဆယအဖွဲ့၏ သုဒ္ဓဆုံးဖြတ်ရသည်အထိ သာသနာဝင်မှတ်တမ်း ထုတ်ပေးခြင်းကို ဆိုင်းငံ့ထားရန် ဖြစ်ပါသည်။

၁၃။ ကျောင်းထိုင် ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် မပြည့်စုံသော ရဟန်းများကို ကျောင်းထိုင်ဟု အသိအမှတ်မပြုဘဲ ကျောင်းစောင့်အဖြစ်သာ သတ်မှတ်ရမည်၊ ကျောင်းစောင့်ပုဂ္ဂိုလ်သည် မိမိလက်အောက်ရှိ သံဃာများကို သာသနာဝင်မှတ်တမ်း ထုတ်ပေးရေးအတွက် ကျောင်းထိုင် အဖြစ်ဖြင့် ထောက်ခံ လက်မှတ်ရေးထိုးခွင့် မရှိ၊ ထိုကျောင်းရှိ သံဃာများအား သက်ဆိုင်ရာ (သို့မဟုတ်) နီးစပ်ရာ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက အဖွဲ့ ဥက္ကဋ္ဌက ထောက်ခံလက်မှတ် ရေးထိုးပေးရန် ဖြစ်ပါသည်။

၁၄။ ကျောင်းစောင့် ဘုန်းကြီးများအား သာသနာဝင်မှတ်တမ်း ထုတ်ပေးရေးအတွက် ကျောင်းထိုင်ဘုန်းကြီးနည်းတူ သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်က ထောက်ခံ လက်မှတ်ရေးထိုးပေးရန် ဖြစ်ပါသည်။

**ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတ** **(အဂ္ဂမဟာပဏ္ဍိတ)** **ဒုတိယ ဥက္ကဋ္ဌဆရာတော်**

**ဘဒ္ဒန္တ ဓမ္မာစာရ** **တွဲဖက် အကျိုးတော်ဆောင်ဆရာတော်**

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၁၀)

**ဝိနည်းသိက္ခာပုဒ်များဖြင့် တားမြစ်အပ်သော ပွဲလမ်းသဘင်များကို ကြည့်ရှုသော ရဟန်း၊ သာမဏေများအား ဆုံးမဩဝါဒပေးရေးနှင့် ပတ်သက်၍ ညွှန်ကြားခြင်း။** (၂၂၊ ၈၊ ၈၁) (-၇၊ ၅၊ ၄၃)

၁။ ကျောင်း/ကျောင်းတိုက်၏ ဥပစာပြင်ပ၌ ကျင်းပသော ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်၊ ဆပ်ကပ်၊ လက်ဝှေ့၊ တီးဝိုင်း၊ ဘောလုံးပွဲ စသော ပျော်ပွဲရွှင်ပွဲများကို ပျော်ရွှင်မြူးထူးလိုသော စေတနာနှင့်တကွ ကြည့်ရှုကြသော ရဟန်းသာမဏေများအား ဗုဒ္ဓဘာသာဝင်တို့၏ စေတနာ သဒ္ဓါတရားကို ဖျက်ဆီးသူများအဖြစ်လည်းကောင်း၊ သာသနာတော်ကို ညှိုးနွမ်းဆုတ်ယုတ်စေသူများအဖြစ် လည်းကောင်း နိုင်ငံတစ်ဝန်းလုံးရှိ ဒါယကာ ဒါယိကာမတို့က မှတ်ယူလျက်ရှိကြပါသည်။ ထို့အပြင် အာဏာပိုင် အဖွဲ့အစည်းများက အရေးယူခြင်းမျိုး မဟုတ်ဘဲ သာသနာတော်ကို လေးစားမြတ်နိုးသော သီလဝန္တ၊ သိက္ခာကာမ၊ လဇ္ဇီ၊ ပေသလ၊ သာသနစိရဋ္ဌိတိက စိတ်ဓာတ်ဖြင့် ဝိနည်းသိက္ခာပုဒ်တော်များနှင့် မလျော်သော အမှုကိစ္စများမှ မိမိတို့ဘာသာ မိမိတို့ အလိုအလျောက် ရှောင်ရှားစေလိုသော ဆန္ဒလည်း နိုင်ငံတော်အစိုးရ၌ ရှိနေပါသည်။

၂။ သာသနာတော်သည် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ကြသော ဒါယကာ ဒါယိကာမများ၏ စေတနာ သဒ္ဓါတရားနှင့် နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှုကို အမှီပြု၍ သန့်ရှင်း တည်တံ့ ပြန့်ပွားခြင်းဖြစ်ရသည့် သဘော ရှိလေရာ ရဟန်းသာမဏေတို့သည် ငါးခုံမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်ရသည့် သဘောမျိုးသို့ မသက်ရောက်စေဘဲ သီလသိက္ခာကို ငဲ့သောအားဖြင့် ဖြစ်စေ၊ အခြား သီတင်းသုံးဖော်များကို ထောက်ထားသော

http://www.dhammadownload.com



အားဖြင့် ဖြစ်စေ၊ သာသနာတော် တစ်ရပ်လုံး သန့်ရှင်းရေးကို ဦးတည်သော အားဖြင့် ဖြစ်စေ ဝိနည်း သိက္ခာပုဒ်တော်များနှင့် ဆန့်ကျင်သည့် လုပ်ရပ်အားလုံးမှ ရှောင်ကြဉ်သင့်ပေသည်။

၃။ သို့ဖြစ်ပါ၍ ကျောင်းထိုင် ဆရာတော်များသည် မိမိတို့၏ တပည့်ရဟန်း သာမဏေများအား သီလဝန္တ၊ သိက္ခာကာမ၊ လဇ္ဇီ၊ ပေသလ၊ သာသနစိရဋ္ဌိတိက စိတ်ဓာတ်ဖြင့် ဝိနည်းသိက္ခာပုဒ်တော်များနှင့် ဆန့်ကျင်သည့် ဓာတ်၊ အငြိမ့်၊ ရုပ်ရှင်၊ ဆပ်ကပ်၊ လက်ဝှေ့၊တီးဝိုင်း၊ ဘောလုံးပွဲ စသော ပွဲလမ်း သဘင် ကြည့်ရှုခြင်းမှ ရှောင်ကြဉ်ကြစေရန် တာဝန်ယူ၍ ရှေးဦးစွာ သတိပေး ဆိုဆုံးမကြပါရန် ညွှန်ကြားလိုက်ပါသည်။

**ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတ** **ဘဒ္ဒန္တ ဓမ္မာဒရ**
**(အဂ္ဂမဟာပဏ္ဍိတ)** **တွဲဖက် အကျိုးတော်ဆောင်ဆရာတော်**
**ဒုတိယ ဥက္ကဋ္ဌဆရာတော်**

---

## ညွှန်ကြားလွှာ အမှတ် (၃၁)

**သံဃဝိနိစ္ဆယဌာနသို့ စေလွှတ်နိုင်သည့် စောဒက၊ သို့မဟုတ် စုဒိတက၏ တရားဝင် ကိုယ်စားလှယ် သတ်မှတ်ခြင်း။**

**(၂၂၊ ၉၊ ၈၁) (-၉၊ ၆၊ ၄၃)**

၁။ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ စာမျက်နှာ (၃၉)၊ ပုံစံ (၅) ပါ ပြဋ္ဌာန်းချက်အရ ဖော်ပြပါ ပုဂ္ဂိုလ်များကို သံဃဝိနိစ္ဆယဌာနသို့ စေလွှတ်နိုင်သည့် စောဒက၊ သို့မဟုတ် စုဒိတက၏ တရားဝင် ကိုယ်စားလှယ်အဖြစ် သတ်မှတ်လိုက်ပါသည်။

http://www.dhammadownload.com



(က) ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခြေခံမှု (၄) ချက် အနက် ပထမအခြေခံမှုအရ စောဒက၊ သို့မဟုတ် စုဒိတကသည် ရဟန်းသာမဏေဖြစ်ပြီး သံဃဝိနိစ္ဆယဌာနသို့ ကိုယ်တိုင်လာရောက်ရန် မစွမ်းနိုင်လောက်အောင် နာမကျန်းဖြစ်နေပါက မိမိနှင့် ရင်းနှီးဆက်စပ်သည့် ရဟန်းသာမဏေများကိုသာလျှင် ကိုယ်စားလှယ်အဖြစ် လွှဲအပ်နိုင်သည်၊ လူပုဂ္ဂိုလ်များအား ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်း မပြုနိုင်။

(ခ) အကယ်၍ အမှုအခင်း မဖြစ်ပွားမီ မူလကပင် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ အခန်း(၁)၊ အပိုဒ်(၂)၊ အပိုဒ်ခွဲ (ဆ)၊ (ဈ)၊ (ဈ) တို့အရ ကျောင်း၊ ကျောင်းတိုက်နှင့် သာသနာရေးဆိုင်ရာ ပစ္စည်းများကို တရားဝင် ပေးပိုင်ခွင့်၊ ရယူပိုင်ခွင့် အာဏာရှိသော လူပုဂ္ဂိုလ်၊ သို့မဟုတ် လူပုဂ္ဂိုလ်အဖွဲ့က ရက္ခိတ ဂေါပိတ ပြုလုပ်စောင့်ရှောက်လာလျှင် ထိုရက္ခက ဂေါပကဖြစ်သော လူပုဂ္ဂိုလ်၊ သို့မဟုတ် လူပုဂ္ဂိုလ် အဖွဲ့က စောဒက၊ စုဒိတက ပြုလုပ်ဆောင်ရွက်ခွင့်ရှိသည်။ အမှုအခင်း ဖြစ်ပွားသောအခါမှ လွှဲပြောင်းခြင်းမျိုး မဖြစ်စေရ။

၂။ သို့ဖြစ်၍ သံဃဝိနိစ္ဆယဌာနများ၌ အပိုဒ် (၁) ပါ သတ်မှတ်ချက်များနှင့် ညီညွတ်သော ပုဂ္ဂိုလ်များကို စောဒက၊ သို့မဟုတ် စုဒိတက၏ တရားဝင် ကိုယ်စားလှယ်အဖြစ် လက်ခံဆောင်ရွက်ကြပါရန် ညွှန်ကြားလိုက်ပါသည်။

| | |
|---|---|
| **ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတ** | **ဘဒ္ဒန္တ ခမာဝရ** |
| **(အဂ္ဂမဟာပဏ္ဍိတ)** | **တွဲဖက် အကျိုးတော်ဆောင်ဆရာတော်** |
| **ဒုတိယ ဥက္ကဋ္ဌဆရာတော်** | |

———————

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၃၂)

ဝါဆိုသံဃာစာရင်း အပြည့်အစုံ ကောက်ယူ၍ သာသနာဝင်မှတ်တမ်း ထုတ်ပေးရန်နှင့် ကြဉ်ဖယ်ထားသော သံဃာများနှင့် ပတ်သက်၍ မြို့နယ် သံဃနာယကအဖွဲ့များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားခြင်း။

(၁၀၊ ၉၊ ၈၁) (၂၊ ၇၊ ၄၃)

ရည်ညွှန်းချက်။ ။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ၂၂-၈-၈၁ နေ့စွဲပါ ညွှန်ကြားလွှာအမှတ် (၂၉)၊ အပိုဒ် (၁)။

၁။ အချို့သော မြို့နယ် သံဃနာယကအဖွဲ့များသည် ဝါဆိုသံဃာစာရင်း ကောက်ယူရန် ညွှန်ကြားထားသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာ အမှတ် (၂၉)၊ အပိုဒ် (၁) အရ ပြည့်စုံစွာ ဆောင်ရွက်ခြင်း မပြုကြဘဲ ကြဉ်ဖယ်ထားသည့် ရဟန်းသာမဏေများကို ဝါဆိုသံဃာစာရင်း၌ ထည့်သွင်းကောက်ယူခြင်း မပြုကြကြောင်း ကြားသိရပါသည်။

၂။ သို့ဖြစ်၍ ညွှန်ကြားလွှာအမှတ် (၂၉)၊ အပိုဒ် (၁) အရ ဆောင်ရွက်ရာတွင် ကြဉ်ဖယ်ထားခြင်းခံရသော ရဟန်း သာမဏေများ အပါအဝင် ရဟန်း သာမဏေများ (ရှိသမျှ) အားလုံးကို ဝါဆိုသံဃာစာရင်း၌ ထည့်သွင်း ကောက်ယူရန် ထပ်မံညွှန်ကြားပါသည်။

၃။ ဝါဆိုသံဃာစာရင်း ကောက်ယူခြင်းနှင့် သာသနာဝင်မှတ်တမ်း ထုတ်ပေးခြင်း ကိစ္စနှစ်ရပ်အတွက် ဆောင်ရွက်ရမည့် အချိန်ကာလကို အတိအကျ သတ်မှတ်ညွှန်ကြားထားပြီးဖြစ်၍ သတ်မှတ် ညွှန်ကြားထားသော အချိန် ကာလအတွင်း အပြီးဆုံးပြီးမြောက်အောင် အထူး အလေးအနက်ထား၍ ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

http://www.dhammadownload.com



၄။ မိမိတို့ မြို့နယ်အတွင်း၌ ဝိနည်းသိက္ခာပုဒ်တော်နှင့် စပ်လျဉ်း၍ ဖြစ်စေ၊ ဓမ္မ အဓမ္မဆိုင်ရာ ဝါဒရေးရာကြောင့် ဖြစ်စေ၊ အခြားအကြောင်းများကြောင့် ဖြစ်စေ ကြဉ်ဖယ်ထားသော ရဟန်းသာမဏေများနှင့်ပတ်သက်၍ မြို့နယ်သံဃနာယကအဖွဲ့အသီးသီးသည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည်။

(က) ဓမ္မ-အဓမ္မဆိုင်ရာ ဝါဒရေးရာကြောင့် ကြဉ်ဖယ်ထားသော ရဟန်း သာမဏေများမှတပါး အခြားအကြောင်းတို့ကြောင့် ကြဉ်ဖယ်ထားသော ရဟန်း သာမဏေများ ရှိပါက မြို့နယ်တွင်းရှိ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်များထဲမှ သင့်လျော်သော အရေအတွက်ဖြင့် ပဏ္ဍာမ စုံစမ်းရေးအဖွဲ့ကို ဖွဲ့စည်းပြီး ကြဉ်ဖယ်ထားရခြင်း၏ အကြောင်းကို ပြည့်စုံစွာ စုံစမ်းစစ်ဆေးစေ၍ သက်ဆိုင်ရာ မြို့နယ်သံဃနာယက အဖွဲ့သို့ တင်ပြစေရန်။

(ခ) ကြဉ်ဖယ်ထားခြင်းသည် ဝိနည်းသိက္ခာပုဒ်တော်နှင့် စပ်လျဉ်းသည်ဟု စုံစမ်းရေးအဖွဲ့က ခိုင်လုံစွာ တင်ပြလာသောအခါ ထိုဝိနည်းသိက္ခာပုဒ်တော်နှင့် စပ်လျဉ်းသည့် ကိစ္စကို —

(၁) ဝိနိစ္ဆယအက်ဥပဒေအရသော်လည်းကောင်း၊
(၂) နည်းလမ်း လေးသွယ်မှုအရသော်လည်းကောင်း၊
(၃) သီးခြားဂိုဏ်းများ၏ ဂိုဏ်းစည်းမျဉ်းအရသော်လည်းကောင်း —

ဆုံးဖြတ်ထားပြီး ပြေငြိမ်းပြီးဖြစ်၍ ထိုဆုံးဖြတ်ချက်အတိုင်း မလိုက်နာမှုကြောင့် ကြဉ်ဖယ်ထားခြင်းဖြစ်ပါက ထိုဆုံးဖြတ်ချက်အတိုင်းသာ လိုက်နာစေရေး အတွက် ဝိနည်းဓမ္မကံ ဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ် အမှုဆောင် အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန်။

http://www.dhammadownload.com



(ဂ) ဝိနည်းသိက္ခာပုဒ်တော်နှင့် စပ်လျဉ်းသည့် ကိစ္စကို ဤညွှန်ကြားလွှာ အပိုဒ် (ခ) ပါ ၁၊ ၂၊ ၃ အရ ဆုံးဖြတ်ထားခြင်း မျိုးမှ တပါး အခြားနည်းများဖြင့် ဆုံးဖြတ်ထားခြင်းမျိုးဖြစ်ပါက ၎င်းကိစ္စကို ဥပဒေ၌ အကျုံးဝင်ကာ ပြီးပြတ်ပြေငြိမ်းအောင် ဒေသအေးချမ်းရေးနှင့် ပြည်သူ့တရားဥပဒေ စိုးမိုးရေးကို ပျက်ပြားစေနိုင်ဖွယ် ရှိ မရှိ လေ့လာသုံးသပ်ပြီး သင့်လျော်သလို ဆိုင်ရာ မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်း၍ ဖြစ်စေ၊ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ တင်ပြပြီး အခြား မြို့နယ် သံဃဝိနိစ္ဆယ အဖွဲ့ကို ဖွဲ့စည်း၍ဖြစ်စေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံဆောင်ရွက်စေရန်။

(ဃ) ဓမ္မ-အဓမ္မဆိုင်ရာ ဝါဒရေးရာကြောင့် ကြဉ်ဖယ်ထားသော ရဟန်း သာမဏေများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာများအတိုင်းသာ ဆောင်ရွက်ရန်၊ အကယ်၍ မလိုက်နာဘဲ အဓမ္မဝါဒကို စွန့်ပယ်ရန် ငြင်းဆန်နေပါက ဥက္ခေပနိယကံပြု၍ ထို ဥက္ခေပနိယကံ ပြုပြီးကြောင်းကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသို့ တိုက်ရိုက်ပေးပို့လျက် မိတ္တူကို အထက်သံဃနာယက အဖွဲ့အစည်းများသို့ ပေးပို့ရန်။

(င) ဝိနည်းသိက္ခာပုဒ်တော်နှင့် စပ်လျဉ်းသည်လည်း မဟုတ်၊ ဓမ္မ-အဓမ္မဆိုင်ရာ ဝါဒရေးရာကြောင့်လည်း မဟုတ်သော အခြား (ပုဂ္ဂိုလ်ရေးစသော) အကြောင်းများကြောင့် ကြဉ်ဖယ်ထားသော ရဟန်းသာမဏေများကိုမူ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့် သံဃာအချင်းချင်း စည်းလုံးညီညွတ်ရေးကို ရှေးရှု၍ (ကြဉ်ဖယ်အပ်သူ၊ ကြဉ်ဖယ်တတ်သူ နှစ်ဦးနှစ်ဖက်) ပြေလည်အောင် ဟောပြော စည်းရုံးဆောင်ရွက်ရန်။

http://www.dhammadownload.com



(စ) မြို့နယ်သံဃနာယကအဖွဲ့က ကြိုးစား၍ ဟောပြောစည်းရုံးပါသော်လည်း ပြေလည်မှု မရရှိပါလျှင် အထက်သံဃနာယကအဖွဲ့များသို့ (၁၅) ရက်အတွင်း အကြောင်းအကျိုး ပြည့်စုံစွာ တင်ပြ လျှောက်ထားရန်။

ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ခမာဝုဓ
တွဲဖက် အကျိုးတော်ဆောင် ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၃၃)

သာသနာ့မြေ မဖြစ်သေးသော မြေပေါ်ရှိ အချို့သော ကျောင်းများအား ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်ပြုရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် အင်္ဂါရပ်များ သတ်မှတ်ခြင်း။

(၇၊ ၁၂၊ ၈၁) (၁၁၊ ၉၊ ၄၃)

၁။ သာသနာ့မြေ မဖြစ်သေးသော မြေပေါ်ရှိ အချို့သော ကျောင်းများအား ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ် မပြုထိုက်ကြောင်းကို မြို့နယ်သံဃနာယက အဖွဲ့များက ကန့်ကွက်တင်ပြလာပါက ထိုတင်ပြချက်အပေါ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အဆုံးအဖြတ်ပြုနိုင်ရေးအတွက် (ရန်ကုန်တိုင်းမှ အပ အခြားပြည်နယ်/တိုင်းများ၌) ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော စိစစ်ရေးအဖွဲ့များကို ဖွဲ့စည်း၍ ဆောင်ရွက်ကြရန် ညွှန်ကြားလိုက်ပါသည်။

http://www.dhammadownload.com



(၁) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တစ်ပါး ဥက္ကဋ္ဌ
(၂) ပြည်နယ်/တိုင်းသံဃနာယက တစ်ပါး အကျိုးဆောင်
(၃) ပြည်နယ်/တိုင်းသံဃာ့ဝန်ဆောင် တစ်ပါး အဖွဲ့ဝင်
(၄) မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင် အဖွဲ့ဝင် တစ်ဦး အဖွဲ့ဝင်
(၅) မြို့နယ်သာသနာရေးမှူး တစ်ဦး အဖွဲ့ဝင်

၂။ စိစစ်ရေးအဖွဲ့ ဖြစ်မြောက်ရေးအတွက် ပြည်နယ်/တိုင်းသံဃနာယက အဖွဲ့များနှင့် ပြည်နယ်/တိုင်း သာသနာရေးမှူးများသည် ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီများ၏ အကူအညီများကို ရယူကာ ဆိုင်ရာ ဆရာတော်များနှင့် အဖွဲ့ဝင်များကို လိုအပ်သလို ပင့်ဆောင်ကြရမည်။ လုပ်ငန်းအဆင်ပြေရေးအတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကိုယ်စား ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များက စိစစ်ရေးအဖွဲ့များကို ဖွဲ့စည်းကြရမည်။ ထိုသို့ ဖွဲ့စည်းရာတွင် ဆိုင်ရာအခြေခံဒေသကို အခြေခံထား၍ ရွေးချယ် ဖွဲ့စည်းကြရမည်

[ဥပမာ–ပြဿနာပေါ်လာသော မြို့နယ်တစ်ခုအတွက် စိစစ်ရေး အဖွဲ့ကို ဖွဲ့စည်းသောအခါ သက်ဆိုင်ရာအခြေခံ ဒေသအတွင်း ထိုမြို့နယ်နှင့် အနီးကပ်ဆုံးဖြစ်သည့် မြို့နယ်ရှိ ဂိုဏ်းတစ်ခုခုမှ နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်၊ ပြည်နယ်/တိုင်း သံဃနာယကနှင့် ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင်နှင့် သာသနာရေးမှူးတို့ကို ရွေးချယ်ဖွဲ့စည်းရန် ဖြစ်ပါသည်။]

၃။ စိစစ်ရေးအဖွဲ့များသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဖြစ်စေ၊ ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ကဖြစ်စေ၊ ဆိုင်ရာ ပြည်နယ်/တိုင်း သာသနာရေးမှူးက ဖြစ်စေ၊ မြို့နယ်သာသနာရေးမှူးက ဖြစ်စေ ပေးပို့ တင်ပြလာသည့် အမှုတွဲများကို လက်ခံရယူ၍ လူကိုယ်တိုင်

http://www.dhammadownload.com



ကွင်းဆင်းကာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က သတ်မှတ်ထားသည့် ဤညွှန်ကြားလွှာပါ စိစစ်ရေးမှုများနှင့် တိုက်ဆိုင်စိစစ်ပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည် –

(က) စိစစ်ရေးမှုနှင့် ကိုက်ညီလျှင် ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်ပြုကြောင်း ထုတ်ပြန်၍ ဝါဆိုသံဃာစာရင်း၌ ဘုန်းကြီးကျောင်းအဖြစ် စာရင်းသွင်းစေရန်၊ ထိုစာရင်းပါ အတိုင်း သာသနာဝင်မှတ်တမ်းထုတ်ပေးစေရန်နှင့် သံဃာ့ အဖွဲ့အစည်း အဆင့်ဆင့်တွင် ပါဝင်ခွင့်ရနိုင်စေရန် မြို့နယ် သံဃနာယက အဖွဲ့များနှင့် မြို့နယ်သာသနာရေးမှူး များအား ညွှန်ကြား၍ ထိုသို့ညွှန်ကြားဆောင်ရွက်ကြောင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြရန်။

(ခ) စိစစ်ရေးမှုနှင့် မကိုက်ညီပါက မိမိတို့၏ သဘောထားမှတ်ချက်နှင့်တကွ စိစစ်တွေ့ရှိချက်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြရန်။

## စိစစ်ရေးမှု

၄။ ညွှန်ကြားလွှာအမှတ် (၂၂) နှင့် (၂၉) ကို အဓိပ္ပာယ်ဖွင့်ဆိုသော အားဖြင့် ဖော်ပြပါ အင်္ဂါရပ်များနှင့်ပြည့်စုံသည့် ကျောင်းများကို ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်ပြုကြောင်း ထုတ်ပြန်ပေးရန် ဖြစ်ပါသည်။

### (က) ကျောင်းသိုင်ဘုန်းကြီးများ

(၁) ကျောင်းထိုင်ဘုန်းကြီးအင်္ဂါနှင့် ပြည့်စုံခြင်း၊

(၂) ဝိနည်း သိက္ခာပုဒ်တော်များနှင့်အညီ သီတင်းသုံး နေထိုင်၍ ပတ်ဝန်းကျင်၏ ကြည်ညိုလေးစားမှုကို အများအားဖြင့် ခံရခြင်း၊

http://www.dhammadownload.com



(၃) စာပေသင်ကြား ပို့ချမှု၊ တရားဟောပြောမှု၊ ဘာဝနာပွားများမှု လုပ်ငန်း တစ်ခုခုကို ဆောင်ရွက်လျက် ရှိခြင်း၊

(၄) ပတ်ဝန်းကျင် ဂိုဏ်းတူ သံဃာတော်များနှင့် ပစ္စယသမ္ဘောဂ ဓမ္မသမ္ဘောဂ ဆက်ဆံမှု ရှိခြင်း၊

## (ခ) ဒါယကာတို့ လှူဒါန်းသော မြေပေါ်ရှိ ကျောင်းများ

(၁) ကျောင်းမြေနေရာသည် အနည်းဆုံး ၄၀–ပေ x ၆၀–ပေ ရှိခြင်း၊ သို့မဟုတ် စတုရန်းပေ ၂၄၀၀– ရှိခြင်း၊

(၂) သီးခြား ဝင်းခြံ (အာရာမ်) ရှိပြီးဖြစ်ခြင်း၊ သို့မဟုတ် (၃) လ အတွင်း သီးခြား ဝင်းခြံ (အာရာမ်) ကို ကာရံပါမည်ဟု တာဝန်ယူ ကတိပြုခြင်း၊

(၃) ဘုန်းကြီးကျောင်းအဖြစ် သင့်လျော်သော အဆောက်အအုံဖြစ်ခြင်း၊ သို့မဟုတ် (၂) နှစ်အတွင်း သင့်လျော်သော အဆောက်အအုံ ဖြစ်လာနိုင်ရန် အလားအလာ ရှိခြင်း၊

**(ခြွင်းချက်)**။ ။ လူနေအိမ်ကို ဝယ်ယူ၍ ကျောင်းအဖြစ် အသုံးပြုထားလျှင် ယင်းအဆောက်အအုံသည် ဘုန်းကြီးကျောင်း အဖြစ် သင့်လျော်သော အဆောက်အအုံ ဖြစ်ရမည်။

(၄) အိမ်နှင့်ကျောင်း အထင်လွဲမှားနိုင်လောက်သော အနေအထား မရှိခြင်း၊

(ဥပမာ–ပုံစံတူအိမ်များ ပတ်ပတ်လည်၌ မရှိခြင်း။)

**မှတ်ချက်** ။ ။ (၁) ဤညွှန်ကြားလွှာ ထုတ်ပြန်သည့်နေ့မှစ၍ နောင်အခါ ဘေးပတ်ပတ်လည်တွင် ၁၂–ပေ ဥပစာ မရှိသော အိမ်များကို ကျောင်းအဖြစ် လှူဒါန်းစေကာမူ ကျောင်းအဖြစ် လုံးဝ အသိအမှတ်ပြုမည် မဟုတ်ပါ။

http://www.dhammadownload.com



(၂) အထက်ဖော်ပြပါ အင်္ဂါ (၄) ချက်နှင့် ညီညွတ်သည့် ကျောင်းဖြစ်စေကာမူ အပိုဒ် ၄၊ (က) ပါ ကျောင်းထိုင် ဘုန်းကြီးအင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံမှသာ ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်ပြုမည် ဖြစ်ပါသည်။

(ဂ) အစိုးရမြေပေါ်ရှိ ကျူးကျော်ကျောင်းများ

(၁). လယ်မြေ၊ ယာမြေ စသည့် အခြား ကျူးကျော်မြေများ၌ တည်ရှိခြင်း မဟုတ်ဘဲ ကျူးကျော်ရပ်ကွက်/ကျေးရွာ အုပ်စု မြေအတွင်း၌ တည်ရှိခြင်း၊

(၂) ကျောင်းမြေနေရာသည် အနည်းဆုံး ၄၀-ပေ x ၆၀-ပေ ရှိခြင်း၊ သို့မဟုတ် စတုရန်းပေ ၂၄၀၀-ရှိခြင်း၊

(၃) သီးခြား ဝင်းခြံ (အာရာမ်) ရှိပြီး ဖြစ်ခြင်း၊ သို့မဟုတ် (၃) လ အတွင်း သီးခြားဝင်းခြံ (အာရာမ်)ကို ကာရံပါမည်ဟု တာဝန်ယူ ကတိပြုခြင်း၊

(၄) ဘုန်းကြီးကျောင်းအဖြစ် သင့်လျော်သော အဆောက်အအုံဖြစ်ခြင်း၊ သို့မဟုတ် (၂) နှစ်အတွင်း သင့်လျော်သော အဆောက်အအုံ ဖြစ်လာနိုင်ရန် အလားအလာရှိခြင်း၊

(ခြွင်းချက်)။ ။ လူနေအိမ်ကို ဝယ်ယူ၍ ကျောင်းအဖြစ် အသုံးပြုထားလျှင် ယင်းအဆောက်အအုံသည် ဘုန်းကြီးကျောင်းအဖြစ် သင့်လျော်သော အဆောက်အအုံ ဖြစ်ရမည်။

(၅) ထိုမြေများကို အသုံးချရန် အစိုးရ၌ လောလောဆယ် စီမံကိန်း မရှိသေးခြင်း၊

(၆) အိမ်နှင့်ကျောင်း အထင်လွဲမှားနိုင်လောက်သော အနေအထား မရှိခြင်း၊

(ဥပမာ-ပုံစံတူ အိမ်များ ပတ်ပတ်လည်၌ မရှိခြင်း။)

http://www.dhammadownload.com



**မှတ်ချက်။** ။ (၁) ဤညွှန်ကြားလွှာ ထုတ်ပြန်သည့်နေ့မှစ၍ နောင်အခါ အစိုးရမြေပေါ်ရှိ ကျူးကျော်အိမ်များကို ကျောင်းအဖြစ် လှူဒါန်းစေကာမူ ကျောင်းအဖြစ် လုံးဝ အသိအမှတ် ပြုမည် မဟုတ်ပါ။

(၂) အထက်ဖော်ပြပါ အင်္ဂါ (၆) ချက်နှင့် ညီညွတ်သည့် ကျောင်းဖြစ်စေကာမူ အပိုဒ် ၄၊ (က) ပါ ကျောင်းထိုင် ဘုန်းကြီး အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံမှသာ ဘုန်းကြီးကျောင်းအဖြစ် အသိ အမှတ်ပြုမည် ဖြစ်ပါသည်။

**(ဃ) ပုဂ္ဂလိက မြေပေါ်ရှိ ကျူးကျော်ကျောင်းများ**

(၁) မြေပိုင်ရှင် အစစ်အမှန်ဖြစ်သူ၏ ကန့်ကွက်မှု မခံရခြင်း၊

(၂) ကျောင်းမြေနေရာသည် အနည်းဆုံး ၄၀–ပေ x ၆၀–ပေ ရှိခြင်း၊ သို့မဟုတ် စတုရန်းပေ ၂၄၀၀–ရှိခြင်း၊

(၃) သီးခြားဝင်းခြံ (အာရာမ်) ရှိပြီး ဖြစ်ခြင်း၊ သို့မဟုတ် (၃) လအတွင်း သီးခြားဝင်းခြံ (အာရာမ်)ကို ကာရံပါမည်ဟု တာဝန်ယူ ကတိပြုခြင်း၊

(၄) ဘုန်းကြီးကျောင်းအဖြစ် သင့်လျော်သော အဆောက်အအုံဖြစ်ခြင်း၊ သို့မဟုတ် (၂) နှစ်အတွင်း သင့်လျော်သော အဆောက်အအုံ ဖြစ်လာနိုင်ရန် အလားအလာရှိခြင်း၊

**(ခြွင်းချက်)** ။ ။ လူနေအိမ်ကို ဝယ်ယူ၍ ကျောင်းအဖြစ် အသုံးပြု ထားလျှင် ယင်းအဆောက်အအုံသည် ဘုန်းကြီးကျောင်းအဖြစ် သင့်လျော်သော အဆောက်အအုံ ဖြစ်ရမည်။

http://www.dhammadownload.com



(၅) အိမ်နှင့်ကျောင်း လွဲမှားနိုင်သော အနေအထား မရှိခြင်း၊ (ဥပမာ-ပုံစံတူ အိမ်များ ပတ်ပတ်လည်၌ မရှိခြင်း။)

**မှတ်ချက်။** ။ အထက်ဖော်ပြပါ အင်္ဂါ(၅) ချက်နှင့် ညီညွတ်သည့် ကျောင်းဖြစ်စေကာမူ အပိုဒ် ၄၊ (က) ပါ ကျောင်းထိုင် ဘုန်းကြီးအင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံမှသာ ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်ပြုမည် ဖြစ်ပါသည်။

**(င) ဘုရားရင်ပြင်တော်၌ ဆောက်လုပ်ထားသော အဆောက်အအုံများ**

(၁) ဘုရားရင်ပြင်တော်ရှိ တန်ဆောင်း၊ သိမ်၊ ဇရပ်၊ ဓမ္မာရုံ မဟုတ်သော ကျောင်းဖြစ်ခြင်း၊

(၂) ဂေါပကရှိလျှင် ဂေါပက၏ ခွင့်ပြုချက်အရ ဖြစ်စေ၊ ဂေါပကမရှိလျှင် စေတီပုထိုးကို စောင့်ရှောက်ရန်အတွက် ဖြစ်စေ ဆောက်လုပ်ထားသည့် ကျောင်းအဆောက်အအုံ ဖြစ်ခြင်း၊

(၃) စေတိယသင်္ကန မဟုတ်ခြင်း၊

**မှတ်ချက်။** ။ (၁) ဤညွှန်ကြားလွှာ ထုတ်ပြန်သည့်နေ့မှစ၍ နောင်အခါ ဘုရားရင်ပြင်တော်ရှိ အဆောက်အအုံ မှန်သမျှကို ကျောင်းအဖြစ် လုံးဝ အသိအမှတ် ပြုမည် မဟုတ်ပါ။

(၂) အထက်ဖော်ပြပါ အင်္ဂါ(၃) ချက်နှင့် ညီညွတ်သည့် ကျောင်းဖြစ်စေကာမူ အပိုဒ် ၄၊ (က) ပါ ကျောင်းထိုင် ဘုန်းကြီးအင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံမှသာ ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ် ပြုမည် ဖြစ်ပါသည်။

http://www.dhammadownload.com



၅။ ကျောင်းများသည် မူလက အိမ်ကြိုအိမ်ကြားကျောင်း မဟုတ်သော်လည်း နောင်အခါ တဖြည်းဖြည်းအိမ်များ ဝန်းရံခံရ၍ အပိုဒ် ၄၊ (ခ) ဂ၊ (ဂ)၊ (ဃ) ပါအတိုင်း အိမ်ကြိုအိမ်ကြားကျောင်းအဖြစ်သို့ ရောက်သွားစေကာမူ အထိုက်အလျောက် ခန့်ညားမှုရှိသည့်အပြင် လဇ္ဇီ ပေသလ သိက္ခာကာမ မဟာထေရ်ကြီးများ သီတင်းသုံး နေထိုင်လျက်ရှိပါမူ အိုကြီးအိုမ အရွယ်ရောက်၍ ပြောင်းရွှေ့သွားစေရန် မသင့်လျော်သဖြင့် မဟာထေရ်ကြီးများ တစ်သက်တာ ကာလအထိသာ ယင်းကျောင်းများကို ဘုန်းကြီးကျောင်း အဖြစ် ယာယီ ခွင့်ပြုရန် ဖြစ်ပါသည်။

ဘဒ္ဒန္တ ရေဝတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏသိရီ တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၃၄)

ပြေငြိမ်းပြီးသော မှုခင်းများ သတ်မှတ်ချက်တွင် ဖြည့်စွက်ရန်ကိစ္စ။
(၂၈၊ ၁၂၊ ၈၁) (၃၊ ၁၀၊ ၄၃)

၁။ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ၊ အခန်း (၅)၊ ပုဒ်မ ၁၀–၌ "ဤ ဥပဒေ အာဏာမတည်မီက ပြေငြိမ်းပြီးသော အဓိကရဏ်းမှုခင်းများကို မည်သည့် သံဃဝိနိစ္ဆယအဖွဲ့ကမျှ

http://www.dhammadownload.com



လက်ခံစစ်ဆေး ဆုံးဖြတ်ခြင်း မပြုရ" ဟု ဖော်ပြထားရာ ပြေငြိမ်းပြီးသော အမှု အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ဝိနည်းဓိုရ်သင်တန်း ပို့ချချက်များ စာအုပ်၌ အောက်ပါ အဓိပ္ပာယ်အတိုင်း ဖော်ပြ ပါရှိခဲ့ပါသည် ဘုရား –

(က) ဝိနိစ္ဆယဌာနက ဖွဲ့စည်းပေးသော ဝိနည်းဓိုရ်ရုံးဖြင့် စစ်ဆေးပြီး နိုင်ငံတော် ဝိနိစ္ဆယရုံးအထိ အယူခံပြီးဆုံးသည့် ဆုံးဖြတ်ချက်ချပြီးသော အမှုများ။
(အမှုပြီးကြောင်း အမှုတွဲ အပြည့်အစုံဖြင့် တင်ပြရမည်။)

(ခ) ဝိနိစ္ဆယခုံ ဥပဒေအရ နှစ်ဘက်သဘောတူ ဖွဲ့စည်းပေးသော ခုံ ဝိနိစ္ဆယအဖွဲ့က ဆုံးဖြတ်ချက် ချပြီးသော အမှုများ။
(အမှုပြီးကြောင်း အမှုတွဲ အပြည့်အစုံဖြင့် တင်ပြရမည်။)

(ဂ) ယခင် တရားလွှတ်တော်ချုပ်နှင့် ယခု ဗဟိုတရားရုံးအထိ အယူခံ ပြီးပြတ်ပြီးသော အမှုများ။
(စီရင်ဆုံးဖြတ်ချက်မူရင်း တင်ပြရမည်။)

(ဃ) နည်းလမ်းလေးသွယ်ဖြင့် ပြီးပြတ်ပြီးသော အမှုများ၊
(အမှုတွဲ အပြည့်အစုံ တင်ပြရမည်။)

၂။ ယင်းသတ်မှတ်ချက်မှာ ပြည့်စုံလုံလောက်မှု မရှိသဖြင့် ယခုအခါ အချို့သော ဒေသများ၌ ၁၃၁၁–ခုနှစ်၊ ဝိနိစ္ဆယဌာန အက်ဥပဒေ မပေါ်မီကလည်းကောင်း၊ ၁၉၆၅–ခုနှစ်၊ ဝိနိစ္ဆယဌာန အက်ဥပဒေနှင့် ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) ဥပဒေတို့ကို ရုပ်သိမ်းပြီးနောက်၌ လည်းကောင်း သီးခြားဂိုဏ်းများနှင့် ဒေသဆိုင်ရာ ပဝါရဏာဂိုဏ်းများက ဝိနည်းတော်နှင့် အညီ ဝိနည်းဓိုရ်ဆရာတော်ကြီးများဖြင့် ဖြေရှင်းဆုံးဖြတ် ပြေငြိမ်းပြီးသော အဓိကရုဏ်းမှုခင်းများကို ပြန်လည်ဖော်ထုတ်၍ အမှုသစ်အဖြစ် စွဲဆိုလျက် ရှိသည်ကို တွေ့နေရပါသည် ဘုရား။

http://www.dhammadownload.com



၃။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြေငြိမ်းပြီးသော အမှု သတ်မှတ်ချက် လေးမျိုးအပြင် အောက်ဖော်ပြပါ သတ်မှတ်ချက်များကို ထပ်မံဖြည့်စွက် ထည့်သွင်းဆောင်ရွက်ရန် ညွှန်ကြား လျှောက်ထားပါသည် ဘုရား။

(က) ၁၉၈၀-ပြည့်နှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် (၃) ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ အာဏာ မတည်မီက ဖြေရှင်းဆုံးဖြတ်ခဲ့ပြီးသော အောက်ဖော်ပြပါ အဓိကရဏ်း မှုခင်းများကို ပြေငြိမ်းပြီးသော အမှုများအဖြစ် မှတ်ယူရန် -

(၁) သီးခြားဂိုဏ်းများနှင့် ဒေသဆိုင်ရာ ပဝါရဏာ ဂိုဏ်းများ၊ ဒေသဆိုင်ရာ သံဃာ့ဂိုဏ်းများ၏ ဝိနည်းဓိုရ်ဆရာတော်များက ဝိနည်းတော်နှင့်အညီ စောဒက၊ စုဒိတက နှစ်ဖက်သက်သေ စုံညီ စစ်ဆေး ဆုံးဖြတ်ခဲ့သော အာပတ္တာဓိကရဏ်းမှုခင်းနှင့် အနုဝါဒါဓိကရဏ်းမှုခင်းများ။

(၂) သီးခြားဂိုဏ်းများနှင့် ဒေသဆိုင်ရာ ပဝါရဏာ ဂိုဏ်းများ၊ ဒေသဆိုင်ရာ သံဃာ့ဂိုဏ်းများ၏ သံဃာ့မဟာထေရ်ကြီးများ ရှေ့မှောက်၌ စောဒကကိုယ်တိုင် လက်မှတ်ရေးထိုး၍ ရုပ်သိမ်း ခဲ့သော အနုဝါဒါဓိကရဏ်း မှုခင်းများ။

(ခ) သီးခြားဂိုဏ်းများနှင့် ဒေသဆိုင်ရာ ပဝါရဏာဂိုဏ်းများ၏ ဝိနည်းဓိုရ်ဆရာတော်များက ဝိနည်းတော်နှင့်အညီ စောဒက၊ စုဒိတက နှစ်ဖက်သက်သေ စုံညီ စစ်ဆေး ဆုံးဖြတ်ခဲ့သော ပိုင်ဆိုင်မှု အငြင်းပွားသည့် ဝိဝါဒါဓိကရဏ်း မှုခင်းများကို အသစ်တစ်ဖန် ဖော်ထုတ်စွဲဆိုလာခဲ့ပါမူ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အမှုတွဲနှင့်တကွ တင်ပြ လျှောက်ထား၍ ပြေငြိမ်းပြီးသောအမှု ဟုတ်-မဟုတ် အဆုံးအဖြတ် ခံယူရန်။

http://www.dhammadownload.com



(ဂ) ယင်း ဝိဝါဒါဓိကရုဏ်းမှုခင်း၌ အကယ်၍ အမှုတွဲ ပျောက်ဆုံးနေသော အမှုမျိုးဖြစ်ပါက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ ဆုံးဖြတ်ချက်အရ အသစ်ပြန်လည် အမှုဖွင့်၍ စစ်ဆေးရန်။

ဘဒ္ဒန္တ ရေဝတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏသိရီ တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၁၅)

လူသေလူဖြစ် ဦးဥက္ကဋ္ဌဝါဒ၊ သမ္မာဒိဋ္ဌိသုတေသနဝါဒနှင့် ရွှေအဘိဓမ္မာဝါဒ တို့ကို စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးရေးကိစ္စ။

(၇၊ ၁၊ ၈၂) (၁၃၊ ၁၀၊ ၄၃)

၁။ နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၂) ၏ ဆုံးဖြတ်ချက်ကို လိုက်နာသောအားဖြင့် အောက်ဖော်ပြပါ လူသေလူဖြစ် ဦးဥက္ကဋ္ဌဝါဒ၊ သမ္မာဒိဋ္ဌိသုတေသနဝါဒနှင့် ရွှေအဘိဓမ္မာဝါဒ ခေါင်းဆောင်ဆရာတော်များနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ရှေ့မှောက်၌ ၎င်းတို့၏ဝါဒများကို အဓမ္မဝါဒအဖြစ် ကြေငြာလျက် စွန့်လွှတ်ပါကြောင်း ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။

http://www.dhammadownload.com



(၁) ဦးဇဝန (နေရှင်နယ်ကျောင်း) တောင်တွင်းကြီးမြို့.

(၂) ဦးဇဝန (ငါးဆင့်အနောက်ကျောင်း) တောင်တွင်းကြီးမြို့.

(၃) ဦးဥဇ္ဇောတိက (ကွင်းကျောင်း) ဒေးဒရဲမြို့.

(၄) ဦးဆန္ဒာဓိက (နတ်မိုတောရကျောင်း) တောင်တွင်းကြီးမြို့.

(၅) သခင်မြတ်ဆိုင်၊ အမှတ် ၄၊ စိန်ချယ်လမ်း၊ ကျိုက္ကစံရပ်၊ ဗဟန်း၊ ရန်ကုန်မြို့.

(၆) ဦးခင်ဟန်၊ အမှတ် ၃၁၃၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့.

(၇) ဦးရွှေပြည့် (တောင်ကုတ်မြို့) ရခိုင်ပြည်နယ်

(၈) ဦးဉာဏ်သိုင်း၊ မေခလာခန်းမ၊ ၁၆/၁–ရတနာလမ်း၊ သင်္ကန်းကျွန်း၊ ရန်ကုန်မြို့.

(၉) ဦးလွန်းမောင်၊ ၃၄၄–ခန်း ၁၀၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့.

(၁၀) ဦးစိန်အေး၊ ၂၆၀၊ အောင်သစ္စာလမ်း၊ ဒေါပုံ၊ ရန်ကုန်မြို့.

(၁၁) ဦးမြဒင်၊ ၄၁၂–သိမ်ဖြူလမ်း၊ ရန်ကုန်မြို့.

(၁၂) ဦးမြင့်ဆွေ၊ ၃၂၇–အရှေ့ဝါယာလက် ၃–လမ်း၊ ရန်ကုန်မြို့.

(၁၃) ဦးကျော်တင့်၊ အမှတ်–၈၆၀၊ စာဂလမ်း၊ ၄–ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့.

၂။ သို့ပါ၍ မြို့နယ်သံဃနာယကအဖွဲ့သည် မိမိတို့ မြို့နယ်အတွင်း၌ လူသေလူဖြစ် ဦးဥက္ကဋ္ဌဝါဒ၊ သမ္မာဒိဋ္ဌိသုတေသနဝါဒနှင့် ရွှေအဘိဓမ္မာဝါဒများ၌ သက်ဝင်ယုံကြည်ကြသော ရဟန်းသာမဏေများနှင့် လူပုဂ္ဂိုလ်များ ရှိပါက ထိုပုဂ္ဂိုလ်များကို မြို့နယ်သံဃနာယကအဖွဲ့ တည်ရာ ဌာနသို့ ပင့်ဆောင်ခေါ်ယူ၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ကြရမည် ဖြစ်ကြောင်း၊ ၎င်းတို့အား ပဋိညာဉ်ပြု လက်မှတ်ရေးထိုးစေရန် ညွှန်ကြား လိုက်ပါသည် –

http://www.dhammadownload.com



(က) ရဟန်းသာမဏေများအတွက်

(၁) ထို အဓမ္မဝါဒများကို စွန့်လွှတ်ပါကြောင်း။

(၂) နောင် အနာဂတ်ကာလ၌လည်း ထို အဓမ္မဝါဒများကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း၊ စသည့် အမှုတို့ကို မိမိတို့ကိုယ်တိုင်လည်း ပြုလုပ်ကြရမည် မဟုတ်သည့်အပြင် တပည့် ဒါယကာ ဒါယိကာမတို့အားလည်း မပြုလုပ်ကြစေရန် တားမြစ်ဆုံးမ ဩဝါဒပေးမည်ဖြစ်ပါကြောင်း။

(၃) ထို ဝါဒဆိုင်ရာ စာအုပ်စာတမ်းများ၊ တိတ်ခွေများ၊ အထိမ်းအမှတ် စသည်တို့ကို သက်ဆိုင်ရာ မြို့နယ် သံဃနာယက အဖွဲ့သို့ အပ်နှံခြင်းများကို ပြုလုပ်မည် ဖြစ်ပါကြောင်း။

**မှတ်ချက်။** ။ အထက်ပါအတိုင်း ပဋိညာဉ်ပြု လက်မှတ် ရေးထိုးပြီးပါက မိမိတို့ မူလဂိုဏ်းအလိုက် ဆိုင်ရာ သံဃာ့အဖွဲ့ အစည်းများ၌ သင့်လျော်သလို ပါဝင်ခွင့် ရရှိရေးနှင့် သာသနာဝင်မှတ်တမ်း ရရှိရေးအတွက် ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့က ဆောင်ရွက် ပေးရန် ဖြစ်ပါသည်။

(ခ) လူပုဂ္ဂိုလ်များအတွက်

(သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ရန်။)

(၁) ထို အဓမ္မဝါဒများကို လုံးဝ စွန့်လွှတ်ပါကြောင်း။

(၂) ယခုအချိန်မှစ၍ ရှေ့သို့ ဆက်လက်ပြီး ယင်းအဓမ္မဝါဒများကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်း စသည့် အပြုအမူ အားလုံးကို မိမိတို့

http://www.dhammadownload.com



ကိုယ်တိုင်လည်း ပြုလုပ်ကြမည် မဟုတ်သည့်အပြင် မိမိတို့နှင့် ပတ်သက်သူများအားလည်း ပြုလုပ်စေကြမည် မဟုတ်ပါကြောင်း။

(၃) အထက်ပါ အဓမ္မဝါဒဆိုင်ရာ စာအုပ် စာတမ်း၊ တိတ်ခွေ၊ အထိမ်းအမှတ် စသည်တို့ကို သက်ဆိုင်ရာ မြို့နယ်သံဃနာယက အဖွဲ့သို့ အပ်နှံခြင်းများကိုလည်း ပြုလုပ်ကြမည်၊ ပြုလုပ်စေကြမည် ဖြစ်ပါကြောင်း။

(၄) ယခင်က ထိုအဓမ္မဝါဒနှင့် ပတ်သက်၍ သုံးစွဲခဲ့သော အသင်းအဖွဲ့အမည်များ၊ အသင်းအဖွဲ့များ စသည်တို့ကိုလည်း လုံးဝ တာဝန်ယူ၍ ဖျက်သိမ်းကြမည်၊ ဖျက်သိမ်းစေကြမည် ဖြစ်ပါကြောင်း။

၃။ ထိုကဲ့သို့ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီးဖြစ်ကြောင်း စာရင်းနှင့်တကွ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထား၍ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ မိတ္တူများ ပေးပို့ရန် ထပ်မံညွှန်ကြားလိုက်ပါသည်။

၄။ လူသေလူဖြစ် ဦးဥက္ကဋ္ဌဝါဒ၊ သမ္မာဒိဋ္ဌိ သုတေသနဝါဒနှင့် ရွှေအဘိဓမ္မာဝါဒတို့၌ သက်ဝင်ယုံကြည်ကြသော ပုဂ္ဂိုလ်များ စာရင်းကို ပူးတွဲပေးပို့လိုက်သည်။

| | |
|---|---|
| ဘဒ္ဒန္တ ရေဝတာဘိဝံသ | ဘဒ္ဒန္တ ဝဏ္ဏသိရီ |
| (အဂ္ဂမဟာပဏ္ဍိတ) | တွဲဖက် အကျိုးတော်ဆောင်ဆရာတော် |
| ဒုတိယ ဥက္ကဋ္ဌဆရာတော် | |

---

၆ ပုံနှိပ်(၁၈-၁၁)-၁၀

http://www.dhammadownload.com



## လူသေလူဖြစ် ဦးဥက္ကဋ္ဌ ဝါဒ၊ သမ္မာဒိဋ္ဌိသုတေသန ဝါဒနှင့် ရွှေအဘိဓမ္မာ ဝါဒတို့၌ သက်ဝင်ယုံကြည်ကြသော ပုဂ္ဂိုလ်များ စာရင်း

### ရန်ကုန်တိုင်း

၁။ ဦးသက်ဆွေ၊ မော်တင် ယာယီဈေးအတွင်း (ဆိပ်ကမ်းမြို့နယ်) ရန်ကုန်အနောက်ပိုင်း

၂။ ဦးလှမြင့်၊ (တောင်ဥက္ကလာပမြို့နယ်)

၃။ ဦးဝင်းကြည် (တောင်ဥက္ကလာပမြို့နယ်)

၄။ ဦးအုန်းခိုင် (တောင်ဥက္ကလာပမြို့နယ်)

၅။ ဦးတင်မောင် (မြောက်ဥက္ကလာပမြို့နယ်)

၆။ ဦးအေး (ရန်ကင်းမြို့နယ်)

၇။ ဦးဝင်းလှိုင်၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့

၈။ ဦးစိန်အေး (ဒေါပုံမြို့နယ်)

၉။ ဦးသိန်းအောင်၊ ရေကူးဘူတာရုံလမ်း၊ ကမ္ဘာအေး

၁၀။ ဦးလှမြိုင် (မရမ်းကုန်းမြို့နယ်)၊ ကမ္ဘာအေး၊ (၈)ရပ်ကွက်

၁၁။ ဦးလှကျော်၊ ကန်မြောက် (မင်္ဂလာတောင်ညွန့်မြို့နယ်) လူအိုရုံလမ်း

၁၂။ ဦးအုန်းမြင့် (မရမ်းကုန်းမြို့နယ်) ကမ္ဘာအေး၊ ကရုတ်ခြံ (၁) လမ်း

၁၃။ ဦးစိန်ဘမ်း၊ ပါရမီ အမှတ်(၄)ရပ်ကွက် (တောင်ဥက္ကလာပမြို့နယ်)

၁၄။ ဦးဆင်မောင် (သာကေတမြို့နယ်)

၁၅။ ဦးအောင်သန်း၊ ကမ္ဘာအေး၊ ရေကူး၊ ဒေါ်ကုလားမ ခြံ (မရမ်းကုန်း)

### ဧရာဝတီတိုင်း

၁၆။ ဦးပွ၊ အဖျောက်မြို့ (၄) ရပ်ကွက်၊ အနောက်ပန်းတုံးမိတ် (ဇလွန်မြို့)

၁၇။ ဦးကြီးငွေ၊ ကံဦးကျေးရွာ (အင်္ဂပူမြို့နယ်)

၁၈။ ဦးစိုးလွင် (အနောက်ပိုင်း ပုသိမ်မြို့)

http://www.dhammadownload.com



## ပဲခူးတိုင်း

၁၉။ ဦးမောင်မောင်၊ ပတ္တမြားခြံ (လက်ပံတန်းမြို့)
၂၀။ ဦးညို၊ စန္ဒာရုံကွက်သစ်၊ မင်းကွက်(၃)၊ (ပေါင်းတည်)
၂၁။ ဦးလှရွှေ၊ ကျွန်းတောလှရွာ၊ (ပေါင်းတည်မြို့နယ်)
၂၂။ ဦးထွန်းကြည်၊ ကံကုန်းကျေးရွာ၊ (ပေါင်းတည်မြို့နယ်)
၂၃။ ဦးမှတ်ကြီး၊ ဆံသဆိုင်၊ ဈေးအနီး၊ မြွှန်တံဆာမြို့၊ (ညောင်လေးပင်)
၂၄။ ဦးလှသွင်၊ သဖန်းကုန်းကျေးရွာ၊ (ပေါင်းတည်မြို့နယ်)
၂၅။ ဦးမြမောင်၊ ခတ္တိယရပ်ကွက်၊ (ထုံးဘိုမြို့)၊ ပြည်ခရိုင်
၂၆။ ဦးစိန်ဟန်၊ လေသာရပ်၊ (ပခုက္ကူမြို့)
၂၇။ ဦးဘိုးညို၊ ဦးကျောက်၊ သီတုန်ကျေးရွာ၊ (မြိုင်မြို့နယ်)
၂၈။ ဦးပွေး၊ ဦးညွန့်၊ ညောင်ကုန်းကျေးရွာ၊ (မြိုင်မြို့နယ်)
၂၉။ ဦးဘအောင်၊ ဦးစောအောင်၊ (မြိုင်မြို့)
၃၀။ ဦးသက်ပြန်၊ သိင်္ဂါဂိရိရပ်ကွက်၊ မကွေးမြို့။
၃၁။ ဦးမောင်မောင် (မြို့သစ်မြို့)
၃၂။ ဦးလှုတောင်း၊ ဦးဇော်ပေါင်း၊ ဆင်နွယ်ကျေးရွာ (မြိုင်မြို့နယ်)
၃၃။ ဦးစိုးညွန့်၊ ဦးတင်မောင်၊ ညောင်ညိုတောကျေးရွာ (မြိုင်မြို့နယ်)
၃၄။ ဦးမြဦး၊ ဦးသာအိ၊ ကျော်ရွာ (မြိုင်မြို့နယ်)
၃၅။ ဦးကျော်သက်၊ ဦးအောင်တင်၊ လက်ယက်မရွာ (မြိုင်မြို့နယ်)
၃၆။ ဦးစိုးအောင်၊ စည်ပင်သာယာရပ်၊ (ဂန့်ဂေါမြို့)

## စစ်ကိုင်းတိုင်း

၃၇။ ဦးဘသာ၊ ထန်းတောရွာ၊ (မုံရွာမြို့)
၃၈။ ဦးသိန်းအောင်၊ ကျန်စစ်သားရပ်၊ (မြင်းမူမြို့)
၃၉။ ဦးအေး၊ မင်းတိုင်ပင်ရွာ၊ ပုလဲမြို့နယ်

http://www.dhammadownload.com



## မွန်ပြည်နယ်

၄၀။ ဦးတင်ရွှေ၊ (ကျိုက်ထိုမြို့)

## ရခိုင်ပြည်နယ်

၄၁။ ဦးဘဘွား (သံတွဲမြို့)
၄၂။ ဦးစံသာထွန်း၊ ဦးစောထွန်းသာ၊ ပန်းမြောင်းကျေးရွာ (မင်းပြားမြို့နယ်)
၄၃။ ဦးအောင်သာဦး၊ (ပေါက်တောမြို့)
၄၄။ ဦးမောင်သာအောင်၊ ဦးလှထွန်းဖြူ (စစ်တွေမြို့)
၄၅။ ဦးရွှေထွန်း၊ (မင်းပြားမြို့နယ်)
၄၆။ ဦးသာထွန်းအောင်၊ ဦးအောင်ကျော် (ပုဏ္ဏားကျွန်းမြို့နယ်)
၄၇။ ဦးစံထွန်းအောင် (မြောက်ဦးမြို့)

## ရခိုင်ပြည်နယ်၊ (တောင်ကုတ်မြို့)

၄၈။ ဦးသာယာ (ဦးကြားရေလမ်း) လက်သမားဆရာကြီး
၄၉။ ဦးဖိုးယုံ (တောင်ပိုင်းရပ်) ကုန်သည်လယ်လုပ်
၅၀။ ဦးမောင်ဟန်၊ (ရပ်ရှင်ရုံအနီး)၊ မြန်မာဆေးဆရာ
၅၁။ ဦးမောင်ခန့်၊ ဆေးရိုးတန်း၊ (ဖိနပ်လုပ်ငန်း)
၅၂။ ဦးဝေသူ (ရပ်ရှင်ရုံအနီး)၊ ကုန်သည်
၅၃။ ဦးဘခင် (မော်တော်ဆိပ်)၊ ကုန်သည်
၅၄၊ ဦးထွန်းကျော်ဦး (မော်တော်ဆိပ်) ကုန်သည်
၅၅။ ဦးဘရင် (ကားဂိတ်အနီး) ကုန်သည်
၅၆။ ဦးထွန်းဖေ (ကန်ပိုင်ရပ်)၊ ကုန်သည်
၅၇။ ဦးတင်ညွန့်၊ (သိမ်တောင်ရပ်)၊ ကုန်သည်၊ ဥယျာဉ်

http://www.dhammadownload.com



၅၈။ ဦးဒေါင်းရွှေ (ကိုင်းရှည်) လက်သမားဆရာ
၅၉။ ဦးကျော်ထွန်း (ချောင်းကောက်)၊ ကုန်သည်
၆၀။ ဦးမောင်ဖြူအေး၊ (ကလိန်ပြင်)၊ ကုန်သည်
၆၁။ ဦးထိန်ထွား (ကိုင်းရှည်)၊ ကုန်သည်ဥယျာဉ်
၆၂။ ဦးထွန်းကျော်အောင် (ကိုင်းရှည်) ကုန်သည်၊ ဥယျာဉ်
၆၃။ ဦးပိန်သေး (တောင်ပိုင်ရပ်)၊ ဥယျာဉ်
၆၄။ ဦးမောင်နွဲ့ (ကိုင်းရှည်) မြန်မာဆေးဆရာ
၆၅။ ဦးမောင်ညို (ချောင်းကောက်) ကုန်သည်လယ်လုပ်
၆၆။ ဦးညိုကြီး (ကံပိုင်) ကုန်သည်
၆၇။ ဦးရွှေနု (ချောင်းကောက်) ကုန်သည်

## ရှမ်းပြည်နယ်

၆၈။ ဦးသန်းလွင်၊ ဦးအောင်ထွန်း၊ သတက (၂) (နမ္မတူမြို့)

## တနင်္သာရီတိုင်း

၆၉။ ဦးဘမြစ်၊ သွင်ရေဒီယို ပုံကျွန်းလမ်း (ထားဝယ်မြို့)

---

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၃၆)

**စနစ်တကျ တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ခြင်းမရှိသေးသော စေတီပုထိုးများ ၊ရုပ်ပွားတော်များနှင့် သန္တကများကို မြို့နယ် သံဃနာယက အဖွဲ့များက ဂေါပကအဖွဲ့များ ဖွဲ့စည်းစေ၍ ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စ။**

**(၉၊ ၁၊ ၈၂) (၁၅၊ ၁၀၊ ၄၃)**

၁။ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ များစွာသော စေတီပုထိုးများအနက် အချို့ကိုသာ အာဏာပိုင်အဖွဲ့အစည်းများက ထိန်းသိမ်းစောင့်ရှောက်နိုင်ပြီး ကျန် များစွာသော စေတီပုထိုးများကို အာဏာပိုင်အဖွဲ့အစည်းများက ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း မရှိကြသေးကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စေတီပုထိုးများသည် အောက် ဖော်ပြပါအတိုင်း (၃)မျိုး (၃) စား ရှိကြောင်း တွေ့ရှိရပါသည် —

(က) အာဏာပိုင် အဖွဲ့အစည်းများက ကြီးကြပ်၍ ဂေါပက စည်းမျဉ်း ဥပဒေများကို ရေးဆွဲပြီး စနစ်တကျ ဖွဲ့စည်း ထားသော ဂေါပကအဖွဲ့များဖြင့် ထိန်းသိမ်းစောင့်ရှောက် နေသော စေတီပုထိုးများ။

(ခ) အာဏာပိုင်အဖွဲ့အစည်းများက ကြီးကြပ်မှု မရှိသေး သောကြောင့် ဗုဒ္ဓဘာသာဝင်များအနေဖြင့် တာဝန် ရှိသည်ဟု နှလုံးသွင်းကာ စေတီပုထိုးများ၊ ရုပ်ပွားတော်များကို မွမ်းမံ ထိန်းသိမ်းရမည့် ဝတ္တရားအရ စေတနာသဒ္ဓါရှင်များ စုပေါင်းပြီး ဖွဲ့စည်းထားသည့် ဂေါပကအဖွဲ့များဖြင့် ထိန်းသိမ်းစောင့်ရှောက်နေသော စေတီပုထိုးများ။

http://www.dhammadownload.com



(ဂ) အာဏာပိုင်အဖွဲ့အစည်းများက ကြီးကြပ်မှုမရှိသေးသောကြောင့် စေတနာသဒ္ဓါတရား သက်သက်မဟုတ်ဘဲ စေတီပုထိုးများ၊ ရုပ်ပွားတော်များကို ဗန်းပြပြီး စီးပွားရှာ နေကြသော စီးပွားရေး ဂေါပကအဖွဲ့များဖြင့် ထိန်းသိမ်း စောင့်ရှောက်နေသော စေတီပုထိုးများ။

၂။ ထို (၃) မျိုးအနက် အာဏာပိုင်အဖွဲ့အစည်းများက ထိန်းသိမ်း စောင့်ရှောက်ခြင်း မရှိကြသေးသော အပိုဒ် ၁၊ (ခ)၊ (ဂ) အရ စေတီပုထိုးများ၊ ရုပ်ပွားတော်များနှင့် သင်္ဃိကများကို ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် ပတ်သက်၍ မြို့နယ် သံဃနာယကအဖွဲ့များသည် အောက်ပါအတိုင်း ဆောင်ရွက်ကြရန် ညွှန်ကြားလိုက်ပါသည်။

(က) မိမိတို့ဒေသနှင့် သင့်လျော်လျောက်ပတ်သော ဂေါပက စည်းမျဉ်း စည်းကမ်းများ ရေးဆွဲ၍ ပြဋ္ဌာန်းထားရှိစေရန်။

(ခ) ထိုစည်းမျဉ်းစည်းကမ်းနှင့်အညီ ဥပါသကာ အင်္ဂါများနှင့် ပြည့်စုံသော ဗုဒ္ဓဘာသာဝင် အမျိုးသားများကိုသာ ဂေါပက အဖွဲ့ဝင်လူကြီးအဖြစ် ဆောင်ရွက်စေရန်။

(ဂ) ထို ဂေါပကအဖွဲ့အား မွေဝိနယနှင့်အညီ ဆုံးမဩဝါဒပေးရေး အတွက် မြို့နယ်သံဃနာယကအဖွဲ့ဝင်များဖြင့်ဖြစ်စေ၊ အခြား ထေရ်ကြီး ဝါကြီးများဖြင့် ဖြစ်စေ သင့်လျော်သော ဩဝါဒါစရိယအဖွဲ့ ဖွဲ့စည်းထားရှိစေရန်။

(ဃ) အကယ်၍ အပိုဒ် ၁၊ (ခ) အမျိုးအစားပါ ဂေါပကအဖွဲ့များ သည် အပိုဒ် ၂၊ (က)၊ (ခ)၊ (ဂ) ပါ အင်္ဂါရပ်များနှင့် ညီညွတ်ပြီး ဖြစ်နေပါက လက်ရှိ အဖွဲ့ကိုပင် ဆက်လက် အသိအမှတ်ပြုရန်။

http://www.dhammadownload.com



(င) ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်/တိုင်း သာသနာရေးမှူးများနှင့် မြို့နယ်သာသနာရေးမှူးများ၏ အကူအညီကို လိုအပ်သလို ရယူပြီး ဆိုင်ရာ မြို့နယ်ပြည်သူ့ ကောင်စီများနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

၃။ မြို့နယ်သံဃနာယကအဖွဲ့များသည် မိမိတို့ မြို့နယ်အတွင်းရှိ စေတီပုထိုးများ၊ ရုပ်ပွားတော်များနှင့် သန္တကများကို အပိုဒ် (၁) ပါအတိုင်း (၃) မျိုး ခွဲခြား၍ စာရင်းပြုစုပေးပို့ပြီး ဂေါပကအဖွဲ့ ဖွဲ့စည်းရေးအတွက် မိမိတို့ တာဝန်ယူဆောင်ရွက်မည့် စေတီပုထိုးများ၊ ရုပ်ပွားတော်များနှင့် သန္တကများ စာရင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ပြုစုပေးပို့ရန်နှင့် မိမိတို့၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ တင်ပြကြပါရန် ညွှန်ကြားအပ်ပါသည်။

ဘဒ္ဒန္တ ရေဝတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏသိရီ တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၃၇)

**ဉာဏာစာရီဆရာတော် အမေ့ဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးခြင်း ကိစ္စ။** (မြိ- ၂၊ ၈၂) (၁၃၊ ၁၁၊ ၄၃)

၁။ ဉာဏာစာရီဆရာတော်သည် ၁၃၁၅–ခုနှစ် မတိုင်မီ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၌ သီတင်းသုံး နေထိုင်စဉ်က ဟောပြောခဲ့၊ ရေးသားခဲ့သော

http://www.dhammadownload.com



ဟောပြောချက်များ၊ စာအုပ် စာတမ်းများနှင့် ပတ်သက်၍ နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ လေသာဆရာတော် အမှူးရှိသော နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီး (၅) ပါးတို့ ဆုံးဖြတ်ခဲ့သည့်အတိုင်း ၁၂-၁-၈၂ နေ့လယ် (၁) နာရီအချိန်၌ ကမ္ဘာအေးကုန်းမြေ၊ ဇမ္ဗူဒီပ ကျောင်းဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသော အဓမ္မဝါဒ စွန့်လွှတ်ပွဲတွင် နိုင်ငံတော် သံဃမဟာနာယက (တတိယအဖွဲ့ခွဲ) ဝင် ဆရာတော် များ၏ ရှေ့မှောက်၌ ဉာဏစာဂီဆရာတော်က အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရန် ကိုယ်တိုင် ပဋိညာဉ်ပြု လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်—

(က) အဓမ္မဝါဒများကို စွန့်လွှတ်ပါကြောင်း။

(ခ) နောင်အနာဂတ်ကာလ၌လည်း ယင်း အဓမ္မဝါဒ များကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေ ဖွင့်ခြင်း စသည့် အမှုတို့ကို မိမိကိုယ်တိုင်လည်း ပြုလုပ်မည် မဟုတ်သည့်အပြင် တပည့်ဒါယကာ၊ ဒါယိကာမတို့အား လည်း မပြုလုပ်ကြစေရန် တားမြစ်၊ ဆုံးမ၊ ဩဝါဒပေးမည် ဖြစ်ကြောင်း။

(ဂ) မိမိ၏ ဝါဒဆိုင်ရာ စာအုပ်၊ စာတမ်းများ၊ တိတ်ခွေများ၊ အထိမ်းအမှတ်များ စသည်တို့ကိုပါ ဖျက်ဆီးခြင်း၊ အပ်နှံခြင်း များကို ပြုလုပ်မည် ဖြစ်ပါကြောင်း။

(ဃ) ဉာဏစာဂီ အမည်ဆိုင်းဘုတ်ဖြုတ်ရေးနှင့် ပတ်သက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အယူခံတင်ထားပြီး ဖြစ်ပါသဖြင့် လာမည့် (၄၅)ပါး စုံညီ သတ္တမအစည်းအဝေး ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်မည် ဖြစ်ပါ ကြောင်း။

http://www.dhammadownload.com



၂။ နိုင်ငံတော် သံဃမဟာနာယက (တတိယအဖွဲ့ခွဲ)ဝင် ဆရာတော်များကလည်း –

(က) ဖော်ပြပါ ဆုံးဖြတ်ပြီးအချက်များ ပါဝင်သည့် အဓမ္မဝါဒ တရားများကို ဆက်လက်ပြီး ဟောပြောခြင်း မပြုရန်၊

(ခ) ထေရဝါဒ ပိဋကတ်တော်နှင့် မဆန့်ကျင်သော၊ လျော်ကန်သော တရားတော်များကိုသာ ဟောပြောခြင်း၊ ရေးသားခြင်း ပြုရန် –

မိန့်ကြားပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မြို့နယ်သံဃနာယကအဖွဲ့များသည် မိမိတို့မြို့နယ်အတွင်း၌ ဉာဏစာရီ ဆရာတော်၏ ထေရဝါဒပိဋကတ်တော်နှင့် မဆန့်ကျင်သော တရားဟောခြင်း ၊ ပြသခြင်းတို့ကို ခွင့်ပြုကြရန် ညွှန်ကြားလိုက်ပါသည်။

ဘဒ္ဒန္တ ရေဝတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏသိရိ တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၃၈)

**သာသနာဝင်မှတ်တမ်းတွင် လက်မှတ်ရေးထိုး ဆောင်ရွက်ရန် ကိစ္စ။ (၁၊ ၃၊ ၈၂) (၇၊ ၁၂၊ ၄၃)**

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အတွင်း သီတင်းသုံး နေထိုင်လျက်ရှိကြသော သံဃာတော်များအတွက် သာသနာဝင်

http://www.dhammadownload.com



မှတ်တမ်းကို (၂၇-၅-၈၀) နေ့တွင် ကျင်းပသော ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီးသို့ ကြွရောက်တော်မူလာကြကုန်သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော် (၁၂၁၈)ပါးတို့က တညီတညွတ်တည်း အတည်ပြု ဆုံးဖြတ်ထားခဲ့ပါသည်။

၂။ အဆိုပါ သာသနာဝင်မှတ်တမ်းများကို ထုတ်ပေးရာတွင် မိမိတို့ မြို့နယ်အလိုက် ဝါဆိုသံဃာစာရင်းများနှင့် တိုက်ဆိုင် စစ်ဆေးလျက် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က ကိုယ်တိုင်လက်မှတ်ရေးထိုး ထုတ်ပေးရမည်ဟု သတ်မှတ် ညွှန်ကြားထားသည့်အတိုင်း မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်များက လက်မှတ်ရေးထိုး ထုတ်ပေး လျက်ရှိပါသည်။

၃။ သို့ရာတွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကိုယ်တိုင် အာပတ္တာဓိကရဏ်းမှုဖြင့် မြို့နယ်သံဃဝိနိစ္ဆယ၊ အယူခံ သံဃဝိနိစ္ဆယအဖွဲ့ များ၏ စစ်ဆေးခြင်း ခံနေရပါက (သုဒ္ဓ) ဟု နောက်ဆုံး အပြီးသတ် ဆုံးဖြတ်ချက် ချမှတ်ခြင်း မခံရမီ ကာလအတွင်း သာသနာဝင်မှတ်တမ်းများ အဆင်ပြေ ချောမောစွာ ထုတ်ပေးနိုင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ကြရန် ဖြစ်ပါသည် –

(က) မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ဒုတိယ ဥက္ကဋ္ဌ ဆရာတော်က လက်မှတ်ရေးထိုးထုတ်ပေးရန်။

(ခ) ဒုတိယဥက္ကဋ္ဌဆရာတော် မရှိပါက အကျိုးတော်ဆောင် ဆရာတော်က လက်မှတ်ရေးထိုး ထုတ်ပေးရန်။

(ဂ) အကျိုးတော်ဆောင်ဆရာတော် အာပတ္တာဓိကရဏ်းမှု ဖြစ်နေပါက တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က လက်မှတ်ရေးထိုး ထုတ်ပေးရန်။

http://www.dhammadownload.com



(ဃ) တွဲဖက် အကျိုးတော်ဆောင် ဆရာတော် မရှိပါက အဖွဲ့ဝင် ဆရာတော်များထဲမှ သ်က္ကာဝါအကြီးဆုံး ဆရာတော်က လက်မှတ်ရေးထိုး ထုတ်ပေးရန်။

၄။ သာသနာဝင်မှတ်တမ်း ထုတ်ပေးရေးနှင့် စပ်လျဉ်း၍ မိမိတို့ မြို့နယ်အတွင်း သီတင်းသုံးနေထိုင်ကြသော သံဃာတော်များ စိတ်ချမ်းသာမှု ရှိစေရန်အတွက် အထက် ဖော်ပြပါအတိုင်း ဆောင်ရွက်ကြပါရန် ညွှန်ကြား အပ်ပါသည်။

**မှတ်ချက်။** ။ (၁) သီးခြားဂိုဏ်းများအတွက် အလားတူ အာပတ္တာ- ဓိကရဏ်းမှု ဖြစ်ပေါ်လာပါမူ သီးခြား ဂိုဏ်းဆိုင်ရာ များက ထပ်မံတင်ပြချက်အရ နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့၏ သဘောတူ အတည်ပြုချက်အတိုင်း ဆောင်ရွက် ကြရန် ဖြစ်ပါသည်။

(၂) မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်များနှင့် ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် ဆရာတော်များအတွက် (သသ) ပုံစံ (၂) နှင့် သာသနာဝင်မှတ်တမ်းတို့၌ မိမိတို့ဆိုင်ရာ ကျောင်းထိုင်ဆရာတော်နှင့် မြို့နယ် သံဃ နာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်တို့က လက်မှတ် ရေးထိုး ထုတ်ပေးရန် ဖြစ်ပါသည်။

ဘဒ္ဒန္တ ရေဝတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏသိရီ တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၃၉)

သာသနာဝင်မှတ်တမ်း ထုတ်ပေးခြင်းကို လာမည့် ၁၃၄၄-ခုနှစ်၊ နယုန်လ မတိုင်မီ ပြီးစီးအောင် အလေးအနက်ထား ဆောင်ရွက်ရန်ကိစ္စ။

(၁၁၊ ၃၊ ၈၂) (၇၊ ၁၊ ၄၃)

၁။ သာသနာဝင်မှတ်တမ်း ထုတ်ပေးခြင်းကိစ္စသည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အလွန်အရေးထား ဆောင်ရွက်သင့်သော ကိစ္စဖြစ်ခြင်းကြောင့် သာသနာတော်၌ ကြည်ညိုသော သဒ္ဓါတရားဖြင့် ဆောင်ရွက်ကြပါရန် ညွှန်ကြားလွှာအမှတ် (၂၅)၊ (၂၇) တို့ဖြင့် ညွှန်ကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ ၁၃၄၃-ခုနှစ်၊ ဝါဆိုသံဃာစာရင်းအရ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် သီတင်းသုံးနေထိုင်ကြသော ရဟန်း၊ သာမဏေ စုစုပေါင်းမှာ ၂၅၆၂၈၆-ပါး အနက် ၁၆၀၈၄၅-ပါးအား သာသနာဝင်မှတ်တမ်း ဆက်ကပ်ပြီး ၉၅၄၄၁-ပါး ကျန်ရှိနေသေးကြောင်း တွေ့ရှိရပါသည်။

၃။ ၁၃၄၄-ခုနှစ်၊ နယုန်လပြည့်အတွင်း ကျင်းပမည့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နှစ်ပတ်လည်အစည်းအဝေးသို့ သာသနာဝင်မှတ်တမ်း ဆက်ကပ်မှု ဇာပင်နီးများ ပြီးစီးကြောင်း တင်ပြလျှောက်ထားနိုင်ရန် နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့က စီစဉ်လျက် ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ လုပ်ထုံး လုပ်နည်းများ၊ နာယက လက်စွဲများ၊ ညွှန်ကြားလွှာများပါ သတ်မှတ်ချက်များအရ ကန့်ကွက်ခြင်းခံရသော ရဟန်းသာမဏေများမှ အပ ကျန် ရဟန်းသာမဏေများ အားလုံးတို့အား သာသနာဝင်မှတ်တမ်း ဆက်ကပ်ခြင်းကိစ္စကို ၁၃၄၄-ခုနှစ်၊ နယုန်လ

http://www.dhammadownload.com



မတိုင်မီ ပြီးစီးရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့များသည် သက်ဆိုင်ရာ မြို့နယ်သာသနာရေးမှူးများနှင့် ပူးပေါင်းပြီး အထူး အလေးအနက်ထား၍ ဦးစားပေး ဆောင်ရွက်ကြပါရန် ညွှန်ကြားလိုက်ပါသည်။

**မှတ်ချက်။** ။ မိမိတို့မြို့နယ်အတွင်း ဂိုဏ်းအလိုက် သာသနာဝင် မှတ်တမ်း ဆက်ကပ်မှု အခြေအနေများ အားလုံးကို အသေးစိတ် သိနိုင်စိမ့်သောငှာ မြို့နယ်သာသနာရေးမှူးရုံးရှိ (သသ) ပုံစံ (၇) ပါအတိုင်း (သီးခြားဂိုဏ်းများ အပါအဝင်) မြို့နယ် သံဃနာယကအဖွဲ့များက မိမိတို့ဂိုဏ်းဆိုင်ရာ စာရင်းကို မိမိတို့ တာဝန်ယူ၍ သံဃာ့အင်အားဖြင့် ကူးယူပြုစုပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ လာမည့် နယုန်လ မတိုင်မီ အရောက် ပေးပို့ကြရန် ဖြစ်ပါသည်။

**အထူးသတိပြုရန်။** သာမဏေများကို သာသနာဝင်မှတ်တမ်း ထုတ်ပေးရာတွင် သာသနာတော်၌ အမြဲတန်းနေမည့် သာမဏေများကိုသာ စိစစ်၍ သာသနာဝင်မှတ်တမ်း ထုတ်ပေးသင့်ပါသည် ဘုရား။

ဘဒ္ဒန္တ ဣန္ဒာစာရ
(အဂ္ဂမဟာပဏ္ဍိတ)
ဥက္ကဋ္ဌ ဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
(တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက)
အကျိုးတော်ဆောင်ဆရာတော်

———————

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၄၀)

ကြောင်ပန်းတောရ ဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးရေး ကိစ္စ ။ (၂၂၊ ၅၊ ၈၂) (-၁၅၊ ၂၊ ၄၄)

၁။ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၃) ၏ ဆုံးဖြတ်ချက်ကို လိုက်နာသောအားဖြင့် အောက်ဖော်ပြပါ ကြောင်ပန်းတောရ ဝါဒ ခေါင်းဆောင် ဆရာတော်များသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ရှေ့မှောက်၌ ၎င်းတို့၏ ဝါဒများအနက် အဓမ္မဝါဒအဖြစ် ဝိနိစ္ဆယ ချမှတ်ခဲ့သော အချို့သော အချက်များကို အဓမ္မဝါဒအဖြစ် ကြေညာလျက် စွန့်လွှတ်ပါကြောင်း ကိုယ်တိုင်လက်မှတ် ရေးထိုးပြီး ဖြစ်ပါသည်။

(၁) ဦးနန္ဒိယ (၁) ကြောင်ပန်းတောရတိုက်၊ ဘုတလင်မြို့၊ စစ်ကိုင်းတိုင်း
(၂) ဦးနန္ဒိယ (၂) ကြောင်ပန်းတောရတိုက်၊ ဘုတလင်မြို့၊ စစ်ကိုင်းတိုင်း
(၃) ဦးယုဝိန္ဒ ကြောင်ပန်းတောရတိုက်၊ ဘုတလင်မြို့၊ စစ်ကိုင်းတိုင်း
(၄) ဦးပဏ္ဍိတ ကြောင်ပန်းဓမ္မာရုံကျောင်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
(၅) ဦးသုန္ဒရ ကြောင်ပန်းကျောင်း၊ ကျောက်ရေတွင်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း

၂။ သို့ဖြစ်ပါ၍ မြို့နယ်သံဃနာယက အဖွဲ့သည် မိမိတို့မြို့နယ်အတွင်း၌ ကြောင်ပန်းတောရ ဝါဒ၌ သက်ဝင်ယုံကြည်ကြသော ရဟန်းသာမဏေ များရှိပါက ထိုပုဂ္ဂိုလ်များကို မြို့နယ်သံဃနာယကအဖွဲ့တည်ရာဌာနသို့ ပင့်ဆောင်ခေါ်ယူ၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၎င်းတို့အား ပဋိညာဉ်ပြုလက်မှတ်ရေးထိုးစေရန် ညွှန်ကြားလိုက်ပါသည်။

http://www.dhammadownload.com



(က) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၃)က အဓမ္မဝါဒ အဖြစ် ဝိနိစ္ဆယ ချမှတ်ထားသော အချက်များကို စွန့်လွှတ်ပါကြောင်း။

(ခ) နောင် အနာဂတ်ကာလ၌လည်း ထိုအဓမ္မဝါဒများကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း စသည့် အမှုတို့ကို မိမိတို့ကိုယ်တိုင်လည်း ပြုလုပ်ကြမည် မဟုတ်သည့်ပြင် တပည့် ဒါယကာ၊ ဒါယိကာမတို့အားလည်း မပြုလုပ်ကြစေရန် တားမြစ်ဆုံးမ ဩဝါဒပေးမည် ဖြစ်ပါကြောင်း။

(ဂ) မိမိတို့၏အမည် ဆိုင်းဘုတ်မှတပါး အခြားအဓမ္မဝါဒဆိုင်ရာ စာအုပ်၊ စာတမ်းများ၊ တိတ်ခွေများ၊ အထိမ်းအမှတ်များ စသည်တို့ကို ဖျက်ဆီးခြင်း၊ သက်ဆိုင်ရာ မြို့နယ် သံဃနာယက အဖွဲ့သို့ အပ်နှံခြင်းများ ပြုလုပ်မည်ဖြစ်ပါကြောင်း။

(ဃ) ထေရဝါဒပိဋကတော်နှင့် မဆန့်ကျင်သော၊ လျော်ကန်သော တရားတော်များကိုသာ ဟောပြောခြင်း၊ ရေးသားခြင်း စသည်တို့ကို ပြုလုပ်မည် ဖြစ်ပါကြောင်း။

**မှတ်ချက်။** ။ အထက်ပါအတိုင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးပြီးပါက မိမိတို့မူလ ဂိုဏ်းအလိုက် ဆိုင်ရာ သံဃာ့ အဖွဲ့အစည်းများ၌ သင့်လျော်သလို ပါဝင်ခွင့်ရရှိရေးနှင့် သာသနာဝင် မှတ်တမ်း ရရှိရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့က ဆောင်ရွက် ပေးရန် ဖြစ်ပါသည်။

၃။ ထိုကဲ့သို့ ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီးဖြစ်ကြောင်း စာရင်းနှင့် တကွ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထား၍

http://www.dhammadownload.com



ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ မိတ္တူများ ပေးပို့ရန် ထပ်မံ ညွှန်ကြားလိုက်ပါသည်။

၄။ ကြောင်ပန်းတောရ ဝါဒ၌ သက်ဝင်ယုံကြည်ကြသော ပုဂ္ဂိုလ်များ စာရင်းကို ပူးတွဲ ပေးပို့ပါသည်။

ဘဒ္ဒန္တ ဉာဏာစာရ
(အဂ္ဂမဟာပဏ္ဍိတ)
ဥက္ကဋ္ဌ ဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
(တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက)
အကျိုးတော်ဆောင်ဆရာတော်

---

## ကြောင်ပန်းတောရဝါဒ၌ သက်ဝင်ယုံကြည်ကြသော ရဟန်း/သာမဏေများ စာရင်း

### စစ်ကိုင်းတိုင်း

၁။ ဦးနန္ဒိယနှင့် ရဟန်းတော် (၁၄) ပါး၊ သာမဏေ (၂၁) ပါး၊ ပေါင်း (၃၆) ပါး၊ ကြောင်ပန်းတောရတိုက်၊ ဘုတလင်မြို့နယ်။

၂။ ဦးပဏ္ဍိတနှင့် ရဟန်းတော် (၃) ပါး၊ သာမဏေ (၆) ပါး၊ ပေါင်း (၁၀) ပါး၊ ကြောင်ပန်းကျောင်း၊ အောင်မင်္ဂလာရပ်၊ မုံရွာမြို့။

၃။ ဦးသုဝိဇ္ဇနှင့် ရဟန်းတော် (၂) ပါး၊ ပေါင်း (၃) ပါး၊ ကြောင်ပန်းကျောင်း၊ မော်လိုက်မြို့။

http://www.dhammadownload.com



၄။ ဦးနန္ဒိယနှင့် သာမဏေ (၁၀) ပါး၊ ပေါင်း (၁၁) ပါး၊ ကြောင်ပန်းကျောင်း၊ မင်းခေါင်ရွာ၊ ချောင်းဦးမြို့နယ်။

၅။ ဦးဣန္ဒာစက္က၊ ကြောင်ပန်းကျောင်း၊ မအူကျွန်းရွာ၊ မြောင်မြို့နယ်။

၆။ ဦးနန္ဒနှင့် ရဟန်းတော် (၂) ပါး၊ သာမဏေ (၃) ပါး၊ ပေါင်း ၆-ပါး၊ ကြောင်ပန်းကျောင်း၊ မြစ်ဆုံကျေးရွာ၊ မြောင်မြို့နယ်။

၇။ ဦးကေလာသနှင့် ရဟန်းတော် (၂) ပါး၊ သာမဏေ (၄) ပါး၊ ပေါင်း (၇) ပါး၊ ကြောင်ပန်းကျောင်း၊ ပင်လုံရပ်ကွက်၊ ကလေးမြို့။

## မန္တလေးတိုင်း

၈။ ဦးနန္ဒမာလာနှင့် ရဟန်းတော် (၃) ပါး၊ သာမဏေ (၂၀) ပါး၊ ပေါင်း (၂၄) ပါး၊ တွင်းငယ်ကျေးရွာ၊ သပိတ်ကျင်းမြို့နယ်။

၉။ ဦးဝိနယနှင့် ရဟန်းတော် (၃) ပါး၊ သာမဏေ (၁) ပါး၊ ပေါင်း (၅) ပါး၊ ကြောင်ပန်းကျောင်း၊ ရှမ်းစုရပ်၊ မိုးကုတ်မြို့။

၁၀။ ဦးသောဘဏနှင့် ရဟန်းတော် (၃) ပါး၊ သာမဏေ (၁) ပါး၊ ပေါင်း (၅) ပါး၊ ကြောင်ပန်းကျောင်း၊ ပုပ္ပါးမြို့၊ ကျောက်ပန်းတောင်းမြို့နယ်။

၁၁။ ဦးကေဝလနှင့် သာမဏေ (၂) ပါး၊ ပေါင်း (၃) ပါး၊ ကြောင်ပန်းကျောင်း၊ စွန်းလွန်းရပ်ကွက်၊ မြင်းခြံမြို့။

## ရန်ကုန်တိုင်း

၁၂။ ဦးသုန္ဒရနှင့် ရဟန်းတော် (၈) ပါး၊ သာမဏေ (၁) ပါး၊ ပေါင်း (၁၀) ပါး၊ ကြောင်ပန်းကျောင်း၊ ကျောက်ရေတွင်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။

---

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၄၁)

စေတီအသစ်တည်ခြင်း၊ စေတီအဟောင်းပြုပြင်ခြင်း၊ ကျောင်းသစ်ဆောက်ခြင်း၊ တရားဟောခြင်း၊ အလှူခံခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ပြုလုပ်ဆောင်ရွက်ကြစေရန် ညွှန်ကြားခြင်း။

(၁၀၊ ၇၊ ၈၂) (-ပ ၅၊ ၄၊ ၄၄)

၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သံဃနာယကလက်စွဲ အခန်း (၉)၊ အပိုဒ် (၁၈၁)၊ (၁၈၃)၊ (၂၁၁)၊ (၂၁၂) တို့၌ စေတီအသစ်တည်ခြင်း၊ ကျောင်းသစ်ဆောက်လုပ်ခြင်းစသော ကိစ္စရပ်များနှင့် ပတ်သက်၍မြို့နယ်၊ ရပ်ကွက်/ကျေးရွာ အုပ်စု၊ သံဃနာယကအဖွဲ့တို့၏ ခွင့်ပြုချက်ကို ရယူပြီးမှသာလျှင် ပြုလုပ်ဆောင်ရွက်ကြရန် ဖော်ပြထားသော်လည်း အချို့သော မြို့နယ်များ၌ သံဃနာယကလက်စွဲပါ ပြဋ္ဌာန်းချက်များကို မလိုက်နာဘဲ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များ၏ သဘောတူခွင့်ပြုချက်ကို မယူမူ၍လည်းကောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့တို့က တားမြစ် ပိတ်ပင်ပါသော်လည်း ဒါယကာအချို့တို့နှင့် ပူးပေါင်းကာ အတင်းအဓမ္မ ကျူးလွန်၍လည်းကောင်း အထက်ဖော်ပြပါကိစ္စများကို ပြုလုပ်နေကြောင်း ကြားသိရပါသည်။

၂။ ထိုကဲ့သို့သော ကျူးလွန်ဆောင်ရွက်မှုများသည် ဆိုင်ရာမြို့နယ်များအတွင်း၌ သံဃာတော်များ အချင်းချင်း၊ ဒါယကာများအချင်းချင်း၊ သံဃာတော်များနှင့် ဒါယကာများအချင်းချင်း ပဋိပက္ခများ၊ အဓိကရဏ်းများကို ဖြစ်ပေါ်စေနိုင်ပြီး ဒေသဆိုင်ရာ ငြိမ်ဝပ်ပိပြားရေးကို ပျက်ယွင်းစေနိုင်သည်သာမက ဂိုဏ်းပေါင်းစုံ သံဃာတော်များ၏ စည်းလုံးညီညွတ်မှု

http://www.dhammadownload.com



ကိုပါ ပျက်ပြားစေနိုင်သောကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာ တစ်သိန်းကျော်တို့၏ ကိုယ်စား သံဃာသမ္မုတိရ သံဃာ့ကိုယ်စားလှယ် တစ်ထောင်ကျော်တို့ပါဝင်သော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၏ ရည်မှန်းချက်များဖြစ်သည့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို ဖျက်လိုဖျက်ဆီးပြုလုပ်ရာ ရောက်သဖြင့် ၁၃၄၄–ခုနှစ်၊ နယုန်လဆန်း ၁၁–ရက် (၂–၆–၈၂) နေ့တွင် ကျင်းပသော ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ တတိယအစည်းအဝေးက ထိုကိစ္စနှင့် ပတ်သက်၍ အောက်ပါအတိုင်း အတည်ပြု ဆုံးဖြတ်ခဲ့ကြပါသည်။

## ဆုံးဖြတ်ချက် ၁/၈၂

## စေတီတည်ခြင်း စသည့် အဆိုကို ဆုံးဖြတ်ခြင်း

သာသနာနှစ် ၂၅၂၆၊ ကောဇာသက္ကရာဇ် ၁၃၄၄–ခုနှစ်၊ နယုန်လဆန်း ၁၁–ရက် (ခရစ်သက္ကရာဇ် ၁၉၈၂–ခုနှစ်၊ ဇွန်လ ၂–ရက်) ဗုဒ္ဓဟူးနေ့တွင် ကျင်းပသော အစည်းအဝေးကြီးက ရပ်ကွက်/ကျေးရွာအတွင်း၌ စေတီအသစ် တည်ခြင်း၊ စေတီအဟောင်း ပြုပြင်ခြင်း၊ တရားဟောခြင်း၊ ကျောင်းသစ် ဆောက်ခြင်း စသော ကိစ္စများကို သက်ဆိုင်ရာ သံဃနာယက အဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်စေရန် ဆုံးဖြတ်တော်မူကြသည်။

၃။ သို့ဖြစ်ပါ၍ စေတီအသစ် တည်ခြင်း၊ စေတီအဟောင်း ပြုပြင်ခြင်း၊ ကျောင်းသစ် ဆောက်ခြင်း၊ တရားဟောခြင်း၊ အလှူခံခြင်း စသော ကိစ္စတို့နှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် အပိုဒ် (၂) ပါ ဆုံးဖြတ်ချက်ကို အောက်ပါ လုပ်နည်း လုပ်ဟန်များအတိုင်း တိကျစွာ လိုက်နာ ဆောင်ရွက်ကြရန် သာသနာတော် အတွက် အထူးအလေးအနက်ထား၍ ညွှန်ကြား လိုက်ပါသည် –

(က) စေတီအသစ် တည်ခြင်း၊ စေတီအဟောင်း ပြုပြင်ခြင်း၊ ကျောင်းသစ် ဆောက်ခြင်း၊ တရားဟောခြင်း၊ အလှူခံခြင်း

http://www.dhammadownload.com



ကိစ္စတို့ကို မည်သည့် မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုတို့၌ဖြစ်စေ သက်ဆိုင်ရာ သံဃနာယကအဖွဲ့(သံဃနာယကအဖွဲ့ မရှိလျှင်) သံဃာ့ဝန်ဆောင် ဆရာတော်များ၏ ခွင့်ပြုချက်ကို ရယူပြီးမှသာ ဆောင်ရွက်ရန်။

(ခ) အကယ်၍ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု အတွင်း၌ ဂိုဏ်းအသီးသီးမှ သံဃနာယက အဖွဲ့များ၊ သံဃာ့ဝန်ဆောင်များ ရှိနေပါက သာသနာတော်၏ အကျိုးစီးပွားအတွက် ဦးတည်ချက်ဖြင့် မိမိတို့အချင်းချင်း ညှိနှိုင်းတိုင်ပင်ကာ ခွင့်ပြုထားသည့် ခွင့်ပြုချက်ကို ရယူပြီးမှ ဆောင်ရွက်ရန်။

(ဂ) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းပြီးနောက် ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များ၊ နာယကလက်စွဲများပါ ပြဋ္ဌာန်းချက်များအရ တားမြစ်ပါလျက် အမွေဆောက်လုပ်ထားသော အဆောက်အအုံများအနက် စေတီများဖြစ်ပါက ဤညွှန်ကြားလွှာပါအတိုင်း ခွင့်ပြုချက်ကို ရယူပြီးမှ ဆောင်ရွက်ရန်နှင့် ကျောင်းများဖြစ်ပါက ကျောင်းအဖြစ် အသိအမှတ်မပြုရန်။

ဘဒ္ဒန္တ ဣန္ဒာစာရ
(အဂ္ဂမဟာပဏ္ဍိတ)
ဥက္ကဋ္ဌ ဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
(တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက)
အကျိုးတော်ဆောင်ဆရာတော်

———————

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၄၂)

ဗုဒ္ဓဘာသာသီလရှင်အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ညွှန်ကြားခြင်း။ (၁၈၊ ၈၊ ၈၂) (–ဒု ၁၄၊ ၄၊ ၄၄)

## ကြီးကြပ်ဆောင်ရွက်နည်းများ သတ်မှတ်ခြင်း

၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဗုဒ္ဓဘာသာသီလရှင် အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့်အညီ ဗုဒ္ဓဘာသာသီလရှင် အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရေးနှင့် ပတ်သက်၍ နိုင်ငံတော်ကောင်စီက ၂၆–၄–၈၂ နေ့စွဲပါ စာအမှတ်–၁၆/၂၂/နကစ ဖြင့် ပြည်နယ်/တိုင်း၊ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့များသို့ ကြီးကြပ်ဆောင်ရွက်ပေးရန် ညွှန်ကြားထားသော်လည်း ကြီးကြပ်ဆောင်ရွက်နည်းများနှင့် ပတ်သက်၍ မရှင်းလင်းကြကြောင်း သိရှိရသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၁၃)၊ အပိုဒ် (၈၉) ပါ လုပ်ပိုင်ခွင့် များကို အသုံးပြုလျက် ကြီးကြပ်ဆောင်ရွက်နည်းများကို အောက်ပါအတိုင်း သတ်မှတ်ညွှန်ကြားလိုက်ပါသည် –

## ဗုဒ္ဓဘာသာသီလရှင်အဖွဲ့အစည်းများ

၂။ ဗုဒ္ဓဘာသာသီလရှင် အဖွဲ့အစည်း အခြေခံ စည်းမျဉ်း အခန်း(၅)၊ အပိုဒ် (၁၃)၊ (က)၊ (ခ) အရ လည်းကောင်း၊ အခန်း (၅)၊ အပိုဒ် (၁၄)နှင့် နောက်ဆက်တွဲဇယား (၂) အရ လည်းကောင်း၊ အခန်း (၆)၊ အပိုဒ် (၁၈)၊ (က)၊ (ခ) အရ လည်းကောင်း၊ အခန်း(၆)၊ အပိုဒ်–၁၉၊ ၂၁ နှင့် နောက်ဆက်တွဲ ဇယား (၃) အရ လည်းကောင်း ဗုဒ္ဓဘာသာသီလရှင် အဖွဲ့အစည်းများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်ဖြစ်ပါသည် –

http://www.dhammadownload.com



(က) မြို့နယ်သီလရှင် အရန်အမှုဆောင်များ (ပုံစံ-၁)
(ခ) မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့များ (ပုံစံ-၂)
(ဂ) ပြည်နယ်/တိုင်း သီလရှင် အရန်အမှုဆောင်များ (ပုံစံ-၃)
(ဃ) ပြည်နယ်/တိုင်း သီလရှင် အမှုဆောင်အဖွဲ့များ (ပုံစံ-၄)

**ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း**

၃။ ဗုဒ္ဓဘာသာသီလရှင်အဖွဲ့အစည်းများ ရွေးချယ်ဖွဲ့စည်းရေးအတွက် ကြီးကြပ်ရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်သွားကြရန် ဖြစ်ပါသည်။

**(က) မြို့နယ် ကြီးကြပ်ရေးအဖွဲ့**

| | |
|---|---|
| (၁) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (၂) မြို့နယ်သာသနာရေးမှူး | အကျိုးဆောင် |
| (၃) မြို့နယ်သံဃဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ (မရှိလျှင်) အခြားသင့်လျော်သူ တစ်ဦး | အဖွဲ့ဝင် |

**(ခ) ပြည်နယ်/တိုင်း ကြီးကြပ်ရေးအဖွဲ့**

| | |
|---|---|
| (၁) ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (၂) ပြည်နယ်/တိုင်း သာသနာရေးမှူး | အကျိုးဆောင် |
| (၃) ပြည်နယ်/တိုင်း သံဃဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ (မရှိလျှင်) အခြား သင့်လျော်သူ တစ်ဦး | အဖွဲ့ဝင် |

**အဆင့်ဆင့် ကြီးကြပ်ဆောင်ရွက်နည်း**

၄။ ရွေးချယ်ဖွဲ့စည်းရာ၌ ကြီးကြပ်ရေးအဖွဲ့များသည် အောက်ပါအတိုင်း အဆင့်ဆင့် ဆောင်ရွက်သွားကြရန် ဖြစ်ပါသည် —

http://www.dhammadownload.com



(က) မြို့နယ်ကြီးကြပ်ရေးအဖွဲ့သည် သုဓမ္မာ၊ ရွှေကျင်စသည်ဖြင့် ဂိုဏ်းခွဲခြားခြင်း မပြုဘဲ မိမိတို့တာဝန်ကျရာ မြို့နယ်အတွင်းရှိ သီလရှင် ဇရပ်/ကျောင်း/ကျောင်းတိုက်/ချောင်ကို အုပ်ချုပ်သူ သီလရှင်ဆရာကြီးများအားလုံး စာရင်းကိုလည်းကောင်း၊ ကျောင်းထိုင်ဘုန်းကြီး၏ အုပ်ချုပ်မှုအောက်တွင် နေထိုင်သော သီလရှင်များဖြစ်ပါက အုပ်ချုပ်သူ ကျောင်းထိုင်ဘုန်းကြီးက မိမိကိုယ်စား အုပ်ချုပ်ရေး တာဝန်လွှဲအပ်ခြင်းခံရသူ သီလရှင် ဆရာကြီးများအားလုံး စာရင်းကို လည်းကောင်း ကောက်ယူ ပြုစုရမည်။

(ခ) အထက်အပိုဒ်-၄ (က) ပါ အုပ်ချုပ်သူ သီလရှင်ဆရာကြီးများ အားလုံးကို မြို့နယ်သီလရှင် အရန်အမှုဆောင်များအဖြစ် ရွေးချယ်၍ ပုံစံ (၁) တွင် ရေးသွင်းပြီး မြို့နယ်ကြီးကြပ်ရေး အဖွဲ့က လက်မှတ်ရေးထိုးရမည်။

(ဂ) မြို့နယ်တစ်မြို့နယ်တွင် သီလရှင်ကျောင်း ၄-ကျောင်းနှင့် ၄-ကျောင်းအထက်ရှိပါက အုပ်ချုပ်သူ သီလရှင်ဆရာကြီးများ အားလုံးကို မြို့နယ်သီလရှင် အရန်အမှုဆောင်များအဖြစ် ရွေးချယ်ပြီးနောက် ကျန် သီလရှင်များထဲမှ အုပ်ချုပ်သူ သီလရှင်ဆရာကြီးများ အပါအဝင် စုစုပေါင်း အရေအတွက် ကို မူတည်၍ နောက်ဆက်တွဲဇယား (၁) ပါ အတိုင်း မြို့နယ် သီလရှင် အရန် အမှုဆောင်များအဖြစ် အချိုးကျ ထပ်မံ ရွေးချယ်စေ၍ ပုံစံ (၁) တွင် ဆက်လက်ရေးသွင်းပြီး မြို့နယ်ကြီးကြပ်ရေးအဖွဲ့က လက်မှတ်ရေးထိုးရမည်။

(ဃ) မြို့နယ်တစ်မြို့နယ်အတွင်း သီလရှင်ကျောင်း ၁-ကျောင်း တည်းသာရှိပါက ထိုကျောင်းကို အုပ်ချုပ်သူ သီလရှင် ဆရာကြီးသည် မြို့နယ်သီလရှင် အရန်အမှုဆောင်

http://www.dhammadownload.com



ဖြစ်သည့်အပြင် ပြည်နယ်/တိုင်း သီလရှင် အရန် အမှုဆောင် လည်း ဖြစ်သည်။ ထို့ကြောင့် ထိုသီလရှင် ဆရာကြီးကို မြို့နယ်သီလရှင် အရန်အမှုဆောင်အဖြစ် သတ်မှတ်၍ ပုံစံ (၁) တွင် လည်းကောင်း၊ ပြည်နယ်/တိုင်း သီလရှင် အရန်အမှုဆောင် အဖြစ် သတ်မှတ်၍ ပုံစံ (၃) တွင် လည်းကောင်း ရေးသွင်းပြီး မြို့နယ်ကြီးကြပ်ရေးအဖွဲ့က လက်မှတ် ရေးထိုးရမည်။

(င) မြို့နယ်တစ်မြို့နယ်အတွင်း သီလရှင်ကျောင်း ၂–ကျောင်းမှ ၃–ကျောင်းအထိရှိလျှင် အုပ်ချုပ်သူ သီလရှင်ဆရာကြီးများ သည် မိမိတို့ကိုယ်တိုင် မြို့နယ်သီလရှင် အရန်အမှုဆောင် များအဖြစ် စုဝေး၍ မိမိတို့အထဲမှ သင့်လျော်သူ တစ်ပါးကို ပြည်နယ်/တိုင်း သီလရှင်အရန်အမှုဆောင်အဖြစ် ရွေးချယ်ပြီး ပုံစံ (၃) တွင် ရေးသွင်းကာ မြို့နယ်ကြီးကြပ်ရေးအဖွဲ့က လက်မှတ်ရေးထိုးရမည်။

(စ) မြို့နယ်တစ်မြို့နယ်အတွင်း သီလရှင်ကျောင်း ၄–ကျောင်းနှင့် ၄–ကျောင်းအထက်ရှိပါက သီလရှင်အဖွဲ့ အစည်း အခြေခံ စည်းမျဉ်းအပိုဒ် (၁၃)၊ (က)၊ (ခ) အရ ရွေးချယ်ခံရသည့် မြို့နယ်သီလရှင် အရန်အမှုဆောင်များကို မြို့နယ်ကြီးကြပ်ရေး အဖွဲ့က စည်းဝေးစေပြီး နောက်ဆက်တွဲ ဇယား (၂) ပါ အတိုင်း မြို့နယ် သီလရှင်အမှုဆောင်အဖွဲ့ ဖွဲ့စည်းမှုကို လည်းကောင်း၊ ပြည်နယ်/တိုင်း သီလရှင် အရန်အမှုဆောင် ရွေးချယ်မှုကို လည်းကောင်း ကြီးကြပ်ဆောင်ရွက်ပေးရမည်။ ထို့အပြင် ပုံစံ (၂) နှင့် ပုံစံ (၃) တို့တွင် သတ်မှတ်ထားသည့် အတိုင်း ရေးသွင်းပြီး လက်မှတ်ရေးထိုးရမည် ။

http://www.dhammadownload.com



(ဆ) ပြည်နယ်/တိုင်း သီလရှင်အရန်အမှုဆောင် (၅) ပါးနှင့် (၅) ပါးအထိ ရှိသော ပြည်နယ်/တိုင်းများတွင် နောက်ဆက်တွဲ ဇယား (၃) ပါအတိုင်း ပြည်နယ်/တိုင်း သီလရှင်အမှုဆောင် အဖွဲ့ ဖွဲ့စည်းမှုကို ပြည်နယ်/တိုင်း ကြီးကြပ်ရေးအဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးရမည်၊ ထို့အပြင် ပုံစံ (၄) တွင် သတ်မှတ်ထားသည့် အတိုင်း ရေးသွင်းပြီး လက်မှတ်ရေးထိုးရမည် ။

(ဇ) ပြည်နယ်/တိုင်း သီလရှင်အရန်အမှုဆောင် (၅) ပါး မပြည့်စုံသော ပြည်နယ်/တိုင်းများတွင် နီးစပ်ရာ ပြည်နယ်/တိုင်းများနှင့် သွားရောက် ပူးပေါင်း၍ ပြည်နယ်/တိုင်း သီလရှင် အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းလိုက ဖွဲ့စည်းနိုင်သည်။ ထိုသို့ ဖွဲ့စည်းလို၍ ဖွဲ့စည်းပါက သွားရောက် ပူးပေါင်းရာ ပြည်နယ်/တိုင်း ကြီးကြပ်ရေးအဖွဲ့က ယင်းသို့ ဖွဲ့စည်းမှုကို ကြီးကြပ်ဆောင်ရွက်ပေးရမည်။ ထို့အပြင် ပုံစံ (၄) တွင် သတ်မှတ်ထားသည့် အတိုင်း ရေးသွင်းပြီး လက်မှတ်ရေးထိုး ရမည် ။

## ဩဝါဒ ခံယူခြင်း

၅။ မြို့နယ် သီလရှင် အမှုဆောင်အဖွဲ့နှင့် ပြည်နယ်/တိုင်း သီလရှင် အမှုဆောင် အဖွဲ့တို့ကို ရွေးချယ် ဖွဲ့စည်းသောအခါ ဆိုင်ရာ အဆင့်ရှိ သံဃနာယကအဖွဲ့များ (သံဃနာယကအဖွဲ့မရှိလျှင်) အဆင့်တူ သတ်မှတ် ထားသည့် ဆရာတော်များမှ သင့်လျော်သောရေအတွက်ရှိ ဆရာတော်များကို ပင့်ဆောင်ထားရမည်။ သီလရှင် အဖွဲ့အစည်းများသည် ရွေးချယ် ဖွဲ့စည်း ပြီးလျှင် ပြီးခြင်း ထိုဆရာတော်များ၏ ဩဝါဒကို ခံယူရမည်။ နောင် ဩဝါဒ ခံယူသောအခါ၌လည်း မူလ ခံယူနည်းအတိုင်း ခံယူရမည်။

http://www.dhammadownload.com



## လုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်း

၆။ ကြီးကြပ်ရေးအဖွဲ့များသည် သီလရှင် အရန်အမှုဆောင်များ ရွေးချယ်ခြင်း၊ သီလရှင်အမှုဆောင်အဖွဲ့များ ရွေးချယ်ဖွဲ့စည်းခြင်း လုပ်ငန်းများအတွက် အဆင်ပြေသလို ရက်များ သတ်မှတ်နိုင်သည်၊ လုပ်ငန်းများ စီစဉ်ဆောင်ရွက်နိုင်သည်။

## အချိန်ကာလ သတ်မှတ်ခြင်း

၇။ ဗုဒ္ဓဘာသာသီလရှင်အဖွဲ့ အဖွဲ့အစည်းအဆင့်ဆင့် ရွေးချယ်ဖွဲ့စည်းပြီးသည်နှင့် တပြိုင်နက် သာသနာနွယ်ဝင်မှတ်တမ်းများ ဆက်ကပ်ရေးလုပ်ငန်းကို လှူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဆက်လက်ဆောင်ရွက်ရန်ရှိသဖြင့် ၁၃၄၄–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်အတွင်း အပြီး ဆောင်ရွက်ရန် ဖြစ်ပါသည်။

## ကန့်ကွက်မှုပေါ်လျှင် ဆောင်ရွက်ခြင်း

၈။ ကြီးကြပ်ရေးအဖွဲ့များသည် ရွေးချယ်ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ချက်ချင်း ကန့်ကွက်နိုင်ကြောင်း ကြေညာ၍ ကန့်ကွက်လွှာ တင်ပါက လက်ခံပြီး ရောက်ရှိနေသည့် သံဃနာယက အဖွဲ့များ၏ ဩဝါဒကို ခံယူကာ ကန့်ကွက်လွှာကို ပယ်ချခြင်း၊ သို့မဟုတ် လက်ခံခြင်းကို ချက်ခြင်း ဆောင်ရွက်ရမည်။ ကန့်ကွက်လွှာကို လက်ခံပါက အသစ် ရွေးချယ်ဖွဲ့စည်းမည့် နေ့ရက်ကို ကြေညာ၍ ထပ်မံ ဆောင်ရွက်ပေးရမည်။

http://www.dhammadownload.com

# နိဂုံး

၉။ ကြီးကြပ်ရေးအဖွဲ့များသည် ဗုဒ္ဓဘာသာသီလရှင် အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ယထာဓမ္မ ယထာဝိနယ ဖြစ်စေရေး အတွက် သက်ဆိုင်ရာ သံဃနာယကအဖွဲ့များ၏ ဩဝါဒကို ခံယူကာ ကြီးကြပ်ဆောင်ရွက်ပေးကြရန် ဖြစ်ပါသည်။

**မှတ်ချက်။** ။ ရွေးချယ်ဖွဲ့စည်းရာတွင် မလွဲသာ မရှောင်သာ ဆန္ဒမဲ ပေးရန် လိုအပ်ပါက အသက် (၁၈) နှစ် ပြည့်ပြီးသော သီလရှင်များကိုသာ ဆန္ဒမဲပေးပိုင်ခွင့် ရှိသည်ဟု သတ်မှတ်သည်။

**ဘဒ္ဒန္တ ရေဝတာဘိဝံသ**
**(အဂ္ဂမဟာပဏ္ဍိတ)**
**ဒုတိယ ဥက္ကဋ္ဌဆရာတော်**

**ဘဒ္ဒန္တ ဝဏ္ဏသိရိ**
**တွဲဖက် အကျိုးတော်ဆောင်ဆရာတော်**

---

http://www.dhammadownload.com



ပုံစံ (၁)

## မြို့နယ်သီလရှင် အရန်အမှုဆောင်များ ရွေးချယ်ခြင်း

မြို့နယ် ---------------
ပြည်နယ်/တိုင်း ---------------
ဖော်ပြပါ သီလရှင်များအား --------------- နေ့၊
---------------အချိန် --------------- နေရာတွင်
စည်းဝေးသော သီလရှင်အစည်းအဝေးက --------------- မြို့နယ်
သီလရှင် အရန်အမှုဆောင်အဖြစ် ရွေးချယ်လိုက်ပါသည်။

| စဉ် | ဘွဲ့အမည် | အသက် | ဝါ | ကျောင်း | ကျောင်းအုပ်ချုပ်ရေးတာဝန် |
|---|---|---|---|---|---|
| | | | | | |

**မှတ်ချက်** ။ ။ ဗုဒ္ဓဘာသာသီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်း
အခန်း(၅)၊ အပိုဒ် ၁၃၊(က)၊(ခ)အရ ရွေးချယ်ရန်ဖြစ်သည်။
ရွေးချယ်ခြင်းကို ကြီးကြပ်ရေးအဖွဲ့က အတည်ပြုသည်။

(ဥက္ကဋ္ဌ) (အဖွဲ့ဝင်) (အတွင်းရေးမှူး)

http://www.dhammadownload.com



ပုံစံ (၂)

## မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း

မြို့နယ် ——————————————

ပြည်နယ်/တိုင်း ——————————————

ဖေါ်ပြပါ မြို့နယ် သီလရှင်အရန်အမှုဆောင်များအား ——————————

နေ့၊ ——————————အချိန် —————————— နေရာတွင်

စည်းဝေးသော သီလရှင်အစည်းအဝေးက မြို့နယ် သီလရှင် အမှုဆောင်

အဖြစ် ရွေးချယ်ဖွဲ့စည်းလိုက်ပါသည်။

| စဉ် | ဘွဲ့အမည် | အသက် | ဝါ | ကျောင်း | ရွေးချယ်သည့် တာဝန် |
|---|---|---|---|---|---|
| | | | | | |

**မှတ်ချက်** ။ ။ ဗုဒ္ဓဘာသာသီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၅)၊ အပိုဒ် ၁၄–အရ ရွေးချယ်ဖွဲ့စည်းသည်။

ရွေးချယ်ဖွဲ့စည်းခြင်းကို ကြီးကြပ်ရေးအဖွဲ့က အတည်ပြုသည်။

(ဥက္ကဋ္ဌ) (အဖွဲ့ဝင်) (အတွင်းရေးမှူး)

http://www.dhammadownload.com



ပုံစံ (၃)

# ပြည်နယ်/တိုင်းသီလရှင် အရန်အမှုဆောင်များ ရွေးချယ်ခြင်း

မြို့နယ် ----------------

ပြည်နယ်/တိုင်း ----------------

ဖော်ပြပါ မြို့နယ်သီလရှင်အရန်အမှုဆောင်များအား ----------နေ့၊ ------------------အချိန် ------------ နေရာတွင် စည်းဝေးသော အစည်းအဝေးက ပြည်နယ်/တိုင်း သီလရှင် အရန်အမှုဆောင်များအဖြစ် ရွေးချယ်လိုက်ပါသည်။

| စဉ် | ဘွဲ့တော် | အသက် | ဝါ | ကျောင်းတိုက် | ကျောင်းအုပ်ချုပ်ရေးတာဝန် |
|---|---|---|---|---|---|
| | | | | | |

**မှတ်ချက်** ။ ။ ဗုဒ္ဓဘာသာသီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၆)၊ အပိုဒ် ၁၈၊ (က)၊ (ခ) အရ ရွေးချယ်ရန်ဖြစ်သည်။ ရွေးချယ်ခြင်းကို ကြီးကြပ်ရေးအဖွဲ့က အတည်ပြုသည်။

(ဥက္ကဋ္ဌ) (အဖွဲ့ဝင်) (အတွင်းရေးမှူး)

http://www.dhammadownload.com



ပုံစံ (၄)

## ပြည်နယ်/တိုင်း သီလရှင် အမှုဆောင်အဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း

မြို့နယ် ---------------

ပြည်နယ်/တိုင်း ---------------

ဖော်ပြပါ ပြည်နယ်/တိုင်း သီလရှင် အရန်အမှုဆောင်များအား ------ နေ့၊ ------------အချိန် ------------ နေရာတွင် စည်းဝေးသော အစည်းအဝေးက ပြည်နယ်/တိုင်း သီလရှင် အမှုဆောင်များ အဖြစ် ရွေးချယ် ဖွဲ့စည်းလိုက်ပါသည်။

| စဉ် | ဘွဲ့တော် | အသက် | ဝါ | ကျောင်းတိုက် | ရွေးချယ်သည့် တာဝန် |
|---|---|---|---|---|---|
| | | | | | |

မှတ်ချက်။ ။ ဗုဒ္ဓဘာသာသီလရှင် အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၆)၊ အပိုဒ် (၁၉)အရ ရွေးချယ်ဖွဲ့စည်းသည်။ အပိုဒ် (၂၀)အရ ရွေးချယ်ဖွဲ့စည်းသည်။ [မလိုအပ်သည်ကို ဖျက်ပါ။] ရွေးချယ် ဖွဲ့စည်းခြင်းကို ကြီးကြပ်ရေးအဖွဲ့က အတည်ပြုသည်။

(ဥက္ကဋ္ဌ) (အဖွဲ့ဝင်) (အတွင်းရေးမှူး)

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၄၂)

**ထေရဝါဒ ဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အသီးသီး ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ညွှန်ကြားခြင်း။** (၂၈၊ ၁၀၊ ၉၆) (-၁၊ ၇၊ ၅၈)

## ကြီးကြပ်ဆောင်ရွက်နည်းများ သတ်မှတ်ခြင်း

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ထေရဝါဒဗုဒ္ဓဘာသာ သီလရှင် အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ထုတ်ပြန်ခဲ့သော ညွှန်ကြားလွှာအမှတ် (၄၂) သည် ယခုအခါ ထေရဝါဒဗုဒ္ဓဘာသာ **သီလရှင် အဖွဲ့အစည်း** အခြေခံစည်းမျဉ်း (ဒုတိယအကြိမ်) ပြင်ဆင်ဖြည့်စွက်ချက် လုပ်ထုံး လုပ်နည်းများနှင့် ကိုက်ညီမှု မရှိတော့သဖြင့် လည်းကောင်း၊ ကြီးကြပ်ဆောင်ရွက်နည်းများ ရှင်းလင်းစေရန်အတွက် လည်းကောင်း **နိုင်ငံတော်** သံဃမဟာနာယကအဖွဲ့သည် သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်း အခန်း (၁၃)၊ အပိုဒ် (၉၃) ပါ လုပ်ပိုင်ခွင့်များကို အသုံးပြုလျက် ယခင်ထုတ်ပြန်ခဲ့သော ညွှန်ကြားလွှာ အမှတ် (၄၂)ကို ပြင်ဆင် ဖြည့်စွက်၍ ကြီးကြပ်ဆောင်ရွက်နည်းများကို အောက်ပါအတိုင်း သတ်မှတ်ညွှန်ကြား လိုက်သည် -

## ထေရဝါဒဗုဒ္ဓဘာသာ သီလရှင် အဖွဲ့အစည်းများ

၂။ ထေရဝါဒဗုဒ္ဓဘာသာ သီလရှင် **အဖွဲ့အစည်း** အခြေခံစည်းမျဉ်း အခန်း (၅)၊ အပိုဒ် (၁၃၊ ၁၄၊ ၁၅၊ ၁၆) တို့အရ လည်းကောင်း၊ ယင်း

ဆ(၁-၉၃)-၁၂

http://www.dhammadownload.com



လုပ်ထုံးလုပ်နည်း အခန်း (၉)၊ နောက်ဆက်တွဲဇယား (၁) (၂) (၃) (၄) တို့အရ လည်းကောင်း ထေရဝါဒ ဗုဒ္ဓဘာသာ သီလရှင် အဖွဲ့အစည်းများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် ဖြစ်ပါသည် –

(က) မြို့နယ်သီလရှင် အရန်အမှုဆောင်များ (ပုံစံ–၁)
(ခ) မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့များ (ပုံစံ–၂)
(ဂ) ပြည်နယ်/တိုင်းသီလရှင် အရန်အမှုဆောင်များ (ပုံစံ–၃)
(ဃ) ပြည်နယ်/တိုင်းသီလရှင် အမှုဆောင်အဖွဲ့များ (ပုံစံ–၄)

## ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း

၃။ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းသည် ထေရဝါဒဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်းများ ရွေးချယ်ဖွဲ့စည်းရေးအတွက် ကြီးကြပ်ရေး အဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်သွားကြရန် ဖြစ်ပါသည် –

### (က) မြို့နယ် ရွေးချယ်ဖွဲ့စည်းမှု ကြီးကြပ်ရေးအဖွဲ့

(၁) မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင် ဥက္ကဋ္ဌ
(၂) မြို့နယ်သာသနာရေးမှူး အတွင်းရေးမှူး
(၃) မြို့နယ် သံဃနာယကအဖွဲ့၏ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌ (သို့) အခြား သင့်လျော်သူတစ်ဦး အဖွဲ့ဝင်

### (ခ) ပြည်နယ်/တိုင်း ရွေးချယ်ဖွဲ့စည်းမှု ကြီးကြပ်ရေးအဖွဲ့

(၁) ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဝင် ဥက္ကဋ္ဌ
(၂) ပြည်နယ်/တိုင်း သာသနာရေးမှူး အတွင်းရေးမှူး

http://www.dhammadownload.com



(၃) ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့၏ ဆွမ်းကွမ်း ဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌ(သို့)အခြားသင့်လျော်သူတစ်ဦး အဖွဲ့ဝင်

## အဆင့်ဆင့် ကြီးကြပ်ဆောင်ရွက်နည်း

၄။ ရွေးချယ်ဖွဲ့စည်းရာ၌ ကြီးကြပ်ရေးအဖွဲ့များသည် အောက်ပါအတိုင်း အဆင့်ဆင့် ဆောင်ရွက်သွားကြရန် ဖြစ်ပါသည် –

(က) မြို့နယ်ရွေးချယ်ဖွဲ့စည်းမှု ကြီးကြပ်ရေးအဖွဲ့သည် မိမိတို့ တာဝန်ကျရာ မြို့နယ်အတွင်းရှိ သီလရှင်ကျောင်းများ၊ ကျောင်းရှိ သီလရှင်များ စာရင်းကို အသက်၊ သီလရှင် သက်တမ်း၊ သာသနာဝင်မှတ်တမ်း အမှတ်၊ မိဘအမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ ပါဝင်သော ဇယားဖြင့် စနစ်တကျ ကောက်ယူရမည်။

(ခ) ထို့ပြင် မြို့နယ်ရွေးချယ်ဖွဲ့စည်းမှု ကြီးကြပ်ရေးအဖွဲ့သည် သုဓမ္မာ/ရွှေကျင် စသည်ဖြင့် ဂိုဏ်းခွဲခြားခြင်းမပြုဘဲ မိမိတို့တာဝန်ကျရာ မြို့နယ်အတွင်းရှိ သီလရှင်ဇရပ်/ကျောင်း/ ကျောင်းတိုက်/ချောင်ကို အုပ်ချုပ်သူ သီလရှင် ဆရာကြီးများ အားလုံး စာရင်းကိုလည်းကောင်း၊ ကျောင်းထိုင်ဘုန်းကြီး၏ အုပ်ချုပ်မှုအောက်တွင် နေထိုင်သော သီလရှင်များ ဖြစ်ပါက အုပ်ချုပ်သူ ကျောင်းထိုင်ဘုန်းကြီးက မိမိကိုယ်စား အုပ်ချုပ်ရေး တာဝန်လွှဲအပ်ခြင်းခံရသူ သီလရှင် ဆရာကြီးများအားလုံး စာရင်းကို လည်းကောင်း၊ အစိုးရ ဓမ္မာစရိယဘွဲ့ရ သီလရှင်များ စာရင်းကိုလည်းကောင်း ကောက်ယူပြုစုရမည်။

(ဂ) အထက် အပိုဒ်–၄ (ခ) ပါ အုပ်ချုပ်သူ သီလရှင်ဆရာကြီးများ၊ အစိုးရဓမ္မာစရိယဘွဲ့ရ သီလရှင်များ အားလုံးကို မြို့နယ်

http://www.dhammadownload.com



သီလရှင် အရန်အမှုဆောင်များအဖြစ် ရွေးချယ်၍ပုံစံ (၁)တွင် ရေးသွင်းပြီး မြို့နယ်ကြီးကြပ်ရေးအဖွဲ့က လက်မှတ်ရေးထိုး ရမည်။

(ဃ) မြို့နယ်တစ်မြို့နယ်တွင် သီလရှင်ကျောင်း (၄) ကျောင်းနှင့် (၄) ကျောင်းအထက် ရှိပါက အုပ်ချုပ်သူ သီလရှင်ဆရာကြီး များ အားလုံးကို မြို့နယ်သီလရှင် အရန်အမှုဆောင်များအဖြစ် ရွေးချယ်ပြီးနောက်၊ ကျန်သီလရှင်များထဲမှ အုပ်ချုပ်သူ သီလရှင်ဆရာကြီးများ အပါအဝင် စုစုပေါင်း အရေအတွက်ကို မူတည်၍ နောက်ဆက်တွဲဇယား (၁) ပါ အတိုင်း မြို့နယ် သီလရှင်အရန်အမှုဆောင်များအဖြစ် အချိုးကျ ထပ်မံ ရွေးချယ် စေ၍ ပုံစံ (၁) တွင် ဆက်လက် ရေးသွင်းပြီး မြို့နယ် ကြီးကြပ်ရေးအဖွဲ့က လက်မှတ်ရေးထိုးရမည်။

(င) မြို့နယ်တစ်မြို့နယ်အတွင်း သီလရှင်ကျောင်း တစ်ကျောင်း တည်းသာ ရှိပါက ထိုကျောင်းကို အုပ်ချုပ်သူ သီလရှင် ဆရာကြီးသည် မြို့နယ်သီလရှင်အရန် အမှုဆောင်ဖြစ်သည့် အပြင် ပြည်နယ်/တိုင်း သီလရှင်အရန် အမှုဆောင် လည်းဖြစ်သည်။ ထို့ကြောင့် ထိုသီလရှင် ဆရာကြီးကို မြို့နယ်သီလရှင် အရန်အမှုဆောင် အဖြစ် သတ်မှတ်၍ ပုံစံ (၁) တွင်လည်းကောင်း၊ ပြည်နယ်/တိုင်း သီလရှင်အရန် အမှုဆောင်အဖြစ် သတ်မှတ်၍ ပုံစံ (၃) တွင်လည်းကောင်း ရေးသွင်းပြီး မြို့နယ်ကြီးကြပ်ရေး အဖွဲ့က လက်မှတ်ရေးထိုး ရမည်။

(စ) မြို့နယ်အတွင်းရှိ သီလရှင်ကျောင်း (၂) ကျောင်းမှ (၃) ကျောင်း အထိ ရှိလျှင် အုပ်ချုပ်သူ သီလရှင် ဆရာကြီးများသည် **မိမိတို့ ကိုယ်တိုင် မြို့နယ် သီလရှင် အရန်အမှုဆောင် များအဖြစ် စုဝေး၍ မိမိတို့အထဲမှ သင့်လျော်သူ တစ်ပါးကို**

http://www.dhammadownload.com



ပြည်နယ်/တိုင်း သီလရှင်အရန် အမှုဆောင်အဖြစ် ရွေးချယ်၍ ပုံစံ (၃) တွင် ရေးသွင်းကာ မြို့နယ်ကြီးကြပ်ရေးအဖွဲ့က လက်မှတ်ရေးထိုးရမည်။

(ဆ) မြို့နယ်တစ်မြို့နယ်အတွင်း သီလရှင်ကျောင်း (၄) ကျောင်းနှင့် (၄) ကျောင်းအထက်ရှိပါက သီလရှင်အဖွဲ့အစည်း အခြေခံ စည်းမျဉ်း လုပ်ထုံးလုပ်နည်း အပိုဒ် (၂၀)၊ (၂၁) အရ ရွေးချယ်ခံရသည့် မြို့နယ်သီလရှင် အရန်အမှုဆောင်များကို မြို့နယ်ကြီးကြပ်ရေးအဖွဲ့က စည်းဝေးစေပြီး နောက်ဆက်တွဲ ဇယား (၂) ပါအတိုင်း မြို့နယ်သီလရှင်အမှုဆောင်အဖွဲ့ ဖွဲ့စည်းမှုကို လည်းကောင်း၊ ပြည်နယ်/တိုင်း သီလရှင် အရန်အမှုဆောင် ရွေးချယ်မှုကို လည်းကောင်း ကြီးကြပ် ဆောင်ရွက်ပေးရမည်။ ထို့အပြင် ပုံစံ (၂)နှင့် ပုံစံ (၃)တို့တွင် သတ်မှတ်ထားသည့်အတိုင်း ရေးသွင်းပြီး လက်မှတ်ရေးထိုး ရမည်။

(ဇ) ပြည်နယ်/တိုင်း သီလရှင်အရန်အမှုဆောင် (၅)ပါးနှင့် (၅)ပါး အထက်ရှိသော ပြည်နယ်/တိုင်းများတွင် နောက်ဆက်တွဲဇယား (၃) ပါအတိုင်း ပြည်နယ်/တိုင်း သီလရှင်အမှုဆောင်အဖွဲ့ ဖွဲ့စည်းမှုကို ပြည်နယ်/တိုင်း ကြီးကြပ်ရေးအဖွဲ့က ကြီးကြပ် ဆောင်ရွက်ပေးရမည်။ ထို့ပြင် ပုံစံ (၄) တွင် သတ်မှတ်ထား သည့်အတိုင်း ရေးသွင်းပြီး လက်မှတ်ရေးထိုးရမည်။

(ဈ) ပြည်နယ်/တိုင်း သီလရှင်အရန်အမှုဆောင် (၅) ပါး မပြည့်စုံ သော ပြည်နယ်/တိုင်းများတွင် နီးစပ်ရာ ပြည်နယ်/တိုင်းများ နှင့် သွားရောက်ပူးပေါင်း၍ ပြည်နယ်/တိုင်း သီလရှင် အရန် အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းလိုက ဖွဲ့စည်းနိုင်သည်။ ထိုသို့ ဖွဲ့စည်းလို၍ ဖွဲ့စည်းပါက သွားရောက်ပူးပေါင်းရာ ပြည်နယ်/တိုင်း ကြီးကြပ်ရေးအဖွဲ့က ယင်းသို့ဖွဲ့စည်းမှုကို ကြီးကြပ် ဆောင်ရွက်ပေးရမည်။ ထို့အပြင် ပုံစံ (၄) တွင် သတ်မှတ် ထားသည့်အတိုင်း ရေးသွင်းပြီး လက်မှတ်ရေးထိုး ရမည်။

http://www.dhammadownload.com



## ဩဝါဒခံယူခြင်း

၅။ မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့နှင့် ပြည်နယ်/တိုင်း သီလရှင် အမှုဆောင်အဖွဲ့တို့ကို ရွေးချယ်ဖွဲ့စည်းသောအခါ ဆိုင်ရာအဆင့်ရှိ သံဃနာယကအဖွဲ့များ (သံဃနာယကအဖွဲ့မရှိလျှင်) အဆင့်တူ သတ်မှတ်ထားသည့် ဆရာတော်များမှ သင့်လျော်သောအရေအတွက်ရှိ ဆရာတော်များကို ပင့်ဆောင်ထားရမည်။ သီလရှင်အဖွဲ့အစည်းများသည် ရွေးချယ်ဖွဲ့စည်းပြီးလျှင် ပြီးချင်း ထိုဆရာတော်များ၏ ဩဝါဒကို ခံယူရမည်။ နောင်ဩဝါဒခံယူသောအခါ၌လည်း မူလခံယူနည်းအတိုင်း ခံယူရမည်။

## လုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်း

၆။ ကြီးကြပ်ရေးအဖွဲ့များသည် သီလရှင် အရန်အမှုဆောင်များ ရွေးချယ်ခြင်း၊ သီလရှင် အမှုဆောင်အဖွဲ့များ ရွေးချယ်ဖွဲ့စည်းခြင်း လုပ်ငန်းများအတွက် အဆင်ပြေသလို ရက်များ သတ်မှတ်နိုင်သည်။ လုပ်ငန်းများ စီစဉ်ဆောင်ရွက်နိုင်သည်။

## အချိန်ကာလ သတ်မှတ်ခြင်း

၇။ ထေရဝါဒဗုဒ္ဓဘာသာ သီလရှင်အဖွဲ့ အဖွဲ့အစည်းအဆင့်ဆင့် ရွေးချယ်ဖွဲ့စည်းခြင်းကို ၁၃၅၈–ခုနှစ်၊ နတ်တော်လဆန်း (၁) ရက်နေ့မှ ၁၃၅၈–ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၅) ရက်အတွင်း အပြီးဆောင်ရွက်ရန် ဖြစ်ပါသည်။

## ကန့်ကွက်မှုပေါ်လျှင် ဆောင်ရွက်ခြင်း

၈။ ကြီးကြပ်ရေးအဖွဲ့များသည် ရွေးချယ်ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ချက်ချင်း ကန့်ကွက်နိုင်ကြောင်း ကြေညာ၍ ကန့်ကွက်လွှာတင်ပါက လက်ခံပြီး ရောက်ရှိနေသည့် သံဃနာယက

http://www.dhammadownload.com



အဖွဲ့များ၏ ဩဝါဒခံယူကာ ကန့်ကွက်လွှာကို ပယ်ချခြင်း (သို့)လက်ခံခြင်းကို ချက်ချင်း ဆောင်ရွက်ရမည်၊ ကန့်ကွက်လွှာများကို လက်ခံပါက အသစ်ရွေးချယ်ဖွဲ့စည်းမည့် နေ့ရက်ကို ကြေညာ၍ ထပ်မံ ဆောင်ရွက်ပေးရမည်။

## နိဂုံး

၉။ ကြီးကြပ်ရေးအဖွဲ့များသည် ထေရဝါဒဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ယထာဓမ္မ ယထာဝိနယအဖွဲ့ ဖြစ်စေရေးအတွက် သက်ဆိုင်ရာ သံဃနာယကအဖွဲ့များ၏ ဩဝါဒကို ခံယူကာ ကြီးကြပ်ဆောင်ရွက်ပေးကြရန် ဖြစ်ပါသည်။

မှတ်ချက် ။ ။(က) ရွေးချယ်ဖွဲ့စည်းရာတွင် မလွဲသာ မရှောင်သာ ဆန္ဒမဲပေးရန် လိုအပ်ပါက အသက် (၁၈) နှစ်ပြည့်ပြီးသော သီလရှင်များသာ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည်ဟု သတ်မှတ်သည်။

(ခ) ပြင်ဆင်ဖြည့်စွက် ထုတ်ပြန်လိုက်သော ဤညွှန်ကြားလွှာ အမှတ် (၄၂) ဖြင့် ညွှန်ကြားလွှာ အမှတ် (၄၂) အဟောင်းကို ပယ်ဖျက်လိုက်သည်။

ဘဒ္ဒန္တ ဓမ္မာဝုဓ (အဘိဓဇမဟာရဋ္ဌဂုရု၊) (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တ ကောသလ္လ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယ ဥက္ကဋ္ဌဆရာတော်

---

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၄၃)
## (ပညာရေး)

**ဗုဒ္ဓသာသနာတော်မြတ် သန့်ရှင်းတည်တံ့ ပြန့်ပွားစေရန်အလို့ငှာ နိုင်ငံတော်တစ်ဝန်းလုံး၌ "အခြေခံ ဗုဒ္ဓဘာသာသင်တန်းများ" ဖွင့်လှစ် သင်ကြား ပေးသွားရေးအတွက် ဆောင်ရွက်ကြရန် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် တို့အား ညွှန်ကြားချက်။ (၁၈၊ ၈၊ ၈၂) (၃–၁၄၊ ၄၊ ၄၄)**

၁။ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော်ကို ကြည်ညိုမြတ်နိုးကြသည့် ဒါယကာ၊ ဒါယိကာမများက နှစ်သိန်းကျော်မျှသော ရဟန်းသံဃာတော်များ၏ ပစ္စည်းလေးပါး (စားဝတ်နေရေး၊ ကျန်းမာရေး) တာဝန်ကို ကျေပွန်စွာ ထမ်းဆောင် ဖြည့်ဆည်းပေးနေကြပါသည်။ ရဟန်းသံဃာတော်များကို ကြည်ညိုလေးစားကြရာ၌လည်း သီလ၊ သမာဓိ၊ ပညာ ဂုဏ်ကျေးဇူးကို ကြည်ညိုရုံမျှမက ရဟန်းဝတ္တရားနှင့်အညီ မိမိတို့အား မကောင်းမှုမှ တားမြစ်၍ ကောင်းအောင် ညွှန်ပြတတ်သော ဆရာတစ်ဆူအနေဖြင့်လည်း အားကိုးကြည်ညိုလျက် ရှိကြပါသည်။

၂။ ယခုခေတ်သည် သိပ္ပံခေတ် ဒုံးပျံ ဂြိုဟ်တုခေတ်ဖြစ်၍ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ယဉ်ကျေးမှုဓလေ့ ထုံးစံများ လျှင်မြန်စွာ ရောယှက်ကူးလူး ဆက်ဆံနေသဖြင့် မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို လေ့လာ သင်ကြားမှုနည်းပါးပါလျှင် ကလေးလူငယ်များသည် ဗုဒ္ဓဓမ္မယဉ်ကျေးမှု၊ အမျိုးသားယဉ်ကျေးမှုများနှင့် ဖီလာဆန့်ကျင်သော နေထိုင်ပြောဆိုပြုမူမှုများ ဖြစ်ပေါ်လာပြီး သာသနာတော်အတွက်သာမက လူမျိုးနှင့် တိုင်းပြည် အတွက်ပါ အန္တရာယ် ဖြစ်ပေါ်စေနိုင်ပါသည်။

http://www.dhammadownload.com



၃။ ယခုလက်ရှိ သာသနာရေးအခြေအနေ သုံးသပ်ချက်အရ ဗုဒ္ဓဘာသာ မျိုးရိုးမှ ဆင်းသက်ပေါက်ဖွားလာကြသော သိန်းပေါင်းများစွာသော ကလေးသူငယ်တို့သည် ဗုဒ္ဓ ဓမ္မယဉ်ကျေးမှုနှင့် ကင်းကွာသည့် အခြေအနေသို့ ရောက်နေပေသည်။ အနာဂတ်သာသနာရေးအတွက် ရဟန်း၊ သံဃာတော် များဘက်ကိုသာ ပြုပြင်ပေးရုံမျှဖြင့် မပြီးသေးဘဲ သာသနာတော်မြတ်ကြီး တည်တံ့အောင် ပစ္စယ, ဓမ္မဖြင့် ထောက်ပံ့ပြုစု နေကြသည့် ဒါယကာ ဒါယိကာမတို့၏ ရင်သွေး သားငယ် သမီးငယ်များကိုလည်း ဗုဒ္ဓသာသနာ တော်ကို ကြည်ညိုလေးစားတတ်သည့် သာသနာ့မျိုးဆက်များ ဖြစ်လာအောင် ပြုစု ပျိုးထောင်ပေးကြရမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်သည်နှင့်အညီ အခြေခံဗုဒ္ဓဓမ္မနှင့် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းများကို နိုင်ငံတစ်ဝန်းလုံး၌ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်သင်ကြားပေးသင့်သည်မှာ အချိန်အတန် ကြာခဲ့ပြီဖြစ်ကြောင်း ဆရာတော်များအားလုံး အသိပင် ဖြစ်ပါသည်။ အချို့အရပ်ဒေသများတွင် ဗုဒ္ဓဘာသာဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြည့်မည်ဆိုပါက နေရာဒေသ အနည်းငယ်မျှသာ ရှိပေသေးသည်။

၅။ သို့ဖြစ်သောကြောင့် ပစ္စုပ္ပန် သာသနာ့အခြေအနေကို အဘက်ဘက်က ရှုမြင်သုံးသပ်တော်မူကြပြီး ၁၃၄၄–ခုနှစ်၊ နယုန်လ၌ကျင်းပခဲ့သည့် ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယ အစည်း အဝေးကြီးက အခြေခံ ဗုဒ္ဓဘာသာသင်တန်းများ နိုင်ငံအနှံ့ ဖွင့်လှစ်သင်ကြား ပေးသွားရန် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့အား တိုက်တွန်းသည့် ဆုံးဖြတ်ချက်ကို အလေးအနက် ချမှတ်ပြဋ္ဌာန်းတော်မူခဲ့ကြပါသည်။

http://www.dhammadownload.com



၆။ သို့ဖြစ်သောကြောင့် မိမိတို့၏ ပြည်နယ်/တိုင်း၊ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက် အတွင်း၌ အခြေခံဗုဒ္ဓဘာသာ သင်တန်းများ မပြတ်မနေ ဖွင့်လှစ် သင်ကြားပေးသွားကြရန် ညွှန်ကြားလိုက်ပါသည်။

ဘဒ္ဒန္တ ရေဝတာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏာသိရီ
တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၄၄)

ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို ဖြေရှင်းဆောင်ရွက်ရာ၌ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျနမှန်ကန်မှုရှိစေရန်ညွှန်ကြားခြင်း။
(၂၈၊ ၈း ၈၂) ( ၉၊ ၅၊ ၄၄)

၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍ မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့နှင့် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့တို့သည် ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းများ စစ်ဆေးဆောင်ရွက်ကြရာ၌ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ ကို ပြဋ္ဌာန်းသတ်မှတ်ထားရှိပြီး ဖြစ်ပါသည်။

၂။ သို့ရာတွင် အချို့သော သံဃနာယကအဖွဲ့များနှင့် သံဃဝိနိစ္ဆယ အဖွဲ့များသည် ယင်းပြဋ္ဌာန်းသတ်မှတ်ချက်များကို ကျော်လွန်၍လည်းကောင်း၊ မျက်ကွယ်ပြု၍လည်းကောင်း ဆောင်ရွက်မှုများ ရှိနေကြောင်း သိရှိနေရ ပါသည်။

http://www.dhammadownload.com



၃။ သို့ဖြစ်ပါ၍ သံဃနာယကအဖွဲ့များနှင့် သံဃဝိနိစ္ဆယအဖွဲ့များသည် ဝိနည်းမမှုကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆောင်ရွက်ရာ၌ ပရပဝါဒ ဘေးမှ ကင်းဝေးစေလျက် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ကိုသာ ဦးတည်၍ စနစ်တကျ ထမြောက်အောင်မြင်စွာ ဆောင်ရွက်တော် မူနိုင်ကြစေရန်အတွက် အောက်ဖော်ပြပါ စည်းကမ်းချက်များကို သတိပြုလိုက်နာဆောင်ရွက်ကြပါရန် ညွှန်ကြားအပ်ပါသည်။

## (က) အဆင့်ဆင့် ဖြေရှင်းဆောင်ရွက်မှု

(၁) ဝိနည်းမမှုကံ အဓိကရဏ်းမှုခင်းတစ်ရပ်ကို တင်ပြလျှောက်ထား လာပါက လက်ခံ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်း ပြေငြိမ်းမှုရအောင် ဆောင်ရွက်ပေးရန်၊

(၂) ညှိနှိုင်းဖြေရှင်းရန် ၃–ကြိမ်ခေါ်ယူပါလျက် စောဒက၊ စုဒိတက တစ်ဘက်ဘက်က မလာရောက်ဘဲ နေခဲ့သော် ဖြေရှင်းပြေငြိမ်း၍ မရသော အမှုအဖြစ် သတ်မှတ်၍ ဆက်လက်ဆောင်ရွက်ရန်၊

(၃) အဆင့်ဆင့် ဖြေရှင်းအေးငြိမ်းစေမှုကို ရက်ပေါင်း (၆၀) ထက် မပိုစေရန်၊

## (ခ) မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့

(၁) မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့သည် အမှုကို စတင်မစစ်ဆေးမီ စောဒကအား စောဒနာလွှာ (အမှုစွဲဆိုချက်) တင်သွင်းစေရန်နှင့် စောဒနာလွှာ မိတ္တူတစ်စောင်ကို သဘာပတိ ဝိနည်းဓိုရ် ဆရာတော်မှ တစ်ဆင့် စုဒိတကအား ပေးစေရန် (အမှုစွဲဆိုချက်၌

http://www.dhammadownload.com



မိမိရယူလိုသည့် ဝိနိစ္ဆယ ဆုံးဖြတ်ချက်ကို ထည့်သွင်းဖော်ပြ တောင်းခံစေရမည်။)

(၂) သံဃဝိနိစ္ဆယအဖွဲ့သည် သာမန်အားဖြင့် စောဒက၊ စုဒိတက စုံညီ ရှေ့မှောက်၌သာလျှင် အမှုစစ်ဆေးခြင်းပြုရန်၊

(၃) အစစ်ဆေးခံရသူ၏ ဂုဏ်သိက္ခာကို ထိပါးစေလိုသော သဘောဖြင့် အမှုအတွက် အထောက်အကူမဖြစ်သော မေးခွန်းမျိုးကို မေးစစ်ခြင်း မပြုရန်၊

(၄) သုံးကြိမ် ဆင့်ခေါ်ပါလျက် လာရောက်ရန် အကြောင်းမဲ့ ပျက်ကွက်သော စောဒက၊ စုဒိတကများကို မြို့နယ်သံဃနာယက အဖွဲ့မှတစ်ဆင့် မြို့နယ်ပြည်သူ့ကောင်စီ အကူအညီဖြင့် ဆင့်ဆိုခေါ်ယူရန် (သုံးကြိမ်ခေါ်ယူခြင်းသည် တစ်ကြိမ်နှင့် တစ်ကြိမ် ရက်သတ္တတစ်ပတ်ခြား၍ ခေါ်ရမည်။)

(၅) အထက်ပါအတိုင်း သုံးကြိမ် သုံးခါ ပင့်လျှောက်ဆင့်ခေါ်ပါလျက် မလာမရောက် ပျက်ကွက်လျှင် ယင်း၏ မျက်ကွယ်၌ပင် ဖြစ်စေကာမူ ယင်း၏ မျက်မှောက်၌ စစ်ဆေး ဆုံးဖြတ်ဘိသကဲ့သို့ ဆက်လက် စစ်ဆေးဆုံးဖြတ်ရန်၊

(၆) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ လွှဲပြောင်းပေးပို့လာသည့် အငြင်းပွားမှု (အမှုဟောင်း) ၌ ဖြစ်စေ၊ စတင်တိုင်ကြားလာသည့် အငြင်းပွားမှု (အမှုသစ်) ၌ ဖြစ်စေ အငြင်းပွားသည့် ပစ္စည်းဝတ္ထုကို အရေအတွက် အကျယ်အဝန်းနှင့် အမျိုးအမည်စသည်ကို ရှေးဦးစွာ စစ်ဆေးမှတ်တမ်းတင်ထားရန်၊

(၇) စောဒက၊ စုဒိတကနှင့် သက်သေများကို စစ်ဆေးရာ၌ စောဒကနှင့် စုဒိတကတို့အား သဘာပတိ ဝိနည်းဓိုရ်ဆရာတော်မှ တစ်ဆင့် အပြန်အလှန် မေးခွန်းများ မေးမြန်းခွင့်ပြုရန်၊

http://www.dhammadownload.com



(၈) မှတ်တမ်းတင်ရာ၌ စောဒကမေး၊ စုဒိတကမေး ခေါင်းစီးတပ်၍ မှတ်တမ်းတင်ရန်၊ မေးမြန်းရန်မရှိလျှင် မရှိကြောင်း မှတ်တမ်းတင်ရန်၊

(၉) အနုဝါဒါဓိကရုဏ်းမှုများ၌ အဆုံးအဖြတ် ခံရမည့် ရဟန်းကိုသာ စုဒိတက အရာ၌ ထား၍ စစ်ဆေးဆုံးဖြတ်ရန်၊

(၁၀) စောဒက (သို့မဟုတ်) စုဒိတကတို့၏ သက်သေများကို တရားခွင်တွင် စစ်ဆေးရာ၌ တစ်ဦးချင်းကိုသာ စစ်ဆေးရန်၊ သက်သေစာရင်းပါ ပုဂ္ဂိုလ်များကို ယင်းတို့အား မစစ်ဆေးရသေးမီ တရားခွင်၌ နားထောင်ခွင့် မပြုရန်၊

(၁၁) ပထမပါရာဇိက အနုဝါဒါဓိကရုဏ်းမှုခင်းတွင် စောဒက၊ စုဒိတကနှင့် ယင်းတို့၏သက်သေများကို စစ်မေးရာ၌ စောဒက၊ စုဒိတကနှင့် တာဝန်ရှိသူ ရုံးဝန်ထမ်းများမှတပါး အခြား ပုဂ္ဂိုလ်များကို လေ့လာနားထောင်ခွင့် မပြုရန်နှင့် အသံဖမ်းယူခွင့် မပြုရန်။

(၁၂) ပထမပါရာဇိက အနုဝါဒါဓိကရုဏ်းမှုခင်းမှတပါး အခြားသော အဓိကရုဏ်းမှုခင်းများ၌ ထွက်ဆိုချက်များကို စောဒကနှင့် စုဒိတကတို့က အသံဖမ်းယူလိုပါလျှင် အသံဖမ်းခွင့်ပြုရန် (အသံဖမ်းတိတ်ခွေကို မသက်ဆိုင်သည့် နေရာဌာနများတွင် အသုံးမပြုပါဟု ဝန်ခံကတိလက်မှတ် ရေးထိုးစေရမည်။)

(၁၃) သံဃဝိနိစ္ဆယအဖွဲ့၌ မှတ်တမ်းရေးရန် အခက်အခဲရှိ၍ အသံဖမ်းစက် (ကက်ဆက်) ဖြင့်သာ မှတ်တမ်းတင်ပါက ကက်ဆက်တိတ်ခွေ ပေါ်၌ အစစ်ခံသူကိုယ်တိုင် လက်မှတ်ရေးထိုး စေရန်၊

(၁၄) နောက်ဆုံးစောဒနာလွှာ တင်သွင်းရန်ရက်ကို စစ်ဆေးပြီးစီးသည့် နေ့မှ (၃) ရက်အတွင်း တင်သွင်းစေရန်နှင့် စောဒနာလွှာ

http://www.dhammadownload.com



တစ်စောင်ကို စုဒိတကသို့ ပေးစေရန်၊ စုဒိတကသည်လည်း စောဒနာလွှာ ရရှိသည့်နေ့မှ (၃) ရက်အတွင်း နောက်ဆုံး သောဓနာလွှာ တင်သွင်းစေရန်၊

(၁၅) ဆုံးဖြတ်ချက်၌ သံသယဖြစ်ဖွယ် ဖျက်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းများကို ရှောင်ရှားရန်၊

(၁၆) သက်ဆိုင်ရာမှ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ လွယ်ကူချောမောစေရန် ရှင်းလင်းပေါ်လွင်သည့် စကားအသုံး အနှုန်းများဖြင့် ပြတ်သား တိကျစွာ ရေးသားဆုံးဖြတ်ရန်၊ (ကာရက ၆-ပါး ပြည့်စုံနိုင်သမျှ ပြည့်စုံစေရမည်။)

## (ဂ) မြို့နယ်သံဃနာယကအဖွဲ့

(၁) မြို့နယ်သံဃနာယကအဖွဲ့သည် အဓိကရဏ်းမဝတ္ထုဖြင့် စွပ်စွဲမှုမျိုး၌ စုဒိတက ကလည်း ဝန်ခံမှု မပြုပါလျှင် သံဃဝိနိစ္ဆယအဖွဲ့ဖြင့်သာ ဖွဲ့စည်းစစ်ဆေးရန်၊ (အဆင့်ဆင့် ပြေငြိမ်းမှုပြုရန် မလို။)

(၂) သာသနာရေးဦးစီးဌာနက သီးခြား တာဝန်ပေးအပ်သည့် အဓိကရဏ်းမှုများမှတပါး မြို့နယ်သာသနာရေးမှုးများအား စောဒကအဖြစ် မပြုလုပ်စေရန်၊

(၃) သံဃနာယက ဆရာတော်များသည် တရားခွင်၌ ဝိနည်းဓိုရ် ဆရာတော်များနှင့်အတူ ထိုင်ခြင်း၊ ဝင်ရောက်စစ်ဆေးခြင်း၊ မှတ်တမ်းတင်ပေးခြင်း၊ အကြံပေးခြင်း၊ ဝိနည်းဓိုရ် ဆရာတော် များအား ပြစ်တင်ဝေဖန်ခြင်း ၁သည်ဖြင့် ပါဝင်စွက်ဖက် ပြောဆိုဆောင်ရွက်မှုမှ ရှောင်ရှားကြရန်၊

http://www.dhammadownload.com



(၄) စာဒက စုဒိတကနှင့် ယင်းတို့၏သက်သေများကို စစ်ဆေးပြီးနောက်၊ သုံးသပ်ဆုံးဖြတ်ရန် အချိန်ရောက်မှ အကြောင်းတစုံတရာကြောင့် ဝိနည်းမိုရ်တစ်ပါးချင်းကိုဖြစ်စေ၊ ဝိနိစ္ဆယ တစ်ဖွဲ့လုံးကိုဖြစ်စေ ကန့်ကွက်လာခြင်းကို လက်ခံစဉ်းစားခြင်း မပြုရန်၊

(၅) သံဃနာယကအဖွဲ့သည် ဓမ္မစက်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရေးအတွက် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီသို့ သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကိုသာ ပေးပို့၍မေတ္တာရပ်ခံရန်၊

(၆) ဝိနိစ္ဆယဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ၏ ပင့်ဖိတ်လျှောက်ကြားမှုမရှိဘဲ၊ သံဃနာယကအဖွဲ့က ပါဝင်စွက်ဖက် ပြောဆိုဆောင်ရွက်မှု မပြုရန်၊

(၇) အယူခံမတက်သည့် အမှုများ၌ ပြည်နယ်/တိုင်းနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ အမှုအကြောင်းအရာ အကျဉ်းချုပ်နှင့် ဆုံးဖြတ်ချက် (ပုံစံ–၇) ကို ပေးပို့၍ အစီရင်ခံရန်၊

(၈) အယူခံဝင်ရန်အတွက် အမှုတွဲကို ကူးယူခွင့်တောင်းခံပါက သံဃဝိနိစ္ဆယအဖွဲ့နှင့် မသက်ဆိုင်သည့် နေရာဌာနများတွင် အသုံးမပြုပါဟု ဝန်ခံကတိလက်မှတ်ရေးထိုးစေ၍ ကူးယူခွင့်ပြုရန်၊

(၉) မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့က ဆုံးဖြတ်ချက် ချမှတ်ပြီးပါက အယူခံတက်သည်ဖြစ်စေ၊ အယူခံမတက်သည်ဖြစ်စေ ယင်းအမှုတွဲ အပြည့်အစုံကို မြို့နယ်သံဃနာယကအဖွဲ့က မြို့နယ်သာသနာရေးမှူးမှတစ်ဆင့် ပြည်နယ်/တိုင်း သာသနာရေးမှူးထံသို့ ပေးပို့ရန်၊

http://www.dhammadownload.com



## (ဃ) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့

(၁) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ အယူခံစောဒနာလွှာ တင်သွင်း လာလျှင် အမှုတွဲကို ပြည်နယ်/တိုင်း သာသနာရေးမှူးရုံးမှ တောင်းယူ၍ အယူခံ သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းပေးရန်၊

(၂) အယူခံစောဒနာဝင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့ရှေ့မှောက်၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အယူခံ စောဒနာလွှာ (သို့မဟုတ် အသနားခံလွှာ) တင်သွင်းမည်ဖြစ်ကြောင်း လျှောက်ထားမှု ရှိပါက ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် ယင်း အမှုတွဲ အပြည့်အစုံကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သို့ ပေးပို့ထားရန်၊

(၃) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ထံမှ ပြန်ကြားချက် တစ်စုံတစ်ရာ မရမီ ယင်းအမှုအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းကို ဆိုင်းငံ့ထားရန်၊

(၄) အဆင့်ဆင့် ဖြေရှင်းဆောင်ရွက်ရန် ကန့်သတ်ထားသည့် ရက်ပေါင်း (၆၀) ကို ပြည်နယ်/တိုင်းအလိုက် ဒေသဆိုင်ရာ အခြေအနေအရ ရပ်ကွက်/ကျေးရွာနှင့် မြို့နယ်များအလိုက် နေ့ရက်ခွဲဝေ သတ်မှတ်ပေးထားရန်၊

(၅) မြို့နယ်အလိုက်ဖြစ်ပွားသည့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း ဦးရေနှင့် အမျိုးအစား ပြေငြိမ်းပြီးသော အမှုများ၊ မြို့နယ်သံဃ ဝိနိစ္ဆယအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေး၍ ပြီးစီးသောအမှုများ၊ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးပြီးစီးသော အမှုများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အယူခံ တက်သော မှုခင်းများ၊ နောက်ဆုံးအကောင်အထည်ဖော်

http://www.dhammadownload.com



ဆောင်ရွက်မှုအထိ ပြီးပြတ်သော အမှုများစာရင်းကို (၄) လလျှင်တစ်ကြိမ် ပြည့်စုံစွာ ရှင်းလင်းဖော်ပြ အစီရင်ခံကြရန်၊

[ပဌမ (၄) လပတ် အစီရင်ခံစာ နယုန်လဆန်း (၁)ရက်အရောက်၊ ဒုတိယ (၄) လပတ် အစီရင်ခံစာ တန်ဆောင်မုန်းလဆန်း (၁)ရက်နေ့အရောက်၊ တတိယ (၄) လပတ် အစီရင်ခံစာ တပေါင်းလဆန်း (၁) ရက်နေ့အရောက်]

**ဘဒ္ဒန္တ ရေဝတာဘိဝံသ**
**(အဂ္ဂမဟာပဏ္ဍိတ)**
**ဒုတိယ ဥက္ကဋ္ဌဆရာတော်**

**ဘဒ္ဒန္တ ဝဏ္ဏာသိရိ**
**တွဲဖက် အကျိုးတော်ဆောင်ဆရာတော်**

---

## ညွှန်ကြားလွှာ အမှတ် (၄၅)
### (ပညာရေး)

**နိုင်ငံတော်တစ်ခွင်လုံးရှိ မြို့နယ်အသီးသီး၌ မြို့နယ်သံဃနာယကအဖွဲ့များက တာဝန်ယူ၍ နှစ်စဉ် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲများကျင်းပပေးသွားရန် ညွှန်ကြားချက်။ (၂၂၊ ၁၀၊ ၈၂) (၅၊ ၇၊ ၄၄)**

၁။ "ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲ" စီမံချက်စည်းမျဉ်းကို ၁၃၄၄-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက်၊ ၁၉၈၂-ခုနှစ်၊ ဇွန်လ (၄) ရက်နေ့၌ ကမ္ဘာအေးကုန်းမြေ့ဂူတွင်ကျင်းပသော ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တတိယအစည်းအဝေးက တညီတညွတ်တည်း အတည်ပြုတော်မူခဲ့ကြပြီး၊ ယင်းစည်းမျဉ်းကို ကြိုတင်လေ့လာနိုင်ရန်အလို့ငှာ ပရိယတ္တိ

http://www.dhammadownload.com



ပညာရေးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ ပြည်နယ်/တိုင်း၊ မြို့နယ် သံဃနာယကအဖွဲ့များထံသို့ ကြိုတင်ပေးပို့ဆက်ကပ်ထားပြီး ဖြစ်ပါသည်။

၂။ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲ စီမံချက် စည်းမျဉ်းစာအုပ်အခန်း (၄)တွင် ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်အောင် စာမေးပွဲများ ကျင်းပနိုင်ရေးအတွက် ကော်မတီဖွဲ့စည်းဆောင်ရွက်ပုံများကို ရေးသားဖော်ပြထားလျက်ရှိပါသည်။ ယင်းကော်မတီက ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကိုလည်း ညွှန်ပြထားလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့များသည် လိုအပ်သလို ညှိနှိုင်းတိုင်ပင်စီစဉ်ဆောင်ရွက်၍ မိမိတို့မြို့နယ်၏ မြို့နယ် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲ ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ပါရန် ယင်းသို့ ဖွဲ့စည်းမှုကို ဤညွှန်ကြားလွှာ ထုတ်ပြန်သည့်နေ့မှ (၄) လ အတွင်း (၁၉၈၃–ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂–ရက်နေ့)အတွင်း အပြီးဖွဲ့စည်းပေးပါရန်နှင့် ကော်မတီဖွဲ့စည်းပြီးသည့်အကြောင်းကို စည်းမျဉ်းအခန်း (၄)၊ အပိုဒ် (၁၅) (ဃ) အရ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ် ပညာရေးအဖွဲ့ထံသို့ ပေးပို့ပါရန် ညွှန်ကြားလျှောက်ထားအပ်ပါသည်။

ဘဒ္ဒန္တ ဇောတိကာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏသိရီ
တွဲဖက် အထွေထွေအတွင်းရေးမှူးဆရာတော်

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၄၆)

ကျောက်ပုံတောရ ဝါဒစွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးရေးကိစ္စ။ (၂၉၊ ၁၁၊ ၈၂) (၁၄၊ ၈၊ ၄၄)

၁။ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄) ၏ ဆုံးဖြတ်ချက်ကို လိုက်နာသောအားဖြင့် အောက်ဖော်ပြပါ ကျောက်ပုံတောရဝါဒ ခေါင်းဆောင်ဆရာတော်များနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ရှေ့မှောက်၌ မိမိတို့၏ ဝါဒများကို အဓမ္မဝါဒအဖြစ် ကြေငြာလျက် စွန့်လွှတ်ပါကြောင်း ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည် —

(၁) ဦးဥက္ကံသ — ကမ္မဋ္ဌာဝိပဿနာ ဗဟိုသင်တန်းကျောင်း၊ ပုရွက်ဆိတ်ကုန်း ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့၊ ရန်ကုန်တိုင်း။

(၂) ဦးကေးဝိဒ — ကျောက်ပုံတောရ (သီးခြား) ကမ္မဋ္ဌာဝိပဿနာ နေယျသင်တန်း ကျောင်းတိုက်၊ မြောက်ဥက္ကလာပ ဘူတာအနီး၊ ပုရွက်ဆိတ်ကုန်း ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့၊ ရန်ကုန်တိုင်း။

(၃) ဦးဉာဏောဘာသ — ကျောက်ပုံတောရ (သီးခြား) ကမ္မဋ္ဌာဝိပဿနာ နေယျသင်တန်းကျောင်းတိုက်၊ မြောက်ဥက္ကလာပ ဘူတာအနီး၊ ပုရွက်ဆိတ်ကုန်း ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့၊ ရန်ကုန်တိုင်း။

(၄) ဦးစိန္တာဘိဝံသ (ဓမ္မကထိက) — ဝိဘဇ္ဇဝါဒီကျောင်း၊ ပုရွက်ဆိတ်ကုန်း ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့၊ ရန်ကုန်တိုင်း။

http://www.dhammadownload.com



(၅) ပုသိမ်ဆရာညွန့် — အမှတ် (၂၄)၊ တဂေါင်းဘုရားလမ်း၊ ကျောက်စရစ်ကုန်းရပ်ကွက်၊ ပုသိမ်အနောက်မြို့နယ်၊ ဧရာဝတီတိုင်း။

(၆) ဦးစန်းမောင် — အမှတ် (၇)၊ ကိုဟင်းလမ်း၊ မကျဉ်းတန်းတောင်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

(၇) ဦးနေဝင်းသိမ်း — အမှတ် (၁၁၈၈)၊ ၁၄-လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ သို့ဖြစ်ပါ၍ မြို့နယ်သံဃနာယကအဖွဲ့များသည် မိမိတို့မြို့နယ်အတွင်းရှိ ကျောက်ပုံတောရဝါဒ၌ သက်ဝင်ယုံကြည်ကြသော ရဟန်းသာမဏေများနှင့် လူပုဂ္ဂိုလ်များရှိပါက ထိုပုဂ္ဂိုလ်များကို မြို့နယ်သံဃနာယကအဖွဲ့ တည်ရာဌာနသို့ ပင့်ဆောင်ခေါ်ယူ၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်မည် ဖြစ်ပါကြောင်း ကိုယ်တိုင်ပဋိညာဉ်ပြု လက်မှတ်ကို ထိုပုဂ္ဂိုလ်များအား ရေးထိုးကြစေရေးအတွက် ဩဝါဒပေးဆောင်ရွက်ကြစေရန် ညွှန်ကြားလိုက်ပါသည် -

(က) ရဟန်းသာမဏေများအတွက်

(၁) ထို အဓမ္မဝါဒကို စွန့်လွှတ်ပါကြောင်း၊

(၂) နောင် အနာဂတ်ကာလ၌လည်း ယင်းအဓမ္မဝါဒ များကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း စသည့် အမှုတို့ကို မိမိကိုယ်တိုင်လည်း ပြုလုပ်မည်မဟုတ်သည့်အပြင် တပည့် ဒါယကာ ဒါယိကာမတို့အားလည်း မပြုလုပ်စေရန် တားမြစ်ဆုံးမ ဩဝါဒပေးမည် ဖြစ်ပါကြောင်း၊

http://www.dhammadownload.com



(၃) မိမိတို့၏ အဓမ္မဝါဒဆိုင်ရာ စာအုပ်စာတမ်းများ၊ တိတ်ခွေများ၊ အထိမ်းအမှတ်များ၊ အမည်ဆိုင်းဘုတ်များ စသည်တို့ကိုပါ ဖျက်ဆီးခြင်း၊ အပ်နှံခြင်းများကို သင့်လျော်သလို ပြုလုပ်မည် ဖြစ်ပါကြောင်း၊

မှတ်ချက်။ ။ အထက်ပါအတိုင်း ပဋိညာဉ်ပြု လက်မှတ် ရေးထိုးပြီးပါက မိမိတို့ မူလဂိုဏ်း အလိုက် ဆိုင်ရာ သံဃာ့အဖွဲ့အစည်းများ၌ သင့်လျော်သလို ပါဝင်ခွင့် ရရှိရေးနှင့် သာသနာဝင်မှတ်တမ်း ရရှိရေးအတွက် ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့က ဆောင်ရွက် ပေးရန် ဖြစ်ပါသည်။

(ဓ) လူပုဂ္ဂိုလ်များအတွက် (သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ များနှင့် ညှိနှိုင်းဆောင်ရွက်ရန်။)

(၁) ထို အဓမ္မဝါဒကို စွန့်လွှတ်ပါကြောင်း၊

(၂) ယခုအချိန်မှစ၍ ရှေ့သို့ဆက်လက်ပြီး ယင်းအဓမ္မဝါဒများကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်း စသည့်အပြုအမူအားလုံးကို မိမိတို့ ကိုယ်တိုင်လည်း ပြုလုပ်ကြမည်မဟုတ်သည့် အပြင် မိမိတို့နှင့် ပတ်သက်သူများအားလည်း ပြုလုပ်စေမည် မဟုတ်ပါကြောင်း၊

(၃) ဖော်ပြပါ အဓမ္မဝါဒဆိုင်ရာ စာအုပ်စာတမ်း၊ တိတ်ခွေ၊ အထိမ်းအမှတ် စသည်တို့ကို သက်ဆိုင်ရာ မြို့နယ် သံဃနာယက အဖွဲ့သို့ အပ်နှံခြင်း၊ ဖျက်ဆီးခြင်းများကိုလည်း ပြုလုပ်ကြမည်၊ ပြုလုပ်စေကြမည် ဖြစ်ပါကြောင်း၊

http://www.dhammadownload.com



(၄) ယေဓမ်တော ထိုအခမ္မဝါဒနှင့် ပတ်သက်၍ သုံးစွဲခဲ့သော အသင်းအဖွဲ့ အမည်များ၊ ဆိုင်းဘုတ်များနှင့် အသင်းအဖွဲ့များကိုလည်း လုံးဝ တာဝန်ယူ ဖျက်သိမ်းကြမည်၊ ဖျက်သိမ်းစေကြမည် ဖြစ်ပါကြောင်း၊

၃။ ထိုကဲ့သို့ ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီးကြောင်း စာရင်းနှင့်တကွ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထား၍ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ မိတ္တူများ ပေးပို့ရန် ထပ်မံညွှန်ကြားလိုက်ပါသည်။

၄။ ကျောက်ပုံတောရဝါဒ၌ သက်ဝင်ယုံကြည်ကြသော ပုဂ္ဂိုလ်များ စာရင်းကို ပူးတွဲ ပေးပို့လိုက်သည်။

အရှင် ဇာဂရာဘိဝံသ
([illegible])
[illegible]

အရှင် ဝဏ္ဏသိရီ
တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

http://www.dhammadownload.com



# ကျောက်ပုံတောရဝါဒ၌ သက်ဝင်ယုံကြည်ကြသော ရဟန်းသာမဏေများနှင့်လူပုဂ္ဂိုလ်များ စာရင်း

## ရန်ကုန်တိုင်း

| | | | |
|---|---|---|---|
| ၁။ | ဦးဥက္ကံသ | သာနုကျောင်းတိုက် | ကြည့်မြင်တိုင် |
| ၂။ | ဦးအာစရ | ။ | ။ |
| ၃။ | ဦးဓမ္မနန္ဒ | ။ | ။ |
| ၄။ | ဦးအာဒိစ္စ | ။ | ။ |
| ၅။ | ဦးဇောတိက | ။ | ။ |
| ၆။ | ဦးကလျာဏ | ။ | ။ |
| ၇။ | ဦးကုဏ္ဍလ | ။ | ။ |
| ၈။ | ဦးဓမ္မစက္က | ။ | ။ |
| ၉။ | ဦးစန္ဒာဝရ | ။ | ။ |
| ၁၀။ | ဦးအာလောက | ။ | ။ |
| ၁၁။ | ဦးဓမ္မာဘာသ | ။ | ။ |
| ၁၂။ | ဦးကောသလ | ။ | ။ |
| ၁၃။ | ဦးဉာဏဗုဒ္ဓိ | ။ | ။ |
| ၁၄။ | ရှင်ဥတ္တရ | ။ | ။ |
| ၁၅။ | ရှင်အရိယ | ။ | ။ |
| ၁၆။ | ရှင်စန္ဒာဝရ | ။ | ။ |
| ၁၇။ | ရှင်ဝေပုလ္လ | ။ | ။ |
| ၁၈။ | ရှင်ဝေဒ | ။ | ။ |
| ၁၉။ | ရှင်ဇောတိက | ။ | ။ |
| ၂၀။ | ရှင်မင်္ဂလ | ။ | ။ |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၂၁။ | ရှင်တိက္ခ | သာစုကျောင်းတိုက် | ကြည့်မြင်တိုင် |
| ၂၂။ | ရှင်ဇာဂရ | ။ | ။ |
| ၂၃။ | ရှင်ဥတ္တမ | ။ | ။ |
| ၂၄။ | ဦးမာဃိန္ဒ | ကမ္ဘာ့ဝိပဿနာဗဟိုသင်တန်းကျောင်း | မြောက်ဥက္ကလာပမြို့ |
| ၂၅။ | ဦးသာသန | ။ | ။ |
| ၂၆။ | ဦးသောဘိတ | ။ | ။ |
| ၂၇။ | ဦးကလျာဏ | ။ | ။ |
| ၂၈။ | ဦးဝါသေဋ္ဌ | ။ | ။ |
| ၂၉။ | ဦးသုတေသန | ။ | ။ |
| ၃၀။ | ဦးအရိယဝံသ | ။ | ။ |
| ၃၁။ | ရှင်တေဇဝန္တ | ။ | ။ |
| ၃၂။ | ရှင်ရာဇိန္ဒ | ။ | ။ |
| ၃၃။ | ရှင်ကောဏ္ဍည | ။ | ။ |
| ၃၄။ | ရှင်ကောဝိဒ | ။ | ။ |
| ၃၅။ | ရှင်အနတ္တ | ။ | ။ |
| ၃၆။ | ဦးဥတ္တရ | သီးခြားကမ္ဘာ့ဝိပဿနာသင်တန်းကျောင်း | ။ |
| ၃၇။ | ဦးဉာဏောဘာသ | ။ | ။ |
| ၃၈။ | ဦးနာဂိန္ဒ | ။ | ။ |
| ၃၉။ | ဦးဝိလာသ | ။ | ။ |
| ၄၀။ | ဦးကုသလ | ။ | ။ |
| ၄၁။ | ဦးဝဏ္ဏိသရ | ။ | ။ |
| ၄၂။ | ဦးဝိစိတ္တသာရ | ။ | ။ |
| ၄၃။ | ဦးပဏ္ဍိစ္စ | ။ | ။ |
| ၄၄။ | ဦးပဏ္ဍိစ္စ | ။ | ။ |
| ၄၅။ | ဦးအာစရ | ။ | ။ |

http://www.dhammadownload.com



| | | |
|---|---|---|
| ၄၆။ ဦးဝိစာရ | သီးခြားကမ္ဘာ့ဝိပဿနာသင်တန်းကျောင်း | မြောက်ဥက္ကလာပမြို့ |
| ၄၇။ ရှင်တေဇိန္ဒ | ။ | ။ |
| ၄၈။ ရှင်ဇာဂရ | ။ | ။ |
| ၄၉။ ရှင်ကလျာဏ | ။ | ။ |
| ၅၀။ ရှင်သီရိန္ဒ | ။ | ။ |
| ၅၁။ ရှင်စန္ဒောဘာသ | ။ | ။ |
| ၅၂။ ရှင်ကေလာသ | ။ | ။ |
| ၅၃။ ရှင်ပညိန္ဒ | ။ | ။ |
| ၅၄။ ရှင်ကဥ္စန | ။ | ။ |
| ၅၅။ ရှင်ခေမိန္ဒ | ။ | ။ |
| ၅၆။ ဦးကာရုည | ဝိဘဇ္ဇဝါဒီကျောင်း | မြောက်ဥက္ကလာပမြို့ |
| ၅၇။ ဦးနေမိန္ဒ | ။ | ။ |
| ၅၈။ ရှင်ကေလာသ | ။ | ။ |
| ၅၉။ ရှင်တေဇဝန္တ | ။ | ။ |
| ၆၀။ ရှင်ပညာသီရိ | ။ | ။ |
| ၆၁။ ရှင်ဝါသေဋ္ဌ | ။ | ။ |
| ၆၂။ ရှင်သုန္ဒရ | ။ | ။ |
| ၆၃။ ရှင်ကဝိသိဒ္ဓိ | ။ | ။ |
| ၆၄။ ရှင်ဝိမောက္ခစာရ | ။ | ။ |
| ၆၅။ ရှင်ပညိဿရ | ။ | ။ |
| ၆၆။ ရှင်ပညာ | ။ | ။ |
| ၆၇။ ဦးသီလာစာရ | သိရီမင်္ဂိုင်နေတိမောက်ကျောင်း၊ | မြောက်ဥက္ကလာပမြို့ |
| ၆၈။ ဦးနန္ဒိသေန | ။ | ။ |
| ၆၉။ ရှင်ပရမ | ။ | ။ |
| ၇၀။ ဦးဓမ္မဒဿီ | ကမ္ဘာ့ဝိပဿနာကျောင်း | တောင်ဥက္ကလာပမြို့ |
| ၇၁။ ဦးအာသဘ | ။ | ။ |

| | | | |
|---|---|---|---|
| ၇၂။ | ဦးဝိမုဿီ | ကမ္ဘာ့ဝိပဿနာကျောင်း | တောင်ဥက္ကလာပမြို့ |
| ၇၃။ | ရှင်ဉာဏ | ။ | ။ |
| ၇၄။ | ရှင်ပညာသိရိ | ။ | ။ |

ဧရာဝတီတိုင်း

| | | | |
|---|---|---|---|
| ၇၅။ | ဦးဓမ္မသာရ | ကမ္ဘာ့ဝိပဿနာကျောင်း၊ မဟာယလုလင်လမ်း၊ | ဖျာပုံမြို့ |
| ၇၆။ | ဦးပညာဇောတ | ။ | ။ |
| ၇၇။ | ဦးယသ | ။ | ။ |
| ၇၈။ | ဦးသမ္ဗုဒ္ဓ | ကမ္ဘာ့ဝိပဿနာနေယျာသင်တန်း၊ ဝိဘဇ္ဇဝါဒ၊ | မြောင်းမြမြို့ |
| ၇၉။ | ဦးဝေပုလ္လ | ။ | ။ |
| ၈၀။ | ဦးဉာဏ | ။ | ။ |
| ၈၁။ | ရှင်ပညာသာမိ | ။ | ။ |
| ၈၂။ | ရှင်အာဒိစ္စ | ။ | ။ |

မွန်ပြည်နယ်

| | | | |
|---|---|---|---|
| ၈၃။ | ဦးသုမန | စမ်းသီတာကျောင်း၊ ကရင်စုရပ်ကွက်၊ | ပေါင်မြို့ |
| ၈၄။ | ဦးသောဏ | ။ | ။ |
| ၈၅။ | ဦးဇောတိက | ။ | ။ |
| ၈၆။ | ဦးဥက္ကံသ | ကမ္ဘာ့ဝိပဿနာ ကံနီစီးရွာ | ။ |

မကွေးတိုင်း

| | | | |
|---|---|---|---|
| ၈၇။ | ဦးဓဇိန္ဒ | ကမ္ဘာ့ဝိပဿနာ သရက်ပင်ကျေးရွာ | ထန်းတပင်မြို့ |
| ၈၈။ | ဦးစန္ဒိမာ | ။ | ။ |
| ၈၉။ | ဦးဉာဏိန္ဒ | မြင်းခြံတိုက်သစ်ကျောင်း | ။ |
| ၉၀။ | ဦးဝိဇယ | ။ | ။ |

http://www.dhammadownload.com



မန္တလေးတိုင်း

၉၁။ အရှင်ဩဘာသ ကမ္ဘာ့ဝိပဿနာ၊ ကျောက်ပန်းတောင်း၊ ဌာနခွဲ(၁)
၉၂။ ဦးပညာသိရီ ။ ။
၉၃။ ဦးကဝိဓဇ ။ ။
၉၄။ ရှင်စန္ဒ ။ ။
၉၅။ ရှင်အဂ္ဂဝံသ ။ ။
၉၆။ ရှင်ကဝိန္ဒ ။ ။
၉၇။ ရှင်သီလာနန္ဒ ။ ။
၉၈။ ရှင်သဒ္ဓမ္မဝံသ ။ ။
၉၉။ ရှင်တေဇဝန္တ ။ ။
၁၀၀။ ရှင်ကောသလ္လ ။ ။
၁၀၁။ ဦးလက္ခဏ ဘူတာရပ်၊ ကမ္ဘာ့ဝိပဿနာ ကျောက်ပန်းတောင်း၊

စစ်ကိုင်းတိုင်း

၁၀၂။ ဦးသီဟ ဝိဘဇ္ဇဝါဒီနေယျသင်တန်းကျောင်း၊ ငါးမြားကြီးရွာ၊ ငါန်းဇွန်
၁၀၃။ ဦးစန္ဒာသိရီ ။ ။
၁၀၄။ ရှင်သီလာစာရ ။ ။
၁၀၅။ ရှင်ကောဏ္ဍည ။ ။
၁၀၆။ ဦးသီဝလိ ကမ္ဘာ့ဝိပဿနာကျောင်း၊ ခင်ဦးမြို့

မကွေးတိုင်း

၁၀၇။ ဦးသုန္ဒရ တောင်ပေါ်ကျောင်း၊ ရေပ်ကြီးရွာ၊ မင်းဘူး စကုမြို့နယ်
၁၀၈။ ဦးကုမာရ ။ ။
၁၀၉။ ရှင်ပညာဝံသ ။ ။
၁၁၀။ ဦးဇာကုလ နွားကန်၊ မိုးနှင်းတော်ဒေပ်စု၊ နတ်မောက်မြို့

http://www.dhammadownload.com



ရှမ်းပြည်နယ်

| | | |
|---|---|---|
| ၁၁၁။ ဦးဓမ္မရက္ခိတ | ကမ္ဘာ့ဝိပဿနာ | တောင်ကြီး |
| ၁၁၂။ ဦးအာဒိစ္စ | ။ | ။ |
| ၁၁၃။ ရှင်ကဝိ | ။ | ။ |

လူပုဂ္ဂိုလ်များ

၁၁၄။ ဦးစိုးတင့် ဥာဏလမ်း၊မကျည်းတန်းမြောက်ကြည့်မြင်တိုင်၊
ရန်ကုန်တိုင်

ပွဲတွဲ (၅)

| | | | |
|---|---|---|---|
| ၁၁၅။ ဦးဘသန်း | ၃-ရပ်ကွက်၊ | လပွတ္တာ | ဧရာဝတီတိုင်း |
| ၁၁၆။ ဦးမောင်ခွေး | ၄-ရပ်ကွက်၊ | ။ | ။ |
| ၁၁၇။ ဦးအုန်းဟန် | ၁-ရပ်ကွက်၊ | ။ | ။ |
| ၁၁၈။ ဦးကျော်သိန်း | ၅-ရပ်ကွက်၊ | ။ | ။ |
| ၁၁၉။ ဦးကျော်ဆိုင် | ၅-ရပ်ကွက်၊ | ။ | ။ |
| ၁၂၀။ ဦးအောင်သန်းကျော် | ၁၆-ရပ်ကွက်၊ | ဖျာပုံမြို့ | ။ |
| ၁၂၁။ ဦးမှုတ္တား | ရွာသာယာ၊ | ကျိုက်လတ်မြို့ | ဧရာဝတီတိုင်း |
| ၁၂၂။ ဦးစန်းမောင် | ရေလဲပန်းပင်စု၊ | မအူပင်မြို့ | ။ |
| ၁၂၃။ ဦးမြဟန် | ။ | ။ | ။ |
| ၁၂၄။ ဦးသာခင် | ဇလွန်စု | ။ | ။ |
| ၁၂၅။ ဦးကြည် | ဇက်ကလေး | ။ | ။ |
| ၁၂၆။ ဦးရွှေဒင်္ဂါး | ငါးပိဆိပ်ရွာ | မြန်အောင် | ။ |
| ၁၂၇။ ဦးပန်းစိန် | ဖျာပုံမြို့ | ။ | |
| ၁၂၈။ ဦးစိန်စွဲ | ဇင်းကျိုက်၊ပေါင်မြို့ | | မွန်ပြည်နယ် |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၁၂၉။ ဦးအောင်ကြည် | ကျွဲခြံ | ပေါင်မြို့ | မွန်ပြည်နယ် |
| ၁၃၀။ ဦးလုလု | ဆံတိုက် | ။ | ။ |
| ၁၃၁။ ဦးမောင်ကြီး | ရွာဦးရပ်ကွက်၊သထုံမြို့ | | ။ |
| ၁၃၂။ စောချစ်အေး | | ပေါင်မြို့ | ။ |
| ၁၃၃။ ဦးလှဘော် | ရှမ်းစု ဒိုင်းဝန်ကွင်း၊ မော်လမြိုင်၊ | | ။ |
| ၁၃၄။ ဦးမောင်ကို | သပြေစမ်းရပ်ကွက်၊ တောင်ငူ၊ | | ပဲခူးတိုင်း |
| ၁၃၅။ ဒေါ်သင်းလှိုင် | သံဘို၊ အုတ်တွင်း | | ။ |
| ၁၃၆။ ဦးအောင်ဒွေး | မာဃလမ်း၊ အုတ်ဖို | | ။ |
| ၁၃၇။ ဦးကျော် | မန္တလေးမြို့ | | မန္တလေးတိုင်း |
| ၁၃၈။ ဦးအောင်သန်းမြင့် | လွတ်လပ်ရေးရပ်ကွက်၊ကျောက်ပန်းတောင်း | | ။ |
| ၁၃၉။ ဦးဘကြည် | သဒွေးကုန်း၊ ဖဆပလ | ။ | ။ |
| ၁၄၀။ ဦးချစ်ခိုင် | ကန်တော်ဦး ငါးရွာ၊ | ။ | ။ |
| ၁၄၁။ ဦးပေါက် | မိုးတောင်၊ ငါန်းဇွန်း၊ | | စစ်ကိုင်းတိုင်း |
| ၁၄၂။ ဦးကြီးစိန် | စံပြမြို့သစ်၊ ချောက်မြို့၊ | | မကွေးတိုင်း |
| ၁၄၃။ ဦးအောင်မြိုင် | သံမှုန့်ကုန်း၊ နတ်မောက်၊ | | ။ |
| ၁၄၄။ ဦးထွန်းရှိန် | မိုးနံ့တော နှောကာ၊ နတ်မောက် | | ။ |
| ၁၄၅။ ဦးမာညွန့် | တောင်အင်း၊ ပွင့်ဖြူ | | ။ |
| ၁၄၆။ ဦးကျော်ခင် | သမောအင်း၊ | ။ | ။ |
| ၁၄၇။ ဦးငွေအေး | ပတ္တမြား၊ ချောက်မြို့ | | ။ |

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၄၇)

ဝိနိစ္ဆယအဖွဲ့ဝင် ဝိနည်းဓိုရ် ဆရာတော်များအား လေးစားမှုမထားဘဲ အမှန်တရားမသိဘဲနှင့် မထီမဲ့မြင်ပြောဆိုမှုများအတွက် အရေးယူဆောင်ရွက်ရန် ကိစ္စ။

(၃၊ ၁၊ ၈၃) (-၄၊ ၉၊ ၄၄)

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်များ ဖွဲ့စည်းပြီးချိန်မှစ၍ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို သံဃဝိနိစ္ဆယအဖွဲ့များဖြင့် ဖြေရှင်းဆုံးဖြတ်ပေးခဲ့ရာ အောက်အဆင့် သံဃဝိနိစ္ဆယအဖွဲ့များ၏ စီရင်ဆုံးဖြတ်ချက်များကို ကျေနပ်မှု မရှိကြသော အမှုသည်များသည် အထက်အဆင့် သံဃနာယက အဖွဲ့များသို့ အယူခံ စာဒနာဝင်လွှာများ တင်သွင်းလာကြပါသည်။ ထိုသို့ အယူခံ တင်သွင်းရာတွင် စောဒကများက အောက်အဆင့် သံဃဝိနိစ္ဆယ အဖွဲ့၏ ဆုံးဖြတ်ချက်သည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းအရ သော်လည်းကောင်း၊ ဓမ္မဝိနယ အရ သော်လည်းကောင်း မည်သို့မည်ပုံ မညီညွတ်ကြောင်း ဖော်ပြလျက် ဓမ္မဓိဋ္ဌာန်ကျကျ ဖြင့်သာ ရေးသားတင်သွင်း ရန်ဖြစ်သော်လည်း အချို့သော အယူခံစာဒနာဝင် စောဒကများသည် မိမိတို့အမှုကို ဆုံးဖြတ်ခဲ့သော ဝိနည်းဓိုရ် ဆရာတော်များအပေါ်၌ အငြိုးထားလျက် ပုဂ္ဂလဓိဋ္ဌာန်ဖြင့် ဝိနည်းဓိုရ်များ၏ ဂုဏ်သိက္ခာ မကျန်လောက် အောင်ပင် အမျိုးမျိုး ကဲ့ရဲ့ ရှုတ်ချ ထိပါး ပုတ်ခတ်၍လည်းကောင်း၊ အက္ကောသဝတ္ထု တို့ဖြင့် အမျိုးမျိုး ဆဲရေး၍လည်းကောင်း၊ ဝတ္ထုကိုဖြစ်စေ၊ အာပတ်ကိုဖြစ်စေ ဖော်ပြလျက် ပါရာဇိကဖြင့် စွပ်စွဲ၍လည်းကောင်း ရေးသားတင်သွင်းလာသော အယူခံလွှာများကို မကြာခဏ တွေ့နေရ ပါသည်။ ထို့ပြင် သံဃဝိနိစ္ဆယ အဖွဲ့ရုံးကို သော်လည်းကောင်း၊ ဝိနည်းဓိုရ် ဆရာတော်များကို သော်လည်းကောင်း မထီမဲ့မြင် ပြောဆိုပြုမူမှုများကို မကြာခဏ တွေ့မြင် ကြားသိနေရပါသည်။

http://www.dhammadownload.com



၂။ သို့ဖြစ်ပါ၍ ဖော်ပြပါ ဝေဖန်ပုတ်ခတ်မှု၊ မထီမဲ့မြင်ပြုမှုများကို တားဆီး ကာကွယ်ရန်အတွက် ယင်းအပြုအမူ/အယူခံလွှာများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အရေးယူ ဆောင်ရွက်ကြရန် ညွှန်ကြားအပ်ပါသည်–

(က) အယူခံစာဒနာလွှာ တင်သွင်းရာတွင် အောက်အဆင့် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်၌ ဓမ္မဝိနယ အရ သော်လည်းကောင်း၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ချက်အရ သော်လည်းကောင်း မညီညွတ်သော အချက်အလက်များကို ဖော်ပြခြင်းမှတပါး အောက်အဆင့် သံဃဝိနိစ္ဆယ အဖွဲ့၏ အဖွဲ့ဝင် ဝိနည်းဓိုရ်ဆရာတော် တစ်ပါးပါးကို သော်လည်းကောင်း၊ သံဃဝိနိစ္ဆယအဖွဲ့ တစ်ဖွဲ့လုံးကို သော်လည်းကောင်း၊ အက္ကောသဝတ္ထုတို့ဖြင့် ဆဲရေးခြင်း၊ ရင့်သီးစွာ ထိပါးပုတ်ခတ်ခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်း၊ အာမတ်သို့ တင်ခြင်း စသော အခြေအမြစ်မရှိသည့် မဟုတ်မတရား စွပ်စွဲချက်တို့ဖြင့် ဖော်ပြတင်သွင်းလာသော အယူခံ စာဒနာ လွှာကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့က စစ်ဆေး တွေ့ရှိပါလျှင် အရေးယူ ဆောင်ရွက်ခြင်း မပြုဘဲ ပလပ် ပယ်ချရန်၊

(ခ) သံဃဝိနိစ္ဆယအဖွဲ့က စစ်ဆေးနေစဉ် တရားခွင်၌ သံဃဝိနိစ္ဆ အဖွဲ့ဝင် ဝိနည်းဓိုရ်ဆရာတော် တစ်ပါးပါးကို သော် လည်းကောင်း၊ သံဃဝိနိစ္ဆယ အဖွဲ့တစ်ဖွဲ့လုံးကို သော် လည်းကောင်း ပြန်လှန်ဝေဖန်ပုတ်ခတ်ခြင်း၊ ဆဲရေးခြင်း၊ ဖြေဆိုရန်ငြင်းဆန်ခြင်း၊ ဟန့်တားခြင်း၊ ထ၍ပြန်ခြင်း၊ အော်ဟစ် ကြိမ်းမောင်းခြင်း၊ သဘာပတိ၏ ခွင့်ပြုချက်မရဘဲ မေးမြန်းခြင်း စသော မထီမဲ့မြင် အပြုအမူများကို ပြုမူကျူးလွန် ကြောင်း ဝိနိစ္ဆယအဖွဲ့ အစီရင်ခံ့ဖြင့် သက်ဆိုင်ရာ သံဃနာယက အဖွဲ့သို့ တင်ပြလာပါလျှင် သက်ဆိုင်ရာ သံဃနာယကအဖွဲ့က

http://www.dhammadownload.com



သက်ဆိုင် ရာ ပြည်သူ့ကောင်စီသို့ လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးရေးအတွက် အကြောင်းကြား မေတ္တာ ရပ်ခံ ပေးရန်။

၃။ သံဃဝိနိစ္ဆယအဖွဲ့ကို အတည်ပြုပြီးသောအခါ၌လည်းကောင်း၊ သံဃဝိနိစ္ဆယအဖွဲ့၏ ဝိနိစ္ဆယဆုံးဖြတ်ချက်ကို ဖတ်ကြားကြေငြာပြီးသောအခါ ၌ လည်းကောင်း ဤညွှန်ကြားလွှာကို သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိ ဆရာတော်က စောဒက၊ စုဒိတကနှင့် သက်သေများအား ဖတ်ကြား၍ သတိပေးရန်ဖြစ်ပါသည်။

ဘဒ္ဒန္တ ဣန္ဒာစာရ
(အဂ္ဂမဟာပဏ္ဍိတ)
ဥက္ကဋ္ဌ ဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
(တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက)
အကျိုးတော်ဆောင်ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၄၈)

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဝင် ပုဂ္ဂိုလ်များအပေါ် မကျေနပ်မှုများကို တိုင်ကြားခြင်းနှင့် ပတ်သက်၍ ညွှန်ကြားခြင်း။ (၁၊ ၂၊ ၈၃) (-၄၊ ၁၀၊ ၄၄)

၁။ အချို့သော ရဟန်းရှင်လူတို့သည် အချို့သော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အပေါ်၌သော် လည်းကောင်း၊ အချို့သော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဝင် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ်၌ သော်လည်းကောင်း ယင်းတို့၏

http://www.dhammadownload.com



ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ မကျေနပ်မှုများ ဖြစ်ပွားလျက် ရှိကြပါသည်။ ထိုကဲ့သို့ မကျေနပ်မှုများ ဖြစ်ပွားပါက မိမိတို့၏ မကျေနပ်မှုများကို တင်ပြတိုင်ကြား လိုကြပါလျှင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြား လိုက်သည် –

**(က) တင်ပြတိုင်ကြားခြင်း**

(၁) တင်ပြ တိုင်ကြားလိုသူ အားလုံးတို့သည် အဖွဲ့အစည်း တစ်ဖွဲ့လုံး အပေါ်၌ဖြစ်စေ၊ အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်တစ်ဦးဦး အပေါ်၌ ဖြစ်စေ မိမိတို့၏ မကျေနပ်မှုများကို တင်ပြ တိုင်ကြား လိုပါက လုပ်ထုံးလုပ်နည်းများ၌ ပါဝင်သော သတ်မှတ်ချက် များအတိုင်း လူပုဂ္ဂိုလ် အာဏာပိုင် အဖွဲ့အစည်းများသို့ တိုင်ကြားခြင်း၊ မိတ္တူပေးခြင်း မပြုလုပ်ကြဘဲ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သို့သာ တင်ပြတိုင်ကြားရန်နှင့် အထက်အဆင့် သံဃာ့အဖွဲ့အစည်း များသို့ မိတ္တူပေးပို့ရန်၊

**မှတ်ချက်။** ။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် သံဃာ့ အဖွဲ့အစည်း အဆင့်ဆင့်ဝင် ပုဂ္ဂိုလ်များသည် သံဃ ဝိနိစ္ဆယအဖွဲ့များက ဝိနိစ္ဆယ ချမှတ်ပြီးသော မှုခင်း များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် ဖြစ်စေ၊ သာသနာတော်နှင့် ပတ်သက်သော အခြားသော လုပ်ငန်းကိစ္စများအတွက် ဖြစ်စေ သက်ဆိုင်ရာ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့များသို့ လုပ်ထုံး လုပ်နည်းများက ခွင့်ပြုထား သည့်အတိုင်း အကူအညီ တောင်းခံခြင်းမျိုးများကိုမူ ပြုလုပ်နိုင်ကြသည်။

(၂) လုပ်ထုံးလုပ်နည်းများ၌ ပါဝင်သော သတ်မှတ်ချက်များအတိုင်း အထက်တစ်ဆင့်မြင့် သံဃနာယကအဖွဲ့သို့ တင်ပြတိုင်ကြား သော်လည်း ထိုသံဃနာယကအဖွဲ့က တစ်လအတွင်း အရေးယူဆောင်ရွက်ခြင်း မပြုမှသာလျှင် အထက်အဆင့်မြင့်

http://www.dhammadownload.com



သံဃနာယကအဖွဲ့များသို့ အဆင့်ဆင့် တင်ပြတိုင်ကြားချက်နှင့် ထို့ထက်အဆင့်မြင့် သံဃနာယကအဖွဲ့များသို့ မိတ္တူပေးပို့ရန်၊ နောက်ဆုံး အဆင့်ရောက်မှသာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သို့ တင်ပြ တိုင်ကြားရန်။

**မှတ်ချက်။** ။ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များနှင့် နိုင်ငံတော် မဟာသံဃာ့ဝန်ဆောင် ဆရာတော်များက တိုင်ကြားလိုသော်လည်းကောင်း၊ ထိုဆရာတော်များ အပေါ်၌ တစ်ဦးဦးက တိုင်ကြားလိုသော်လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တိုက်ရိုက်တင်ပြ တိုင်ကြားနိုင်သည်။

**(ခ) အရေးယူခြင်း**

(၁) အထက်အဆင့်မြင့် သံဃနာယကအဖွဲ့သည် ထိုကဲ့သို့သော တင်ပြတိုင်ကြားချက် မူရင်းကို လက်ခံရရှိပါက သံဃာ့အဖွဲ့ အစည်း လုပ်ထုံးလုပ်နည်းများ အပိုဒ် (၈၇)၊ (၉၁)နှင့် နာယကလက်စွဲ အခန်း (၂၅)၊ (၂၆)၊ (၂၇)တို့၌ ပါဝင်သော သတ်မှတ်ချက်များအတိုင်း တစ်လအတွင်း သတိပေးခြင်း၊ ရှင်းလင်းချက် တောင်းယူခြင်း၊ ကိုယ်တိုင် စုံစမ်းစစ်ဆေးခြင်း၊ အဖွဲ့ဖြင့် စုံစမ်းစစ်ဆေးစေခြင်းများကို လိုအပ်သလို အရေးယူ ဆောင်ရွက်ရန်၊

(၂) အထက်အဆင့်မြင့် သံဃနာယကအဖွဲ့များသည် တင်ပြ တိုင်ကြားချက် မိတ္တူများကို လက်ခံရရှိပါက တစုံတရာ အရေးယူဆောင်ရွက်ခြင်း မပြုကြသေးဘဲ အောက်အဆင့် သံဃနာယကအဖွဲ့၏ အရေးယူ ဆောင်ရွက်ချက်ကို စောင့်ကြည့်ရန်၊

အကယ်၍ သတ်မှတ်ထားချိန်အတွင်း အောက်အဆင့် သံဃနာယကအဖွဲ့က အရေးယူဆောင်ရွက်ခြင်း မပြုပါ ကြောင်းဖြင့် မူလတင်ပြ တိုင်ကြားသူများ၏ တင်ပြ တိုင်တန်းချက်ကို ထပ်မံလက်ခံ ရရှိသောအခါမှသာ သံဃာ့

http://www.dhammadownload.com



အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း များနှင့် နာယကလက်စွဲက အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို အသုံးပြုလျက် အောက်အဆင့် သံဃနာယကအဖွဲ့အား မိမိတို့၏ လုပ်ပိုင်ခွင့်အတိုင်း ညွှန်ကြားရန်၊

မလိုက်နာပါက လုပ်ထုံးလုပ်နည်းများနှင့် နာယက လက်စွဲတို့၌ ပါဝင်သော သတ်မှတ်ချက်များအတိုင်း လိုအပ်သလို အရေးယူရန်။

၂။ တင်ပြတိုင်ကြားသူ အားလုံးတို့သည် မိမိတို့၏ မကျေနပ်ချက်များကို အပိုဒ် (၁) ပါ ညွှန်ကြားချက်အတိုင်း သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သို့ တင်ပြတိုင်ကြားခြင်း မပြုဘဲ လူပုဂ္ဂိုလ် အာဏာပိုင်အဖွဲ့အစည်းများသို့ တင်ပြတိုင်ကြားခြင်း၊ မီဒီယာသို့ပေးပို့ခြင်း ပြုလုပ်ပါက စည်းကမ်းကို ထိန်းသိမ်းသောအားဖြင့် အောက်ပါအတိုင်း အရေးယူခြင်း ခံရမည် ဖြစ်ကြောင်း သတိပေးအပ်သည် —

**တိုင်ကြားသူများအား အရေးယူခြင်း**

(က) တင်ပြတိုင်ကြားသူများသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ၌ ပါဝင်ကြသော ရဟန်းတော်များ ဖြစ်ကြပါက စည်းမျဉ်း များ၊ လုပ်ထုံးလုပ်နည်းများ၊ နာယကလက်စွဲနှင့် ညွှန်ကြားလွှာ များအရ သတ်မှတ်ထားသော စည်းကမ်း ချိုးဖောက်မှုကြီးငယ် အလိုက် စုံစမ်းစစ်ဆေး၍ ယင်းတို့အား အဖွဲ့အစည်း တာဝန်မှ နုတ်ပယ်ခံရသည် အထိ အရေးယူရန်၊

(ခ) တင်ပြတိုင်ကြားသူများသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၌ ပါဝင်ကြသော ပုဂ္ဂိုလ်များမဟုတ်ပါက ယင်းတို့၏ တင်ပြတိုင်ကြားမှုများကို သံဃနာယကအဖွဲ့ အားလုံးတို့က လုံးဝ အရေးမယူရန်။

http://www.dhammadownload.com



၃။ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စိမ့်သောငှါ စည်းကမ်း ထိန်းသိမ်းရေးနှင့် သိပ်သည်းနိုင်မာရေးကို အလေးအနက် ထားပြီး ညွှန်ကြားခြင်းဖြစ်သဖြင့် မကျေနပ်မှုများနှင့် ပတ်သက်၍ ဤညွှန်ကြားချက်ပါအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရန် ထပ်မံ ညွှန်ကြားလိုက်သည်။

ဘဒ္ဒန္တ ကုမာရာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
(တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက)
အကျိုးတော်ဆောင် ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၄၉)

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့၏ လုပ်ငန်းတာဝန်များကို မိမိတို့၏ အဆင့်အလိုက် ထိရောက်စွာ ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ညွှန်ကြားခြင်း။
(၁၊ ၂၊ ၈၃) (-၄၊ ၁၀၊ ၄၄)

၁။ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်မှ ပြည်နယ်/တိုင်း အဆင့်အထိ သံဃနာယကအဖွဲ့ အဆင့်ဆင့် တို့ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က

http://www.dhammadownload.com



အတည်ပြုကြောင်း ပြန်တမ်းများ ထုတ်ပြန်ခဲ့ပြီး ဖြစ်သည့်အလျောက် သံဃနာယကအဖွဲ့ အဆင့်ဆင့်တို့သည် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၂)၊ (၁၃)၊ (၁၄) ပါ သတ်မှတ်ချက်များအတိုင်း မိမိတို့၏ အဆင့်အလိုက် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြရန် တာဝန်ရှိပါသည်။ ထိုသို့ တာဝန်ရှိသော်လည်း သံဃနာယကအဖွဲ့များသည် တာဝန်ရှိသည့် အားလျော်စွာ မိမိတို့၏ အဆင့်အလိုက် တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြခြင်း မပြုကြဘဲ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သို့သာ တိုက်ရိုက် တင်ပြခြင်း၊ အောက်အဆင့်သံဃနာယကအဖွဲ့က အထက်အဆင့် သံဃနာယက အဖွဲ့များကို အကျပ်ကိုင်ခြင်း၊ မထီမဲ့မြင်ပြုခြင်း၊ အထက်အဆင့် သံဃနာယကအဖွဲ့များ၏ ညွှန်ကြားချက်များကို ငြင်းဆန်ကြခြင်း၊ အထက်အဆင့် သံဃနာယကအဖွဲ့က အောက်အဆင့် သံဃနာယက အဖွဲ့၏ လုပ်ပိုင်ခွင့်တို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ အာဏာ အလွဲသုံးခြင်းဟို့ကြောင့် လုပ်ငန်းတာဝန်များ နှောင့်နှေးကြန့်ကြာနေသည်ကို တွေ့ရှိရပေသည်။

၂။ ထို့ကြောင့် သံဃနာယကအဖွဲ့ အဆင့်ဆင့်တို့သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၌ ပါဝင်သော သတ်မှတ်ချက်များအတိုင်း မိမိတို့ဆိုင်ရာ လုပ်ငန်းတာဝန်များကို လျင်မြန်စွာ ပီပီပြင်ပြင်ဆောင်ရွက်နိုင်ကြရေးအတွက် အောက်ပါအတိုင်း ညွှန်ကြားလိုက်သည်–

(က) တင်ပြခြင်း

(၁) တင်ပြသူများသည် ရပ်ကွက်/ကျေးရွာ အုပ်စုအတွင်း ဖြစ်ပွားသည့် ဝိနိစ္ဆယ၊ သာသနာရေးနှင့် ပရိယတ္တိ ပညာရေးဆိုင်ရာ လုပ်ငန်းများနှင့် မှုခင်းများကို ရှေးဦးစွာ

http://www.dhammadownload.com



ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စု သံဃနာယကအဖွဲ့သို့သာ တင်ပြကြရန်နှင့် အထက်အဆင့် သံဃနာယကအဖွဲ့များသို့ မိတ္တူပေးပို့ရန်၊

(၂) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သည် ထိုတင်ပြချက် အပေါ် မိမိ၏ လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ပြီးနောက် ပြီးပြတ်ခြင်းမရှိသေးပါက မြို့နယ်သံဃနာယကအဖွဲ့သို့ ဆက်လက်တင်ပြရန်နှင့် အထက် သံဃနာယကအဖွဲ့များသို့ မိတ္တူပေးပို့ရန်၊

(၃) မြို့နယ်သံဃနာယကအဖွဲ့သည် ထိုတင်ပြချက်အပေါ် မိမိ၏ လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ပြီးနောက် ပြီးပြတ်ခြင်း မရှိသေးပါက ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ ဆက်လက် တင်ပြရန်နှင့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သို့ မိတ္တူပေးပို့ရန်၊

(၄) တင်ပြသူများက ညွှန်ကြားလွှာပါ သတ်မှတ်ချက်အတိုင်း တင်ပြသော်လည်း ဆိုင်ရာ သံဃနာယကအဖွဲ့က တစ်လ အတွင်း အရေးယူဆောင်ရွက်ခြင်းမပြုပါက မူလတင်ပြသူများ အနေဖြင့် အဆင့်ကျော်ပြီး အထက်အဆင့်မြင့် သံဃနာယက အဖွဲ့သို့ အဆင့်အလိုက် ဆက်လက်တင်ပြရန်နှင့် ထိုထက် အဆင့်မြင့် သံဃနာယကအဖွဲ့များသို့ မိတ္တူပေးပို့ရန်၊

## (ခ) အရေးယူဆောင်ရွက်ခြင်း

(၁) တင်ပြလာသော စာမူရင်းကို လက်ခံရရှိသော သံဃနာယက အဖွဲ့ အဆောင့်အခန့်သည် တစ်လအတွင်း လုပ်ထုံးလုပ်နည်းများ၊ နာယကအောက်ခွဲနှင့် ညွှန်ကြားလွှာများ၌ ပါဝင်သော သတ်မှတ်ချက်များအတိုင်း အရေးယူ ဆောင်ရွက်ရန်၊

http://www.dhammadownload.com



**မှတ်ချက်** ။ ။ လိုအပ်ပါက အထက် တစ်ဆင့်မြင့် သံဃ နာယက အဖွဲ့သို့ တင်ပြ၍ ဩဝါဒ ခံယူပြီး ဆောင်ရွက်နိုင်သည်။

(၂) တင်ပြလာသော စာမိတ္တူကို လက်ခံရရှိသော သံဃနာယက အဖွဲ့ **အဆင့်ဆင့်**သည် တစုံတရာ အရေးယူ ဆောင်ရွက်ခြင်း မပြုသေးဘဲ အောက်အဆင့် သံဃနာယက အဖွဲ့၏ အရေးယူ ဆောင်ရွက်ချက်ကို စောင့်ကြည့်ရန်၊

အကယ်၍ သတ်မှတ်ချိန်အတွင်း အောက်အဆင့် သံဃနာယကအဖွဲ့က အရေးယူ ဆောင်ရွက်ခြင်း မပြုပါ ကြောင်းဖြင့် မူလတိုင်ကြားသူများ၏ တင်ပြချက်ကို ထပ်မံ လက်ခံ ရရှိသောအခါမှသာ မိမိတို့၏ လုပ်ပိုင်ခွင့်အရ အောက်အဆင့် သံဃနာယက အဖွဲ့အား ညွှန်ကြားရန်၊

မလိုက်နာပါက သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း များနှင့် နာယကလက်စွဲ၌ပါသော သတ်မှတ်ချက်များအတိုင်း အရေးယူရန်၊

၃။ ဝိနိစ္ဆယဆိုင်ရာ၊ သာသနာရေးဆိုင်ရာ၊ ပရိယတ္တိပညာရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် သံဃနာယကအဖွဲ့ အဆင့်ဆင့် တို့သည် ထိမ်ချန်ခြင်း၊ အကျပ်ကိုင်ခြင်း၊ မထိမဲ့မြင်ပြုခြင်း၊ ရှောင်လွှဲခြင်း၊ ငြင်းဆန်ခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း၊ အာဏာအလွဲသုံးခြင်း တို့ကို မကျူးလွန်ကြဘဲ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်ချက် ဖြင့်သာ ဤညွှန်ကြားလွှာပါအတိုင်း လိုက်နာ ဆောင်ရွက်ကြပါရန်နှင့် အကယ်၍ ဤညွှန်ကြားလွှာပါအတိုင်း မဟုတ်ဘဲ တင်ပြသူများသည်

http://www.dhammadownload.com



အဆင့်ကျော်ပြီး တင်ပြခြင်းမျိုးဖြစ်ပါက လုပ်ထုံးလုပ်နည်း စနစ်တကျ ဖြစ်ရေးအတွက် သံဃနာယကအဖွဲ့ အားလုံးတို့က အရေးယူဆောင်ရွက်ခြင်း မပြုကြရန် ထပ်မံ ညွှန်ကြားလိုက်ပါသည်။

| | |
|---|---|
| ဘဒ္ဒန္တ ဣန္ဒာစာရ | ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ |
| (အဘိဓမ္မမဟာရဋ္ဌဂုရု) | (အဂ္ဂမဟာပဏ္ဍိတ) |
| ဥက္ကဋ္ဌ ဆရာတော် | (တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက) |
| | အကျိုးတော်ဆောင် ဆရာတော် |

---

## ညွှန်ကြားလွှာ အမှတ် (၅၀)

ဆူးလေ ဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားခြင်း။

(၂၂၊ ၂၊ ၈၃) (၁၀၊ ၁၁၊ ၄၄)

၁။ ဆူးလေ ဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မများသည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အခန်း(၇)၊ အပိုဒ်(၅၇) အရ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသာ ပါဝင်သော နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ဖြင့် စိစစ်၍ ဆုံးဖြတ်ပေးသင့်သော တရားဓမ္မများ ဖြစ်ပါသည်၊ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် စုဒိတကများ မရှိတော့၍ နိုင်ငံတော် သီခြားဝိနည်းဓိုရ်အဖွဲ့ဖြင့် မစိစစ်တော့ဘဲ

http://www.dhammadownload.com



သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၁၃)၊ အပိုဒ် (၈၉)နှင့် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၆)၊ အပိုဒ်(၁၃၁)၊ (ဆ)၊ (ဈ) ၊(ည)၊ (ဋ)တို့ အရ ဆူးလေ ဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မများကို ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၅)ပါးစုံညီ ဒသမ အစည်းအဝေးက ဆွေးနွေးစိစစ်၍ အဓမ္မဝါဒ၊ အဝိနယဝါဒများအဖြစ် ဆုံးဖြတ်သတ်မှတ်ပြီး ယင်း အဓမ္မဝါဒများကို နိုင်ငံတစ်ဝန်းလုံး၌ တားမြစ် ပိတ်ပင်စေရေးအတွက် မြို့နယ် သံဃနာယက အဖွဲ့များသို့ ညွှန်ကြားရန်နှင့် ထေရဝါဒ ဟူသော ဝေါဟာရကို ဖြုတ်ပယ် စေရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ မြို့နယ်သံဃနာယကအဖွဲ့များသည် မိမိတို့မြို့နယ် အတွင်း၌ ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မများကို ဟောပြောခွင့်၊ ဖြန့်ချိခွင့် မပြုကြရန်နှင့် ထိုတရားဓမ္မများ၌ သက်ဝင်ယုံကြည် ကြသော ရဟန်း၊ သာမဏေများနှင့် လူပုဂ္ဂိုလ်များ ရှိပါက ထိုပုဂ္ဂိုလ်များကို မြို့နယ် သံဃနာယကအဖွဲ့တည်ရာဌာနသို့ ပင့်ဆောင်ခေါ်ယူ၍ အောက်ပါ အတိုင်း ဆောင်ရွက်ကြရန် ညွှန်ကြားလိုက်ပါသည် –

(က) ဆူးလေ ဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မတို့ကို အဓမ္မဝါဒ၊ အဝိနယဝါဒအဖြစ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ၄၅–ပါးစုံညီ ဒသမ အစည်းအဝေးက ဆုံးဖြတ်ထားသည့် အတိုင်း လိုက်နာ၍ ထိုဝါဒကို စွန့်လွှတ်ပါကြောင်း၊

(ခ) ယခုအချိန်မှစ၍ နောင်အနာဂတ်ကာလ၌လည်း ထိုအဓမ္မဝါဒ၊ အဝိနယဝါဒများကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေး ခြင်း၊ တိတ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်း စသည်တို့ကို မိမိတို့ကိုယ်တိုင်လည်း ပြုလုပ်ကြမည် မဟုတ်သည့်အပြင် မိမိတို့နှင့် ပတ်သက်သူများကိုလည်း ပြုလုပ်စေကြမည် မဟုတ်ပါကြောင်း၊

http://www.dhammadownload.com



(ဂ) ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒ အမည်ခံတရားမွေဆိုင်ရာ စာအုပ်၊ စာတမ်းများ၊ တိတ်ခွေများ၊ အထိမ်းအမှတ်များ စသည်တို့ကို မိမိတို့ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ အပ်နှံမည်ဖြစ်ပါ ကြောင်း၊

(ဃ) ကမ္ဘာ့စ် ထေရဝါဒ သာသနရက္ခိတ သံဃာ့အဖွဲ့ချုပ်ဆိုင်းဘုတ်နှင့် ဆိုင်ရာ အဖွဲ့ခွဲ ဆိုင်းဘုတ်များမှ ထေရဝါဒဟူသော ဝေါဟာရကို ဖြုတ်ပယ်မည် ဖြစ်ပါကြောင်း၊

(င) ထိုဝါဒနှင့်ပတ်သက်၍ ဖွဲ့စည်းခဲ့သော အသင်းအဖွဲ့များရှိပါက ထိုအသင်းအဖွဲ့များကို ဖျက်သိမ်းကြမည် ဖြစ်ပါကြောင်း။

**မှတ်ချက်။** ။ (၁) အထက်ပါအတိုင်း လိုက်နာဆောင်ရွက်မည် ဖြစ်ပါကြောင်း ဆိုင်ရာ အမွေဝါဒီ၊ အဝိနယဝါဒီ ပုဂ္ဂိုလ်များအား မြို့နယ် သံဃနာယကအဖွဲ့ ရှေ့မှောက်၌ ကိုယ်တိုင် ပဋိညာဉ်ပြု လက်မှတ်ရေးထိုးစေရမည် ဖြစ်ပါသည်။ အကယ်၍ ထိုဝါဒ၌ သက်ဝင်ယုံကြည်သူ အဖြစ် စာရွက်စာတမ်း သက်သေခံ အထောက်အထား အရ မထင်ရှား၍ မိမိတို့သည် ထိုဝါဒ၌ သက်ဝင် ယုံကြည်သူများ မဟုတ်ကြပါဟု ငြင်းဆိုနေပါက ထိုဝါဒ၌ သက်ဝင်ယုံကြည်သူ မဟုတ်ကြောင်း လက်မှတ် ရေးထိုးစေရမည် ဖြစ်ပါသည်။ သို့သော် မူလကပင် ဆူးလေ ဦးမြင့်သိန်း ဝါဒ၌ သက်ဝင် ယုံကြည်သူအဖြစ် စာရွက် စာတမ်း သက်သေခံ အထောက်အထား အရ ထင်ရှား ပါလျက် လက်မှတ် ထိုးရမည်ကို ကြောက်၍ ယခုမှ ငြင်းဆိုသူများ ကိုမူ ဤညွှန်ကြားချက်အတိုင်း လက်မှတ်ထိုးစေ ရမည်သာ ဖြစ်ပါသည်။

http://www.dhammadownload.com



(၂) ထိုသို့ ဆောင်ရွက်ရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ မြို့နယ် မြို့သူ့ကောင်စီနှင့် ညှိနှိုင်း၍ ဆောင်ရွက်ရန် ဖြစ်ပါသည်။

၃။ မိမိတို့ မြို့နယ်အတွင်းတွင် ဆူးလေ ဦးမြင့်သိန်း၏ ထေရဝါဒ အမည်ခံ တရားစမွေများ၌ သက်ဝင်ယုံကြည်ကြသော ရဟန်းရှင်လူတို့ ရှိကြသဖြင့် ဤညွှန်ကြားလွှာပါအတိုင်း ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီး ဖြစ်ကြောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားပြီး မိမိတို့ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ မိတ္တူ ပေးပို့ရန် ထပ်မံ ညွှန်ကြားလိုက်ပါသည်။

ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ
(အဘိဓမ္မမဟာရဋ္ဌဂုရု)
ဥက္ကဋ္ဌ ဆရာတော်

ဘဒ္ဒန္တ တေဇောဘာသာဘိဝံသ
တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

# ညွှန်ကြားလွှာ အမှတ် (၅၁)

**နိုင်ငံခြားတိုင်းပြည်များသို့ ကြွရောက်ရန် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားကြသော ရဟန်းသံဃာတော်များအတွက် စည်းကမ်းချက်များ။**

(၁၂၊ ၄၊ ၈၃) (-၁၅၊ ၁၂၊ ၄၄)

၁။ နိုင်ငံခြားတိုင်းပြည်များသို့ ကြွရောက်လိုကြသော ရဟန်း သံဃာတော်များမှာ အောက်ပါအတိုင်း (၃) မျိုးရှိပါသည်-

http://www.dhammadownload.com



(က) နိုင်ငံခြားရှိ ဆွေမျိုးသားချင်းများ၊ ရင်းနှီးသော ဒါယကာ ဒါယိကာမများက ပင့်ဖိတ်၍ သာမန် ကြွရောက်လိုသည့် ရဟန်း သံဃာတော်များ၊

(ခ) ပညာတော်သင် ကြွရောက်လိုသော ရဟန်း သံဃာတော်များ၊

(ဂ) သာသနာပြု ကြွရောက်လိုသော ရဟန်းသံဃာတော်များ။

၂။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် နိုင်ငံခြားတိုင်းပြည်များသို့ ကြွရောက်လိုသော ရဟန်းသံဃာတော်များနှင့် ပတ်သက်၍ အောက်ပါစည်းကမ်းချက်များ ချမှတ်လိုက်ပါသည် -

(က) နိုင်ငံခြားသွား ရဟန်းသံဃာတော် (၃)မျိုးလုံးအတွက် သာမည အရည်အချင်း သတ်မှတ်ချက်

(၁) ဥဘတောဝိဘင်း ၊ (အောက်ထစ်ဆုံး ဒွေမာတိကာ)၌ တတ်ကျွမ်း လိမ္မာခြင်း၊

(၂) ကျန်းမာရေးကောင်းမွန်၍ ကိုယ်အင်္ဂါချို့တဲ့မှု မရှိခြင်း၊

(၃) ဝိနည်းသိက္ခာပုဒ်တော်များနှင့် ညီညွတ်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ဖြင့် ကြည်ညိုဖွယ်ရာကို ဆောင်နိုင်ခြင်း၊

(၄) စကားအရာ၌ လိမ္မာ ကျွမ်းကျင်ခြင်း၊

(၅) သည်းခံခြင်း (ခမာဂုဏ်) နှင့်ပြည့်စုံခြင်း၊

(၆) ပုဂ္ဂိုလ်ဇပ်သိမ်းတို့နှင့် ဆက်ဆံရာတွင် ဝိနည်းဒေသနာတော်နှင့် ညီညွတ်စွာ ပြောဆိုဆက်ဆံ တတ်ခြင်း၊

http://www.dhammadownload.com



(၃) အနည်းဆုံး ရဟန်းသိက္ခာ (၅) ဝါ ရှိပြီး ဖြစ်ခြင်း၊

(၄) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အခါ အားလျော်စွာ တတ်မြောက်ရန်ကြားသည့် ညွှန်ကြားချက်တို့ကို လိုက်နာပါမည်ဟု ဝန်ခံကတိပြုခြင်း။

(ဂ) ပညာတော်သင်ကြွရောက်လိုသော ရဟန်း သံဃာတော်များအတွက် သီးခြား အရည်အချင်း သတ်မှတ်ချက်။

(၁) အထက် အပိုဒ် ၂၊ အပိုဒ်ခွဲ (က) ပါ သာမညအရည်အချင်း သတ်မှတ်ချက်နှင့် ပြည့်စုံသူဖြစ်ကြောင်းကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ/မြို့နယ် သံဃနာယကအဖွဲ့တို့၏ ထောက်ခံချက်လက်မှတ် ပါရှိခြင်း၊

(၂) အစိုးရ ဓမ္မာစရိယ၊ သကျသီဟ–စေတိယင်္ဂဏ ဓမ္မာစရိယ ဘွဲ့တစ်ခုခု ရရှိခြင်း၊

(၃) သီလသိက္ခာနှင့်စပ်၍ သော်လည်းကောင်း၊ ကိုယ်ကျင့်တရားနှင့် စပ်၍ သော်လည်းကောင်း ကျောင်းသားအရွယ် သာမဏေဘဝကပင် တော်ကြောင့်မှန်ကန်သူ ဖြစ်ကြောင်း မူလငယ်ဆရာနှင့် ရပ်ကွက်/ကျေးရွာ သံဃနာယကအဖွဲ့၏ ထောက်ခံချက် ရရှိခြင်း၊

(၄) အနည်းဆုံး ရဟန်းသိက္ခာ (၇) ဝါရှိပြီး ဖြစ်ခြင်း၊

(၅) နိုင်ငံခြား တိုင်းတပါး၌ နေထိုင် သီတင်းသုံးစဉ် မိမိရည်ရွယ်ချက် ဖြစ်သော ပညာတော်သင် လုပ်ငန်းကိုသာ လုပ်ကိုင်ဆောင်ရွက်ပါမည်ဟု ဝန်ခံ ကတိပြုခြင်း၊

http://www.dhammadownload.com



(၇) ထေရဝါဒ ဗုဒ္ဓသာသနာတော်၌ အထူးသက်ဝင်ယုံကြည်သော ဩကပ္ပနသဒ္ဓါ ခိုင်မာမှု ရှိခြင်း၊

(၈) ထေရဝါဒဗုဒ္ဓသာသနာတော်အား လည်းကောင်း၊ မြန်မာနိုင်ငံတော်အား လည်းကောင်း အထင်သေးစေမည့် ကိုယ်အမူအရာ၊ နှုတ်အမူအရာများ ပြုလုပ်ပြောဆိုခြင်းမှ အထူးရှောင်ကြဉ်ပါမည်ဟု ဝန်ခံကတိပြုခြင်း၊

(၉) ဝိနည်းသိက္ခာပုဒ်တော်များကို ကျိုးပျက်ညစ်နွမ်းစေမည့် လက်ဆွဲနှုတ်ဆက်ခြင်း စသော တိုင်းတပါး ယဉ်ကျေးမှုများကို ပြုလုပ်ခြင်းမျိုးမှ ရှောင်ကြဉ်ပါမည်ဟု ဝန်ခံကတိပြုခြင်း။

(ခ) **နိုင်ငံခြားရှိ ဆွေမျိုးသားချင်းများ၊ ရင်းနှီးသော ဒါယကာ၊ ဒါယိကာမများက ပင့်ဖိတ်၍ သာမန်ကြွရောက်လိုသည့် ရဟန်းသံဃာတော်များအတွက် သီးခြားအရည်အချင်း သတ်မှတ်ချက်။**

(၁) အထက် အပိုဒ် ၂၊ အပိုဒ်ခွဲ (က) ပါ သာမည အရည်အချင်း သတ်မှတ်ချက်နှင့် ပြည့်စုံသူ ဖြစ်ကြောင်းကို သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ/ မြို့နယ် သံဃနာယကအဖွဲ့တို့၏ ထောက်ခံချက် လက်မှတ်ပါရှိခြင်း၊

(၂) နိုင်ငံခြားတိုင်းတပါး၌ သီလယေး၊ ရေစက်ချ၊ ပရိတ်ရွတ်၊ ဆွမ်းအနုမောဒနာဟောပြောခြင်းမျိုးမှ တပါးနက်နဲသော ကျင့်စဉ်တရားများကို ဟောပြောခြင်း မပြုပါဟု ဝန်ခံ ကတိပြုခြင်း၊

http://www.dhammadownload.com



(၆) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အခါ အားလျော်စွာ ထုတ်ပြန်ညွှန်ကြားသည့် ညွှန်ကြားချက်တို့ကို လိုက်နာပါမည်ဟု ဝန်ခံကတိပြုခြင်း၊

(၇) နိုင်ငံခြားမှ အထောက်အပံ့ လုံလောက်သူ ဖြစ်ကြောင်း ခိုင်မာသော အထောက်အထား တင်ပြနိုင်ခြင်း။

**(ဃ) သာသနာပြု ကြွရောက်လိုသော ရဟန်း သံဃာတော်များအတွက် သီးခြား အရည်အချင်း သတ်မှတ်ချက်။**

(၁) အထက်အပိုဒ် ၂၊ အပိုဒ်ခွဲ (က) ပါ သာမည အရည်အချင်း သတ်မှတ်ချက်နှင့်ပြည့်စုံသူဖြစ်ကြောင်းကို သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ/ မြို့နယ် သံဃနာယက အဖွဲ့တို့၏ ထောက်ခံချက် လက်မှတ် ပါရှိခြင်း၊

(၂) အနည်းဆုံး ရဟန်းသိက္ခာ (၂၀) ဝါ ရရှိပြီး ဖြစ်ခြင်း၊

(၃) ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ အဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌ လာသော ပဋိပတ်နည်းတို့၌ လိမ္မာကျွမ်းကျင်၍ တပါးသော အာစရိယဝါဒ၊ အတ္တနောမတိတို့ကို ထည့်သွင်း ဟောပြောခြင်းမှ ရှောင်ကြဉ်ပါမည်ဟု ဝန်ခံကတိပြုခြင်း၊

(၄) နိုင်ငံခြားတိုင်းပြည်များ၌ သာသနာပြုလုပ်ငန်းနှင့် စပ်လျဉ်း၍ မိမိဟောကြားခဲ့သော တရားတော်များကို တိပ်ခွေဖြင့် ဖမ်းယူပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သို့ ပြန်လည်တင်ပြရန် ဝန်ခံကတိပြုခြင်း၊

(၅) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်ညွှန်ကြားသည့် ညွှန်ကြားချက်တို့ကို လိုက်နာပါမည်ဟု ဝန်ခံကတိပြုခြင်း၊

http://www.dhammadownload.com



(၆) ဘာသန္တရကို ကျွမ်းကျင်သူဖြစ်ပါက (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အင်္ဂလိပ်ဘာသာပြန်) စာအုပ်လာ အဘိဓမ္မာ ပဋိပတ် ဝေါဟာရတို့နှင့်အညီ ဟောပြောနိုင်မှု ရှိခြင်း၊ သို့မဟုတ် ဘာသန္တရကို ကျွမ်းကျင်သူ မဖြစ်ပါက ဖော်ပြပါအတိုင်း ဘာသာပြန်ဆိုနိုင်သူ ဘာသာပြန် ပုဂ္ဂိုလ် ရှိခြင်း။

၃။ အပိုဒ် (၂) ပါ အရည်အချင်း သတ်မှတ်ချက်များနှင့် ပတ်သက်၍ ရှေးဦးစွာ အလုပ်အကျွ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (သာသနာရေး အဖွဲ့ငယ်)က နိုင်ငံကူးလက်မှတ် လျှောက်ထားသူ ရဟန်း သံဃာတော်များ အား သတ်မှတ်စည်းကမ်းချက်များနှင့်ညီ မညီကို တစ်ပါးချင်း လိုအပ်သလို စိစစ်ပြီး အဖွဲ့ခွဲအစည်းအဝေးသို့ သဘောထား မှတ်ချက်နှင့်တကွ တင်ပြ၍ နိုင်ငံကူးလက်မှတ် လျှောက်ထားခြင်းကို ထောက်ခံရန် သင့်မသင့် အဖွဲ့ခွဲ အစည်းအဝေးက ဆုံးဖြတ်ရန်၊ ထိုဆုံးဖြတ်ချက်အတိုင်း သာသနာရေး ဦးစီးဌာနက မြန်မာနိုင်ငံကူး လက်မှတ် ထုတ်ပေးရေးအဖွဲ့သို့ သဘောထား မှတ်ချက် ပြန်ကြားရန် ဖြစ်ပါသည်။

၄။ အထက် ဖော်ပြပါ စည်းကမ်းချက်များကို နိုင်ငံခြားသို့ ကြွရောက်လို သည့် ရဟန်း သံဃာတော်များ သိရှိလိုက်နာကြစေရန် သက်ဆိုင်ရာ သံဃနာယကအဖွဲ့များက ထပ်ဆင့် ညွှန်ကြားခြင်း၊ လိုအပ်သည့် အရည်အချင်းများနှင့် ပြည့်စုံမှု ရှိ မရှိ စိစစ်ထောက်ခံခြင်းများ ပြုလုပ် ဆောင်ရွက်ကြရန် ညွှန်ကြားအပ်ပါသည်။

ဘဒ္ဒန္တဝိမလ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဓမ္မာဝုဓ
တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၅၂)

**ဦးမြတ်သိန်းထွန်း၏ တရားဓမ္မများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားခြင်း။** (၂၅၊ ၅၊ ၈၃) (၁၄၂၊ ၄၅)

၁။ ဦးမြတ်သိန်းထွန်း၏ဝါဒကို ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း (၇)၊ အပိုဒ် (၅၇) အရ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ပါဝင်သော နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ဖြင့် ဓမ္မ အဓမ္မအဖြစ် စိစစ်ဆုံးဖြတ်ရန် မလိုတော့ဘဲ၊ ၁၃၂၄–ခုနှစ်၊ လက်ပံတန်းမြို့နယ်၊ သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်များအတိုင်း အဓမ္မဝါဒ၊ အဝိနယဝါဒအဖြစ် ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၅) ပါးစုံညီ ကော်ဒသမ အစည်းအဝေးက အတည်ပြုသတ်မှတ်ရန်နှင့် ယင်းအဓမ္မဝါဒများကို နိုင်ငံတစ်ဝန်းလုံး၌ တားမြစ်ပိတ်ပင်စေရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့များသို့ ညွှန်ကြားရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ မြို့နယ် သံဃနာယကအဖွဲ့များသည် မိမိတို့မြို့နယ်အတွင်း၌ ဦးမြတ်သိန်းထွန်း၏ တရားဓမ္မများကို ဟောပြောခွင့်၊ ဖြန့်ချိခွင့် မပြုကြရန်နှင့် ထိုတရားဓမ္မများ၌ သက်ဝင်ယုံကြည်ကြသော ရဟန်း သာမဏေများနှင့် လူပုဂ္ဂိုလ်များ ရှိပါက ထိုပုဂ္ဂိုလ်များကို မြို့နယ် သံဃနာယက အဖွဲ့ ထံသို့ ရာဇဝတ်သို့ ပင့်ဆောင်ခေါ်ယူ၍ အောက်ပါအတိုင်း ဆောင်ရွက် ကြရန် ညွှန်ကြားလိုက်ပါသည် –

(က) ဦးမြတ်သိန်းထွန်း၏ တရားဓမ္မများကို ၁၃၂၄–ခုနှစ်၊ လက်ပံတန်းမြို့နယ်၊ သံဃဝိနိစ္ဆယ အဖွဲ့၏ ဆုံးဖြတ်ချက်

http://www.dhammadownload.com



များအတိုင်း အဓမ္မဝါဒ၊ အဝိနယဝါဒအဖြစ် ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၅) ပါးစုံညီ ကော္ဒသမ အစည်းအဝေးက အတည်ပြုပြီ သတ်မှတ်သည်ကို လိုက်နာ၍ ထိုဝါဒကို စွန့်လွှတ်ကြပါကြောင်း၊

(ခ) ယခုအချိန်မှစ၍ နောင်အနာဂတ်ကာလ၌လည်း ထိုအဓမ္မဝါဒ၊ အဝိနယဝါဒများကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်း စသည်တို့ကို ကိုယ်တိုင်လည်း ပြုလုပ်ကြမည်မဟုတ်သည့်ပြင် မိမိတို့နှင့် ပတ်သက်သူများကိုလည်း ပြုလုပ်စေကြမည် မဟုတ်ပါကြောင်း၊

(ဂ) ဦးမြတ်သိန်းထွန်း၏ တရားဓမ္မဆိုင်ရာ စာအုပ်စာတမ်းများ၊ တိတ်ခွေများ၊ အထိမ်းအမှတ်ပစ္စည်းများ စသည်တို့ကို မိမိတို့၏ မြို့နယ်သံဃနာယကအဖွဲ့သို့ အပ်နှံကြမည် ဖြစ်ပါကြောင်း၊

(ဃ) ယခင်က ထို အဓမ္မဝါဒနှင့် ပတ်သက်၍ သုံးစွဲခဲ့သော အသင်းအဖွဲ့ အမည်နှင့် အသင်းအဖွဲ့စသည်တို့ကိုလည်း လုံးဝ တာဝန်ယူ၍ ဖျက်သိမ်းကြမည်၊ ဖျက်သိမ်းစေကြမည် ဖြစ်ပါကြောင်း။

**မှတ်ချက်။** ။ (၁) အထက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြမည် ဖြစ်ပါကြောင်း၊ ဆိုင်ရာ အဓမ္မဝါဒီ အဝိနယဝါဒီ ပုဂ္ဂိုလ် များအား မြို့နယ်သံဃနာယကအဖွဲ့ ရှေ့မှောက်၌ ကိုယ်တိုင် ပဋိညာဉ်ပြု လက်မှတ်ရေးထိုးစေရမည်။ အကယ်၍ ထိုဝါဒ၌ သက်ဝင်ယုံကြည်သူအဖြစ် စာရွက်စာတမ်း သက်သေ အထောက်အထား မထင်ရှား၍

http://www.dhammadownload.com



"မိမိတို့သည် ထိုဝါဒ၌ သက်ဝင်ယုံကြည်သူများ မဟုတ်ကြပါ"ဟု ငြင်းဆိုနေပါက ထိုဝါဒ၌သက်ဝင်ယုံကြည်သူ မဟုတ်ကြောင်း လက်မှတ် ရေးထိုးစေရမည်။ သို့သော် မူလကပင် ဦးမြတ်သိန်းထွန်း ဝါဒကို သက်ဝင်ယုံကြည်သူအဖြစ် စာရွက်စာတမ်းသက်သေ အထောက်အထားအရ ထင်ရှားပါလျက် လက်မှတ်ထိုး ရမည်ကို ကြောက်ရွံ့၍ ယခုမှ ငြင်းဆိုသူများကိုမူ ဤညွှန်ကြားချက်အတိုင်း လက်မှတ်ရေးထိုးစေရမည်သာ ဖြစ်သည်။

(၂) ထိုသို့ ဆောင်ရွက်ရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီနှင့် ညှိနှိုင်း၍ ဆောင်ရွက်ရမည်။

၃။ မိမိတို့မြို့နယ်အတွင်း၌ ဦးမြတ်သိန်းထွန်း၏ဝါဒကို သက်ဝင်ယုံကြည်ကြသော ရဟန်းရှင်လူတို့ ရှိနေကြပါက ဤညွှန်ကြားလွှာအတိုင်း ဆောင်ရွက်ရမည်။ ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီးကြောင်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားပြီး မိမိတို့ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ မိတ္တူပေးပို့ရန် ထပ်မံညွှန်ကြား လိုက်ပါသည်။

| | |
|---|---|
| ဘဒ္ဒန္တ ဝိမလ | ဘဒ္ဒန္တ မဟာဗုဓ |
| (အဂ္ဂမဟာပဏ္ဍိတ) | တွဲဖက် အကျိုးတော်ဆောင်ဆရာတော် |
| ဒုတိယ ဥက္ကဋ္ဌဆရာတော် | |

--------

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၅၃)

ရေတာရှည် ဦးမာလာဝရ ဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ် ရေးထိုးစေရေး ကိစ္စ။ (၂၇၊ ၅၊ ၈၃) (-၁၂၊ ၄၅)

၁။ ရေတာရှည် ဦးမာလာဝရ ဝါဒသည် ထေရဝါဒ ပိဋကတ်တော်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်နေသဖြင့် ထေရဝါဒမှအပဖြစ်သော "အဓမ္မဝါဒ၊ တိတ္ထိယဝါဒသာ ဖြစ်သည်"ဟု နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၅) က ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ မြို့နယ်သံဃနာယကအဖွဲ့များသည် မိမိတို့ မြို့နယ် အတွင်း၌ ရေတာရှည် ဦးမာလာတု၏ဝါဒ၌ သက်ဝင် ယုံကြည်ကြသော ရဟန်း သာမဏေများနှင့် လူပုဂ္ဂိုလ်များ ရှိပါက ထိုပုဂ္ဂိုလ်များကို မြို့နယ် သံဃနာယက အဖွဲ့တည်ရာဌာနသို့ ပင့်ဆောင်ခေါ်ယူ၍ အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ကြမည် ဖြစ်ပါကြောင်း ကိုယ်တိုင် ပဋိညာဉ်ပြု လက်မှတ်ရေးထိုး စေရေးအတွက် ထိုပုဂ္ဂိုလ်များအား သြဝါဒပေး တော်မူကြရန် ညွှန်ကြားလိုက် ပါသည် -

(က) ရေတာရှည် ဦးမာလာဝရ၏ ဝါဒကို နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၅) က ထေရဝါဒ ပိဋကတ်တော်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်နေသဖြင့် ထေရဝါဒမှအပ ဖြစ်သော အဓမ္မဝါဒ၊ တိတ္ထိယဝါဒ အဖြစ် ဆုံးဖြတ်ထားသည့်အတိုင်း လိုက်နာ၍ ထိုဝါဒကို စွန့်လွှတ်ကြပါကြောင်း၊

(ခ) ယခုအချိန်မှစ၍ နောင်အနာဂတ်ကာလ၌လည်း ထိုအဓမ္မ ဝါဒ၊ တိတ္ထိယဝါဒများကို ဟောပြောခြင်း၊ ရေးသား ခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်း

http://www.dhammadownload.com



စသည်တို့ကို မိမိတို့ကိုယ်တိုင်လည်း ပြုလုပ်ကြမည် မဟုတ်သည့်အပြင် မိမိတို့နှင့် ပတ်သက်သူများကိုလည်း ပြုလုပ်စေကြမည် မဟုတ်ပါကြောင်း၊

(ဂ) ရေတာရှည် ဦးမာလာဝရ၏ တရားဓမ္မဆိုင်ရာ စာအုပ်စာတမ်း များ၊ တိတ်ခွေများ၊ အထိမ်းအမှတ်ပစ္စည်းများ စသည်တို့ကို မိမိတို့၏ မြို့နယ်သံဃနာယကအဖွဲ့သို့ အပ်နှံကြမည် ဖြစ်ပါကြောင်း၊

(ဃ) ယခင်က ထို အဓမ္မဝါဒနှင့် ပတ်သက်၍ သုံးစွဲခဲ့သော အသင်းအဖွဲ့အမည်နှင့် အသင်းအဖွဲ့စသည်တို့ကိုလည်း လုံးဝ တာဝန်ယူ၍ ဖျက်သိမ်းကြမည်၊ ဖျက်သိမ်းစေကြမည် ဖြစ်ပါကြောင်း။

**မှတ်ချက်။** ။ (၁) အထက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြမည် ဖြစ်ပါကြောင်း၊ ဆိုင်ရာ အဓမ္မဝါဒီ၊ တိတ္ထိယဝါဒီ ပုဂ္ဂိုလ်များအား မြို့နယ်သံဃနာယကအဖွဲ့ ရှေ့မှောက်၌ ကိုယ်တိုင် ပဋိညာဉ်ပြု လက်မှတ်ရေးထိုးစေရမည်။ အကယ်၍ ထိုဝါဒ၌ သက်ဝင်ယုံကြည်သူအဖြစ် စာရွက်စာတမ်း သက်သေ အထောက်အထား မထင်ရှား၍ "မိမိတို့သည် ထိုဝါဒ၌ သက်ဝင်ယုံကြည်သူများ မဟုတ်ကြပါ"ဟု ငြင်းဆိုနေပါက ထိုဝါဒ၌ သက်ဝင် ယုံကြည်သူများ မဟုတ်ကြောင်း လက်မှတ်ရေးထိုး စေရမည်။ သို့သော် မူလကပင် ဦးမာလာဝရဝါဒ၌ သက်ဝင်ယုံကြည်သူအဖြစ် စာရွက်စာတမ်း သက်သေ အထောက်အထားအရ ထင်ရှား ပါလျက် လက်မှတ် ထိုးရမည်ကို ကြောက်ရွံ့၍ ယခုမှ ငြင်းဆိုသူများကိုမူ ဤညွှန်ကြားချက် အတိုင်း လက်မှတ်ရေးထိုးစေရမည်သာ ဖြစ်သည်။

http://www.dhammadownload.com



(၂) ထိုသို့ ဆောင်ရွက်ရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီနှင့် ညှိနှိုင်း၍ ဆောင်ရွက်ရမည်။

၃။ မိမိတို့မြို့နယ်အတွင်း၌ ရေတာရှည် ဦးမာလာဝံရ၏ဝါဒကို သက်ဝင်ယုံကြည်ကြသော ရဟန်းရှင်လူတို့ရှိနေကြပါက ဤညွှန်ကြားလွှာအတိုင်း ဆောင်ရွက်ရမည်။ ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီးကြောင်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားပြီး မိမိတို့ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ မိတ္တူပေးပို့ရန် ထပ်မံညွှန်ကြား လိုက်ပါသည်။

ဘဒ္ဒန္တဝိမလ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌ ဆရာတော်

ဘဒ္ဒန္တဓမ္မာဝုဓ
တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

--------

## ညွှန်ကြားလွှာ အမှတ် (၅၄)

မိုးညို (မြောက်ဥက္ကလာပ) ဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုး စေရေး ကိစ္စ။ (၂၈၊ ၇၊ ၈၃) (–၄၊ ၄၊ ၄၅)

၁။ မိုးညို (မြောက်ဥက္ကလာပ) ဝါဒသည် ထေရဝါဒ ပိဋကတ်တော်နှင့် ကိုက်ညီခြင်းမရှိသဖြင့် "အဓမ္မဝါဒစစ်စစ်သာ ဖြစ်သည်" ဟု နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၇) က ဆုံးဖြတ်ခဲ့ရာ ဆုံးဖြတ်ချက်ကို

http://www.dhammadownload.com



လိုက်နာသေ‌ေအားဖြင့် ၎င်းဝါဒကို ဦးဆောင်သော ဦးထွန်းရှိန် (ယခင်မိုးညို ဦးသုရိယ) သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ရှေ့မှောက်၌ မိမိ၏ဝါဒကို အဓမ္မဝါဒအဖြစ် ကြေငြာလျက် စွန့်လွှတ်ပါကြောင်း ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြို့နယ်သံဃနာယကအဖွဲ့များသည် မိမိတို့ မြို့နယ်အတွင်း၌ မိုးညို(မြော်ကဲဥက္ကလာပ)ဝါဒ၌ သက်ဝင် ယုံကြည်ကြသော ရဟန်းသာမဏေများနှင့် လူပုဂ္ဂိုလ်များရှိပါက ထိုပုဂ္ဂိုလ်များကို မြို့နယ်သံဃနာယကအဖွဲ့တည်ရာဌာနသို့ ပင့်ဆောင်ခေါ်ယူ၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြမည် ဖြစ်ပါကြောင်း ကိုယ်တိုင်ပဋိညာဉ်ပြု လက်မှတ်ရေးထိုးစေရေးအတွက် ထိုပုဂ္ဂိုလ်များအား ဩဝါဒ ပေးတော်မူကြရန် ညွှန်ကြားလိုက်ပါသည် -

(က) မိုးညို (မြော်ကဲဥက္ကလာပ) ဝါဒကို နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၇) က ထေရဝါဒ ပိဋကတ်တော်နှင့် ကိုက်ညီခြင်းမရှိသဖြင့် အဓမ္မဝါဒ အဖြစ် ဆုံးဖြတ်ထားသည့်အတိုင်း လိုက်နာ၍ ထိုဝါဒကို စွန့်လွှတ်ပါကြောင်း၊

(ခ) ယခုအချိန်မှစ၍ နောင်အနာဂတ်ကာလ၌လည်း ထိုအဓမ္မဝါဒကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်း စသည်တို့ကို မိမိတို့ကိုယ်တိုင်လည်း ပြုလုပ်ကြမည် မဟုတ်သည့်ပြင် မိမိတို့နှင့် ပတ်သက်သူများကိုလည်း ပြုလုပ်စေကြမည် မဟုတ်ပါကြောင်း၊

(ဂ) မိုးညို (မြော်ကဲဥက္ကလာပ) ၏ တရားဓမ္မဆိုင်ရာ စာအုပ်စာတမ်းများ၊ တိတ်ခွေများ၊ အထိမ်းအမှတ်ပစ္စည်းများ စသည်တို့ကို မိမိတို့ မြို့နယ်သံဃနာယကအဖွဲ့သို့ အပ်နှံကြမည်ဖြစ်ပါကြောင်း၊

http://www.dhammadownload.com



(ဃ) ယခင်က ထိုအမွေဝါဒနှင့် ပတ်သက်၍ သုံးစွဲခဲ့သော အဖွဲ့အမည်နှင့် အသင်းအဖွဲ့စသည်တို့ကိုလည်း လုံးဝတာဝန်ယူ၍ ဖျက်သိမ်းကြမည်၊ ဖျက်သိမ်းစေကြမည် ဖြစ်ပါကြောင်း။

**မှတ်ချက်။** ။ (၁) ဆိုင်ရာ အမွေဝါဒီ ပုဂ္ဂိုလ်များအား အထက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြမည် ဖြစ်ပါကြောင်း မြို့နယ်သံဃနာယကအဖွဲ့ ရှေ့မှောက်၌ ကိုယ်တိုင် ပဋိညာဉ်ပြုလက်မှတ်ရေးထိုးစေရမည်။ အကယ်၍ ထိုဝါဒ၌ သက်ဝင်ယုံကြည်သူအဖြစ် စာရွက်စာတမ်း သက်သေအထောက်အထားများ မထင်ရှား၍ "မိမိတို့သည် ထိုဝါဒ၌ သက်ဝင်ယုံကြည်သူများ မဟုတ်ကြပါ" ဟု ငြင်းဆိုနေပါက "ထိုဝါဒ၌ သက်ဝင် ယုံကြည်သူများ မဟုတ်ကြောင်း" လက်မှတ်ရေးထိုးစေရမည်။ သို့သော် မူလကပင် မိုးညို (မြောက်ဥက္ကလာပ)ဝါဒ၌ သက်ဝင် ယုံကြည်သူအဖြစ် စာရွက်စာတမ်း၊ သက်သေအထောက် အထားအရ ထင်ရှားပါလျှက် လက်မှတ်ရေးထိုးရမည်ကို ကြောက်ရွံ့၍ ယခုမှ ငြင်းဆိုသူများကိုမူ ဤညွှန်ကြားချက် အတိုင်း လက်မှတ်ရေးထိုးစေရမည်သာ ဖြစ်သည်။

(၂) ထိုသို့ ဆောင်ရွက်ရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီနှင့် ညှိနှိုင်း၍ ဆောင်ရွက်ရမည်။

၃။ မိမိတို့မြို့နယ်အတွင်း၌ မိုးညို (မြောက်ဥက္ကလာပ)ဝါဒ၌ သက်ဝင် ယုံကြည်ကြသော ရဟန်းရှင်လူတို့ ရှိနေပါက ဤညွှန်ကြားလွှာအတိုင်း ဆောင်ရွက်ရမည်။ ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီးကြောင်းကို နိုင်ငံတော်

http://www.dhammadownload.com



သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားပြီး မိမိတို့ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ မိတ္တူပေးပို့ရန် ထပ်မံညွှန်ကြား လိုက်ပါသည်။

ဘဒ္ဒန္တ ဣန္ဒာစာရ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဥက္ကဋ္ဌ ဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
(တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက)
အကျိုးတော်ဆောင်ဆရာတော်

---

# ညွှန်ကြားလွှာ အမှတ် (၅၅)

**ဓမ္မနီတိ ဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုး စေရေးကိစ္စ။**

(၂၈၊ ၇၊ ၈၃) (-၄၊ ၄၊ ၄၅)

၁။ ဓမ္မနီတိဝါဒသည် ထေရဝါဒ ပိဋကတ်တော်နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်နေသဖြင့် "အဓမ္မဝါဒဖြစ်သည်" ဟု နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၆) က ဆုံးဖြတ်ခဲ့ရာ ဆုံးဖြတ်ချက်ကို လိုက်နာသော အားဖြင့် ၎င်းဝါဒကို ဦးဆောင်သော ဦးပညာဝံသ (ဓမ္မနီတိ ဆရာတော်) သည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ ရှေ့မှောက်၌ မိမိ၏ဝါဒကို အဓမ္မဝါဒအဖြစ် ကြေငြာလျက် စွန့်လွှတ်ပါကြောင်း ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြို့နယ်သံဃနာယကအဖွဲ့များသည် မိမိတို့ မြို့နယ် အတွင်း၌ ဓမ္မနီတိဝါဒ၌ သက်ဝင် ယုံကြည်ကြသော ရဟန်းသာမဏေများနှင့်

http://www.dhammadownload.com



လူပုဂ္ဂိုလ်များရှိပါက ထိုပုဂ္ဂိုလ်များကို မြို့နယ် သံဃနာယကအဖွဲ့ တည်ရာဌာနသို့ ပင့်ဆောင်ခေါ်ယူ၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြမည် ဖြစ်ပါကြောင်း ကိုယ်တိုင်ပဋိညာဉ်ပြု လက်မှတ်ရေးထိုးစေရေးအတွက် ထိုပုဂ္ဂိုလ်များအား ဩဝါဒ ပေးတော်မူကြရန် ညွှန်ကြားလိုက်ပါသည် -

(က) ဓမ္မနီတိ ဝါဒကို နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၆)က ထေရဝါဒ ပိဋကတ်တော်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်နေသဖြင့် အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ထားသည့်အတိုင်း လိုက်နာ၍ ထိုဝါဒကို စွန့်လွှတ်ပါကြောင်း၊

(ခ) ယခုအချိန်မှစ၍ နောင်အနာဂတ်ကာလ၌လည်း ထိုအဓမ္မဝါဒကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်း စသည်တို့ကို မိမိတို့ကိုယ်တိုင်လည်း ပြုလုပ်ကြမည် မဟုတ်သည့်အပြင် မိမိတို့နှင့်ပတ်သက်သူများကိုလည်း ပြုလုပ်စေကြမည် မဟုတ်ပါကြောင်း၊

(ဂ) ဓမ္မနီတိ၏ တရားဓမ္မဆိုင်ရာ စာအုပ်စာတမ်းများ၊ တိတ်ခွေများ၊ အထိမ်းအမှတ်ပစ္စည်းများ စသည်တို့ကို မိမိတို့၏ မြို့နယ်သံဃနာယကအဖွဲ့သို့ အပ်နှံကြမည်ဖြစ်ပါကြောင်း၊

(ဃ) ယခင်က ထို အဓမ္မဝါဒနှင့် ပတ်သက်၍ သုံးစွဲခဲ့သော အဖွဲ့အမည်နှင့် အသင်းအဖွဲ့စသည်တို့ကိုလည်း လုံးဝ တာဝန်ယူ၍ ဖျက်သိမ်းကြမည်၊ ဖျက်သိမ်းစေကြမည် ဖြစ်ပါကြောင်း။

http://www.dhammadownload.com



မှတ်ချက်။ ။ (၁) ဆိုင်ရာ အစမ္မဝါဒီ ပုဂ္ဂိုလ်များအား အထက်ပါ အတိုင်း လိုက်နာဆောင်ရွက်ကြမည် ဖြစ်ပါကြောင်း မြို့နယ် သံဃနာယကအဖွဲ့ ရှေ့မှောက်၌ ကိုယ်တိုင် ပဋိညာဉ်ပြု လက်မှတ်ရေးထိုးစေရမည်။ အကယ်၍ ထိုဝါဒ၌ သက်ဝင်ယုံကြည်သူအဖြစ် စာရွက်စာတမ်း သက်သေ အထောက်အထားများ မထင်ရှား၍ "မိမိတို့သည် ထိုဝါဒ၌ သက်ဝင်ယုံကြည်သူများ မဟုတ်ကြပါ"ဟု ငြင်းဆိုနေပါက "ထိုဝါဒ၌ သက်ဝင် ယုံကြည်သူများ မဟုတ်ကြောင်း" လက်မှတ်ထိုးစေရမည်။ သို့သော် မူလကပင် ဓမ္မနီတိဝါဒ၌ သက်ဝင် ယုံကြည်သူအဖြစ် စာရွက်စာတမ်း၊ သက်သေ အထောက် အထားအရ ထင်ရှားပါလျက် လက်မှတ်ရေးထိုး ရမည်ကို ကြောက်ရွံ့၍ ယခုမှ ငြင်းဆိုသူများကိုမူ ဤညွှန်ကြားချက်အတိုင်း လက်မှတ် ရေးထိုး စေရမည်သာ ဖြစ်သည်။

(၂) ထိုသို့ ဆောင်ရွက်ရာတွင် အစက်အခဲရှိပါက သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီနှင့် ညှိနှိုင်း၍ ဆောင်ရွက်ရမည်။

၃။ မိမိတို့မြို့နယ်အတွင်း၌ ဓမ္မနီတိဝါဒ၌ သက်ဝင် ယုံကြည်ကြသော ရဟန်းရှင်လူတို့ရှိနေပါက ဤညွှန်ကြားလွှာအတိုင်း ဆောင်ရွက်ရမည်။ ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီးကြောင်းကို နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့သို့ တင်ပြလျှောက်ထားပြီး မိမိတို့ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ မိတ္တူပေးပို့ရန် ထပ်မံညွှန်ကြားလိုက်ပါသည်။

ဘဒ္ဒန္တ ကုမာရာဘိဝံသ — ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု) — (အဂ္ဂမဟာပဏ္ဍိတ)
ဥက္ကဋ္ဌ ဆရာတော် — (တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက)
— အကျိုးတော်ဆောင် ဆရာတော်

---

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၅၆)
## (ပညာရေး)

ပြည်နယ်/တိုင်း အသီးသီး၌ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဖွင့်လှစ်ရန် ညွှန်ကြားချက်။ (၁၇၊ ၈၊ ၈၃) (၉၊ ၅၊ ၄၅)

၁။ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ချမှတ်ပေးခဲ့သော ပရိယတ္တိပညာရေး မူ (၄) ချက်ကို အခြေခံ၍ ပရိယတ္တိပညာရေး စီမံကိန်းကို အတည်ပြု ပြဋ္ဌာန်းပြီးနောက် ယင်းစီမံကိန်းနှင့်အညီ ကျောင်းထိုင်ဘုန်းကြီး သင်တန်း ကျောင်းများဆိုင်ရာ စီမံချက်စည်းမျဉ်းကို ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအကြိမ် နှစ်ပတ်လည် အစည်းအဝေးကြီး က ၁၃၄၄–ခုနှစ်၊ နယုန်လဆန်း (၁၃)ရက်၊ ၁၉၈၂–ခုနှစ်၊ ဇွန်လ (၄)ရက်၊ သောကြာနေ့၌ အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်း စီမံချက် စည်းမျဉ်းကို နိုင်ငံတော်အတွင်းရှိ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သို့ ပေးပို့ခဲ့ပြီး ဖြစ်ရာ ရန်ကုန်တိုင်းအတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပညာရေး အဖွဲ့ငယ်၏ ကြီးကြပ်စီစဉ်မှုဖြင့် ၁၉၈၃–ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့မှစ၍ ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းကို ကမ္ဘာအေး၊ ဝါယာလက် (၂)လမ်း၊ အမှတ် (၆၅) (ဘီ) ၌ စတင်ဖွင့်လှစ်ပြီး သင်တန်းများ နေ့စဉ် ပို့ချသင်ကြားပေးလျက် ရှိနေပြီ ဖြစ်သည်။ အချို့သော ပြည်နယ်/တိုင်းများကလည်း စည်းမျဉ်းနှင့် အညီ မိမိတို့ ပြည်နယ်/တိုင်းအတွက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဖွင့်လှစ်ရန် စီမံ စိုင်းပြင်းလျက်ရှိကြောင်း သိရပေသည်။

http://www.dhammadownload.com



၃။ ဤ ကိစ္စသည် ဗုဒ္ဓသာသနာတော်မြတ် သန့်ရှင်း တည်တံ့ပြန့်ပွားရေး အတွက် လွန်စွာ အရေးပါ ထိရောက်သော ကိစ္စဖြစ်သည့်အပြင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ ပြဋ္ဌာန်းချက်လည်း ဖြစ်သဖြင့် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များအနေဖြင့် မဖြစ်မနေ အကောင် အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

၄။ ယင်းသို့ သင်တန်းကျောင်း ဖွင့်လှစ်ရန် စီမံ ဆောင်ရွက်ရာတွင် လုပ်နည်း လုပ်ဟန်နှင့် ပတ်သက်၍ဖြစ်စေ၊ သင်ကြားနည်းဆိုင်ရာ အတတ်ပညာပိုင်းနှင့် ပတ်သက်၍ဖြစ်စေ၊ သင်ကြားမည့် ဆရာများ ရရှိရေး ကိစ္စနှင့် ပတ်သက်၍ဖြစ်စေ လိုအပ်သော အကူအညီများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ဆက်သွယ်ပြီး ရယူနိုင်ကြပါသည်။

၅။ သို့ဖြစ်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ "ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများဆိုင်ရာ စီမံချက်စည်းမျဉ်း"နှင့် အညီ မိမိတို့၏ ပြည်နယ်/တိုင်းအတွင်း၌ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း တစ်ကျောင်းစီ ဘည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များကို ကြိုးကြပ်စီစဉ် စည်းရုံးဆော်ဩ ဆောင်ရွက်သွားကြရန် ညွှန်ကြား လိုက်ပါသည်။

| | |
|---|---|
| ဘဒ္ဒန္တ ကုမ္ဘာစာရ | ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ |
| (အဘိဓဇမဟာရဋ္ဌဂုရု) | (အဂ္ဂမဟာပဏ္ဍိတ) |
| ဥက္ကဋ္ဌဆရာတော် | (တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက) |
| | အကျိုးတော်ဆောင် ဆရာတော် |

----------

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၅၇)

"နေ၀သုဒ္ဓ နာသုဒ္ဓ" ဆုံးဖြတ်ခြင်းခံရသော ရဟန်းအား သာသနာ၀င် မှတ်တမ်း ထုတ်ပေးခြင်း မပြုရန်နှင့် ထုတ်ပေးပြီးပါက ပြန်လည် သိမ်းဆည်းရန် ကိစ္စ။ (၂၄၊ ၈၊ ၈၃) (-၁၊ ၅၊ ၄၅)

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အတွင်း သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၂)၊ အခြေခံမူများ အပိုဒ် (၃၁) နှင့်အညီ သံဃနာယကအဖွဲ့ အဆင့်ဆင့်၏ လက်အောက်၌ သီတင်းသုံးနေထိုင်လျက်ရှိသော ရဟန်းတော်တစ်ပါးပါးအား ၀ိနည်းမွှေကဲ လုပ်ထုံးလုပ်နည်းအရ ဖွဲ့စည်းထားသည့် သံဃ၀ိနိစ္ဆယအဖွဲ့ တစ်ခုခုက (နေ၀သုဒ္ဓ နာသုဒ္ဓ) အဖြစ် ဆုံးဖြတ်ထားမှုနှင့် စပ်လျဉ်း၍ ပြည်ထဲရေးနှင့် သာသနာရေး၀န်ကြီးဌာန၊ ၀န်ကြီး၏လျှောက်ထားချက်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က "နေ၀သုဒ္ဓ နာသုဒ္ဓ"အဖြစ် ဆုံးဖြတ်ခြင်းခံရသော ရဟန်းကို အသက်ရှင်လျက် သေနေသူ (ဇီ၀မတက) ဟူ၍ လည်းကောင်း၊ အပြင်က စိမ်းရောင်သန်း၍ အတွင်းက ပုပ်နေသော သစ်သီး (အာမက ပူတိက) ဟူ၍လည်းကောင်း၊ လူသေကောင်ဖုတ်ကြည်းသင်္ဂြိုဟ်ရာ၌ မီးမလောင်ဘဲ ကြွင်းကျန်ရစ်သော ထင်းကုလားတုံးဟူ၍ လည်းကောင်း ဥပမာပြု၍ ရှင်းလင်း ပြန်ကြားခဲ့ပြီးဖြစ်ပါသည်။

၂။ ထို့ပြင် နာယကလက်စွဲ အပိုဒ် (၂၁၄) ၌လည်း အလဇ္ဇီ ဒုဿီလ ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထား တွေ့ရှိရလျှင်လည်းကောင်း၊ "အသုဒ္ဓ" ဆုံးဖြတ်လျှင်သော်လည်းကောင်း မြို့နယ်သံဃနာယကအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ထိုပုဂ္ဂိုလ်အား သာသနာ၀င်မှတ်တမ်း တုတ်ပေးခြင်း မပြုရ၊ တုတ်ပေးပြီးသော သာသနာ၀င်မှတ်တမ်းကို ပြန်လည် သိမ်းဆည်းရမည်ဟု ဖော်ပြထားပြီး ဖြစ်ပါသည်။

http://www.dhammadownload.com



၃။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာအမှတ် (၂၉)၊ အပိုဒ်ခွဲ (၁၂) ၌ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲခံရသော ရဟန်းများအား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးသော သံဃဝိနိစ္ဆယ အဖွဲ့၏ "သုဒ္ဓ"အဖြစ် ဆုံးဖြတ်ချက်ရသည်အထိ သာသနာပင်မှတ်တမ်း ထုတ်ပေးခြင်းကို ဆိုင်းငံ့ထားရန်"ဟု ဖော်ပြထားပါသည်။

၄။ ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထ အစည်းအဝေးကလည်း "နေဝသုဒ္ဓ နာသုဒ" ဆုံးဖြတ်ခြင်း ခံရသော ပုဂ္ဂိုလ်များအား ပဗ္ဗဇ္ဇာသမ္ဘောဂ၊ ဓမ္မသမ္ဘောဂ ဆက်ဆံခြင်း မပြုကြရန် သဘောတူ ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ "နေဝသုဒ္ဓ နာသုဒ္ဓ" ဆုံးဖြတ်ခြင်းခံရသော ပုဂ္ဂိုလ်များအား အယူခံ ပြီးဆုံးပြီးဖြစ်ပါက ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားအပ်ပါသည် —

(က) နေဝသုဒ္ဓ နာသုဒ္ဓ ဆုံးဖြတ်ခြင်းခံရသော ပုဂ္ဂိုလ်များအား အယူခံ ပြီးဆုံးပြီးဖြစ်ပါက သာသနာဝင်မှတ်တမ်း ထုတ်ပေး ခြင်း မပြုရန်နှင့် သာသနာဝင်မှတ်တမ်း ထုတ်ပေးပြီး ဖြစ်ပါက ယင်း သာသနာဝင်မှတ်တမ်းကို သိမ်းဆည်းရန်၊

(ခ) ယင်း "နေဝသုဒ္ဓ နာသုဒ္ဓ" ပုဂ္ဂိုလ်နှင့် ပဗ္ဗဇ္ဇာသမ္ဘောဂ၊ ဓမ္မသမ္ဘောဂ ဆက်ဆံခြင်း မပြုကြရန် ကိစ္စကို မိမိတို့ မြို့နယ်အတွင်း၌ ထုတ်ပြန်ကြေညာ တားမြစ်ရန်။

ဘဒ္ဒန္တ ဉာဏာစာရ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဥက္ကဋ္ဌ ဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
(တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက)
အကျိုးတော်ဆောင် ဆရာတော်

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၅၈)

သံဃဝိနိစ္ဆယအဖွဲ့ အဆင့်ဆင့် အဖွဲ့ဝင် ဝိနည်းဓိုရ်ဆရာတော်များ လိုက်နာ ကျင့်သုံးရန် လုပ်ငန်းတာဝန်များ သတ်မှတ်ညွှန်ကြားခြင်း။
(၄၊ ၁၀၊ ၈၃) (-၁၃၊ ၆၊ ၄၅)

၁။ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း (၃)၊ အပိုဒ် ၁၃-နှင့်အညီ မြို့နယ်အလိုက် သတ်မှတ် ရွေးချယ်တင်မြှောက်ခြင်း ခံရသော ဝိနည်းဓိုရ်ဆရာတော်များသည် ဝိနည်း ဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများ အခန်း (၃)၊ အပိုဒ်-ဂ (ဆ) အရ ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းဆိုင်ရာ ကိစ္စများကို ကျေပွန်စွာ ဆောင်ရွက်လိုစိတ်နှင့် ဆောင်ရွက်နိုင်စွမ်း ရှိရမည် ဖြစ်ပါသည်။

၂။ သံဃနာယကအဖွဲ့ အဆင့်ဆင့်သည် ဝိနည်းဓိုရ်ဆရာတော်များ အားလုံးကို "ဝိနည်းဓိုရ် ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံပြီး ဖြစ်သည်"ဟု ယုံကြည်ခံယူပြီး ဖြစ်သည့်အလျောက် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို ဖြေရှင်း ဆောင်ရွက်ရန် သံဃဝိနိစ္ဆယအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ် ခဲ့ကြပါသည်။

၃။ ယင်းကဲ့သို့ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းတာဝန်ပေးခြင်းခံရသော အဖွဲ့ဝင် ဝိနည်းဓိုရ် ဆရာတော်များသည် မိမိအား ပေးအပ်သော တာဝန်များကို ဆောင်ရွက်ကြရာ၌ ဖေါ်ပြလတ္တံ့ပါ ညွှန်ကြားချက်များအတိုင်း ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကို ရှေ့ရှု၍ ကျေပွန်အောင် ဆောင်ရွက်တော်မူကြပါရန် ညွှန်ကြားအပ်ပါသည် -

http://www.dhammadownload.com



(က) ထိုနည်းမှေ့ကဲ အဓိကရုဏ်းမှုခင်းများအတွက် အဖွဲ့ဝင် ဆရာတော်များသည် ဝိနည်းမိုရ်အဖွဲ့ သဘာပတိဆရာတော်၏ ချိန်းဆိုသည့် နေ့ရက်တွင် ပျက်ကွက်မှုမရှိစေရန် အထူး ဂရုပြုရမည်။ ဆုံးဖြတ်ချက်ချမှတ်ရန် ချိန်းဆိုသော နေ့ရက်တွင် မပျက်မကွက် ကြွရောက်ရမည်။

(ခ) မေးအမီသော တာဝန်ကို မထမ်းဆောင်နိုင်သော ရှည်းကောင်း၊ မိမိ၌ ဝိနည်းမိုရ်အင်္ဂါ ချို့ယွင်းလျက်ရှိသော လည်းကောင်း သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ ရှက်ချင်း အကြောင်းကြားရမည်။

မှတ်ချက် ။ ။ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် လစ်လပ်သည့် ဝိနည်းမိုရ်နေရာ၌ အရန်တစ်ပါးကို ချက်ချင်း အစားထိုးပြီး ဖွဲ့စည်းမိန့် ထုတ်ပြန်၍ တာဝန်ပေးအပ်ရန် ဖြစ်သည်။

(ဂ) ဝိနည်းမိုရ် ဆရာတော်များသည် မိမိအား ပေးအပ်ထားသော တာဝန်ကို အခြား မည်သူ့ကိုမျှ လွှဲပြောင်း ဆောင်ရွက်စေခြင်း မပြုရ။

(ဃ) ဝိနည်းမိုရ်အဖွဲ့ဝင်များ အချင်းချင်း လေးစားကြ၍ မေ့ ဝိနယကိုသာ ရှေ့တန်းတင်ပြီး အကျေအလည် ညှိနှိုင်း ဆွေးနွေးဆောင်ရွက်ကြရမည်။

(င) သဘောထား မညီမျှ ဖြစ်ခဲ့သော် အဖွဲ့ဝင်အများစု၏ ယူဆချက်ကို အနည်းစုက လေးစား လိုက်လျောခြင်းဖြင့် လည်းကောင်း, အများစုသည် အနည်းစု၏ တင်ပြချက်ကို သံသယကင်းရှင်းသည်အထိ ပြန်လည် စစ်ဆေးမှု၊ ဝေဖန် သုံးသပ်မှု စသည်ဖြင့်လည်းကောင်း ပြေလည်မှုရရှိအောင် ညှိနှိုင်း ဆွေးနွေး ဆောင်ရွက်ရမည်။

(စ) ထိုသို့ ညှိနှိုင်းပါလျက် မည်သို့မျှ ညှိနိုင်း၍ မရနိုင်လောက် အောင် သဘောထား ကွဲပြားခြားနားနေပါက အဖွဲ့ဝင်

အများစု၏ သဘောအရသာ သုံးသပ်ဆုံးဖြတ်ချက် ဝိနိစ္ဆယကို ရေးသားချမှတ်ရမည်။ ယင်း ဆုံးဖြတ်ချက်ကို ကျေနပ်နှစ်သိမ့်မှု မရှိသော အဖွဲ့ဝင် ဝိနည်းဓိုရ် ဆရာတော်သည် ယင်းဆုံးဖြတ်ချက် အပေါ်၌သာလျှင် ဆုံးဖြတ်ချက်ကို သဘောမတူကြောင်း ဖေါ်ပြ၍ လက်မှတ်ရေးထိုးရမည်။

(ဆ) သီးခြားအားဖြင့် သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ကြေငြာချက် ထုတ်ပြန်ခြင်း၊ ဝိနိစ္ဆယဌာနသို့ မလာရောက်ဘဲနေခြင်းများကို လုံးဝ ရှောင်ရှားကြရမည်။

(ဇ) ဝိနိစ္ဆယအဖွဲ့သည် အငြင်းပွားဝတ္ထုပစ္စည်းများကို လေ့လာခြင်း၊ အခင်းဖြစ်နေရာဒေသများကို လေ့လာခြင်းမျိုးမှတပါး ကွင်းဆင်း စုံစမ်းထောက်လှမ်းခြင်းစသည်များကို ရှောင်ရှားကြရမည်။

(ဈ) တရားဝင်အမှုတွဲပါ စစ်ဆေးတင်ပြချက်များ အပေါ်၌သာ ဝေဖန် သုံးသပ်ဆုံးဖြတ်ရမည်။ အကယ်၍ မလွှဲမရှောင်သာ ကွင်းဆင်း စစ်ဆေးမှုများ ပြုလုပ်ဖွယ်ရှိပါက ဇောဒက၊ စုဒိတကနှင့် သက်ဆိုင်ရာ အာဏာပိုင်ပုဂ္ဂိုလ်များ၏ ရှေ့မှောက်၌သာ ပြုလုပ်ဆောင်ရွက်ကြရမည်။

၄။ အထက် အပိုဒ် ၃-ပါ ညွှန်ကြားချက်များအနက် သတ်မှတ်ချက် တစုံတရာကို လိုက်နာရန် ပျက်ကွက်ပါက ဝိနည်းဓိုရ်အဖြစ် မှလည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ အရွေးချယ် ခံပိုင်ခွင့်မှ လည်းကောင်း ရပ်စဲထားသည်အထိ အရေးယူခြင်းကို ပြုလုပ်မည်ဖြစ်ပါသည်။

ဘဒ္ဒန္တ ကုမာရာစာရ
(အဘိဓမ္မမဟာရဋ္ဌဂုရု)
ဥက္ကဋ္ဌ ဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
(တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက)
အကျိုးဆောင် ဆရာတော်

-----------

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၅၉)

သံဃဝိနိစ္ဆယအဖွဲ့ အဆင့်ဆင့်၏ ဝိနည်းဓမ္မကံ မှုခင်းစစ်ဆေးဆုံးဖြတ်ရာ၌ လိုက်နာရန် ညွှန်ကြားခြင်း။ (၃၁၊ ၁၀၊ ၈၃) (-၁၀၊ ၇၊ ၄၅)

၁။ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၂)၊ အပိုဒ် (၅) ၌ ဝိနည်းဓမ္မကံမှုခင်းများ ပြေလည်အေးငြိမ်းစေခြင်း လုပ်ငန်းကို ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်၊ပြည်နယ်/တိုင်းဟူသော သံဃနာယကအဖွဲ့ အဆင့် (၃) ဆင့်လုံး အတွက် ရက်ပေါင်း (၆၀) (နှစ်လ) အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဟု သတ်မှတ်ထားပါသည်။

၂။ သို့ရာတွင် သံဃဝိနိစ္ဆယအဖွဲ့ အဆင့်ဆင့်၏ ဝိနည်းဓမ္မကံ မှုခင်း စစ်ဆေး သုံးသပ် ဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု အချိန်ကာလကိုမူ သံဃဝိနိစ္ဆယအဖွဲ့ တစ်ဆင့်ချင်းအတွက်သော် လည်းကောင်း၊ အဆင့်အားလုံးအတွက်သော်လည်းကောင်း ဆောင်ရွက်မှု အချိန်ကာလ သတ်မှတ်ပေးထားချက် မရှိသည်ကို တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ သံဃဝိနိစ္ဆယအဖွဲ့အဆင့်ဆင့်၏ ဝိနည်းဓမ္မကံမှုခင်း လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၅)ပါးစုံညီ ကောဒသမ အစည်းအဝေးဆုံးဖြတ်ချက် အမှတ် (၈)နှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် စတုတ္ထအစည်းအဝေး အတည်ပြုချက် အမှတ်(၂/၈၃) တို့အရ သံဃဝိနိစ္ဆယအဖွဲ့ တစ်ဆင့်ချင်း၏ အမှုစစ်ဆေး ဆုံးဖြတ်ဆောင်ရွက်မှု အချိန်ကာလကို ဖော်ပြလတ္တံ့ပါအတိုင်း သတ်မှတ်လိုက်ပါသည် –

http://www.dhammadownload.com



(က) သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းဓမ္မကံ မှုခင်းကို စတင်စစ်ဆေးသည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်။

(ခ) အကယ်၍ မပြီးပြတ်ခဲ့သော် အကြောင်းအကျိုး ပြည့်စုံစွာ ဖော်ပြလျက် တစ်ကြိမ်လျှင် ရက်ပေါင်း (၆၀) ထက် မကျော်လွန်သော လိုအပ်သည့်ရက်ကို နောက်ထပ် (၂) ကြိမ်ထက် မပိုစေဘဲ သက်ဆိုင်ရာ သံဃနာယကအဖွဲ့ အဆင့်ဆင့် သို့ တင်ပြတောင်းခံ၍ ဆက်လက် ဆောင်ရွက်သွားရမည်။

**မှတ်ချက်။** ။ ဤညွှန်ကြားလွှာ ထုတ်ပြန်သည့်နေ့မတိုင်မီ ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ရက်လွန် သံဃဝိနိစ္ဆယအဖွဲ့များသည် ညွှန်ကြားလွှာ ထုတ်ပြန်သည့် နေ့မှ (၁) လအတွင်း ပြီးပြတ်အောင် ဆောင်ရွက် ရမည်။

၄။ အထက် အပိုဒ် ၃၊ (က)၊ (ခ) ပါ သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်စေရန်နှင့် လိုက်နာခြင်း မရှိမူ၍ သတ်မှတ်ရက်ထက် ကျော်လွန်သော သံဃဝိနိစ္ဆယအဖွဲ့၏ လုပ်ငန်းမှန်သမျှသည် တရားဝင် မဟုတ်ကြောင်း သက်ဆိုင်ရာ သံဃနာယကအဖွဲ့ အဆင့်ဆင့်က မိမိတို့ ဖွဲ့စည်းပေးသည့် သံဃဝိနိစ္ဆယအဖွဲ့အား ထပ်ဆင့် ရှင်းလင်း ညွှန်ကြားရန် ဖြစ်ပါသည်။

ဘဒ္ဒန္တ ဣန္ဒာစာရ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဥက္ကဋ္ဌ ဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
(တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက)
အကျိုးတော်ဆောင် ဆရာတော်

---

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၆၀)

**မြို့နယ် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲများ၌ ဘာသာရပ်ဖြေဆိုခွင့် သတ်မှတ် ထုတ်ပြန်ခြင်း။** (၂၂၊ ၁၁၊ ၈၃) (-၃၊ ၈၊ ၄၅)

၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ဗုဒ္ဓသာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ရာတွင် သာသနာတော်၏ အခြေခံ အထောက်အပံ့ဖြစ်သော လူဒါယကာ၊ ဒါယိကာမများအား ဘုရားရှင် ဟောကြားခဲ့သော ဥပါသကဂုဏ် ဆယ်ပါးနှင့် ပြည့်စုံစေရန်နှင့် ဉာဏသမ္ပယုတ် ဗုဒ္ဓသာသနာဝင်များ ဖြစ်ကြစေရန် စီစဉ်ဆောင်ရွက်ပေးလျက် ရှိပေသည်။ ဥပါသကဂုဏ် ဆယ်ပါးတို့မှာ အောက်ပါတို့ပင်ဖြစ်ကြ၏ -

(က) သံဃာနှင့် ဆင်းရဲအတူ ချမ်းသာအမျှ ရှိရခြင်း၊
(ခ) တရားကိုသာ အလေးဂရုပြုရခြင်း (ကိုယ်ကျိုးစီးပွား ပဓာန မထားရ)
(ဂ) တတ်နိုင်သလောက် ပေးကမ်းလှူဒါန်းရခြင်း၊
(ဃ) ဘုရားရှင်သာသနာ ဆုတ်ယုတ်နေသည်ကို တွေ့ရလျှင် တိုးတက် ကြီးပွားအောင် ကြံဆောင်အားထုတ်ရခြင်း၊
(င) သမ္မာဒိဋ္ဌိ အယူမှန် ရှိသူဖြစ်ရခြင်း၊
(စ) ကောတူဟလ မင်္ဂလာ ခေါ်သည့် ကောလာဟလ စကား (သောစကား၊ ကြားစကား၊ အဖျက်စကား) တို့ကို မယုံကြည် လက်မခံဘဲ အသက်မွေးဝမ်းကျောင်းအတွက် ဖြစ်စေ၊ အသက်စည်းစိမ်အတွက် ဖြစ်စေ အယူတပါး၊ ဘာသာတပါး ကို မညွှန်းရခြင်း၊ မကူး မလိုက်ရခြင်း၊
(ဆ) ကိုယ်နှုတ် စောင့်စည်းတတ်ခြင်း၊

http://www.dhammadownload.com



(ဓ) စုပေါင်းဆောင်ရွက်မှု၊ အဖွဲ့အစည်းဖြင့် ဆောင်ရွက်မှုကို ကျေနပ် နှစ်သက်တတ်ခြင်း၊

(ရ) မိမိတို့ အချင်းချင်း ပြုစုခြင်း၊ မာန်မူခြင်းကို ရှောင်ရှားခြင်း၊

(ည) သာသနာရေးကိစ္စဆောင်ရွက်ရာတွင် ပလွှား ဝါကြွားမှု၊ ပကာသနမှုတို့ကို ရှောင်ကြဉ်ခြင်း၊

၂။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က အတည်ပြု ပြဋ္ဌာန်းပေးထားသော မြို့နယ် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာမေးပွဲဆိုင်ရာ စီမံချက်ရေးဆွဲမျဉ်းအရ မြို့နယ်များစွာတို့၌ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းများစွာ ဖွင့်လှစ် သင်ကြားပေးလျက် ရှိနေကြပြီ ဖြစ်ကြောင်း သိရပေသည်။ ထိုသင်တန်းသား သင်တန်းသူများသည် မြို့နယ်ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာမေးပွဲ ကျင်းပရေးအဖွဲ့က မေလတွင် ကျင်းပမည့် စာမေးပွဲကိုလည်း ဝင်ရောက် ဖြေဆိုကြလိမ့်မည် ဖြစ်သည်။

၃။ သို့ဖြစ်သောကြောင့် စာမေးပွဲဖြေဆို အအောင်ပေးခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းပေးလိုက်ပါသည် -

(က) ဗုဒ္ဓဘာသာယဉ်ကျေးမှုကျင့်ဝတ်ဘာသာ၊ ဗုဒ္ဓဘာသာ မြန်မာစာဘာသာနှင့် အခြေခံအဘိဓမ္မာဘာသာတို့ကို တစ်နှစ်တည်း သုံးဘာသာလုံးဖြစ်စေ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဖြစ်စေ စွမ်းအားရှိသလောက် ဖြေဆိုခွင့် ရှိသည်။

(ခ) တစ်ဘာသာ၊ နှစ်ဘာသာ အောင်ထားသူသည် သုံးဘာသာ ပြည့်အောင် နှစ် အကန့်အသတ်မရှိ နှစ်ဆက်၍ဖြစ်စေ၊ နှစ်ခြား၍ ဖြစ်စေ ဖြေဆိုခွင့် ရှိသည်။

(ဂ) သုံးဘာသာလုံး ဖြေဆိုအောင်မြင်ပြီးပါက ထပ်မံဖြေဆိုခွင့် မရှိ၊ အထက် အဘိဓမ္မာစာမေးပွဲ စသည်ကိုသာ တိုးတက်ကြိုးစားရန်ရှိသည်။

http://www.dhammadownload.com



(ဃ) တစ်ဘာသာဖြစ်စေ၊ နှစ်ဘာသာဖြစ်စေ၊ သုံးဘာသာဖြစ်စေ ဖြေဆိုအောင်မြင်သူအား အောင်မြင်သော ဘာသာအလိုက် ငြိမ်းချမ်းစာမေးပွဲ ကျင်းပရေးအဖွဲ့က အောင်လက်မှတ်များ ထုတ်ပေး ချီးမြှင့်ရမည်။

၄။ အာရုံးရှင် အဆုံးအမတော်များကို လွှဲတည်အောင် ဆောင်ရွက်ရာ၌ စာမေးပွဲသည် စိတ်အားထက်သန်မှုကို ဖြစ်စေရန် နည်းလမ်း တစ်ရပ်သာ ဖြစ်သည်၊ ပဓာနမဟုတ်။ ထို့ကြောင့် စာမေးပွဲ အောင်၍ ချီးမြှောက်ထိုက်သူအား ချီးမြှောက်ရမည်ဖြစ်သော်လည်း စာမေးပွဲကျသူများ သိမ်ငယ်မှု မဖြစ်စေရန်နှင့် ကင်းကွာမသွားစေရန် ထိန်းထိန်းသိမ်းသိမ်း စည်းရုံး ဆောင်ရွက်ကြရမည်။ ထို့ပြင် စာမေးပွဲ မဝင်လိုသော်လည်း သင်တန်း တက်ဖြစ်ကြအောင် သင်တန်းတက်ပြီး စာမေးပွဲ မဖြေသူများ အားလည်း အခြားနည်းလမ်းဖြင့် ချီးမြှောက်နိုင်ရန် တာဝန်ရှိသူများက သာသနာပြု အမြင်ဖြင့် စည်းရုံး စီစဉ် ဆောင်ရွက်ကြရမည်။

ဘဒ္ဒန္တ ဝိမလ
အဂ္ဂမဟာပဏ္ဍိတ
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဓမ္မာဝုဓ
တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၆၁)

**စနစ်သစ် ပထမပြန်စာမေးပွဲ၌ ပါဠိဘာသာ၊ မွန်ဘာသာတို့ဖြင့် ဖြေဆိုခွင့်ကိစ္စ။** (၂၂၊ ၁၁၊ ၈၃) (-၃၊ ၈၊ ၄၅)

၁။ ဤကိစ္စနှင့်စပ်လျဉ်း၍ ၁၃၄၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၄)ရက်၊ ၁၉၈၃-ခုနှစ်၊ နိုဝင်ဘာလ (၂၃)ရက် ဗုဒ္ဓဟူးနေ့၌ ကျင်းပသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၅-ပါးစုံညီ စုဒ္ဓသမအစည်းအဝေးက အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည် -

**ဆုံးဖြတ်ချက်**

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ချမှတ်ခဲ့သော "ကိုယ်ကျင့်တရား ပိုမိုကောင်းမွန်စေရေး၊ ပိဋကတ်ကျမ်းဂန် နှံ့စပ်စေရေး၊ ပါဠိဘာသာ တတ်မြောက် ကျွမ်းကျင်စေရေးနှင့် မြန်မာစာပေ အရေးအသားတော်စေရေး" ဟူသော ပရိယတ္တိပညာရေးမူ လေးချက်နှင့် အညီ ဖြစ်စေရန်အတွက် ဗုဒ္ဓဘာသာမြန်မာစာ မေးခွန်းမှတပါး ကျန်ဘာသာရပ်များကို မြန်မာဘာသာ၊ ပါဠိဘာသာ၊ မွန်ဘာသာ ကြိုက်ရာ ဘာသာဖြင့် ဖြေဆိုခွင့်ရှိသည်။ မြန်မာဘာသာ မေးခွန်းကိုမူ မြန်မာဘာသာဖြင့် မေး၍ မည်သူမဆို မြန်မာဘာသာ ဖြင့်သာ ဖြေဆိုခွင့်ရှိသည်"။

၂။ လာမည့် ၁၉၈၄-ခုနှစ်၊ စနစ်သစ် ပထမပြန် စာမေးပွဲမှ စ၍ စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ အားလုံးတို့သည် အထက်အပိုဒ် (၁) ပါ ဆုံးဖြတ်ချက်အတိုင်း လိုက်နာကြရန် ညွှန်ကြားလိုက်ပါသည်။

| | |
|---|---|
| **ဘဒ္ဒန္တ ဝိမလ** | **ဘဒ္ဒန္တ ဓမ္မာဝုဓ** |
| **(အဂ္ဂမဟာပဏ္ဍိတ)** | **တွဲဖက် အကျိုးတော်ဆောင်ဆရာတော်** |
| **ဒုတိယ ဥက္ကဋ္ဌဆရာတော်** | |

---------

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၆၂)

သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ သက်ဆိုင်ရာသို့ အဆင့်ဆင့် ဆက်သွယ်ဆောင်ရွက်မှုကို သတ်မှတ် ပြဋ္ဌာန်းထားသော အချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန်ကိစ္စ။ (၂၉၊ ၂၊ ၈၄) (-၁၃၊ ၁၁၊ ၄၅)

၁။ ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်) အခန်း (၈)၊ အပိုဒ် ၅၈ ၌ "လုပ်ငန်းသဘောအရ အဆင့်ဆင့် ဆက်သွယ်၍ အကြောင်းကြားဆောင်ရွက်မှုသည် ရက်ပေါင်း (၃၀) အတွင်း ပြီးပြတ် စေရမည်" ဟု သတ်မှတ် ပြဋ္ဌာန်းပြီး ဖြစ်ပါသည်။

၂။ ယင်း ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ သံဃဝိနိစ္ဆယ အဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာအောင် ဆောင်ရွက်ရန်အတွက် အဆင့်ဆင့် ဆက်သွယ် ပေးပို့ကြရာတွင် သတ်မှတ်ထားသည့် ရက်ပေါင်း (၃၀) အတွင်း ပြီးစီးအောင် ဖော်ပြပါအတိုင်း ဆောင်ရွက်ကြရန် ညွှန်ကြားအပ်ပါသည်-

(က) အယူခံစောဒနာဝင် နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက် အသနားခံ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယ အဖွဲ့၏ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက် မူရင်းနှင့် မိတ္တူ (၅) စောင်ကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (ဗဟိုဌာနချုပ်) က သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ ပေးပို့ရန်၊

(ခ) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် ယင်းဆုံးဖြတ်ချက် မိတ္တူ (၅) စောင် အနက်၊ (၁) စောင်ကို ရုံးလက်ခံအဖြစ်

http://www.dhammadownload.com



ထားရှိ၍ (၂) စောင်ကို ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ လည်းကောင်း၊ ကျန် (၂)စောင်ကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ လည်းကောင်း မေတ္တာရပ်ခံစာနှင့်အတူ ပေးပို့ရန်၊

(ဂ) မြို့နယ်သံဃနာယကအဖွဲ့သည် ဝိနိစ္ဆယဆုံးဖြတ်ချက် (၁) စောင်ကို ရုံးလက်ခံအဖြစ် ထားရှိ၍ ကျန် (၁)စောင်ကို သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ ဝိနိစ္ဆယ ဆုံးဖြတ်ချက်ကို လိုက်နာအောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် မေတ္တာရပ်ခံစာနှင့်အတူ ပေးပို့ရန်။

၃။ ယင်းသို့ ဆောင်ရွက်ကြရာတွင် မိမိအဖွဲ့ရုံးသို့ ဝိနိစ္ဆယဆုံးဖြတ်ချက် ရောက်ရှိပြီးနောက် ရက်သတ္တ တစ်ပတ်အတွင်း ဆက်လက်ပေးပို့ညွှန်ကြားကြရန် ဖြစ်ပါသည်။

၄။ ဝိနိစ္ဆယ ဆုံးဖြတ်ချက်ကို ဆက်သွယ်ပေးပို့ ညွှန်ကြားရာတွင် "ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာများနှင့်အညီ လိုအပ်သလို အကောင်အထည်ဖော်ဆောင်ရွက်ရန်" ဟု သာ ဖော်ပြ၍ ပေးပို့ကြရန်ဖြစ်ပါသည်။ ဝိနိစ္ဆယ ဆုံးဖြတ်ချက်အပေါ် တစုံတရာ စိစစ်ဝေဖန်ခြင်း၊ ဆောင်ရွက်ရမည့် နည်းလမ်းများကို ဖြည့်စွက်ညွှန်ကြားခြင်း စသည်တို့ကို မပြုမိစေရန် အထူးဂရုပြု ရှောင်ကြဉ်ကြရန် ဖြစ်ပါသည်။

၅။ အယူခံ စာဒနာဝင်လွှာ တင်သွင်းခြင်း၊ အသနားခံလွှာတင်သွင်းခြင်း မရှိသော ဝိနည်း ဓမ္မကံ အဓိကရဏ်းမှုခင်းများ၌ အယူခံရက်၊ သို့မဟုတ် အသနားခံရက် ကုန်ဆုံးပြီးနောက် ရက်သတ္တ တစ်ပတ်အတွင်း သံဃဝိနိစ္ဆယ

http://www.dhammadownload.com



အဖွဲ့၏ ဆုံးဖြတ်ချက်ကို အထက် အပိုဒ် ၂၊ (ခ)၊ (ဂ)တို့အရ အဖွဲ့အစည်း အဆင့်ဆင့်အလိုက် ဆက်သွယ်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၆။ သံဃဝိနိစ္ဆယ အဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာအောင် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်သည် ရှင်းလင်း တိကျမှု မရှိ၍ မည်သို့ဆောင်ရွက်ရမည်ကို မြို့နယ်ပြည်သူ့ကောင်စီ က လမ်းညွှန်မှုတောင်းခံ တင်ပြလာပါက မြို့နယ်သံဃနာယကအဖွဲ့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ လမ်းညွှန်ချက် တောင်းခံရန်နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆို လမ်းညွှန် သည့်အတိုင်း ဆက်လက် ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

| | |
|---|---|
| ဘဒ္ဒန္တ ဝိမလ | ဘဒ္ဒန္တ ဓမ္မာဝုဓ |
| (အဂ္ဂမဟာပဏ္ဍိတ) | (အဂ္ဂမဟာပဏ္ဍိတ) |
| ဒုတိယ ဥက္ကဋ္ဌဆရာတော် | တွဲဖက် အကျိုးတော်ဆောင်ဆရာတော် |

---

## ညွှန်ကြားလွှာ အမှတ် (၆၃)

ဗုဒ္ဓဘာသာသီလရှင် အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့အတွက် တပြေးညီ အသုံးပြုရန် ဆိုင်းဘုတ်နှင့် တံဆိပ်တုံးများ သတ်မှတ်ခြင်း။
(၉၊ ၃၊ ၈၄) (၈၊ ၁၂၊ ၄၅)

၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က စိစစ်၍ အတည်ပြုပြီးဖြစ်သော ပြည်နယ်/ တိုင်း၊ မြို့နယ်သီလရှင်အမှုဆောင်အဖွဲ့များအတွက် ဆိုင်းဘုတ်နှင့်

http://www.dhammadownload.com



တံဆိပ်တုံးများကို အားလုံး တပြေးညီ ပြုလုပ်သုံးစွဲကြရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က (ပူးတွဲပါနမူနာပုံစံဖြင့်) ညွှန်ကြားလိုက်ပါသည်။

၂။ ဆိုင်းဘုတ်နှင့်တံဆိပ်တုံးများကို ဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၅)၊ အပိုဒ် (၁၄)၊ အခန်း (၆)၊ အပိုဒ် (၁၉)နှင့် အခန်း (၇)၊ အပိုဒ် (၂၅)တို့အရ ဖွဲ့စည်းထားသည့် သီလရှင် အမှုဆောင်အဖွဲ့ အဆင့်ဆင့်အတွက် အသုံးပြုရန်ဖြစ်ပါသည်။

၃။ ဆိုင်းဘုတ်နှင့် တံဆိပ်တုံးများအတွက် ကုန်ကျစရိတ်များကို ဆိုင်ရာ သာသနာရေးမှူးများက နိုင်ငံတော်ကောင်စီရုံး၏ ၂၆-၄-၈၂ ရက်စွဲပါ စာအမှတ် ၁၆/၂၂/န က စ အပိုဒ်(၄)ပါအတိုင်း စေတနာရှင် လုပ်သားပြည်သူများနှင့် သီလရှင်ဆရာကြီးများ၏ အကူအညီကို ရယူ၍ ကျခံလှူဒါန်းကြရန်ဖြစ်ပါသည်။

| | |
|---|---|
| ဘဒ္ဒန္တ ဝိမလ | ဘဒ္ဒန္တ ဓမ္မာဝုဓ |
| (အဂ္ဂမဟာပဏ္ဍိတ) | (အဂ္ဂမဟာပဏ္ဍိတ) |
| ဒုတိယ ဥက္ကဋ္ဌဆရာတော် | တွဲဖက် အကျိုးတော်ဆောင်ဆရာတော် |

---------

နမူနာပုံစံများ

(က) ဆိုင်းဘုတ်

| | |
|---|---|
| (၁) အလျား | - ၆-ပေ |
| (၂) အနံ | - ၃-ပေ |
| (၃) အောက်ခံအရောင် | - အဖြူရောင် |
| (၄) စာလုံးအရောင် | - သာသနာ့အရောင် (အဝါရင့်) |

http://www.dhammadownload.com



(၅) စာလုံးအရွယ်အစား - စာလုံးအရေးအတွက် အနည်းအများ အလိုက်သင့်လျော်သလို ရေးသားရန်၊

(၆) တံဆိပ် - (ဗောဓိညောင် ငါးကိုင်း တံဆိပ်) အချင်း ၁၂-လက်မ

(၇) စာသား - အဖွဲ့အစည်းအဆင့်ဆင့် တည်ရာဌာန၊ လိပ်စာ အပြည့်အစုံကို မျဉ်းဖြောင့် အတိုင်း ရေးသားရန်။

---

**ပြည်နယ်သီလရှင် အမှုဆောင်အဖွဲ့**

**ကချင်ပြည်နယ်**

သာသနာ-၂၅၂၆ ကောဇာ-၁၃၄၄

---

**တိုင်းသီလရှင် အမှုဆောင်အဖွဲ့**

**ရန်ကုန်တိုင်း**

သာသနာ-၂၅၂၆ ကောဇာ-၁၃၄၄

http://www.dhammadownload.com



**မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့**
**ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်**

သာသနာ--၂၅၂၆ ကောဇာ--၁၃၄၄

(ခ) တံဆိပ်တုံး

(၁) အချင်း ၂–လက်မ ပြုလုပ်၍ ဗဟို/ပြည်နယ်/တိုင်း/မြို့နယ် အမည်တို့ကို သက်ဆိုင်သလို အသုံးပြုရန်၊

(၂) စာလုံးအရွယ်အစားကို ပုံသေသတ်မှတ်ချက် မပြုဘဲ စာလုံး အရေအတွက် အနည်းအများအလိုက် သင့်လျော်သလို ရေးသားရန်။

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၆၄)

**၁၃၄၆–ခုနှစ်၊ ဝါဆိုသံဃာစာရင်း ကောက်ယူရေးနှင့် ပတ်သက်၍ နည်းလမ်းများ သတ်မှတ်ခြင်း။** (၂၆၊ ၆၊ ၈၄)၊ (–၁၃၊ ၃၊ ၄၅)

၁။ ၁၃၄၆–ခုနှစ်၊ ဝါဆိုသံဃာစာရင်းများကို ကောက်ယူရာတွင် ဝါဆိုသံဃာစာရင်း ကောက်ယူရန်ဆောင်ရွက်မှုနှင့် ပတ်သက်၍ နည်းလမ်းများကို ဖော်ပြလတ္တံ့ပါအတိုင်း သတ်မှတ်လိုက်ပါသည်။

**အဖွဲ့ ဖွဲ့စည်းခြင်း**

၂။ ဝါဆိုသံဃာစာရင်း ကောက်ယူရေးအတွက် ဆောင်ရွက်ရာတွင် တိကျမှန်ကန်မှုနှင့် စနစ်တကျဖြစ်မှုတို့အတွက် မြို့နယ်သံဃနာယကအဖွဲ့ (သုခမ္မာ)နှင့် မြို့နယ် သာသနာရေးမှူးတို့က ကမထပြုလျက် ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်းပြီး ဤညွှန်ကြားလွှာအပိုဒ် ၃–ပါအဖွဲ့ဝင် ပုဂ္ဂိုလ်များကို ပင့်ဖိတ်၍ ဖော်ပြလတ္တံ့ပါအတိုင်း အဖွဲ့ (၂) ဖွဲ့ကို ဖွဲ့စည်းနိုင်သည်အထိ လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်–

(က) ပင်မ အဖွဲ့

(ခ) အထောက်အကူပြု အဖွဲ့

**၃။ (က) ပင်မ အဖွဲ့**

ပင်မအဖွဲ့တွင် ဖော်ပြလတ္တံ့ပါပုဂ္ဂိုလ်များ ပါဝင်စေရမည်–

(၁) မြို့နယ်တစ်ခုအတွင်းရှိ ဂိုဏ်းပေါင်းစုံ မြို့နယ်သံဃနာယက အဖွဲ့များမှ ကိုယ်စားလှယ်တစ်ပါးကျစီ။

(ခြွင်းချက်) အဖွဲ့ မရှိလျှင် အဆင့်တူ သတ်မှတ်ထားသော မြို့နယ်သံဃနာယကများမှ ကိုယ်စားလှယ်တစ်ပါးကျစီ၊

http://www.dhammadownload.com



(၂) မြို့နယ်ပြည်သူ့ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦး၊
(၃) မြို့နယ်သာသနာရေးမှူး တစ်ဦး။

(ခ) အထောက်အကူပြုအဖွဲ့

အထောက်အကူပြုအဖွဲ့တွင် ဖော်ပြလတ္တံ့ပါ ပုဂ္ဂိုလ်များ ပါဝင်စေရမည် -

(၁) စခရင်းကောက်ယူရာ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက အဖွဲ့များမှ ကိုယ်စားလှယ်တစ်ပါးကျစီ၊ အဖွဲ့မရှိလျှင် သီးခြား ဂိုဏ်းများ အပါအဝင် သံဃနာယကများမှ ကိုယ်စားလှယ် တစ်ပါးကျစီ၊

(၂) စခရင်းကောက်ယူရာ ရပ်ကွက်/ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦး။

၄။ (က) ဖော်ပြပါအဖွဲ့ကိုဖွဲ့စည်းသောအခါ အဖွဲ့ဝင်များထဲမှ သိက္ခာ ဝါတော်ကြီးသော သံဃနာယကအဖွဲ့ ကိုယ်စားလှယ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ သုဓမ္မာဂိုဏ်း သံဃနာယက အဖွဲ့ကိုယ်စားလှယ်က အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက် ပြီး မြို့နယ်သာသနာရေးမှူးက တွဲဖက်အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ရမည်။ အကယ်၍ သုဓမ္မာဂိုဏ်း သံဃနာယကအဖွဲ့ ကိုယ်စားလှယ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်လျှင် အကျိုးဆောင် ကို မိမိဆန္ဒအတိုင်း ရွေးချယ် တာဝန်ပေးရမည်။

(ခ) အထောက်အကူပြုအဖွဲ့ကို ဖွဲ့စည်းသောအခါ အဖွဲ့ဝင်များထဲမှ သိက္ခာဝါတော်ကြီးသော သံဃနာယကအဖွဲ့ ကိုယ်စားလှယ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ သုဓမ္မာဂိုဏ်း သံဃနာယကအဖွဲ့ ကိုယ်စားလှယ်က အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက် ရမည်၊ အကယ်၍ သုဓမ္မာဂိုဏ်း သံဃနာယကအဖွဲ့

http://www.dhammadownload.com



ကိုယ်စားလှယ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရလျှင် အကျိုးဆောင်ကို မိမိဆန္ဒအတိုင်း ရွေးချယ်တာဝန်ပေးရမည်။

**စာရင်းကောက်ယူ ရေးသွင်းခြင်း**

၅။ ဝါဆိုသံဃာစာရင်း ကောက်ယူရေးသွင်းရာတွင် ဖော်ပြလတ္တံ့ပါ အတိုင်း ကောက်ယူ ရေးသွင်းရမည် -

### ဝါဆိုသံဃာစာရင်း (ရဟန်း/သာမဏေ)

(က) ကျောင်းထိုင်ဘုန်းကြီးတစ်ပါး အုပ်ချုပ်သော ကျောင်း/ကျောင်းတိုက် အလိုက် မူအားဖြင့် တစ်ရွက်ကျစီ ကောက်ယူ ရေးသွင်းရန်၊

**မှတ်ချက်။** ။ ဝါဆိုသံဃာတစ်ပါးတည်း ရှိ၍ ရေးသွင်းရန် ကွက်လပ်များ ကျန်နေစေကာမူ ဆက်လက် ရေးသွင်းခြင်း မပြုဘဲ ထိုကျောင်း၊ ကျောင်းတိုက်အတွက် စာရင်းပိတ်ရမည်။ အကယ်၍ ဝါဆိုသံဃာ များပြားသဖြင့် ထိုကျောင်း/ကျောင်းတိုက် အတွက် ဝါဆိုသံဃာအရေအတွက် မကုန်ဆုံးသေးပါက ကုန်ဆုံးသည်အထိ ဝါဆိုသံဃာ စာရင်းစာရွက်၌ တစ်ရွက်ပြီးတစ်ရွက် ဆက်လက်ရေးသွင်းပြီး ဝါဆိုသံဃာ အရေးအတွက် ကုန်ဆုံးမှသာ ထိုကျောင်း၊ ကျောင်းတိုက် အတွက် စာရင်းပိတ်ရန်ဖြစ်သည်။

(ခ) ဝါဆိုသံဃာစာရင်း ထိပ်စီးတွင် ပါဝင်သော ဂိုဏ်းနေရာ၌ ရွှေကျင်၊ သုဓမ္မာ စသည်ဖြင့် ကျောင်း/ကျောင်းတိုက်၏ ဂိုဏ်းအမည်ကို ရေးသွင်းရန်၊

(ဂ) ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာ၊ ကျောင်းထိုင်/ ကျောင်းနေရာများ၌ သတ်မှတ်အမည်များ အတိုင်း ရေးသွင်းရန်၊

http://www.dhammadownload.com



**မှတ်ချက်။ ။** ကျောင်းအမည်ကို ရေးသွင်းရာ၌ ကျောင်းထိုင်ဘုန်းကြီး တစ်ပါးချင်း အုပ်ချုပ်မှုအလိုက် ကျောင်း/ကျောင်းတိုက်၏ သတ်မှတ် အမည်ကို ရေးသားရန် ဖြစ်သည်။

ဥပမာ။ ။ မန္တလေး မစိုးရိမ်တိုက်၊ ရန်ကုန် ခြောက်ထပ်ကြီး ဘုရားကြီးတိုက်–စသည်တို့အတွက် အုပ်ချုပ်မှု တူညီသဖြင့် ကျောင်းတိုက်အမည်တစ်ခုကိုသာ ရေးသွင်း၍ မန္တလေး ဘုရားကြီးတိုက်၊ ရန်ကုန် သရက်တောကျောင်းတိုက် စသည်တို့အတွက် အုပ်ချုပ်မှုကွဲသဖြင့် သရက်တော ကျောင်းတိုက်၊ တောင်ဘီလူးကျောင်း စသည်ဖြင့် ကျောင်းတိုက် နှင့် ကျောင်းအမည် (၂)မျိုးလုံးကို ရေးသွင်းရမည်။

(ဃ) စာတိုင်(၁) အမှတ်စဉ် စာတိုင်အောက်၌ ကျောင်းထိုင် ဘုန်းကြီးတစ်ပါး အုပ်ချုပ်သော ကျောင်း/ကျောင်းတိုက်ရှိ ဝါဆိုသံဃာများ၏ အရေအတွက်ကို အမှတ်စဉ် (၁) မှစ၍ အစဉ်အတိုင်း ရေးသွင်းပြီး ထိုကျောင်း/ကျောင်းတိုက်အတွက် အမှတ်စဉ် စာရင်းကို ပိတ်ရန်၊ နောက် ကျောင်း/ကျောင်းတိုက် တစ်ခုသို့ ကူးပြောင်းတိုင်း အမှတ်စဉ် (၁) မှ ပြန်စပြီး ဆုံးလျှင် အမှတ်စဉ် စာရင်းကို ပိတ်ရန်၊

(င) စာတိုင် (၂) ဘွဲ့တော်နှင့် ပညာအရည်အချင်း စာတိုင်အောက် တွင် အစိုးရစာမေးပွဲ (သို့မဟုတ်) အမျိုးသား စာမေးပွဲများ၌ အောင်မြင်သော ပရိယတ္တိပညာအရည်အချင်း အဆင့်နှင့် (ရှိပါက) လောကီအတန်းကျောင်းပညာ အရည်အချင်း အဆင့်တို့ကိုသာ ရေးသွင်းရန်၊

(စ) စာတိုင် (၃+၄+၅+၆+၇) [အသက်စာတိုင်မှ ဖွားရာ ဇာတိ စာတိုင် အထိ]တို့၌ သတ်မှတ်အမည်များ အတိုင်း ရေးသွင်းရန်၊

http://www.dhammadownload.com



**မှတ်ချက်။** ။ **ရွေးချယ်ရာကာလ၌ ရဟန်းဖြစ်မည့် သာမဏေ၏ အသက်ကို မှင်နီဖြင့် ရေးသွင်းရန်ဖြစ်သည်။**

(ဆ) စာတိုင် (၈) စာအုပ်အမှတ် စာတိုင်အောက်၌ သာသနာဝင် မှတ်တမ်း စာအုပ်၏ အမှတ်ကို ရေးသွင်းရန်၊

(ဇ) စာတိုင် (၉)အမှတ် စာတိုင်အောက်၌ သာသနာဝင် မှတ်တမ်း အမှတ်ကို ရေးသွင်းရန်၊

**မှတ်ချက်။** ။ စာတိုင် (၈)၊ (၉) ၌ ရဟန်းတော်များအတွက် သာသနာဝင် မှတ်တမ်း ပျောက်ဆုံးသူ၊ မရသေးသော်လည်း အမှန်ရထိုက်သူ ဖြစ်က "သာသနာဝင် မှတ်တမ်းပေးရန် တာဝန်ယူ" ဟု ရေးသွင်းရန်၊

(ဈ) စာတိုင် (၁၀)ဂိုဏ်း စာတိုင်အောက်၌ သာသနာဝင် မှတ်တမ်းကို လက်မှတ်ရေးထိုး ထုတ်ပေးသော မြို့နယ် သံဃနာယက အဖွဲ့၏ ဂိုဏ်းအမည်ကို ရေးသွင်းရန်၊

(ည) စာတိုင် (၁၁) မြို့နယ်ရှိ ကျောင်း အမှတ်စဉ်စာတိုင်အောက်၌ အမှတ်စဉ်(၁)မှစ၍ မြို့နယ်တစ်ခုလုံးရှိကျောင်း/ကျောင်းတိုက် များ၏အရေအတွက် ကုန်ဆုံးသည်အထိ အစဉ်အတိုင်း ရေးသွင်းရန်၊

**မှတ်ချက်။** ။ နောက်ဆုံးစာရွက်ရှိ စာကိုင်ပါအမှတ်စဉ် ဂဏန်းကို ကြည့်ခြင်းအားဖြင့် မြို့နယ် တစ်ခုလုံးရှိ ကျောင်း/ ကျောင်းတိုက်များ၏ အရေအတွက်ကို ချက်ချင်း သိရှိနိုင်ရန် ဖြစ်ပါသည်။

(ဋ) စာတိုင် (၁၂) ကျောင်းထိုင်၊ ခန်းနေ စာတိုင်အောက်၌ သတ်မှတ် အဆင့်အတိုင်း ရေးသွင်းရန်နှင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ပါဝင်ပါက ထိုအဆင့်ကိုပါ ရေးသွင်းရန်၊

http://www.dhammadownload.com



(၄) စာတိုင် (၁၃+၁၄) ရဟန်းသာမဏေ စာတိုင်တို့၌ ရဟန်း သာမဏေတို့အတွက် အမှတ်စဉ်အတိုင်း (၁)မှစ၍ မြို့နယ် တစ်ခုလုံးရှိ ရဟန်း/သာမဏေများ၏ အရေအတွက် ကုန်ဆုံး သည်အထိ အစဉ်အတိုင်း ရေးသွင်းရန်၊

**မှတ်ချက်။** ။ နောက်ဆုံးစာရွက်ရှိ စာတိုင်ပါ ရဟန်း အမှတ်စဉ် ဂဏာန်းနှင့် သာမဏေ အမှတ်စဉ် ဂဏာန်းတို့ကို ကြည့်ခြင်း အားဖြင့် မြို့နယ် တစ်ခုလုံးရှိ ရဟန်း အရေအတွက်နှင့် သာမဏေ အရေအတွက်တို့ကို ချက်ချင်းသိရှိနိုင်ရန် ဖြစ်ပါသည်။

(၃) စာတိုင် (၁၅)မှတ်ချက် စာတိုင်အောက်၌ ဗုဒ္ဓပင့်ဗလဂုဏ်နှင့် သီလဝန္တ သိက္ခာကာမဂုဏ်တို့ ပေါ်လွင်စေရေးအတွက် အမှတ်စဉ် (၂) စာတိုင်ပညာအရည်အချင်း စာတိုင်အောက်၌ ရေးသွင်းခွင့်မရခဲ့သော ပရိယတ္တိပညာအရည်အချင်းများ အတွက် ရေးသွင်းရန်နှင့် အဓိကရုဏ်းမှုခင်းတစ်မျိုးမျိုး ဖြစ်ပွားနေပါက ထိုမှုခင်းအမျိုးအမည်ကို ရေးသွင်းရန်၊

**မှတ်ချက်။** ။ စာချ ပုဂ္ဂိုလ်ဖြစ်ပါက ပို့ချသော စာဝါအမည်ကို ရေးသွင်းရန် ဖြစ်သည်။

**ဥပမာ။** ။ သဒ္ဒါကြီးပို့ချပါက သဒ္ဒါကြီးဟူ၍လည်းကောင်း၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ ပို့ချပါက ပါရာဇိကကဏ္ဍ အဋ္ဌကထာ ဟူ၍လည်းကောင်း၊ အနုဝါဒါဓိကရုဏ်း မှုခင်း ဖြစ်ပွားနေပါက အနုဝါဒဟူ၍ လည်းကောင်း စသည်ဖြင့် ရေးသွင်းရမည်။

(ဃ) ဝါဆိုသံဃာစာရင်း၌ စာတိုင်အမှတ်(၁ မှ ၁၀)အထိ တိုင်အောင် စာတိုင် ၁၀-ခုနှင့် စာတိုင် ၁၅-တို့၌ စာရင်းကောက်ယူစဉ်

http://www.dhammadownload.com



ကာလအတွင်း ရေးသွင်းရန်နှင့် စာတိုင်အမှတ် (၁၁မှ၁၄)အထိ တိုင်အောင် စာတိုင် ၄–ခုတို့၌ အဖွဲ့တည်ရာရုံးသို့ ရောက်မှသာ ဝါဆိုသံဃာစာရင်း ဇယားများနှင့် တိုက်ဆိုင်၍ စနစ်တကျ စိစစ်ရေးသွင်းရန်။

## ဝါဆိုသံဃာ စာရင်းချုပ်

၆။ ဝါဆိုသံဃာစာရင်း (ရဟန်း/သာမဏေ) ၌ ပါဝင်သော ကျောင်းအမည်/ကျောင်းတိုက်အမည်/ ဂိုဏ်းအမည်/ ဝါဆိုသံဃာ ရဟန်း/ သာမဏေ အရေအတွက်တို့ကို မှတ်တည်၍ ဝါဆိုသံဃာစာရင်းချုပ်၌ ဖော်ပြ လတ္တံ့ပါအတိုင်း ရေးသွင်းရမည် –

(က) ဝါဆိုသံဃာစာရင်းချုပ် ထိပ်စီးပါ ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ ရက်စွဲတို့၌ သတ်မှတ်အမည်များ အတိုင်း ရပ်ကွက်/ကျေးရွာတစ်ခုလျှင် တစ်ရွက်ကျ ရေးသွင်းရန် နှင့် ဂိုဏ်းအရေအတွက်၌မူ တစ်မြို့နယ်လုံးရှိ သတ်မှတ်ဂိုဏ်း အရေအတွက် ဂဏန်းကိုသာ ရေးသွင်းရန်၊

**မှတ်ချက်။** ။ ရပ်ကွက်ဖြစ်ပါက ရပ်ကွက်အမည်ကို ရေး၍ ကျေးရွာဖြစ်ပါက ယင်းကျေးရွာ၏ ရှေ့၌ ကျေးရွာအုပ်စု အမည်ကို ပါ ယှဉ်၍ ရေးသွင်းရန်ဖြစ်သည်။

(ခ) စာတိုင် (၁) အမှတ်စဉ် စာတိုင်၌ ဂိုဏ်းမခွဲခြားဘဲ ရပ်ကွက်/ ကျေးရွာတစ်ခုအတွင်းရှိ ကျောင်းထိုင်ဘုန်းကြီး တစ်ပါး အုပ်ချုပ်သော ကျောင်း/ကျောင်းတိုက်အလိုက် ယင်းတို့၏ အရေအတွက်များ ကုန်ဆုံးသွားသည်အထိ ရပ်ကွက်/

http://www.dhammadownload.com



ကျေးရွာတစ်ခုလျှင် တစ်ရွက်ကျနှုန်းဖြင့် ကျောင်း/ ကျောင်းတိုက် အမည်များ၏ အမှတ်စဉ် ဂဏန်းကို အစဉ် အတိုင်း ရေးသွင်းရန်၊ နောက် ရပ်ကွက်/ကျေးရွာတစ်ခုသို့ ကူးပြောင်းသွားပါက နောက် တစ်ရွက် ကူးပြောင်း၍ ရေးသွင်းရန်၊ ဤနည်းအားဖြင့် မြို့နယ်တစ်မြို့နယ်အတွင်းရှိ ကျောင်း/ကျောင်းတိုက်များ၏ အရေအတွက် ကုန်ဆုံး သွားသည်အထိ အမှတ်စဉ်ဂဏန်းကို မကျော်စေဘဲ အစဉ် အတိုင်း ရေးသွင်းရန်၊

(ဂ) စာတိုင် (၂) ကျောင်းအမည် စာတိုင်၌ ကျောင်းထိုင်ဘုန်းကြီး တစ်ပါးအုပ်ချုပ်သော ကျောင်း/ကျောင်းတိုက်အမည်များကို ရေးသွင်းရန်၊

**မှတ်ချက်။** ။ ကျောင်းထိုင်ဘုန်းကြီး တစ်ပါးအထက်အုပ်ချုပ်သော တစ်ကျောင်းအထက်ပိုသော ကျောင်းများ ပါဝင်သည့် ကျောင်းတိုက်ဖြစ်ပါက ကျောင်းတိုက်၏ အမည်ကို ဦးစွာ ရေးသား၍ မျဉ်းသားပြီး ယင်း၏အောက်၌ ကျောင်းအမည် များကို ရေးသွင်းရန် ဖြစ်ပါသည်။

(ဃ) စာတိုင် (၃) ကျောင်းထိုင်အမည် စာတိုင်၊ စာတိုင် (၄) ဂိုဏ်းအမည် စာတိုင်တို့၌ ကျောင်းထိုင်အမည်နှင့် ကျောင်း/ ကျောင်းတိုက်၏ဂိုဏ်းအမည်တို့ကို ရေးသွင်းရန်၊

(င) စာတိုင် (၅+၆) ရဟန်း/သာမဏေစာတိုင်တို့၌ ဝါဆိုသံဃာ ရဟန်းသာမဏေတို့၏ အရေအတွက် ဂဏန်းကိုသာ ရေးသွင်း ရန်၊ ရပ်ကွက်/ကျေးရွာတစ်ခု ပြီးဆုံးတိုင်း ရဟန်းသာမဏေ တို့၏ အရေအတွက်အပေါင်း ဂဏန်းများကို ဖော်ပြရန်၊ ဤနည်း အားဖြင့် နောက်ဆုံး၌ မြို့နယ်တစ်မြို့နယ်လုံးအတွင်းရှိ ရဟန်းသာမဏေအားလုံးတို့၏ စုစုပေါင်း ဂဏန်းကို ဖော်ပြရန်၊

http://www.dhammadownload.com



(စ) စာတိုင် (၇) မှတ်ချက်စာတိုင်၌ ပရိယတ္တိနှင့် ပဋိပတ္တိ (၂)မျိုး တို့တွင် ယခုဆောင်ရွက်နေသည့် လုပ်ငန်းအမည်ကို ရေးသွင်းရန်။

## တည်ရာဌာန သတ်မှတ်ခြင်း

၇။ ဝါဆိုသံဃာစာရင်း ကောက်ယူပြုစုရေးဆိုင်ရာ ပင်မအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့တို့သည် မိမိတို့အတွက် သင့်လျော်ရာဌာနဖွင့်လှစ်၍ ဆောင်ရွက်နိုင်သည်။

## လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း

၈။ ဝါဆိုသံဃာစာရင်း ကောက်ယူရေး ပင်မအဖွဲ့သည် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အလိုက် ဝါဆိုသံဃာစာရင်း ကောက်ယူမည့် ရပ်ကွက်/ကျေးရွာအုပ်စု အတွင်းရှိ ကျောင်း/ကျောင်းတိုက်များကို အစီအစဉ် ပြုလုပ်ထားရှိရမည်။

၉။ ဝါဆိုသံဃာစာရင်း ကောက်ယူရမည့် ရပ်ကွက်/ကျေးရွာအုပ်စုမှ အထောက်အကူပြုအဖွဲ့ဝင်များထံ ဝါဆိုသံဃာစာရင်းကောက်ယူမည့် ရပ်ကွက်/ကျေးရွာအုပ်စု အတွင်းရှိ ကျောင်း/ကျောင်းတိုက် အစီအစဉ် ဇယားကို နေ့ရက် သတ်မှတ်ဖော်ပြ၍ ကြိုတင် ပေးပို့ထားရမည်။

၁၀။ ၁၃၄၆–ခုနှစ်၊ ဝါဆိုသံဃာစာရင်းကို မူအားဖြင့် ပင်မအဖွဲ့ဝင်များ ကိုယ်တိုင် အထောက်အကူပြုအဖွဲ့ဝင်များ၏ အကူအညီဖြင့် ကောက်ယူရန် ဖြစ်သည်၊ သို့ရာတွင် မိုးရာသီ သွားလာရေးခက်ခဲသော ကျေးလက်ဒေသများ အတွက် သက်ဆိုင်ရာ ကျေးလက်ရှိ အထောက်အကူပြု အဖွဲ့များအား တာဝန်ပေးစေခိုင်းနိုင်သည်၊ ထိုစာရင်းမှန်ကန်မှုရှိရေးအတွက် ပင်မအဖွဲ့က စိစစ်၍ တာဝန်ယူလက်မှတ်ရေးထိုးရမည်။

http://www.dhammadownload.com



၁၁။ ဝါဆိုသံဃာစာရင်းကို ၁၃၄၆–ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂–ရက် (၁၄–၇–၈၄) စနေနေ့မှ စတင်၍ တော်သလင်းလပြည့်ကျော် ၁၅–ရက် (၂၄–၉–၈၄) တနင်းလာနေ့တွင် အပြီးကောက်ယူရမည်၊

၁၂။ ဝါဆိုသံဃာစာရင်းပေးသွင်းရာ ကျောင်း/ကျောင်းတိုက်များမှသာ သံဃဆန္ဒပေးပိုင်ခွင့်နှင့် အရွေးချယ်ခံပိုင်ခွင့် ရှိခြင်းကို သတ်မှတ်ထားသဖြင့် ၁၃၄၆–ခုနှစ်၊ ဝါဆိုသံဃာစာရင်းကို ကောက်ယူရာ၌ ဂိုဏ်းဝင်စာရင်းအမည် ပေါက်ပြီးသောကျောင်း/ကျောင်းတိုက်အလိုက်သာ ဝါဆိုသံဃာ စာရင်း ကောက်ယူရမည်။

၁၃။ ဝါဆိုသံဃာစာရင်း ကောက်ယူရေးအဖွဲ့ ပင်မအဖွဲ့မှ အဖွဲ့ဝင်များ အားလုံးသည် ဝါဆိုသံဃာစာရင်း (ရဟန်း/သာမဏေ) ဖြစ်လျှင် ကျောင်းထိုင်ဘုန်းကြီးတစ်ပါးအုပ်ချုပ်သောကျောင်း/ကျောင်းတိုက်၏ စာရင်းဇယားအဆုံး၌ ဝါဆိုသံဃာစာရင်းချုပ်ဖြစ်လျှင် ရပ်ကွက်/ ကျေးရွာတစ်ခုအတွင်းရှိ ကျောင်း/ကျောင်းတိုက်များ၏ စာရင်းဇယား အဆုံး၌ ယင်းစာရင်းဇယားများ မှန်ကန်ကြောင်း ကိုယ်တိုင် လက်မှတ်ရေးထိုး ကြ၍ ဝါဆိုသံဃာစာရင်းဇယားတို့ကို မြို့နယ်သာသနာရေးမှူး ကိုယ်တိုင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ သာသနာရေးအဖွဲ့ထံ ၁၃၄၆– ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၅ ရက် (၉–၁၀–၈၄)နေ့မတိုင်မီ အရောက် ပေးပို့ရမည်။

## ပြဿနာများ ဖြေရှင်းခြင်း

၁၄။ ဝါဆိုသံဃာစာရင်း ထည့်သွင်းခြင်းနှင့် ပတ်သက်၍ ဂိုဏ်း (၂)ဂိုဏ်း စသည်၌ အမည်စာရင်းပါဝင်နေသဖြင့် မည်သည့်ဂိုဏ်း၌ ရေးသွင်းသင့်သည် ကို အဆုံးအဖြတ်ပေးရန် သော်လည်းကောင်း၊ ဘုန်းကြီးကျောင်းအဖြစ်

http://www.dhammadownload.com



အသိအမှတ်မပြုသော ကျူးကျော်ကျောင်းများ၌ သီတင်းသုံးနေထိုင်သူ ဖြစ်၍သော် လည်းကောင်း၊ ဝါဆိုသံဃာစာရင်း၌ မထည့်သွင်းထိုက်သော အခြား တစ်စုံတစ်ခုသော အကြောင်းတို့ကြောင့်သော်လည်းကောင်း ဝါဆိုသံဃာစာရင်းထည့်သွင်းကောက်ယူခြင်းနှင့် ပတ်သက်၍ မိမိတို့အဖွဲ့ဝင် အချင်းချင်း မဆုံးဖြတ်နိုင်ခဲ့သော် ထိုပုဂ္ဂိုလ်များကို ဝါဆိုသံဃာစာရင်း၌ ထည့်သွင်းကောက်ယူခြင်း မပြုဘဲ ချန်လှပ်ထားရမည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်များကို "ပြဿနာဖြစ် ပုဂ္ဂိုလ်များ"ဟူသော ခေါင်းစဉ်ဖြင့် ပြဿနာအကျဉ်းချုပ်နှင့် တကွ သီးခြား စာရင်းပြုစု၍ နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့သို့ ပေးပို့ရမည်။

၁၅။ အပိုဒ် ၁၄-ပါ ပြဿနာဖြစ်နေသော ပုဂ္ဂိုလ်များ၏ အဆိုပါပြဿနာများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အခြေခံဒေသအလိုက် ဖွဲ့စည်းပေးထားသော စိစစ်ရေးအဖွဲ့များ၏ အဆုံးအဖြတ်ကို ခံယူစေပြီးနောက် ထိုစိစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ သင့်လျော်သော ဂိုဏ်း ဝါဆိုသံဃာစာရင်း၌ ထည့်သွင်းသင့်ပါက နောက်ဆက်တွဲ ဝါဆိုသံဃာစာရင်း သီးခြား ထုတ်ပြန်ထည့်သွင်းရမည်၊ သို့ရာတွင် နောက်ဆက်တွဲ ဝါဆိုသံဃာစာရင်း ထုတ်ပြန်ခြင်းသည် ၁၃၄၆-ခုနှစ်၊ တန်ဆောင်မုန်း လပြည့်မတိုင်မီ ကာလအတွင်း ဖြစ်ရမည်။

၁၆။ ၁၃၄၆-ခုနှစ်၊ ဝါဆိုလပြည့်နောက်ပိုင်း ရွေးချယ်ရာကာလအတွင်း၌ ဂိုဏ်းတစ်ပါးမှ ဂိုဏ်းတစ်ပါးသို့ ကူးပြောင်းလိုသော ပုဂ္ဂိုလ်များကို ဂိုဏ်းကူးပြောင်းခွင့် မပေးဘဲ ယင်းပုဂ္ဂိုလ်များ၏ မူလဂိုဏ်း ဝါဆိုသံဃာ စာရင်း၌သာ ရေးသားထည့်သွင်းရမည်။

၁၇။ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရေး အတွက် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့ကို ရွေးချယ်ဖွဲ့စည်းရာတွင် ၁၃၄၆-ခုနှစ်၊ ဝါဆိုသံဃာစာရင်းကို အခြေခံ၍ ဆောင်ရွက်ရမည် ဖြစ်သဖြင့်

http://www.dhammadownload.com



ဝါဆိုသံဃာစာရင်းကောက်ယူရေးနှင့် ပတ်သက်၍ ဘာဝန်ယူရသော ဆိုင်ရာ အဖွဲ့များနှင့် အဖွဲ့ဝင်များသည် သာသနာတော်၏ အကျိုးစီးပွားအတွက် အဓိပတိတပ်သော ဆန္ဒ ဝီရိယ စိမ်သတို့ဖြင့် သတ်မှတ်ချိန်အတွင်း အစောဆုံး ပြီးစီးအောင် ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ဘဒ္ဒန္တ ရေဝတာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏသိရီ
တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၆၅)

**တစ်ပါးချင်းဖြစ်စေ၊ အုပ်စုဖွဲ့၍ဖြစ်စေ ဝိနည်းသိက္ခာပုဒ်တော်များနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော တရားဥပဒေများကို ဆန့်ကျင်၍ အကြမ်းဖက် ကျူးလွန်နေကြသော ရဟန်းသာမဏေများကိစ္စ။**

(၈၊ ၈၊ ၈၄) (–၁၂၊ ၅၊ ၄၆)

၁။ မြန်မာနိုင်ငံတော်အတွင်း၌ ဝိနည်းသိက္ခာပုဒ်တော်များနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော တရားဥပဒေများကို တစ်ဦးချင်းဖြစ်စေ၊ အုပ်စုဖွဲ့၍ဖြစ်စေ အကြမ်းဖက်ကျူးလွန်နေကြသော ရဟန်းသာမဏေများနှင့် ပတ်သက်၍ ၁၃၄၆–ခုနှစ်၊ နယုန်လဆန်း ၁၃–ရက် (၁၉၈၄–ခုနှစ်၊ ဇွန်လ ၁၁–ရက်) တနင်္လာနေ့တွင် ကျင်းပသော ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးက အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

http://www.dhammadownload.com



ဝိနည်းသိက္ခာပုဒ်တော်များကို လည်းကောင်း၊ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသောတရားဥပဒေများကို လည်းကောင်း၊ တစ်ဦးချင်း ဖြစ်စေ၊ အုပ်စုဖွဲ့၍ဖြစ်စေ ဆန့်ကျင်၍ အကြမ်းဖက် ကျူးလွန် နေကြသော ရဟန်းသာမဏေများအပေါ် တိတိကျကျ အရေးယူရေး ကိစ္စနှင့် ပတ်သက်၍ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးအား ဩဝါဒပေးရန်နှင့် သံဃနာယကအဖွဲ့ အစည်းအဆင့်ဆင့် တို့အား ညွှန်ကြားရန် ဆုံးဖြတ်တော်မူကြသည်။

၂။ ဖော်ပြပါဆုံးဖြတ်ချက်အရ ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးအား "ထိုကဲ့သို့ အကြမ်းဖက် ပြစ်မှုကျူးလွန်နေကြသော ရဟန်း သာမဏေများအပေါ် ယင်းတို့ ကျူးလွန်ထားသော အပြစ်အားလျော်စွာ ထိုက်သင့်သော အပြစ်ဒဏ်ပေးခြင်းသည် သာသနာပြုရာရောက်ကြောင်း" ဩဝါဒ ပေးထားပြီးဖြစ်သည်။

၃။ သို့ဖြစ်ပါ၍ အပိုဒ် (၁) ပါ ဆုံးဖြတ်ချက်အတိုင်း ပြစ်မှုကျူးလွန်သူ ရဟန်းသာမဏေများအား သင့်လျော်သော ပြစ်ဒဏ်ကို ခံယူနိုင်ရေးအတွက် အာဏာပိုင် အဖွဲ့အစည်းများက ဆိုင်ရာ တရားဥပဒေများအရ အရေးယူ ကြတော့မည် ဖြစ်သဖြင့် မြို့နယ်သံဃနာယကအဖွဲ့များသည် ဖော်ပြလတ္တံ့ပါ အတိုင်း ဆောင်ရွက်ကြရန် ညွှန်ကြားလိုက်ပါသည် –

(က) ဝိနည်းသိက္ခာပုဒ်တော်များနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော တရားဥပဒေများကို ကျူးလွန်မှုမရှိစေရေးအတွက် မိမိတို့ မြို့နယ်တွင်းရှိ ရဟန်းသာမဏေများကို ယင်းတို့၏ကျောင်း/ ကျောင်းတိုက် ဆရာတော်များက တိကျသော တိုက်တာ စည်းမျဉ်းစည်းကမ်းများဖြင့် ကြပ်မတ်ကွပ်ကဲ၍ ဆိုဆုံးမနိုင်ရန် အတွက် မိမိတို့ မြို့ပေါ်ရှိ ကျောင်း/ကျောင်းတိုက်များမှ ဆရာတော်များကို မြို့နယ်သံဃနာယကအဖွဲ့ရုံးသို့ ပင့်ဆောင်၍

http://www.dhammadownload.com



လျှောက်ထားရန်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ ဆရာတော်များ သိရှိနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက ဆရာတော်များအား ထပ်ဆင့် ညွှန်ကြားပေးရန်။

(ခ) ထိုကဲ့သို့ ဆုံးမပါလျက် လိုက်နာခြင်း မရှိဘဲ ပြစ်မှုများကို ကျူးလွန်ကြသော ရဟန်းသာမဏေများအား မည်သည့်နည်းမျိုးနှင့်မျှ အကာအကွယ် မပေးရန်။

၄။ ဝိနည်းသိက္ခာပုဒ်တော်နှင့် တရားဥပဒေနှစ်ရပ်လုံးကို ကျူးလွန်နေကြသဖြင့် အရုပ်ဆိုးလှသည် မှန်သော်လည်း ထိုပုဂ္ဂိုလ်များအား သံဃနာယကအဖွဲ့အဆင့်ဆင့်တို့က ဝိနည်းသိက္ခာပုဒ်တော်များဖြင့် အရေးယူလိမ့်မည်ဟူသော အယူအဆဖြင့်လည်းကောင်း၊ နိုင်ငံတော်က ပြစ်မှုဆိုင်ရာ တရားဥပဒေများဖြင့် အရေးယူလိမ့်မည်ဟူသော အယူအဆဖြင့်လည်းကောင်း နှစ်ဦးနှစ်ဖက် အထိုက်အလျောက် လျစ်လျူရှု နေခဲ့ကြသည့်သဘော သက်ရောက်ပြီး ပြစ်မှုကျူးလွန်သူတို့အတွက် ကြားချောင်လစ်လပ်ကာ ရဲဝံ့စွာ တစ်ဆင့်ထက်တစ်ဆင့် အပြစ်ကျူးလွန်ရန် အခွင့်အရေးသာနေသကဲ့သို့ ဖြစ်နေသောကြောင့် သံဃနာယကအဖွဲ့ အဆင့်ဆင့်တို့က မိမိတို့တာဝန်အရ သာသနာတော်သန့်ရှင်းရေးကို ရည်စူး၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမ အစည်းအဝေး၏ အပိုဒ် (၁)ပါ ဆုံးဖြတ်ချက်ကို အလေးအနက်ထားပြီး ဒေသနာတော်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

| | |
|---|---|
| ဘဒ္ဒန္တ ဝိမလ | ဘဒ္ဒန္တ ဓမ္မာဝုဓ |
| (အဂ္ဂမဟာပဏ္ဍိတ) | (အဂ္ဂမဟာပဏ္ဍိတ) |
| ဒုတိယ ဥက္ကဋ္ဌဆရာတော် | တွဲဖက် အကျိုးတော်ဆောင်ဆရာတော် |

--------

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၆၆)
## (ပညာရေး)

**ဓမ္မာစရိယနှင့် ပထမပြန် စာမေးပွဲကျင်းပစဉ်ကာလအတွင်း အကြည်ညိုပျက်စေမည့် အပြုအမူများကို ရှောင်ရှားရန်ကိစ္စ။**

(၉၊ ၃၊ ၈၅) (-၄.၁၂၊ ၄၆)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် လုပ်ထုံးလုပ်နည်းများ အပိုဒ်-၁၃၁၊ (ခ) နှင့် အညီ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၅) ပါးစုံညီ ဝိသတိမ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဤညွှန်ကြားလွှာကို ထုတ်ပြန်လိုက်သည်။

၂။ ကမ္ဘာသူ ကမ္ဘာသား ဝေနေယျသတ္တဝါများ၏ စီးပွားချမ်းသာအလို့ငှာ မြတ်စွာဘုရားသည် သာသနာတော် (၃) ရပ်ကို ထားတော်မူခဲ့ပေသည်။ ထိုသာသနာတော် သုံးရပ်တို့တွင် အခြေခံမူလဘူတဖြစ်သော ပရိယတ္တိသာသနာတော်မြတ် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ရှေးရှု၍ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲကို နှစ်စဉ်နှစ်တိုင်း တစ်နှစ်လျှင် တစ်ကြိမ်ကျ ကျင်းပပြုလုပ်လျက်ရှိပေသည်။

၃။ ၁၉၈၅-ခုနှစ်တွင် မြန်မာနိုင်ငံတော် အတွင်း၌ ဓမ္မာစရိယ စာဖြေဌာန (၁၈)ဌာန၊ ပထမပြန်စာဖြေဌာန (၁၄၇) ဌာနရှိ၍ စာဖြေသံဃာ သုံးသောင်းကျော် ဝင်ရောက်ဖြေဆိုတော်မူမည်ဖြစ်သည်။ ယခင်နှစ်များက ထိုကဲ့သို့ စာမေးပွဲများ ဖြေဆိုချိန်၌ အချို့သော ပုဂ္ဂိုလ်များသည် ရဟန်း

http://www.dhammadownload.com



သာမဏေများနှင့် မသင့်လျော် မလျောက်ပတ်သော အပြုအမူများကို ပြုလုပ်ဆောင်ခဲ့ကြ ကြောင်း သိရှိရပေသည်။

၄။ အများပြည်သူတို့၏ အကြည်ညိုခံဖြစ်သော ရဟန်းဘဝ၏ ဂုဏ်သိက္ခာများနှင့်လည်း များစွာ မလျော်ကန်သော အပြုအမူပင် ဖြစ်ပေသည်။ အေးချမ်းစွာ စာဖြေလိုသော သံဃာတော်များအားလည်း အနှောင့်အယှက် ဖြစ်စေသည့်အပြင် နိုင်ငံတော်၏ ငြိမ်ဝပ်ပိပြားရေးကိုလည်း ထိခိုက် စေပေသည်။

၅။ ထို့အပြင် စာဖြေသံဃာတော်များအား ဆွမ်း ခဲဖွယ် စသည်ဆက်ကပ်ရာတွင်လည်း စာမဖြေသော ပုဂ္ဂိုလ်များက ဝင်ရောက်ဘုဉ်းပေးကြသဖြင့် ကြည်ညိုရင်းစွဲရှိကုန်သော ဆွမ်းကျွေးအသင်းအဖွဲ့များမှ ဒါယကာ-ဒါယိကာမများ အနေဖြင့် မနိုင်မနင်း အခက်အခဲများကြုံတွေ့နေရကြောင်း သိရပေသည်။

၆။ သို့ဖြစ်၍ စာမေးပွဲကျင်းပရာ မြို့ကြီး မြို့ငယ်များ၌ ဆွမ်းဆက်ကပ်မည့် အစား ဆွမ်းအတွက် နဝကမ္မဝတ္ထုကို အမှန်ဖြေဆိုရက်အတွက် ဆရာတော်များ ရှေ့မှောက်၌ စာဖြေသံဃာအား လှူဒါန်းရန် သင့်လျော်ပေသည်။ အကယ်၍ မိမိတို့ အစီအစဉ်ဖြင့် ဆွမ်းကိုစွကို ပြည်သူ့ ကောင်စီများက တာဝန်ယူနိုင်ပါကလည်း ယခင်အတိုင်း ဆောင်ရွက်နိုင်ပေသည်။

၇။ စာမေးပွဲ ဖြေဆိုချိန်ကာလ၌ ဓမ္မဝိနယကို သွေဖီပြီး မသင့်လျော်သော အပြုအမူများ ပြုလုပ်၍ သာသနကိစ္စကို နှောင့်ယှက်လာပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ မြို့နယ်သံဃနာယကအဖွဲ့များသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ မြို့နယ်ပြည်သူ့ကောင်စီများ၏ အကူအညီဖြင့် အရေးယူ ဆောင်ရွက်ကြရန် ညွှန်ကြားလိုက်ပါသည်။ ပြည်နယ်/တိုင်း၊ မြို့နယ်ပြည်သူ့

http://www.dhammadownload.com



ကောင်စီများကလည်း သာသနာတော် သန့်ရှင်းဟည်တုံ ပြန့်ပွားရေး၊ ငြိမ်ဝပ်ပိပြားရေးအတွက် ထိရောက်စွာ အကူအညီပေးကြပါရန် ထပ်ဆင့်မေတ္တာရပ်ခံအပ်ပါသည်။

ဘဒ္ဒန္တ ဉာဏာစာရ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဥက္ကဋ္ဌ ဆရာတော်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
(တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက)
အကျိုးတော်ဆောင် ဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

---

## ညွှန်ကြားလွှာ အမှတ် (၆၇)

ပထမအကြိမ် သံဃနာယကအဖွဲ့ အဆင့်ဆင့်တို့၏ လုပ်ငန်းတာဝန်များနှင့် သက်ဆိုင်ရာ ပစ္စည်း အရပ်ရပ်ကို လွှဲပြောင်းလက်ခံရန် ညွှန်ကြားခြင်း။ (၁၁၊ ၆၊ ၈၅) (-၉၁၃၊ ၄၇)

၁။ ဒုတိယအကြိမ် သံဃနာယကအဖွဲ့ အဆင့်ဆင့်တို့အား အတည်ပြုကြောင်း ထုတ်ပြန် ကြေငြာသည့် ဒုတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ထုတ်ပြန်ချက်များကို လက်ခံရရှိသည့်နေ့မှစ၍ အမြန်ဆုံး ပထမအကြိမ် သံဃနာယက အဖွဲ့ အဆင့်ဆင့်တို့သည် ဒုတိယအကြိမ် သံဃနာယကအဖွဲ့ အဆင့်ဆင့်တို့အား သံဃာ့အဖွဲ့အစည်း

http://www.dhammadownload.com



အခြေခံစည်းမျဉ်း ပထမအကြိမ် ပြင်ဆင်ဖြည့်စွက်ချက် ၈၇-၈၈-၈၉ တို့နှင့် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက် အပိုဒ် ၂၀၅၊ ၂၀၆၊ ၂၀၇ တို့အရ မိမိတို့၏ လုပ်ငန်းတာဝန်များနှင့် သက်ဆိုင်ရာ ပစ္စည်း အရပ်ရပ်ကို ပူးတွဲပါ ပုံစံအတိုင်း ရေးသွင်း၍စနစ်တကျ လွှဲပြောင်းပေးအပ်ကြရမည်။

၂။ ဒုတိယအကြိမ် သံဃနာယကအဖွဲ့ အဆင့်ဆင့်တို့သည် ပထမအကြိမ် သံဃနာယက အဖွဲ့ အဆင့်ဆင့်တို့ထံမှ လုပ်ငန်းတာဝန်များနှင့် သက်ဆိုင်ရာ ပစ္စည်း အရပ်ရပ်ကို လက်ခံပြီး လုပ်ငန်း တာဝန်များကို စတင်ဆောင်ရွက်ပြီး ဖြစ်ပါကြောင်းဖြင့် မိမိတို့ စတင်လက်ခံဆောင်ရွက်သည့်နေ့ရက်ကို ဖော်ပြလျက် ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သို့ ပြန်လည်တင်ပြရန် ညွှန်ကြားလိုက်သည်။

ဘဒ္ဒန္တ ဉာဏာစာရ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဥက္ကဋ္ဌ ဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)
(တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက)
အကျိုးတော်ဆောင် ဆရာတော်

---

http://www.dhammadownload.com



## ----- သံဃနာယကအဖွဲ့၏
## လုပ်ငန်းတာဝန်နှင့် သက်ဆိုင်ရာပစ္စည်းအရပ်ရပ်လွှဲပြောင်းလက်ခံခြင်း
## မှတ်တမ်း

၁။ ------------ပထမအကြိမ်---------သံဃနာယက အဖွဲ့သည် အခြေခံစည်းမျဉ်း ပထမအကြိမ် (ပြင်ဆင် ဖြည့်စွက်ချက်)နှင့် သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်းများ ပထမအကြိမ် (ပြင်ဆင် ဖြည့်စွက်ချက်) အရ ဒုတိယအကြိမ်-------- သံဃနာယကအဖွဲ့အား ---------- နေ့တွင် မိမိ၏ လုပ်ငန်းတာဝန်များကို ဖော်ပြလတ္တံ့ပါ သက်ဆိုင်ရာပစ္စည်း အရပ်ရပ်နှင့်တကွ လွှဲပြောင်းပေးအပ်ပါသည်။

၂။ ဒုတိယအကြိမ်-----------သံဃနာယကအဖွဲ့သည် သံဃာ့အဖွဲ့ အစည်း လုပ်ထုံး လုပ်နည်းများပြင်ဆင်ဖြည့်စွက်ချက်ပါ သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာ ပစ္စည်းအရပ်ရပ်နှင့် တကွ လက်ခံ ရယူပြီး--------နေ့တွင်--------- သံဃနာယကအဖွဲ့၏ လုပ်ငန်း တာဝန်များကို စတင်ဆောင်ရွက်သည်။

| လက်ခံဆောင်ရွက်သောအဖွဲ့ | လွှဲပြောင်းပေးအပ်သောအဖွဲ့ |
|---|---|
| --------- | ---------- |
| ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| --------- | ---------- |
| အကျိုးတော်ဆောင် | အကျိုးတော်ဆောင် |

http://www.dhammadownload.com



## သက်ဆိုင်ရာ ပစ္စည်းအရပ်ရပ်

စဉ် ပစ္စည်းအမျိုးအမည် ရေတွက်ပုံ အရေအတွက် မှတ်ချက်

၁ (က)ဝိနိစ္ဆယအမှုတွဲများ
(အသစ်)
(အမျိုးအမည်နှင့်တကွ)

၁ --------------

၂ --------------

(ခ) ဝိနိစ္ဆယအမှုတွဲများ
(အဟောင်း)
(အမျိုးအမည်နှင့်တကွ)

၁ --------------

၂ ----------------

(ဂ)ရုံးဝင်စာများ (ဆောင်ရွက်ပြီး)
(အမျိုးအမည်နှင့်တကွ)

၁ ---------------

၂ ---------------

(ဃ) ရုံးဝင်စာများ (ဆောင်ရွက်ဆဲ)
(အမျိုးအမည်နှင့်တကွ)

၁ ---------------

၂ ---------------

(င)ရုံးဝင်စာများ (မဆောင်ရွက်ရသေး)
(အမျိုးအမည်နှင့်တကွ)

http://www.dhammadownload.com



| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | -------------- | | | |
| ၂ | -------------- | | | |
| | (စ) စာရေးကိရိယာများ (အမျိုးအမည်နှင့်တကွ) | | | |
| ၁ | ဖိုင်များ | | | |
| ၂ | -------------- | | | |
| | (ဆ) ရုံးသုံးပရိဘောဂများ (အမျိုးအမည်နှင့်တကွ) | | | |
| ၁ | စားပွဲများ | | | |
| ၂ | -------------- | | | |
| | (ဇ) ရုံးသုံးစက်ကိရိယာများ (အမျိုးအမည်နှင့်တကွ) | | | |
| ၁ | လက်နှိပ်စက် | | | |
| ၂ | -------------- | | | |

| လက်ခံသောအဖွဲ့ | လွှဲပြောင်းသောအဖွဲ့ |
|---|---|
| ---------- | ---------- |
| ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| ---------- | ---------- |
| အကျိုးတော်ဆောင် | အကျိုးတော်ဆောင် |

မိတ္တူမှန်

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၆၈)

## (ပညာရေး)

## ပထမပြန်စာမေးပွဲ၊ ခြေပြုမူလတန်း ကျောင်းပရန် တာဝန်ပေးအပ်ခြင်း။

(၂၀၊ ၈၊ ၈၅) (၄၊ ၅၊ ၄၇)

၁။ သာသနာရေးဦးစီးဌာန၏ လျှောက်ထားချက်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇–ပါး စုံညီ ဒုတိယအစည်းအဝေး၏ ဆုံးဖြတ်ချက် (၂/၈၅) နှင့်အညီ ပထမပြန်စာဖြေဌာနရှိသော မြို့နယ်တိုင်း၌ မြို့နယ်သံဃနာယကအဖွဲ့များက မိမိတို့မြို့နယ်အလိုက် အခြေပြုမူလတန်းကို "အခြေပြုမူလတန်းကျောင်းပရန် အစီအစဉ်"အတိုင်း နှစ်စဉ်ကျောင်းပသွားရန် အတွက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က မြို့နယ်သံဃနာယက အဖွဲ့များအား အခွင့်အာဏာနှင့် တာဝန်ဝတ္တရားများ အပ်နှင်းလိုက်ပါသည်။

၂။ မြို့နယ် သံဃနာယကအဖွဲ့များသည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းပါ အဖွဲ့အစည်း သဘောအရ အထက်အဖွဲ့အစည်းက ပေးအပ်သော လုပ်ပိုင်ခွင့်နှင့် တာဝန်ကို ခံယူ၍ ကျေပွန်စွာ ဆောင်ရွက်ကြရပါမည်။ လုပ်ရင်း ကိုင်ရင်း တွေ့ကြုံရသော အခက်အခဲများ ရှိပါက မိမိတို့မြို့နယ်ပြည်သူ့ကောင်စီနှင့် မြို့နယ်ဒါယကာ ဒါယိကာမများ၏ အကူအညီကို ရယူ၍ လုပ်ငန်းဖြစ်မြောက်အောင် ဆောင်ရွက်ကြရပါမည်။ လိုအပ်လျှင် မိမိတို့၏ အထက်သံဃာ့ အဖွဲ့အစည်း များကိုလည်း အခြေအနေကို တင်ပြနိုင်ကြပါသည်။

၃။ မြို့နယ် သံဃနာယကအဖွဲ့များ အနေဖြင့် အခြေပြုမူလတန်း ကျောင်းပရန် ပေးအပ်သော တာဝန်ကို မဆောင်ရွက်နိုင်ပါက မိမိတို့မြို့နယ်၏ လက်ရှိ ပထမပြန်စာဖြေဌာနကို ကြီးကြပ်ကျောင်းပရန် အရည်အချင်း

http://www.dhammadownload.com



မရှိကြောင်း သုံးသပ်ခံရဖို့ရှိသည့်အပြင် ပထမပြန် စာဖြေဌာန ဆက်လက်ခွင့်ပြုသင့်/မသင့်ကိုပါ ဆုံးဖြတ်သွားလိမ့်မည် ဖြစ်ပါသည်။

၄။ အကယ်၍ အခြေပြုမူလတန်း ခွဲ၍ ကျင်းပလိုက်ခြင်းကြောင့် လက်ရှိ ပထမပြန် စာဖြေဌာနအတွက် စာဖြေသူ ဦးရေ နည်းပါးသွားပါက ပထမပြန်စာဖြေဌာနဆက်လက် တည်ရှိရန်အတွက် အနည်းဆုံး စာရင်းသွင်း (၇)ပါးအထိ ရှိလျှင် ပထမပြန်စာဖြေဌာနခွင့်ပြုမည်ဖြစ်သည်။ စာရင်းသွင်း ဖြေဆိုသူ (၇)ပါးမျှ မရှိပါက ပထမပြန် စာဖြေဌာန မထားတော့ဘဲ အခြေပြု မူလတန်းကိုသာ ကျင်းပ၍ ငယ်၊ လတ်၊ ကြီး ဖြေဆိုသူများကို နီးစပ်ရာ မြို့နယ် ပထမပြန် စာဖြေဌာနသို့ စေလွှတ်ဖြေဆိုစေရန် ဖြစ်ပါသည်။

၅။ ထို့ပြင် ပထမပြန် စာဖြေဌာန မရှိသေးသော မြို့နယ်များ၌ အခြေပြုမူလတန်း ကျင်းပရန် လုံလောက်ပါက မြို့နယ်သံဃနာယကအဖွဲ့က တာဝန်ယူ၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ထံ လျှောက်ထားရမည်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က စိစစ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၆။ အထူးသဖြင့် မိမိတို့မြို့နယ်၌ ပထမပြန် စာဖြေဌာန (သို့မဟုတ်) အခြေပြုမူလတန်း စာဖြေဌာနကျင်းပနိုင်လောက်အောင် စာဖြေသံဃာဦးရေ ရှိပါလျက် မြို့နယ်သံဃနာယကအဖွဲ့က စာဖြေဌာနဖြစ်အောင် စီစဉ်ဆောင်ရွက်ခြင်း မပြုဘဲ တခြားသော မြို့နယ်သို့စေလွှတ်ဖြေဆိုစေပါက တခြားသောမြို့နယ်က လက်သင့်မခံဘဲ ငြင်းပယ်နိုင်သည်။ ထိုအခါ စာဖြေဌာန မရှိသောမြို့နယ်အတွင်းရှိ စာသင်သားများနှင့် သာသနာတော်၏ အကျိုးစီးပွား ထိခိုက်နစ်နာလာပါက စာဖြေဌာနမပြုလုပ်သော မြို့နယ် သံဃနာယက အဖွဲ့၏ တာဝန် လုံးဝဖြစ်၍ ပေါ်ပေါက်လာသော ပြဿနာအလိုက် သံဃာ့အဖွဲ့ အစည်းဆိုင်ရာ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် စသည်တို့ဖြင့် အရေးယူခြင်း ခံရမည်ဖြစ်ပါသည်။

http://www.dhammadownload.com



၇။ ယင်းသို့သော အကြောင်းများကြောင့် ဗုဒ္ဓသာသနာတော်၏ သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို မျက်မှောက်ပြု၍ "ဝါယာမေထေဝ ပုရိသော၊ နမိဗ္ဗိန္ဒေယျ ပဏ္ဍိတော" (ယောကျာ်းဟူက ကြိုးစားသင့်ရာ ပညာရှိ မပျင်းမရိရာ) ဟူသော မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်ကို လက်တွေ့ လိုက်နာသောအားဖြင့် မိမိတို့အား ပေးအပ်သော တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ကြပါရန် ညွှန်ကြားလိုက်ပါသည်။

| | |
|---|---|
| အဂ္ဂမဟာ ဉာဏာဘိဝံသ | ဘဒ္ဒန္တ ဝဏ္ဏသီရိ |
| နာယကဆရာတော် ဥက္ကဋ္ဌဆရာတော် | တွဲဖက် အကျိုးတော်ဆောင်ဆရာတော် |
| နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ |

---

## ညွှန်ကြားလွှာ အမှတ် (၆၉)

မြန်မာနိုင်ငံအတွင်းသို့ ဥပဒေမဲ့ ဝင်ရောက်နေထိုင်သော ရဟန်း၊ သာမဏေများအား ကူညီခြင်း၊ လက်ခံခြင်း မပြုကြရန် ညွှန်ကြားခြင်း။

(၃၊ ၉၊ ၈၅) (-၃၊ ၅၊ ၄၇)

၁။ အကြောင်းအရာပါကိစ္စနှင့် စပ်လျဉ်း၍ အခြားနိုင်ငံမှ ရဟန်းသာမဏေ အချို့တို့သည် သက်ဆိုင်ရာ နိုင်ငံများက တရားဝင်ထုတ်ပေးထားသည့် နိုင်ငံကူးလက်မှတ်နှင့်ပြည်ဝင်ခွင့်အမိန့် (ဗီဇာ)မရရှိဘဲ မြန်မာနိုင်ငံအတွင်းသို့ ဥပဒေမဲ့ တရားမဝင် တိတ်တဆိတ်ဝင်ရောက်နေထိုင်မှု ပြုခဲ့ကြသဖြင့် ယင်းပုဂ္ဂိုလ်များကို သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား

http://www.dhammadownload.com



ဦးစီးဌာနက ဥပဒေအရ ဖမ်းဆီးအရေးယူခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိနေရပါသည်။

၂။ ထို့ပြင် ယင်းကဲ့သို့ ဥပဒေမဲ့ တရားမဝင် တိတ်တဆိတ်ဝင်ရောက်လာသော ရဟန်းသာမဏေများကို အလိုတူအလိုပါ ကူညီခြင်း၊ လက်ခံထားခြင်းများကို ပြုလုပ်နေကြသော ဘုန်းတော်ကြီးများလည်း ရှိခဲ့ကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ ကူညီပံ့ပိုးခြင်း၊ လက်ခံထားခြင်း ပြုလုပ်ကြသော ပုဂ္ဂိုလ်များသည်လည်း ၁၉၄၇-ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (**လက်**တလောပြဋ္ဌာန်းချက်များ)အက်ဥပဒေအရ အရေးယူ တရားစွဲဆိုခြင်း ခံရမည်ဖြစ်သဖြင့် ယင်းဥပဒေပါ တားမြစ်ချက်များကို အထူးသတိပြုလိုက်နာကြရေးအတွက် ဥပဒေပုဒ်မအချို့ကို သိသာရန် ထုတ်နုတ်ဖော်ပြအပ်ပါသည်။

ဥပဒေပုဒ်မများ

(က) ပုဒ်မ ၃

(၁)။ ကြီးကြပ်ရေးဝန်က ထုတ်ပေးသည့်၊ သို့တည်းမဟုတ် ထိုသို့ထုတ်ပေးရန် အာဏာရ အရာရှိတစ်ဦးက ထုတ်ပေးသည့် ပြည်တွင်းဝင်ရောက် နေထိုင်ခွင့် လက်မှတ် **မပါဘဲနှင့်** သော်လည်းကောင်း၊ **နိုင်ငံတော် သမ္မတကဖြစ်စေ၊ နိုင်ငံတော်သမ္မတအခွင့်အာဏာအရ ဖြစ်စေ** နည်းလမ်းတကျ ပြည်ဝင်ခွင့်ပြုထားသော **နိုင်ငံ**လုံသည့်နိုင်ငံကူး လက်မှတ် မပါဘဲနှင့်သော်လည်းကောင်း မည်သည့်နိုင်ငံခြားသားမျှ ပြည်ထောင်စုနိုင်ငံအတွင်းသို့ မဝင်စေရ၊

(ခ) ပုဒ်မ ၁၃

(၁)။ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဖြစ်စေ၊ ဤအက်ဥပဒေအရ မည်သည့် နည်းဥပဒေများနှင့် ဖြစ်စေ၊ ပြည်တွင်း

http://www.dhammadownload.com



ဝင်ရောက်နေထိုင်ခွင့် လက်မှတ်၊ သို့တည်းမဟုတ် ပြည်ဝင်ဗီဇာတွင် ဖော်ပြထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ဆန့်ကျင်လျက် ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်းသို့ ဝင်ရောက်သူသည်၊ သို့မဟုတ် ဝင်ရန် အားထုတ်သူသည် သို့တည်းမဟုတ် တရားဥပဒေနှင့်အညီ ဝင်ရောက်လာပြီးမှ အထက်တွင် ဆိုခဲ့သည့်အတိုင်း ဆန့်ကျင်လျက် ပြည်ထောင်စု မြန်မာနိုင်ငံတွင် နေထိုင်သူသည်၊ သို့တည်းမဟုတ် နေရန် အားထုတ်သူသည် ၂-နှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ စီရင်ခြင်း ခံရမည်။

(ဂ) ပုဒ်မ ၁၃

(၅)။ မည်သူမဆို တစ်ဦး တစ်ယောက်သော သူအား ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းသို့ တရားဥပဒေနှင့် ဆန့်ကျင်၍ ဝင်ရောက်ရန် ကူညီလျှင် ဖြစ်စေ၊ ကူညီရန် အားထုတ်လျှင် ဖြစ်စေ၊ နိုင်ငံခြားသားတစ်ဦးက ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေ၊ နည်းဥပဒေ တစ်ခုခုကို ဆန့်ကျင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတွင်း နေထိုင်လျက် ရှိသည်ကို သိလျက်နှင့် ယင်းသို့ဆက်လက် နေထိုင်စေရန် တမင် သက်သက် ကူညီလျှင် ဖြစ်စေ၊ ကူညီရန် အားထုတ်လျှင် ဖြစ်စေ ၂-နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခံရမည်။

၃။ ယင်း ဥပဒေပါ တားမြစ်ချက်များကို မိမိတို့ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ဝင်ဆရာတော်များနှင့် ကျောင်းထိုင် နာယကဆရာတော်များအား ထပ်ဆင့်ရှင်းလင်းလျှောက်ထားပြီး

http://www.dhammadownload.com



မိမိတို့တပည့်ရဟန်း သာမဏေများအား ဥပဒေပါ ပြဋ္ဌာန်းချက်များကို မကျူးလွန်မိစေရန်နှင့် ကျူးလွန်မိပါက ယင်း အက်ဥပဒေပါပြဋ္ဌာန်းချက်အရ အရေးယူခံရမည်ဖြစ်ကြောင်း ဆုံးမ ဩဝါဒပေးကြရန် လျှောက်ထား ညွှန်ကြားအပ်ပါသည်။

ဘဒ္ဒန္တ ဉာဏာဘိဝံသ<br>ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏသိရိ<br>တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၇၀)

**စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ကျောင်းဖြူကျေးရွာ၊ ထွန်တုံး လက်ကျန် ဦးထင်၏ ဝါဒကို စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ် ရေးထိုးရေးကိစ္စ။**

(၇၊ ၁၊ ၈၆) (-၁၁၊ ၉၊ ၄၇)

၁။ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၈) ၏ ဆုံးဖြတ်ချက်ကို လိုက်နာသောအားဖြင့် အောက်ဖော်ပြပါ ထွန်တုံးလက်ကျန် ဦးထင်၏ ဝါဒ ခေါင်းဆောင် ပုဂ္ဂိုလ်များသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ရှေ့မှောက်၌ အဆိုပါ ထွန်တုံးလက်ကျန် ဦးထင်၏ ဝါဒကို အဓမ္မဝါဒအဖြစ် ကြေငြာလျက် စွန့်လွှတ်ပါကြောင်း ကိုယ်တိုင်လက်မှတ် ရေးထိုးပြီး ဖြစ်ပါသည် -

(က) ဦးညိုမောင် (ဥက္ကဋ္ဌ၊ သာသနာ့အကျိုးတော်ဆောင်အဖွဲ့)၊ အမှတ်-၂၇၆၊ အမှတ် (၆)၊ ကွေ့ကြီးရပ်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း၊

http://www.dhammadownload.com



(ခ) ဦးသံလုံး (ဒုတိယ ဥက္ကဋ္ဌ၊ သာသနာ့အကျိုးတော်ဆောင်အဖွဲ့)၊ အမှတ်-၃၇၇၊ အောင်ချမ်းသာရပ်ကွက်၊ သံလျက်မျှော် အနောက်၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း၊

(ဂ) ဦးဟန်ရွှေ (သာသနာ့အကျိုးတော်ဆောင်အဖွဲ့ဝင်)၊ သာစည် ကျေးရွာ၊ နတ္တလင်းမြို့နယ်၊ ပဲခူးတိုင်း။

၂။ သို့ဖြစ်ပါ၍ မြို့နယ်သံဃနာယကအဖွဲ့သည် မြို့နယ်ပြည်သူ့ကောင်စီ နှင့်ညှိနှိုင်းပြီး မိမိတို့ မြို့နယ်အတွင်းရှိ ထွန်းတုံးလက်ကျန် ဦးထော်၏ ဝါဒ၌ သက်ဝင်ယုံကြည်ကြသော ပုဂ္ဂိုလ်များကို မြို့နယ်သံဃနာယက အဖွဲ့တည်ရာ ဌာနသို့ ခေါ်ယူ၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရန်အတွက် ဩဝါဒပေးကာ ၎င်းတို့အား ပဋိညာဉ်ပြုလက်မှတ် ရေးထိုးစေရန် ညွှန်ကြားလိုက်ပါသည် -

(က) ထိုအယူဝါဒကို လုံးဝ စွန့်လွှတ်ပါကြောင်း။

(ခ) ယခုအချိန်မှစ၍ ရှေ့သို့ ဆက်လက်ပြီး ယင်းအယူဝါဒကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိုက်တွန်းခြင်း၊ သင်တန်းပေးခြင်း စသည့်အပြုအမူအားလုံးကို မိမိတို့ ကိုယ်တိုင်လည်း ပြုလုပ်မည်မဟုတ်သည့်အပြင်၊ မိမိတို့နှင့် ပတ်သက်သူများအားလည်း ပြုလုပ်စေကြမည် မဟုတ်ပါ ကြောင်း။

(ဂ) အထက်ပါအယူဝါဒဆိုင်ရာ စာအုပ်စာတမ်း၊ ကြော်ငြာ၊ အထိမ်းအမှတ်စသည်တို့ကို သက်ဆိုင်ရာ မြို့နယ်သံဃနာယက အဖွဲ့သို့ အပ်နှံခြင်းများကိုလည်း ပြုလုပ်ကြမည်၊ ပြုလုပ်စေ ကြမည်ဖြစ်ပါကြောင်း။

http://www.dhammadownload.com



(ဃ) ယခင်က ထိုအမှုဝါဒနှင့် ပတ်သက်၍ သုံးဖွဲ့ခဲ့သော အသင်းအဖွဲ့ အမည်များ၊ အသင်းအဖွဲ့များ စသည်တို့ကိုလည်း လုံး၀ တာဝန်ယူ၍ ဖျက်သိမ်းကြမည်၊ ဖျက်သိမ်းစေကြမည် ဖြစ်ပါကြောင်း။

၃။ ထိုကဲ့သို့ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီးဖြစ်ကြောင်း စာရင်းနှင့်တကွ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြ လျှောက်ထား၍ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ မိတ္တူများ ပေးပို့ရန် ထပ်မံညွှန်ကြားလိုက်ပါသည်။

၄။ ထိုထွန်တုံးလက်ကျန်ဦးထင်၏ ဝါဒ၌ သက်ဝင်ယုံကြည်ကြသော ပုဂ္ဂိုလ်များ စာရင်းကိုလည်း ပူးတွဲပေးပို့လိုက်ပါသည်။

**အရှင်အာစိဏ္ဏ** **(အဂ္ဂမဟာပဏ္ဍိတ)** **ဒုတိယ ဥက္ကဋ္ဌ ဆရာတော်**

**အရှင်ဇောတိကာဘိဝံသ** **တွဲဖက် အကျိုးတော်ဆောင်ဆရာတော်**

---

http://www.dhammadownload.com



## ဓမ္မမိတ်ဆွေများ၏ နေရပ်နှင့် အမည်စာရင်း

| စဉ် | အမည် | နေရပ် |
|---|---|---|
| ၁ | ဦးညိုမောင် | မြင်းခြံ |
| ၂ | ဒေါ်သန်းရှင် | ။ |
| ၃ | မတင်တင်ဝင်း | ။ |
| ၄ | မခင်စောဝင်း | ။ |
| ၅ | မောင်ဝင်းအောင် | ။ |
| ၆ | မလင်းလင်းထူး | ။ |
| ၇ | မောင်အောင်ဆန်းဋ္ဌေး | ။ |
| ၈ | ဦးသိန်းဖေ | ။ |
| ၉ | မခင်ဝင်း | ။ |
| ၁၀ | ကိုကျော်ဝင်း | ။ |
| ၁၁ | မညွန့်ကြည် | ။ |
| ၁၂ | ကိုမြင့်သိန်းထွန်း | ။ |
| ၁၃ | မစောယု | ။ |
| ၁၄ | ဒေါ်ဖွားခင် | ။ |
| ၁၅ | ဒေါ်သန်းတင် | ။ |
| ၁၆ | ဦးသံလုံး | မန္တလေး |
| ၁၇ | ဒေါ်သိုက် | ။ |
| ၁၈ | မောင်အုံးသန်း | ။ |
| ၁၉ | မောင်သန်းဋ္ဌေး | ။ |
| ၂၀ | ဦးထိုက် | ။ |
| ၂၁ | ဒေါ်ကျင် | ။ |
| ၂၂ | ဦးပေသိး | ရန်ကုန် |

http://www.dhammadownload.com



| စဉ် | အမည် | နေရပ် |
|---|---|---|
| ၂၃ | ဒေါ်မလေး | ရန်ကုန် |
| ၂၄ | ဦးထွန်းငွေ | ။ |
| ၂၅ | ဒေါ်အေး | ။ |
| ၂၆ | ဦးစိုးမြင့် | ။ |
| ၂၇ | ဒေါ်ကြည်စိုး | ။ |
| ၂၈ | ဦးတင်မောင် | ။ |
| ၂၉ | ဒေါ်သန်း | ။ |
| ၃၀ | ဦးအောင်လှ | ။ |
| ၃၁ | ဦးမောင်ကို | စစ်ကိုင်း |
| ၃၂ | ဦးပြား | တောင်ငူ |
| ၃၃ | ဒေါ်ဒေါင်းမြ | ကျောင်းမြို့ရွာ |
| ၃၄ | ဒေါ်ထိန် | |
| ၃၅ | ဦးဘအုံး | ။ |
| ၃၆ | ဦးကျွဲ | ။ |
| ၃၇ | ဦးစံခင် | ။ |
| ၃၈ | ကိုပေါအေး | ။ |
| ၃၉ | မနက် | ။ |
| ၄၀ | ဦးလှထွန်း | ။ |
| ၄၁ | ဒေါ်ဝါး | ။ |
| ၄၂ | မအေး | ။ |
| ၄၃ | မကျင်လှိုင် | ။ |
| ၄၄ | မကြည် | ။ |
| ၄၅ | ဂိုကြည်အေး | ။ |
| ၄၆ | မခင်ဝင်း | ။ |

http://www.dhammadownload.com



| စဉ် | အမည် | နေရပ် |
|---|---|---|
| ၄၇ | ကိုညွန့်တင် | ကျောင်းဖြူရွာ |
| ၄၈ | ကိုမြင့် | ။ |
| ၄၉ | ဦးနှင်း | ။ |
| ၅၀ | ဒေါ်လှခင် | ။ |
| ၅၁ | ဒေါ်ဖွားစိ | ။ |
| ၅၂ | ဒေါ်မြဆင့် | ။ |
| ၅၃ | မရီ | ။ |
| ၅၄ | ဦးဘသိန်း | ။ |
| ၅၅ | ကိုဘိုဌေး | ။ |
| ၅၆ | မညွန့်ရီ | ။ |
| ၅၇ | ကိုထွန်းလွင် | ။ |
| ၅၈ | မဈောလှ | ။ |
| ၅၉ | မလတ် | ။ |
| ၆၀ | ဒေါ်အုန်းကြည် | သိမ်တိုင်ရွာသစ် |
| ၆၁ | မတင်ဝင်း | ။ |
| ၆၂ | ကိုခင်မောင်ကြည် | ကိုင်းရွာ |
| ၆၃ | မခင်ဆွေ | ။ |
| ၆၄ | ဦးဘညွန့် | တောသူရွာ |
| ၆၅ | ဦးဘကွန့် | ။ |
| ၆၆ | ဦးထွန်းအေး | ။ |
| ၆၇ | ဒေါ်အုန်းရွှေ | ။ |
| ၆၈ | ဒေါ်ညွန့်ထီ | ။ |
| ၆၉ | ဦးသိန်းရွှေ | စွယ်တော်ရွာ |
| ၇၀ | ဦးထွန်းခင် | ။ |

http://www.dhammadownload.com



| စဉ် | အမည် | နေရပ် |
| --- | --- | --- |
| ၇၁ | ဦးကြိုင် | စိုင်တီစုရွာ |
| ၇၂ | ဦးသီး | ။ |
| ၇၃ | ဦးဘဆွေ | မြစ်ဆုံရွာ |
| ၇၄ | ကိုသိန်း | ။ |
| ၇၅ | ကိုသန်းမောင် | ။ |
| ၇၆ | ဒေါ်ပြုံနို့ | ။ |
| ၇၇ | ဦးဘိုးချိန် | ။ |
| ၇၈ | ဒေါ်စန်းခင် | ။ |
| ၇၉ | ဦးမြင့်မှုင်ဝမိုး | ။ |
| ၈၀ | ဦးရှိန်အောလူး | ဘုရားကလေး |
| ၈၁ | ဦးမွှ | ဘုရားကလေး |
| ၈၂ | ဒေါ်သန့်တင် | ။ |
| ၈၃ | ဦးသန်း | ။ |
| ၈၄ | ဦးကျော်မောင် | ။ |
| ၈၅ | ဒေါ်ဝိန် | ။ |
| ၈၆ | ဒေါ်အေး | ။ |
| ၈၇ | ဒေါ်ခင်မြင့် | ။ |
| ၈၈ | မသေး | ။ |
| ၈၉ | ဦးမြမောင် | ။ |
| ၉၀ | ဒေါ်လှကြည် | ။ |
| ၉၁ | ကိုသိန်းထွန်း | ဘုရားကြီးရွာ |
| ၉၂ | ဦးချမ်းမြိုင် | သပြေရိုးရွာ |
| ၉၃ | ဒေါ်ခင်မေ | ။ |
| ၉၄ | ဒေါ်အေးကြီး | ။ |

http://www.dhammadownload.com



| စဉ် | အမည် | နေရပ် |
|---|---|---|
| ၉၅ | ဒေါ်မြ | သပြေရိုးရွာ |
| ၉၆ | ဦးမြ | ॥ |
| ၉၇ | ဒေါ်ညွန့်မေ | ॥ |
| ၉၈ | မစန်းငွေ | ॥ |
| ၉၉ | ဒေါ်မြကြည် | သံတံတားရွာ |
| ၁၀၀ | ဦးကြည် | ပြွန်တံဆာ |
| ၁၀၁ | မသီတာဦး | ॥ |
| ၁၀၂ | မနွယ်နွယ်ဦး | ॥ |
| ၁၀၃ | ဒေါ်မြရွှေ | ॥ |
| ၁၀၄ | ဦးကျော်အေး | ချောင်းရင်း |
| ၁၀၅ | ဒေါ်သင်းမေ | ॥ |
| ၁၀၆ | ကိုထွေးသိန်း | ॥ |
| ၁၀၇ | ကိုထွေးငြိမ်း | ॥ |
| ၁၀၈ | မငွေး | ॥ |
| ၁၀၉ | မလှသွယ် | ॥ |
| ၁၁၀ | ဦးထွေးအောင် | စဉ့်ကူး |
| ၁၁၁ | ဦးတုတ် | ॥ |
| ၁၁၂ | မငယ် | တပ်မဌာနချုပ် |
| ၁၁၃ | မခင်ငွေး | သံတံတား |
| ၁၁၄ | ဒေါ်အုန်းမြိုင် | မှန်တန်းရွာ |
| ၁၁၅ | ကိုသန်းမြင့် | ॥ |
| ၁၁၆ | ဒေါ်လှစိန် | ॥ |
| ၁၁၇ | ဒေါ်ပုခင် | ॥ |
| ၁၁၈ | ကိုတင်အေး | ॥ |

http://www.dhammadownload.com



| စဉ် | အမည် | နေရပ် |
|---|---|---|
| ၁၁၉ | ဒေါ်ညွန့်စိန် | အလယ်ကျွန်း |
| ၁၂၀ | ဒေါ်ပန်းရှင် | ။ |
| ၁၂၁ | ဒေါ်မြညွန့် | ။ |
| ၁၂၂ | ဦးအေးမောင် | မြွန်တံဆော |
| ၁၂၃ | ဦးဘကျော် | တောကျွဲအင်း |
| ၁၂၄ | ဒေါ်အေး | ။ |
| ၁၂၅ | ဦးတင်ဝေ | ။ |
| ၁၂၆ | ဦးဝင်း | ။ |
| ၁၂၇ | မကျင်လှ | ။ |
| ၁၂၈ | ဒေါ်တင် | ကညွတ်ကွင်းမြို့ |
| ၁၂၉ | ဒေါ်ညွန့် | ။ |
| ၁၃၀ | ဦးဖိုးစိန် | ။ |
| ၁၃၁ | ဒေါ်ပြား | ။ |
| ၁၃၂ | ဒေါ်ညို | ။ |
| ၁၃၃ | ဒေါ်သေးလှ | ဂုံးတဲချောင်းနား |
| ၁၃၄ | ကိုကျင်ဆောင် | မြဲပဲကိုး |
| ၁၃၅ | ဒေါ်ခင်ညွန့် | ။ |
| ၁၃၆ | ဒေါ်ရှမ်း | ။ |
| ၁၃၇ | ကိုအုန်းမောင် | ။ |
| ၁၃၈ | မကျင်ရွှေ | ။ |
| ၁၃၉ | ဒေါ်ချစ် | ရေလဲရွာ |
| ၁၄၀ | ဒေါ်အုံး | နတ်သံကွင်း |
| ၁၄၁ | ဒေါ်ကိုး | လဝဏရွာ |
| ၁၄၂ | ဦးစိန် | ကိုးတဲ |

http://www.dhammadownload.com



| စဉ် | အမည် | နေရပ် |
|---|---|---|
| ၁၄၃ | ဦးလှအောင် | အလယ်ကျွန်းရွာ |
| ၁၄၄ | ဦးသံချောင်း | မှန်တန်းရွာ |
| ၁၄၅ | ဦးချို | ॥ |
| ၁၄၆ | ဦးဘိုးယု | ॥ |
| ၁၄၇ | ဦးတင်လှိုင်လေး | ॥ |
| ၁၄၈ | ဦးသောင်း | ॥ |
| ၁၄၉ | ဦးသောင်းစိန် | ॥ |
| ၁၅၀ | ဦးသန်း | ॥ |
| ၁၅၁ | ဦးအေးမောင် | ॥ |
| ၁၅၂ | ဒေါ်အုန်းကျင် | ॥ |
| ၁၅၃ | ဒေါ်ထွေးကြည် | ॥ |
| ၁၅၄ | ဒေါ်ကျင်အေး | ॥ |
| ၁၅၅ | ဒေါ်ချေးမှီ | ॥ |
| ၁၅၆ | ဒေါ်ဝိုင်း | ॥ |
| ၁၅၇ | မကြည်စိန် | ॥ |
| ၁၅၈ | ဒေါ်အုန်းမြိုင် | ॥ |
| ၁၅၉ | ကိုသန်းမြင့် | ॥ |
| ၁၆၀ | ဒေါ်စိန်ညွန့် | အလယ်ကျွန်းရွာ |
| ၁၆၁ | ဒေါ်ပန်းရင် | ॥ |
| ၁၆၂ | ဒေါ်မြညွန့် | ॥ |
| ၁၆၃ | ဒေါ်လှစိန် | မှန်တန်းရွာ |
| ၁၆၄ | ဒေါ်ပုစိန် | ॥ |
| ၁၆၅ | ဒေါ်ပုခင် | ॥ |
| ၁၆၆ | ဦးတင်အေး | ॥ |

http://www.dhammadownload.com



| စဉ် | အမည် | နေရပ် |
|---|---|---|
| ၁၆၇ | ဦးအေးမောင် | မြို့တန်ဆာ |
| ၁၆၈ | မအေးကျင် | ။ |
| ၁၆၉ | မစန်းရီ | ။ |
| ၁၇၀ | မခင်အေး | ။ |
| ၁၇၁ | ကိုတင်မြွှန့် | တောင်တွင်းကြီး |
| ၁၇၂ | မအေးမြင့် | ။ |
| ၁၇၃ | ဦးသန့်အောင် | ။ |
| ၁၇၄ | ဒေါ်မြကြည် | သံတဲတား |
| ၁၇၅ | ဦးကြည် | မြို့တန်ဆာ |
| ၁၇၆ | ဒေါ်မြရွှေ | ။ |
| ၁၇၇ | ဦးကျော်အေး | ချောင်းရင်း |
| ၁၇၈ | ဒေါ်သင်းမေ | ။ |
| ၁၇၉ | ကိုထွေးသိန်း | ။ |
| ၁၈၀ | ကိုထွေးငြိမ်း | ။ |
| ၁၈၁ | ဦးထွေးအောင် | စဉ့်ကူး |
| ၁၈၂ | ကိုတုတ် | ။ |
| ၁၈၃ | ဦးပု | နတ်တလင်း |
| ၁၈၄ | ဒေါ်လှစိန် | ။ |
| ၁၈၅ | ဒေါ်မြကျင် | ။ |
| ၁၈၆ | ဦးအောင်မြတ် | ။ |
| ၁၈၇ | ဒေါ်အုန်းရင် | ။ |
| ၁၈၈ | ဦးတင်ဝင်း | ။ |
| ၁၈၉ | ဒေါ်ညွန့် | ။ |
| ၁၉၀ | ဦးထွန်းခင် | ။ |

http://www.dhammadownload.com



| စဉ် | အမည် | နေရပ် |
|---|---|---|
| ၁၉၁ | ဒေါ်လှရီ | ॥ |
| ၁၉၂ | ကိုခင်မြင့် | ॥ |
| ၁၉၃ | ဦးအုန်းမောင် | ॥ |
| ၁၉၄ | ဦးကျော်ခ | ဖလန်ပင်ရွာ |
| ၁၉၅ | ဦးစိုးတင့် | ॥ |
| ၁၉၆ | ဦးသိန်း | ॥ |
| ၁၉၇ | ဦးသန်း | ॥ |
| ၁၉၈ | ဦးဘိုးယွန်း | ॥ |
| ၁၉၉ | ဦးခင်မောင် | ॥ |
| ၂၀၀ | ဦးထွန်းမောင် | ॥ |
| ၂၀၁ | ဦးကျော်စိန် | ॥ |
| ၂၀၂ | ဦးအောင်ရွှေ | ॥ |
| ၂၀၃ | ဦးဘိုးလှ | သာစည် |
| ၂၀၄ | ဦးတင်ယု | ॥ |
| ၂၀၅ | ဦးလှိုင် | ॥ |
| ၂၀၆ | ဦးရွှေဒို | ॥ |
| ၂၀၇ | ဦးစန်မောင် | ॥ |
| ၂၀၈ | ဦးကျော်သိန်း | ॥ |
| ၂၀၉ | ဦးအောင်ဘာလေ | ॥ |
| ၂၁၀ | ဦးလှဖေ | ॥ |
| ၂၁၁ | ဦးဘင်လှ | သာစည်ရွာ |
| ၂၁၂ | ဦးအုန်းကြွယ် | ॥ |
| ၂၁၃ | ဦးသောင်းရွှေ | ॥ |
| ၂၁၄ | ဦးအောင်လင်း | ॥ |

http://www.dhammadownload.com



| စဉ် | အမည် | နေရပ် |
| --- | --- | --- |
| ၂၁၅ | ဦးတင်အေး | သာစည်ရွာ |
| ၂၁၆ | ဦးလှရွှေ | ။ |
| ၂၁၇ | ဦးဟန်ရွှေ | ။ |
| ၂၁၈ | ဒေါ်စောတင် | ။ |
| ၂၁၉ | ဒေါ်လှရွှေ | ။ |
| ၂၂၀ | ဒေါ်ယန်းရီ | ။ |
| ၂၂၁ | ဦးညာဏ်မြင့် | စံကြီးဒေါင့် |
| ၂၂၂ | ဒေါ်တင်ကြည် | ဖေါင်းညောင်ရွာ |
| ၂၂၃ | ဦးသောင်း | ညောင်ကုန်း |
| ၂၂၄ | ဦးပုမောင် | ။ |
| ၂၂၅ | ဦးကံရှိန် | ။ |
| ၂၂၆ | ဦးလှဟန် | ။ |
| ၂၂၇ | ဦးမြင့်စိန် | ။ |
| ၂၂၈ | ဦးစိန်ဝင်း | ။ |
| ၂၂၉ | ဦးကံမြင့် | ။ |
| ၂၃၀ | ဦးပြူး | ။ |
| ၂၃၁ | ဒေါ်စိန်ရီ | ။ |
| ၂၃၂ | ဒေါ်အေးသန်း | ။ |
| ၂၃၃ | ဒေါ်အုန်းမြင့် | ။ |
| ၂၃၄ | ဒေါ်လှကျင် | ။ |
| ၂၃၅ | ဦးစံထွန်း | လက်ခုတ်ပင်ရွာ |
| ၂၃၆ | ဦးခင်မောင် | သာစည်ရွာ |
| ၂၃၇ | ဦးကျော်သန်း | စံကြီးဒေါင့် |
| ၂၃၈ | ဦးဘိုးယံ | ။ |

http://www.dhammadownload.com



| စဉ် | အမည် | နေရပ် |
|---|---|---|
| ၂၃၉ | ဦးချို | ဖ်ကြီးဒေါင့် |
| ၂၄၀ | ဦးသံချောင်း | ။ |
| ၂၄၁ | ဦးတင်လှိုင်လေး | ။ |
| ၂၄၂ | ဦးကောင်း | ။ |
| ၂၄၃ | ဦးသောင်းစိန် | ။ |
| ၂၄၄ | ဦးအေးမောင်လေး | ။ |
| ၂၄၅ | ဦးသန်းမြင့် | ။ |
| ၂၄၆ | ဒေါ်အုန်းကျင် | ။ |
| ၂၄၇ | ဦးအောင်ဖြိုး | မီးလောင်ကျွန်းရွာ |
| ၂၄၈ | ဦးမောင်သော် | ။ |
| ၂၄၉ | ဦးသောင်းရင် | ။ |
| ၂၅၀ | ဦးကောက် | ။ |
| ၂၅၁ | ဦးဝင်းဖေ | ရေစကြို |
| ၂၅၂ | ဒေါ်ကြင်မြိုင် | ။ |
| ၂၅၃ | ဦးကြာရင်း | ကုန်းတလင်း |
| ၂၅၄ | ဦးဘိုးဆင် | ။ |
| ၂၅၅ | ဒေါ်ရွှေရင် | ။ |
| ၂၅၆ | ဦးထွေး | ကံသစ်ရွာ |
| ၂၅၇ | ဦးလှအောင် | ။ |
| ၂၅၈ | ဦးအောင်ရွှေ | ။ |
| ၂၅၉ | ဦးအောင်ဖေ | ။ |
| ၂၆၀ | ဦးတင်ကြူး | ။ |
| ၂၆၁ | ဦးသိန်း | ။ |
| ၂၆၂ | ဦးလွန်း | ။ |

http://www.dhammadownload.com



| စဉ် | အမည် | နေရပ် |
|---|---|---|
| ၂၆၃ | ဦးမြအေး | ကံသစ်ရွာ |
| ၂၆၄ | ဦးဟန်တင် | ။ |
| ၂၆၅ | ဦးသိန်းရွှေ | ။ |
| ၂၆၆ | ဦးကြည်ရွှေ | ။ |
| ၂၆၇ | ဦးဟန်ငွေး | ။ |
| ၂၆၈ | ဒေါ်စန်းဝင်း | ။ |
| ၂၆၉ | ဒေါ်အုန်း | ။ |
| ၂၇၀ | ဒေါ်သိန်းတင် | ။ |
| ၂၇၁ | ဒေါ်မြင့်ခင် | ။ |
| ၂၇၂ | ဒေါ်နုနုဝင်း | ။ |
| ၂၇၃ | ဒေါ်သင်းသင်းဝေ | ။ |
| ၂၇၄ | ဒေါ်ခင်မြင့်ရီ | ။ |
| ၂၇၅ | မစန်းနု | ။ |
| ၂၇၆ | မိသင်း | ။ |
| ၂၇၇ | ဒေါ်စန်းစန်း | မြစ်ဆုံရွာ |
| ၂၇၈ | ဒေါ်လှခင် | ။ |
| ၂၇၉ | ဦးအောင်လှ | ကံသစ်ရွာ |
| ၂၈၀ | ဒေါ်ဖြူအေး | ။ |
| ၂၈၁ | ဒေါ်မေ | ။ |
| ၂၈၂ | ဒေါ်မြစိန် | ။ |
| ၂၈၃ | ဒေါ်အုန်း | ။ |
| ၂၈၄ | ဦးဘိုးစိန် | ။ |
| ၂၈၅ | ဒေါ်သိန်းညွန့် | ။ |
| ၂၈၆ | ဒေါ်လှငြိမ်း | ။ |

http://www.dhammadownload.com



| စဉ် | အမည် | နေရပ် |
|---|---|---|
| ၂၈၇ | ဦးလွန်း | ဂံသစ်ရွာ |
| ၂၈၈ | ဦးထွေး | ״ |
| ၂၈၉ | ဦးအေးနော် | ״ |
| ၂၉၀ | ဒေါ်ခင်မြ | ״ |
| ၂၉၁ | ဦးကံဒေါ် | ״ |
| ၂၉၂ | ဒေါ်အေးပိုင် | ״ |
| ၂၉၃ | ဒေါ်စိန်ထွေး | ״ |
| ၂၉၄ | ဒေါ်ဟံတင် | ״ |
| ၂၉၅ | ဒေါ်သိန်းတင် | ״ |
| ၂၉၆ | ဦးထွန်းပေါက် | ״ |
| ၂၉၇ | ဒေါ်မြရင် | ״ |
| ၂၉၈ | ဒေါ်တင်ရီ | ״ |
| ၂၉၉ | ဒေါ်သန်းရင် | ״ |
| ၃၀၀ | ဒေါ်အုန်းကြည် | ״ |
| ၃၀၁ | ဒေါ်စိန်ကြည် | ״ |
| ၃၀၂ | ဒေါ်မြညွန့် | ״ |
| ၃၀၃ | ဒေါ်ကြီးသ | ״ |
| ၃၀၄ | ဦးဘခင် | ״ |
| ၃၀၅ | ဦးဘရင် | ״ |
| ၃၀၆ | ဒေါ်ရှု | ״ |
| ၃၀၇ | ဒေါ်ရှု | ״ |
| ၃၀၈ | ဒေါ်အေးစိန် | ״ |
| ၃၀၉ | ဒေါ်နော် | ״ |
| ၃၁၀ | ဒေါ်ဖွားတင် | ״ |

http://www.dhammadownload.com



| စဉ် | အမည် | နေရပ် |
| --- | --- | --- |
| ၃၁၁ | ဒေါ်အေးချို | ကံသစ်ရွာ |
| ၃၁၂ | ဦးကံညွန့် | ကုန်းတလင်း |
| ၃၁၃ | ဦးဘထွန်း | ။ |
| ၃၁၄ | ဦးအောင်ခင် | ။ |
| ၃၁၅ | ဦးမြသောင်း | ။ |
| ၃၁၆ | ဒေါ်သောင်းရှင် | ။ |
| ၃၁၇ | ဦးအောင်မြ | ။ |
| ၃၁၈ | ဦးသောင်း | ။ |
| ၃၁၉ | ဦးအုန်းမောင် | ။ |
| ၃၂၀ | ဦးငွေလယ် | ။ |
| ၃၂၁ | ဦးအောင်နု | ။ |
| ၃၂၂ | ဦးစိန်ဒွေး | ။ |
| ၃၂၃ | ဦးခင်ဖေ | ။ |
| ၃၂၄ | ဦးတင်ဝင်း | ။ |
| ၃၂၅ | ဦးနှစ်ဆန်း | ။ |
| ၃၂၆ | ဦးလှအေး | ။ |
| ၃၂၇ | ဦးပေါင် | ။ |
| ၃၂၈ | ဦးစံပ | ။ |
| ၃၂၉ | ဦးရွှေသိန်း | ။ |
| ၃၃၀ | ဦးရွှေမောင် | ။ |
| ၃၃၁ | ဦးခွက်ကြီး | တောင့်စဉ်ရွာ |
| ၃၃၂ | ဒေါ်ကံသင်း | ကုန်းတလင်း |
| ၃၃၃ | ဒေါ်မြကြင် | ။ |
| ၃၃၄ | ဒေါ်လှသင်း | ။ |

http://www.dhammadownload.com



| စဉ် | အမည် | နေရပ် |
| --- | --- | --- |
| ၃၃၅ | ဒေါ်ကြည် | ကုန်းတလင်း |
| ၃၃၆ | ဒေါ်ခင်ပျို | ။ |
| ၃၃၇ | ဒေါ်အေးခင် | ။ |
| ၃၃၈ | ဒေါ်ခင်ငွေ | ။ |
| ၃၃၉ | ဒေါ်ဝင်းရီ | ။ |
| ၃၄၀ | ဒေါ်အေးမွှ | ။ |
| ၃၄၁ | ဒေါ်ခင်ကြွ | ။ |
| ၃၄၂ | ဒေါ်အေးရှင် | ။ |
| ၃၄၃ | ဒေါ်ကျော့ရီ | ။ |
| ၃၄၄ | ဒေါ်ခင်စော | ။ |
| ၃၄၅ | ဒေါ်အေးသီ | ။ |
| ၃၄၆ | ဒေါ်ခင်ရွှေ | ။ |
| ၃၄၇ | ဒေါ်အေး | ။ |
| ၃၄၈ | ဒေါ်လှရီ | ဓိုးကုန်းကျွန်း |
| ၃၄၉ | ဦးချက်စု | ။ |

http://www.dhammadownload.com



# ညွှန်ကြားလွှာ အမှတ် (၇၁)

**သံဃဝိနိစ္ဆယဌာနမှ ဝိနည်း ဓမ္မကံ အဓိကရဏ်း မှုခင်း စစ်ဆေးနေစဉ် ကာလအတွင်း မှုခင်းဆိုင်ရာ ပစ္စည်းအရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကိစ္စ။** (၂၈၊ ၁၊ ၈၆) (-၃၊ ၁၀၊ ၄၇)

၁။ သံဃဝိနိစ္ဆယဌာနမှ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်း စစ်ဆေးနေစဉ် ကာလအတွင်း မှုခင်းဆိုင်ရာ ပစ္စည်း အရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ကိစ္စနှင့် ပတ်သက်၍ ဝိနည်း ဓမ္မကံ အဓိကရဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း (၅)၌ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃-တို့ကို ပြဋ္ဌာန်းထားခဲ့ပါသည်။ ယင်းပြဋ္ဌာန်းချက်အရ ဆောင်ရွက်ကြရာတွင် အချို့သော မြို့နယ်များ၌ သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးခြင်းမပြုမီ မှုခင်းဆိုင်ရာပစ္စည်းများကို ထိန်းသိမ်းခြင်း၊ ကျောင်းနေပုဂ္ဂိုလ်များကို နှင်ထုတ်ဖယ်ရှား၍ ချိပ်ပိတ်ခြင်း၊ နှစ်ဖက်အုပ်စုပဋိပက္ခပြင်းထန်၍ ရပ်ရွာငြိမ်းချမ်းရေး၊ ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်မှုအခြေအနေရှိပါကြောင်းဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးကောင်စီနှင့် မြို့နယ်ပြည်သူ့ကောင်စီတို့၏ သဘောထားတင်ပြချက် မရှိဘဲလျက် စောဒက စုဒိတက တစ်ဘက်ဘက်က ချိပ်ပိတ်ပေးပါရန် ကောင်းဆိုရုံမျှဖြင့် ချိပ်ပိတ်ခြင်းတို့ကို အချို့သော မြို့နယ်သံဃနာယက အဖွဲ့များက ညွှန်ကြားဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် တိုင်းသံဃနာယက အဖွဲ့သည် သိမ်၊ ကျောင်းဇရပ်စသော အဆောက်အအုံတစ်ခုခုကို ဖြစ်စေ၊ ယင်းအဆောက်အအုံများတည်ရှိရာကျောင်းတိုက် တစ်ခုလုံးကိုဖြစ်စေ ချိပ်ပိတ်ပေးပါရန် မြို့နယ်ပြည်သူ့ကောင်စီ၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ

http://www.dhammadownload.com



သို့ မေတ္တာရပ်ခံရာ၌ ဖော်ပြလတ္တံ့ပါအတိုင်း လိုက်နာဆောင်ရွက်ပါရန် ညွှန်ကြားအပ်ပါသည် –

(က) သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုရသေးမီကာလ၌ အငြင်းပွား သာသနိက အဆောက်အအုံနှင့်ကျောင်း၊ သို့မဟုတ် ကျောင်းတိုက်မှပုဂ္ဂိုလ်များကို ဖယ်ရှား၍ ချိပ်ပိတ်စေခြင်း၊ သို့မဟုတ် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို မြို့နယ်ပြည်သူ့ကောင်စီသို့ အပ်နှံထိန်းသိမ်းစေခြင်း မပြုရန်။

(ခ) ဓာဒက၊ သို့မဟုတ် စုဒိတကသည် အချင်းဖြစ် အဆောက်အအုံ ကျောင်း၊ သို့မဟုတ် ကျောင်းတိုက်၏ ပြင်ပ၌ နေထိုင်၍ အမှုဆိုင်ပါက အငြင်းပွားအဆောက်အအုံကျောင်း၊ သို့မဟုတ် ကျောင်းတိုက်ကို ချိပ်ပိတ်စေခြင်း မပြုရန်။

(ဂ) ဓာဒက စုဒိတကတို့သည် အငြင်းပွား အဆောက်အအုံ ကျောင်း၊ သို့မဟုတ် ကျောင်းတိုက်အတွင်း၌ အတူတကွ နေထိုင်လျက် ရှိကြသော်လည်း အချင်းချင်း ပဋိပက္ခဖြစ်ပွားမှုကို ရှောင်ကြဉ်၍ အေးချမ်းငြိမ်သက်စွာ နေထိုင်ကြပါမည်ဟု မြို့နယ်သံဃနာယကအဖွဲ့ ရှေ့မှောက်၌ ဝန်ခံကတိလက်မှတ် ရေးထိုးပါက ယင်းအဆောက်အအုံ ကျောင်း၊ သို့မဟုတ် ကျောင်းတိုက်ကို ချိပ်ပိတ်စေခြင်း မပြုရန်။

(ဃ) မူလဓာဒနာလွှာ၌ မပါဝင်သော ကျောင်း၊ ကျောင်းတိုက်ကို ချိပ်ပိတ်ခြင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ထိန်းသိမ်းခြင်း မပြုလုပ်ရန်။

(င) သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်နေစဉ်ကာလအတွင်း ဓာဒက စုဒိတကတို့သည် အငြင်းပွား အဆောက်အအုံ

http://www.dhammadownload.com



ကျောင်း၊ သို့မဟုတ် ကျောင်းတိုက်အတွင်း အတူတကွ နေထိုင်လျက် ပဋိပက္ခပြင်းထန်လာ၍ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ၊ မြို့နယ်ပြည်သူ့ကောင်စီတို့က ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်နိုင်သည့် အခြေအနေရှိပါကြောင်း တင်ပြလာလျှင်သော် လည်းကောင်း၊ အတူနေ စာဒက၊ စုဒိတကတို့သည် ပဋိပက္ခဖြစ်ပွားမှုကို ရှောင်ရှား၍ အေးချမ်းငြိမ်သက်စွာ နေထိုင်ပါမည်ဟု ဝန်ခံကတိလက်မှတ်ရေးထိုးခြင်း မပြုလျှင် သော်လည်းကောင်း၊ အတူနေ စာဒကနှင့် စုဒိတကတို့အချင်းချင်း ခိုက်ရန်ဖြစ်ပွား လျှင်သော်လည်းကောင်း၊ အငြင်းပွားအဆောက်အအုံ ကျောင်း၊ သို့မဟုတ် ကျောင်းတိုက်မှ ပုဂ္ဂိုလ်များ ဖယ်ရှားပေးရေး၊ ယင်းအဆောက်အအုံကျောင်း၊ သို့မဟုတ် ကျောင်းတိုက်ကို ထိန်းသိမ်း စောင့်ရှောက်ရေးအတွက် သက်ဆိုင်ရာမြို့နယ် သံဃနာယကအဖွဲ့၊ တိုင်းသံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ၊ တိုင်းပြည်သူ့ကောင်စီသို့ မေတ္တာရပ်ခံ ဆောင်ရွက်ရန်။

(စ) ယင်း အငြင်းပွား အဆောက်အအုံ ကျောင်း၊ သို့မဟုတ် ကျောင်းတိုက်မှ ပုဂ္ဂိုလ်များကို ဖယ်ရှားရသည့်အခါ မြို့နယ် ပြည်သူ့ကောင်စီသည် အဆောက်အအုံစာရင်း၊ ကျောင်းသုံး ပရိဘောဂပစ္စည်း စာရင်း၊ သစ်ပင် ပန်းပင် စာရင်းများကို ပြုစု၍ ထိန်းသိမ်းထားရန်နှင့် ယင်းစာရင်း တစ်စောင်စီကို စာဒက စုဒိတကနှင့် မြို့နယ် သံဃနာယကအဖွဲ့တို့ထံ ပေးအပ်ထားရန်။

(ဆ) ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဂိုဏ်းမွေ့ကာ လုပ်ထုံးလုပ်နည်းများ အပိုဒ် (၃၃)ပါ ပြဋ္ဌာန်းချက်များအတိုင်း

http://www.dhammadownload.com



တိကျစွာ ပိုက်နာဆောင်ရွက်ရန်နှင့် လက်ရှိပုဂ္ဂိုလ်က ထိန်းသိမ်းစောင့်ရှောက်ရန် ငြင်းဆန်မှုသာလျှင် ယင်းပစ္စည်းများကို မြို့နယ် ပြည်သူ့ကောင်စီက ထိန်းသိမ်းစောင့်ရှောက်ရန်၊

၃။ ဤညွှန်ကြားလွှာ၌ မပါဝင်သည့် အမှုကိစ္စများတွင် သာသနိက အဆောက်အအုံများမှ ရဟန်းသာမဏေ၊ သီလရှင်များကို နှင်ထုတ်လိုရာ၌ အထက်သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ကြပါရန် ညွှန်ကြားလိုက်ပါသည်။

ဘဒ္ဒန္တ သောဘိတ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ တေဇောဘာသာဘိဝံသ
တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၇၂)

ကျောင်းထိုင်ဘုန်းကြီးနှင့် ခမ်းနေ ရဟန်းသာမဏေတို့ လိုက်နာကျင့်သုံးရန် ဓမ္မဝိနယနှင့်အညီ စည်းကမ်းကျင့်ဝတ်များ ထုတ်ပြန်ညွှန်ကြားခြင်း။ (၂၀၊ ၆၊ ၈၆) (၁၃၊ ၃၊ ၄၈)

၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ထေရဝါဒ ဗုဒ္ဓဘာသာ ကျောင်းထိုင်ဘုန်းကြီးများနှင့် ခမ်းနေ ရဟန်းသာမဏေ ဟူသမျှတို့သည် ဤစည်းကမ်းကျင့်ဝတ်ကို တိတိကျကျ လိုက်နာကျင့်သုံးကြရမည်။

http://www.dhammadownload.com



၂။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း မှန်သမျှတွင် ဤစည်းကမ်းကျင့်ဝတ်ကို ထားရှိရမည်။

## (က) ရဟန်းသာမဏေများ လိုက်နာရန် စည်းကမ်းကျင့်ဝတ်များ

၁။ ရဟန်းသာမဏေဟူသမျှသည် အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါး မှီဝဲခြင်း မပြုလုပ်ရ၊

၂။ လောင်းကစားမှုများကို ကိုယ်တိုင်ပါဝင် လောင်းကစားခြင်း၊ လောင်းကစားဝိုင်းအနီး၌ နေထိုင်လျက် လောင်းကစားမှုကို ကြည့်ရှုခြင်း မပြုရ၊

၃။ ငွေတိုးချေးခြင်း၊ ဆိုက်ကား၊ မြင်းလှည်း ထောင်ခြင်း စသော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခြင်း မပြုရ၊

၄။ တရားမဝင်မှောင်ခိုကုန်ပစ္စည်းများ လက်ဝယ်ထားရှိ ရောင်းဝယ်ခြင်း မပြုလုပ်ရန်၊ နိုင်ငံတော်က တားမြစ်ထားသော ကုန်ပစ္စည်းများကို ကိုယ်တိုင်ရောင်းဝယ်ခြင်း၊ သူတစ်ပါးအတွက် သယ်ဆောင်ပေးခြင်း၊ လက်ခံသိုလှောင်ထားခြင်း မပြုရ၊

၅။ ဇာတ်၊ အငြိမ့်၊ ရုပ်သေး၊ ရုပ်ရှင်၊ ဆပ်ကပ်၊ လက်ဝှေ့၊ တီးဝိုင်း၊ ဘောလုံးပွဲစသော ပွဲလမ်းသဘင်များကို သွားရောက်ကြည့်ရှုခြင်း မပြုရ၊

၆။ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကခုန်ခြင်း၊ မာတုဂါမများအား လှောင်ပြောင်နောင့်ယှက်ခြင်း၊ ရမ်းကားရိုက်နှက်ခြင်း၊ ဘောလုံးကန်ခြင်း၊ စက်ဘီးစီးခြင်း၊ မော်တော်ဆိုင်ကယ်စီးခြင်း၊ ခြင်းလုံးခတ်ခြင်း မပြုရ၊

http://www.dhammadownload.com



၇။ ရဟန်းသာမဏေများ ကိုယ်တိုင် တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် လှည့်လည်သွားလာ၍ ရွှေငွေ အလှူခံခြင်း မပြုရ၊

၈။ ရဟန်းသာမဏေများကိုယ်တိုင် ကားဆိပ်, ရထားဆိပ် သင်္ဘောဆိပ်, လေဆိပ်နှင့် ဈေးများအတွင်း၌လည်းကောင်း၊ လမ်းဆုံ, လမ်းခွ, လမ်းမ,များ၌လည်းကောင်း၊ မော်တော်ကား၊ မီးရထား, သင်္ဘောများပေါ်၌လည်းကောင်း၊ ကားလမ်းမများပေါ်တွင် မော်တော်ယာဉ်များကို တားဆီး၍လည်းကောင်း ငွေကြေး အလှူခံခြင်း မပြုရ၊

၉။ ရဟန်းသာမဏေများသည် ဆွမ်းခံချိန်၌ ဝိနည်းသိက္ခာပုဒ်တော်နှင့်အညီ ဆွမ်းခံခြင်းမှတပါး ပင့်ဖိတ်သူ ဒါယကာ မရှိဘဲ မြို့ရွာများအတွင်း နေမွန်းလွဲချိန်၌ ဆွမ်းဆန်စိမ်းအလှူခံခြင်း၊ ဟင်းသီးဟင်းရွက် အလှူခံခြင်းတို့ကို မပြုရ၊

## (ခ) ကျောင်းထိုင်ဘုန်းကြီးများ လိုက်နာရန် စည်းကမ်းကျင့်ဝတ်များ

၁။ ကျောင်းထိုင်ဘုန်းကြီး (သို့) ကျောင်းတိုက်နာယက ဆရာတော်သည် ဤစည်းကမ်းကျင့်ဝတ် (၉) ချက်ကို မိမိကိုယ်တိုင် လိုက်နာရမည့်အပြင် မိမိကျောင်း/ကျောင်းတိုက်ရှိ ခန်းနေ ရဟန်းသာမဏေများကိုလည်း လိုက်နာအောင် ကြီးကြပ်ကွပ်ကဲ ဆုံးမ ဩဝါဒပေးရမည်။

၂။ မိမိကျောင်းရှိ ရဟန်းသာမဏေများ အားလုံးကို ဤစည်းကမ်းကျင့်ဝတ် (၉) ချက်နှင့်အညီ လည်းကောင်း၊ သက်ဆိုင်ရာကျောင်း/ကျောင်းတိုက်၏ စည်းကမ်းနှင့် အညီ လည်းကောင်း၊ ကျင့်သုံးလိုက်နာနေထိုင်မည် ဖြစ်ပါကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုး ထားရှိစေရမည်။

http://www.dhammadownload.com



၃။ မိမိကျောင်းရှိ ခန်းနေ ရဟန်းသာမဏေများ၏ သာသနာဝင် မှတ်တမ်းများကို သိမ်းဆည်းထားရမည်။

၄။ ဤကတိဝန်ခံချက်ကို ဖောက်ဖျက် ကျူးလွန်သော ရဟန်း သာမဏေကို ကျောင်း/ကျောင်းတိုက်၏ စည်းကမ်းနှင့် အညီ အရေးယူအပြစ်ဒဏ်ပေးရမည်။

၅။ ဤကတိဝန်ခံချက်ကို ဖောက်ဖျက် ကျူးလွန်သည့်အတွက် နှင်ထုတ်သည့်အခါ ထွက်ခွာမသွားသော ရဟန်းသာမဏေကို သက်ဆိုင်ရာ ရပ်/ကျေး သံဃနာယကအဖွဲ့ (အဖွဲ့မရှိပါက ရပ်/ကျေး သံဃနာယက)နှင့် ရပ်/ကျေး ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ပြည်သူ့ကောင်စီတို့ ၏ အကူအညီကို ရယူ၍ နှင်ထုတ်ရမည်။

## (ဂ) ရပ်/ကျေး သံဃနာယကအဖွဲ့၏ တာဝန်နှင့် ဝတ္တရားများ

၁။ ဤကတိဝန်ခံချက်ကို ဖောက်ဖျက် ကျူးလွန်သည့်အတွက် ကျောင်း/ကျောင်းတိုက်မှ နှင်ထုတ်ရာ၌ မလိုက်နာသော ရဟန်းသာမဏေကို ရပ်/ကျေး သံဃနာယကအဖွဲ့ (အဖွဲ့မရှိပါက ရပ်/ကျေး သံဃနာယက)သည် သက်ဆိုင်ရာ ရပ်/ကျေး ပြည်သူ့ကောင်စီအဖွဲ့အား အာဏာစက်ဖြင့် ထောက်ပံ့ ကူညီပါရန် မေတ္တာရပ်ခံဆောင်ရွက်ရမည်၊ ဆောင်ရွက်၍ မရပါက သက်ဆိုင်ရာ မြို့နယ်သံဃနာယက အဖွဲ့သို့ တင်ပြ လျှောက်ထားရမည်။

၂။ ဤစည်းကမ်းကျင့်ဝတ် (၉)ချက်ကို ကိုယ်တိုင် လိုက်နာရန် ပျက်ကွက်သော (သို့မဟုတ်) မိမိ၏ တပည့် ရဟန်း သာမဏေများကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲမှုတာဝန်

http://www.dhammadownload.com



ပျက်ကွက်သော ကျောင်းထိုင်ဘုန်းကြီး (သို့မဟုတ်) ကျောင်းတိုက် နာယကဆရာတော်ကို သက်ဆိုင်ရာ ရပ်/ကျေး သံဃနာယက အဖွဲ့က ခေါ်ယူဆုံးမ ဩဝါဒ ပေးရမည်။

၃။ ရပ်/ကျေး သံဃနာယကအဖွဲ့ (အဖွဲ့မရှိပါက ရပ်/ကျေး သံဃနာယက)က (၃)ကြိမ်တိုင်အောင် ဆုံးမ ဩဝါဒ ပေးပါလျက် လိုက်နာကျင့်သုံးမှုမရှိပါက သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့သို့ အကျိုးအကြောင်း အပြည့်အစုံ ရေးသား၍ တင်ပြလျှောက်ထားရမည်။

## (ဃ) မြို့နယ်သံဃနာယကအဖွဲ့၏ တာဝန်နှင့် ဝတ္တရားများ

၁။ မြို့နယ် သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ ရပ်/ကျေး သံဃနာယကအဖွဲ့နှင့် ရပ်/ကျေး ပြည်သူ့ကောင်စီတို့က နှင်ထုတ်ပါလျက် ထွက်ခွာမသွားသော ခန်းနေရဟန်းသာမဏေကို သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ကောင်စီ၏ အကူအညီကိုရယူ၍ ဖယ်ရှား နှင်ထုတ်ပေးရမည်။

၂။ ထို့ပြင် အဆိုပါခန်းနေ ရဟန်းသာမဏေ၏ သာသနာဝင်မှတ်တမ်းကို မြို့နယ် သံဃနာယကအဖွဲ့က သက်ဆိုင်ရာ ကျောင်းထိုင်ဘုန်းကြီး (သို့မဟုတ်) ကျောင်းတိုက် နာယကဆရာတော်ထံမှ သိမ်းဆည်းရမည်။

၃။ လာရောက်အပ်နှံသည့် ဆရာ၊ သို့မဟုတ် မိဘ၊ သို့မဟုတ် ရဟန်းဒါယကာ တစ်ဦးဦး၏ အာမခံချက်ဖြင့် ကာယကရှင် ကိုယ်တိုင် ဝန်ချတောင်းပန်မှသာလျှင် ယင်းသာသနာဝင် မှတ်တမ်းကို ပြန်လည် ထုတ်ပေးရမည်။

http://www.dhammadownload.com



၄။ မြို့နယ် သံဃနာယကအဖွဲ့သည် ရပ်/ကျေး သံဃနာယကအဖွဲ့၏ ဩဝါဒကိုမလိုက်နာသည့် ကျောင်းထိုင်ဘုန်းကြီး (သို့မဟုတ်) ကျောင်းတိုက်နာယက ဆရာတော်အား ခေါ်ယူ၍ ဤစည်းကမ်းကျင့်ဝတ်ကို တိကျစွာ လိုက်နာကျင့်သုံးစေရန်နှင့် သက်ဆိုင်ရာ ရပ်/ကျေး သံဃနာယကအဖွဲ့၏ ဩဝါဒကို လိုက်နာစေရန် (၂) ကြိမ် တိုင်တိုင် ဆုံးမ ဩဝါဒပေးရမည်။

၅။ ထိုကဲ့သို့ (၂) ကြိမ် တိုင်တိုင် ဆုံးမဩဝါဒပေးပါလျက် လိုက်နာခြင်းမရှိသော ကျောင်းထိုင်ဘုန်းကြီး (သို့မဟုတ်) ကျောင်းတိုက်နာယကဆရာတော်အား သံဃာ့အဖွဲ့ အစည်း လုပ်ထုံးလုပ်နည်းများအရ အရေးယူခြင်း ကျောင်းတိုက်ကို နာမည်ပျက် စာရင်း ထည့်သွင်းကြေညာခြင်း တို့ကို ပြုလုပ်ရမည်။

၆။ ယင်းကဲ့သို့ အရေးယူဆောင်ရွက်ခြင်းကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ အစီရင်ခံ တင်ပြ၍ သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ကောင်စီနှင့် မြို့နယ် သာသနာရေးမှူးတို့အား မိတ္တူပေးပို့ရမည်။

၇။ မြို့နယ်သံဃနာယကအဖွဲ့သည် မိမိ၏ မြို့နယ်အတွင်းရှိ ရဟန်း သာမဏေများကို ဤစည်းကမ်းကျင့်ဝတ်ကို လိုက်နာစေရန် မြို့နယ် ပြည်သူ့ကောင်စီ၏ အကူအညီကို ရယူ၍ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရမည်။

## (င) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၏ တာဝန်နှင့် ဝတ္တရားများ

၁။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် မိမိပြည်နယ်/တိုင်း အတွင်းရှိ ရဟန်း သာမဏေများအားလုံး ဤစည်းကမ်း ကျင့်ဝတ်ကို လိုက်နာစေရန် သက်ဆိုင်ရာ

http://www.dhammadownload.com



ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ၏ အကူအညီကို ရယူ ဆောင်ရွက်ရမည်။

၂။ မိမိ ပြည်နယ်/တိုင်း အတွင်းရှိ မြို့နယ် သံဃနာယကအဖွဲ့ အားလုံး တာဝန်ကျေပွန်စွာ ဆောင်ရွက်စေရန်အတွက် ကြီးကြပ်ကွက်ကဲပေးရမည်။

၃။ ဤစည်းကမ်း ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ရာ၌ အောင်မြင်ချက်များ (သို့မဟုတ်) အခက်အခဲများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထား ရမည်။

၄။ ဤစည်းကမ်း ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ရာ၌ မိမိ ပြည်နယ်/တိုင်းအလိုက်၊ မြို့နယ်အလိုက် အဆင့် ခွဲခြားသတ်မှတ်၍ တစ်ဆင့်ချင်း အခါအားလျော်စွာ ဆောင်ရွက်နိုင်သည်။

ဘဒ္ဒန္တ ဣန္ဒာစာရ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)
(တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက)
အကျိုးတော်ဆောင်ဆရာတော်

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၇၃)
( ပညာရေး )

## အခြေပြုမူလတန်း မသမာဖြေဆိုသူများကိစ္စ။

(၇၊ ၇၊ ၈၆) (၁၊ ၄၊ ၄၈)

အခြေပြုမူလတန်းကို ညွှန်ကြားလွှာ (၆၈) ဖြင့် မြို့နယ် သံဃနာယက အဖွဲ့များသို့ အပ်နှင်း၍ စာမေးပွဲ ကျင်းပစေခဲ့ပါသည်။ ထိုသို့ အခြေပြု မူလတန်းစာမေးပွဲ ကျင်းပစဉ်အခါ မသမာဖြေဆိုသော ပုဂ္ဂိုလ်များအား မည်သို့ အရေးယူရမည်ကို အချို့သော မြို့နယ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ လျှောက်ထားလာပါသည်။

သို့ဖြစ်၍ ၁၃၄၈–ခုနှစ်၊ နယုန်လဆန်း (၇) ရက် (၁၉၈၆–ခုနှစ်၊ ဇွန်လ ၁၄–ရက်) နေ့တွင် ကျင်းပသော ဒုတိယအကြိမ် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ၄၇–ပါးစုံညီ ပဌမ အစည်းအဝေးက မြို့နယ်သံဃ နာယကအဖွဲ့များအား အောက်ပါအတိုင်း အရေးယူဆောင်ရွက်သွား နိုင်ကြစေရန် အခွင့်အာဏာ ပေးလိုက်ပါသည်။

(၁) အခြေပြုမူလတန်း၌ မသမာဖြေဆိုသူများကို မြို့နယ် သံဃနာယက အဖွဲ့ကပင် အရေးယူရန်၊

(၂) အရေးယူရန်နည်းလမ်းမှာ –

(က) မသမာဖြေဆိုသော ပုဂ္ဂိုလ်အား ထိုနှစ် ကျန်သော ဘာသာများကို ဆက်လက်ဖြေဆိုခွင့် မပြုရန်၊

(ခ) မသမာဖြေဆိုသူ၏ အဖြေလွှာများကို စစ်ဆေးခြင်း မပြုရန်၊

http://www.dhammadownload.com



(ဂ) မသမာဖြေဆိုသူကို စာမေးပွဲသွင်းသော ကျောင်းထိုင် ဆရာတော်ထံ စာရေးတိုင်ကြားရန်၊

(ဃ) ယင်းသို့ မသမာဖြေဆိုသည့်အတွက် အပယ်ခံရသူသည် နောက်ထပ်စာမေးပွဲ ဖြေဆိုလိုပါက သူ၏ဆရာကိုယ်တိုင် ဝန်ခံချက်ဖြင့် သွင်းမှသာ ယင်းပုဂ္ဂိုလ်အား လက်ခံရန်၊

(င) ထပ်မံကျူးလွန်ပါက အထောက်အထား ခိုင်လုံစွာဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြရန်။

ဘဒ္ဒန္တ ဓမ္မာဝုဓ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ပညာဝံသ
တွဲဖက် အကျိုးတော်ဆောင် ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၇၄)

**မြို့နယ်၊ ပြည်နယ်/တိုင်းအဆင့်တွင် ပြီးပြတ်သွားသော မှုခင်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ချုပ်၏ ညွှန်ကြားချက် ရယူပြီးမှသာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ညွှန်ကြားခြင်း။**

(၁၄၊ ၁၊ ၈၇) (၁၅၊ ၁၀၊ ၄၈)

၁။ မြို့နယ်၊ ပြည်နယ်/တိုင်းအတွင်း၌ ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်း ဖြစ်ပွားရာတွင် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်း

http://www.dhammadownload.com



ဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆုံးဖြတ်ခြင်း၊ အယူခံလွှာတင်သွင်းလာပါက အယူခံ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆုံးဖြတ်ခြင်းများ ပြုလုပ်ကြရမည် ဖြစ်ပါသည်။ အကယ်၍ မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကိုသော်လည်းကောင်း၊ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကိုသော်လည်းကောင်း မကျေနပ်ပါက သတ်မှတ်ထားသည့် ရက်အတွင်း သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ အယူခံလွှာ တင်သွင်းရမည် ဖြစ်ပါသည်၊ သတ်မှတ်ရက်အတွင်း အယူခံ ဝင်ရောက်လာခြင်းမရှိပါက ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းအခန်း (၇)၊ အပိုဒ် ၅၆၊ (ခ) အရ အယူခံပြီးပြတ်ပြီးသော မှုခင်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၂။ ယင်းလုပ်ထုံးလုပ်နည်းအရ အယူခံပြီးပြတ်သွားသော ဝိနိစ္ဆယမှုခင်းများကို ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အခန်း (၈)၊ အပိုဒ် (၅၈) အရ ဆက်လက်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း အစီရင်ခံစာများအရ သိရှိရပါသည်၊ ယင်းကဲ့သို့ ဆောင်ရွက်မှုသည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းအခန်း (၇)၊ အပိုဒ် ၅၆၊ (ဂ)ပါ ပြဋ္ဌာန်းချက်ကို ကျော်လွန်ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ မိမိတို့ မြို့နယ်/ပြည်နယ်/တိုင်းအတွင်း ဖြစ်ပွားခဲ့သည့် ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းများတွင် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အခန်း (၇)၊ အပိုဒ် ၅၆၊ (ခ) အရ အယူခံပြီးပြတ်သွားသော ဝိနိစ္ဆယမှုခင်းများကို အခန်း (၈)၊ အပိုဒ်(၅၈)အရ ဆက်လက်၍ အကောင်အထည်ဖော် ဆောင်ရွက်မှု မပြုသေးဘဲ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းအခန်း (၇)၊ အပိုဒ် ၅၆၊ (ဂ) အရ ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် အယူခံပြီးပြတ်ပြီးသော မှုခင်း အမှုတွဲအပြည့်အစုံကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အကြောင်းအကျိုးဖော်ပြလျက်

http://www.dhammadownload.com



ပေးပို့အစီရင်ခံရန်နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားချက် ရရှိမှသာလျှင် ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ကြပါရန် လျှောက်ထားညွှန်ကြားအပ်ပါသည်။

ဘဒ္ဒန္တ ဓမ္မာဝုဓ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ပညာဝံသ
တွဲဖက် အကျိုးတော်ဆောင် ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၇၅)

ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် (၄၇) အရ သီးခြား မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့ဖြင့် အရေးယူဆောင်ရွက်ရာ၌ လိုက်နာရန် ညွှန်ကြားခြင်း။
(၁၊ ၇၊ ၈၇) (၈၊ ၄၊ ၄၉)

၁။ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေးကြီးက ၃၀၊ ၅၊ ၈၅ နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့သည့် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း ၁၃၊ အပိုဒ် ၉၃၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ) တို့၌ ဝိနည်းသိက္ခာပုဒ်တော်ကို ကျူးလွန်သည့် ရဟန်းသာမဏေများကို သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့နှင့် မြို့နယ် သံဃနာယကအဖွဲ့တို့က ဆုံးမသြဝါဒပေးခြင်း အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပါရှိပြီး ဖြစ်ပါသည်၊ သို့ရာတွင် ယင်း လုပ်ထုံးလုပ်နည်းများအရ အရေးယူ ဆောင်ရွက်ရာတွင် ထိရောက်မှုမရှိသည်ကို တွေ့ရှိရပါသည်။

http://www.dhammadownload.com



၂။ ထို့ပြင် ကျူးကျော်ကျောင်းစစ်ဆေးရေး အဖွဲ့များ၏ မြို့နယ်အလိုက် စိစစ်တင်ပြချက်အရ ဘုန်းကြီးကျောင်း ဂုဏ်အင်္ဂါနှင့် မညီညွတ်သော ကျူးကျော်ကျောင်းများကို ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ် မပြုကြောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်းကဲ့သို့ ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်ပြုခြင်း မခံရသော ကျူးကျော်ကျောင်းများကို စိစစ်ဆောင်ရွက်ကြရန် နိုင်ငံတော်ကောင်စီက ၉၊ ၈၊ ၈၄ ရက်စွဲပါ စာအမှတ် ၁၂၅/၆၁-၂/နကစ ဖြင့် ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့အားလုံးသို့ ညွှန်ကြားခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် ယင်း ရဟန်းသာမဏေများသည် ဘုန်းကြီးကျောင်း အဖြစ် အသိအမှတ်ပြုခြင်း မခံရသော ကျူးကျော်ကျောင်းများမှ ထွက်ခွာ သွားခြင်း မရှိဘဲ ဆက်လက် နေထိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၃။ တစ်ဖန် ပွဲလမ်းသဘင် ကြည့်ရှုခြင်း သမဏသာရုပ္ပ မဖြစ်သော အလှူခံခြင်းတို့ကို ပြုလုပ်ကျူးလွန်သည့် ရဟန်းသာမဏေများကို အရေးယူ ဆုံးမသြဝါဒပေးနိုင်ရန်အတွက် ကျောင်းထိုင်ဘုန်းကြီးနှင့် ခန်းနေ ရဟန်းသာမဏေတို့ လိုက်နာကျင့်သုံးရန် စည်းကမ်းကျင့်ဝတ်များကို ညွှန်ကြားလွှာအမှတ် (၇၂) ဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ထုတ်ပြန် ညွှန်ကြားခဲ့ပါသည်။ ယင်းညွှန်ကြားလွှာအမှတ် (၇၂) ကို လိုက်နာစေရန် မြို့နယ်ပြည်သူ့ကောင်စီများက အာဏာစက်ဖြင့် ပံ့ပိုးကူညီနိုင်ရန်အတွက် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီးအဖွဲ့က ၂၀၊ ၁၀၊ ၈၆ ရက်စွဲပါ အမိန့်ကြေညာစာအမှတ် ၂၀/ ၈၆ ဖြင့် သမဏသာရုပ္ပ မဖြစ်သော အမှုများကို ကျူးလွန်သည့် သာသနာ့ဝန်ထမ်း ရဟန်း သာမဏေများအပေါ် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်ညွှန်ကြားခဲ့ပါသည်။ ယင်းအမိန့် ကြေညာစာ အပိုဒ်၂၊ (ဃ)တွင် သက်ဆိုင်ရာ သံဃနာယကအဖွဲ့က

http://www.dhammadownload.com



ဆိုဆုံးမ၍မရသော ရဟန်းသာမဏေ ကို သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ပြီးသောအခါ ဆုံးဖြတ်ချက်ကို လိုက်နာစေရန် သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က ဆောင်ရွက်ပေးရန်ဟု ဖော်ပြညွှန်ကြားထားပါသည်။

၄။ သို့ဖြစ်ပါ၍ အဆိုပါ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားလွှာများကို မလိုက်နာသော ဆိုဆုံးမခက်သည့် ဒုဗ္ဗစ ရဟန်း သာမဏေများကို အာဏာစက်ဖြင့် အရေးယူဆောင်ရွက်နိုင်ရန်အတွက် ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်း အဝေးက ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အပိုဒ် (၄၇) ၌ ဖော်ပြ လတ္တံ့ပါ အချက်များကို ဖြည့်စွက်အတည်ပြုခဲ့ပါသည် –

ဖြည့်စွက်ပြီးပြဋ္ဌာန်းချက်

အပိုဒ်–၄၇ (က)--------------------------------

(ခ) ကျောင်း/ ကျောင်းတိုက် စည်းမျဉ်း မလိုက်နာမှု၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာ အမှတ် (၇၂) ပါ စည်းကမ်းကျင့်ဝတ်များကို မလိုက်နာမှု ဘုန်းတော်ကြီး ကျောင်းအဖြစ် အသိအမှတ် မပြုသော အဆောက်အအုံ၌ဖြစ်စေ၊ မဆောက်လုပ်ရန် ဘားမြစ်ထားပါလျက် ဆက်လက်ဆောက်လုပ်နေသော အဆောက်အအုံ၌ဖြစ်စေ တားမြစ်ပါလျက် မလိုက်နာဘဲ သီတင်းသုံး နေထိုင်မှု၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်း အပိုဒ် ၉၃၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည) တို့ကို ကျူးလွန်၍ ၉၃၊ (ဌ) အရ မြို့နယ် သံဃနာယကအဖွဲ့၏ ဆုံးဖြတ်ချက်ကို မလိုက်နာမှု များကို ကျူးလွန်မှုအတွက် အာစာရဝိပတ္တိ၊ အာဇီဝ ဝိပတ္တိဖြင့်

http://www.dhammadownload.com



စွပ်စွဲသည့် အနုဝါဒါဓိကရဏ်း မှုခင်း၌ မြို့နယ်သံဃနာယက အဖွဲ့သည် စာဒနာလွှာ ရရှိသည့် နေ့မှ (၃) ရက်အတွင်း သင့်လျော်သော မြို့နယ် ဝိနည်းဓိုရ် များဖြင့် မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်း ပေးရမည်။

(ဂ) ယင်းမြို့နယ် သီးခြား သံဃဝိနိစ္ဆယအဖွဲ့သည် လုပ်ထုံး လုပ်နည်းများနှင့်အညီ အကျဉ်းနည်းစစ်ဆေး၍ (၃)ရက် အတွင်း ဆုံးဖြတ်ချက် ချမှတ်ရမည်။

(ဃ) ယင်းမြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက် သည် နောက်ဆုံးအပြီးအပြတ် အတည်ဖြစ်သည်။

(င) မြို့နယ်သံဃနာယကအဖွဲ့ မရှိပါက နီးစပ်သင့်လျော်ရာ မြို့နယ်သံဃနာယကအဖွဲ့၌ စာဒနာလွှာတင်သွင်း ဆောင်ရွက် ခွင့် ရှိပါသည်။

(စ) ယင်း မြို့နယ် သီးခြား သံဃဝိနိစ္ဆယအဖွဲ့သည် အပိုဒ် (ခ)ပါ အပြစ်များကို ကျူးလွန်သော ရဟန်းသာမဏေ တစ်ပါးပါးကို စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ ကျောင်း/ ကျောင်းတိုက်မှ ဖြစ်စေ၊ ရပ်ကွက်/ကျေးရွာ အုပ်စုမှ ဖြစ်စေ၊ မြို့နယ်မှဖြစ်စေ ထွက်ခွာသွားရန် တိကျစွာ အည့်သွင်း ဆုံးဖြတ်ပေးရမည်။

(ဆ) ယင်းမြို့နယ် သီးခြား သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက် ကို ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်စေရန် ဆုံးဖြတ်ချက်မူရင်းနှင့်တကွ ပြည်သူ့ကောင်စီသို့ အကြောင်း ကြား၍ မိတ္တူကို ပြည်နယ်/တိုင်းသံဃနာယက အဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ဆောင်ရွက်ချက် အပြည့်အစုံနှင့်တကွ တင်ပြရမည်။

http://www.dhammadownload.com



၅။ သို့ဖြစ်ပါ၍ ဝိနည်းမှုခွဲ လုပ်ထုံးလုပ်နည်းများ အပိုဒ် (၄၇) အရ ဆောင်ရွက်ကြရာ၌ ဖော်ပြလတ္တံ့ပါအတိုင်း လိုက်နာကျင့်သုံး ဆောင်ရွက်သွားကြရန် ညွှန်ကြားအပ်ပါသည်။

(က) ကျောင်း/ကျောင်းတိုက်စည်းမျဉ်း မလိုက်နာမှု

(၁) ကျောင်း/ ကျောင်းတိုက်စည်းမျဉ်း မလိုက်နာသဖြင့် မြို့နယ် သံဃနာယကအဖွဲ့သို့ တိုင်ကြားရာ၌ ကျောင်း/ ကျောင်းတိုက် စည်းမျဉ်းကို ရှေးဦးစွာ မြို့နယ် သံဃနာယက အဖွဲ့သို့ ပေးပို့ထားပြီး ဖြစ်ရမည်။

(၂) ယင်း မှုခင်း၌ ကျောင်းထိုင်ဘုန်းကြီး၊ ကျောင်းတိုက် နာယကအဖွဲ့ သို့မဟုတ် ယင်းတို့၏ ကိုယ်စားလှယ် ဆရာတော်က စောဒကပြုလုပ်စွဲဆိုခြင်းကိုသာ လက်ခံရမည်။

(၃) သီးခြားဂိုဏ်းဝင်ကျောင်းတိုက်များသည် မိမိတို့သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ တင်ပြ စွဲဆိုခွင့်ရှိသည်။

(ခ) ညွှန်ကြားလွှာ ၇၂-ပါ စည်းကမ်းကျင့်ဝတ်များကို မလိုက်နာမှု

(၁) ညွှန်ကြားလွှာ ၇၂-ပါ စည်းကမ်းကျင့်ဝတ်များကို ကျူးလွန်ရာ၌ တည်ဆဲဥပဒေ တစ်ရပ်ရပ်နှင့် ငြိစွန်းသော မှုခင်းဖြစ်ပါက သက်ဆိုင်ရာ ဥပဒေအရ ရှေးဦးစွာ အရေးယူပြီးမှသာ သို့မဟုတ် အရေးယူမှု မရှိမှသာ မြို့နယ် သံဃနာယကအဖွဲ့က အရေးယူ ဆောင်ရွက်ပေး ရမည်။

(၂) စုဒိတကသည် ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက် နာယက ဖြစ်ပါက ရပ်ကွက်/ကျေးရွာ အုပ်စု သံဃနာယက အဖွဲ့ကိုယ်စားလှယ် တစ်ပါးက စောဒကပြုလုပ်စွဲဆိုရမည်။

(၃) ခန်းနေရဟန်းသာမဏေဖြစ်ပါက ကျောင်းထိုင်ဘုန်းကြီး/ ကျောင်းတိုက်နာယကအဖွဲ့၊ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်က စောဒကပြုလုပ် စွဲဆိုရမည်။

http://www.dhammadownload.com



(၄) ကျူးလွန်သည့်ပုဂ္ဂိုလ်ကို လှူဒါယကာ/ အဖွဲ့အစည်းက တွေ့ရှိ၍ ပင့်ခေါ်တင်ပြလာပါက ယင်းလှူဒါယကာ/ အဖွဲ့အစည်းက စောဒက ပြုလုပ် စွဲဆိုနိုင်သည်။

(၅) ကျောင်းထိုင်ဘုန်းကြီးအား ယင်းကျောင်းမှ နှင်ထုတ်ဖယ်ရှားရပါက မြို့နယ် သံဃနာယကအဖွဲ့သည် သင့်လျော်သော ရဟန်းတစ်ပါးကို ယာယီအစောင့်ချထား၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ဆောင်ရွက်မှု အဆင့်ဆင့်ကို ချက်ချင်း အစီရင်ခံ တင်ပြရမည်။

(၆) ယင်းကျောင်းထိုင် ဘုန်းကြီးသည် အာယတိံ သံဝရရှိပါကြောင်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ထောက်ခံချက်ကို တင်ပြနိုင်သည့်အခါ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့က ယင်း ကျောင်း၌ ပြန်လည်နေထိုင်ခွင့် ပြုနိုင်သည်။

(၇) ပါရာဇိကကျလောက်သော မှုခင်းများကို သီးခြားမြို့နယ်သံဃဝိနိစ္ဆယ အဖွဲ့က လက်ခံစစ်ဆေးခြင်း မပြုရ။

## (ဂ) ကျောင်းအဖြစ် အသိအမှတ်မပြုသော အဆောက်အအုံ၌ နေထိုင်မှု

(၁) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်မပြုသော အဆောက်အအုံ၌ဖြစ်စေ၊ သံဃနာယကအဖွဲ့အဆင့်ဆင့်က ကျောင်းမဆောက်လုပ်ရန် တားမြစ်ကန့်ကွက်ထားပါးလျက် ဆက်လက်ဆောက်လုပ်နေသော အဆောက်အအုံ၌ဖြစ်စေ နေထိုင်သော ရဟန်းသာမဏေများကို ပြည်နယ်/တိုင်း သာသနာရေးမှူးက စောဒကပြုလုပ်၍ စွဲဆိုရမည်။

http://www.dhammadownload.com



(၂) ထိုသို့စွဲဆိုရာ၌ စောဒနာလွှာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ကျောင်းအဖြစ် အသိအမှတ်မပြုကြောင်း အတည်ပြုချက်၊ (သို့မဟုတ်) ဆက်လက်ဆောက်လုပ်ခွင့်မပြုကြောင်း ဆုံးဖြတ်ချက်ကို အထောက်အထား အဖြစ် ပူးတွဲပါရှိစေရမည်။

(၃) ဒိုဒ် (ဂ) အရ အရေးယူရာ၌ စွဒိတက ရဟန်းသာမဏေတို့သည် သီးခြားဂိုဏ်းဝင်ဖြစ်ပါက သီးခြားဂိုဏ်းမှ အဆင့်တူမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင် ဆရာတော်များကို၊ အဖွဲ့မရှိပါက အဆင့်တူ နာယကဆရာတော်ကိုပင့်ဆောင် စည်းဝေး၍ ပင့်ဆောင်ပါလျက် ကြွရောက်သည်ဖြစ်စေ မကြွရောက်သည်ဖြစ်စေ သီးခြားသံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

**(ဃ) သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အပိုဒ် ၉၃၊(ဍ) အရ အရေးယူမှု**

(၁) သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အပိုဒ် ၉၃၊ (ဍ) အရ အရေးယူရာ၌ ယင်းလုပ်ထုံးလုပ်နည်း အပိုဒ် ၉၃၊ (စ) (ဆ)၊ (ဇ)၊ (ဈ)၊ (ည) တို့အရ အဆင့်ဆင့်ဆောင်ရွက်မှု မှတ်တမ်း အပြည့်အစုံ ပါရှိစေရမည်။

(၂) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့က ခေါ်ယူဆုံးမမှုကို ဆန့်ကျင်သော ရဟန်းသာမဏေများအား မြို့နယ်သံဃနာယကအဖွဲ့က ဓမ္မသည်းတရားတော်နှင့်အညီ ဆုံးမဩဝါဒပေးရမည်။

(၃) မြို့နယ်သံဃနာယကအဖွဲ့၏ ဆုံးမဩဝါဒကို လိုက်နာရန် ငြင်းဆန်နေမှသာလျှင် သီးခြား မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

http://www.dhammadownload.com



(၄) ထိုသို့ အဆင့်ဆင့် ဆောင်ရွက်မှုသည် ကျောင်း/ ကျောင်းတိုက်အုပ်ချုပ်ရေးကို တမင်ထိခိုက်အောင် သို့မဟုတ် တမင်ဂုဏ်သိက္ခာ ထိပါးညှိုးနွမ်းအောင် ဆောင်ရွက်မှုမျိုး ဖြစ်ကြောင်း တွေ့ရှိရပါက ဆောင်ရွက်သော နာယက၊ သို့မဟုတ် နာယကအဖွဲ့သည် သံဃာ့အဖွဲ့ အစည်းဝင် အဖြစ်မှ ရပ်စဲသည်အထိ အရေးယူခြင်းခံရမည်။

(၅) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကဆရာတော် သို့မဟုတ် အဖွဲ့သည် မိမိနှင့် ဂိုဏ်းတူရဟန်းသာမဏေ များကိုသာ ခေါ်ယူဆုံးမခွင့်၊ အဆင့်ဆင့် တင်ပြဆောင်ရွက် ခွင့်ရှိသည်။

(၆) အပိုဒ် (ဃ) အရ အရေးယူရာ၌ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၏ ကိုယ်စားလှယ် ဆရာတော်တစ်ပါး ပါးက စောဒကအဖြစ် ဆောင်ရွက်ရမည်။

## (င) အထွေထွေ

(၁) ဝိနည်းမွေက် အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်း (ပြင်ဆင်ဖြည့်စွက်ချက်) အပိုဒ် (၄၇) အရ အရေးယူဆောင်ရွက်ရာတွင် စုဒိတကသည် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင် ဆရာတော် ဖြစ်နေခဲ့သော် စောဒနာလွှာကို ဘက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ တင်သွင်းရမည်။

(၂) သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် ယင်းစောဒနာလွှာကို ယင်း ပြည်နယ်/တိုင်း အတွင်းရှိ အခြားနီးစပ်သင့်လျော်သော မြို့နယ်သံဃနာယကအဖွဲ့သို့ ပေးပို့ဆောင်ရွက်စေရမည်။

http://www.dhammadownload.com



(၃) စုဒိတကသည် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်နှင့် နိုင်ငံတော်အဆင့် ဆရာတော် တစ်ပါးပါးဖြစ်ခဲ့သော်၊ စောဒနာလွှာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်သွင်းရမည်။

(၄) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အကျိုးတော်ဆောင် အပေါ် စွဲဆိုသည့် စောဒနာလွှာကို အခြား ပြည်နယ်/တိုင်း အတွင်းရှိ သင့်လျော်သော မြို့နယ် သံဃနာယကအဖွဲ့သို့ ပေးပို့ဆောင်ရွက်စေရန်ဖြစ်သည်။ နိုင်ငံတော် အဆင့် ဆရာတော်တစ်ပါးပါးအပေါ် စွဲဆိုလာသော စောဒနာလွှာကို သံဃာ့ အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ အရ အရေးယူဆောင်ရွက်ရန် ဖြစ်သည်။

(၅) သီးခြား မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ရာ၌ သောနောလွှာ တောင်းခံရန် မလို။

ဘဒ္ဒန္တ ဉာဏာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏသိရီ
တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၇၆)

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ၊ ရတနာမာရ်အောင် ရွာဦးကျောင်း ဘုန်းကြီး ဦးပုညာစာရ၏ သိမ်သမုတ်ခြင်းဆိုင်ရာ ဝါဒနှင့် စပ်လျဉ်း၍ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၉) ၏ဆုံးဖြတ်ချက်ကို လိုက်နာရန် ညွှန်ကြားခြင်း။ (၂၇၊ ၂၊ ၈၈) (၁၁၊ ၁၂၊ ၄၉)

၁။ ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ၊ ရတနာမာရ်အောင် ရွာဦးကျောင်း ဘုန်းကြီး ဦးပုညာစာရသည် သိမ်သမုတ်ရာ၌ ဝိသုံဂါမသိမ် အမိန့်ခံယူရန် မလို၊ နယ်သိမ်းရန်လည်းမလို၊ သိမ်နုတ်ရန်လည်းမလို၊ သိမ်နိမိတ်အတွင်းရှိ သံဃာများ ဟတ္ထပါသ် မစပ်သော်လည်း သိမ်သမုတ်မှု အောင်မြင်သည်ဟု ဖွဲလမ်းယူဆနေပါသည်။ ယင်းအယူဝါဒနှင့် စပ်လျဉ်း၍ ဓောဒကဆရာတော် (၃)ပါးတို့၏ စွဲဆိုချက်အရ နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၉)က ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဓောဒက–စုဒိတကနှစ်ဖက်စုံညီစစ်ဆေး၍ ၁၃၄၉–ခုနှစ်၊ တပေါင်း လဆန်း ၉–ရက် (၁၉၈၈–ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅–ရက်) နေ့တွင် ဖော်ပြလတ္တံ့ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

## ဆုံးဖြတ်ချက်

(က) ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ၊ ရတနာမာရ်အောင် ရွာဦးကျောင်းဆရာတော် ဦးပုညာစာရ၏ သိမ်သမုတ်ခြင်းနှင့် ပတ်သက်၍ နယ်သိမ်းရန်မလိုခြင်း၊ ဝိသုံဂါမ အမိန့်ရယူရန် မလိုခြင်း၊ သိမ်နုတ်ရန်မလိုခြင်း၊ သိမ်နိမိတ်အတွင်း ရောက်နေသော သံဃာများသည် ဟတ္ထပါသ်

http://www.dhammadownload.com



စပ်သည်ဖြစ်စေ၊ မစပ်သည်ဖြစ်စေ ညီညွတ်စွာ ကမ္မဝါဖတ်၍ သမုတ်ပါက ဓမ္မေန သမဂ္ဂကမ္မဖြစ်ခြင်းဟူသော အယူဝါဒ၊ များသည် ထေရဝါဒ ဝိနည်းဒေသနာတော်များနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒ၊ အဝိနယဝါဒ သာ ဖြစ်သည်။ သို့ဖြစ်၍ ယင်းအယူဝါဒ တို့ကို ဟောပြောခြင်း၊ ကျင့်သုံးခြင်း၊ စာအုပ်စာတမ်း ရိုက်နှိပ်ဖြန့်ဝေခြင်း စသည်တို့ကို မပြုရ။

(ခ) စုဒိတက ဦးပုညာစာရသည် အဓမ္မ၊ အဝိနယဝါဒီ ပုဂ္ဂိုလ် ဖြစ်သည်။ သို့ဖြစ်၍ ယင်း၏အယူဝါဒတို့ကို စွန့်လွှတ်ရမည်။

(ဂ) ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်းသိမ်သည် ဝိနည်းဒေသနာတော်၌ လာသော သိမ်သမုတ်နည်းတို့ကို မကျင့်သုံးဘဲ ဆန့်ကျင်၍ သမုတ်ကြောင်း ထင်ရှားသောကြောင့်လည်းကောင်း၊ သိမ်သမုတ်ချိန်တွင် ဂါမခေတ်အတွင်း၌ ရဟန်း (၂) ပါး ရှိနေကြောင်း ထင်ရှားသဖြင့် ဝဂ္ဂ ကံ ဖြစ်သောကြောင့်လည်းကောင်း၊ မအောင်မြင်သော သိမ်ပျက်သာဖြစ်သည်။

(ဃ) ပဲခူးကျောင်း သိမ်နှင့် အတူတင်ပြထားသော သိမ် ၄-လုံးအပါအဝင် စုဒိတက ဦးပုညာစာရ ခေါင်းဆောင်ကာ ဝိနည်းဒေသနာတော်၌လာသော သိမ်သမုတ်နည်းတို့ကို မကျင့်သုံးဘဲ ဆန့်ကျင်၍ သမုတ်ထားသော သိမ်အားလုံးတို့သည် မအောင်မြင်သော သိမ်ပျက်များသာ ဖြစ်ကြသည်။

(င) ဖော်ပြပါ သိမ်ပျက်တို့၌ ဥပသမ္ပဒကံဖြင့် ရဟန်းပြုခဲ့ကြသော ပုဂ္ဂိုလ်တို့ကိုလည်း သက်ဆိုင်ရာ သံဃာ့အဖွဲ့အစည်းများနှင့် သာသနာရေးဦးစီးဌာနတို့က လိုအပ်သလို စိစစ်ဆောင်ရွက်၍ ပြန်လည် ရဟန်းပြုစေရမည်။

http://www.dhammadownload.com



၂။ ယင်း ဆုံးဖြတ်ချက်အရ ၁၃၄၉–ခုနှစ်၊ တပေါင်းလဆန်း ၉–ရက် (၁၉၈၈–ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅–ရက်) နေ့မှာပင် နိုင်ငံတော် သံဃ မဟာနာယကဆရာတော်များ ရှေ့မှောက်၌ စုဒိတက ဦးပုညာစာရသည် အဓမ္မဝါဒ၊ အဝိနယဝါဒ အဖြစ် ဆုံးဖြတ်ခြင်းခံရသော မိမိ၏သိမ်သမုတ်မှု ဆိုင်ရာ အယူဝါဒများကို စွန့်လွှတ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သည် မိမိမြို့နယ် အတွင်း၌ ဦးပုညာစာရ၏ သိမ်သမုတ်မှုဆိုင်ရာ အဓမ္မဝါဒ၊ အဝိနယဝါဒ၌ သက်ဝင်ယုံကြည်လိုက်နာ နေကြသော ပုဂ္ဂိုလ်များကို မြို့နယ် ပြည်သူ့ကောင်စီ ၏ အကူအညီဖြင့် မြို့နယ် သံဃနာယကအဖွဲ့တည်ရာဌာနသို့ ခေါ်ယူ၍ ဖော်ပြလတ္တံ့ပါအချက်များပါဝင်သည့် ပဋိညာဉ် ဝန်ခံစာတမ်းပေါ်တွင် လက်မှတ်ရေးထိုးစေရေးအတွက် ဆောင်ရွက်ကြရန် ညွှန်ကြားလိုက်ပါသည်။

## အဓမ္မဝါဒီ စွန့်လွှတ်ကြောင်း ဝန်ခံစာတမ်း

(က) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၉) က အဓမ္မဝါဒ၊ အဝိနယဝါဒအဖြစ် ဆုံးဖြတ်ထားသော အယူဝါဒများကို လုံးဝစွန့်လွှတ်ပါကြောင်း။

(ခ) ယခုအချိန်မှစ၍ ရှေ့သို့ဆက်လက်ပြီး ယင်း အဓမ္မဝါဒ၊ အဝိနယဝါဒကို ကျင့်သုံးခြင်း၊ ဟောပြောခြင်း၊ ရေးသားခြင်း ဆွေးနွေးခြင်း၊ တိုက်တွန်းဖွင့်ခြင်း၊ သင်တန်းပေးခြင်း စသည့် အပြုအမူအားလုံးကို မိမိတို့ကိုယ်တိုင်လည်း ပြုလုပ်မည် မဟုတ်သည့်အပြင် မိမိတို့နှင့် ပတ်သက်သူများအားလည်း ပြုလုပ်စေကြမည် မဟုတ်ပါကြောင်း။

http://www.dhammadownload.com



(ဂ) အထက်ပါ အဓမ္မဝါဒ၊ အဝိနယဝါဒဆိုင်ရာ စာအုပ်၊ စာတမ်း၊ တိတ်ခွေ၊ အထိမ်းအမှတ် စသည်တို့ကို သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့သို့အပ်နှံခြင်းများကိုလည်း ပြုလုပ်ကြမည်၊ ပြုလုပ်စေကြမည် ဖြစ်ပါကြောင်း။

(ဃ) ယခင်က ထိုအဓမ္မဝါဒ၊ အဝိနယဝါဒနှင့်ပတ်သက်၍ သုံးစွဲခဲ့သော အသင်းအဖွဲ့အမည်များ၊ အသင်းအဖွဲ့များ၊ ကျင့်သုံးခဲ့သော သိမ်များ စသည်တို့ကိုလည်း လုံးဝတာဝန်ယူ၍ ဖျက်သိမ်းကြမည်၊ ဖျက်သိမ်းစေကြမည် ဖြစ်ပါကြောင်း။

၄။ ထိုကဲ့သို့ ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီးဖြစ်ကြောင်း စာရင်းနှင့်တကွ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထား၍ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ မိတ္တူများ ပေးပို့ရန် ထပ်မံညွှန်ကြားလိုက်ပါသည်။

၅။ ထိုသိမ်သမုတ်မှုဆိုင်ရာ အယူဝါဒ၌ သက်ဝင်ယုံကြည်ကြသော ပုဂ္ဂိုလ်များစာရင်းကိုလည်း ပူးတွဲပေးပို့လိုက်ပါသည်။

ဘဒ္ဒန္တ ဉာဏာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏသိရိ
တွဲဖက် အကျိုးတော်ဆောင် ဆရာတော်

---

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၇၇)

စေတီသစ်တည်ခြင်း၊ စေတီဟောင်းပြုပြင်ခြင်း၊ ကျောင်းသစ်များဆောက်လုပ်ခြင်း စသည်တို့နှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်ညွှန်ကြားခြင်း။ (၁၂၊ ၇၊ ၈၉) (၁၀၊ ၄၊ ၅၁)

၁။ ၁၃၄၂-ခုနှစ်၊ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဆုံးဖြတ်ချက်အရ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖြစ်ပေါ်လာပြီးနောက် စေတီသစ်တည်ခြင်း၊ စေတီဟောင်းပြုပြင်ခြင်း၊ ကျောင်းသစ်များတည်ထောင် ဆောက်လုပ်ခြင်း စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က သံဃနာယကလက်စွဲဖြင့်လည်းကောင်း၊ ညွှန်ကြားလွှာအမှတ် ၂၁၊ ၂၂၊ ၂၉၊ ၃၃၊ ၄၁ တို့ဖြင့်လည်းကောင်း၊ အထက်အောက် ညှိနှိုင်းသဘောတူညီချက်များဖြင့်လည်းကောင်း ညွှန်ကြား ဆောင်ရွက်ခဲ့ပါသည်။

၂။ သို့ရာတွင် အချို့သော ညွှန်ကြားလွှာများနှင့် အချို့သော ညွှန်ကြားလွှာများရှိ အပိုဒ်အချို့တို့မှာ အချိန်အခါအရလည်းကောင်း၊ လုပ်ငန်းသဘောအရလည်းကောင်း မလိုအပ်တော့သဖြင့် ဖော်ပြလတ္တံ့ပါ အတိုင်း လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားလိုက်ပါသည် —

(က) စေတီသစ်တည်ခြင်း၊ စေတီဟောင်းပြုပြင်ခြင်း၊ ကျောင်းသစ်တည်ဆောက်ခြင်း၊ တရားပွဲကျင်းပခြင်း၊ လှည့်လည်အလှူခံခြင်း ကိစ္စတို့ကို ရပ်ကွက်/ကျေးရွာ အုပ်စုတို့၌ သက်ဆိုင်ရာ သံဃနာယကအဖွဲ့ (သံဃနာယကအဖွဲ့မရှိလျှင်) သံဃနာယကဆရာတော်များ၏ ထောက်ခံချက်ဖြင့် မြို့နယ်သံဃနာယကအဖွဲ့၏ ခွင့်ပြုချက်ကို ရယူပြီးမှသာ ဆောင်ရွက်ကြရန်။

http://www.dhammadownload.com



(ခ) အကယ်၍ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ အုပ်စုအတွင်း၌ ဂိုဏ်းအများမှ သံဃနာယကအဖွဲ့များ/ သံဃနာယကများ ရှိနေပါက ယင်းအဖွဲ့များ/ သံဃနာယကများ၏ အချင်းချင်း သာသနာတော်၏ အကျိုးစီးပွားကို ဦးတည်၍ ညှိနှိုင်း တိုင်ပင်ကာ ခွင့်ပြုကြရန်နှင့် ယင်းခွင့်ပြုချက်ကို ရယူပြီးမှသာ ဆောင်ရွက်ကြရန်။

(ဂ) အထက်အပိုဒ်ခွဲ (က)၊ (ခ) တို့အရ ခွင့်ပြုချက်ကို ရယူခြင်း မပြုဘဲ ဆောက်လုပ်သည်ကို တွေ့ရှိရပါက စေတီဖြစ်လျှင် ဆက်လက်တည်ဆောက်ခွင့် မပြုဘဲ ရပ်ဆိုင်းထားစေရန်၊ ကျောင်းဖြစ်ပါက ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်မပြုရန်။

(ဃ) စေတီအသစ်နှင့် ကျောင်းအသစ် တည်ဆောက်ရာ၌ လူနေ အိမ်ဝင်းအတွင်း၌ ဖြစ်စေ၊ လူနေအိမ်များအကြား၌ဖြစ်စေ၊ အခြားကြည်ညိုဖွယ် မဆောင်သော နေရာများ၌ဖြစ်စေ တည်ဆောက်ခွင့် မပြုရန်။

၃။ ကျောင်းအသစ် တည်ဆောက်ရာ၌ အပိုဒ် (၂) ပါ သတ်မှတ်ချက် များနှင့်ညီညွတ်၍ ဖော်ပြလတ္တံ့ပါအချက်အလက်များနှင့် ညီညွတ်လျှင် ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်ပြုနိုင်သည်။

(က) အစိုးရပိုင်မြေ၌ ဖြစ်လျှင် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက ကန့်ကွက်မှုမရှိခြင်း၊ ထိုမြေကို အသုံးချရန် အစိုးရ၌ လောလောဆယ် စီမံကိန်း မရှိသေးခြင်း။

(ခ) ပုဂ္ဂလိကမြေ၌ဖြစ်လျှင် ပိုင်ရှင်အစစ်အမှန် ဖြစ်သူ၏ စာဖြင့် ခွင့်ပြုချက်ရရှိခြင်း။

http://www.dhammadownload.com



(ဂ) လူနေအိမ်ကိုကျောင်းအဖြစ် အသုံးပြုထားလျှင် ကုဋိကာရ သိက္ခာပုဒ်တော်နှင့်အညီ ကျောင်းဝင်းဥပစာ လုံလောက်မှုရှိ၍ ယင်း အဆောက်အအုံသည် ဘုန်းကြီးကျောင်းအဖြစ် သင့်လျော်ခြင်း၊ အိမ်နှင့်ကျောင်း လွဲမှားနိုင်သော အနေအထား မရှိခြင်း။

(ဃ) ဘုရားပရိဝုဏ်အတွင်း၌ တည်ဆောက်ထားသော အဆောက် အအုံဖြစ်လျှင် ဘုရားတန်ဆောင်း၊ သိမ်၊ ဇရပ်၊ ဓမ္မာရုံ မဟုတ်ဘဲ ဘုန်းကြီးကျောင်းဖြစ်ခြင်း။

(င) ဘုရားဂေါပကရှိလျှင် ဂေါပက၏ခွင့်ပြုချက်အရဖြစ်စေ၊ ဂေါပကမရှိလျှင် စေတီကိုစောင့်ရှောက်ရန်အတွက်ဖြစ်စေ တည်ဆောက်ထားသော စေတိယသင်္ဂြိုက မဟုတ်သော ကျောင်းဖြစ်ခြင်း၊

(စ) ထိုကျောင်းထိုင်ဆရာတော်သည် ပတ်ဝန်းကျင် ဂိုဏ်းတူ သံဃာများနှင့် အာမိသသမ္ဘောဂ၊ ဓမ္မသမ္ဘောဂ ဆက်ဆံမှု ရှိခြင်း။

၄။ ကျေးလက်တောရွာများ၌ ကျောင်းအဆောက်အအုံနှင့် ကျောင်းထိုင် ဘုန်းကြီး၏ အရည်အချင်းကို အတိအကျသတ်မှတ်ခြင်းမပြုဘဲ အစဉ်အလာ အရ ကိုးကွယ်သည့် ဒါယကာ ဒါယိကာမများ အလုံအလောက် ရှိလျှင် သာသနာ့မြေဖြစ်ရေးအတွက် ထောက်ခံချက် ပေးရန်။

၅။ ဘုန်းတော်ကြီးကျောင်း လုံးဝမရှိသော ရပ်ကွက်/ကျေးရွာများ၌ ယင်းရပ်ကွက်/ကျေးရွာရှိ ဒါယကာ၊ ဒါယိကာမများ ညီညွတ်မှုရှိရမည့်အပြင်

http://www.dhammadownload.com



ပစ္စည်းလေးပါးထောက်ပံ့နိုင်သော ဒါယကာ၊ ဒါယိကာမများ အလုံအလောက် ရှိ၍ ကျောင်းထိုင်အင်္ဂါနှင့်ပြည့်စုံသော ကျောင်းထိုင်ဘုန်းကြီး သီတင်းသုံးမည်ဆိုပါက ဤညွှန်ကြားလွှာအပိုဒ် (၂)၊ အပိုဒ်ခွဲ (ဃ) ပါ သတ်မှတ်ချက်များနှင့် မဆန့်ကျင်လျှင် ကျောင်းအသစ်တည်ဆောက်ခြင်းကို ခွင့်ပြုရန်။

၆။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ညှိနှိုင်းဆွေးနွေးပွဲ ပြန်လည်ဖြေကြားချက် စာအုပ်၊ စာမျက်နှာ ၉၃/၉၄ အရ မူလကျောင်းရှိသော်လည်း ဂန္ထဓုရ၊ ဝိပဿနာဓုရ (၂)မျိုးတို့တွင် တစ်မျိုးမျိုးကိုမျှ အားမထုတ်ဘဲ သာသနာတော်၏ အစီးအပွားအတွက် ကြောင့်ကြမဲ့ နေထိုင်သဖြင့် နောက်ထပ် ကျောင်းတစ်ကျောင်းဆောက်လုပ်လိုပါက ဖော်ပြလတ္တံ့ပါ အင်္ဂါရပ်များနှင့် ပြည့်စုံရပါမည် –

(က) ကျောင်းထိုင်ဘုန်းကြီးသည် အနည်းဆုံး ဓမ္မာစရိယ အောင်မြင်ပြီး၊ (သို့မဟုတ်) ကျောင်းထိုင်ဘုန်းကြီး သင်တန်းဆင်း အောင်လက်မှတ်ရပြီး သိက္ခာ (၁၀)ဝါ ရှိရမည်။

(ခ) ပစ္စည်းလေးပါးထောက်ပံ့သူ အိမ်ထောင်စု အနည်းဆုံး (၁၅၀) ရှိရမည်၊

(ဂ) ဂန္ထဓုရနှင့် ဝိပဿနာဓုရ (၂) မျိုးတို့တွင် တစ်မျိုးမျိုးကို အမှန်တကယ် ထမ်းဆောင်ရမည်။

၇။ ဝိနိစ္ဆယအဖွဲ့၌ အမှုရှုံးပြီးနောက် ယင်းအမှုဖြစ်ပွားရာ ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်း၌ ကျောင်းခွဲတည်ဆောက်ခြင်းကို မည်သည့်ဂိုဏ်းကမျှ ခွင့်ပြုခြင်း၊ အသိအမှတ်ပြုခြင်း မပြုလုပ်ရန်။

၈။ တောရကျောင်းဖြစ်လျှင် ဂန္ထဓုရ၊ ဝိပဿနာဓုရ သာသနာ့တာဝန်တို့ကို ထမ်းဆောင်သော ကျောင်းထိုင်ဘုန်းကြီး သီတင်းသုံးမည်ဖြစ်ပါက

http://www.dhammadownload.com



အာရညကံ နာမ သေနာသနံ ပဥ္စဓနုသတိကံ ပစ္ဆိမံ၊ (ဝိ၊ ၁၊ ၃၇၇။ ဝိ၊ ၂၊၂၃၆) နှင့်အညီ ရွာတံခါးမှ တိုင်းတာလျှင် ကုပ်လုပ်လေး (ညို့တင်ထားလျှင် လေးတောင်ရှိသော လေး) ဖြင့် အပြန်ငါးရာ (ကိုက်တစ်ထောင်၊ အတောင်နှစ်ထောင်) ဝေးကွာသော အရပ်၌ တည်ဆောက်ခွင့်ပြုရန်။

၉။ ဤညွှန်ကြားလွှာဖြင့် ယခင်ထုတ်ပြန်ခဲ့ပြီးသော ညွှန်ကြားလွှာအမှတ် ၂၁၊ ၂၂၊ ၂၉၊ ၃၃၊ ၄၁ တို့ကို ပယ်ဖျက်လိုက်သည်။

| | |
|---|---|
| ဘဒ္ဒန္တ သောဘိတ | ဘဒ္ဒန္တ ဇောဓေဘာသာဘိဝံသ |
| (အဘိဓဇမဟာရဋ္ဌဂုရု) | (အဂ္ဂမဟာပဏ္ဍိတ) |
| ဒုတိယ ဥက္ကဋ္ဌဆရာတော် | တွဲဖက် အကျိုးတော်ဆောင် ဆရာတော် |

---

# ညွှန်ကြားလွှာ အမှတ် (၇၇)

စေတီသစ်တည်ခြင်း၊ စေတီဟောင်းပြုပြင်ခြင်း၊ ကျောင်းသစ်များ တည်ထောင်ဆောက်လုပ်ခြင်း စသည်တို့နှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားခြင်း၊ (၇၊ ၇၊ ၉၂) (၈၊ ၄၊ ၅၄)

၁။ ၁၃၄၂-ခုနှစ်၊ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဆုံးဖြတ်ချက်အရ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖြစ်ပေါ်လာပြီးနောက် စေတီသစ်တည်ခြင်း၊ စေတီဟောင်းပြုပြင်ခြင်း၊ ကျောင်းသစ်များတည်ထောင် ဆောက်လုပ်ခြင်း စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က

http://www.dhammadownload.com



သံဃနာယကလက်စွဲဖြင့်လည်းကောင်း၊ ညွှန်ကြားလွှာအမှတ် ၂၁၊ ၂၂၊ ၂၉၊ ၃၃၊ ၄၁ တို့ဖြင့်လည်းကောင်း၊ အထက်အောက် ညှိနှိုင်းသဘောတူညီချက်များဖြင့်လည်းကောင်း ညွှန်ကြားဆောင်ရွက်ခဲ့ပါသည်။

၂။ သို့ရာတွင် အချို့သော ညွှန်ကြားလွှာများရှိ အပိုဒ်အချို့တို့မှာ အချိန်အခါအရလည်းကောင်း၊ လုပ်ငန်းသဘောအရလည်းကောင်း ပြည့်စုံလုံလောက်မှု မရှိသဖြင့် ဖော်ပြလတ္တံ့ပါအတိုင်း လိုက်နာ ဆောင်ရွက်ကြရန် ညွှန်ကြားလိုက်သည် –

(က) စေတီသစ်တည်ခြင်း၊ စေတီဟောင်းပြုပြင်ခြင်း၊ ကျောင်းသစ်တည်ထောင်ဆောက်လုပ်ခြင်း ကိစ္စတို့ကို သက်ဆိုင်ရာတို့ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် မြို့နယ်သံဃနာယကအဖွဲ့သို့တင်ပြရန်။

(ခ) ယင်းတင်ပြချက်ကို မြို့နယ်သံဃနာယကအဖွဲ့၏ အစည်းအဝေးဖြင့် စိစစ်ဆုံးဖြတ်ပြီးလျှင် လုပ်ထုံးလုပ်နည်း၊ သံဃနာယကလက်စွဲ၊ ညွှန်ကြားလွှာ၊ အထက်အောက် ညှိနှိုင်းသဘောတူညီချက်များနှင့် ညီညွတ်ပါက ခွင့်ပြုရန်၊ မညီညွတ်ပါက မိမိသဘောထား မှတ်ချက်နှင့်တကွ နိုင်ငံတော်သံဃမဟာနယကအဖွဲ့သို့ တင်ပြရန်။

(ဂ) မြို့နယ်သံဃနာယကအဖွဲ့၏ ဆောင်ရွက်ချက်ကို မကျေနပ်၍ တိုင်ကြားလာပါက တာဝန်ကျ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က သင့်လျော်သော စုံစမ်းစိစစ်ရေး အဖွဲ့ဖြင့် စုံစမ်းစိစစ်တင်ပြစေပြီးလျှင် ယင်းတင်ပြချက်ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇–ပါးစုံညီ အစည်းအဝေးဖြင့် ဆုံးဖြတ်ရန်။

http://www.dhammadownload.com



(ဃ) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့က ထောက်ခံသင့်လျက် မထောက်ခံခဲ့သော် မြို့နယ်သံဃနာယကအဖွဲ့က ကိုစမ်းစီစစ်၍ လုပ်ထုံးလုပ်နည်း၊ သံဃနာယကလက်စွဲ၊ ညွှန်ကြားလွှာ၊ အထက်အောက် ညှိနှိုင်း သဘောတူညီချက်များနှင့် ညီညွတ်ကြောင်း တွေ့ရှိပါက အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ခွင့်ပြုရန်၊

(င) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၏ ခွင့်ပြုချက်ကို ရယူခြင်းမပြုဘဲ ဆောက်လုပ်သည်ကို တွေ့ရှိရလျှင် စေတီဖြစ်ပါက ဆက်လက်တည်ဆောက်ခွင့်မပြုဘဲ ရပ်ဆိုင်းထားစေရန်၊ ဆောက်လုပ်ဆဲ ကျောင်းဖြစ်ပါက ရပ်ဆိုင်းထားစေရန်၊ ဆောက်လုပ်ပြီး ကျောင်းဖြစ်ပါက ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ် မပြုရန်။

၃။ စေတီအသစ်၊ ကျောင်းအသစ် တည်ထောင် ဆောက်လုပ်ရာ၌ အောက်ပါ အချက်အလက်များနှင့်ပြည့်စုံပါက ရပ်/ကျေး သံဃနာယကအဖွဲ့က ထောက်ခံနိုင်သည် –

(က) လူနေအိမ်ဝင်းအတွင်း၌ ဖြစ်စေ၊ လူနေအိမ်များအကြား၌ဖြစ်စေ၊ အခြား ကြည်ညိုဖွယ်မဆောင်သော နေရာများ၌ဖြစ်စေ တည်ဆောက်ခြင်းမပြုဘဲ အခြားသင့်လျော်သော နေရာ၌ တည်ဆောက်ခြင်း။

(ခ) အစိုးရပိုင်မြေ၌ဖြစ်လျှင် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက ကန့်ကွက်မှုမရှိခြင်း၊ ထိုမြေကို အသုံးချရန် အစိုးရ၌ လောလောဆယ် စီမံကိန်း မရှိသေးခြင်း။

(ဂ) ပုဂ္ဂလိကမြေ၌ဖြစ်လျှင် ပိုင်ရှင်အစစ်အမှန် ဖြစ်သူ၏ စာဖြင့် ခွင့်ပြုချက်ရရှိခြင်း။

http://www.dhammadownload.com



(ဃ) လူနေအိမ်ကိုကျောင်းအဖြစ် အသုံးပြုထားလျှင် ကုဋိကာရ သိက္ခာပုဒ်တော်နှင့်အညီ ကျောင်းဝင်းဥပစာ လုံလောက်မှုရှိ၍ ယင်း အဆောက်အအုံသည် ဘုန်းကြီးကျောင်းအဖြစ် သင့်လျော်ခြင်း၊ အိမ်နှင့်ကျောင်း လွဲမှားနိုင်သော အနေအထား မရှိခြင်း။

(င) ဘုရားပရိဝုဏ်အတွင်း၌ တည်ဆောက်ထားသော အဆောက် အအုံဖြစ်လျှင် ဘုရားတန်ဆောင်း၊ သိမ်၊ ဇရပ်၊ ဓမ္မာရုံ မဟုတ်ဘဲ ဘုန်းကြီးကျောင်းဖြစ်ခြင်း။

(စ) ဘုရားဂေါပကရှိလျှင် ပင်ရင်းဂေါပက၏ ခွင့်ပြုချက်အရဖြစ်စေ၊ ဂေါပကမရှိလျှင် စေတီကိုစောင့်ရှောက်ရန်အတွက်ဖြစ်စေ တည်ဆောက်ထားသော စေတိယသင်္ဃိက မဟုတ်သော ကျောင်းဖြစ်ခြင်း၊

(ဆ) ထိုကျောင်းထိုင်ဆရာတော်သည် ပတ်ဝန်းကျင်ဂိုဏ်းတူ သံဃာများနှင့် အာမိသ သမ္ဘောဂ၊ ဓမ္မသမ္ဘောဂ ဆက်ဆံမှု ရှိခြင်း။

၄။ ဘုန်းတော်ကြီးကျောင်း လုံးဝ မရှိသော ရပ်ကွက်/ကျေးရွာများတွင် ကျောင်းသစ်ဆောက်လုပ်ရာ၌ အောက်ပါအချက်အလက်များနှင့် ပြည့်စုံပါက ရပ်/ကျေး သံဃနာယကအဖွဲ့က ထောက်ခံနိုင်သည်။

(က) အဆိုပါ ရပ်ကွက်/ကျေးရွာရှိ ဒါယကာ၊ ဒါယိကာမ အများစု ညီညွတ်မှုရှိခြင်း။

(ခ) ပစ္စည်းလေးပါးထောက်ပံ့နိုင်သော ဒါယကာ ဒါယိကာမများ အလုံအလောက် ရှိခြင်း။

http://www.dhammadownload.com



(ဂ) ခန္ဓကဝိဘင်းလာ ကျောင်းထိုင်အင်္ဂါနှင့်ပြည့်စုံသော ကျောင်းထိုင်ဘုန်းကြီး သီတင်းသုံးခြင်း။

(ဃ) လူနေအိမ်ဝင်းအတွင်း၌ ဖြစ်စေ၊ လူနေအိမ်များအကြား၌ဖြစ်စေ၊ အခြားကြည်ညိုဖွယ် မဆောင်သော နေရာ၌ဖြစ်စေ တည်ဆောက်မှု မဟုတ်ခြင်း။

၅။ ရပ်ကွက်/ကျေးရွာများ၌ မူလကျောင်းရှိသော်လည်း ဂန္ထဓုရ၊ ဝိပဿနာဓုရ (၂) မျိုးတို့တွင် တစ်မျိုးမျိုးကိုမျှ အားမထုတ်ဘဲ သာသနာတော်၏ အစီးအပွားအတွက် ကြောင့်ကြမဲ့ နေထိုင်ခြင်းကြောင့် နောက်ထပ် သီးခြား ကျောင်းသစ် (၁) ကျောင်း ဆောက်လုပ်ကိုးကွယ်လိုလျှင် အောက်ပါ အင်္ဂါရပ်များနှင့် ပြည့်စုံပါက ရပ်/ကျေး သံဃနာယကအဖွဲ့က ထောက်ခံ နိုင်သည် –

(က) ကျောင်းထိုင်ဘုန်းကြီးသည် အနည်းဆုံး ဓမ္မာစရိယ အောင်မြင်ပြီး (သို့မဟုတ်) ကျောင်းထိုင်ဘုန်းကြီးသင်တန်းဆင်း အောင်လက်မှတ်ရပြီး သိက္ခာ (၁၀) ဝါ ရှိရမည်။

(ခ) ပစ္စည်းလေးပါးထောက်ပံ့သူ အိမ်ထောင်စု အနည်းဆုံး (၁၅၀)ရှိရမည်။

(ဂ) ဂန္ထဓုရနှင့် ဝိပဿနာဓုရ (၂) မျိုးတို့တွင် တစ်မျိုးမျိုးကို အမှန်တကယ် ထမ်းဆောင်ရမည်။

၆။ ဝိနိစ္ဆယအဖွဲ့၌ အမှုရုံးပြီးနောက် ယင်းအမှုဖြစ်ပွားရာ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း၌ ကျောင်းခွဲတည်ဆောက်ခြင်းကို မည်သည့်ဂိုဏ်းကမျှ ထောက်ခံခြင်း၊ ခွင့်ပြုခြင်း၊ အသိအမှတ်ပြုခြင်း မပြုလုပ်ရန်။

http://www.dhammadownload.com



၇။ ဖွံ့ဖြိုးမှုနည်းပါးသော ကျေးလက်တောရွာများနှင့် တောင်တန်းဒေသများ၌ ကျောင်းအဆောက်အအုံနှင့် ကျောင်းထိုင်ဘုန်းကြီး၏ အရည်အချင်းကို အတိအကျ သတ်မှတ်ခြင်း မပြုဘဲ ကိုးကွယ်သည့် ဒါယကာ ဒါယိကာမ ရှိလျှင် သာသနာ့မြေ ဖြစ်ရေးအတွက် ထောက်ခံပေးရန်နှင့် ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်ပြုပေးရန်။

၈။ တောရကျောင်းဖြစ်လျှင် ဂန္ထဓုရ၊ ဝိပဿနာဓုရ သာသနာ့တာဝန်တို့ကို ထမ်းဆောင်သော ကျောင်းထိုင်ဘုန်းကြီး သီတင်းသုံးမည်ဖြစ်ပါက ဝိနည်းပါဠိတော်နှင့်အညီ ရွာတံခါးမှ တိုင်းတာလျှင်ကုပ်လုပ်လေး (ညှို့တင်ထားလျှင် လေးတောင်ရှိသောလေး) ဖြင့် အပြန်ငါးရာ (ကိုက်တစ်ထောင်၊ အတောင်နှစ်ထောင်) ဝေးကွာသော အရပ်၌ တည်ဆောက်ရန် ထောက်ခံနိုင်သည်။

၉။ ပြင်ဆင် ဖြည့်စွက် ထုတ်ပြန်လိုက်သော ဤညွှန်ကြားလွှာအမှတ် (၇၇) ဖြင့် ညွှန်ကြားလွှာအမှတ် (၇၇) အဟောင်းကို ပယ်ဖျက်လိုက်သည်။

ဘဒ္ဒန္တ သောဘိတ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ကုမာရ
(အဂ္ဂမဟာပဏ္ဍိတ)
တွဲဖက် အကျိုးတော်ဆောင် ဆရာတော်

http://www.dhammadownload.com



၇။ ဖွံ့ဖြိုးမှုနည်းပါးသော ကျေးလက်တောရွာများနှင့် တောင်တန်းဒေသများ၌ ကျောင်းအဆောက်အအုံနှင့် ကျောင်းထိုင်ဘုန်းကြီး၏ အရည်အချင်းကို အတိအကျ သတ်မှတ်ခြင်း မပြုဘဲ ကိုးကွယ်သည့် ဒါယကာ ဒါယိကာမ ရှိလျှင် သာသနာ့မြေ ဖြစ်ရေးအတွက် ထောက်ခံပေးရန်နှင့် ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်ပြုပေးရန်။

၈။ တောရကျောင်းဖြစ်လျှင် ဂန္ထဓုရ၊ ဝိပဿနာဓုရ သာသနာ့တာဝန်တို့ကို ထမ်းဆောင်သော ကျောင်းထိုင်ဘုန်းကြီး သီတင်းသုံးမည်ဖြစ်ပါက ဝိနည်းပါဠိတော်နှင့်အညီ ရွာတံခါးမှ တိုင်းတာလျှင်ကုပ်လုပ်လေး (ညှို့တင်ထားလျှင် လေးတောင်ရှိသောလေး) ဖြင့် အပြန်ငါးရာ (ကိုက် တစ်ထောင်၊ အတောင်နှစ်ထောင်) ဝေးကွာသော အရပ်၌ တည်ဆောက်ရန် ထောက်ခံနိုင်သည်။

၉။ ပြင်ဆင် ဖြည့်စွက် ထုတ်ပြန်လိုက်သော ဤညွှန်ကြားလွှာအမှတ် (၇၇) ဖြင့် ညွှန်ကြားလွှာအမှတ် (၇၇) အဟောင်းကို ပယ်ဖျက်လိုက်သည်။

ဘဒ္ဒန္တ သောဘိတ
(အဘိဓမ္မမဟာရဋ္ဌဂုရု)
ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ကုမာရ
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
တွဲဖက် အကျိုးတော်ဆောင် ဆရာတော်

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၇၈)

မွန်ပြည်နယ် ၊ မော်လမြိုင်မြို့၊ ဈေးကြိုနယ်မြေ၊ ရတနာသီရိရပ်ကွက်၊ ရွှေဝါမြိုင်ကျောင်း၌ နယ်သိမ်းသိမ်သမုတ်မှုဆိုင်ရာ အယူဝါဒနှင့်စပ်လျဉ်း၍ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၀) ၏ ဆုံးဖြတ်ချက်ကို လိုက်နာရန် ညွှန်ကြားခြင်း။ (၁၂၊ ၇၊ ၈၉) (၁၀၊ ၄၊ ၅၁)

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုနယ်မြေ၊ ရတနာသီရိရပ်ကွက်၊ ရွှေဝါမြိုင်ကျောင်း၊ စုဒိတကဆရာတော် ဦးကေသရ က မိမိသီတင်းသုံးရာ ကျောင်း၌ နယ်သိမ်း သိမ်သမုတ်မှုနှင့်ပတ်သက်၍ မိမိရပ်ကွက်အတွင်းရှိ တစ်စိတ်တစ်ဒေသ သံဃာများကို နယ်သိမ်းယူပြီး သိမ်သမုတ်ပါက သိမ်အောင်မြင်သည်ဟု စွဲလမ်းယူဆနေပါသည်၊ ယင်းအယူဝါဒနှင့် စပ်လျဉ်း၍ စောဒကဆရာတော် (၂) ပါးက ဈေးကြိုနယ်မြေတစ်ခုလုံးရှိ သံဃာအားလုံးကို နယ်သိမ်းယူပြီး သိမ်သမုတ်မှ သိမ်အောင်မြင်သည်ဟူသော စွဲဆိုချက်အရ နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၀) က ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့်အညီ စောဒကနှင့်စုဒိတက နှစ်ဘက်စုံညီ စစ်ဆေး၍ ၁၃၅၁–ခုနှစ်၊ နယုန်လပြည့်ကျော် ၉–ရက် (၁၉၈၉–ခုနှစ်၊ ဇွန်လ ၂၇–ရက်) နေ့တွင် ဖော်ပြလတ္တံ့ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည် –

## ဆုံးဖြတ်ချက်

(က) ရွှေဝါမြိုင်ကျောင်းဝင်းအတွင်း နယ်သိမ်းသိမ်သည် သီမာ–သမ္ပတ္တိ အင်္ဂါများနှင့် မညီညွတ် မပြည့်စုံသဖြင့် ဝိပတ္တိ သိမ်ပျက်ဖြစ်သည်။

http://www.dhammadownload.com



(ခ) ရွှေဝါမြှင်ကျောင်းအတွင်းရှိ သိမ်၌ ရဟန်းသိက္ခာတင်ပြီးခဲ့သော အမျိုးကောင်းသားများသည် တခြား စိတ်ချရသော သိမ်၌ ရဟန်းသိက္ခာထပ်၍ တင်သင့်ကြသည်။

(ဂ) ထိုသိမ်ကိုလည်း အများ သံသယကင်းအောင် အထက်က စိစစ်ခဲ့သည့်အတိုင်း ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံ သမုတ်သင့်ကြသည်။

၂။ ယင်း ဆုံးဖြတ်ချက်အရ ၁၃၅၈–ခုနှစ်၊ နယုန်လပြည့်ကျော် ၉– ရက် (၁၉၉၆–ခုနှစ်၊ ဇွန်လ ၂၇–ရက်) နေ့မှာပင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ ရှေ့မှောက်၌ စုဒိတက ဆရာတော် ဦးကောသလ္လသည် မိမိ၏နယ်သိမ်း သိမ်သမုတ်မှုဆိုင်ရာ အယူဝါဒများကို စွန့်လွှတ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သည် မိမိမြို့နယ် အတွင်း၌ စုဒိတကဆရာတော် ဦးကောသလ္လ၏ နယ်သိမ်းသိမ်သမုတ်မှုဆိုင်ရာ အယူဝါဒ၌ သက်ဝင်ယုံကြည်လိုက်နာနေကြသော ပုဂ္ဂိုလ်များကို မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အကူအညီဖြင့် မြို့နယ်သံဃနာယကအဖွဲ့တည်ရာ ဌာနသို့ ခေါ်ယူ၍ ဖော်ပြလတ္တံ့ပါ အချက်များပါဝင်သည့် ပဋိညာဉ်ဝန်ခံစာတမ်းပေါ်တွင် လက်မှတ်ရေးထိုး စေရေးအတွက် ဆောင်ရွက်ကြရန် ညွှန်ကြားလိုက်ပါသည်။

## နယ်သိမ်း သိမ်သမုတ်မှုဆိုင်ရာ
## အယူဝါဒ စွန့်လွှတ်ကြောင်း ဝန်ခံစာတမ်း

(က) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၀) ၏ ဆုံးဖြတ်ချက်အရ ဝိပတ္တိသိမ်ပျက်ဖြစ်သော ရွှေဝါမြှင်ကျောင်း သိမ်နှင့်ပတ်သက်၍ နယ်သိမ်း သိမ်သမုတ်မှုဆိုင်ရာ အယူဝါဒ ကို လုံးဝ စွန့်လွှတ်ပါကြောင်း။

http://www.dhammadownload.com



(ခ) ယခုအချိန်မှစ၍ ရှေ့သို့ဆက်လက်ပြီး ယင်းနယ်သိမ်းသိမ်သမုတ်မှုဆိုင်ရာ အယူဝါဒကို ကျင့်သုံးခြင်း၊ ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်း စသည့်အပြုအမူအားလုံးကို မိမိကိုယ်တိုင်လည်း ပြုလုပ်မည်မဟုတ်သည့်အပြင် မိမိတို့နှင့် ပတ်သက်သူများအားလည်း ပြုလုပ်စေကြမည်မဟုတ်ပါကြောင်း။

(ဂ) အထက်ပါ နယ်သိမ်းသိမ်သမုတ်မှု အယူဝါဒဆိုင်ရာ စာအုပ်၊ စာတမ်း၊ တိတ်ခွေ၊ အထိမ်းအမှတ် စသည်တို့ကို သက်ဆိုင်ရာမြို့နယ်သံဃနာယကအဖွဲ့သို့ အပ်နှံခြင်းများကိုလည်း ပြုလုပ်ကြမည်၊ ပြုလုပ်စေကြမည် ဖြစ်ပါကြောင်း။

(ဃ) ယခင်က ထိုနယ်သိမ်း သိမ်သမုတ်မှုဆိုင်ရာ အယူဝါဒနှင့် ပတ်သက်၍ သုံးစွဲခဲ့သော အသင်းအဖွဲ့အမည်များ၊ အသင်းအဖွဲ့များကျင့်သုံးခဲ့သော သိမ်စသည်တို့ကိုလည်း သုံးဝတာဝန်ယူ၍ ဖျက်သိမ်းကြမည်၊ ဖျက်သိမ်းစေကြမည် ဖြစ်ပါကြောင်း။

၄။ ထိုကဲ့သို့ ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီးဖြစ်ကြောင်း စာရင်းနှင့်တကွ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထား၍ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ မိတ္တူများပေးပို့ရန် ထပ်မံညွှန်ကြားလိုက်ပါသည်။

၅။ ထို နယ်သိမ်း သိမ်သမုတ်မှုဆိုင်ရာ အယူဝါဒ၌ သက်ဝင်ယုံကြည်သော ပုဂ္ဂိုလ်စာရင်းမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်။

- ဦးသုန္ဒရ၊ ဓမ္မရက္ခိတကျောင်း၊ တောင်ဝိုင်းလေးရပ်ကွက် ဈေးကြိုနယ်မြေ၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

| | |
|---|---|
| ဘဒ္ဒန္တ သောဘိတ | ဘဒ္ဒန္တ တေဇောဘာသာဘိဝံသ |
| (အဘိဓဇမဟာရဋ္ဌဂုရု) | (အဂ္ဂမဟာပဏ္ဍိတ) |
| ဒုတိယ ဥက္ကဋ္ဌဆရာတော် | တွဲဖက် အကျိုးတော်ဆောင်ဆရာတော် |

ဆွေ(ဗ-၁၉)-၁၁

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၇၉)

ကျောင်း/ကျောင်းတိုက်/ ဘုရားပရိဝုဏ်အတွင်း အမြဲနေ လူပုဂ္ဂိုလ်များ ဖယ်ရှားပြီးသော မြေလွတ်များနှင့် ပတ်သက်၍ ကြီးကြပ် ဆောင်ရွက် ရေးအတွက် ညွှန်ကြားခြင်း။

(၁၂၊ ၄၊ ၉၀) (-၃၊ ၁၊ ၅၁)

၁။ သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက "ဘုရားရှင်၏ အလိုဆန္ဒတော်နှင့် လည်းကောင်း၊ ဓမ္မဝိနယနှင့်လည်းကောင်း၊ ဤအခြေခံစည်းမျဉ်း အပိုဒ် ၃-နှင့်လည်းကောင်း ဆန့်ကျင်ဖွနေသော သက်ကြီးရွယ်အို သားသမီး ကျွေးမွေးထောက်ပံ့သော်လည်း မရှိသော ခမည်းတော် မယ်တော်မှတပါး မာတုဂါမများ အပါအဝင် အမြဲနေထိုင်သူ လူပုဂ္ဂိုလ်များကို ရဟန်းတော်များ သီတင်းသုံးရာ ကျောင်း/ကျောင်းတိုက်အတွင်းမှ ဖယ်ရှားပေးရန်" ဟုလည်းကောင်း၊ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက "ဘုန်းတော်ကြီးကျောင်း၊ ကျောင်းတိုက်နှင့် ဘုရားပရိဝုဏ်အတွင်းမှ အမြဲနေ လူပုဂ္ဂိုလ်များ ဖယ်ရှားရေးကိစ္စကို ဆက်လက်ဆောင်ရွက်ပေးရန် သက်ဆိုင်ရာသို့ မေတ္တာရပ်ခံကြောင်း" ဟု လည်းကောင်း ဆုံးဖြတ်တော် မူခဲ့ကြပါသည်။ ယင်းဆုံးဖြတ်ချက် မေတ္တာရပ်ခံချက်များအရ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များက အကောင် အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြပါသည်။

၂။ အမြဲနေထိုင်သူ လူပုဂ္ဂိုလ်များ ပြောင်းရွှေ့သွားသဖြင့် မြေကွက်များနှင့် အဆောက်အအုံများ ပေါ်ပေါက်လာခဲ့ရာ ယင်းမြေကွက်များ/ အဆောက်အအုံများနှင့်စပ်လျဉ်း၍ ၁၃၅၁-ခုနှစ်၊ တပေါင်းလဆန်း ၁၃- ရက် (၁၉၉၀-ပြည့်နှစ်၊ မတ်လ ၈-ရက်) ကြာသပတေးနေ့တွင်

http://www.dhammadownload.com



ကျင်းပသော တတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ဖော်ပြလတ္တံ့ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

## ဆုံးဖြတ်ချက် (၄/၉၀)

ကျောင်း/ ကျောင်းတိုက်နှင့် ဘုရား ပရိဝုဏ်အကွင်း ဖယ်ရှားပြီးသော မြေလွတ်များနှင့် ပတ်သက်၍ ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့များက ညှိနှိုင်း၍ ကြီးကြပ်ဆောင်ရွက်ရေးအတွက် ညွှန်ကြားရန်။

၃။ သို့ဖြစ်ပါ၍ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များသည် မိမိတို့ ပြည်နယ်/တိုင်းအတွင်းရှိ အဆိုပါမြေကွက်များ/ အဆောက်အအုံများနှင့် ပတ်သက်၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် ညှိနှိုင်းပြီး ကြီးကြပ်ထိန်းသိမ်း စီမံဆောင်ရွက်သွားရန် ညွှန်ကြားအပ်ပါသည်။

၄။ ယင်းသို့ ဆောင်ရွက်ကြရာ၌ ဖော်ပြလတ္တံ့ပါ အချက်တို့ကို လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည်။

(က) မိမိတို့ပြည်နယ်/တိုင်းအတွင်းရှိ ဖြစ်ပေါ်လာသော သာသနာ့မြေလွတ်များနှင့် အဆောက်အအုံများစာရင်းကို တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ထားသော ဘုန်းတော်ကြီး (သို့မဟုတ်) ဂေါပကအဖွဲ့အမည်များကို ဖော်ပြ၍ ပြုစုထားရှိရန်။

(ခ) သာသနာ့ မြေလွတ်များအပေါ်တွင် သာသနိက အဆောက်အအုံများကိုသာ ဆောက်လုပ်ခွင့်ပြုရန်။

(ဂ) ယင်းအဆောက်အအုံများ၌ ဗုဒ္ဓသာသနာတော်အတွက် အကျိုးရှိသော လုပ်ငန်းများကိုသာ ခွင့်ပြုရန်။

http://www.dhammadownload.com



(ဃ) သာသနာ့ မြေအဖြစ်မှ ရွေ့လျောမှုမရှိစေရန်နှင့် ဝတ္တကမြေများ မဆုံးရှုံးရေးအတွက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်။

(င) အငြင်းပွားမှု ဖြစ်ပေါ်လာပါက သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်း၊ ဝိနည်းမွေကဲ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဖြေရှင်းကြစေရန်။

| | |
|---|---|
| ဘဒ္ဒန္တ ဉာဏာဘိဝံသ | ဘဒ္ဒန္တ ဝဏ္ဏသိရီ |
| (အဂ္ဂမဟာပဏ္ဍိတ) | (အဂ္ဂမဟာပဏ္ဍိတ) |
| ဒုတိယ ဥက္ကဋ္ဌဆရာတော် | တွဲဖက် အကျိုးတော်ဆောင် ဆရာတော် |

---

## ညွှန်ကြားလွှာ အမှတ် (၈၀)

ကျောင်းထိုင်ဘုန်းတော်ကြီးများအနေဖြင့် အမြဲနေ လူပုဂ္ဂိုလ်များအား နောက်ထပ်လက်ခံမှု မပြုရေးအတွက် ညွှန်ကြားခြင်း။

(၁၂၊ ၄၊ ၉၀) (-၃၊ ၁၊ ၅၁)

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း အချို့သော မြို့ကြီးများရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားပရိဝုဏ်များတွင် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် အမြဲနေ လူပုဂ္ဂိုလ်များ ရှိနေခဲ့ပါသည်။ ယင်းသို့ ရှိနေခြင်းကို ပြန်လည်သုံးသပ်ကြည့်ပါက အချို့မှာ ကျောင်းပိုင် ကျောင်းထိုင်ဘုန်းတော်ကြီးများက ခွင့်ပြု၍ နေထိုင်ခြင်းဖြစ်ပြီး၊ အချို့မှာ ခွင့်ပြုချက်မရဘဲ ကျူးကျော်ဝင်ရောက်၍ နေထိုင်ခြင်းများရှိကြောင်း တွေ့ရှိရပါသည်။

http://www.dhammadownload.com



၂။ ယင်းသို့ အမြဲ နေလူပုဂ္ဂိုလ်များရှိနေခြင်းသည် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးဟူသော ဦးတည်ချက်နှင့် ဆန့်ကျင်နေသဖြင့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးပွဲကြီးက "ဘုရားရှင်၏ အလိုဆန္ဒတော်နှင့် လည်းကောင်း၊ ဓမ္မဝိနယများနှင့်လည်းကောင်း၊ ဤအခြေခံစည်းမျဉ်းအပိုဒ်-၃ နှင့်လည်းကောင်း ဆန့်ကျင်နေသော သက်ကြီးရွယ်အို သားသမီး ကျောထောက်နောက်ခံမရှိသော ခမည်းတော် မယ်တော်မှတပါး မာတုဂါမများအပါအဝင် အမြဲနေထိုင်သူ လူပုဂ္ဂိုလ်များကို ရဟန်းတော်များ သီတင်းသုံးရာ ကျောင်း/ကျောင်းတိုက်အတွင်းမှ ဖယ်ရှားပေးရန်"ဟု လည်းကောင်း၊ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက "ဘုန်းတော်ကြီးကျောင်း/ကျောင်းတိုက်နှင့် ဘုရားပရိဝုဏ်အတွင်းမှ အမြဲနေလူပုဂ္ဂိုလ်များ ဖယ်ရှားပေးရေးကိစ္စကို ဆက်လက်ဆောင်ရွက်ပေးရန် သက်ဆိုင်ရာသို့ မေတ္တာရပ်ခံကြောင်း"ဟု လည်းကောင်း ဆုံးဖြတ် မေတ္တာရပ်ခံခဲ့ပါသည်။

၃။ ယင်း ဆုံးဖြတ် မေတ္တာရပ်ခံချက်များအရ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များကလည်း ဘုန်းတော်ကြီး ကျောင်း/ကျောင်းတိုက်နှင့် ဘုရားပရိဝုဏ်အတွင်းရှိ အမြဲ နေလူပုဂ္ဂိုလ်တို့အား မြို့သစ်များသို့ မြေနေရာချထား၍ ဖယ်ရှားပေးပြီး ဖြစ်ပါသည်။

၄။ ယင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ၁၃၅၁-ခုနှစ်၊ တပေါင်း လဆန်း ၁၃-ရက် (၁၉၉၀-ပြည့်နှစ်၊ မတ်လ ၈-ရက်) ကြာသပတေးနေ့တွင် ကျင်းပသော တတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ဖော်ပြလတ္တံ့ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည် –

## ဆုံးဖြတ်ချက် (၃/၉၀)

ကျောင်းထိုင်ဘုန်းတော်ကြီးများအနေဖြင့် အမြဲနေလူ ပုဂ္ဂိုလ်များအား နောက်ထပ်လက်ခံမှု မပြုရေးအတွက် သွန်ကြားရန်။

http://www.dhammadownload.com



၅။ သို့ဖြစ်၍ ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးများ၏ ဆုံးဖြတ်ချက်များကို လေးစားလိုက်နာ ကြလျက် ကျောင်းပိုင်၊ ကျောင်းထိုင် ဘုန်းတော်ကြီးများ အနေဖြင့် မိမိတို့၏ ကျောင်း/ကျောင်းတိုက်များတွင် လူပုဂ္ဂိုလ်များ အမြဲနေထိုင်ခွင့် မပြုကြရေးကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ကြရန် ညွှန်ကြားအပ်ပါသည်။

**ဘဒ္ဒန္တ ဉာဏာဘိဝံသ** — **ဘဒ္ဒန္တ ဝဏ္ဏသိရီ**
**(အဂ္ဂမဟာပဏ္ဍိတ)** — **(အဂ္ဂမဟာပဏ္ဍိတ)**
**ဒုတိယ ဥက္ကဋ္ဌဆရာတော်** — **တွဲဖက် အကျိုးတော်ဆောင်ဆရာတော်**

---

## ညွှန်ကြားလွှာ အမှတ် (၈၁)

**သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် အရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာ ဆောင်ရွက်ကြရန် ညွှန်ကြားခြင်း။(၅၊ ၁၁၊ ၉၀) (-၄၊ ၈၊ ၅၂)**

၁။ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းကို အတည်ပြုပြဋ္ဌာန်းခဲ့၍ ယင်းအခြေခံစည်းမျဉ်းနှင့်အညီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းပြီး သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက် ရှိပါသည်။

http://www.dhammadownload.com



၂။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်သော ရဟန်း သာမဏေဟူသမျှသည် သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းအရ ဖွဲ့စည်းထားသော သံဃနာယကအဖွဲ့ တစ်ဖွဲ့ဖွဲ့၏ ကြီးကြပ် အုပ်ချုပ်မှု အောက်၌ သီတင်းသုံးနေထိုင်ကြရမည်။

၃။ သို့ဖြစ်ပါ၍ ကျောင်းထိုင်ဆရာတော်များ/ကျောင်းတိုက်နာယက ဆရာတော်များသည် မိမိတို့၏ တပည့်ရဟန်းသာမဏေများအား သံဃာ့အဖွဲ့ အစည်း အဆင့်ဆင့် ကြီးကြပ်အုပ်ချုပ်မှုကို မခံယူသည့် တရားမဝင် သံဃာအဖွဲ့များကို ဖွဲ့စည်းခြင်း၊ ပါဝင်ခြင်း၊ အားပေးထောက်ပံ့ခြင်းမှ ရှောင်ကြဉ်ကြစေရန်အတွက် ဆုံးမဩဝါဒ ပေးကြရန် ညွှန်ကြား လျှောက်ထားအပ်ပါသည်။

ဘဒ္ဒန္တ ကုမာရာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဥက္ကဋ္ဌ ဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
(တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊)
(အဘိဓဇမဟာရဋ္ဌဂုရု)
အကျိုးတော်ဆောင်ဆရာတော်

---

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၈၂)

ကျောင်းထိုင်ဘုန်းကြီးများနှင့် ကျောင်းတိုက်နာယကများ လိုက်နာကျင့်သုံး ဆောင်ရွက်ကြရန် ညွှန်ကြားခြင်း။(၅၊ ၁၂၊ ၉၀) (-၄၊ ၉၊ ၅၂)

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ဘုန်းကြီးကျောင်းများ၊ စာသင်တိုက်များ၏ ကျောင်းထိုင်ဘုန်းကြီးများနှင့် ကျောင်းတိုက်နာယက ဆရာတော်များသည် မိမိတို့နေထိုင်ရာ ကျောင်း၊ ကျောင်းတိုက်များနှင့် စပ်လျဉ်း၍ ဖော်ပြလတ္တံ့ပါ လုပ်ငန်းများကို ဆောင်ရွက်ကြရန် ညွှန်ကြားအပ်ပါသည် –

(က) သာသနာ့မြေ ပြုလုပ် တိုင်းထွာ သစ်မှတ်ရန်၊

(ခ) ကျောင်းပိုင်ဆိုင်မှု အစဉ်အဆက်ကို ရေးသားပြုစုထားရန်၊

(ဂ) သာသနာ့ဝင်မှတ်တမ်း စနစ်တကျ ကိုင်ဆောင်ရန်၊

(ဃ) ဒုလ္လဘ စာရင်း ပြုစုထားရှိရန်၊

(င) အာဂန္တုစြည့်သည်စာရင်း ပြုစုထားရှိရန်၊

(စ) ဝါဆိုသံဃာစာရင်း ပြုစုထားရှိရန်။

## (က) သာသနာ့မြေ

(၁) သာသနာ့မြေ မဖြစ်သေးပါက သာသနာ့မြေဖြစ်အောင် ပြုလုပ်ကြရန်၊

(၂) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်ထားသော ညွှန်ကြားလွှာအမှတ် (၃၃) နှင့် အညီ ၁၉၈၁–ခုနှစ်က စိစစ်၍ ယာယီကျောင်းအဖြစ် ခွင့်ပြုထားသော ကျောင်းများကို သက်ဆိုင်ရာ မြေပိုင်ရှင်က သဘောတူ ခွင့်ပြုပါလျှင် သာသနာ့မြေ ပြုလုပ်ရန်၊

http://www.dhammadownload.com



(၃) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ကျူးကျော်ကျောင်း အဖြစ် သတ်မှတ်ထားပြီးသော ကျောင်းများကို သာသနာ့မြေ အဖြစ် ပြလုပ်မပေးရန်၊

(၄) ထိုသို့ စိစစ်ပြီးနောက်မှ ပေါ်ပေါက်လာသော ကျောင်းများကို ညွှန်ကြားလွှာအမှတ် (၃၃) နှင့်အညီ ကျူးကျော်ကျောင်း စိစစ်ရေးအဖွဲ့ကို သက်ဆိုင်ရာ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က ဖွဲ့စည်းပေး၍ ယင်းအဖွဲ့က စိစစ်ဆောင်ရွက်ပေးရန်။

## (ခ) ကျောင်းပိုင်ဆိုင်မှု အစဉ်အဆက်

(၁) မိမိတို့ သီတင်းသုံးရာ ကျောင်း/ကျောင်းတိုက်၏ ပိုင်ဆိုင်မှု အစဉ်အဆက်/ကျောင်းထိုင်ဘုန်းကြီး အစဉ်အဆက်ကို လက်လှမ်းမီသမျှ ရေးသားပြုစုထားရှိရန်၊

(၂) ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်း၊ မြေပုံ စသည်တို့ကို စနစ်တကျ သိမ်းဆည်းခြင်း၊ လွှဲအပ်ခြင်း ပြုလုပ်ထားရှိရန်၊

(၃) နောင်တွင် ဆက်လက်၍ ဆက်ခံမည့် ကျောင်းထိုင်ဘုန်းကြီး လောင်းလျာ/ကျောင်းတိုက် နာယကဆရာတော် လောင်းလျာ များကို ဝိနည်းတရားတော်နှင့်လည်းကောင်း၊ ကျောင်းတိုက် စည်းမျဉ်းနှင့်လည်းကောင်းအညီ ဦးစားပေး အစဉ်အဆက် သတ်မှတ်၍ သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့သို့ ပေးပို့ထားရှိရန်။

## (ဂ) သာသနာဝင်မှတ်တမ်း

သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများအား သာသနာဝင် မှတ်တမ်းများ ရရှိရန်အတွက် စနစ်တကျ စိစစ်ဆောင်ရွက် ပေးကြရန်၊ အသက်ကြီးမှ သက်နံးဝတ်သော ပုဂ္ဂိုလ်များသည်

http://www.dhammadownload.com



လူမှတ်ပုံတင်ကတ်ပြားကို သက်ဆိုင်ရာသို့ ပြန်လည် အပ်နှံပြီးမှ သာသနာ့ဝင်မှတ်တမ်းကို ကိုင်ဆောင်ကြစေရန်။

(ဃ) ဒုလ္လဘစာရင်း

(၁) ရက်ပိုင်းလပိုင်းမျှ ဝတ်သော ဒုလ္လဘရဟန်း၊ သာမဏေများကို ရဟန်းဖြစ် ရက်ချုပ်၊ သာမဏေဖြစ် ရက်ချုပ် အပြည့် အစုံရေးသား၍ သက်ဆိုင်ရာ ကျောင်းထိုင်/ကျောင်းတိုက် နာယက ဆရာတော်၏ မှန်ကန်ကြောင်း ထောက်ခံစာ အပေါ်၌ ရပ်ကွက်/မြို့နယ် သံဃနာယကအဖွဲ့က ထပ်ဆင့် လက်မှတ်ရေးထိုး ထုတ်ပေးထားရန်၊

(၂) ယင်းဒုလ္လဘရဟန်း၊ သာမဏေစာရင်းကို ပြုစုထား၍ ကျောင်းတွင်း မြင်သာသည့် နေရာ၌ ချိတ်ဆွဲထားရန်၊

(၃) ဒုလ္လဘရဟန်းလောင်းကို အနည်းဆုံး ရက်သတ္တ တစ်ပတ်ခန့် ဘုန်းကြီးကျောင်းသို့ လာစေ၍ ပါဠိ (သို့မဟုတ်) မြန်မာ ဘာသာဖြင့် ပါရာဇိက (၄) ပါး၊ သံဃာဒိသိသ် (၁၃) ပါး၊ အာပတ် (၇)ပုံ၊ ပစ္စဝေက္ခဏာဆင်ခြင်နည်း၊ ဒေသနာ ကြားနည်း စသည့် အခြေခံ ဗဟုသုတများကို သင်ကြားစေပြီးမှ ရဟန်းပြုပေးရန်၊ ရဟန်းပြုပြီးပါက ဥပဇ္ဈာယ်ဆရာတော်၊ သို့မဟုတ် နိဿရည်းဆရာတော်ကိုယ်တိုင် တာဝန်ယူ စောင့်ရှောက်ဆုံးမရန်၊ သတ်မှတ်ရက်စေ့ပါက လူဝတ်လဲစေရန်၊ ဆက်လက်၍ သာသနာ့တာဝန် ထမ်းဆောင်လိုပါက အနည်းဆုံး ဘိက္ခုပါတိမောက်နှင့် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကို သင်စေရန်၊

http://www.dhammadownload.com



(၄) ဒုလ္လဘသာမဏေဝတ်ရာ၌ မောင်ရှင်လောင်းအား သင်္ကန်း တောင်း၊ သရဏဂုံ ပီသစွာ ရွတ်ဆိုနည်း၊ လိင် (၅၀)ပါး၊ ဒဏ် (၁၀)ပါး၊ ပစ္စဝေက္ခဏာ (၄)ပါး၊ သေခိယ၊ ခန္ဓကဝတ်တို့ ကို သင်ယူ ကျက်မှတ် နားလည်စေပြီးမှ ရှင်ပြုပေးရန်၊ ယင်း ဒုလ္လဘသာမဏေကို ဥပဇ္ဈာယ် ဆရာတော်က တာဝန်ယူ၍ ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမရန်၊

(၅) ဝိနည်းမဟာဝါ အဋ္ဌကထာ စာမျက်နှာ (၃၀၉) အရ ကြည်ညိုဖွယ် မဆောင်သော ပရိသဒူသကပုဂ္ဂိုလ်များ၊ ရာဇဝတ်ပြစ်မှု မကင်းသူများကို ရဟန်း, သာမဏေ ပြုမပေးရန်။

## (င) အာဂန္တုဧည့်သည် စာရင်း

မိမိကျောင်း/ကျောင်းတိုက်သို့ ညဥ့်အိပ်ညဥ့်နေ တည်းခို လာသော အာဂန္တုဧည့်သည်များကို စာရင်းပြုစု၍ မိမိကျောင်း အတွင်း မြင်သာသော နေရာ၌ ချိတ်ဆွဲထားရန်၊ အာဂန္တုစာရင်း မိတ္တူကို ရပ်ကွက်/ကျေးရွာ သံဃနာယကအဖွဲ့သို့ ပေးပို့ထား၍ ဧည့်သည်စာရင်းကို ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့သို့ ပေးပို့ထားရန်။

## (စ) ဝါဆိုသံဃာ စာရင်း

ကျောင်းထိုင်/ကျောင်းတိုက်နာယကဆရာတော်တို့သည် နှစ်စဉ် ဝါဆိုသံဃာစာရင်းကို သတ်မှတ်ထားသော ပုံစံဖြင့် ပြုစု၍ သက်ဆိုင်ရာ ဂိုဏ်း၏ ရပ်ကွက်/ကျေးရွာ သံဃနာယကအဖွဲ့မှ တစ်ဆင့် သက်ဆိုင်ရာ မြို့နယ်သံဃာနာယကအဖွဲ့ ဥက္ကဋ္ဌသို့ ပေးပို့ကြရန်။

http://www.dhammadownload.com



၂။ ဖော်ပြပါ လုပ်ငန်းရပ်များကို သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အလေးဂရုပြု၍ စနစ်တကျ ဆောင်ရွက်ကြပါရန် ညွှန်ကြားအပ်ပါသည်။

ဘဒ္ဒန္တ ဉာဏာဘိဝံသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယ ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝဏ္ဏာသိရိ (အဂ္ဂမဟာပဏ္ဍိတ) တွဲဖက် အကျိုးတော်ဆောင်ဆရာတော်

---

## ညွှန်ကြားလွှာ အမှတ် (၈၁)

သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည် ပါတီနိုင်ငံရေးများ၌ ပါဝင် ဆောင်ရွက်ခြင်း မပြုလုပ်ရန် ညွှန်ကြားခြင်း။

(၁၃၊ ၇၊ ၉၁) (၃၂၊ ၄၊ ၅၃)

၁။ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း၌ ထေရဝါဒဂိုဏ်းဝင် သံဃာပေါင်း သုံးသိန်းကျော် နေထိုင်သီတင်းသုံးလျက်ရှိပါသည်။ ယင်းထေရဝါဒဂိုဏ်းဝင် သံဃာအပေါင်းသည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးမှအစ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပပြီးနောက် သံဃာ့ဂိုဏ်းကြီး (၉) ဂိုဏ်းဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်း၍ သာသနာရေး တာဝန်များကို ဆောင်ရွက်လျက်ရှိကြပါသည်။

၂။ ထေရဝါဒ သံဃာ့ဂိုဏ်းဝင် သမ္မုတိသံဃာတို့သည် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို ဦးတည်၍ သာသနာ့ဝန်ထမ်း ရဟန်း သာမဏေတို့၏ ကိစ္စဖြစ်သော ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးလုံးကို

http://www.dhammadownload.com



သော်လည်းကောင်း၊ တစ်ပါးပါးကို သော်လည်းကောင်း ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ပါတီနိုင်ငံရေးများ၌ ပါဝင်ဆောင်ရွက်ခြင်းကို ရှောင်ကြဉ်ကြရမည် ဖြစ်ပါသည်။

၃။ အကယ်၍ ရဟန်းသာမဏေများ ပါတီနိုင်ငံရေးများ၌ ပါဝင်ဆောင်ရွက်ပါက နိုင်ငံရေးပါတီများသည် ရဟန်းသာမဏေများထံ ချဉ်းကပ်၍ ဆရာမွေးကြပေလိမ့်မည်။ ထိုအခါ ရဟန်းသာမဏေများသည် မိမိနှစ်သက်ရာပါတီ အနိုင်ရရှိရေးကို ဆောင်ရွက်ကြရ၊ ဟောပြောကြရသဖြင့် ဘုရားရှင်၏ ခုရနှစ်ဖြာကို အားမထုတ်နိုင်တော့ဘဲ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဦးတည်ချက်ကို ထိခိုက်လာမည့်အပြင် ရဟန်းသာမဏေ အချင်းချင်း စိတ်ဝမ်းကွဲပြားကာ ခဲခဲယဉ်းယဉ်း တည်ဆောက်ထားရသော ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကြီး ပြိုကွဲ၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့ ကေန် ပျက်စီးကြရပေလိမ့်မည်။

ရှေးယခင် အင်္ဂလိပ်အုပ်စိုးစဉ်အခါက ဝံသာနု၊ ဒိုင်အာခီ စသည် ကွဲပြားကြရာ ရဟန်းတော်များ ပါတီနိုင်ငံရေး၌ ပါဝင်ဆောင်ရွက် ကြသဖြင့် ဝံသာနုဘုန်းကြီး၊ ဒိုင်အာခီဘုန်းကြီး စသည်တို့ စိတ်ဝမ်းကွဲကာ ကံကြီးကံငယ် အတူမဆောင်နိုင် သံဃာစင် အတူ မတက်နိုင်သည်အထိ အချင်းချင်း ကွဲပြားခဲ့ဖူးပါသည်။

၄။ မြန်မာနိုင်ငံတော်၌ ရှေးအခါက တစ်ကြိမ်တစ်ခါမျှ မရခဲ့ဖူးသော ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကြီးကို ရရှိ၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းကာ "သံဃာ့ကိစ္စ သံဃာဆောင်ရွက်" ဟူသော မူအရ သာသနာ့ကိစ္စ အဝဝကို သံဃာတော်များကိုယ်တိုင် ဆောင်ရွက်ခွင့် ရသဖြင့် သာသနာတော်၌ အဓမ္မဝါဒများကို နှိမ်နင်းနိုင်ခြင်းစသော အကျိုးတရားများ စွာ ဖြစ်ထွန်းခဲ့ပါသည်။ သို့ဖြစ်၍ ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကြီး မပြိုကွဲရန် ထိန်းသိမ်း စောင့်ရှောက်ရမည့် တာဝန်သည်

http://www.dhammadownload.com



ရဟန်းသာမဏေ တိုင်း၏ တာဝန်ဖြစ်သည်။ ဤတာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်ကြ သဖြင့် သံဃာ့ညီညွတ်ရေးကြီး ပြိုကွဲ၍ သံဃာ့အဖွဲ့အစည်းများ ပျက်စီးသွားပါက နောင်တစ်ဖန် ဤအခွင့်အရေးမျိုး ရရှိရန် မျှော်မှန်း၍ ရနိုင်တော့မည် မဟုတ်ပါ။

၅။ ပါတီနိုင်ငံရေး ဟူသည် လူ့ဝတ်ကြောင်၊ လူပုဂ္ဂိုလ်တို့၏ ကိစ္စ တာဝန်သာ ဖြစ်ပါသည်။ ရဟန်းသာမဏေများသည်ကား မည်သည့် ပါတီကပင် အစိုးရအဖြစ် တက်ရောက်လာသည်ဖြစ်စေ၊ ထိုတက်ရောက် လာသော အစိုးရ၏ တရားနှင့်အညီ ပေးအပ်သော အာဏာစက် အကူအညီ အထောက်အပံ့ကိုရယူ၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို စောင့်ရှောက် ထိန်းသိမ်းသွားရမည်သာ ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း၌ သီတင်းသုံး နေထိုင်ကြသော ထေရဝါဒ သံဃာ့ဂိုဏ်းဝင် ရဟန်းသာမဏေ တို့သည် ပါတီနိုင်ငံရေးများ၌ ကိုယ်တိုင်ပါဝင်ခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သူတစ်ပါးအား တိုက်တွန်းခြင်းများမှ ရှောင်ရှားကြရန် ညွှန်ကြားလိုက် ပါသည်။

ဘဒ္ဒန္တ ကုမာရာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
(အဘိဓဇမဟာရဋ္ဌဂုရု)
(တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊)
အကျိုးတော်ဆောင်ဆရာတော်

http://www.dhammadownload.com

# ညွှန်ကြားလွှာ အမှတ် (၈၄)

သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ခန်းနေ သီလရှင်များ လိုက်နာကျင့်သုံးရန် စည်းမျဉ်း စည်းကမ်းများ ထုတ်ပြန်ညွှန်ကြားခြင်း။

သာသနာ့နွယ်ဝင်သီလရှင်များသည် မကြည်ညိုသေးသောသူများကို ကြည်ညိုစေရန်နှင့် ကြည်ညိုပြီးသောသူများကို ပို၍ကြည်ညိုစေရန်အတွက် ဖော်ပြလတ္တံ့ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြရမည်။

## (က) သာသနာ့နွယ်ဝင် သီလရှင်များ လိုက်နာရန် စည်းကမ်း ကျင့်ဝတ်များ

(၁) ဗုဒ္ဓဘာသာ သာသနာ့နွယ်ဝင် သီလရှင်ဝတ်လိုသူသည် ကျောင်းထိုင်ဘုန်းကြီး၊ ကျောင်းတိုက်နာယကဆရာတော်၏ ထံ၌ဖြစ်စေ၊ ဇရပ်အုပ်၊ ကျောင်းအုပ်၊ ကျောင်းတိုက်အုပ်၊ ချောင်အုပ်သီလရှင် ဆရာကြီး၏ ထံ၌ဖြစ်စေ ဆရာတစ်ဦးဦး ထံ၌သာ သီလရှင် ဝတ်ရမည်။ မိမိဘာသာ အလျောက် သီလရှင်ဝတ်နေခွင့်မရှိ။

(၂) သာသနာ့နွယ်ဝင်သီလရှင်သည် ၈–ပါးသီလ(သို့မဟုတ်) ၁၀–ပါးသီလကို မကျိုးမပေါက်အောင် ထိန်းသိမ်း စောင့်ရှောက် ရမည်။

(၃) သာသနာ့နွယ်ဝင် သီလရှင်သည် ကျောင်းထိုင်ဘုန်းကြီး/ ကျောင်းထိုင်နာယကဆရာတော်၏ အုပ်ချုပ်မှုအောက်၌

http://www.dhammadownload.com



ဖြစ်စေ၊ ဇရပ်အုပ်၊ ကျောင်းအုပ်၊ ကျောင်းတိုက်အုပ်၊ ချောင်အုပ် သီလရှင် ဆရာကြီး၏ အုပ်ချုပ်မှုအောက်၌ဖြစ်စေ၊ အုပ်ချုပ်မှု တစ်ခုခု၏ အောက်၌သာ နေထိုင်ရမည်၊ အုပ်ချုပ်မှု ကင်းလွတ်၍ နေထိုင်ခွင့်မရှိ။

(၄) သာသနာနွယ်ဝင် သီလရှင်ဟူသမျှသည် ဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်းထားသော သီလရှင် အဖွဲ့အစည်း တစ်ခုခုနှင့် သက်ဆိုင်စေရမည်၊ သီးခြားကင်းလွတ်၍ နေထိုင်ခွင့်မရှိ။

(၅) သာသနာနွယ်ဝင် သီလရှင်သည် စာပေကျမ်းဂန် သင်အံပို့ချမှု ဟူသော ပရိယတ္တိတာဝန်ကို ဖြစ်စေ၊ ဗုဒ္ဓါနုဿတိ၊ မေတ္တာ စသော ကမ္မဋ္ဌာန်းစီးဖြန်းမှုနှင့် ရုပ်နာမ် ဓမ္မ သင်္ခါရတို့ကို ဝိပဿနာရှုမှတ်ပွားများမှု ဟူသော ပဋိပတ္တိတာဝန်ကို ဖြစ်စေ၊ ယင်းတာဝန်နှစ်မျိုးစလုံးကို ဖြစ်စေ ထမ်းဆောင်နေရမည်၊ မည်သည့် တာဝန်ကိုမျှ မထမ်းဆောင်ဘဲ တာဝန်မဲ့ နေခွင့်မရှိ။

(၆) သာသနာနွယ်ဝင် သီလရှင်သည် သူတော်ကောင်းများ နေထိုင်ရာ ဇရပ်၊ ကျောင်း၊ ကျောင်းတိုက်၊ ချောင်အတွင်း၌သာ နေထိုင်ရမည်၊ ရပ်ရွာ အတွင်းရှိ လူနေအိမ်များ၌ အကြောင်းမဲ့ နေ့ရက် ကြာရှည်စွာ နေထိုင်ခြင်း မပြုရ။

(၇) သာသနာနွယ်ဝင် သီလရှင်သည် ညဥ့်အမှောင်ထဲ၌ အမျိုးသား နှင့် အတူ တစ်ယောက်ချင်း မနေထိုင်ရ၊ စကားမပြောရ။

(၈) သာသနာနွယ်ဝင်သီလရှင်သည် လူဝတ်ကြောင်အမျိုးသားနှင့် သော်လည်းကောင်း၊ ရသေ့ ဦးသူတော်နှင့်သော် လည်းကောင်း၊ ရဟန်းသာမဏေနှင့်သော် လည်းကောင်း အတူတကွ တစ်ဦးချင်း သွားလာလှည့်လည်ခြင်း မပြုရ။

http://www.dhammadownload.com



(၉) သာသနာ့နွယ်ဝင် သီလရှင်သည် အရက်သေစာ သောက်စားခြင်း မူးယစ်ဆေးဝါးမှီဝဲခြင်း မပြုလုပ်ရ။

(၁၀) သာသနာ့နွယ်ဝင်သီလရှင်သည် လောင်းကစားမှုများကို ကိုယ်တိုင်ပါဝင် လောင်းကစားခြင်း၊ လောင်းကစားဝိုင်း အနီး၌ နေထိုင်လျက် လောင်းကစားမှုကို ကြည့်ရှုခြင်း မပြုရ။

(၁၀) သာသနာ့နွယ်ဝင်သီလရှင်သည် တရားမဝင် မှောင်ခိုကုန်ပစ္စည်းများ လက်ဝယ်ထားရှိ ရောင်းဝယ်ခြင်း၊ နိုင်ငံတော်က တားမြစ်ထားသော ကုန်ပစ္စည်းများကို ကိုယ်တိုင်ရောင်းဝယ်ခြင်း သူတစ်ပါးအတွက် သယ်ဆောင်ပေးခြင်း၊ လက်ခံသိုဝှက်ထားခြင်း မပြုရ။

(၁၂) သာသနာ့နွယ်ဝင်သီလရှင်သည် ဇာတ်၊ အငြိမ့်၊ ရုပ်သေး၊ ရုပ်ရှင်၊ ဆပ်ကပ်၊ လက်ဝှေ့၊ တီးဝိုင်း၊ ဘောလုံးပွဲစသော ပွဲလမ်းသဘင်များကို သွားရောက်ကြည့်ရှုခြင်း မပြုရ။

(၁၃) သာသနာ့နွယ်ဝင်သီလရှင်သည် ကိုယ်တိုင် ကားဂိတ်၊ ရထားဘူတာ၊ သင်္ဘောဆိပ်၊ လေဆိပ်နှင့် ဈေးများအတွင်း၌ သော်လည်းကောင်း၊ လမ်းဆုံ၊ လမ်းခွ၊ လမ်းမများ၌သော်လည်းကောင်း၊ မော်တော်ကား၊ မီးရထား၊ သင်္ဘောများပေါ်၌သော်လည်းကောင်း၊ ကားလမ်းမများပေါ်တွင် မော်တော်ယာဉ်များကို တားဆီး၍သော်လည်းကောင်း၊ ငွေကြေးအလှူခံခြင်း မပြုရ။

(၁၄) သာသနာ့နွယ်ဝင်သီလရှင်သည် ကိုယ်ဝန်ဆောင် အမျိုးသမီးကို သော်လည်းကောင်း၊ နို့စို့ကလေးရှိသော အမျိုးသမီးကိုသော် လည်းကောင်း၊ အမိအဘနှင့် လင်ယောကျ်ားတို့က ခွင့်မပြုသော အမျိုးသမီးကိုသော် လည်းကောင်း သီလရှင်ဝတ်မပေးရ။

(၁၅) သာသနာ့နွယ်ဝင်သီလရှင်သည် ကိုက်နှင့်ကိုယ်ရုံ မဝတ်ရုံဘဲ မြို့တွင်း၊ ရွာတွင်းသို့ မဝင်ရ။

http://www.dhammadownload.com



## (ဓ)သီလရှင်ဆရာကြီးများ လိုက်နာရန် စည်းကမ်းကျင့်ဝတ်များ

(၁) သီလရှင်ဆရာကြီး (သို့မဟုတ်) ကျောင်းတိုက်နာယကသီလရှင်သည် ဤစည်းကမ်းကျင့်ဝတ် (၁၅) ချက်ကို မိမိကိုယ်တိုင် လိုက်နာရမည့်အပြင် မိမိ ဇရပ်၊ ကျောင်း၊ ကျောင်းတိုက်၊ ချောင်အတွင်းရှိ ခန်းနေ သီလရှင်များကိုလည်း လိုက်နာအောင် ကြီးကြပ် ကွပ်ကဲ ဆုံးမဩဝါဒပေးရမည်။

(၂) မိမိဇရပ်၊ ကျောင်း၊ ကျောင်းတိုက်၊ ချောင်အတွင်းရှိ သီလရှင်များအားလုံးကို ဤစည်းကမ်း ကျင့်ဝတ် (၁၅) ချက်နှင့် အညီ လည်းကောင်း၊ သက်ဆိုင်ရာ ဇရပ်၊ ကျောင်း၊ ကျောင်းတိုက်၊ ချောင်၏ စည်းကမ်းနှင့်အညီ လည်းကောင်း ကျင့်သုံးလိုက်နာနေထိုင်မည် ဖြစ်ကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးထားရှိစေရမည်။

(၃) မိမိဇရပ်၊ ကျောင်း၊ ကျောင်းတိုက်၊ ချောင်အတွင်းရှိ ခန်းနေသီလရှင်များ၏ သာသနာနွယ်ဝင်မှတ်တမ်းများကို သိမ်းဆည်းထားရမည်။

(၄) ဤကတိဝန်ခံချက်ကို ဖေါက်ဖျက်ကျူးလွန်သော သီလရှင်ကို ဇရပ်၊ ကျောင်း၊ ကျောင်းတိုက်၊ ချောင်စည်းကမ်းနှင့်အညီ အရေးယူ အပြစ်ဒဏ်ပေးရမည်။

(၅) ဤကတိဝန်ခံချက်ကို ဖေါက်ဖျက်ကျူးလွန်သည့်အတွက် နှင်ထုတ်သည့်အခါ ထွက်ခွာမသွားသော သီလရှင်ကို သက်ဆိုင်ရာ မြို့နယ် သီလရှင် အမှုဆောင်အဖွဲ့နှင့် ရပ်ကွက်/ကျေးရွာ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တို့၏ အကူအညီကို ရယူ၍ နှင်ထုတ်ရမည်။

http://www.dhammadownload.com



## (ဂ) မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့၏ တာဝန်နှင့် ဝတ္တရားများ

(၁) မြို့နယ်သီလရှင်အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ ဇရပ်အုပ်၊ ကျောင်းအုပ်၊ ကျောင်းတိုက်အုပ်၊ ချောင်အုပ် သီလရှင်ဆရာကြီးနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တို့က နှင်ထုတ်ပါလျက် ထွက်ခွာမသွားသော ခန်းနေ သီလရှင်ကို သက်ဆိုင်ရာမြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အကူအညီကို ရယူ၍ ဖယ်ရှားနှင်ထုတ်ပေးရမည်။

(၂) ထို့အပြင် အဆိုပါခန်းနေသီလရှင်၏ သာသနာနွယ်ဝင်မှတ်တမ်းကို မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့က သက်ဆိုင်ရာ ဇရပ်အုပ်၊ ကျောင်းအုပ်၊ ကျောင်းတိုက်အုပ်၊ ချောင်အုပ် သီလရှင်ဆရာကြီးထံမှ သိမ်းဆည်းရမည်။

(၃) လာရောက်အပ်နှံသည့် ဆရာ၊ (သို့မဟုတ်) မိဘ၊ (သို့မဟုတ်) သီလရှင် ဒါယကာ၊ ဒါယိကာမ တစ်ဦးဦး၏ အာမခံချက်ဖြင့် ကာယကံရှင်ကိုယ်တိုင် ဝန်ချတောင်းပန်မှသာလျှင် ယင်းသာသနာနွယ်ဝင် မှတ်တမ်းကို ပြန်လည်ထုတ်ပေးရမည်။

(၄) မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့သည် မိမိ၏ ဩဝါဒကို မလိုက်နာသည့် ဇရပ်အုပ်၊ ကျောင်းအုပ်၊ ကျောင်းတိုက်အုပ်၊ ချောင်အုပ်သီလရှင် ဆရာကြီးအား ခေါ်ယူ၍ ဤစည်းကမ်းကျင့်ဝတ်ကို တိကျစွာ လိုက်နာကျင့်သုံးစေရန်နှင့် မိမိတို့၏ ဩဝါဒကို လိုက်နာစေရန် (၂)ကြိမ်တိုင်တိုင် ဆုံးမဩဝါဒ ပေးရမည်။

http://www.dhammadownload.com



(၅) ထိုကဲ့သို့ (၂) ကြိမ်တိုင်တိုင် ဆုံးမ ဩဝါဒ ပေးပါလျက် လိုက်နာခြင်း မရှိသော ဇရပ်အုပ်၊ ကျောင်းအုပ်၊ ကျောင်းတိုက်အုပ်၊ ချောင်အုပ် သီလရှင် ဆရာကြီးအား သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများအရ အရေးယူခြင်း၊ ဇရပ်၊ ကျောင်း၊ ကျောင်းတိုက်၊ ချောင်ကို နာမည်ပျက် စာရင်း ထည့်သွင်းကြေညာခြင်းတို့ကို ပြုလုပ်ရမည်။

(၆) ယင်းကဲ့သို့ အရေးယူဆောင်ရွက်ခြင်းကို ပြည်နယ်/တိုင်း သီလရှင်အမှုဆောင်အဖွဲ့သို့ အစီရင်ခံစာတင်ပြ၍ သက်ဆိုင်ရာ မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် မြို့နယ် သာသနာရေးမှူးတို့ထံ မိတ္တူပေးပို့ရမည်။

(၇) မြို့နယ်သီလရှင်အမှုဆောင်အဖွဲ့သည် မိမိမြို့နယ်အတွင်းရှိ သီလရှင်များအားလုံး ဤစည်းကမ်းကျင့်ဝတ်တို့ကို လိုက်နာစေရန် မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ၏ အကူအညီကို ရယူ၍ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရမည်။

## (ဃ) ပြည်နယ်/တိုင်း သီလရှင် အမှုဆောင်အဖွဲ့၏ တာဝန်နှင့် ဝတ္တရားများ

(၁) ပြည်နယ်/တိုင်းသီလရှင်အမှုဆောင်အဖွဲ့သည် မိမိပြည်နယ်/တိုင်း အတွင်းရှိ သီလရှင်များ အားလုံးဤစည်းကမ်း ကျင့်ဝတ်တို့ကို လိုက်နာစေရန် သက်ဆိုင်ရာ ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အကူအညီကို ရယူ ဆောင်ရွက်ရမည်။

http://www.dhammadownload.com



(၂) မိမိပြည်နယ်/တိုင်း အတွင်းရှိ မြို့နယ်သီလရှင်အမှုဆောင်အဖွဲ့ အားလုံး တာဝန်ကျေပွန်စွာ ဆောင်ရွက်စေရန်အတွက် ကြီးကြပ်ကွပ်ကဲပေးရမည်။

(၃) ဤစည်းကမ်းကျင့်ဝတ်တို့ကို လိုက်နာဆောင်ရွက်ရာ၌ အောင်မြင်ချက်များ (သို့မဟုတ်) အခက်အခဲများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားရမည်။

(၄) ဤစည်းကမ်းကျင့်ဝတ်တို့ကို လိုက်နာဆောင်ရွက်ရာ၌ မိမိ ပြည်နယ်/တိုင်းအလိုက် မြို့နယ်အဆင့် ခွဲခြားသတ်မှတ်၍ တစ်ဆင့်ချင်း အခါအားလျော်စွာ ဆောင်ရွက်နိုင်သည်။

| | |
|---|---|
| ဘဒ္ဒန္တ ဓမ္မာဝုဓ | ဘဒ္ဒန္တ ပညာဝံသ |
| (အဘိဓဇမဟာရဋ္ဌဂုရု) | (အဂ္ဂမဟာပဏ္ဍိတ) |
| ဒုတိယ ဥက္ကဋ္ဌဆရာတော် | တွဲဖက် အကျိုးတော်ဆောင်ဆရာတော် |

---

## ညွှန်ကြားလွှာ အမှတ် (၈၅)

ဗုဒ္ဓသာသနာတော် ဂုဏ်ကျက်သရေ ညှိုးမှိန်စေသော အမှုများကို ကျူးလွန်သော ရဟန်းသာမဏေများအား အရေးယူရေးကိစ္စ။

(၂၆၊ ၃၊ ၉၆) (၈၊ ၁၊ ၅၇)

၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် အကျင့်ပျက်ရဟန်းများ အရေးယူဆောင်ရွက်ရေး ကိစ္စနှင့် ပတ်သက်၍ ညွှန်ကြားလွှာအမှတ်

http://www.dhammadownload.com



(၂၄) ဖြင့် လည်းကောင်း၊ ဝိနည်းသိက္ခာပုဒ်တော်များဖြင့် တားမြစ်အပ်သော မွဲလမ်း သဘင်များကို ကြည့်ရှုသော ရဟန်းသာမဏေများအား ဆုံးမဩဝါဒ ပေးရေးနှင့် ပက်သက်၍ ညွှန်ကြားလွှာအမှတ် (၃၀) ဖြင့် လည်းကောင်း၊ တစ်ပါးချင်းဖြစ်စေ အုပ်စုဖွဲ့၍ဖြစ်စေ ဝိနည်းသိက္ခာပုဒ်တော်များနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော တရားဥပဒေများကို ဆန့်ကျင်၍ အကြမ်းဖက် ကျူးလွန်နေကြသော ရဟန်းသာမဏေများကိစ္စနှင့် ပတ်သက်၍ ညွှန်ကြားလွှာအမှတ် (၆၅) ဖြင့် လည်းကောင်း၊ ကျောင်းထိုင်ဆွမ်းကြီးနှင့် ခန်းနေရဟန်းသာမဏေတို့ လိုက်နာကျင့်သုံးရန် ဓမ္မဝိနယနှင့်အညီ စည်းကမ်းကျင့်ဝတ်များကို ညွှန်ကြားလွှာအမှတ် (၇၂) ဖြင့်လည်းကောင်း၊ ကျောင်းတိုက်စည်းမျဉ်းစည်းကမ်း မလိုက်နာမှု ညွှန်ကြားလွှာအမှတ် (၇၂) ပါ စည်းကမ်းကျင့်ဝတ်များကို မလိုက်နာမှု၊ ဘုန်းတော်ကြီးကျောင်း အဖြစ် အသိအမှတ်မပြုသော အဆောက်အဦ၌ဖြစ်စေ၊ မဆောက်လုပ်ရန် တားမြစ်ထားပါလျက် ဆက်လက်ဆောက်လုပ်နေသော အဆောက်အဦ၌ ဖြစ်စေ သီတင်းသုံး နေထိုင်မှုများနှင့် ပတ်သက်၍ ညွှန်ကြားလွှာအမှတ် (၇၅) ဖြင့်လည်းကောင်း ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း သီတင်းသုံး နေထိုင်တော်မူကြသော ရဟန်း သာမဏေများအနေဖြင့် ဝိနည်း တရားတော်နှင့်အညီ ကျင့်သုံးနေထိုင်နိုင်ကြရေးအတွက် ၁၃၅၆–ခုနှစ်၊ တပေါင်းလဆန်း (၁၃)ရက် (၁၉၉၅–ခုနှစ်၊ မတ်လ ၃–ရက်) နေ့တွင် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသော စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ရဟန်းသာမဏေများ လိုက်နာရန် စည်းမျဉ်း ဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။

၃။ ယင်းစည်းမျဉ်း ဥပဒေ (၃၁) ချက်အနက် ဖော်ပြလတ္တံ့ပါ အချက် များမှာ ဗုဒ္ဓသာသနာတော် ဂုဏ်ကျက်သရေ ညှိုးမှိန်စေသော အချက်များ ဖြစ်ပါသည်။

http://www.dhammadownload.com



(က) မြို့တွင်း ရွာတွင်း ဝင်ထွက်သွားလာရာ၌ သက်န်းမရုံဘဲ သွားလာခြင်း။ (အပိုဒ်-၇)

(ခ) ကျောင်းထိုင်ဘုန်းတော်ကြီးများနှင့် ပဓာနနာယကက ခွင့်ပြုချက် မရှိဘဲ နေမွန်းလွဲအခါ မြို့ရွာတွင်း လှည့်လည် သွားလာမှုများ ပြုလုပ်ခြင်း။ (အပိုဒ်-၈)

(ဂ) သာသနာတော်၏ ကြောင့်တံသင်းသဖွယ်ဖြစ်၍ ရဟန်း သာမဏေတို့နှင့် မလျော်မလျောက်ပတ်သည့် လေ့ပွဲ၊ ဆင်ပွဲ၊ မြင်းခင်းသဘင်၊ ပျော်ရွှင်မြူးထူး ပြိုင်ဆိုင်ရာ အရပ်များသို့ သွားလာကြည့်ရှုနေထိုင်ခြင်း၊ ဆိုင်း၊ ဇာတ်၊ ရုပ်စုံ၊ ပွဲသဘင် မှစ၍ အရပ်ရပ် ပွဲသဘင်များကို သွားရောက်ကြည့်ရှု နားထောင်ခြင်း၊ လောင်းကစားမှုအမျိုးမျိုးကို ပြုလုပ်ခြင်း။ (အပိုဒ်-၂၅)

(ဃ) ရောင်းဝယ်ဖောက်ကားရာဖြစ်သော ဈေးပြင်ကနား အရပ်တို့ သည် ယောကျ်ား မိန်းမတို့ ပြွမ်းတီးရောနှောရာအရပ်ဖြစ်၍ ရဟန်းသာမဏေတို့ သွားလာခြင်းငှါ လျောက်ပတ်သောအရပ် မဟုတ်သောကြောင့် ဈေးပြင်ကနားများသို့ ရဟန်းသာမဏေ များ တိုးဝှေ့သွားလာခြင်း။ (အပိုဒ်-၂၇)

(င) လူမြင်ကွင်း၌ လည်းကောင်း၊ စားသောက်ဆိုင်များ၌ လည်းကောင်း နေ့လွဲညစာ စားသုံးခြင်း၊ မော်တော်ယာဉ် အမိုးပေါ်၌ တက်စီးခြင်း၊ မော်တော်ယဉ်နောက်၌ တွယ်စီးခြင်း၊ ဘူတာရုံ၊ ကားဂိတ် စားသောက်ဆိုင် စသည်တို့၌ သပိတ်ဖြင့် တွန်းထိုး၍လည်းကောင်း၊ လက်ဖြင့်တို့၍လည်းကောင်း သာသနာတော် ဂုဏ်သိက္ခာညှိုးမှိန်စေမည့် အလှူခံနည်းများဖြင့် အလှူခံခြင်း။ (အပိုဒ်-၂၉)

http://www.dhammadownload.com



၄။ အထက်အပိုဒ်(၃)ပါ ဗုဒ္ဓသာသနာတော် ဂုဏ်ကျက်သရေ ညှိုးမှိန်စေသည့် အမှုများကို ပြုလုပ်ကျူးလွန်သည့် ရဟန်းသာမဏေများကို ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေးအတွက် အာဏာစက် ပံ့ပိုး ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ က သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ မေတ္တာရပ်ခံခဲ့ရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ယင်းစည်းမျဉ်းဥပဒေ အပိုဒ် (၇၊ ၈၊ ၂၅၊ ၂၇၊ ၂၉) တို့ကို ကျူးလွန်သော ရဟန်းသာမဏေများကို တွေ့ရှိပါက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းထားသည့် သံဃာ့ အဖွဲ့အစည်းဆိုင်ရာ ဥပဒေ (၂၀/၉၀) ပါ အခန်း-၃၊ အပိုဒ်(၁၁)နှင့် အခန်း ၄၊ အပိုဒ် (၁၄)တို့အရ အရေးယူဆောင်ရွက်သွားရန် ပြည်နယ်/ တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များသို့ ညွှန်ကြားထားပြီး ဖြစ်ပါသည်။-

၅။ သို့ဖြစ်ပါ၍ ကျောင်းထိုင်ဘုန်းကြီး၊ ကျောင်းတိုက်ပဓာနနာယက ဆရာတော်များအနေဖြင့် မိမိတို့၏ တပည့် ရဟန်းသာမဏေများကို ဗုဒ္ဓသာသနာတော် ဂုဏ်ကျက်သရေ ညှိုးမှိန်စေမည့် အမှုများ မပြုလုပ် မကျူးလွန် မိရေရေးအတွက် အမြဲမပြတ် ကြီးကြပ်၍ နေ့စဉ် ဆုံးမ သြဝါဒများပေးကြရန် ညွှန်ကြားအပ်ပါသည်။

| | |
|---|---|
| ဘဒ္ဒန္တ သောဘိတ | ဘဒ္ဒန္တ ကုမာရ |
| (အဘိဓမ္မမဟာရဋ္ဌဂုရု) | (အဂ္ဂမဟာပဏ္ဍိတ) |
| (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) | အကျိုးတော်ဆောင်ဆရာတော် |
| ဥက္ကဋ္ဌ ဆရာတော် | |

http://www.dhammadownload.com



## (၁၁-၇-၉၇) နေ့တွင် ကျင်းပသော စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အစွမ အစည်းအဝေးမှ ပြင်ဆင်ချက်

ညွှန်ကြားလွှာ (၇၂)၊ အပိုဒ် (၂)၊ (က)၊ အပိုဒ်ခွဲ (၆)

**မူလစာသား**

၆။ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကခုန်ခြင်း၊ မာတုဂါမ များအား ပြောင်လှောင် နှောင့်ယှက်ခြင်း၊ ရမ်းကားရိုက်နှက်ခြင်း၊ ဘောလုံးကန်ခြင်း၊ စက်ဘီးစီးခြင်း၊ မော်တော်ဆိုင်ကယ်စီးခြင်း၊ ခြင်းလုံးခတ်ခြင်း မပြုရ။

**ပြင်ဆင်သည့်စာသား**

၆။ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကခုန်ခြင်း၊ မာတုဂါမများအား ပြောင်လှောင်နှောင့်ယှက်ခြင်း၊ ရမ်းကားရိုက်နှက်ခြင်း၊ စက်ဘီး စီးခြင်း၊ မော်တော်ဆိုင်ကယ် စီးခြင်းစသည်နှင့် ဘောလုံး ကန်ခြင်း၊ ခြင်းလုံးခတ်ခြင်းစသော အားကစားနည်းများ မပြုရ။

ညွှန်ကြားလွှာ (၇၅)ဖြင့် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုင်း(၂)၊ အပိုဒ်ခွဲ (ဆ) ပြင်ဆင် ဖြည့်စွက်ရန် —

**မူလစာသား**

၁။ ------------------------------------------

၂။ ------------------------------------------

http://www.dhammadownload.com



ဖြည့်စွက်သည့်စာသား

၃။ စက်ဘီးစီးခြင်း, မော်တော်ဆိုင်ကယ်စီးခြင်းစသည်

ပြင်ဆင် ဖြည့်စွက်သည့်စာသား

၄။ ဘောလုံးကန်ခြင်း, ခြင်းလုံးခတ်ခြင်းစသော အားကစားနည်းများ

ပြစ်ဒဏ်

၁။ -----------------------------

၂။ -----------------------------

ဖြည့်စွက်သည့် စာသား

၃။ စက်ဘီးစီးခြင်း, မော်တော်ဆိုင်ကယ်စီးခြင်း စသည်ကို ကျောင်းတွင်း၌ ကျူးလွန်ပါက ကျောင်းထိုင်ဘုန်းကြီး၏ ဆန္ဒအရ အရေးယူ ဆောင်ရွက်ရန်နှင့် ကျောင်းပြင်၌ ကျူးလွန်ပါက ကျောင်းမှ နှင်ထုတ်ရမည်။

ပြင်ဆင် ဖြည့်စွက်သည့် စာသား

၄။ ဘောလုံးကန်ခြင်း, ခြင်းလုံးခတ်ခြင်းစသော အားကစားနည်းများကို ကျောင်းတွင်း၌ ကျူးလွန်ပါက ကျောင်းထိုင်ဘုန်းကြီး၏ ဆန္ဒအရ အရေးယူ ဆောင်ရွက်ရန်နှင့် ကျောင်းပြင်၌ ကျူးလွန်ပါက ကျောင်းမှ နှင်ထုတ်ရမည်။ လောင်းကြေးဖြင့် ဘောလုံးကစားခြင်း, ခြင်းလုံးခတ်ခြင်း စသော အားကစားနည်းများကို ပြုလုပ်လျှင် မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေး၍ ရပ်ကွက်/ ကျေးရွာ အုပ်စုမှအ ပြုသည့် ပြစ်ဒဏ်ကို ချမှတ်ရမည်။

http://www.dhammadownload.com



# ညွှန်ကြားလွှာအမှတ် (၈၆)

စာအမှတ်၊ ၁၀၀/၇/ (နိုင်-သီးခြား) မဟန-၉၈
၂၅-၃-၉၈

စမ်းကလေးဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြုလက်မှတ် ရေးထိုးစေရေးကိစ္စ

၁။ "စမ်းကလေးဝါဒသည် ထေရဝါဒ ပိဋကတ်တော်နှင့် ကိုက်ညီခြင်း မရှိသဖြင့် အဓမ္မဝါဒ, မိစ္ဆာဝါဒသာ ဖြစ်သည်ဟု နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) က ဆုံးဖြတ်ခဲ့ရာ၊ ယင်းဆုံးဖြတ်ချက်ကို လိုက်နာသောအားဖြင့် ယင်းဝါဒကို ဦးဆောင်သော ဦးနန္ဒာဘာသသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ရှေ့မှောက်၌ မိမိ၏ဝါဒကို အဓမ္မဝါဒ အဖြစ် ကြေညာလျက် စွန့်လွှတ်ပါကြောင့် ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြို့နယ်သံဃနာယကအဖွဲ့များသည် မိမိတို့မြို့နယ် အတွင်း၌ စမ်းကလေးဝါဒကို သက်ဝင်ယုံကြည်ကြသော ရဟန်းသာမဏေ များနှင့် လူပုဂ္ဂိုလ်များ ရှိပါက ထိုပုဂ္ဂိုလ်များကို မြို့နယ်သံဃနာယကအဖွဲ့ တည်ရှိရာဌာနသို့ ပင့်ဆောင်ခေါ်ယူ၍ "အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကိုယ်တိုင်ပဋိညာဉ်ပြု လက်မှတ် ရေးထိုးစေရေးအတွက်" ထိုပုဂ္ဂိုလ်များအား ဩဝါဒပေးတော်မူကြပါရန် ညွှန်ကြားလိုက်ပါသည် –

(က) စမ်းကလေးဝါဒကို နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) က ထေရဝါဒပိဋကတ်တော်နှင့် ကိုက်ညီခြင်းမရှိသဖြင့် အဓမ္မဝါဒ, မိစ္ဆာဝါဒအဖြစ် ဆုံးဖြတ်ထားသည့်အတိုင်း လိုက်နာ၍ ထိုဝါဒကို စွန့်လွှတ်ပါကြောင်း၊

http://www.dhammadownload.com



(ခ) ယခုအချိန်မှစ၍ နောင်အနာဂတ်ကာလ၌လည်း ထိုအဓမ္မဝါဒ, မိစ္ဆာဝါဒကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်း စသည်တို့ကို မိမိတို့ကိုယ်တိုင်လည်း ပြုလုပ်ကြမည် မဟုတ်သည့်အပြင် မိမိတို့နှင့် ဆက်နွယ်သူများကိုလည်း ပြုလုပ်စေကြမည် မဟုတ်ပါကြောင်း၊

(ဂ) စမ်းကလေး၏ တရားဓမ္မဆိုင်ရာ စာအုပ်စာတမ်းများ တိတ်ခွေများ၊ အထိမ်းအမှတ်ပစ္စည်းများ စသည်တို့ကို မိမိတို့မြို့နယ် သံဃနာယကအဖွဲ့သို့ အပ်နှံကြမည်ဖြစ်ပါကြောင်း၊

(ဃ) ယခင်က ထိုအဓမ္မဝါဒ, မိစ္ဆာဝါဒနှင့်ပတ်သက်၍ အသုံးပြုခဲ့သော အဖွဲ့အမည်နှင့် အသင်းအဖွဲ့ စသည်တို့ကိုလည်း လုံးဝတာဝန်ယူ၍ ဖျက်သိမ်းကြမည်၊ ဖျက်သိမ်းစေကြမည် ဖြစ်ပါကြောင်း၊

**မှတ်ချက်။** (၁) ဆိုင်ရာ အဓမ္မဝါဒီ, မိစ္ဆာဝါဒီပုဂ္ဂိုလ်များကို "အထက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း" မြို့နယ်သံဃနာယကအဖွဲ့ ရှေ့မှောက်၌ ကိုယ်တိုင် ပဋိညာဉ်ပြု လက်မှတ်ရေးထိုးစေရမည်၊ အကယ်၍ ထိုဝါဒ၌ သက်ဝင်ယုံကြည်သူအဖြစ် စာရွက်စာတမ်း၊ သက်သေအထောက်အထား မထင်ရှား၍ "မိမိတို့သည် ထိုဝါဒ၌ သက်ဝင်ယုံကြည်သူများ မဟုတ်ကြပါ" ဟု ငြင်းဆိုနေပါက "ထိုဝါဒ၌ သက်ဝင်ယုံကြည်သူများ မဟုတ်ကြောင်း" လက်မှတ်ရေးထိုးစေရမည်။ သို့သော်

http://www.dhammadownload.com



မူလကပင် စမ်းကလေးဝါဒကို သက်ဝင်ယုံကြည်သူ အဖြစ် စာရွက်စာတမ်း၊ သက်သေအထောက်အထား အရ ထင်ရှားပါလျက် လက်မှတ်ရေးထိုးရမည်ကို ကြောက်ရွံ့၍ ယခုမှ ငြင်းဆိုသူများကိုမူ ညွှန်ကြား ချက်အတိုင်း လက်မှတ်ရေးထိုးစေရမည်သာ ဖြစ်သည်။

(၂) ထိုသို့ဆောင်ရွက်ရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ညှိနှိုင်း၍ ဆောင်ရွက်ရမည်။

၃။ မိမိတို့မြို့နယ်အတွင်း၌ စမ်းကလေးဝါဒကို သက်ဝင်ယုံကြည် ကြသော ရဟန်းရှင်လူများ ရှိနေပါက ညွှန်ကြားလွှာအတိုင်း ဆောင်ရွက်ရမည်။ ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီးကြောင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ မိတ္တူပေးပို့ရန် ထပ်မံညွှန်ကြားလိုက်ပါသည်။

| | |
|---|---|
| **(ဘဒ္ဒန္တ ဓမ္မာဝုဓ)** | **(ဘဒ္ဒန္တ ကောသလ္လ)** |
| **အဘိဓဇမဟာရဋ္ဌဂုရု** | **အဂ္ဂမဟာပဏ္ဍိတ** |
| **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက** | **တွဲဖက်အကျိုးတော်ဆောင်ဆရာတော်** |
| **ဒုတိယဥက္ကဋ္ဌဆရာတော်** | |

---

http://www.dhammadownload.com



# ညွှန်ကြားလွှာအမှတ် (၈၇)

စာအမှတ်၊ ၄၀၀/၁၅/ (သာ-ဝိ) သာ-မဟာန
၁၀-၄-၉၈

## ထေရဝါဒဗုဒ္ဓဘာသာ သာသနာ့နွယ်ဝင် သီလရှင်များ၏ အဝတ်အဆင်များ အရောင်အသွေးတူညီစွာ ဝတ်ဆင်ရန် ညွှန်ကြားခြင်း

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ၁၃၄၃-ခုနှစ်၊ (၁၉၈၁-ခုနှစ်) ၌ ဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို ရေးဆွဲ၍လည်းကောင်း၊ ၁၃၄၄-ခုနှစ်၊ (၁၉၈၂-ခုနှစ်)တွင် ညွှန်ကြားလွှာအမှတ် (၄၂)ကို ထုတ်ပြန်၍လည်းကောင်း၊ မြို့နယ်နှင့် ပြည်နယ်/တိုင်း ဗုဒ္ဓဘာသာ သီလရှင် အဖွဲ့အစည်းများကို ဖွဲ့စည်းစေခဲ့ပါသည်။ ၁၃၅၅-ခုနှစ်၊ (၁၉၄၄-ခုနှစ်)တွင် သီလရှင်ကျင့်ဝတ်နှင့် ညွှန်ကြားလွှာအမှတ် (၈၄)ကိုလည်း ထုတ်ပြန်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဗုဒ္ဓဘာသာသာသနာ့နွယ်ဝင် သီလရှင်ဦးရေသည် တိုးတက်များပြားလာသည့်အလျောက် သီလရှင်အားလုံးတို့သည်လည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့၏ ဩဝါဒကိုခံယူပြီး သီလရှင်အဖွဲ့အစည်းအဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် ထေရဝါဒဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၊ ကျင့်ဝတ်များ၊ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များကို တိကျစွာ လိုက်နာကျင့်သုံးကြရန် လိုအပ်ပါသည်။

http://www.dhammadownload.com



၃။ သို့ဖြစ်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ၁၃၅၇–ခုနှစ်၊ တပေါင်းလ၊ (၁၉၉၆–ခုနှစ်၊ မတ်လ)တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ထေရဝါဒဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်း (ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်)နှင့် လုပ်ထုံးလုပ်နည်းများ" ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ယင်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများအရ ၁၃၅၈–ခုနှစ်၊ နတ်တော်လဆန်း (၁)ရက်၊ (၁၁–၁၂–၉၆) နေ့မှစ၍ တစ်နိုင်ငံလုံး၌ ထေရဝါဒဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်းများကို စနစ်တကျ ပြန်လည်ဖွဲ့စည်းခဲ့ပြီး ပြန်တမ်းများ ထုတ်ပြန်၍ အတည်ပြုခဲ့ပြီး ဖြစ်ပါသည်။

၄။ ၁၃၅၇–ခုနှစ်၊ တော်သလင်းလဆန်း (၁)ရက် (၂)ရက်၊ (၂၅၊ ၂၆–၈–၉၅) နေ့များတွင် ကျင်းပခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး၏ လုပ်ငန်းလမ်းညွှန်ချက် ရှင်းလင်းပွဲတွင် လည်းကောင်း၊ ၁၃၅၉–ခုနှစ်၊ တပို့တွဲလဆန်း ၄၊ ၅၊ ၆–ရက်၊ (၃၁–၁–၉၈၊ ၁–၂–၉၈၊ ၂–၂–၉၈) နေ့များတွင် ကျင်းပခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့တို့၏ ထက်အောက်ညှိနှိုင်းပွဲနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ထံ ပြည်နယ်/တိုင်း ထေရဝါဒဗုဒ္ဓဘာသာသီလရှင် အဖွဲ့အစည်းများ၏ ဩဝါဒခံယူပွဲတွင် လည်းကောင်း၊ ပြည်နယ်/တိုင်း ထေရဝါဒဗုဒ္ဓဘာသာသီလရှင် အဖွဲ့များအားလုံးက သာသနာနွယ်ဝင် သီလရှင်များ၏ အဝတ်အဆင်များ၊ အရောင်အသွေးတူညီစွာ ဝတ်ဆင်ရေးကိစ္စကို အထူးအားဖြင့် ဆွေးနွေးလျှောက်ထားခဲ့ကြပါသည်။

၅။ မြန်မာနိုင်ငံအတွင်းတွင် အချို့သော သီလရှင်ကျောင်းတိုက်၊ ရွာ၊ ရပ်များ၌ သီလရှင်အချို့သည် အင်္ကျီ၊ ကိုယ်ရုံ စသည်အဝတ်အဆင်

http://www.dhammadownload.com



များကို၊ အဖြူ၊ သင်္ကန်းရောင်၊ အညို၊ ပန်းရောင် စသည်ဖြင့် အရောင်အမျိုးမျိုး ဝတ်ဆင်နေကြရာ မြင်တွေ့ရသူများက အကျင့်သီလဆောက်တည်ရာတွင် ကွာခြားမှု၊ အဖွဲ့အစည်းခြင်း မတူညီမှု၊ စိတ်သဘောထား၊ အမူအကျင့် ကွဲပြားခြားနားမှုကြောင့် အရောင်အသွေးမညီခြင်း ဖြစ်သည်ဟု အမြင်မှားစရာ၊ အထင်သေးဖွယ်ရာ ရှိနေပါသည်။

၆။ သီလရှင်များ၏ အဝတ်အဆင်နှင့်စပ်လျဉ်း၍ ထေရဝါဒဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၁)၊ အပိုဒ် ၂ (က)တွင် "သီလရှင်ဆိုသည်မှာ ဆံပယ်၍ မြေနီရောင်အဝတ်၊ (သို့မဟုတ်) ရဟန်းသာမဏေများ၏ သင်္ကန်းရောင်နှင့်မတူသော ဖန်ရည်စွန်းသော အဝတ်ကို ဝတ်သည်" ဟူ၍ ပြဋ္ဌာန်းထားပါသည်။ ၁၉၉၄–ခုနှစ်တွင် ထုတ်ဝေသော သီလရှင်ကျင့်ဝတ်တွင်လည်း သီလရှင်အဝတ်အရုံ၌ "အဝါမကျ၊ အနီမကျ စပ်ခွဲဆိုးထားသောအရောင်"၊ "မြေနီဆိုးထားသည့်အရောင်ရင့်" ဟူ၍ ဖော်ပြထားပါသည်။

၇။ ထို့ကြောင့်ပင် သာသနာ့နွယ်ဝင် သီလရှင်များ အဝတ်အဆင် အရောင်အသွေး တူညီစွာ ဝတ်ဆင်ရေးကိစ္စတွင် အခြေခံစည်းမျဉ်း၌ သတ်မှတ်ထားရှိပြီး ဖြစ်သဖြင့် အခြေခံစည်းမျဉ်းနှင့်အညီ အများစု ဝတ်ဆင်နေသည့် အရောင်အသွေးအတိုင်း တိတိကျကျ လိုက်နာ ဝတ်ဆင်ကြရန် ကြပ်ကြပ်မတ်မတ် ညွှန်ကြားသင့်ကြောင်း တင်ပြခြင်းနှင့် စပ်လျဉ်း၍ ၄–၃–၉၈ နေ့တွင် ကျင်းပသော စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇–ပါးစုံညီ ဒသမအစည်းအဝေးက ဖော်ပြလတ္တံ့ပါအတိုင်း ဆုံးဖြတ်တော်မူခဲ့ကြပါသည် –

http://www.dhammadownload.com



## ဆုံးဖြတ်ချက်

ထေရဝါဒဗုဒ္ဓဘာသာ သာသနာနွယ်ဝင် သီလရှင်များ၏ အဝတ် အဆင်များ အရောင်အသွေး တူညီစွာ ဝတ်ဆင်ရေးကိစ္စ တင်ပြခြင်းနှင့်စပ်လျဉ်း၍ ထေရဝါဒဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၁)၊ အပိုဒ် ၂ (က) နှင့် အညီ အများစု ဝတ်ဆင်နေသည့် အရောင်အသွေးအတိုင်း အားလုံး တူညီစွာ ဝတ်ဆင်ကြရေး ညွှန်ကြားချက်ထုတ်ပြန်ရန်၊

၈။ ထို့ကြောင့်ပင် နိုင်ငံတော်တစ်ဝန်းလုံးရှိ သာသနာနွယ်ဝင် သီလရှင်များအားလုံးသည် အဝတ်အဆင်များ အရောင်အသွေး တူညီစွာ ဝတ်ဆင်ကြရေးအတွက် ဖော်ပြလတ္တံ့ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားအပ်ပါသည် —

(က) ထေရဝါဒဗုဒ္ဓဘာသာ သာသနာနွယ်ဝင် သီလရှင် မှန်သမျှသည် ထေရဝါဒဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်း သီလရှင်ကျင့်ဝတ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများစုဝတ်ဆင်နေသည့် မြေနီရောင်၊ မြေနီရင့်ရောင်ကိုသာ ဝတ်ဆင်ကြရမည်၊

(ခ) သီလရှင်ကျောင်းတိုက်၊ ချောင်၊ ဇရပ်ကိုအုပ်ချုပ်ကြသော ပဓာနနာယကဆရာတော်များ၊ သီလရှင်ဆရာကြီးများသည် ညွှန်ကြားချက်ပါအတိုင်း လိုက်နာကြရန် အမြဲမပြတ် ကြီးကြပ်နေကြရမည်၊

(ဂ) မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့များ၊ ပြည်နယ်/တိုင်း သီလရှင် အမှုဆောင်အဖွဲ့များသည် မိမိတို့ ဒေသဆိုင်ရာ အတွင်း မျက်ခြည်မပြတ် ကြီးကြပ်နေကြရမည်။

ဆန္ဒ(၁)-၉၃-၂၄

http://www.dhammadownload.com



(ဃ) မြို့နယ်သံဃနာယကအဖွဲ့များ၊ ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့များသည် ညွှန်ကြားချက်ပါအတိုင်း လိုက်နာကြစေရန် အခါမလပ် ဆုံးမဩဝါဒပေးကြရမည်။

၉။ အပိုဒ် (၈)ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ကြစေရေးအတွက် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယက အဖွဲ့များက ဩဝါဒပေးကြပါရန် ထပ်ဆင့်ညွှန်ကြားအပ်ပါသည်။

| | |
|---|---|
| **(ဘဒ္ဒန္တ သောဘိတ)** | **(ဘဒ္ဒန္တ ကုမာရ)** |
| **အဘိဓဇမဟာရဋ္ဌဂုရု** | **အဘိဓဇမဟာရဋ္ဌဂုရု** |
| **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက** | **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက** |
| **ဥက္ကဋ္ဌဆရာတော်** | **အကျိုးတော်ဆောင်ဆရာတော်** |
| **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့** | **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့** |

http://www.dhammadownload.com



# ညွှန်ကြားလွှာအမှတ် (၈၈)

စာအမှတ်၊ ၃၀၀/၄/ (သာ-ဝိ) သာ-မဟာန
၂၀-၅-၉၈

**အေအိုင်ဒီအက်စ်ရောဂါ ရဟန်းတော်များ၌ ဖြစ်ပွားနေမှုနှင့် ပတ်သက်၍ သိရှိလိုက်နာရန် ထုတ်ပြန်ညွှန်ကြားခြင်း**

၁။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် ၃၈-ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့က ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးတွင် လာရောက်၍ ဆေးကုသမှု ခံယူကြသည့် ဂိလာနရဟန်း သာမဏေများတွင် အေအိုင်ဒီအက်စ် ရောဂါလက္ခဏာများ ရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး အတွက် ဆရာတော်များအနေဖြင့် ယင်းရောဂါမှာ ကူးစက်ပြန့်ပွားတတ် သည့် သဘာဝကိုသိရှိ၍ တားဆီးကာကွယ်ပေးရန် လိုက်နာဆောင်ရွက်သင့် ကြောင်းဖြင့် တင်ပြလျှောက်ထားလာပါသည်။

၂။ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့က အဆိုပါရောဂါ ဖြစ်ပွားနိုင်သော အကြောင်းအချက်အလက်များကို ဖော်ပြလတ္တံ့ပါအတိုင်း တင်ပြထားပါသည် -

(က) ဂိလာနရဟန်း သာမဏေများကို သွေးစစ်အတည်ပြုချက်အရ အေအိုင်ဒီအက်စ်ရောဂါ ဖြစ်နေသည့်ရဟန်း (၁၅)ပါး တွေ့ရှိရပါကြောင်း၊

(ခ) ရဟန်းတော်များအနေဖြင့် ရောဂါဖြစ်သူနှင့် တစ်ကျောင်း တည်းနေ၍ ဆံချခြင်း၊ လက်သည်းညှပ်ခြင်း၊ မုတ်ဆိတ် ကျွင်ဖွယ်ရိတ်ခြင်း ပြုလုပ်ရာ၌ ယင်းတို့ အသုံးပြုသည့်

http://www.dhammadownload.com



သင်တုံးဓား၊ မုတ်ဆိတ်ရိတ်ဓား၊ လက်သည်းညှပ်များမှ တစ်ဆင့် ကူးစက်နိုင်ပါကြောင်း၊ သွားနှတ်ခြင်း၊ ဆေးထိုးခြင်းဖြင့် ကူးစက်နိုင်ပါကြောင်းနှင့် ဂိလာနများ၏ အရေပြား ရောဂါ ဝဲရောဂါများမှတစ်ဆင့် ကူးစက်နိုင်ပါကြောင်း၊

(ဂ) အေအိုင်ဒီအက်စ်ရောဂါနှင့် တီဘီရောဂါတို့မှာ ယှဉ်တွဲဖြစ်ပေါ်လာနိုင်ပါကြောင်း၊

(ဃ) ရဟန်းသံဃာတော်များမှာ ယင်းရောဂါဖြစ်ပွားနေကြောင်း သတင်းများ ပြန့်လာပါက နိုင်ငံခြားသားများ၊ အခြား ဘာသာဝင်များအနေဖြင့် အဖြစ်မှန်ကိုမသိကြဘဲ မူးယစ်ဆေးဝါးသုံးစွဲမှု၊ မေထုနသံဝါသမှုများကြောင့် ဖြစ်သည်ဟု အထင်မှားပြီး ရဟန်းကောင်း ရဟန်းမြတ်များကို ပြစ်မှားမိပါက အကုသိုလ် ဖြစ်ပွားနိုင်ပါကြောင်း၊

(င) အချို့ဂိလာန ရဟန်းများမှာ အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပြီးမှ ရဟန်းဘဝဖြင့် ဘဝနိဂုံးချုပ်လိုကြ၍ ရဟန်းဝတ်ကြသည်ဟု သိရှိရပါကြောင်း၊ ယင်းရောဂါဆိုးရှိသည်ဟု မသင်္ကာပါက နီးစပ်ရာ ဆရာဝန်ထံ စစ်ဆေးထောက်ခံချက် တောင်းပြီးမှ ရဟန်းဝတ်ပေးသင့်ပါကြောင်း၊ အေအိုင်ဒီအက်စ် ရောဂါလက္ခဏာများမှာ ဖော်ပြပါအတိုင်း ဖြစ်ပါကြောင်း -

(၁) ပိန်ချုံး၊ အသားအရေခြောက်ခန်း အားပြတ်ခြင်း၊

(၂) ဆေးမင်ကြောင် တစ်ကိုယ်လုံးထိုးထားခြင်း၊

(၃) ပါးစပ်နှင့်လျှာတွင် မကျွရ အဖြူစက်ရှိခြင်း၊

http://www.dhammadownload.com



(၄) အဖျားကြာရှည်ခြင်း၊

(၅) အဆုတ်တီဘီ + အကြိတ်တီဘီ ဖြစ်ခြင်း၊

(၆) အကြိတ်များကြီးခြင်း၊ (ချိုင်း၊ ပေါင်ခြံ၊ လည်ပင်း)

(၇) အရေပြားအနာ၊ တစ်ကိုယ်လုံးအနှံ့ ရေယုန်မီးလောင်ဖု ဖြစ်ခြင်း၊

(၈) ကြာရှည်စွာ ဝမ်းပျက်ခြင်း။

၃။ ထို့ကြောင့်ပင် ယင်းရောဂါဆိုး ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဖော်ပြလတ္တံ့ပါအတိုင်း လိုက်နာကျင့်သုံးကြပါရန် ညွှန်ကြားလျှောက်ထားအပ်ပါသည် –

(က) ဒုလ္လဘရဟန်းခံပွဲ၊ ရှင်ပြုပွဲပြုလုပ်ပေးရာ၌ ယင်းရောဂါဆိုး စွဲကပ်နေသူ မပါဝင်ရေးအတွက် သတိပြု ဆောင်ရွက်ကြရန်၊

(ခ) မိမိကျောင်းတွင် ဒုလ္လဘရဟန်းခံပွဲ၊ ရှင်ပြုပွဲပြုလုပ်ပါက သင်တုံးဓား၊ မုတ်ဆိတ်ရိတ်ဓားများ ရောယှက်ခြင်းမပြုဘဲ သီးခြားစီ အသုံးပြုရန်၊

(ဂ) ရောဂါရှိသည်ဟု ယုံမှားသံသယရှိပါက နီးစပ်ရာဆေးရုံတွင် ဆေးစစ်ခံစေ၍ ရောဂါကင်းရှင်းကြောင်း အထောက်အထားရမှ ရှင်ပြု ရဟန်းခံ ဆောင်ရွက်ပေးရန်၊

(ဃ) မလွှဲမရှောင်သာ မိမိတို့ကျောင်းတွင် လက်ခံထားရှိရမည်ဆိုပါက သီးခြားနေရာ သီးခြားအသုံးအဆောင်များ ထားရှိ၍ ဆရာဝန် ညွှန်ကြားချက်နှင့်အညီ လိုက်နာ ကျင့်သုံးဆက်ဆံစေခြင်း ပြုလုပ်ကြရန်။

http://www.dhammadownload.com



၄။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အချက်များကို သိရှိလိုက်နာကြစေရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့များ၊ ရပ်/ကျေး သံဃနာယကအဖွဲ့များက မိမိနယ်မြေဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်း စာသင်တိုက်များ၊ ရိပ်သာများအားလုံးသို့ သြဝါဒများပေးကြရန် ညွှန်ကြားအပ်ပါသည်။

(ဘဒ္ဒန္တ ဇဗ္ဗာဝုဓ)
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဒုတိယဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

(ဘဒ္ဒန္တ ကောသလ)
အဂ္ဂမဟာပဏ္ဍိတ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

---

## ညွှန်ကြားလွှာအမှတ် (၈၉)

စာအမှတ်၊ ၃၀၀/၁၅/ (သာ၀) သာ-မဟာန
၂၉-၃-၀၁

**သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ပဉ္စမအကြိမ်အဖြစ် သတ်မှတ်၍ လုပ်ငန်းတာဝန်များ ဆက်လက်ဆောင်ရွက်သွားကြရန် ညွှန်ကြားခြင်း**

၁။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် (၅)နှစ်တာသက်တမ်း ကာလများတွင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် အားလုံးကို အဟောင်းအသစ် လဲလှယ်ဖွဲ့စည်းခဲ့ကြပြီး စတုတ္ထအကြိမ် သက်တမ်းကာလမှစတင်၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်

http://www.dhammadownload.com



၏ သက်တမ်းကို (၆)နှစ် သတ်မှတ်၍ သက်တမ်း (၆)နှစ် ပြည့်သောအခါ မြို့နယ်သံဃာနာယကအဖွဲ့များ၊ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တို့ကို ၂၅% (ရာခိုင်နှုန်း) အဟောင်း အသစ် လဲလှယ်ကြရန်နှင့် ထိုနည်းအတိုင်း (၃)နှစ်တစ်ကြိမ် ဆောင်ရွက် သွားကြရန်ဟု စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများတွင် ပြင်ဆင် အတည်ပြုပေးခဲ့ပါသည်။

၂။ ထိုအတည်ပြု ပြဋ္ဌာန်းချက်များနှင့်အညီ စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ၂၅% (ရာခိုင်နှုန်း) အနားယူခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ တင်ပြပြီး အတည်ပြုချက်ရယူကာ ယင်းစီမံချက်အတိုင်း မြို့နယ်သံဃ နာယကအဖွဲ့များ၊ ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့များနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တို့ကို ၂၅ % (ရာခိုင်နှုန်း) အနားယူစေခြင်း၊ အစားထိုး ရွေးချယ်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ဖြစ်ပါသည်။

၃။ ယင်းအစားထိုးပြီးသော သံဃနာယကအသစ်များကို အတည်ပြု ပြန်တမ်းများ ထုတ်ပြန်ပေးမည် ဖြစ်ပါသည်။ ယင်းသို့ ထုတ်ပြန်ရာ၌ မူလရှိ သံဃနာယကများကို (မူလ)ဟူ၍လည်းကောင်း၊ အစားထိုး သံဃနာယကများကို (အသစ်) ဟူ၍ လည်းကောင်း ဖော်ပြ၍ မှတ်သား၍ လွယ်ကူစေရန် မြို့နယ်၊ ပြည်နယ်၊ တိုင်း ဝိနည်းဓိုရ် စာရင်းကိုလည်း ပူးတွဲပေးပို့မည် ဖြစ်ပါသည်။

၄။ ကျန်သံဃာ့အဖွဲ့အစည်းများ ဖြစ်ကြသော ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များ၊ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ၊

http://www.dhammadownload.com



မြို့နယ်သံဃာ့ဝန်ဆောင်များ၊ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်များ၊ မြို့နယ်/ ပြည်နယ်/ တိုင်းဝိနည်းဓိုရ်ဆရာတော်များ၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များ၊ ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များနှင့် သြဝါဒါစရိယ ဆရာတော်များသည် သက်တမ်း ကန့်သတ်ချက် မရှိကြပါသဖြင့် စတုတ္ထအကြိမ် သက်တမ်းတွင် အတည်ပြု ခဲ့ပြီးဖြစ်၍ ယခု ပဥ္စအကြိမ် သက်တမ်းတွင် ထပ်မံအတည်ပြုချက် ထုတ်ပြန်ရန် မလိုတော့ပါကြောင်း အကြောင်းကြားအပ်ပါသည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားသည့် နေရာများ၌ အစားထိုး ရွေးချယ်မှုရှိပါက အတည်ပြုကြောင်း ပြန်တမ်းထုတ်ပြန်ပေးမည် ဖြစ်ပါ သည်။

၅။ သို့ဖြစ်ပါ၍ ၂၅% (ရာခိုင်နှုန်း) အဟောင်းအသစ် လဲလှယ်ကြသော ပြည်နယ်/တိုင်း မြို့နယ်သံဃနာယကအဖွဲ့များနှင့် ၂၅% (ရာခိုင်နှုန်း) အဟောင်းအသစ် လဲလှယ်ခြင်းမရှိသော ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်နှင့် ပြည်နယ်/ တိုင်း/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ၊ ပြည်နယ်/ တိုင်း/ မြို့နယ်ဝိနည်းဓိုရ် ဆရာတော်များ၊ သြဝါဒါစရိယ ဆရာတော်များ အားလုံးတို့ကို ပဥ္စမအကြိမ် သံဃာ့အဖွဲ့အစည်းများအဖြစ် သတ်မှတ်၍ လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိတို့ ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်တော်မူကြပါရန် ညွှန်ကြား လျှောက်ထားအပ်ပါသည်။

| | |
|---|---|
| (ဘဒ္ဒန္တ ကေသရ) | (ဘဒ္ဒန္တ တေဇနိယ) |
| အဂ္ဂမဟာပဏ္ဍိတ | အဂ္ဂမဟာပဏ္ဍိတ |
| ဒုတိယဥက္ကဋ္ဌဆရာတော် | တွဲဖက်အထွေထွေအတွင်းရေးမှူးဆရာတော် |

http://www.dhammadownload.com



# ညွှန်ကြားလွှာအမှတ် (၉၀)

စာအမှတ်၊ ၈၀၀/၂-၅/ စာမေးပွဲ (၂၀၀၁)
၅-၉-၀၁

**လာမည့် ၂၀၀၂-ခုနှစ်၊ မတ်လ၊ (၁၃၆၃-ခုနှစ် တပေါင်းလတွင်) ကျင်းပမည့် ပထမပြန်စာမေးပွဲမှစတင်၍ အခြေပြုမူလတန်းကို မကျင်းပတော့ဘဲ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းကိုသာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာလျှောက်ထားခြင်း**

၁။ အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ အခြေပြုမူလတန်း စာမေးပွဲ မကျင်းပတော့ဘဲ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း (၃)တန်းကိုသာ ကျင်းပတော့မည် ဖြစ်ကြောင်းကို မြန်မာနိုင်ငံတဝန်းလုံး၌ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်း သံဃနာယက ဆရာတော်များနှင့် မြို့နယ်သံဃနာယက ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်များ ၂၀၀၀-ပြည့်နှစ် စာမေးပွဲ၌ ဖြေဆိုရန် စာရင်းသွင်းပုဂ္ဂိုလ် (၂၀)အထက်ရှိ စာသင်တိုက်ကြီးများမှ ပဓာနနာယကံများကို ခရိုင်အလိုက် ပင့်ဆောင်၍ သာသနာရေးဝန်ကြီးဌာနမှ ရှင်းလင်းလျှောက်ထားခဲ့ရာ ဆရာတော်ကြီးများ အားလုံးတို့က သဘောတူညီတော် မူခဲ့ကြပါသည်။

၂။ သို့ဖြစ်ပါ၍ ပထမပြန်စာမေးပွဲနှင့် စပ်လျဉ်း၍ သိရှိလိုက်နာ ဆောင်ရွက်နိုင်ကြစေရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

http://www.dhammadownload.com



(က) ၂၀၀၂-ခုနှစ်၊ မတ်လ၊ (၁၃၆၃-ခုနှစ်၊ တပေါင်းလ)တွင် ကျင်းပမည့် ပထမပြန်စာမေးပွဲမှစတင်၍ အခြေပြုမူလတန်း စာမေးပွဲကို မကျင်းပတော့ဘဲ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း ဤအတန်း (၃)တန်းကိုသာ ဆက်လက်ကျင်းပသွားရန်၊

(ခ) အခြေပြုမူလတန်း၌ ပြဋ္ဌာန်းကျမ်းစာများမှာ များသောအားဖြင့် ပထမငယ်တန်း ပြဋ္ဌာန်းချက်၌ အကျုံးဝင်ပြီး ဖြစ်ပါသည်။ သို့ရာတွင် ကစ္စည်းသဒ္ဒါကြီးဘာသာရပ်၌ ပထမငယ်တန်း ပြဋ္ဌာန်းချက်တွင် နာမ်ကိုဏ်းပါဝင်ခြင်း မရှိသေးသောကြောင့် ပထမငယ်တန်း ကစ္စည်းသဒ္ဒါကြီး ပြဋ္ဌာန်းချက်၌ နာမ်ကိုဏ်းကို ဖြည့်စွက်ပြဋ္ဌာန်းရန်၊

(ဂ) သို့ရာတွင် အခြေပြုမူလတန်း ဝိနယဘာသာရပ်တွင် ပြဋ္ဌာန်းခဲ့သော ပစ္စဝေက္ခဏာ၊ လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ စုဒ္ဒသခန္ဓကဝတ်ပါဠိ အနက်အဓိပ္ပါယ်ကို လည်းကောင်း၊ လူနှင့်သီလရှင်များအတွက် သုကုမာရမဂ္ဂဒီပနီကို လည်းကောင်း၊ ပထမငယ်တန်း ပြဋ္ဌာန်းကျမ်းစာ၌ ယခင်က ပါဝင်ခြင်း၊ အကျုံးဝင်ခြင်း မရှိခဲ့သည့်အပြင် ပထမငယ်တန်း၌ မလိုအပ်သဖြင့် ဖြည့်စွက်ထည့်သွင်း ပြဋ္ဌာန်းခြင်းမပြုရန်၊

(ဃ) လာမည့် ၂၀၀၂-ခုနှစ်၊ မတ်လ (၁၃၆၃-ခုနှစ်၊ တပေါင်းလ) တွင် ကျင်းပမည့် ပထမငယ်တန်း စာမေးပွဲကို အခြေပြုမူလတန်း စာမေးပွဲ အောင်မြင်ပြီးသော ပုဂ္ဂိုလ်များကိုသာ

http://www.dhammadownload.com



ဝင်ရောက်ဖြေဆိုခွင့်ပြုရန်၊

(င) အခြေပြုမူလတန်း မအောင်မြင်သော ပုဂ္ဂိုလ်များအား လာမည့် ၂၀၀၃–ခုနှစ်၊ မတ်လ (၁၃၆၄–ခုနှစ်၊ တပေါင်းလ)တွင် ကျင်းပမည့် ပထမပြန်စာမေးပွဲမှစတင်၍ သက်ဆိုင်ရာ ကျောင်းထိုင် ဆရာတော်၊ ကျောင်းတိုက်နာယက ဆရာတော် တို့က အရည်အချင်း ပြည့်မီကြောင်း ထောက်ခံပါက ပထမငယ်တန်းကို ဝင်ရောက်ဖြေဆိုခွင့်ပြုရန်၊

၃။ ဤထုတ်ပြန်ကြေညာချက်ကို စာသင်တိုက်ကြီးများမှ နာယက ဆရာတော်များနှင့် စာချဆရာတော်များ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာ မြို့နယ်သံဃနာယက အဖွဲ့များက ဆက်လက် ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

**(ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ)**
**အဘိဓဇမဟာရဋ္ဌဂုရု**
**ဒုတိယဥက္ကဋ္ဌဆရာတော်**

**(ဘဒ္ဒန္တ ဓမ္မိကာ)**
**အဂ္ဂမဟာပဏ္ဍိတ၊**
**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**
**တွဲဖက်အကျိုးတော်ဆောင်ဆရာတော်**

http://www.dhammadownload.com



# ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
# သာသနာရေးဝန်ကြီးဌာန
# သာသနာရေးဦးစီးဌာန

## ထုတ်ပြန်ကြေညာချက်
## (ပညာရေး)

စာအမှတ်၊ ၈၀၀/၂-၅/ စာမေးပွဲ (၂၀၀၁)

၅-၉-၀၁

**လာမည့် ၂၀၀၂-ခုနှစ်၊ မတ်လ၊ (၁၃၆၃-ခုနှစ် တပေါင်းလ)တွင် ကျင်းပမည့် ပထမပြန်စာမေးပွဲမှစတင်၍ အခြေပြုမူလတန်းကို မကျင်းပတော့ဘဲ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းကိုသာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခြင်း**

၁။ အကြောင်းအရာပါ ကိစ္စနှင့် ပတ်သက်၍ အခြေပြုမူလတန်း စာမေးပွဲ မကျင်းပတော့ဘဲ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း (၃)တန်းကိုသာ ကျင်းပတော့မည်ဖြစ်ကြောင်းကို မြန်မာ နိုင်ငံတဝန်းလုံး၌ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်း သံဃနာယက ဆရာတော်များနှင့် မြို့နယ်သံဃနာယက ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်များ ၂၀၀၀-ပြည့်နှစ် စာမေးပွဲ၌ စာရင်းသွင်းပုဂ္ဂိုလ် (၂၀) အထက်ရှိ စာသင်တိုက်ကြီးများမှ ပဓာနနာယကများကို ခရိုင်အလိုက် ပင့်ဆောင်၍ သာသနာရေးဝန်ကြီးဌာနမှ ရှင်းလင်းလျှောက်ထားခဲ့ရာ ဆရာတော်ကြီးများ အားလုံးတို့က သဘောတူညီတော်မူခဲ့ကြပါသည်။

http://www.dhammadownload.com



၂။ သို့ဖြစ်ပါ၍ ပထမပြန်စာမေးပွဲနှင့် စပ်လျဉ်း၍ သိရှိလိုက်နာနိုင်ကြစေရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

(က) ၂၀၀၂–ခုနှစ်၊ မတ်လ၊ (၁၃၆၃–ခုနှစ်၊ တပေါင်းလ)တွင် ကျင်းပမည့် ပထမပြန်စာမေးပွဲမှ စတင်၍ အခြေပြုမူလတန်း စာမေးပွဲကို မကျင်းပတော့ဘဲ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း ဤအတန်း (၃) တန်းကိုသာ ဆက်လက် ကျင်းပသွားရန်၊

(ခ) အခြေပြုမူလတန်း၌ ပြဋ္ဌာန်းကျမ်းစာများမှာ များသောအားဖြင့် ပထမငယ်တန်း ပြဋ္ဌာန်းချက်၌ အကျုံးဝင်ပြီး ဖြစ်ပါသည်။ သို့ရာတွင် ကစ္စည်းသဒ္ဒါကြီးဘာသာရပ်၌ ပထမငယ်တန်း ပြဋ္ဌာန်းချက်တွင် နာမ်ဂိုဏ်းပါဝင်ခြင်း မရှိသေးသောကြောင့် ပထမငယ်တန်း ကစ္စည်းသဒ္ဒါကြီး ပြဋ္ဌာန်းချက်၌ နာမ်ဂိုဏ်းကို ဖြည့်စွက်ပြဋ္ဌာန်းရန်၊

(ဂ) သို့ရာတွင် အခြေပြုမူလတန်း ဝိနယဘာသာရပ်တွင် ပြဋ္ဌာန်းခဲ့သော ပစ္စဝေက္ခဏာ၊ လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ စုဒ္ဒသခန္ဓကဝတ်ပါဠိ အနက်အဓိပ္ပါယ်ကို လည်းကောင်း၊ လူနှင့်သီလရှင်များအတွက် သုကုမာရမဂ္ဂဒီပနီကို လည်းကောင်း၊ ပထမငယ်တန်း ပြဋ္ဌာန်းကျမ်းစာ၌ ယခင်က ပါဝင်ခြင်း၊ အကျုံးဝင်ခြင်း မရှိခဲ့သည့်အပြင် ပထမငယ်တန်း၌ မလိုအပ်သဖြင့် ဖြည့်စွက်ထည့်သွင်း ပြဋ္ဌာန်းခြင်း မပြုရန်၊

(ဃ) လာမည့် ၂၀၀၂–ခုနှစ်၊ မတ်လ၊ (၁၃၆၃–ခုနှစ်၊ တပေါင်းလ) တွင် ကျင်းပမည့် ပထမငယ်တန်း စာမေးပွဲကို အခြေပြုမူလတန်း စာမေးပွဲ အောင်မြင်ပြီးသော ပုဂ္ဂိုလ်များ ကိုသာ ဝင်ရောက်ဖြေဆိုခွင့်ပြုရန်၊

http://www.dhammadownload.com



(င) အခြေပြုမူလတန်း မအောင်မြင်သော ပုဂ္ဂိုလ်များအား လာမည့် ၂၀၀၃-ခုနှစ်၊ မတ်လ၊ (၁၃၆၄-ခုနှစ်၊ တပေါင်းလ)တွင် ကျင်းပမည့် ပထမပြန်စာမေးပွဲမှစတင်၍ သက်ဆိုင်ရာ ကျောင်းထိုင် ဆရာတော်၊ ကျောင်းတိုက်နာယက ဆရာတော် တို့က အရည်းအချင်း ပြည့်မီကြောင်း ထောက်ခံပါက ပထမငယ်တန်းကို ဝင်ရောက်ဖြေဆိုခွင့်ပြုရန်၊

၃။ ဤထုတ်ပြန်ကြေညာချက်ကို စာသင်တိုက်ကြီးများမှ နာယက ဆရာတော်များနှင့် စာချဆရာတော်များ သိရှိဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သာသနာရေးမှူးများ၊ ခရိုင်သာသနာရေးမှူး များ၊ မြို့နယ်သာသနာရေးမှူးများက ဆက်လက် ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

(ဒေါက်တာမျိုးမြင့်)
ညွှန်ကြားရေးမှူးချုပ်

http://www.dhammadownload.com



# ညွှန်ကြားလွှာအမှတ် (၉၁)

စာအမှတ်၊ ၃၀၀/၁၅/ (သာ-၀) သာ-မဟာန
၁၅-၁၀-၀၁

**သာသနာ့ဝန်ထမ်း၊ ရဟန်း၊ သာမဏေများသည် လူမှုရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရန်နှင့် တရားဥပဒေနှင့် ဆန့်ကျင်သော အကြမ်းဖက်မှုများ မပြုလုပ်ရန် ညွှန်ကြားခြင်း**

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ ထေရဝါဒဂိုဏ်းဝင် ဂိုဏ်းပေါင်းစုံ သံဃာတော်အပေါင်းတို့သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားရေး တည်းဟူသော ဦးတည်ချက်ဖြင့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပပြီးနောက် သံဃာ့ဂိုဏ်းကြီး (၉)ဂိုဏ်း ဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု/ မြို့နယ်/ ပြည်နယ်/ တိုင်း/ နိုင်ငံတော်အဆင့်တည်းဟူသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့ကို ဖွဲ့စည်း၍ ဝိနိစ္ဆယရေး၊ သာသနာရေး၊ ပညာရေးကိစ္စများကို ဆောင်ရွက်လျက်ရှိကြပါသည်။

၂။ ထေရဝါဒဂိုဏ်းဝင် သမ္မုတိသံဃာတော်များသည် သာသနာ့ဝန်ထမ်းရှင်ရဟန်းများဖြစ်ကြသည့်အားလျော်စွာ မိမိတို့၏ တာဝန်ဖြစ်သော ဂန္ထဓုရ၊ ဝိပဿနာဓုရဟူသော ဓုရ (၂)ပါးလုံးကို သော်လည်းကောင်း၊ ဓုရတစ်ပါးပါးကိုသော် လည်းကောင်း ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

၃။ သို့ရာတွင် ယခုအခါ အချို့သော ရဟန်း၊ သာမဏေများသည် ဓုရနှစ်ဖြာ၌ မပါဝင်သော လူမှုရေးကိစ္စများ၌ ပါဝင်ဆောင်ရွက်ကြလျက် လူမှုရေးကိစ္စများကို အကြောင်းပြု၍ တရားဥပဒေနှင့် ဆန့်ကျင်သော အကြမ်းဖက်မှုများကိုလည်း ကျူးလွန်လာကြသည်ကို တွေ့မြင်ကြားသိနေရပေသည်။

http://www.dhammadownload.com



၄။ သို့ဖြစ်၍ ကျောင်းထိုင်ဘုန်းကြီးများနှင့် ကျောင်းတိုက် ပဓာနနာယက ဆရာတော်များသည် မိမိတို့၏ တပည့်ရဟန်း၊ သာမဏေများအား ဝိနည်းသိက္ခာပုဒ်တော်ကို ညှိုးမှိန်ထိခိုက်စေနိုင်သော လူမှုရေးကိစ္စများ၌ ပါဝင်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အစိုးရ၏ တရားဥပဒေနှင့် ဆန့်ကျင်သော အကြွမ်းဖက်မှုများ ကျူးလွန်ခြင်းများ မပြုလုပ်ကြရန်အတွက် ကြပ်ကြပ်မတ်မတ် ဆုံးမ တားမြစ်ကြစေရန် ပြည်နယ်/ တိုင်း/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ အဆင့်ဆင့်တို့က ကျောင်းတိုက် ပဓာနနာယကဆရာတော်များနှင့် ကျောင်းထိုင် ဆရာတော်များသို့ ထပ်ဆင့် ညွှန်ကြားကြပါရန် လျှောက်ထား ညွှန်ကြားအပ်ပါသည်။

(ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ)
အဘိဓဇမဟာရဋ္ဌဂုရု
ဒုတိယဥက္ကဋ္ဌဆရာတော်

(ဘဒ္ဒန္တ စန္ဒိမာ)
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

http://www.dhammadownload.com



# ညွှန်ကြားလွှာအမှတ် (၉၂)

စာအမှတ်၊ ၃၀၀/၁၅/(သ ထပ)သာ-မဟာန
၈-၁၁-၀၁

**နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံအတွင်း ကျောင်းတိုက်၊ ရိပ်သာများ၌ လာရောက်နေထိုင်ခြင်း၊ တရားကျင့်ကြံအားထုတ်ခြင်း၊ ရဟန်းခံခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားခြင်း**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းတွင် အချို့သော ကျောင်းတိုက်များ၊ ရိပ်သာများ၌ နိုင်ငံခြားသားများ လာရောက်၍ ဗုဒ္ဓဒေသနာတော်ဆိုင်ရာ ကျမ်းဂန်စာပေများ လေ့လာခြင်း၊ ဝိပဿနာတရား ကျင့်ကြံအားထုတ်နေထိုင်ခြင်း၊ အချို့သော နိုင်ငံခြားသားများအား ရဟန်းခံပေး၍ တရားရှုမှတ်စေခြင်း စသည်ဖြင့် စီစဉ်ဆောင်ရွက်နေ ကြပါသည်။

၂။ ထိုသို့ ကျောင်းတိုက်များ၊ ရိပ်သာများ၌ ပြည်ပနိုင်ငံခြားသားများ လာရောက်နေထိုင်ကြရာတွင် ထိုကျောင်းတိုက် ရိပ်သာများကပင် ဗီဇာသက်တမ်းတိုးခြင်း၊ အစစအရာရာ တာဝန်ခံခြင်း စသည်ဖြင့် ဆက်သွယ်ဆောင်ရွက်ပေးနေကြပါသည်။ ရဟန်းဝတ်ဖြင့် နေထိုင်လိုသော၊ တရားအားထုတ်လိုသော နိုင်ငံခြားသားများကိုလည်း ဥပဇ္ဈာယ်ပြု၍ ရဟန်းဝတ်ပေးနေကြသည်လည်း ရှိပါသည်။ သို့သော် အချို့သော နိုင်ငံခြားသားများသည် ရဟန်းဝတ်ဖြင့် ထိုကျောင်းတိုက်၊ ရိပ်သာများ၌ ဆက်လက်သီတင်းသုံးနေထိုင်ခြင်းမပြုဘဲ လက်ရှိကျောင်းတိုက်ကို ခွင့်ပန်၍ဖြစ်စေ၊ ခွင့်မပန်ဘဲဖြစ်စေ၊ အပြီးအပြတ်ဖြစ်စေ အခြား ကျောင်းတိုက် ရိပ်သာများသို့ ပြောင်းရွှေ့နေထိုင်ခြင်း၊ မြန်မာနိုင်ငံအတွင်း တစ်နေရာမှ တစ်နေရာသို့

http://www.dhammadownload.com



လှည့်လည်သွားလာနေထိုင်ခြင်းများ ပြုလုပ်လျက် ရှိရာ၊ တာဝန်ယူသူများနှင့် ကင်းဝေးနေသဖြင့် လုံခြုံရေးအတွက် အန္တရာယ် ရှိနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံခြားသားများနှင့် အဆက်အသွယ်ရှိထားသော ကျောင်းတိုက်များနှင့် ရိပ်သာများသည် ဖော်ပြလတ္တံ့ပါအချက်များကို လိုက်နာကြရန် ညွှန်ကြားအပ်ပါသည် –

(က) နိုင်ငံခြားသားများအား ရဟန်းခံပေးရာတွင် သာသနာရေးဝန်ကြီးဌာနထံ အသိပေး ခွင့်ပြုမိန့် တောင်းခံပြီး၊ ခွင့်ပြုချက်ရရှိမှသာ ရဟန်းခံခြင်းကိစ္စ ဆောင်ရွက်ပေးရန်၊

(ခ) တာဝန်ခံဖိတ်ခေါ်ထားသော ကျောင်းတိုက်၊ ရိပ်သာ၏ ပဓာနနာယက ဆရာတော်က နိုင်ငံခြားသားသည် မိမိ၏ တပည့်ရဟန်းအဖြစ် ပီပြင်စွာ သီတင်းသုံး ကျင့်ကြံအားထုတ်မည့်သူ ဖြစ်သည့်အပြင် ဝိနည်းတရားတော်များကို နားလည်းသဘောပေါက်၍ လိုက်နာကျင့်ကြံသူဖြစ်ကြောင်း ထောက်ခံမှသာလျှင် သာသနာရေးဝန်ကြီးဌာနက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အတည်ပြုချက်ဖြင့် ရဟန်းခံခြင်းကို ခွင့်ပြုရန်၊

(ဂ) ကျောင်းတိုက်၊ ရိပ်သာများတွင် သက်ဆိုင်ရာနိုင်ငံခြားသားများကို ဗီဇာသက်တမ်းတိုး၍ နေထိုင်ရန် တာဝန်ယူထားပါက၊ ဗီဇာသက်တမ်းကုန်ဆုံးသည်အထိ ထိုကျောင်းတိုက် ရိပ်သာများ၌သာ သီတင်းသုံးနေထိုင်ပါမည်ဟု နိုင်ငံခြားသားအား ဝန်ခံကတိ ပြုနေထိုင်စေရန်၊

http://www.dhammadownload.com



(ဃ) မူလကျောင်းတိုက်၊ ရိပ်သာတွင် နေထိုင်သော နိုင်ငံခြားသား သည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းတိုက်၊ ရိပ်သာမှ အခြားတစ်နေရာသို့ ထွက်ခွာသွားလျှင် သာသနာရေး ဝန်ကြီးဌာနသို့ ကြောင်းကျိုးအပြည့်အစုံ ဖော်ပြလျက် ဆောလျင်စွာ အကြောင်းကြားရန်။

၄။ သို့ဖြစ်ပါ၍ သာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ အရှည် တည်တံ့ရေး၊ တိုးတက်ထွန်းကား ပြန့်ပွားရေးကို ရှေးရှုလျက် ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်းရှိ ကျောင်းတိုက်များ၊ ရိပ်သာများ သည် နိုင်ငံခြားသားများကို ဆက်သွယ်လက်ခံ ဆောင်ရွက်ကြရာတွင် ဝိနည်းသိက္ခာပုဒ်များ၊ နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း လုပ်ထုံး လုပ်နည်းများနှင့် ညွှန်ကြားလွှာများကို အလေးအနက်ထား လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားအပ်ပါသည်။

(ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ)
အဘိဓဇမဟာရဋ္ဌဂုရု
ဒုတိယဥက္ကဋ္ဌဆရာတော်

(ဘဒ္ဒန္တ စန္ဒိမာ)
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

---

http://www.dhammadownload.com


ပြည်ထောင်စု မြန်မာနိုင်ငံတော်

**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့**

မဟာနာယကကျောင်းတော်ကြီး၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့

တယ်လီဖုန်း ဥက္ကဋ္ဌဆရာတော်-၆၅၁၀၀၇ ဝိနိစ္ဆယအဖွဲ့ဝင် ၆၆၁၀၀၅
ဒုတိယဥက္ကဋ္ဌဆရာတော်-၆၆၁၀၀၆၊ ၆၆၁၇၄၆ သာသနာရေးရာအဖွဲ့ဝင် ၆၆၀၇၉၉
အကျိုးတော်ဆောင်ဆရာတော်-၆၅၁၀၀၈ ပညာရေးအဖွဲ့ဝင် ၆၆၀၇၆၆၊ ၆၆၇၇၄၅
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်-၆၆၀၈၀၄၊ ၆၆၄၁၅၇


စာအမှတ်၊ ၃၀၀/၁၅/ (သာ-ဝိ) သာ-မဟာန
ရက်စွဲ၊ ၁၃၆၉-ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်
(၂၀၀၇-ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

# ညွှန်ကြားလွှာအမှတ် (၉၃)

အကြောင်းအရာ။ သာသနာ့ဝန်ထမ်းရဟန်းသာမဏေများ ဂန္ထဓူရ၊ ဝိပဿနာဓူရကိုသာ အားထုတ်ကြရေးအတွက် ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယက အဖွဲ့၊ ရပ်ကျေးသံဃနာယကအဖွဲ့များက ကြီးကြပ် ဆောင်ရွက်ပေးကြရန် ညွှန်ကြားခြင်း

၁။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၁၃၄၂-ခုနှစ်၊ နယုန်လ (၁၉၈၀-ပြည့်နှစ်၊ မေလ)၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်း သံဃာတော် (၁)သိန်းကျော်တို့၏ ကိုယ်စား သမ္မုတိရသံဃာ့ကိုယ်စားလှယ်ဆရာတော် (၁၂၁၈)ပါးတို့ တက်ရောက်၍ ကျင်းပခဲ့ရာ ယင်းအစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်း

http://www.dhammadownload.com

အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သာသနာဝင်မှတ်တမ်းများကို အတည်ပြုဆုံးဖြတ်တော်မူခဲ့ကြပါသည်။

၂။ သံဃာ့အဖွဲ့အစည်း အခြေခံလုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့နှင့် ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့များကို လုပ်ထုံးလုပ်နည်းများ ဝိနည်းတရားတော်နှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။

၃။ ပထမအကြိမ်ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးက သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းများကို ဆောင်ရွက်ရန် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အား တာဝန်ပေးအပ်ခဲ့ပါသည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ထပ်ဆင့်တာဝန်ပေးအပ်ခဲ့ပါသည်။ ယင်းကဲ့သို့ပေးအပ်ခဲ့သော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတာဝန်များကို နိုင်ငံတော်သံဃနာယကအဖွဲ့ကြီးနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် အဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် အဓမ္မဝါဒများကို တားဆီးနှိမ်နင်းနိုင်ခြင်း၊ သာသနာတော်၏ အညစ်အကြေးများကို သန့်ရှင်းစင်ကြယ်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပရိယတ္တိစာမေးပွဲများကို တိုးချဲ့ကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်း၊ တောင်တန်းဒေသနှင့် နယ်စပ်ဒေသ သာသနာပြုလုပ်ငန်းများ၊ ပြည်တွင်းပြည်ပသာသနာပြုလုပ်ငန်းများကို အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းများကို တွေ့ရှိနိုင်ပေသည်။

၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးအနေဖြင့် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံမှုခင်းများ၊ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပရိယတ္တိပညာရေးစီမံချက်များ၊

http://www.dhammadownload.com

သာသနာပြုလုပ်ငန်းစီမံချက်များ၌ ဖော်ပြပါရှိသည့် လုပ်ငန်းတာဝန်များကို သာလျှင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တာဝန်ရှိပါသည်။ ယင်းလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတစ်ဝန်လုံးရှိ သံဃာထု၏ ဆန္ဒအရဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် သာသနာ့ဝန်ထမ်းများအတွက် မြတ်စွာဘုရားရှင်သတ်မှတ်ပေးတော်မူခဲ့သော ဂန္ထဓူရ၊ ဝိပဿနာဓူရနှစ်ဖြာကို ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၅။ ဖော်ပြပါလုပ်ထုံးလုပ်နည်းများ စီမံချက်များ၌ မပါဝင်သော လောကီလူမှုကိစ္စများ၌ ပါဝင်စွက်ဖက်ဆောင်ရွက်ခြင်း မပြုမိကြစေရန်အတွက် မိမိတို့ဦးထိပ်ထားလေးစားကြည်ညိုအပ်သော ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မဆရာတော်ဘုရားကြီး၊ ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး အစရှိသော ဆရာတော်ကြီးများ ထုတ်ပြန်ခဲ့သော ညွှန်ကြားလွှာအမှတ် (၈၁) (၈၃) (၈၅) နှင့် (၆၅)တို့၌ စုံစုံလင်လင်ထုတ်ပြန် ညွှန်ကြားထားခဲ့ပြီးဖြစ်၍ ယင်းညွှန်ကြားလွှာများအတိုင်း လိုက်နာကြစေရေးနှင့် ဂန္ထဓူရ၊ ဝိပဿနာဓူရနှစ်ဖြာကိုသာ ကြီးပမ်းအားထုတ်ကြစေရေး သက်ဆိုင်ရာ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များက ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်ကြပါရန် ညွှန်ကြားအပ်ပါသည်။ (ညွှန်ကြားလွှာအမှတ် ၈၁၊ ၈၃၊ ၈၅၊ ၆၅ တို့၏ မိတ္တူများကို ပူးတွဲပေးပို့ပါသည်။)

(ဘဒ္ဒန္တကုမာရ)
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဥက္ကဋ္ဌဆရာတော်

(ဘဒ္ဒန္တဉာဏာဘိဝံသ)
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
အကျိုးတော်ဆောင်ဆရာတော်

http://www.dhammadownload.com

ဖြန့်ဝေခြင်း

- ဥက္ကဋ္ဌဆရာတော်၊ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့ (အားလုံး)
- ဥက္ကဋ္ဌဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ (အားလုံး)
- ဥက္ကဋ္ဌဆရာတော်၊ ရပ်/ကျေးသံဃနာယကအဖွဲ့ (အားလုံး)
- ဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန
- ပြည်နယ်/တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အားလုံး)
- ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အားလုံး)
- မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အားလုံး)
- ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
- ဒုတိယပါမောက္ခချုပ် (စီမံ)၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
- ပြည်နယ်/တိုင်း သာသနာရေးမှူး (အားလုံး)
- ခရိုင်သာသနာရေးမှူး (အားလုံး)
- မြို့နယ်သာသနာရေးမှူး (အားလုံး)

http://www.dhammadownload.com

ပ-မ-သ-စ ၁၆/၂၆း၇၊ ၀၈ (၂၀၀၀အုပ်) လစ်သို့